ကျေးဇူးရှင်

လယ်တီဆရာတော်ဘုရားကြီး၏

တပည့်ရင်း

လယ်တီ-ပဏ္ဍိတ ဆရာ-ဦးမောင်ကြီး

သည်

ပိဋကတ်သုံးသွယ်တွင်၊ ခုဒ္ဒကနိကာယ်အဝင်ဖြစ်သော

ထေရီဂါထာကျမ်းကို၊ အဆန်းတကြယ်၊

အဓိပ္ပါယ်ထင်ရှားသော စကားအသွားအလာတို့ဖြင့်၊

မြန်မာပြန်ဆို ရေးသားအပ်သော

# ထေရီဂါထာ သာပြန်

## တတိယတွဲ

ပုံ နှိပ် ဖြန့် ချိ သူ

လယ်တီပဏ္ဍိတ ဆရာ-ဦးမောင်ကြီး၏

ဇနီး ဒေါ်အေး။

မူ ပိုင် ရှင်၊

ဒဂုံမဂ္ဂဇင်းနှင့် အေးဝမ်းဖလင်းကုမ္ပဏီ

ရန်ကုန်မြို့။

J

ကျေးဇူးရှင်

လယ်တီဆရာတော်ဘုရားကြီး၏

တပည့်ရင်း

လယ်တီ-ပဏ္ဍိတ ဆရာ-ဦးမောင်ကြီး

သည်

ပိဋကတ်သုံးသွယ်တွင်၊ ခုဒ္ဒကနိကာယ်အဝင်ဖြစ်သော၊
ထေရီဂါထာကျမ်းကို၊ အဆန်းတကြွယ်၊
အဓိပ္ပါယ်ထင်ရှားသော၊ စကားအသွားအလာတို့ဖြင့်၊
မြန်မာပြန်ဆို ရေးသားအပ်သော

# ထေရီဘာသာပြန်

## ဒုတိယတွဲ


ပုံနှိပ်ဖြန့်ချိသူ
လယ်တီပဏ္ဍိတ ဆရာ-ဦးမောင်ကြီး၏
ဇနီး ဒေါ်အေး။

မူပိုင်ရှင်၊
ဒဂုံမဂ္ဂဇင်းနှင့် အေးဝမ်းဖလင်းကုမ္ပဏီ
ရန်ကုန်မြို့။

# ထေရီဘာသာပြန်။

## တတိယတွဲ။ မာတိကာ။

| ဦးရေ | အကြောင်းအရာ | နံပါတ် |
|---|---|---|
| | ပဉ္စကနိပါတ်။ | |
| (၁) | အညတရာထေရီဝတ္ထု။ | ၁ |
| (၂) | ဝိမလာထေရီဝတ္ထု။ | ၆ |
| (၃) | သီဟာထေရီဝတ္ထု။ | ၁၅ |
| (၄) | ရူပနန္ဒာထေရီဝတ္ထု။ | ၂၁ |
| (၅) | နန္ဒုတ္တရာထေရီဝတ္ထု။ | ၇၃ |
| (၆) | ကာဠီထေရီဝတ္ထု။ | ၈၂ |
| (၇) | သကုလာထေရီဝတ္ထု။ | ၈၈ |
| (၈) | သောဏာထေရီဝတ္ထု။ | ၁၁၂ |
| (၉) | ကုဏ္ဍလကေသာထေရီဝတ္ထု။ | ၁၄၀ |
| (၁၀) | ပဋာစာရီထေရီဝတ္ထု။ | ၁၉၁ |



လယ်တီပဏ္ဍိတ ဆရာ-ဦးမောင်ကြီးပုံ။

# ထေရီဘာသာပြန်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ပဌမကနိပါတ်။

## (၁) အညတရာထေရီ ဝတ္ထု

ရှေးအခါ၊ ကျွတ်တမ်းကိုရှာနေတဲ့ အမျိုးသမီးကလေးတယောက်ဟာ၊ လွန်လေပြီးသော ဘုရားရှင်တို့၏လက်ထက်တော်တွင်၊ ပါရမီမျိုးကို အကြိမ်ကြိမ် စိုက်ပျိုး၍လာခဲ့တယ်။

ယခု ဘုရားရှင်လက်ထက်တော်သို့ရောက်တော့၊ ကံအားလျော်စွာ၊ ဒေဝဒဟပြည်ကြီးမှာ အမျိုးသမီးကလေးဖြစ်လာတယ်။ ပညာ ဥစ္စာ ချမ်းသာကြွယ်ဝတဲ့ အမျိုးသမီးကလေး မဟုတ်ရှာဘူးကွဲ့၊ သို့အတွက်ကြောင့်၊ အမည်သညာအားဖြင့် မထင်ရှားဘူး။

အရွယ်သို့ ရောက်လာတဲ့အခါ၊ မိထွေးတော် ဂေါတမီရဲ့ထံပါးမှာ၊ လက်ပါးစေ အမျိုတော်အဖြစ်ဖြင့် အမှုထမ်းရတယ်။ ဂေါတမီရဲ့ အထိန်းတော်ရယ်လို့လဲ ဆိုနိုင်ပါတယ်။ ။မိထွေးတော် ဂေါတမီသည်၊ အလောင်းတော် သိဒ္ဓတ္ထမင်းသားကို အရေးယူ၍ မွေးမြူနေတဲ့ အခါမှာလဲ၊ ထိုအမျိုးသမီးက အလောင်းတော် သိဒ္ဓတ္ထမင်းသားကို ကူညီ၍ မွေးမြူထိန်းသိမ်းတော်ရပေတယ်။

မိထွေးတော် ဂေါတမီသည် ရဟန်းအဖြစ်ကို မရသေးဘဲ၊ နန်းတော်အတွင်း၌ စံနေတော်မူစဉ်အခါ၊ ထိုလက်ပါးစေအမျိုတော်ဟာလဲ မိထွေးတော် ဂေါတမီနှင့်မခွဲဘဲ အမြဲပင် အတူနေထိုင်တယ်။ ။ထိုနောက်၊ မိထွေးတော် ဂေါတမီသည် ရဟန်းပြုရန် ဘုရားရှင်ထံသို့သွားတဲ့အခါမှာလဲ၊ ထိုလက်ပါးစေ အမျိုးတော်ဟာ အတူတူပါသွားတယ်။

ဘုရားရှင်ထံမှ၊ ရဟန်းပြုရန် အခွင့်ကိုရ၍ မိထွေးတော် ဂေါတမီ ရဟန်းပြုတဲ့အခါကျတော့၊ ထိုလက်ပါးစေ အလုပ်တော်ဟာလဲ၊ ခွဲ၍ မနေရစ်ဘူး၊ မိထွေးတော်ဂေါတမီနှင့် အတူပင် ရဟန်းပြုတယ်။ ရဟန်းပြုတဲ့အခါမှာ၊ သာသနာတော်ကို ကြည်ညိုလှလို့၊ ရဟန်းပြုတာ မဟုတ်ဘူးတဲ့။ အမြဲခစားနေတဲ့ သူ့သခင်မဘုရားကြီးနှင့် မခွဲနိုင်လို့သာ ရဟန်းပြုတယ်။

ရဟန်းပြုပြီးတဲ့နောက်၊ ဗဟုသုတကလဲ နည်းပါး၊ သဒ္ဓါတရားကလဲ မထက်သန်တဲ့အပြင်၊ သာသနာတော်မှာ မပျော်မွေ့ဘဲ၊ အမြဲပင် ငြီးငွေ့၍နေတယ်။ အိမ်ထောင်ဘဲ့ လူ့ဘောင်သို့သာ စိတ်တွေ ရောက်ရောက်ပြီး၊ အမျိုးသမီးတို့မွေ့တာ ကာမဂုဏ်အရသာနှင့် ပျော်မွေ့ပြုံးကြွန့်ချင်တဲ့ သဘောတွေ ပေါ်ပေါက်နေသတဲ့။

ရဟန်းပြုပြီးတဲ့နောက်၊ နှစ်ဆဲ့ငါးနှစ်တိုင်တိုင်၊ ဘယ်တနေ့မှာမှ ပျော်မွေ့တယ်လို့ မရှိခဲ့ဘူး၊ မျက်စိတမှိတ်၊ လျှပ်တပြက်သောက်မျှ စိတ်တည်ကြည်ခွင့် သမာဓိကို မရဘူးတဲ့။ တနေ့သော အခါ မြင်းသန်းမှာ ကာမဂုဏ်စိတ်တွေ ဖြစ်ပေါ်လာသဖြင့်၊ ပြေဆိုလို့ မရနိုင်သေးကြောင့် ငိုကြွေးသာ မိမိနေခန်းအတွင်း၌ အတောင်း ဝင်ပြေးရှာသတဲ့။ ။ကြည့်- ကာမဂုဏ်စိတ်ဆိုးဟာ . အလွန်ဆိုးဝါးပါကလားနော်၊

နှစ်ဆဲ့ငါးနှစ်တိုင်တိုင်၊ သည်လိုတဲ့သို့သော အမှုအရာမျိုးနှင့် နေထိုင်ပြီးတဲ့နောက်၊ နှစ်ဆဲ့ခြောက်နှစ်အပေါင်းသို့ ရောက်တော့ ဓမ္မဒိန္နာ ထေရီရဲ့ အထံသို့သွားပြီး၊ တရားတော်များကို နာကြားတယ်။ ထိုတရားဟောကြောင်းဟဲ့အရာမှာ၊ ဓမ္မဒိန္နာသည် ဧတဒဂ်ရပြီးသောအတိုင်း၊ တရားနာလာရောက်ကြသော ထေရီမကြီးအား၊ ခန္ဓာငါးပါးနှင့် စပ်တဲ့တရား၊ အာယတန ဆယ့်နှစ်ပါးနှင့် စပ်တဲ့တရား၊ ဓာတ်ဆဲ့ရှစ်ပါးနှင့် စပ်တဲ့တရား၊ သစ္စာလေးပါး အကျဉ်းတရား၊ အဲသည်ကဲ့သို့ နက်နဲသောတရားများကို ဟောကြားတော်မူတယ်။

ထို့ပြင်လဲ၊ သတိပဋ္ဌာန်းဖြင့် သမာဓိစခန်း ထူထောင်ပုံ ဝိပဿနာကမ္မဋ္ဌာန်းဖြင့် ပညာစခန်း ထူထောင်ပုံ အဲသည့်လိုယော

အလုပ်ဖြင့် တရားအားထုတ်ပုံ နည်းများကိုလဲ ညွှန်ကြားတော်မူတယ်။ ။အလွန်နက်နဲတဲ့ တရားဒေသနာများကို ကြားရတော့ ဆိုခဲ့ပြီးတဲ့ထေရီမကြီးဟာ၊ သတိသံဝေဂနှင့်တကွ၊တရားအားထုတ်လိုတဲ့ စေတနာတွေ ပေါ်ပေါက်လာပါရော၊

ထိုနောက် များမကြာမီအတွင်း ဆိပ်ငြိမ်ရာသို့ကပ်၍ ဓမ္မဒိန္နာထေရီ ဆုံးမတော်မူလိုက်သောအတိုင်း၊ ခန္ဓာ, အာယတန, တရားတို့ကို ပွားများအားထုတ်လေရာ မကြာမီအတွင်း၊ ကိလေသာ အာသဝေါကင်းရှင်း၍၊ ရဟန္တာ အဖြစ်သို့ ရောက်သွားတယ်။ ရဟန္တာအဖြစ်သို့ ရောက်သည်နှင့်တပြိုင်နက် ဒိဗ္ဗစက္ခုအဘိညာဉ်၊ ဒိဗ္ဗသောတအဘိညာဉ်မှစ၍ အဘိညာဉ်ခြောက်ဆိုင်တို့ကို မိုင်မိုင်နိုင်နိုင် လက်ကိုင်ရသွားပါရော။

ပါရမီရင့်သန်ပြီးတဲ့ ပုဂ္ဂိုလ်များဆိုတာ သမာဓိ မရသေးခင် ခဲယဉ်း၍ နေသော်လဲ၊ သမာဓိရသည်နှင့် တပြိုင်နက်၊ ကြာပန်းနှင့် နေအရုဏ် ပေါင်းမိဒါလို၊ သမာဓိဉာဏ် ထက်သန် ပွင့်လင်း၍ လွယ်လင့်တကူ ကျွတ်တမ်းကို ယူနိုင်ကြတာပေါ့၊

ပြဆိုခဲ့ပြီးတဲ့ ထေရီကြီးဟာ၊ ရဟန္တာ ဖြစ်ပြီး တဲ့ နောက်၊ အလွန်ဝမ်းမြောက်တော်မူလှသဖြင့် မိမိဖြစ်ပုံများကို ဘွဲ့ဆိုကာ ဥဒါန်းဂါထာကို၊ သို့ကလို ကျူးရင့်တော်မူလေသတည်း။

(မှတ်ချက်။ ။ပြဆိုလတ္တံ့သော ဂါထာများမှာ၊ ထေရီဂါထာ ပါဠိတော်များဖြစ်ပါသည်။)

(၁) ပဥ္စဝိသတိ ဝဿာနိ၊ ယတော ပဗ္ဗဇိတာ အဟံ၊
နစ္ဆရာ သံဃာတမတ္တံပိ၊ စိတ္တဿုပသမဇ္ဈဂံ။

(၁) အဟံ၊ အကျွန်ုပ်သည်။ ယတော၊ အကြင်အခါမှ။ ပဗ္ဗဇိတာ၊ သာသနာတော်တွင်၊ ခိုဝင်၍ရဟန်းပြုခဲ့ပါ၏။ တတော၊ ထိုအခါမှ၊ ပဋ္ဌာယ၊ စ၍။ ပဥ္စဝိသတိဝဿာနိ၊ နှစ်ဆဲငါးနှစ်ပတ်လုံး။ အစ္ဆရာသံဃာတမတ္တံပိ၊ လက်ဖြစ်တတွက်၊ လျှပ်တပြက်ကလေးလောက်မျှလည်း။ စိတ္တဿ၊ စိတ်၏။ ဥပသမံ၊ ငြိမ်သက်တည်ကြည်ခြင်းကို။ နဇ္ဈဂံ၊ မရခဲ့ဖူးအမှန်ပါတည်း။

(၂) အလဒ္ဓါ စေတသော သန္တိံ၊ ကာမရာဂေန ဝဿုတာ။
ဗါဟာ ပဂ္ဂယှ ကန္ဒန္တီ၊ ဝိဟာရံ ပါဝိသိံ အဟံ။ ။

(၂) အဟံ၊ အကျွန်ုပ်သည်။ ကာမရာဂေန၊ ကာမဂုဏ်တွင်ချုန်မင် တပ်မက်ခြင်းဖြင့်။ အဝဿုတာ၊ မတားမဆီး၊ အငြိယိုစီးလေသည် ဖြစ်၍။ စေတသော သန္တိံ၊ စိတ်၏ငြိမ်သက်ခြင်းကို။ အလဒ္ဓါ၊ လျှပ် တပြက်စာမျှမရလေသောကြောင့်။ ဗါဟာ၊ လက်ရုံး နှစ်ဘက်တို့ကို။ ပဂ္ဂယှ၊ ချီမြှောက်၍။ ကန္ဒန္တီ၊ ဝမ်းနည်းဆူညံကာ၊ ရှုရှိုက်ငိုကြွေး လျက်သာလျှင်။ ဝိဟာရံ၊ ကျောင်းခန်းတွင်းသို့။ ပါဝိသိံ၊ အတင်း ပြေးကာ ဝင်ခဲ့ရပါသတည်း။

(၃) တံ ဘိက္ခုနိမုပဂစ္ဆိံ၊ ယာမေသဒ္ဓါယိကာ အဟု။
သာ မေ ဓမ္မမဒေသေသိ၊ ခန္ဓာယတနဓာတုယော။

(၃) တတော၊ ထိုနှစ်ဆဲ့ငါးနှစ်လွန်၊ ခြောက်နှစ်မြောက်ပြီးသော နောက်မှ။ အဟံ၊ အကျွန်ုပ်သည်။ တံဘိက္ခုနိံ၊ တရားဟောသော အရာတွင်၊ လွန်စွာသက်ဖြက်၍ တောဒဂ်ရတော်မူသော ထိုဓမ္မဒိန္နာ ဘိက္ခုနီအရှင်မထံသို့၊ ဥပဂစ္ဆိံ၊ ဆည်းကပ်ခဲ့ပါသတည်း။ ယာ၊ အကြင်ဓမ္မဒိန္နာ အရှင်ထေရီမသည်။ မေ၊ အကျွန်ုပ်အား။ သဒ္ဓါ ယိကာ၊ သဒ္ဓါပန်းကို လန်းလန်းတင့်တင့် ပွင့်စေနိုင်သည်။ အဟု၊ ဖြစ်တော်မူပေ၏။ သာ၊ ထိုဓမ္မဒိန္နာ ထေရီအရှင်မသည်။ မေ၊ အကျွန်ုပ်အား။ ဓမ္မံ၊ နိဗ္ဗာန်ရောက်ကြောင်း၊ တရားကောင်းကို၊ အဒေသေသိ၊ ဟောကြားတော်မူပေ၏။ ခန္ဓာယတနဓာတုယော၊ ခန္ဓာတရား, အာယတနတရား, ဓါတ် တရား တို့ ကို လည်း။ အဒေသေသိ၊ ခွဲချမ်းဝေဘန်၍၊ ဉာဏ်အမြင် ပွင့်လင်းအောင်၊ ရှင်းရှင်းကြီး ဟောတော်မူပါပေသတည်း။

(၄) တဿာ ဓမ္မံ သုဏိတွာန၊ ဧကမန္တေ ဥပါဝိသိံ။
ပုဗ္ဗေနိဝါသံ ဇာနာမိ၊ ဒိဗ္ဗစက္ခု ဝိသောဓိတံ။

(၄) အဟံ၊ အကျွန်ုပ်သည်။ တဿာ၊ ထိုဓမ္မဒိန္နာ ထေရီမ၏။ ဓမ္မံ၊ ဟောတော်မူအပ်သောတရားတော်ကို။ သုဏိတွာန၊ မိမိတ်

ထဲ၌ စွဲအောင် ကြားနာပြီးသော်၊ ကောမနေ့ ဆိတ်ငြိမ်သော အရပ်တခုသို့၊ ဥပါဂိသိ ။ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းရန်အမှတ်ဖြင့်၊ ကပ်ရောက် ဝိုဝင်ခဲ့ပါသတည်း၊ တဒါ ။ ထိုအခါ၌၊ အဟံ ။ အကျွန်ုပ်သည်၊ ပုဗ္ဗေနိဝါသံ၊ ရှေး၌ဖြစ်ခဲ့ဖူးသော ဘဝအမျိုးမျိုးကို၊ ဇာနာမိ၊ မကျန်မကြွင်း ထင်လင်းဥဿုံ၊ အလုံးစုံသိရပါသတည်း၊ ဒိဗ္ဗစက္ခု ။ ဒိဗ္ဗစက္ခုဉာဏ်အမြင်ကို ။ ဝိသောဓိတံ ။ ရှင်းလင်းသုတ်သင်ရပေသတည်း၊

(၅) စေတောပရိယ ဉာဏဉ္စ၊ သောတဓာတု ဝိသောဓိတာ။
ဣဒ္ဓိပိ မေ သစ္ဆိကတာ၊ ပတ္တော မေ အာသဝက္ခယော။

(၅) မေ ။ အကျွန်ုပ်သည်၊ စေတောပရိယဉာဏဉ္စ ။ သူတပါး စိတ်အကြံကို၊ အမှန်အတိုင်းသိသော၊ စေတောပရိယဉာဏ်ကိုလည်း၊ ဝိသောဓိတံ၊ ရှင်းလင်း သုတ်သင်အပ်ပေပြီ၊ သောတဓာတု ။ ဒိဗ္ဗသောတ အဘိညာဉ်ဓာတ်ကိုလည်း ။ ဝိသောဓိတာ ။ ရှင်းလင်း သုတ်သင်အပ်ပေပြီ၊ မေ ။ အကျွန်ုပ်သည်၊ ဣဒ္ဓိပိ ။ တန်ခိုးအမျိုးမျိုးကိုလည်း၊ သစ္ဆိကတာ ။ ကိုယ်တိုင်ဆိုက်ရောက်၍ မျက်မှောက်ပြုအပ်လေပြီ၊ မေ ။ အကျွန်ုပ်အား ။ အာသဝက္ခယော ။ အာသဝေါကုန်ခန်း ရဟန္တာဖြစ်မှုကြီးသည် ။ ပတ္တော ။ ဆိုက်ရောက်ခဲ့လေသတည်း၊

အဲ-ယခုပြဆိုခဲ့ဟဲ့ ဥဒါန်းဂါထာကို၊ မကြာမကြာ ကျူးရင့်တော်မူလေ့ရှိသဟဲ့၊ ၊အမည်အားဖြင့် မထင်ရှားဟဲ့၊ အညတရထေရီသည် ရဟန္တာ ဖြစ်တော်မူပြီးတဲ့နောက် အသက်ဆုံးသည့်တိုင်အောင်၊ သာသနာတော်ဝန်ကို ရွက်ဆောင်ပြီး၊ နိဗ္ဗာန်သောင် တဘက်ကမ်းသို့၊ ကူးမြန်းတော်မူလေသတည်း၊

အညတရ ထေရီဝတ္ထု ပြီး၏။

## ပဥ္စကနိပါတ်

## (၂) ဝိမလာထေရီဝတ္ထု

ရှေးအခါ အမျိုးသမီးကလေးတယောက်သည် သံသရာဝဋ်ဆင်းရဲမှ ကျွတ်လမ်းကိုရှာနေစဉ်၊ တွေ့ကြုံသော ဘုရားရှင်တို့၏ အထံ၌ ပါရမီအထူးကို ဆည်းပူးခဲ့ပြီးနောက်၊ ယခု ရှင်တော် ဘုရား လက်ထက်တော်အခါ ဝေသာလီပြည်မှာ၊ ပြည့်တန်ဆာမရဲ့ သမီးက လေးတယောက် ဖြစ်လာရှာတယ်။ ။ကံအကျိုးပေးဆိုတာ လွန်စွာ ထိတ်လန့်ဘွယ်ကောင်းတာကလား။ အနှိမ့်မဘဝိကခေါ်တဲ့ အဆုံး စွန် အဖြစ်မျိုးမှာတောင် ဆိုးဆိုးဝါးဝါး ဖြစ်ရရှာသေးတယ်။

“ငှက်ဒေမူဒပင်မိုက်-ဒိလိုက်ဘာပါ” ဆိုတဲ့ စကားအတိုင်း၊ မိဘ တို့၏ အလေ့သိစရိုက်သည် သားသမီးများသို့ လိုက်လေ့ရှိသဖြင့် ဆိုခဲ့တဲ့ အမျိုးသမီးကလေးဟာ၊ အချိန်အရွယ်သို့ ရောက်လာသော် မိခင်ဖြစ်သူ ပြည့်တန်ဆာမကြီး၏ စရိုက်အတိုင်း ပြည့်တန်ဆာမ အလုပ်ခွင်ထဲသို့ ဝင်ရရှာတယ်။

အရုပ်အဆင်းကတော့၊ အလွန် သန့်ရှင်းစင်ကြယ်တယ်။မြင်မြင် သမျှ လူအပေါင်းတို့ကလဲ၊ ရုပ်ကောင်းတဲ့အတွက်၊ မနှစ်သက်ဘဲ မနေနိုင်ကြဘူးတဲ့။ သူ့အမည် သညာကို တော့၊ အရေအဆင်း ကြည်လင်ခြင်းရှိတဲ့အတွက် “ဝိမလာ” ရယ်လို့ ခေါ်ခဲ့ကြတယ်။ ပြန်မာလိုခေါ်ဆိုရပါလျှင်၊ “ခင်သန့်စင်” ရယ်လို့ခေါ်ရမှာပေါ့လေ။

ဝိမလာရဲ့ အရုပ်အဆင်း တင့်တယ်ခြင်းကြောင့်၊ ဝေသာလီပြည် ကြီးအတွင်းမှာ လိစ္ဆဝီမင်းများမှစ၍၊ သူဌေးကြီး, သူကြွယ်ကြီး တွေဟာ ဝိမလာအထံသို့ သွားလာဝင်ထွက်၊ နှစ်သက်မြတ်နိုးခြင်း ကို ပြုကြသတဲ့။ ဝိမလာမှာလဲ အသက်အရွယ်ကကောင်း၊ အရုပ် အဆင်းကကောင်း၊ အမူအရာကလဲကောင်း၊ ဆဲသည့်လို ကောင်းခြင်းဂုဏ်တွေနှင့် ပြည့်စုံတဲ့အတွက်၊စည်းစိမ်ဥစ္စာ, ရတနာ ရွှေငွေတို့ဟာ၊လာဘ်မိုးကြီးရွာနေတာပေါ့။စည်းစိမ်ဥစ္စာများပြား

တော့ ခစားဖြေဖျော်မဲ့ မိန်းမအခံ့ကျေဟာလဲ၊ များစွာ ဝန်းဝိုင်းနေ ကြတာပေါ့။

ပြည့်တန်ဆာမဂုဏ်ဖြင့်။ ထင်ပေါ်ကျော်စောနေတဲ့ ဝိမလာမှာ၊ စည်းစိမ်ချမ်းသာကလဲ များပြား၊ အခြွေအရံကလဲ ပေါများ၊ ဂုဏ် တန်ခိုးရှိတဲ့လူတို့၏ နှစ်သက်ခြင်းကိုလဲ ခံရ၊ ဆဲဒိုလို လောကီသမ္ပတ္တိ ဂုဏ်နှင့် အမျိုးမျိုးပြည့်စုံနေပဲ့အတွက်၊ မာနတက်ခြင်း အမျိုးမျိုး ဖြင့်လွှမ်းမိုး၍ မာန်တက်နေသတဲ့။ လူဆိုတာ အရွယ်ကလဲ ပျိုမျိုနှင့် လောကီသမ္ပတ္တိဂုဏ်နှင့်ပြည့်စုံလျှင် မာန်တက်ကြစမြဲပေပေါ့။

ဘယ်လို ပြုမူလေ့ရှိသလဲဆိုတော့ ဝိမလာသည်၊ သူ၏ကိုယ်ကို အမျိုးမျိုးသော တန်ဆာတို့ဖြင့် ဆင်ယင်ပြီး၊ အိမ်တံခါးဝမှာ ရပ်၍ ယောကျ်ားမြင်သမျှတွေ ကိုယ်ရောင် ပြပြီး၊ သူလက်က မလွတ် အောင်၊ ညွတ်ကွင်းထောင်လေ့ရှိတယ်၊ မုဆိုးများဟာ သမင်ကို မလွတ်နိုင်အောင် ကျော့ကွင်းထောင်သလိုဘဲတဲ့။ ဤမျှသာ မက သေးဘူး၊ ယောကျ်ားတို့နှစ်သက်အောင် ဝတ်စားတန်ဆာများကို လျော့ဖြေလျက်၊ မမြင်စကောင်းတဲ့ ကိုယ်အင်္ဂါလက္ခဏာချားကိုလဲ ပြသလေ့ရှိတယ်။ ။ထို့ပြင်၊ မိန်းမတို့၏ အမူအရာ ပရိယာယ် မာယာအမျိုးမျိုးကို ပြပြီး၊ မျက်စ,မျက်ခုံးနှင့် ပြုံးရယ်လေ့ ရှိသတဲ့။

(ယခုပြဆိုခဲ့တဲ့စကားတွေကို၊ အပိုအမိုချဲ့ထွင်ရေးသားတယ်လို့ မမှတ်ကြနဲ့နော်၊ ပါဠိတော်ရှိတဲ့အတိုင်း၊ ပြန်ဆိုရေးသားခြင်း ဖြစ်ပေတယ်။ ဆောင်ရိုဂါထာပါဠိတော်ကိုထုတ်ဆောင်၍ ပြတဲ့အခါ ဆိုခဲ့ပဲ့အဓိပ္ပါယ်များကို၊ ထင်ရှားစွာ သိကြရပေလိမ့်မယ်။)

## ရှင်မောဂ္ဂလန်ကိုယ်တော်ကြီးကို ဖြားယောင်းခဏ်း

ဝိမလာ အမည်ရှိတဲ့ ပြည့်တန်ဆာမသည် "ကျွန်ုပ်ပေါ်တွင်၊ ငါကဲ့သို့လှချောသည့် မိန်းမ,မရှိ၊ ငါလိုအမူအရာကောင်းသည့် မိန်းမ,မရှိ၊ ငါ့အမူအရာနှင့်သွေးဆောင်၍ညွတ်ကွင်းထောင်ရပါလျှင် ဘယ်လို ယောကျ်ားမှ မခံနိုင်ဘူး ငါ့အလိုအတိုင်း လိုက်ပါရလိမ့်မယ်"

ဆဲသည့်လို အထင်ရောက်နေသဖြင့်၊ ယောက်ျားများကိုတောင် ဂရုမစိုက်တဲ့ သဘောမျိုးတွေပေါ် ပေါက်နေတယ်။

ကနေ့သောအခါ၊ ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးသည်၊ ဝေသာလီပြည်အတွင်းသို့၊ ဆွမ်းခံကြွတော်မူရာ၊ ဝိမလာ၏ အိမ်အနီးသို့ ရောက်သွားတော့၊ ရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးကို သာယာတပ်မက် နှစ်သက်မြတ်နိုးတဲ့စိတ်တွေဖြစ်ပေါ် လာသတဲ့။ တယ်ဆန်းကြယ်ပါကလားနော်၊ "မိန်းမကိုစိတ်များဟာ နှစ်သက်ချင်ရာကိုနှစ်သက်သွားတာဘဲ၊ စည်းကမ်းကလနားမရှိဘူး၊ ဆဲ-သို့ကြောင့်၊ စည်းကမ်းမရှိတဲ့ သတ္တဝါမတွေရယ်လို့ ရှင်တော်ဘုရားက ဟောကြားတော်မူတာပေါ့။"

ဝိမလာသည်၊ ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးကို မြင်လျှင် မြင်ခြင်း၊ သာယာတပ်မက်ခြင်းဖြစ်ပေါ် သည်နှင့်"ငါ့အလိုသို့ ပါအောင် မိန်းမတို့အမူအရာနှင့် ညှို့ကွင်းထောင်ပြီး၊ အရဆွဲ ဆောင်မယ်" ဆဲသည့်လို ကြံစည်ပြီးတော့၊ ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်ကြီး သီတင်းသုံးတဲ့ ဌာနသို့၊ သူကိုယ်တိုင် လိုက်သွားပါရော။

အထံတော်သို့ရောက်လာတဲ့အခါ၊ ရှင်မဟာမောဂ္ဂလာန် ကိုယ်တော်ကြီးက၊ သူ၏ထံသို့တရားနာရန် လာရောက်သည်ထင်သော ကြောင့်၊ လက်ခံ ထား တော် မူ တယ်၊ ထိုအခါ ဝိမလာ ဆို တဲ့ ပြည့်တန်ဆာမက၊ သူ့အစွမ်းရှိသမျှ၊ မိန်းမတို့၏အမူအရာ ပရိယာယ် မာယာအမျိုးမျိုးတို့ဖြင့်၊ သူ့အလိုသို့ပါအောင် သွေးဆောင်ခြင်းကို ပြုတယ်။ ရဟန္တာ ကိုယ်တော်မြတ်ကြီးကို သည့်လို သွေးဆောင်ခြင်းဟာ အလွန်မလိမ္မာတဲ့ အလုပ်မျိုးပေပေါ့။

ဆဲ-သည့်ကဲ့သို့၊ အမူအရာ အမျိုးမျိုးဖြင့်၊ ဖြားယောင်း သွေးဆောင်တဲ့အခါ၊ ရှင်မဟာမောဂ္ဂလာန်ကိုယ်တော်ကြီးက "ဖြေဘ်-ငါ့ထံသို့ တရားနာလာတယ်မှတ်ပါ၊ ထက်စသတ်ဘော့ သူ့ဘက်သို့ ပါအောင်သွေးဆောင်တဲ့ကရားမျိုးတွေကို ဟောနေပါပေါ့ကလား၊ သည့်မာတုဂါမကလေးအား၊ အသုဘတရားဖြင့် ဆုံးမဟောကြား

တော်မူမယ်'' ဆဲသည့်ကဲ့သို့ ကြံစည်တော်မူပြီး၊ ပြည့်တန်ဆာမ ဝိမလာအား၊ အသုဘတရားကို ဟောကြားတော်မူတယ်။

ဒို-မာတုဂါမကလေး။ အလွန်ကြီးကျယ်လှသော ကျောက်ကောင်ကြီးကို၊ ပဒုမ္မာကြာရိုးဖြင့်၊ ထိုးဖေါက်၍ ဖြိုမည် ကြံစည်သော်လည်း ဘယ်နည်းနှင့်မှ မဖြစ်မြောက်နိုင်တာသို သင်ပိုင်ဆိုင်သော မိန်းမ ပရိသာယ် အသွယ်သွယ်တို့ဖြင့်၊ ဘယ်လိုပင် ဖြားယောင်းသွေး ဆောင်သော်လဲ၊ သင့်အလိုသို့ ငါပါ ထိမ့်မည် မဟုတ်။ သင်၏ ရုပ်ဆင်းသဏ္ဍာန်သည်၊ လောကီလူတို့၏ အထယ်တွင် မည်မျှ လောက် တင့်တယ်သည်ဆိုသော်လည်း သင့်ရုပ်မျိုး အပုပ်အိုးကို ငါကဲ့သို့သော ပုဂ္ဂိုလ်သည် အဘယ်မှာ သာယာတပ်မက်နိုင်ပါ မည်နည်း။ ။တရားကိုမသိသော လူဗာလတို့သည်သာလျှင် သင်၏ ရုပ်သွင်ကို ခင်မင် တပ်မက်ကြပေ ထိမ့်မယ်။ ရုပ်ဆင်းသဏ္ဍာန်ဆိုတာ ကိလေသာထူပြော၍ မောဟကြီးတဲ့ သူများကိုသာ အလိုသို့ပါ အောင်သွေးဆောင်နိုင်တယ်။ တရားကိုသိပြီးသော ပုဂ္ဂိုလ်နှင့်လျှင် လူတို့၏ ရုပ်သွင်သဏ္ဍာန်ကို၊ ဘယ်မှာတပ်မက်နိုင်ပမလဲ။ မစင်ကြယ် သော အပုပ်အမျိုးမျိုးတို့၏ စုဝေးရာ၊ လူတို့၏ ကိုယ်ခန္ဓာကို တရား ဖြင့် ကြည့်ရှုဆင်ခြင်ပါလျှင် စက်ဆုပ်ဘွယ် ရာသာ အနှန်ဖြစ် တယ်။ ။တဏှာမှိုင်းတိုက်၍ အမိုက်အမှောင် မိနေကြတဲ့ ပုထုဇန် သတ္တဝါတွေသာလျှင်၊ သည်လို ကိုယ်ခန္ဓာမျိုးကို၊ မြတ်မြတ်နိုးနိုးနှင့် ခင်မင်နိုင်ကြတယ်။ ။သင်သည် အလိုသို့ ပါလိမ့်မည့်အထင်နှင့် ငါ့ထံသို့လာပြီး သွေးဆောင်သည့်မှာ သင်၏အကြံနှင့် သင်၏ဝိရိယ များသည် အလကား၊ အချည်းနှီးတွေဖြစ်ကုန်ပေါ့။ ။သင် မာတုဂါမ ကလေးလဲ၊ မိမိရုပ်အသွင်ကို အမျိုးမျိုးပြင်ဆင်ပြီး၊ ကိုယ်သဏ္ဍာန် အတွက်နှင့် မာန်တက်လို့ မနေလေနှင့်။ ။ပကတိသဘောအားဖြင့်၊ မစင်ကြယ်တဲ့ ရုပ်ကောင်ကို ဟန်ဆောင်ကာ ပြုပြင်နေသော်လဲ တကယ်စင်စစ်အဖြင့် ချစ်ခင်နှစ်သက်ဘွယ်ရှိတဲ့ သဘာသဘော တဲသို့ ပြောင်းလဲ၍ သွားမည်မဟုတ်။ ။ဒို။- မာတုဂါမကလေး၊

မိမိ၏အဆောင်းဖြင့် ရင်နှီးပြီး၊ အကုသိုလ်တရား ပွါးများအောင် မလုပ်ပါနှင့်။ နစ်သည့်ထက် နစ်မွန်းပြီး သွားလိမ့်မယ်။ အသုဘ တရားကို သတိထားပြီး ပွါးများသင်ခြင်လေတော့။

ရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးက အသုဘတရားကို ဟောကြား ဆုံးမချောက်တော်မူလေသောအခါ၊ ပြည်တန်ဆာမ ဝိမလာသည် ရှေးရှေးသောအခါက ပါရမီဒါတ်ခံ ရင့်သန်ခဲ့ဘူးသူ ဖြစ်သောကြောင့် အသုဘတရားကို ကြားလျှင် ကြားခြင်း၊ ထိုနေရာ မှာပင်၊ သတိသံဝေဂ လျှင်မြန်စွာရပြီး၊ ဩော်-မှားလေစွ, မှား လေစွ။ ငါသည် ယခုလွန်တရာ မိုက်လှပါဘကား။ သည်ကဲ့သို့သော ပုဂ္ဂိုလ်ကြီးများကို၊ မကြံအပ်, ကြံစည်ရာ၊ ကြံစည်ခဲ့မိသည့်မှာ အလွန် ယုတ်မာလှပါတကား။ သည်ယနေ့ကစပြီး ပြည့်တန်ဆာမ အလုပ်ကိုဖြုတ်၍၊ ရတနာသုံးပါးကိုဆည်းကပ်လျက် မြင့်မြတ်သော နေခြင်းဖြင့် နေတော့မယ်'' အဲသည်လို ကြံစည်ကာ သန္နိဋ္ဌာန်ချပြီး လျှင်၊ ရှင်မောဂ္ဂလာန် ကိုယ်တော်ကြီးထံမှာပင်၊ သရဏဂုံသီလများ ကို ခံယူတယ်။

ဤသို့ဝင်ပြီး၊ သို့ဂါထာလို လျှောက်ထားပြန်သတဲ့။ အရှင်မြတ်ကြီး ဘုရား။ ယနေ့ကစ၍ ဘုရားတော်မကို ဘုံးမိုးကို ဆည်းကပ်သောသူ၊ တရားကို ဆည်းကပ် သောသူ၊ သံဃာကို ဆည်းကပ်သောသူ၊ ဘုရားသို့တော်၊ တရားသို့တော်၊ သံဃာ သို့တော်ဟူ၍ မှတ်ယူပါဘုရား။ ယနေ့ကစ၍ ယုတ်မာသော အကျင့် များကို ပယ်ရှားပြီးလျှင်၊ သူတော်ကောင်းတို့၏ အနေဖြင့် မြင့်မြတ် စွာ နေထိုင်ပါတော့မယ် ဘုရား၊ ။ အဲသည်လို လျှောက်ထားပြီး မိမိအိမ်သို့ ပြန်လာခဲ့တယ်။

[illegible] ရွှေ အမှုမှာ အလုံးစုံကို အကုန် [illegible] ပြင်မြတ် [illegible] ဖြင့်နေထိုင်တယ်။ ပြည့်တန်ဆာမ [illegible] ဝေသာလီတွင်သည့်သို့ ကျော်စော [illegible] သူငွေး, သူကြွယ် တွေမှာ

လွန်စွာ ဖုံ့အားသင့်ပြီး၊ နှမျောဝမ်းနည်းခြင်း ဖြစ်သွားကြသတဲ့၊ သူတို့ခမျာ မပြည့်ဝတော့ဘဲကိုး၊ ဝမ်းနည်းကြရှာပေမပေါ့။

ခင်သန့်စင်ရယ် လို့ခေါ် ဆိုထိုက်တဲ့ဝိမလာသည်၊ ဈေးကဝါသနာ တွေကိုစွန့်ပြီး၊ ရဟန္တာသုံးပါးကိုခိုလှုံ၍၊ အာရုံပြုစင်ငှားနေတဲ့အခါ သူအမည်ရင်းနှင့် လိုက်လျောစွာ၊ စင်ကြယ်တဲ့ အမျိုးသမီးကလေး တယောက် ဖြစ်သွားတာပေါ့။ ရှင်မဟာမောဂ္ဂလာနဲ့ ကိုယ်တော် မြတ်ကြီးထံသို့ပထမသွားရင်းတုန်းက ကျေးယုတ်မာသော စိတ်တွေနှင့် သွားတာအမှန်ဘဲ၊ သို့ရာတွင် ပြန်လာတဲ့အခါကျတော့ မြင့်မြတ်တဲ့ ကုသိုလ်ဂုဏ်တွေနှင့် ပြည့်စုံလာဘယ်။ အကုသိုလ် တရားကို အကြောင်းခံပြီး၊ ကုသိုလ်တရား ဖြစ်ပွားတယ်လို့၊ ပဋ္ဌာန်းဒေသနာ တော်မှာ ဟောတော်မူတဲ့ အချက်ဟာ လွန်စွာအဓိပ္ပါယ်ထင်ရှား သွားတာပေါ့။

အဲ-ပြဆိုခဲ့ပြီးတဲ့အတိုင်း၊ ရဟန္တာသုံးပါးကိုခိုလှုံ၍၊ဘုရားသမီးတော် အဖြစ်နှင့်နေထိုင်ပြီး၍၊ အတန်ကြာတဲ့နောက်၊ ဘယ်လိုစိတ်မျိုး ပေါ်ပေါက်လာသလဲ ဆိုတော့၊ 'ယခုလို သာသနာတော်ကြီး ထွန်းကားနေပါလျက် လူ့အဖြစ်နှင့်နေထိုင်ရဒါ လွန်စွာ အောက် တန်းကျတယ်၊ သာသနာတော်သို့ဝင်ပြီး၊ ဘိက္ခုနီမအဖြစ်နှင့် နေရ ပါလျှင် လွန်စွာမြင့်မြတ်၍ လူဖြစ်ကျိုးနပ်မှာဘဲ' ဆိုသည့်အကြံ ပေါ်ပေါက်လာသတဲ့၊ အကြံပေါ်တဲ့လျှင်ကြာရှည်စွာမဆိုင်းဘဲ မိမိပိုင် ဆိုင်တဲ့ စည်းစိမ်ချမ်းသာအားလုံးကို အကုန်စွန့်၍၊ ဘိက္ခုနီမတို့ ကျောင်းသို့ သွားပြီးရဟန်းပြုပါရော၊

ရဟန်းအဖြစ်သို့ ရောက်ပြီးတဲ့နောက်၊ သံသရာဝဋ်ဒုက္ခတွေ ကကျွတ် ခွေကြီးထဲမှ၊ ကျွတ်စေ,လွတ်စေဆိုတဲ့ စေတနာမျိုးကို လက်ကိုင် ထားပြီး၊ ဆိတ်ငြိမ်ရာဖြစ်တဲ့ သစ်ပင်ရင်းသို့ သွား၍၊ ဝိပဿနာ တရားကိုအားထုတ်ရာ ပါရမီရင့်၊အချိန်သင့်သဖြင့်၊ သစ္စာလေးခိုင် အဆိုင်ဆိုင်ပွင့်ပြီး၊ မြင့်မြတ်သော ရဟန္တာအဖြစ်သို့ ရောက်လေ သတည်း။

ဤကဲ့သို့ ရဟန္တာအဖြစ်သို့ ရောက်ပြီးတဲ့အခါ၊ လွန်စွာ ဝမ်းမြောက်တော်မူလှသဖြင့်၊ ရှေးက ဖြစ်ပျက်ခဲ့သမျှနှင့် တကွ၊ ရဟန္တာဖြစ်ပုံ အလုံးစုံကို၊ ဇကုန်ဘွဲ့ဆိုပြီးလျှင်၊ ဥဒါန်းဂါထာ ငါးပုဒ်ကို၊ သို့ကလို ကျူးရင့်တော်မူလေသတည်း။

(၁) မတ္တာ ဝဏ္ဏေန ရူပေန၊ သောဘဂ္ဂေန ယသေန စ။
ယောဗ္ဗနေန စုပတ္ထဒ္ဓါ၊ အညာ သမတိမညိဟံ။

(၁) အဟံ၊ အကျွန်ုပ်သည်၊ ပုဗ္ဗေ၊ ရှေးလူဖြစ်စဉ်အခါ၌၊ ဝဏ္ဏေန၊ အရောင်အဆင်း လှပခြင်းဖြင့်၎င်း၊ ရူပေန၊ ရုပ်သွင်သဏ္ဌာန်၊ ဟန်ပန်မူ့ကြောင့်၎င်း။ သောဘဂ္ဂေန၊ လူတို့၏စက္ခုဖြင့်၊ ကြည့်ရှုခြင်းသဘွယ်၊ အလွန်တင့်တယ်ခြင်းကြောင့်၎င်း၊ ယသေန စ၊ ပျော်မြူးစားအခြံအရံတွေ များခြင်းကြောင့်၎င်း၊ ယောဗ္ဗနေန စ၊ အရွယ်အဆင်း နုပျိုခြင်းကြောင့်၎င်း၊ ဥပတ္ထဒ္ဓါ၊ မာန်တက်လေအောင် ထောင်လွှားမြှောက်ပင့်လေသည်ဖြစ်၍၊ အညာ၊ သံ့တပါးသော မိန်းမတို့အား၊ အတိမညိံ၊ ငါနှင့်အဘက်တန်သလား ဟု၊ ဝါကြွားသမှု မထီမဲ့မြင်ပြုမိခဲ့ပါသတည်း။

(၂) ဝိဘူသေတွာ ဣမံကာယံ၊ သုစိတ္တံ ဗာလလာပနံ။
အဋ္ဌာသိံ ဝေသိဒွါရမှိ၊ လုဒ္ဒေါ ပါသမိဝေါဍ္ဍိယံ။

(၂) အဟံ၊ အကျွန်ုပ်သည်၊ ဣမံကာယံ၊ ဤကိုယ်ကောင်ကြီးကို၊ သုစိတ္တံ၊ ဆန်းကြယ်သည်ထက် ဆန်းကြယ်လေအောင်၊ ဗာလလာပနံ၊ လူမိုက်အများ လိုက်စားချီးမွမ်းကြအောင်၊ ဝိဘူသေတွာ၊ ပြုပြုပြင်ပြင်တန်ဆာဆင်၍၊ ဝေသိဒွါရမှိ ပြည့်တန်ဆာမတို့၏ အိမ်တံခါးဝ၌၊ အဋ္ဌာသိံ၊ ငါလက်ကနလွှတ်အောင်၊ ယောက်ျားတွေ ထောင်ချည်ဟု၊ ချိန်ဆောင်ဗန်းပြကာ၊ ရပ်တည်၍နေခဲ့ပါသတည်း။ ကိမိဝ၊ အဘယ်ဥပမာကဲ့သို့နည်းဟူမူကား၊ ပါသံ၊ ကျော့ကွင်းကို၊ ဩဍ္ဍိယံ-ဩဍ္ဍယန္တော၊ ထောင်သော၊ လုဒ္ဒေါ၊ မုဆိုးကြီးသည်၊ အဋ္ဌာသိ ဣဝ၊ သမင်အစုပါင်းကိုချောင်းကာမြောင်းကာ၊ ရပ်တည်၍ နေလေဘိသကဲ့သို့တည်း။

(၃) ပိလန္ဓနံ ဝိဒံသေတွာ၊ ဂုယှံ ပကာသိတံ ဗဟုံ။
အကာသိံ ဝိဝိဓံ မာယံ၊ ဥဇ္ဇဂ္ဃန္တီ ဗဟုံ ဇနံ။

(၃) အဟော်။ အကျွန်ုပ်သည်။ ပိလန္ဓနံ။ ဝတ်စားတန်ဆာများကို၊ ဝိဒံသေတွာ။ တလှုပ်လှုပ်, တရှားရှား လူအများမြင်အောင်ပြလျက်။ ဂုယှံ။ လျှို့ဝှက်အပ်သော ကိုယ်အင်္ဂါများကို။ ဗဟုံ။ အကြိမ်ပေါင်း များစွာ။ ပကာသိတံ-ပကာသေတွာ။ လူအများမြင်အောင်၊ အထင်အရှား ဘော်ပြလျက်၊ ဝေသိဒွါရမှိ၊ ပြည်တန်ဆာမတို့၏ အိမ်တံခါး ဝ၌၊ အဋ္ဌာသိံ။ ရပ်တည်၍နေခဲ့ပါသတည်း။ ဗဟုံဇနံ။ များစွာသော လူအပေါင်းကို၊ ဥဇ္ဇဂ္ဃန္တီ။ ချစ်ကြိုက်တို့အရေး မျက်နှာချိုသွေးလျက် ဝိဝိဓံ၊ မာယံ၊ မာယာ အသွယ်သွယ် ပရိယာယ်အမျိုးမျိုးကို၊ အကာသိံ။ ပြုလုပ်သွေးဆောင်ခဲ့ပါသတည်း။

(၄) သာဇ္ဇပိဏ္ဍံ စရိတွာန မုဏ္ဍာ သံဃာဋိပါရုတာ။
နိသိန္နာ ရုက္ခမူလမှိ၊ အဝိတက္ကဿ လာဘိနီ။

(၄) အဇ္ဇ။ ယခုအခါမှုကား။ သာ။ ထိုပြည်တန်ဆာမ ဖြစ်ခဲ့သော အကျွန်ုပ်သည်။ မုဏ္ဍာ။ ဆံပင်ကို ပြောင်အောင်ရိတ်၍၊ သံဃာဋိပါရုတာ။ ဒုကုဋ်သင်္ကန်းကြီးကို ဝတ်ရုံလျက်၊ ပိဏ္ဍံ။ ဆွမ်းခံခြင်း အလုပ်ကို။ စရိတွာန။ လှည့်လည်၍၊ အဝိတက္ကဿ လာဘိနီ။ ဝိတက်ကင်းသော ဈာန်အလုံးစုံကို အကုန်ရ၍ပြီးသော်။ ရုက္ခမူလမှိ။ သစ်ပင်ရင်း၌။ နိသိန္နာ။ ကမ္မဋ္ဌာန်း အလုပ်မျိုးဖြင့်၊ ပုန်းလျှိုး၍နေရပါသတည်း။

(၅) သဗ္ဗေယောဂါ သမုစ္ဆိန္နာ၊ ယေဒိဗ္ဗာ ယေစ မာနုသာ။
ခေပေတွာ အာသဝေ သဗ္ဗေ၊ သီတိဘူတာမှိ နိဗ္ဗုတာ။

(၅) အဇ္ဇ။ ယခုအခါ၌။ သဗ္ဗေယောဂါ၊ အလုံးစုံသော ယောဂ တရားတို့ကို။ သမုစ္ဆိန္နာ။ မကျန်မကြွင်း၊ ရှင်းလင်း ပယ်ဖြတ်အပ်ကုန် ပြီ၊ ယေဒိဗ္ဗာစ။ အကြင်နတ်ပြည်နှင့်ဆိုင်သောကာမဂုဏ် အလုံးစုံတို့ ကို၎င်း၊ ယေမာနုသာစ။ အကြင်လူ့ပြည်နှင့်ဆိုင်သော ကာမဂုဏ် အလုံးစုံတို့ကို၎င်း။ သမုစ္ဆိန္နာ။ မကျန်မကြွင်း၊ ရှင်းလင်းပယ်ဖြတ်အပ်

ကုန်ပြီ၊ အဇ္ဈတ္တ၊ ယခုအခါ၌၊ သဗ္ဗေ၊ ခပ်သိမ်း ဥဿုံ၊ အလုံးစုံကုန်သော၊ အာသဝေ၊ စီးသွန်ကျလျှော၊ အာသဝေါလို့ကို၊ ခေပေတွာ၊ မကျန်မကြွင်း၊ ရှင်းလင်းကုန်ခန်းစေပြီး၍၊ နိဗ္ဗုတာ၊ ဒုက္ခခပ်သိမ်း ဝတ်ဇာတ်ငြိမ်းလျက်၊ သီတိဘူတာ၊ အေးမြချမ်းသာစွာ နေထိုင်ရသည်၊ အမှို၊ ဖြစ်ပါသတည်း၊

ယခုဘော်ပြခဲ့တဲ့ ထေရီဂါထာများဟာ၊ ဝိမလာထေရီ ဘိက္ခုနီ၏ မကြာမကြာ ဥဒါန်းကျူးရင့်တဲ့ ဂါထာများဖြစ်ပါတယ်။ ရဟန္တာဖြစ်ပြီးတဲ့နောက်၊ အဖြစ်အပျက်များကို အလုံးစုံ ဘွင့်လှစ်မိန့်ဆိုတော်မူခြင်းဟာ၊ နောင်အနာဂတ်အခါ၊ အမျိုးသမီးပေါင်း များစွာတို့ မှတ်မှတ်သားသားနှင့်၊ ဗဟုသုတ ပွါးများစေရန်၊ ရည်သန်သောအားဖြင့်၊ မိန့်ကြား ကျူးရင့်တော်မူခြင်းဖြစ်တယ်။ ၊မိမိအဖြစ်အပျက်များကို၊ အကြွင်းအကျန်မထားဘဲ၊ ဟုတ်မှန်သောအတိုင်း ဘွင့်ပြပြောဆိုခြင်းအမှုဟာ သူတော်ကောင်းတို့၏ လက္ခဏာပေပေါ့။

ဝိမလာထေရီ ဝတ္ထုကြီးမှာ၊ အမျိုးသမီးတို့၊ အတုခိုး နည်းယူဘွယ်အချက်ကတော့ ဝိမလာထေရီဘိက္ခုနီမကဲ့သို့၊ကံအကြောင်း မသင့်တဲ့အခါ မကောင်းတဲ့ အကျင့်စာရိတ္တမျိုးဖြင့်၊ မှောက်မှောက်မှားမှား၊ ဘောက်ပြန်နေမိသော်လည်း၊ လမ်းကောင်းသို့ရောက်အောင်၊ ရှေ့ဆောင်ညွှန်ပြဘဲ့ ပုဂ္ဂိုလ်များနှင့်တွေ့ဘဲ့အခါ၊ ထိုပုဂ္ဂိုလ်တို့ တရားကိုနာပြီး၊ ရှေးဖြစ်ရှေးဟောင်း၊ မကောင်းတဲ့ အဖြစ်စရိုက်များကို၊ အကြွင်းအကျန်မထားဘဲ၊ ပယ်ရှားပြောင်းလဲလိုက်ကြရန်အချက်ဖြစ်ပေသတည်း။

## (၂) ဥမ္မလာထေရီ ဝတ္ထုပြီး၏။

ပဥ္စကနိပါတ်

## (၃) သီတာထေရီဝတ္ထု

ရှေးအခါ၊ အမျိုးသမီးကလေး တယောက်သည်၊ ဒုက္ခခင်းသိမ်း ချုပ်ငြိမ်းပြတ်ငြိမ်း၍၊ ဓာတ်သိမ်းရာအမှန်၊ ပြည်နိဗ္ဗာန်စခမ်းသို့၊ တက် လှမ်းရာခရီး၊ ရှာမှီးနေသည့် အတောအတွင်း၊ ဆိုက်တိုက်တွေ့ကြုံ နေသော ဘုရားရှင်တို့ လက်ထက်တော်မှာ၊ ပါရမီအထူးထူးကို ဆည်းပူး ရှာမှီးခဲ့ပြီးသည့်နောက်၊ ယခုရှင်တော်ဘုရား လက်ထက် တော်သို့ ရောက်သောအခါ၊ ဝေသာလီပြည်၊ လိစ္ဆဝီမင်းတို့၏၊ ရဲမိုလ်မှူးဖြစ်သော ''သီဟ''စစ်သူကြီး၏တူမကလေးဖြစ်လာတယ်။

သီဟစစ်သူကြီးဆိုတာ၊ ရှင်တော်ဘုရားရဲ့ လက်ထက်တော်မှာ လွန်စွာထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီး တဦးပေပေါ့။ ။ဆိုခဲ့ပြီးတဲ့ တူမ ကလေးတယောက်ကို၊ အလွန်တရာချစ်ခင် မြတ်နိုးလှသဖြင့်၊ မိမိ၏ အမည်အတိုင်း ခေါ်တွင်စေလိုသောကြောင့်၊ အမည်ပေးတဲ့အခါ ''သီဟာ''ရယ်လို့ အမည်ပေးတယ်။ မြန်မာလို ပြန်ဆိုခဲ့ပါလျှင်၊ ''မခြင်္သေ့''ရယ်လို့ ခေါ်ဆိုရမှာပေါ့။

သီဟစစ်သူကြီးရဲ့ တူမကလေးဖြစ်သူ မသီဟာသည်၊ ရှေးရှေး အခါက ပါရမီဖြည့်ဆည်းပူးခဲ့ရင်းရှိတဲ့အတိုင်း ယဉ်ကျေးထိမ်မှာ ခြင်းဂုဏ်နှင့်ပြည့်စုံတယ်။ အချိန်အရွယ်သို့ရောက်လာတော့၊ ထွက် မြောက်ခြင်ဘဲ့ စိတ်ဓါတ်ဝသီပါခဲ့ရင်းအတိုင်း၊ အိမ်ရာထောင်တဲ့ လူတို့ဘောင်မှာ ပျော်ပိုက်ဘဲ၊ စိတ်ဆန္ဒမရှိဘဲ၊ သာသနာ အတွင်းသို့ဝင်ပြီး၊ ရဟန်းပြုခြင်ပဲ့စိတ်မျိုးတွေသာဖြစ်နေသတဲ့။

တနေ့သောအခါ သီဟစစ်သူကြီးသည်၊ မိမိအိမ်သို့သံဃာတော် များနှင့်တကွ၊ ရှင်တော်ဘုရားကိုပင့်ပြီး ဆွမ်းလုပ် ကျွေး တယ်။ ရှင်တော်ဘုရားသည် ဆွမ်းဘုဉ်းပေးတော်မူပြီးသောအခါ၊ အနု မောဒနာတရားကို ဟောကြားတော်မူသည့်တွင်၊ သီဟာဆိုတဲ့ အမျိုးသမီးကလေးဟာလဲ ရှင်တော်ဘုရား၏ တရားကို နာကြားနေ တယ်၊ ။တရားတော်ကြီး ဆုံးတော့၊ သီဟာမယ်သည်၊ တရား

အရသာကို လွန်စွာနှစ်ချိုက်လှသဖြင့်၊ ထိုနေ့မှာပင် လူတို့ဘောင်မှ ခွါရှောင်၍၊ ရဟန်းပြုရန် သန္နိဋ္ဌာန် ချလိုက်ပါရောတဲ့။ ။သီဟစစ်သူကြီးအိမ်မှ ရှင်တော်ဘုရား ကြွသွားတဲ့နောက်၊ မကြာမီအတောအတွင်းမှာပင်၊ သီဟာမယ်သည်၊ ဦးကြီးဖြစ်သူ သီဟစစ်သူကြီးနှင့်ဘကွ၊ မိဘတို့ထံသို့ကပ်ပြီး၊ ရဟန်းပြုရန် ခွင့်တောင်းပန်တယ်။ ဦးကြီးနှင့်မိဘများကလဲ သာသနာတော်ကိုကြည်ညိုရင်းရှိကြတဲ့အတိုင်း၊ တားဆီး ကန့်ကွက်ခြင်း အမှုကို မပြုကြဘဲ အကြည်အသာနှင့် ခွင့်ပေးကြတယ်။

အဲသည်လို အခွင့်ရတော့ သီဟာမယ်သည် ဝမ်းသာအားရ နှစ်သက်လှသဖြင့် ကြာရှည်စွာမဆိုင်းဘဲ ဘိက္ခုနီမကျောင်းသို့ သွားပြီး ရဟန်းပြုပါရော၊ ရဟန်းပြုပြီးတဲ့နောက်၊ ဘိက္ခုနီမတို့နှင့် သက်ဆိုင်တဲ့ ကျင့်ဝတ် တရားတို့ကို သင်ကြားပြီး၊ ကမ္မဋ္ဌာန်း အလုပ်ကို အားထုတ်ရန် ဆိတ်ငြိမ်ရာ အရပ်သို့ တကိုယ်တည်း သွားရောက်နေထိုင်တယ်။

အဲသည်လို တရားအားထုတ်တဲ့အခါကျတော့ သီဟာထေရီ ဘိက္ခုနီ၏စိတ်များဟာ ဧကဂ္ဂတာမရ၊ သမာဓိမရနိုင်ဘဲ၊ ဥဒ္ဓစ္စ သဘောဖြင့်၊ ပြန့်လွင့်ပြေးလွှား၍သာ နေတယ်၊ ကမ္မဋ္ဌာန်း အာရုံထဲမှာ စွဲစွဲမြဲမြဲမရှိဘူးဟဲ့။ ။ယောဂီအလုပ်ဆိုတာ၊ လွန်စွာခဲယဉ်းတာကလား၊ သမာဓိခိုင်ခိုင်နှင့်ပိုင်ပိုင်နိုင်နိုင် နိမိတ်ထင်ဘို့အတော်ခက်နေတယ်၊ သမာဓိ မရပြီဆိုမှဖြင့်၊ ကမ္မဋ္ဌာန်း အလုပ်ခွင်မှာ ပျော်ရွှင်ခြင်းတဲ့ စိတ်မျိုးမရှိနိုင်ဘူး။ ။သီဟာထေရီ ဘိက္ခုနီမှာ အဲသည်အခက်မျိုးနှင့်တွေ့ကြုံနေတာပေါ့။

သမာဓိမရတဲ့အတွက်၊ မိမိစိတ်တွေကိုမထိန်းသိမ်းနိုင်ဘဲ၊အပြင်အာရုံတွေက နှောင့်ယှက်သဖြင့်၊ ဝိတက်အမျိုးမျိုး ဝင်လာကုန်တယ်။ ကာမဂုဏ်ထဲမှာ ပျော်ပွဲခံ ချင် တဲ့ စိတ် တွေ၊ လူ တို့ ဘောင် မှာ ပြောင်ပြောင်လက်လက် နေထိုင်ခြင်တဲ့ စိတ်မျိုးတွေ၊ အဲသည်လို စိတ်မျိုးတွေ ပလတွေရှုပ်ယှက်ခပ်နေတာပေါ့။

သီဟာထေရီ ဘိက္ခုနီမမှာ၊ အပြင်အာရုံတွေ နှောင့်ယှက်၍၊ ဝိတက်များပြား၊ လှုပ်လှုပ် တရှားရှားနှင့်၊ သမာဓိတရားကို မရဘဲနေသည်မှာ၊ ခုနစ်နှစ်တိုင်တိုင် ကြာသွားပါရောတဲ့။ ။ အဲသည်လိုဖြစ်တဲ့အခါ၊ သီဟာထေရီမှာ၊ အလွန် စိတ်နှလုံးမချမ်း သာသဖြင့်၊ဩော်-တယ်ခက်ပါကလားနော်။ လူ့ဘောင်မှ ခွါရှောင်ပြီး၊ ရဟန်းပြုလာပါတော့လဲ၊ ချမ်းသာခွင့်ကို မရပါဘဲကလား။ ဝိပဿနာအလုပ်ကို အားထုတ်ပြန်တော့လဲ၊ တရားထူးကိုရဘို့ နေနေသာသာ၊ ဝင်ဝင်လာတဲ့ အပြင်အာရုံတွေအတွက်၊ အစဉ်မပြတ် နှောင့်ယှက်သို့၊ဝိတက်တွေကိုတောင်၊ ငြိမ်းအောင် မတတ်နိုင်သေးဘူး။ သာသနာဘောင်မှာ မပျော်တဲ့အတွက် လူထွက်မယ်လို့ ဆိုပြန်လျှင်လဲ၊ ဘကြီးဖြစ်သူ သီဟာစစ်သူကြီးနှင့်တကွ၊ မိဘ ဆွေမျိုးတို့ မျက်နှာကို၊ဘယ်လိုကြည့်နိုင်ပမလဲ။ အို-သည်လိုနေလို့ ဖြင့် အကျိုးရှိတော့မှာ မဟုတ်ပါဘူး၊ ကိုယ့်အသက်ကို ကိုယ်ချေပြီး၊ ခပ်မြန်မြန် သေသိက်ထာဘဲ ကောင်းပါလိမ့်မယ်၊" အဲသည်လို ကြံစည်မိသတဲ့၊

စိတ်နှလုံး မချမ်းသာတဲ့အခါ၊သဘာဝါတို့ အလေ့ဟာ၊ သည်လို ကြံ စည့်တတ် ထာ မျိုးပေါ့။ ။သီ ဟာ ထေ ရီ ဘိ က္ခု နီ သည်၊ ကိုယ့်အသက်ကို ကိုယ်ဘိုင်သတ်ပြီး၊ မကြာမှီအတွင်း သေခြင်းသို့ ရောက်ရန် ဆုံးဖြတ်ပြီးဖြစ်ဘဲ့အတိုင်း၊ကြိုးတချောင်းယူပြီး၊သိဘင်းသုံး ဆောင်ဖြစ်တဲ့ ဘိက္ခုနီမများ,မသိအောင်၊တောအုပ်တခုသို့ တကိုယ် ထည်း ထွက်သွားပါရော။

ထိုတောအုပ်အတွင်းသို့ ရောက်တော့၊ ကြိုးကိုကိုင်ပြီး သစ်ပင် တခုပေါ်သို့ တက်သွားတယ်။ ။ကြောက်စရာဘဲနော်၊ ကြံမိကြံရာ ကြံရှာတော့မယ်၊ ။သစ်ပင်ပေါ်သို့ ရောက်တဲ့အခါ၊ သစ်ကိုင်းတခု မှာ တဘက်သော ကြိုးစနှင့်ချီပြီး၊ကြိုးစတဘက်ကို ကွင်းရှော့လုပ်၍၊ မိမိလည်ပင်းမှ စွပ်လိုက်ပါရော။ ။ဘုရား, ဘုရား- ခုန်လို့များ ချလိုက်ရင်ဖြင့်၊သည်နေရာမှ ကိစ္စတုန်းပြီး၊အသက် ဆုံးရှုံးတော့မယ်၊ လည်ပင်းသို့ ကြိုးကွင်း စွပ် လိုက် သည် နှင့် တ ပြိုင် နက်၊ ရှေးဘံ

ပါရမီအဟုန်က၊ ကယ်ဆယ်တို့ အခွင့်ကြုံနေသဖြင့် မိမိစီးဖြန်းခဲ့တဲ့ ဝိပဿနာအာရုံများဟာ၊ အလုံးစုံထင်မြင်လာတယ်။ ။ထိုအခါ သမာဓိနှင့် ပညာ၊ အခိုက်သင့် လျှော်စွာ အချိုးကျပြီး၊ ပထမ သောတာပတ္တိမဂ်မှစ၍၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်သို့၊ တိုင်အောင်၊ ရပ်ဆိုင်းခြင်းမရှိဘဲ၊ တရှိန်တည်း ပေါက်ရောက်၍ သွားလေသတည်း။

အရဟတ္တဖိုလ်သို့ရောက်၍၊ ရဟန္တာဖြစ်သည်နှင့် တပြိုင်နက် လည်ပင်မှာစွပ်ထားတဲ့ ကြိုးကွင်းကြီးဟာလဲ၊ မည်သူမှ မချွတ်ရဘဲ သူ့အလိုလို ကျွတ်သွားတယ်။

ကဲ-စဉ်းစားကြစမ်းပါ။ ရဟန္တာဖြစ်ပုံဟာ ဘယ့်ကလေးက်များ ထူးဆန်းသလဲလို့။ ။သစ်ပင်ပေါ်သို့ တက်ပြီး အသက်ကို ဖြတ်မယ်ဟု၊ သူ့လည်ပင်းမှာ ကြိုးကွင်းတန်းလန်းကြီးနှင့်၊ ရဟန္တာ အဖြစ်သို့ ရောက်သွားတယ်။ အနတ္တမ ဘဝိကရယ်လို့ခေါ်တဲ့၊ အဆုံး ဘဝတွင်၊ ကျွတ်တမ်းဝင်မဲ့ ပုဂ္ဂိုလ်များဟာ၊ မိမိကိုယ်တိုင်ဖြစ်စေ၊ သူတပါးကိုယ်တိုင်က ဖြစ်စေ၊ အသက်သေဆုံးအောင် ဘယ်လိုပင် ကြံသော်လဲ၊ ရဟန္တာ မဖြစ်သမျှ ဘယ်လိုနည်းနှင့်မျှမသေနိုင်ဘူးတဲ့။

သီဟာထေရီ ဘိက္ခုနီသည်၊ သစ်ပင်ထက်မှာ ရဟန္တာအဖြစ်သို့ ရောက်သွားတော့၊ ဝမ်းမြောက် ဝမ်းသာနှင့်၊ လွန်စွာ အားရ နှစ်သိမ့်လွန်း၍။ ''အော်-သည်သစ်ပင်ပေါ်သို့ တက်ပြီး၊ အသက်ကို ချွေမယ်လို့ ကြံစည်ပါ အသက်ကမသေ၊ ကိလေသာတွေ သေဆုံး၍၊ ရဟန်းကိစ္စ တုန်းသွားပါပေါ့ကလား။ ''ဩော်- ချမ်းသာလေစွ၊ ချမ်းသာလေစွ' ဆဲ-ဉ်ကဲ့သို့ တကိုယ်ထည်း ပြောဆိုပြီး၊ အားကြီး စွာ နှစ်သက်လှသဖြင့်၊ သစ်ပင်ထက်က မဆင်းသေးဘဲ၊ ဖြဆိုလတံ့ သောအတိုင်း ထေရီဥဒါန်း ဂါထာကို၊ ကျူးရင့်ဘောင်မူ လေ သတည်း။

(၁) အယောနိသော မနသိကာရာ၊ ကာမရာဂေန အဋ္ဋိတာ။
အဟောသိ ဥဒ္ဓဋ္ဋာပုဗ္ဗေ၊ စိတ္တေ အဝသဝတ္တိနီ။

(၁) အဟံ၊ အကျွန်ုပ်သည်၊ အယောနိသော မနသိကာရာ၊ မသင့်မတင့် နှလုံးသွင်းမိသည်ဖြစ်၍၊ ပုဗ္ဗေ၊ ရဟန္တာ, မဖြစ်မီ၊ ရှေးကာလ၌၊ ကာမရာဂေန၊ ငါးပါးအာရုံ၊ ကာမဂုဏ်ကို၊ ချစ်မင်နှစ်သက်သောစိတ်ဖြင့်၊ အဋ္ဋိတာ၊ ထိုးကျင် နှိပ်စက်အပ်သည်ဖြစ်၍၊ စိတ္တေ၊ မိမိစိတ်၌၊ အဝသဝတ္တိနီ၊ ကိုယ့်အလိုသို့ပါအောင်၊ မစိုးမပိုင်ဘဲ၊ ဥဒ္ဓတာ၊ ပြန့်လွင့်ချောက်ခြား၍၊ သမထစိတ်ရေးနှင့် ဝေးကွာခဲ့သည်၊ အဟောသိံ၊ ဖြစ်ပါသတည်း။

(၂) ပရိယုဋ္ဌိတာ ကွေသေဟိ၊ သုခသညာ နုဝတ္တိနီ။
သုခံစိတ္တဿ နာလဘိံ၊ ရာဂစိတ္တ ဝသာနုဂါ။

(၂) အဟံ၊ အကျွန်ုပ်သည်၊ ကွေသေဟိ၊ ကိလေသာတရားတို့ဖြင့်၊ ပရိယုဋ္ဌိတာ၊ နှိပ်နင်းလို့မရအောင်၊ ထကြွသောင်းကျန်းသည်ဖြစ်၍၊ ရာဂစိတ္တဝသာနုဂါ၊ ရာဂစိတ်မိုက်၏ အလိုသို့လိုက်လျက်၊ သုခသညာနုဝတ္တိနီ၊ ကာမဂုဏ်ငါးဖြာ၌၊ ချမ်းသာသည်ဟူသော စွဲလမ်းထင်မြင်ချက်ကြောင့်၊ စိတ္တဿ၊ မိမိစိတ်၏၊ သမံ၊ သက်သာချမ်းမြေ့ခွင့်ကို၊ နလဘိံ၊ မရခဲ့ရိုးမှန်ပါသတည်း။

(၃) ကိသာ ပဏ္ဍု ဝိဝဏ္ဏာ စ၊ သတ္တဝဿာနိ စာရိဟံ။
နာဟံ ဒိဝါ ဝါ ရတ္တိံ ဝါ၊ သုခံဝိန္ဒိံ သုဒုက္ခိတာ၊

(၃) အဟံ၊ အကျွန်ုပ်သည်၊ ကိသာ စ၊ ပိန်ကြုံသော ကိုယ်ရှိသည်ဖြစ်၍၎င်း၊ ပဏ္ဍု စ၊ ဖြူပတ် ဖြူယော်၊ အမြင်မတော်သောကိုယ်ရှိသည်ဖြစ်၍၎င်း၊ ဝိဝဏ္ဏာ စ၊ အရုပ်အဆင်း၊ ညှိုးယွင်းပျက်စီးသည်ဖြစ်၍၎င်း၊ သတ္တဝဿာနိ၊ ခုနစ်နှစ်ပတ်လုံး၊ စရိံ၊ တလှုပ်လှုပ် တရွားရွားနှင့်၊ သွားလာနေထိုင်ခဲ့ရပါသည်။ အဟံ၊ အကျွန်ုပ်သည်၊ ဒိဝါ ဝါ၊ နေ့အခါ၌သော်၎င်း၊ ရတ္တိံ ဝါ၊ ညဉ့်အခါ၌သော်၎င်း၊ သုဒုက္ခိတာ၊ မသက်မသာ၊ လွန်စွာ ဆင်းရဲလှသည်ဖြစ်၍၊ သုခံ၊ သက်သာသဖြင့် ချမ်းသာခွင့်ကို၊ နဝိန္ဒိံ၊ မရခဲ့ရိုးအမှန်ပါတည်း။

(၄) တတော ရဇ္ဇုံ ဂဟေတွာန၊ ပါဝိသိံ ဝနမန္တရံ။
ဝရံ မေ ဣဓ ဥဗ္ဗန္ဓံ၊ ယဉ္စ ဟီနံ ပုနာစရေ။

(၄) အဟံ၊ အကျွန်ုပ်သည်၊ တတော၊ ထိုနေ့ရောညဉ့်ပါ၊ ဘယ်အခါမျှ၊ချမ်းသာခွင့်ကို မရသောကြောင့်၊ဧဠုံ၊ကြိုးခွေတရကို၊ ဂဟေတွာန၊ယူဆောင်၍၊ဝနမဇ္ဈံရံ၊တောအုပ်တခုအတွင်းသို့၊ပါဝိသိံ၊ ဝင်ရောက်ခဲ့ပါသတည်း၊ ဣဓ၊ ဤတောအုပ်အတွင်း၌၊ မေ၊ ငါ့အား၊ဥဗ္ဗန္ဓံ၊ကြိုးဆွဲချ၍သေလိုက်ရခြင်းသည်၊ ဝရံ၊ မြတ်ပါသေး၏၊ဟိနံ၊ယုတ်ယုတ်မာမာ၊ပုနာဂစရေ၊ ဈေးကလိုတဘန်၊အသက်ရှင်၍ နေခဲ့ပြန်ပါမူကား၊ယဉ္စေ ဝရံ၊မမြတ်ရိုးအမှန်ပေတည်း၊

(၅) ဒဠ္ဟံပါသံ ကရိတွာန၊ရုက္ခသာခါယ ဗန္ဓိယ၊
ပက္ခိပိံ ပါသံဂီဝါယံ၊အသစိတ္တံ ဝိမုစ္စိမေ၊

(၅) အဟံ၊ အကျွန်ုပ်သည်၊ ဇံစိန္တေတွာ၊ ဤသို့ကြံစည်ပြီးသော်၊ ရုက္ခံ၊ သစ်ပင်တခုသို့၊ အာရောဟိတွာ၊ တက်၍၊ ပါသံ၊ ကြိုးကွင်းတခုကို၊ ဒဠ္ဟံ၊ ခိုင်ခိုင်မြဲမြဲ၊ ကရိတွာန၊ ဘွဲ့နှောင်ပြုလုပ်ပြီးလျှင်၊ရုက္ခသာခါ၊ သစ်ကိုင်းတခု၌၊ ဗန္ဓိယ၊ ချည်နှောင်လျက်၊ ပါသံ၊ ကြိုးကွင်းကို၊ဂီဝါယံ၊ လည်ပင်း၌၊ ပက္ခိပိံ၊ စွပ်လိုက်ပါသတည်း၊ အထ၊ထိုလည်ပင်း၌၊ကြိုးကွင်း စွပ်လိုက်သည်နှင့် တပြိုင်နက်၊ မေ၊ အကျွန်ုပ်သည်၊ စိတ္တံ၊ စိတ်သည်၊ဝိမုစ္စိ၊ ကိလေသာဝဋ်တွင်းမှ၊ လွတ်ကင်းထွက်မြောက်၍သွားပါသတည်း၊

အဲ ယခုပြဆိုခဲ့ပြီးတဲ့ ဥဒါန်းဂါထာငါးပုဒ်ကို၊ သစ်ပင်ပေါ်မှာ ကြည်လင်ဝမ်းမြောက်စွာ ရွတ်ဆိုပြီး၊သစ်ပင်အောက်သို့ ဆင်းသက်လာတယ်၊ ထို့နောက် ဘိက္ခုနီမကျောင်းသို့ ပြန်ရောက်တဲ့အခါ၊ မိမိ၏ဖြစ်ခဲ့ပုံ အလုံးစုံကို၊သီဟာထေရီဘိက္ခုနီက၊သီတင်းသုံးဘော် အများကို ပြောကြားလေရာ၊ များစွာအံ့ အား သင့်ပြီး တဲ့ နောက်၊ ရဟန္တာအဖြစ်သို့ရောက်၍၊ ကိုးကုန်ဆုံးကြောင်းကို သိကြသောအခါ၊ ဝမ်းမြောယ် ဝမ်းသာနှင့်၊ ပိုင်းအုံကာ ချီးမွမ်းကြတယ်၊ အဲသည်အခါကစပြီး၊ သာသနာတော်အတွင်းမှာ၊ သီဟာထေရီ ဘိက္ခုနီတပါးရယ်လို့ ထင်ရှားကျော်စောသွားတာပေါ့၊

အဲ-ပြ ဆို ခဲ့ ပြီး သော အ တိုင်း၊ သီဟာထေရီ ဘိက္ခုနီသည်၊ အသက်ရှည်သမျှကာလပတ်လုံး၊ဘုရားဘွဲ့ တော် ကြီး အ ဖြစ် ဖြင့်၊

သာသနာတော်၏ဝန်ကို အားသွန်ကြိုးပမ်းကာ ထမ်းဆောင်ပြီးတဲ့နောက်၊ အသက်တမ်း ဇေ့ကုန်တဲ့အခါ နိဗ္ဗူတာ အမြိုက်ကြဋ္ဌန်းသို့ ကြွသွမ်းဆိုက်ရောက်တော်မူလေသတည်း။

(၃) သီဟာထေရီ ဝတ္ထုပြီး၏။

ပဉ္စကနိပါတ်

## (၄) ရူပနန္ဒာထေရီဝတ္ထု။

လွန်ခဲ့သော ကမ္ဘာတသိန်း ကာလတွင်၊ ပဒုမုတ္တရ ရှင်တော်ဘုရား ထင်ရှားပွင့်တော်မူသောအခါ၊ ရူပနန္ဒာ၏အလောင်းက လေးဟာသူဌေးသို့ ဖြစ်လာတယ်။ ။ရှင်တော်ဘုရားထံသို့မပြတ်မပြတ်သွားပြီးတရားနာတဲ့အခါ ‘ငါကျွနိုမတပါးဈာန်ဝင်စားမှု၌အမြတ်ဆုံး’’ဆိုတဲ့ ဧတဒဂ်ဘွဲ့တံဆိပ်ကြီးဖြင့်၊ ချီးမြှင့်တော်မူတာကို မြင်ရတော့၊ ရူပနန္ဒာ၏အလောင်းဖြစ်တဲ့ သူဌေးသို့က၊ အလွန်အားကျပြီး သူလဲထိုနည်းတူစွာ ဈာန်ဝင်စားတဲ့ အရာမှာ ဧတဒဂ်ဘွဲ့ထူးကို ရလိုတဲ့စိတ်ပေါ်တယ်။ ။အဲသည်အခါ ကြီးစွာသောအလှူကြီးကို ပေးပြီး နောင်ဘုရားရှင်တို့ ပွင့်တော်မူတဲ့အခါ ဈာန်ဝင်စားတဲ့အရာမှာ မဟာဧတဒဂ်ဘွဲ့ထူးကို ရပါလို၏ဘုရားလို့ ဆုတောင်းတယ်ကဲ့။ ။ပဒုမုတ္တရရှင်တော်ဘုရားကလဲ အနာဂတံသ ဉာဏ်တော်ဖြင့် ရှုမြော်ဆင်ခြင်တော်မူပြီး နောင်အခါ ဘဒ္ဒကင် ကမ္ဘာတွင် သာကီနွယ်ဘွား ဂေါတမမြတ်စွာဘုရား ပွင့်တော်မူတဲ့အခါ တောင်းတဲ့ဆုအတိုင်းပြည့်စုံလိမ့်မယ်လို့ ဗျာဒိတ်စကား မြွက်ကြားတော်မူတယ်။

အဲသည်အခါကစပြီး ရူပနန္ဒာ၏အလောင်းဟာ ကြီးစွာသော ကုသိုလ်မျိုးကို စိုက်ပျိုးထူထောင်ခဲ့တဲ့ အတွက်ကြောင့်၊ ကမ္ဘာတသိန်းကာလပတ်လုံး ဒုဂ္ဂတိဘုံဘဝသို့မလားဘဲ လူ့ပြည်နတ်ရပ်ကာမသုဂတိဘုံခုနစ်ထပ်မှာသာ မြင့်မြတ်သော လောကီချမ်းသာကို ခံစား စံစားကာ သံသရာ့ခရီးကွင်မှာ သိုက်ကျော်ရပျော်နှင်နှင်ကြီး

၁၅၂ စာကြည့်တိုက်
ကမ္ဘာအေး

ကျင်လည် နေခဲ့ရသတဲ့။ ။''ကြွေတလက်-ကြက်တခုန်'' ဆိုတဲ့ စကားမျိုးလို သံသရာမှာ တချက်လောက် အကွက်ကောင်း ကြုံပြီ ဆိုမှဖြင့်၊ ကမ္ဘာပေါင်းများစွာ သုဂတိဘုံဘဝတို့နှင့်သာ တွေ့ကြုံ နေရတော့တာဘဲ။ ။အခွင့်မကြုံဘဲ ''ဖွတ်မွဲပြာလောင်း'' ဆိုသလို အကုသိုလ်စက်မိနေပြန်ပြီဆိုမှဖြင့်လဲ ဘဝပေါင်းများစွာ သံသရာ ထဲမှာ နလံမထူနိုင်ဘဲ အလွန်ဆင်းရဲတဲ့ ဒုဂ္ဂတိ သံသရာတို့၌သာ ဖန်ခါခါလှည့်ပတ်နေရတတ်သနော်၊ ဒဲ-သို့ကြောင့် သာသနာတော် ထွန်းထိန်တဲ့အကွက်ကောင်းမှာ အချက်ကောင်းမိအောင် ကြိုးစား လိုက်ကြ။

ရူပနန္ဒာ၏အလောင်းဟာ ကျွတ်ထုခါနီး၍ကြီးရင့်သန်စွမ်းသော ပါရမီအဖူးအငုံသည်၊ အစုံအစုံ ထွားကြိုင်း၍လာခဲ့ရာ ဤဘဒ္ဒကပ် ကမ္ဘာတွင်၊ မဟာသကျ လောကထွန်းထား ဂေါတမမြတ်စွာ ဘုရား၏ ခမည်းတော်မြတ်ကြီး ဖြစ်တော်မူသော ''သုဒ္ဓေါဒနံ'' မင်းကြီးရဲ့ သို့းတော်မြတ်ကြီး ဖြစ်တော်မူလာတယ်။ ။ရှင်တော် ဘုရား၏ မယ်တော်ကြီးမှာတော့ ''မဟာမာယာဒေဝီ'' ဖြစ်တော် မူတယ်၊ ရူပနန္ဒာ၏ မယ်တော်မှာတော့ ''ဂေါတမီ'' ဖြစ်တော် မူတယ်၊ မာယာဒေဝီနှင့်ဂေါတမီဟာ ညီမအရင်းပေပေါ့၊ ရှင်တော် မြတ်ဘုရားနှင့်ရူပနန္ဒာမှာတော့ ခမည်းတော်စုံ၍မယ်တော်ကွဲသော မောင်တော် နှမတော် ဖြစ်တော် မူကြပေတယ်။ ။မိထွေးတော် ဂေါတမီဆိုတာဟဲ ရှင်တော်မြတ်ဘုရားအပေါ်မှာ လွန်စွာကျေးဇူး ကြီးတဲ့ မယ်တော်ကြီး တပါးပေဘဲ။

ရူပနန္ဒာမှာလဲ မောင်တော်အရင်းတပါး ရှိသေးတယ်၊ အခည် တော့ ''မင်းနန္ဒ''တဲ့၊ အလွန်ကုသိုလ်ထူးတဲ့ ပုဂ္ဂိုလ်မြတ်ကြီးတွေ ပေါ့လေ၊ ရှင်တော်ဘုရား၏ ညီတော်, နှစ်မတော်, ဖြစ်ရတယ် ဆို တော့ ဘယ်မှာ ပြောဘွယ်ရာရှိပါတော့မလဲ၊ အမျိုးကာလဲသာကီဝင် ဆိုတော့ ကမ္ဘာတပိုက်မှာ မကိုန်သရဖူကြီးတွေ ဖြစ်တော်မူကြ တာပေါ့၊ရုပ်ဆင်းအင်္ဂါအားဖြင့်လဲ ပြောဘို့မရှိတော့ပါဘူး၊အနန္တ

ကမ္ဘာဘခွင်မှာ ပြိုင်ယှဉ်ဘွယ်မရှိတဲ့ အလှအချောတော့ ဖြစ်တော်မူကြတယ်။

သုဒ္ဓေါဒန မင်းတရားနှင့် မြောက်နန်းမိဖုယား ဂေါတမီတို့မှာ ရူပနန္ဒာမင်းသမီးကို ဘွားမြင်လာသောအခါ နာရဏီမွေ့အစစ်ကို သွန်းလုပ်၍ထားတဲ့ ငွေရုပ်ကဲ့သို့ တဖွံ့တဖြိုးပြောစမှတ်ကြီးအောင် ချောမော၍၊ ကမ္ဘာ့လောကတွင် အလှ ပဒေသာပင်ကြီး တခု ပေပေါ်။ ။အနန္တလောကဓါတ်မှာ၊ ယခုသော်ရောကို ချန်လှပ်၍၊ ရူပနန္ဒာနှင့်တူမျှအောင် ချောမောတဲ့ သွီးကညာဟာ ဘယ်ကမ္ဘာမှာမှ မရှိဘူးတဲ့၊ ယခုသော်ခရာကိုတော့ ကမ္ဘာ့အနန္တတွင် အလှဆုံး, အယဉ်ဆုံး, အကြော့ဆုံး, အနုဆုံးမို့ တုနှိုင်းဘွယ် မရှိပေဘူး။ ။ ဘုရားနှမတော်ရူပနန္ဒာကိုမြင်ရပြီဆိုမှဖြင့် ယဉ်ကျေးတဲ့ ကြက်သရေ အလုံးစုံတို့ဖြင့် ရစ်ရုံပိုက်သိုင်း၍ လှချင်တိုင်းလှနေတဲ့အတွက် မနှစ်သက်ဘဲ မည်သူမှ မနေနိုင်ကြဘူး၊ သွားနေတုန်း ဖြစ်ဘဲ့လူများဟာ ရူပနန္ဒာကို မြင်မှဖြင့် ခြေမလှမ်းနိုင်ဘဲ ရပ်တန့်ငေးမော၍ နေကြရတယ်။ ညည်းငြူငိုယို၍နေစဉ် ဆေးခိုက် ရူပနန္ဒာကို မြင်ယုံမှဖြင့် အငိုအညည်းကိုရပ်ပြီး ဖြတ်ခနဲ ပြုံးရယ် ရွှင်လန်း ကြရ တော့တာဘဲတဲ့။ ။အဲ့သို့ ကလို သာကီဝင် တမျိုးလုံးနှင့် တကွ၊ ကမ္ဘာ၏ နှစ်သက်ဘွယ်ဖြစ်တဲ့ အတွက်ကြောင့် ရူပနန္ဒာရယ်လို့ ခေါ်တွင်သတဲ့။

(က) သိရိယာ ရူပိန္နီ ဒိသွာ၊ နန္ဒိတံ အာသိတံ ကုလံ။
တေနနန္ဒာတိ မေနာမံ၊ သုန္ဒရံ ပဝရံ အဟု။ ။

(က) သိရိယာ၊ မြင်သူမိန်းမော၍ သက်ဇောကြွလုခမန်း၊ ထူးဆန်းထွေထွေ၊ အသွေးကျက်ကြက်သရေဖြင့်၊ ရူပိန္နီ၊ ကမ္ဘာ့ပြင်မှာ၊ မယှဉ်သာအောင်၊ မင်္ဂလာဖူးငုံ၊ အဆင်းနှင့် ပြည့်စုံသော၊ ဘုရားနှမတော်ကို၊ ဒိသွာ၊ ဖူးခွင့်ကြုံကြိုက်ကြ၍၊ မြင်ရကုန်သည် ရှိသော်၊ တံ ကုလံ၊ ထိုသာကီဝင်နွယ် တမျိုးလုံးသည်။ နန္ဒိတံ။ ဝမ်းမြောက်ရွှင်မြူး၍ အထူးနှစ်သိမ့်ခြင်းသည်၊ အာသိ၊ မြင်တိုင်းမသွေ၊ ဖြစ်ရလေသတည်း။ တေန၊ ထိုသို့ဖြစ်ပုံ၊ အဆင်းဂုဏ်ဖြင့်၊ လုံးစုံဆပ္ပွား၊

အနှစ်သက်များလေသောကြောင့်၊ မေ၊ အကျွန်ုပ်၏၊ နာမံ၊ အများတွင်ခေါ် အမည်တော်သည်။ နန္ဒတိ၊ ရူပနန္ဒာဟူ၍၊ သုန္ဒရံ၊ အကောင်းဆုံးသော၊ ပဝံ၊ အမြတ်ဆုံးသော အမည်တော်သည်၊ အာဟု၊ အနွတ္တဂုဏ်အလိုက်ဖြင့်၊ထိုက်သည့်အလျောက်၊ပေါ်ပေါက်ဖြစ်ထွန်းလာပေသတည်း။

အဲ-သို့ကလို ရူပနန္ဒာဆိုတဲ့ အမည်ဖြစ်ပေါ်လာခြင်းကို ထေရီအပဒါန် ပါဠိတော်ကြီးမှာ ရူပနန္ဒာ ကိုယ်တော်တိုင် ဟောတော်မူခဲ့ပေတယ်။ ထိုပြင်တပါး၊ ဇနပဒကလျာဏီဆိုတဲ့နာမည်ဖြစ်ပေါ်လာပုံကတော့ သည့်လိုတဲ့၊အပျိုကညာများမှာကောင်းခြင်းငါးဖြာရယ်လို့ ရှိကြတယ်။ ထိုကောင်းခြင်း ငါးဖြာကို "ပဉ္စကလျာဏ" ရယ်လို့ ခေါ်ဆိုကြတယ်။ ထိုကလျာငါးအင်နှင့် ပြည့်စုံပါလျှင်၊ "ကလျာဏီ" ရယ်လို့ ခေါ် ဆိုပေတယ်။

ကလျာဏံ ဧတိဿာအတ္ထီတိ ကလျာဏီ။ ၊ဧတိဿာ၊ ထိုသို့ကညာအား၊ ကလျာဏံ၊ ကောင်းခြင်းငါးဖြာ၊ ဂုဏ်အင်္ဂါသည်၊ အတ္ထိ၊ ရှိ၏၊ ဣတိတသ္မာ၊ ထို့ကြောင့်၊ သာ၊ ထိုကညာသည်၊ ကလျာဏီ၊ ကလျာဏီ မည်၏။ ၊အဲ-သို့ကလို ဝိဂြိုဟ်ဆိုရတဲ့ အတိုင်း ကလျာဏီရယ်လို့ခေါ်ဆိုရတယ်၊ဇနပဒကလျာဏီဆိုတာကတော့၊ တိုင်းနိုင်ငံဇနပုဒ်ရှိရှိသမျှမှာ၊ ပဉ္စကလျာနှင့် ပြည့်စုံတဲ့၊ အပျိုကညာတို့၏ အထွတ်အဖူး အလှခေါင်ကြီး ဖြစ်တယ်လို့၊ အဓိပ္ပါယ် ဆိုလိုတာပေါ့။

(ခ) ယုဝတီနဉ္စ သဗ္ဗာသံ၊ ကလျာဏီတိစ ဝိဿုတာ။
တသ္မိံ ဟိ နဂရေ ရမ္မေ၊ ဌပေတွာန ယသောဓရံ။

ဟိ၊ ကလျာဏီ ခည်ဟာန်ကို၊ ထုတ်ပြန်ဖွင့်ဟပါဦးအံ့၊ အဟံ၊ ရူပနန္ဒာ၊ သညာသမုတ်၊အကျွန်ုပ်သည်၊ ရမ္မေ၊ ပျော်ခင်းစုံဘိ အလွန်လျှင် မွေ့လျော်ဘွယ်ရှိသော၊ တသ္မိံ နဂရေ၊ ထိုကပိလဝတ်နေပြည်တော်ကြီး၌၊ ယသောဓရံ၊အစ်မတော်ယသော်ဓရာကို၊ ဌပေတွာန၊ မယှဉ်နိုင်သဖြင့်၊ မပြိုင်ဘဲ၊ ချန်ထားခဲ့၍ သဗ္ဗာသံ၊ ကညာတခွင်

ထက်ဝန်းကျင်မှာ၊ အသင်အရှား၊ အချောစားဟု၊ များပြားဥသုံ၊ အလုံးစုံကုန်သော၊ ယုဝတိနဥ။ သွိုးကညာ၊ ရတနာတော်ဝင်၊ အပျိုစင်ဟူသမျှတို့တွင်လည်း၊ ကလျာဏီတိစ၊ ကောင်းခြင်းငါးသွယ်၊ ပြည့်ကြွယ်ဆွတ်ရှုံး၊ အထွတ်ဆုံး ဖြစ်ပေသည်ဟူ၍၊ ဝိသုတာ၊ ကျော်စောသသာင်းဖြင့်၊ တသင်းသင်းပျံ့နှံ့၍နေခဲ့ပါသတည်း။

နှမတော်ရူပနန္ဒာသည် သာကီနွယ်အပေါင်းတို့၏ ကောင်းမွန်လေးမြတ်စွာ ယုယမြတ်နိုးခြင်းကိုခံစံလျက် ကြီးပွါးတော်မူလာခဲ့ရာ အချိန်အရွယ်သို့ ရောက်လာဘော့ လွန်စွာမာန်တက်ခြင်း ဖြစ်လာသဘဲ့။ ။ဘာကြောင့် မာန်တက်သလဲလို့ ဆိုတော့၊ အမျိုးအားဖြင့်ပဲ သာကီဝင်၊ ဘိုးရိုးနန်းမျိုး၊ ဘေးဘိုး အစဉ်အဆက်က စပြီး၊ ခမည်းတော်ဘုရားကလဲ ဖွေ့နန်းရှင်၊ မောင်တော် သိဒ္ဓတ္ထမင်းသားကလဲစကြာရဘားဆိုက်ထုခါနီး၊ အလွန်တရာဘုန်းတန်ခိုးကသဲကြီး မိမိ၏ချပ်ဆင်းအင်္ဂါမှာလဲ အစ်မတော် ယသောဓရာကို ချန်သှပ်၍၊ လောကဓါတ်မှာပြိုင်ဘက်မရှိ၊ အဲ-သို့ကလိုမာန် ဘက်စရာအမျိုးမျိုးနှင့် လောကီတန်ခိုးတွေ ပြည့်စုံနေတော့၊ မာန်ဟုန် မတက်ကြွဘဲ နေနိုင်ပါဘော့ခလား၊

အထူးဝိသေသအားဖြင့် အမျိုးမာန်, သာကီဝင်မာန် တို့ထက်ပင် အဆင်းမာန်က ကြွကြွစွင့်စွင့်နှင့် ဘဝဂ်ဘုံသို့ဘိုင်အောင်မြင့်နေသတဲ့။ ။အဆင်းဘလဲတကယ်အမှန်လှ ပုထုဇန်ဘဝကိုလဲ မစွန့်နိုင်သေးဘော့ မာန်တက်လို့ နေသေးသပေါ့လေ။

ဇာဘိနဥ ခန်ချပ်။ ။ဇာဘိနံ၊ မိန်းမရိုဟ်းဝင်၊ အပျိုစင်တို့၏။ခန်၊ ကိုယ်ပိုင်ဥဿ သည်ကား။ ရုပ် အခသွးရုပ်ဆင်း၊ တင့်တယ်ခြင်း ပေတည်း။ ။ဤ သို့ကလို နိတိဘျခ်းများက ဆိုတဲ့အတိုင်း၊ မိန်းမတို့၏ ကိုယ်ပိုင် ဥစ္စာကအဆင်းဖြစ်တာ်၊ဆိုလောက် ပြောလောက် အံ့ဩခလောက်ဘဲ့ ကိုယ်ပိုင်ဥစ္စာရှိပြီ ဆို၍ဖြင့်၊ မိန်းဓေတိ မှန်သမျှ မာန်မာန တက်စမြဲပေပေါ့၊

ရူပနန္ဒာ၏လှပုံမှာတော့၊ ကမ္ဘာ့အနန္တမှာ သွိုးကညာ ရတနာ အဖူးအညွန့်ဆိုသမျှတွေကို ရွေးကောက်၍ ယှဉ်ပြိုင်လိုက်ပါလျှင်၊ အစ်မ

တော်ယသော်ဓရာက ပထမတန်း၊ ရူပနန္ဒာက ဒုတိယတန်း အစစ် ဖြစ်တော်မူပေတယ်။ ယသော်ဓရာကိုချန်ထားလျှင်ဖြင့်၊ ရူပနန္ဒာကို ပထမတန်းစာရင်းမှာ တင်သွင်းရပေလိမ့်မယ်။ ။ခေမာတို့၊ ဥပ္ပလဝဏ်တို့၊ ဓမ္မဒိန္နာတို့၊ မယ်ဘဒ္ဒါတို့၊ ဝိသာခါတို့ ဇှ ပုံမျိုးကတော့ တတိယတန်း အချောစားတွေ ပေါ့လေ။ ။ယခုခေတ် အခါမှာ အလွန်တရာ လှပါတယ်လို့ဆိုဘဲ့ မိန်းမ တွေဟာ ဗုဒ္ဓလက်ထက် တော်က မိန်းမအညွန့်အဖူးတွေနှင့် စာလိုက်ပါလျှင်၊ သူတို့အနားက ခြေဖဝါးကို အယား ဖျောက်ပေးနေတဲ့ ကျွန်မများကို တောင်မှ မှီအောင်လှမယ်လို့ မထင်လိုက်ကြပါနှင့်၊ ဘာ့ကြောင့်လဲလို့ဆိုတော့ ခေတ်ကာလခြင်းကလဲကွာ၊ ပါရမီခြင်းကလဲ အပုံကြီး ခြားနား နေတော့၊ သူတို့အနားကို ဘယ်မှာကပ်နိုင်ပမလဲ။

ရူပနန္ဒာမင်းသမီး စိတ်ကြီးဝင်၍ မာန်တက်နေတုန်းအခါ၊ ဘယ်လို အကြောင်းအရာတွေဖြစ်ပေါ်လာပါသလဲလို့ဆိုတော့၊ မောင်တော် ဘုရားသိဒ္ဓတ္ထမင်းသားကလဲ အစ်မတော် ယသော်ဓရာနှင့် တူတော် ရာဟုလာတို့ကိုစွန့်ပြီး တောထွက်တော်မူသွားတယ်။ ။သည်အခါ ကျတော့ သာကီဝံသတို့၏ ဓမ္မတာ၊ မောင်တော် နန္ဒမင်းသားက ထီးမွေကိုဆက်ခံပြီး၊ ရူပနန္ဒာမင်းသမီးက ဘောင်နန်းမတော်ကြီးဖြစ်ရ တော့မဲ့အခြေသို့ ဆိုက်သွားတာပေါ့။ ။သို့ရာတွင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက သားတော်သိဒ္ဓတ္ထမင်းသား ပြန်လာနိုးနိုးနှင့် စောင့်တော်မူနေသဖြင့်၊ ထီးနန်းစည်းစိမ်တော်များကို သားတော် နန္ဒသို့အပ်နှင်းတော်မမူသေးဘူး။ သမီးတော်ရူပနန္ဒာနှင့်လဲ လက်ထပ် ထိမ်းမြားရန် စီမံတော် မမူသေးဘူး။

၁၀-သို့နောက် သိဒ္ဓတ္ထမင်းသားသည်၊ ဘုရားအဖြစ်သို့ရောက်တော် မူ၍နောက်ပါသံဃာတော်အပေါင်းနှင့် ကပိလဝတ် နေပြည်တော် ကြီးသို့ကြွရောက်တော်မူလာတယ်။ ။သည်အခါကျတော့ သုဒ္ဓေါ ဒနမင်းတရားက ငါ၏သားတော်ဖြစ်တဲ့ သိဒ္ဓတ္ထမင်းသား မူကား ဘုရားအဖြစ်သို့ရောက်တော်မူလေပြီ။ ထီးနန်းစည်းစိမ်တော်များကို ခံစားတော်မူတော့မည်မဟုတ်ချေ။ ခြောက်နန်းမိဖုရားမှ မွေးဘွား

သော သားတော် နန္ဒမင်းသားကို ညီတော် ရူပနန္ဒာနှင့် စုလျား ရစ်ပတ်၍ ထိမ်းနှန်းကိုအစပ်မှ သင့်ဘော့မှာဘဲလို့ အကြံပေါက်တော် မူလာတယ်၊

## လက်ထပ်ခန်း။

ဆဲ-သို့ကလို အကြံပေါက်သဖြင့်၊ ရှင်တော်ဘုရား ကပိလဝတ် နေပြည်တော်သို့ ဆိုက်ရောက်၍ သုံးရက်မြောက်သော နေ့မှာပင် မင်္ဂလာကြီးငါးရပ်ကိုမင်းခမ်းမင်းနားတို့ဖြင့်၊ ကြီးကျယ်စွာဆင်ယင် ၍ ကျင်းပတော်မူတယ်။ မင်္ဂလာ မင်းခမ်းတော်ကြီး ငါးရပ်ဆို တာက (၁) နန္ဒမင်းသား၏ဥသျှောင်ထုံးမင်္ဂလာ၊ (၂) ကိုဋ်ဆောင်း မင်္ဂလာ။ (၃) အိမ်တော်တက်မင်္ဂလာ၊ (၄) ဇနပဒကလျာဏီမင်းသမီး နှင့် စုလျားရစ်ပတ်၍ လက်ထပ်ခြင်းမင်္ဂလာ၊ (၅) ဥပရာဇ်ဘိသိက် သွန်း၍ အိမ်ရှေ့နန်းသော မင်္ဂလာ၊ ဆဲသည့်မင်္ဂလာကြီး ငါးရပ်ကို မြတ်သော သာကီဝင်မင်းတို့၏ ဓမ္မတာ ကောင်းမွန် ခမ်းနားစွာ ဆင်ယင် ကျင်းပတော်မူတယ်။ ။ခမည်းတော် သုဒ္ဓေါဒန မင်း တရားကြီးကလဲ သားတော်နန္ဒမင်းသားနှင့် ညီတော် ရူပနန္ဒာတို့၏ မင်္ဂလာပွဲကြီးခင်းကျင်းရာသို့ရှင်ဘော်မြတ်ဘုရားကိုလဲသံဃာတော် အများနှင့် ပင့်ဘိတ်ထားသည့်အတိုင်းကြွရောက်တော်မူလာပြီးလျှင် မင်္ဂလာမဏ္ဍပ်၌ မြင့်မြတ်သော မင်္ဂလာတရားတော်ကို ဟောကြား တော်မူတယ်။

ရှင်တော်ဘုရား၏စိတ်တော်မှာ မဟာကရုဏာတော်က နှိုးဆော် သည့်အတိုင်းဘယ်လိုဆင်ခြင်တော်မူမိသလဲဆိုတော့၊ နန္ဒမင်းသား သည် ငါ၏ညီတော် ဖြစ်ပေတယ်။ ဥာတတ္ထစရိယ တရားနှင့်အညီ ညီတော်နန္ဒကိုလဲ သုခပွါးကြောင်း လမ်းကောင်းလမ်းမှန်ဖြင့် ချီး မြှောက်ထိုက်ပေတယ်။ ။ညီတော်နန္ဒသည်၊ နှမတော်ရူပနန္ဒာနှင့် လက်ထပ် ထိမ်းမြားခြင်းကိုခံ၍ အိမ်နန်း စည်းစိမ်ကို စံနေပါလျှင် ကိလေသာပွါးစီး၍ သံသရာခရီးကျယ်တော့မည်။ ။ငါ၏ညီတော် ကို သံသရာမှ လွတ်ကင်း၍ ဆင်းရဲဝတ် ပြတ်ကြောင်း ဖြစ်သော

လောကုတ္တရာ စည်းစိမ်ဖြင့် ချီးမြှင့်တော်မူအံ့။ သင်္ကန်းနွယ်မျိုးတို့၏ ဆောင်းရိုးအစဉ်ဖြစ်သော လောကီထီးဖြူရှစ်စင်းကို မဆောင်းစေဘဲ၊ မဂ်လေးဆိုင်, ဖိုလ်လေးဆိုင်, တည်းဟူသော လောကုတ္တရာ ထီးဖြူရှစ်စင်းကို ဆောင်းမိုးပေးအံ့။ ။သင်္ကန်းဝင်မျိုးတို့၏ မွေ့တော ဘိဟာသနခေါ်သော လောကီ ရာဇပလ္လင်ကို မထိုင်စေဘဲ၊ အမြိုက်နိဗ္ဗာန်တည်းဟူသော ဝိသုဒ္ဓိပလ္လင်ကိုသာ ထိုင်စေအံ့။ ။ငါဘုရားသည် လောကီလူများ၏အထွတ်ဆုံးဖြစ်သောစကြာမင်း၏စည်းစိမ်တော်ကြီးကို စွန့်လွှတ်ပြီးလျှင်၊ ဗောဇ္ဈင်ခုနစ်ပါး တရားစကြာကို အစိုးရသော ဓမ္မစက္ကဝတ် တုလွတ်မှန်ကင်း တရားမင်းကြီးဖြစ်တော်မူသော အတိုင်း ညီတော်နန္ဒအားလည်း၊ တရားစကြာ ရတနာတည်းဟူသော ဗောဇ္ဈင်-၇-ပါးကို သနား ချီးမြှင့်တော်မူအံ့။ ဆဲ-သို့ဘလို မဟာကရုဏာပြဋ္ဌာန်းသော ဥာဏ်ဖြင့် အကြံတော်ဖြစ်ပြီး၊ မင်္ဂလာတရား ဟောတော်မူပြီးတဲ့အခါ၊ မင်္ဂလာမဏ္ဍပ်မှ ထတော်မူသည့်တွင် ''ငါ့ညီတော်နန္ဒ၊ ငါ့သပိတ်တော်ကိုထမ်းခဲ့'' လို့ မိန့်တော်မူခါ သံဃာတော် အများနှင့် ပြန်ကြွသွားတော်မူတယ်။

နန္ဒမင်းသားမှာလဲ မင်္ဂလာဆောင်ပွဲမှထပြီး၊နောင်တော်ဘုရား၏ အမိန့်တော်အတိုင်း သပိတ်တော်ကို ထမ်းပြီး ကြောက်ကြောက်ရွံ့ရွံ့နှင့် နောက်တော်က လိုက်သွားရှာရပါရော။ ။အလွန် သနားစရာကောင်းသပေါ့လေ၊ သူ့ခမြာမှာ အာဏာတော်ကို မပယ်ဝံ့လို့သာ လိုက်သွားရတယ်၊တကယ်ဆိုတော့ဘယ်မှာလိုက်ချင်မှာလဲ။ ။နောင်တော်ဘုရားဖြစ်၍ ငယ်ရွယ်စဉ်ကစပြီး၊ ငွေမျက်နှာတော်ကိုမှ မော်လို့မဖူးဝံ့အောင် အရိုအသေ ပေးကာ ကြောက်လာခဲ့ရတာဖြစ်တော့၊ ရှင်တော် ဘုရားကို စကားတခွန်းမျှ မလျှောက် ဝံ့ရှာဘူးပေါ့။ ။လူးလူးဆန်းဆန်း၊ လက်ထပ်ပွဲ တန်းလန်း ကြီးနှင့် ရူပနန္ဒာကိုပစ်ထားပြီး နောက်တော်က လိုက်သွားရတယ်ဆိုတော့ ဘယ်မှာ စိတ်ကောင်းနိုင်ပါတော့မလဲ။ ။ကိုယ်ချင်းစာတရားနှင့် စဉ်းစားလိုက်ကြစမ်းပါ၊ယခုအခါ လက်ထပ်ပွဲပြုနေတုန်း ဆဲဆဲမှာ ဆရာဘုန်းတော်ကြီးတပါးက သပိတ်ထမ်းခဲ့ ရမယ်လို့ ခေါ်သွား

လျှင်၊ ခေါ်အပ်တဲ့ဘုန်းကြီး၊ အလိုက်မသိတဲ့ ဘုန်းကြီးရယ်လို့ ဆဲရေးပြည့်တွန်ရုံမျှမက ရိုက်ချင်လျှင်လဲ ရိုက်နှက်ကြမှာဘဲ မဟုတ်လား။ ရိုက်ရုံမျှ မကသေးပါဘူး။ သူတို့တတ်နိုင်သလောက်၊ အမျိုးမျိုး ခြိမ်းခြောက်ပြီး စလောင်းမှောက်ခြင်း၊ ခွက်မှောက်ခြင်း၊ ကိုတောင် ပြုကြမှာ အမှန်ဘဲမဟုတ်လား။ ။ညီတော်နန္ဒမင်းသားမှာတော့ ငယ်ကြောက်ဖြစ်ပြီး မလွန်ဆန်သာလို့ လိုက်ရသနော်။ ။ အချို့လူများကဖြင့် မြတ်စွာဘုရားနှယ် အားနာတော် မမူပါဘဲကလား။ညီတော်ကလေးတပါးကို ရက်စက်တော် မူပါဘိတော့တယ်လို့ အပြစ်ချားတင်ကောင်း တင်ကြ ပေလိမ့်မယ်။ ။ရူပနန္ဒာ မင်းသမီးနှင့်စုံဖက်၍လောကီစည်းစိမ်ကိုမက်မေနေတုန်းအခါမှာ လောကုတ္တရာစည်းစိမ်ဖြင့်၊ ချီးမြှောက်တော်မူမယ်ဆိုတဲ့ ကရုဏာတော် များကိုလဲ အချို့သူများက "ရှင်တော်ဘုရားရဲ့ ကရုဏာနှယ်၊ ကာဘဲကာလွန်း လှဘယ်"လို့များ၊ နန္ဒမင်းသားနှင့် ရူပနန္ဒာမင်းသမီးတို့ကို သနားပြီး၊ အားမလိုအားမရ ကရုဏာဒေါသများ ဖြစ်ကြမလား မဆိုနိုင်ဘူး။

နန္ဒမင်းသားက ဘုရားရှင်၏နောက်တော်သို့ လိုက်ပါခသော်လဲ သူ့ချစ်နှာကတော့ ရူပနန္ဒာမင်းသမီးဆီသို့သာ ပြန်ကြည့် ပြန်ကြည့်နှင့် နေရှာသတဲ့။ အလွန်နောက်ဆံတင်းသပေါ့လေ။ လက်ထပ်ပြီးကာစကလေး တနာရီမျှမကြာသေးဘဲကိုး နောက်ဆံမတင်းဘဲနေပမလား။ ။နန္ဒမင်းသားစိတ်ထဲမှာငါ့ကိုခဏကလေးသာခေါ်တော်မူတယ်။ ဆွမ်းတော်လှေကားကိုဆင်းမိတော့၊ နောင်တော်ဘုရားက သပိတ်တော်ကို ယူလိမ့်မယ်။ တံခါးနီး ကျတော့ သပိတ်တော်ကို ယူလိမ့်မယ်။ ကျုံးနဖူးကျတော့ သပိတ်တော်ကို ယူလိမ့်မယ်။ အဲ-သို့ကလို ပြန်ချင်တဲ့စောနှင့် တွေးတောရင်း လိုက်ပါသွားတာပေါ့။

ရှင်တော်ဘုရားကတော့ နဂိုရင်းကပင်ရဟန်းပြုပေးဖို့ခေါ်သွားတာဖြစ်တော့၊ နန္ဒမင်းသား ထင်တဲ့အတိုင်း ဘယ်မှာ ဟုတ်နိုင်ပါတော့မလဲ၊ သနားစရာကောင်းတဲ့ဘဝမှာ နန္ဒမင်းသားဟာသနား

စရာ အကောင်းဆုံးပေါ့လေ။ တကဲ့အချက်ကြီးထဲမှာ စိတ်မချမ်းသာတို့ကြုံနေရှာတာကိုး။ နောက်တော်က ပါလာကြတဲ့ အချို့ပုထုဇန်ရဟန်းကလေးများကလဲ မျက်နှာရှုံ့ပြီး ခေါင်းငုံ့ကာလိုက်လာရတဲ့နန္ဒမင်းသားကို ကြည့်ပြီး အသင်မင်းသား မထင်စားနှင့်တော့၊ အဝင်မှားပေါ့၊ ရှင်တော်ဘုရား၏ ကျော့ကွင်းထဲက ထွက်နိုင်မှာမဟုတ်တော့ဘူး။ ပိတ်ပေါ့မောင်ရေ စိတ်လျှော့ ပေတော့လို့ပြောင်လှောင်၍ ပျက်ရယ်ပြုကြသတဲ့။ သို့ကလို ပြောင်လှောင်တဲ့စကားကိုကြားတော့ နန္ဒမင်းသားစိတ်ထဲမှာ သပိတ်တော်ကိုချပြီးအဘင်းအဓမ္မ ထွက်ပြေးချင်တာပေါ့လေ၊ သို့ရာတွင်အကြောက်ကပိုနေတော့ ထင်သလို မပြောဝံ့ဘူးပေါ့။

အဲ-သို့ကလို နန္ဒမင်းသား ဘုရားနောက်တော်က သပိတ်ထမ်းကာ လိုက်သွားရရှာသည်ကိုမြင်တော့၊ အပျိုတော်များက နှမတော်ရူပနန္ဒာမင်းသမီးထံမှာ ပြေးသွားပြီး ထိပ်ထားရဲ့မောင်တော်ကိုသပိတ်တော်ထမ်းခေါ်သွားပေါ့ ဘုရားလို့ လျှောက်တင်ကြတယ်။ အပျိုတော်တွေက နန္ဒမင်းသားကို မြင်ရတော့၊ ရင်ဝမှာ လှံစိုက်သလိုလှိုက်လှိုက်လှဲလှဲ သနားကြသဖြင့် မျက်နှာအားရဆိုသလို လျှောက်တင်ကြတာပေါ့လေ။ ။သည်တော့ ဇနပဒကလျာဏီ မင်းသမီးမှာနေရောင်ဟပ်သော ရွှေကြာကဲ့သို့ ရွှေကာနွမ်းလျ မချမ်းမြသဖြင့်သောကဘိစီးသော ရွှေကိုယ်၊ စီးယိုသောမျက်ရေဖြင့်၊ လျော့ပြေ၍နေတဲ့ ဆံတော်များကိုမဘီးမသိမ်းနိုင်ဘဲ၊ လျင်မြန်စွာသလွန်တော်မှထပြီး လေသာနန်းတံခါးဖွင့်ကာ မောင်တော်ဘုရားကို ရှုစားတော်မူရှာသတဲ့။

ဓနုဂါထာ။

မုဟုံ ဥဋ္ဌာယ နန္ဒာသ၊ ဝိလမ္ဗ ကေသ ဖန္ဒနာ၊
အဝေက္ခိ ရုဏ္ဏရူပေန၊ ဒွါရေ ဌတွာန နန္ဒကံ။

ဝိလမ္ဗကေသဖန္ဒနာ။ ဖရိုဖရဲ တွဲရရွဲကျသော ဆံပင်ဖြင့်၊ ညှိုးငြင်တုန်လှုပ်လျက် နေရှာသော။ သာနန္ဒာ၊ ထိုရူပနန္ဒာ မင်းသမီးသည်။

မရဟုံ၊အပျိုတော်တို့သျှောက်သံကိုကြားတော့ ဘွားကနဲလျှင်မြန်စွာ၊ ဥဋ္ဌာသယ၊ သသွန်တော်မှိုအုံးမှ၊ရုန်း၍ထတော်မူပြီးလျှင်။ ဒွါရေ။ ရြူးအုံ ပန်းနွယ် ဆန်းကြယ်ထုသား၊ နန်းတံခါး၌၊ ဋွတွာန၊ တလန့်လန့် တဖျပ်ဖျပ်နှင့်၊ တန့်ရပ်တော်မူပြီး၍၊ရူ္ပာရူပေန၊မောင်တော်အရေး ကြောင့်၊ ပူပင်လောင်ဆွေး ငိုကြွေးညှိုးငယ်သော အသွင်တော်ဖြင့်၊ နန္ဒကံ၊ စုလျှားပတ်၍၊ လက်ထပ်ကာစ၊ ရူပဝသည့်၊ နန္ဒတွင်ခေါ်၊ သူမောင်ဘော်ကို။ အဝေက္ခ၊ သပိတ်တော်ကိုထမ်း၍၊ အပန်း တကြီးလိုက်ရှာရသည့်တကားဟု၊ ရှုစားဘောင်မူရှာလေသတည်း။

ဒဲ-သို့ကလိုပူ့ပန်း အမူတော်ဖြင့်၊ ရှုမျှော်ငေးစိုက်ပြီး၊ ကိုယ် တော်ရွှေ မြန်မြန်ပြန်တော်မူခဲ့ပါ၊ ရှည်ကြာအောင် မနေပါနှင့်လို့ ငယ်ဟန်မူပါတဲ့အသံကိုဖွင့်ပြီး၊ ရွှေလည်တိုင်ကိုမော့ကာ နန်းတံခါး ပေါက်က ကြားလေးက်အောင် မှာတော် မူလိုက်သတဲ့။ ။ရှုပ နန္ဒာရဲ့အသံကို နန္ဒမင်းသား သပိတ်တော်ထမ်းရင်း ကြားတော့၊ သံချွန်မြှားကလေး နှလုံးသားကိုစူးပြီး၊ နုတ်သို့ရနိုင်ဘူး ဆိုသလို စွဲသွားသတဲ့။ သို့ကလိုမှာလိုက်တဲ့ အသံကလေးဟာ၊ နန္ဒမင်းသား၏ နှလုံးသားမှာ ရဟန္တာ,မဖြစ်မခြင်း ဖျောက်လို့မရဘဲ၊ အခိုင်အမြဲ ငြိစွဲလို့နေရှာတယ်။

ရစနာဂါထာ။

ပသာရေတွာန ဂီဝံသာ၊ တုရံ့အာဂန္တုမာဒိရံ။
ပိယာတိ ဘာသတေသဒ္ဒါ၊ သော နန္ဒဟဒယေဋ္ဌိတော။

သာ၊ထိုဇနပဒကလျာဏီ ခင်းသို့သည်၊ ဂီဝံ၊ ခွဲသွယ်ကြော့ရှင်း၊ ရွှေလည်ပင်းကို၊ ပသာရေတွာန၊ လွှမ်းဆွတ်တဲ့ ဟန်ပန်ဖြင့်၊ အတန်ကလေးမော့တော်မူ၍၊ ပိယ၊ ချစ်ဦးရတနာ၊ မျိုးသက်လျှာ။ တုရံ၊ လျှင်လျှင်မြန်မြန်၊ အာဂန္တု၊ သလွန်ပေါ်က၊ မယ်မျှော်လို့ စောင့်ရစ်မယ်၊တအောင့်ကလေးနှင့်ပြန်တော်မူခဲ့ပါ။ မိရံ၊ကြာကြာ မြင့်မြင့်၊ အချိန်ဖင့်အောင်၊ မာဝသ၊ မျှော်ရသူမျောလိမ့်မယ်၊အမှေ့ တမောကြီးနေတော်မမူပါနှင့်။ ဣတိ၊ ဤသို့၊ ဘာသတော၊ ဆသံ

စာစာကလေးနှင့်၊ အရေးတကြီး ကျူးရင့်မှာထားတော် မူလိုက်ရှာလေသတည်း။ သောသအခါ၊ ထိုရူပနန္ဒာမင်းသမီး၏ အသံတော်ကလေးသည်၊ နန္ဒာဟာဒယေ၊ နန္ဒမင်းသား၏နှလုံးသား၌၊ ငြိတော၊ ဖြေပါသော်ငြား၊ ပျောက်နိုင်ဘဲမို့၊ အမြဲတည်တန့်၍နေလေသတည်း။

သဒ္ဒါယတနံ ဆသာတဝိညာဏာဓါတုယာ-ဆိုတဲ့၊ ပဋ္ဌာန်း ပါဠိတော်ကြီးမှာလာတဲ့အတိုင်း၊ နှမတော်ရူပနန္ဒာ၏ဇာမ္ဗူရုံ အသံတော်ကလေးဟာ၊ နန္ဒမင်းသား၏ သောတဝိညာဏ်မှာ အာရမ္မဏပစ္စည်းသဘောအားဖြင့်၊ အာသဝေါပွားသည် တိုင်အောင် ခိုင်ခိုင်ကြီးစွဲစိုက်လို့ နေဘာပေါ့လေ။ ။အဲသည်နည်းအတိုင်းဘဲ လောကကြီး၏ဓမ္မတာ ချစ်သူတို့၏ အသံစာစာကလေးဟာ၊ ဖန်ခါခါပြင်ဆွဲပြီး မချောက်ဘဲ နေတတ်ကြတာလဲ အများကြီး ရှိကြမှာပါဘဲ၊ နန္ဒမင်းသားမှာမှ အထူးအဆန်းဖြစ်ရှာတာ မဟုတ်ပါဘူး။

နန္ဒမင်းသားကိုလဲ ရှင်တော်ဘုရားက ပြန်၍ မလွှတ်ဘဲ နိဂြောဓါရုံကျောင်းတော်ကြီးသို့တိုင်အောင် ခေါ် သွားတော်မူတယ်။ ။နန္ဒမင်းသားမှာဖြင့်၊ ကားရေး ကားရေးနှင့် မသွားချင်ဘဲ လိုက်သွားရတာပေါ့လေ။ ။ခြေထောက်များကလဲ နောက်ကိုသာ ပြန်ဆွဲနေတဲ့အတွက်ရှေ့သို့လှမ်းဖို့ရန် အတန်ကြီးကြိုးစားရရှာသတဲ့။ ။နှမတော် ရူပနန္ဒာမှာလည်း လာနိုးနိုးနှင့် မျှော်သိုက်ရတာ ရွှေလည့်တိုင်ပေါ်ရိုးကလေးမှာ ကျိုးလုခမန်း ဖြစ်နေရှာတာဘဲတဲ့။ အင်း-သူတို့ မောင်နှမ နှစ်ယောက် ဒုက္ခ ရောက်ပုံကို တွေးလိုက်လျှင်၊ စပ်ကြားက ဝင်ပြီး မေတ္တာရိပ်ပျောင်စရာ ကောင်းတော့တာဘဲ။ သနားစရာ သူခချာကလေးနှစ်ယောက်မှာ ပူပင်ပေါက်ဟဲ့အပေါ်က ပူပွင့်တွေဝေပြီးပူသီးတွေကြွနေကြရှာလိမ့်မယ်နော်၊သို့ရာတွင်တကယ်ဆိုတော့ သနားဘို့ မဟုတ်ဘူး။ ။သူတို့ မောင်တော် နှမတော်နှစ်ပါး ဒုက္ခမပွါးဘဲ ချမ်းသာအားကြီးလေအောင် ရှင်တော်ဘုရားက ရွက်ဆောင်ကယ်မတော်မူခြင်း ဖြစ်ပါပေတယ်။ ။သည်လိုနေရာမျိုးမှာ သနားကြလို့ ဒုက္ခများပြီး ဝဋ်တရား စည်ကား နေကြတာပေါ့။

နန္ဒမင်းသားမှာလဲ နိဂြောဓာရုံကျောင်းတော်သို့ ရောက်တော့၊ ရှင်တော်ဘုရားက ''ညီတော်နန္ဒ၊ရဟန်းပြုနိုင်ပမလား''လို့မေးမြန်းတော်မူဘယ်။ ။သည့်တော့ နန္ဒမင်းသားကလဲ၊ နောင်တော်ဘုရားကို ခန့်ညားကြောက်ရွံ့လှသဖြင့် ''မပြုနိုင်ပါဘုရား'' လို့ မလျှောက်ထားဝံ့ဘဲ၊ ဘုရားညီတော် ရဟန်းပြုနိုင်ကြောင်းပါဘုရားလို့ လျှောက်ထားရရှာတယ်။မလျှောက်ချင်ဘဲနှင့်လျှောက်တင်ရဘာလဲ အလွန်တရာဝန်လေးမှာဘဲနော်။ ။အဲ.. သို့ကလို လျှောက်တော့ ရှင်တော်မြတ်ဘုရားက သျှင်သာရိပုတ္တရာကိုခေါ်ပြီး ''ငါ့ညီတော်ကို ရဟန်းပြုပေးလိုက်ပါ''လို့ အမိန့်ချမှတ်တော်မူပါရော။ ။သည့်တခါမှ ခက်ရှာတော့တာဘဲ၊အမိန့်တော်ကြီးကိုလဲ မပယ်ဝံ့သဖြင့် အလွန့်အလွန် ဒုက္ခရောက်ရှာတော့တာပေါ့။ ။သဒ္ဒါတရားမရှိဘဲနှင့် ရဟန်းပြုရရှာတော့မယ်။ ။သျှင်သာရိပုတ္တရာကလဲ ရှင်တော်မြတ်ဘုရား၏အမိန့်အတိုင်း ညီတော်နန္ဒမင်းသားကို ပရိက္ခရာ ရှစ်ပါးနှင့် ရဟန်းပြုပေးတော်မူတယ်။ နန္ဒမင်းသားမှာ နံနက်ခင်းကပင် မင်္ဂလာပွဲတော်ကြီးမှာ မကိုဋ်သရဖူကိုဆောင်းပြီး ဥပရာဇ်ဘိသိက်ကို ခံတော်မူတယ်။ မွန်းလွဲအချိန်ကျတော့ ဆံပင်ကိုရိတ်ပြီး သင်္ကန်းသင်္ကန်းနှင့်ရှင်ရဟန်းအဖြစ်သို့ ရောက်သွားရှာတယ်။ ပြုပြင်ပြောင်းလဲပုံများဟာ အလွန်မြန်တာဘဲနော်၊ သင်္ခါရဆိုတာ သို့ကလို ပြုပြင်ပြောင်းလဲနိုင်တယ်ဆိုတဲ့ အချက်များကိုလဲ စဉ်းစားဆင်ခြင်ကြရမယ်။ နန္ဒမင်းသားမှာ နံနက်ခင်း အခါ ဝတ်စားတန်ဆာ တသိန်းထိန်နှင့် မကိုဋ်သရဖူကြီး ဆောင်းလို့၊ ညနေခင်းကျတော့၊ ဦးခေါင်းပြောင်ကြီးနှင့် မျက်မှောင်ချတဲ့ ရဟန်းဖြစ်နေရရှာတယ်။ နံနက်ခင်းကပင် ပျော်ပျော်ရွှင်ရွှင် တူရိယာတွေကိုတီးလို့၊ ခြွေရံတော်အလုံးနှင့် အုံးအုံး ကြွက်ကြွက် စီလို့၊ ညနေခင်းကျတော့ ခြွေရံမပါဘဲ၊ ငေးစာကျင့်၍ နေတော်မူရရှာတယ်။ ။သူ့စိတ်ဘဲမှာတော့ သဒ္ဓါတရားမရှိဘဲနှင့် ရဟန်းပြုရတာ လွန်စွာဒုက္ခရောက်ပြီး အလွမ်းမီးတွေ တောက်နေမှာပေါ့လေ။ မြန်မြန် ပြန်တော်မူခဲ့ပါ ကိုယ်တော်ရှဲ ဆိုတဲ့ အသံစာစာ

ကလေးကလဲ နားထဲကမထွက်တော့ အသက်သေသွားခမန်း ပူဆွေးညည်းမှိုင် နေတော့တာပေါ့။ နန်းတော်သို့ ပြန်ချင်လိုက်ထာကလဲ လွန်လို့၊ နောင်တော်ဘုရား အမိန့်တော်ကို မလွန်ဆံဝံ့တဲ့ အတွက် ကျောင်းတော် တံတိုင်းပြင်ဘက်ကိုမှ မထွက်ဝံ့ရှာဘူး၊ ခက်ပုံများကို စဉ်းစားလို့သာ ကြည့်ကြပေတော့။

သဒ္ဓါမရှိဘဲနှင့် မလွဲသာလို့ ရဟန်းပြုရ သော် လဲ၊ ပါရမီရှင် ဖြစ်နေတဲ့ အတွက် နောက် အ တန် က လေး ကြာ ဘော့၊ ရဟန္တာ အဖြစ်သို့ ရောက်တော် မူ တယ်။ ပထမရှေးဦးစွာ သဒ္ဓါတရားမရှိ သော် သဲ နောက်အခါ သဒ္ဓါတရားရှိလျှင်လဲ အကျိုးများတာပါဘဲ။

ပြန်လာမိုးနိုးနှင့် မျှော်ကိုးစောင့်စားနေရှာတဲ့ နှမတော် ရူပနန္ဒာမှာလည်း ပြန်၍မလာသည့်ပြင်၊ မောင်တော် နန္ဒမင်းသား ရဟန်းပြုပြီလို့ကြားတော့၊ နှလုံးသားကိုမီးစွဲပြီး အသဲအသန် ပူလောင်ဘော်မူ ရှာ တော့ တာ ပေါ့။ ။သ လွန် တော် ပေါ် မှာ လှူးပြီး ရူးတော့မလောက် လူးလှိမ့်တော်မူပုံများဟာလဲ သနားစရာကောင်းသဖြင့် ရွှေရုံဘော်အပေါင်းက ဖြောင်းဖြောင်းဖျဖျနှင့် ချော့မော့ကြရတယ်၊ မောင်တော်ကြီးဖြစ်တဲ့ ရှင်တော်ဘုရားကိုလဲ ကြောက်အားရိုပိုဘဲ အတွက်၊ အပြစ်ဆိုရ ရှာလဲ အခက်။ ။မောင်တော် နန္ဒမင်းသား ထံသို့ အ တင်း သွား ပြီး လူ ထွက် တော် မူ ပါ တော့ ဘု ရား လို့ ဖျောက်ထားရမှာလဲ အခက်၊ စိတ်ရတတ်အပူပွား လူ သူ မကြားအောင် အတွင်းသွေးဆွေ့၍နေတော်မူခဲ့ရာ နဂိုရ်ကညွှန့်ညွှန့်ကလေးမှာ သွဲ့သွဲ့ကလေးမျှ အသက်ကျန်ရစ်ရှာတော့သတည်း။

ထိုနောက် များမကြာခင် တူ တော် က လေး ရာဟုလာကိုလဲ ရှင်သာမဏေ ပြုလိုက်ပြန်တယ်လို့ ကြားတော့၊ တပူပေါ်မှာ နှစ်ပူထပ်၍ အတောမသတ်နိုင်အောင် ဒုက္ခများရရှာပြန်တယ်။

ထိုနောက်တဘန် လေးနှစ်လောက်ကြာပြန်တော့၊ ခမည်းတော် သု ဒ္ဓေါ ဓ န မင်း တ ရား ကြီး သည်၊ ထီး ဖြူ အောက် မှာ ပင် လူဝတ်ကြောင်နှင့် ရဟန္တာအဖြစ်သို့ ရောက်၍ ပရိနိဗ္ဗာန် စံတော်မူရာ ရူပနန္ဒာမှာ အားကိုးရာမဲ့ဖြစ်ပြီး အပူကြီး ပူတော်မူရပြန်တယ်၊

မယ်တော် ဂေါတမီကိုသာ အားထား၍ နေရရှာတော့တာဘဲ။ ။ ဘယ်လိုပင် သောကမီးတောက်သော်လဲ အဆင်းဂုဏ်နှင့် မာန ရောက်တဲ့ အလေ့များကို မဖျောက်ဘူးတဲ့၊ မောင်တော်ကြီးဖြစ်တဲ့ မြတ်စွာဘုရားအနားပါမှာ စိတ်မကျေနပ်စရာတွေက များဘဲ့အတွက်၊ ထံတော်ပါးသို့ ဆည်းကပ်လေ့မရှိဘဲ၊ မျက်နှာ ခပ်သွဲ့သွဲ့ နေလေ့ရှိ တယ်။ ။ထို့ပြင် အကြောင်း တခုမှာလဲ ရှင် တော် ဘု ရား က ကေသာ,လောမာ,အစရှိတဲ့ ၃၂ ထွေ့ သတရားတွေကိုဟောပြီး၊ အသုဘ သဘောတွေကို ပြလွှန်းလို့၊ သူ့စိတ်ထဲမှာ သဘောမကျနိုင်သဖြင့် ခေင်ကောင်ဘုရား၏ တရားတော်ကို နာလိုတဲ့စိတ်ချားတောင်မရှိ ဘူးတဲ့။ပါရမီရင့်ပြီးဖြစ်တဲ့ ပုဂ္ဂိုလ်ဖြစ်သော်လဲ၊ အခါမသင့် အခွင့် မကြုံသေးတော့၊ ခပ်ဝေးဝေးဖြစ်နေတာပေါ့လေ။

ခမည်းတော်ဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးတဲ့နောက် များမကြာ ခင်မှာဘဲ မယ်တော်ဂေါတမိက ဝေသာလီပြည်သို့သွားပြီး၊ ဘိက္ခုနီမ ပြုလုပ်ပြန်ပါရော။ ။သည့်အခါ၊ ရှုပနန္ဒာမှာ ကိုးကွယ်ရာမဲ့ကြီး ဖြစ်ရပြန်တာပေါ့။ ဘယ်မှာ စိတ်ကြည်ခွင့်ကို ရနိုင်ပါတော့မလဲ။ ယသော်ခရာနှင့်သာ နန်းတော်မှာ စံနေရတော့တာဘဲ။ ။သို့ကလို ယသော်ခရာကို အားကိုး၍ နေပါထုန်းမှာ၊ ယသော်ခရာကလဲ လူ့ဘောင်မှာ ငြီးငွေ့ပြီး၊ မိထွေးတော် ဂေါတမီနောက်သို့ လိုက်၍၊ ဘိက္ခုနီမ ပြုလုပ်တော်မူပြန်ပါရော။ ။အဲအခည့်အခါကျမှလှသူကြီး ခက်တော့တာကိုး။ ရှေ့ကြည့်လဲ အားကိုးစရာမမြင်၊ နောက်ကြည့် လဲ့ အား ကိုးစရာမမြင်၊ထက်ဝန်းကျင်မှာလဲ အားကိုးစရာမရှိ၊ အတိ ဒုက္ခရောက်တဲ့ရှုပနန္ဒာမှာ၊သာကီဝင်တို့နန်းတော်မှာ တကိုယ်ထည်း စံဘော်မူရရှာတော့တာဘဲ။ ။ထီးမွေ နန်းမွေဆက်ခံဘို့ ဆိုရမှာလဲ ရှုပနန္ဒာမှတပါး မည်သူ့အားမျှ မထိုက်တန်တော့ဘူး။ တကယ်လို့ ဧကရီဘုရင်မကြီးလုပ်လို့ နေချင်ပါလျှင်၊ ရှုပနန္ဒာဟာ သာကီနွယ် အပေါင်းတို့၏ ဧကရီဘုရင်မကြီးဖြစ်တော့မှာပေါ့။ ။သို့ရာတွင် မောင်တော်,မယ်တော် အစ်မတော်, တူတော်များမှစ၍၊ လောကီ စည်းစိမ်ကိုစွန့်ပြီး ရဟန်းပြုတော်မူကြဘဲ့အတွက်၊ ကြောင်တောက်

တက်နှင့် တကိုယ်ထည်း ထီးနန်းပေါ်မှာ စံပျော်ကာနေလိုတဲ့ စိတ်မရှိရှာဘူး။ ။ထီးနန်းပေါ်မှာ စံပျော်တော်မမူလို၍၊ လူဝတ်ကြောင်နှင့် ဘယ်လိုသွားပြီး စံစားရပါခဲလဲလို့ စဉ်းစားပြန်ပါသော်လဲ၊ ဘယ်မှာမှနေတို့ သင့်တဲ့ အခွင့်အရေးကို မြင်တော်မမူတော့ဘူး။

မောင်တော်ကြီးဖြစ်တဲ့ ၄ှင်တော်ဘုရားအပေါ်မှာ၊ မကျေနပ်တဲ့ အရာတွေကလဲ များပြားဘော့၊တရားတော်ကိုဟျင့်ကာ၊ ဘိက္ခုနီမ လုပ်လိုတဲ့ဆန္ဒ မရှိဘူးတဲ့။ ။ဘိက္ခုနီမ, လုပ်ပါလျှင်၊ ဆံပင်ကို ရိတ်ရလိမ့်မယ်။ထူးမြတ်တဲ့ဝတ်စားတန်ဆာတွေကိုပယ် ရလိမ့်မယ်၊ အခြွေအရံမရှိဘဲ တကိုယ်ထည်း နေရလိမ့်မယ်၊ပန်းနံ့သာနှင့်အိပ်ရာခင်းများကိုပယ်ပြီး ဆင်းရဲကြီးစွာ အိပ်စက်ရပါလိမ့်မယ်၊ နေ့လွဲ ညစာကိုပယ်ပြီး တတာ်ထဲ စားရလိမ့်မယ်၊ သပိတ်ကို စွဲ ကိုင် ၍ သူတောင်းစားတို့အလေ့ဖြင့် တောင်းရမ်းရလိမ့်မယ်၊ ရဟာန်းပြုခြင်းဆိုတာ လွန်စွာ အောက်ကျပါကလား။ နဂိုရ်မူလကလှပတဲ့အရုပ်အဆင်းကိုလဲ ဖျက် ပစ် ရ လိမ့် မယ်၊ ဘယ် နေ ရာ တ ကွက် က မှ သက်သာခွင့်မရပါတကား။အဲ-သို့ကလိုစဉ်းစားပြီး၊မယ်တော်ကြီး အစ်မတော်ကြီး များ ရဟာန်းပြုကြသော်လဲ ရှုပနန္ဒာမှာတော့ သဒ္ဓါ တုံးပြီး လုံးလုံးကြီး ရဟာန်းပြုချင်တဲ့စိတ်များ မပေါ်လာဘူးတဲ့။ ။ ရဟာန်း မ ပြု ပြန် ပါ လျှင် လဲ အနေအထိုင်က ‌ ကျ်ပြန် တော့ "အို တေတ်နိုင်ပါဘူး၊ရဟာန်းမပြုဘဲ တူငတ်ကြောင်နှင့် မယ်တော်ကြီး အစ်မတော်ကြီးများထံသို့သွားပြီး၊ ချွေနိုး, မျှိုးနိုး, နေထိုင်ပါတော့မယ်" လို့ အကြံဖြစ်ပေါ်လာတယ်၊

အဲ-သို့ကလို ကြံစည်ပြီး၊ထီးနန်းကိုစွန့်ခွါ၍ မယ်တော် ဘိက္ခုနီမကြီးရှိရာသို့ အခြွေအရံတော် အများနှင့်တကွ လိုက်လာတော်မူရှာတယ်၊ ။မယ်တော်ကြီးနေထိုင်တဲ့ ဘိ က္ခု နီ မ ကျောင်း ရောက်တော့၊လူဝတ်ကြောင်နှင့်ပင် နေရှာသတဲ့။ ။ယခုကာလ သီလရှင်ဇရပ်များမှာ ဝတ်ကြောင်အပျိုမတွေနေကြသလိုပေါ့လေ၊ဘိက္ခုနီမကျောင်းမှာ နေပါသော်လဲ၊တရားနာခြင်း၊ဥပုသ်ဆောက်တည်ခြင်းကိုမှ မပြုလုပ်ဘဲ သူ့ကိုယ်ကိုသာ တပိုးပိုး, တထိမ်ထိမ်းနှင့် အပြင်း

စားကာ အလှပြင်လို့နေသပေါ့။ ။အင်း- ဘိက္ခုနီမကျောင်းမှာ နေပြီး၊ ဖိကာ,ထိမ်းကာ အလှပြင်နေတယ်ဆိုတော့၊ အလွန်ဝကျတာ ပေါ့လေ။ ။သံဝေဂရတဲ့ လူတို့အလယ်မှာ၊ ကိလေသာ အမှုစရိုက်တွေနှင့် နေတယ်ဆိုတော့ လူမမာတွေအလယ်မှာ၊ တင့်တယ်အောင် အလှပြင်နေတဲ့လူများလို ဖြစ်နေတာပေါ့။ ။ရှင်တော်ဘုရားထံသို့သွားပြီး တရားနာပါလို့ မယ်တော်ကြီးက နားချပါသော်လဲ၊ ရူပနန္ဒာက''အို-တရားမနာချင်ပါဘူး။ မောင်တော်ဘုရားဟောတဲ့ တရားတွေဟာ၊ ကောသာ,လောမာတို့၊ နခါတို့ကို အစထားပြီး၊ အသုဘတရားတွေကိုသာ ဟောနေ့တာချည်းဘဲ။ သည်တရားမျိုးကို မကြားဝံ့ပါဘူး၊ ကြောက်စရာကြီးတွေဘဲ။ တခါတခါမှာလဲ ရွံ့စရာတွေကို ကြားရတယ်။ ။လှပတဲ့သူများကိုလဲ တရားဖြင့် နှိမ်နင်းပြီး အရုပ်အဆင်းပျက်တွေကိုသာ ဟောနေတာဘဲ၊သွီးတော်ရဲ့ နားနှင့်တော့ အလွန်ကန့်လန့်ကျပါတယ်။ အဲ သို့ကလိုငြင်းဆန်ပြီး တရားသံကို နားထောင်လိုတဲ့စိတ်များ မဖြစ်ပေါ်လာဘူးတဲ့။ အလှမာန် ယစ်နေတော့၊ ခပ်ရိုင်းရိုင်း ဖြစ်နေတာပေါ့ခလေ။ ယခုခေတ်ကာလမှာလဲ၊ ရူပနန္ဒာတို့လို အလှမာန်တွေဖုံးပြီး၊ တရားမုန်းတဲ့ အမျိုးသွီးများ ရှိကြလိမ့်မလား မပြောတတ်ဘူး၊ ။မယ်တော်ကြီးမှာလဲ သွီးကိုဆုံးမလို့ မရတဲ့အတွက် အခက်တမျိုး ကြုံနေရပြန်တာပေါ့။ ။ဘိက္ခုနီမကျောင်းမှာနေတဲ့အခါ၊ အရုပ်အဆင်းကို ဂရုမစိုက်စမ်းပါနှင့်လို့ ပြောသော်လဲ၊ သွီးတော်က မာနမကျိုးသေးသဖြင့် လေးလေးမြတ်မြတ် နားမထောင်သေးဘူးတဲ့။

## ဂေါတမီတရားဟောခက်း

ရူပနန္ဒာသည်၊ ဘိက္ခုနီမကျောင်းမှာ အထော်ကြာကလေးနေမိတော့၊ ဘိက္ခုနီမတို့၏ သိမ်မွေ့နူးညံ့စွာနှင့် နှိမ့်ချသော ဣရိယာပုထ် များကို မြင်ဘန်များသဖြင့်၊ သဒ္ဓါတရားကလေး အတော်အတန် ပေါက်လာသတဲ့။ ။အဲသည်အခါ၊မယ်တော်ဂေါတမီက သွီးတော်ကိုခေါ် ပြီး၊ ပထမ ရှေးဦးစွာ ချိုးချိုးမြောက်မြောက်နှင့်၊ သို့ကလို

ပြောဆို နားချဘောင်မှုရှာတယ်။ ။ချစ်သ္မီး၊ ဆင်ခြင် စဉ်းစားစမ်း ပါ၊ သ္မီးတော်ရဲ့ဖြစ်ပုံဟာ ဘယ်ကလောက် မြင့်မြတ်သလဲလို့၊ မောင်တော်ကြီးကလဲ၊ လောကသုံးပါးတွင် အတုမရှိတဲ့ ဘုရား ဖြစ်တော်မူတယ်၊ မောင်တော် နန္ဒမင်းသားကလဲ၊ ကိလေသာ ကုန်ခန်းတဲ့ ရဟန္တာအရှင်မြတ်ကြီးဖြစ်တော်မူတယ်။ ယသော်ဓရာ ကလဲ ရဟန္တာမကြီးအဖြစ်သို့ ရောက်၍၊ ဈာန်အဘိညာဏ်ပေါက် ရောက်တော်မူတယ်၊ ၎င်း-သို့ကလို ဆွေတော်, မျိုးတော်, အလုံးစုံ တို့မှာ၊ လွန်စွာ မြင့်မြတ်တဲ့ဘဝသို့ ရောက်တော်မူကြတော့၊ ချစ်သ္မီး ဟာလဲ၊ လွန်စွာ မြင့်မြတ်တယ်လို့ ဆိုရမှာပေါ့။ ။သို့ရာတွင်၊ ဆွေတော်, မျိုးတော်များမှာတော့၊ လောကီဘောင်ကို ခွါရှောင် စွန့်ပစ်ပြီး၊ မြင့်မြတ်တဲ့ ရဟန်းဘဝသို့ ရောက်ကြတယ်၊ ချစ်သ္မီးမှာ တော့ လောကီဘောင်ကို မစွန့်နိုင်ဘဲ တယောက်ထဲ လူ့ဝတ်ကြောင် ကြီးနှင့်၊ ယောင် ဘောင် တောင် နေ သေး တယ်။ ။ဆွေတော်, မျိုးတော်,အပေါင်းမှာတော့ ကိလေသာဆိုတဲ့ အညစ်အကြေးကို စင်အောင်ဆေးပြီ၊ ဖွေးဖွေးဖြူအောင် စင်ကြယ်ကြတယ်။ သ္မီးတော် မှာတော့၊ ကိလေသာ အ ညစ် အ ကြေး တွေကို စင်ကြယ်အောင် မဆေးနိုင်ဘဲ၊ ပေပေ ကျံကျံနှင့်နေရတယ်၊ သ္မီးတော်၏အပြင်ဘက် က ရုပ်ဆင်းသဏ္ဌာန်မှာတော့၊ လွန်စွာစင်ကြယ်၍ တင့်တယ်လှ ချောပါပေရဲ့၊ အတွင်းသဘောကတော့ အလွန်ညစ်ပေနေတာဘဲ။ ဆွေတော် မျိုးတော်များကဲ့သို့ တရားကျင့်ပြီး၊ စင်ကြယ်အောင် ကြိုးစားဖို့ သင့်တယ်မဟုတ်ပါလား။ ဆွေတော်, မျိုးတော်များနှင့် အတန်းတူအောင် သ္မီးတော်လဲ ကြိုးစားပါ၊ အညံ့ခံမနေပါနှင့်၊ ။ ၎င်း-သို့ကလိုစကားခံပြီး တရားသံပါသော ဂါထာတို့ဖြင့် သို့ကလို ဟောကြားတော်မူပြန်တယ်။

(က) ဗုဒ္ဓံပိတော သုတံရူပံ၊ သသိကန္တံ မနောဟရံ၊
ဘူသနာနံ အလင်္ကာရံ၊ သိရိသင်္ဃာဋ သန္နိဘံ။

(ခ) ပဋ္ဌိတံတံ လောကသာရံဝ နယနာနံ ရသာယနံ၊
ပုညာနံ ကိတ္တိဇနနံ၊ ဥက္ကာက ကုလနန္ဒနံ။

(ဂ) နစ္စိခေ နေ၀ ကာလေန၊ ဇရာသမ ပိသေဿတိ။
ပိဟာယ ဂေဟံ ကာရုညေ၊ စရ ေမ္ဗ မနိန္ဒိတေ။

(က) နန္ဒေ၊ နန္ဒမည်ခေါ်၊ သို့ငြိမ်းတော်။ သော၊ သင်ချစ်သို့ငြိမ်း၏၊ ရုပ်၊ ရှုပ်၊ ရှေးကံဟုန်ကြောင့်၊ ဆန်းဖုန်တောက်လင်း ဤကိုယ်ရုပ်အဆင်းသည်။ သုဘာ၊ မြင်သမျှအံ့ဩလျက်၊ ပြော၍မပြီး၊ အတင့်တယ်ကြီးတင့်တယ် လှပါပေ၏။ သဿိကန္တံ၊ လ၀န်းတန္တု၊ ကြက်သရေပေါင်းစုသဖြင့်၊ နှစ်သက်မှုကိုလည်း တိုးပွားနိုင်ပါပေ၏၊ မနောဟရံ၊ မြင်သူတို့၏စိတ်နှလုံးကိုလည်း၊ သိမ်းကြုံး၍ဆွဲငင်နိုင်ပါပေ၏၊ ဘူသနာနံ၊ စိန်, မြ, ပုလဲ၊ မျက်ရွဲ ရတနာ၊ မြတ်ဘန်ဆာ တို့၏၊ အလင်္ကာရံ၊ ဆင်တိုင်း, ပြင်တိုင်း, တုနှိုင်းကင်းကွာ၍၊ အလှပဒေသာပင်ကြီးလည်း ဟုတ်ပါပေ၏၊ သိရိသဃာဍသန္နိဘံ၊ ကြက်သရေအလုံးစုံကို၊ အကုန်စု၍ ပေါင်းသကဲ့သို့၊ ထိပ်ခေါင်း ထွတ်ဖူး၊ လှခေါင်ကြူးသော အဆင်းပေတည်း။

(ခ) အနိန္ဒိတေ၊တကိုယ်လုံး၀ယ်၊ကဲ့ရဲ့ဘွယ်မရှိ၊ပကတိထူးမြတ်၍၊ အလှခါတ် ပေါင်းဆုံလျက်၊ အလှဂုဏ်လွန်ကဲ ပေသော၊ အိုချစ်သို့နန္ဒာ၊တော၊သင်ချစ်သို့ငြိမ်း၏၊ရုပ်၊အဆင်းကိုယ်ဟန်၊ချစ်သဏ္ဌာန်သည်။ ဿောဘာသာရံ၀ ပုဋ္ဌိတံ၊ အနှစ်သာရ၊ ကန္တာ၃မြုတော၊ အလှတွေကို၊ မကွေမကွဲ၊ တပေါင်းထဲပုံ၍ စုသကဲ့သို့၊ အတုမရှိအောင် လှဘတ်ပါပေ၏၊ နယနာနံ၊ ကန္တာလောက၊ အနန္တတွင်၊ ရှိကြလေတောင်း၊ မျက်လုံးပေါင်း တို့အား၊ ရသာယနံ၊ နှစ်သက်ဘွယ်အရသာကိုပေးတတ်သော၊ ရသာယန အမြိုက်ဆေးကြီးနှင့်လည်း တူပါပေ၏။ ပုညာနံ၊ ဘုန်းရှင်,ကံရှင်၊ သန္တာ၃ရှင်, တို့၏။ ကိတ္တိဇနနံ၊ ကျော်စောခြင်း သတင်းဂုဏ် ကိုလည်း၊ တသုန်သုန် မွေ ျုံစေနိုင်ပါပေ၏၊ ဥတ္တာကကုလနန္ဒနံ၊ ဥတ္တာကရာဇာ၊နေမြင်နန်းရိုး၊ သာကီမျိုးတို့၏။ ရွှင်ဖြိုးနှစ်သက်၊ အားတက်လေအောင်၊ ရွက်ဆောင်သယ်ပိုး နိုင်ပါပေသတည်း။

(ဂ) ကာရုညေ၊ အဆင်းမာန်ဖြင့် ထက်သန်မြင့်မား၊ စွန့်စွန့်ကြွားသည်၊ တရားမကြွယ်၊ သနားဘွယ်လျှင်၊ တင့်တယ်ထိန်ညီး၊

ချစ်သွီး၊ တေ သင်ချစ်သွီး၏၊ ဇာုဒ်ရှုပ်၊ ဤရုပ်အဆင်းကို၊ နှစ်ရေနေဝ ကာလေနှ၊ လေးဆယ်, ငါးဆယ်၊ အရွယ်ရင့်သီ၊ မကြဲ၁မှိုပင်လျှော်၊ ဇရာ၊ ချောင်ချုံရင့်ရော် အိုရုပ်ပေါ်အောင်၊ နှီးဆော်ဖန်တီး၊ ဇရာ မီးသည်။ သမဝိဒေသသတိ၊ အတင်းဆွဲ၍၊ညှဉ်းဆဲဖျက်ချေ၊နှိပ်စက် လေအံ့သတည်း၊ကာရုဉ္ေ၊အို-သနားဘွယ်ကောင်းလှသောချစ်သွီး၊ ဂေဟာ၊ အိမ်ငွေ့, အိမ်သက်၊ မဖျက်နိုင်အောင်၊ သွေးဆောင် တတ်စွာ၊ အိမ်တဏှာကို၊ ဝါ၊ ဝတ်ကြောင်ဆင်၍၊ လူခလေ့ကို၊ ဝိဟာယ၊ ဇရာမလာခင်၊ အဆောတလျှင်ခွါစွန့်၍၊ ခမ္မ၊ မောင်ကြီး ဘုရား၊ ဟောကြားတဲ့လတ်၊ တရားမြတ်ကို၊ စရ-စရဟိ၊ ဖန်ဝါ သက်န်း၊ ဆင်မြန်းသက်ဆုံး၊ ဦးခေါင်းတုံး၍၊ လက်သုံးပြုကာ၊ ကျင့်ကြံပါတော့လား ချစ်သွီး၊

အဲ-ယခုလိုပြဆိုခဲ့တဲ့ ဂါထာသုံးပုဒ်ကတော့ မယ်တော်ဂေါတမီ က ပထမဦးစွာ သွီးတော်ရူပနန္ဒာ၏ အရုပ်အဆင်းကို ချီးကျူးပြီး၊ အဆုံးသတ်မှာ ဇရာခမ္မဖြင့် သံဝေဂဉာဏ်ဖွင့်ပေးတဲ့ ဓေသနာ ဂါထာများဖြစ်ပေတယ်၊ ဆိုလိုရင်းအဓိပ္ပါယ်ကတော့ သည်လိုတဲ့၊ ချစ်သွီးရူပနန္ဒာ၊ သင်၏ရုပ်ဆင်းရောင်ဝါသည် လွန်စွာတင့်တယ်ပါ ပေ၍၊ လ,ဝန်း၏ကြက်သရေနှင့်မခြား နှစ်သက်ခြင်းကိုပွားစေနိုင် ပါပေရဲ့။ မြင်သူတို့၏ စိတ်နှလုံးကို သိမ်းကျုံး သွေး ဆောင် ၍ ပါအောင်ဆွဲနိုင်ပါပေရဲ့၊ အမျိုးမျိုးသော ရတနာတို့ဖြင့် တန်ဆာ ဆင်ယင်၍ အလှပဒေသာ၁င်ကြီးနှင့်လဲ တူပါပေရဲ့။တကမ္ဘာလုံး၏ ကြက်သရေရှိသမျှတို့ကို စု ပေါင်း ထား တဲ့ အ သွင် အ လွန် ပင် ကြက်သရေရှိပါပေရဲ့၊ ကမ္ဘာတဝှမ်းလုံးတွင်ရှိသမျှအနှစ်သာရနှင့် ပြည့်စုံကဲ့၊ အလှဂုဏ်တွေစုရုံး၍အလှပန်းကုံးကြီးနှင့်လဲ တူပါပေရဲ့၊ မြင်သူအပေါင်းတို့၏ မျက်စိအရသာကိုလဲ ပံ့ဆောင်နိုင်ပါပေရဲ့၊ ဘုန်းရှင်,ကန်ရှင်,သမ္ဘာရှင် တို့၏ ဘုန်းတန်ခိုးကို တိုးတက်အောင် မင်္ဂလာရှိပါပေရဲ့၊ ဥက္ကာကရာဇ် နေမြစ်နန်းရိုး သာကီမျိုးကို၏ ရှင်မြိုးနှစ်သိမ့်ခြင်းကိုလည်း ဆောင်နိုင် ပါပေရဲ့၊ အမျိုးကြက်သရေ မည့်ညှင်ကြီးလဲမှန်ပါပေရဲ့၊ ၊သို့ရာတွင် ချစ်သွီး သင်၏အလှကြက်

သရေဟာ အမြဲထာဝရ တည်မှာ မဟုတ်ဘူး။ အရွယ်ကလေး တော်တော် ထောက်လာပြီ ဆိုမှဖြင့်၊ အလှကြွက်သရေတွေ ပျောက်ကုန်လိမ့်မယ်၊ ဇရာမီးလောင်မှဖြင့်၊ အလှဂုဏ်ရှိသမျှတွေ ပြောင်ကုန်တော့တာဘဲ၊ အလှဆိုတာ တခဏ တာကလေး မျှသာ တည်တန့်ပါတယ်၊ အလှဂုဏ်မှေးမှိန်၍ ဇရာအရှိန်လွှမ်းမိုးပြီဆိုမှဖြင့်၊ မျောက်အိုမအရုပ်ဆိုးကြီး သို အမျိုးမျိုးအမြင်ကပ်စရာဖြစ်ကုန်တော့တာဘဲ၊ ငယ်ရွယ်စဉ်က ဘယ်လိုပင်လှလှ ဇရာကျပြီဆိုမှဖြင့်၊ ပျိုတုန်းက အသွေးအဆင်းတွေဟာ ရှာလို့မရအောင် ပျောက်ဆုံး ကုန်တော့တာဘဲ။ ။အဲ-သို့ကလို ထာဝရမဟုတ်၊ တခဏ,တခေတ္တ ဖြစ်တဲ့ အရုပ်အဆင်းကလေးအတွက် မာန်မာနတက်ပြီး နှစ်သက်ခင်မင်စွာ ပြင်လား,ဆင်လား လုပ်နေတာ ရှက်စရာအလွန် ကောင်းတာပေါ့ သို့ရယ်၊ အရုပ်အဆင်းကထာဝရဆိုလျှင် မာနတက်လို့ တော်ပါသေးရဲ့။ ။ဘယ်လိုပင်ပြုပြင်သော်လဲ ဇရာမီးဝင်လာမှဖြင့် ပြင်ရင်းဆင်ရင်း ရှုံ့တွအိုကြီး ဖြစ်သွားတော့တာဘဲ။ ။အဲ-သို့ကြောင့်၊ ချစ်သို့ စဉ်းစားပြီး တရားကို ကျင့်ပါ၊ နန်းတော်, အိမ်တော်က အလေ့ အံမှုတွေကို စွန့်ခွါပြီး မောင်တော်ဘုရားရဲ့ အလိုတော် အတိုင်း ဘိက္ခုနီမ ပြုလုပ်လျှင် မကောင်းဘူးလား၊

အဲ-သို့ကလို ဆုံးမတော့ သို့တော်ရူပနန္ဒာကလဲ စိတ်ခပ်ပါပါ ကလေးဖြစ်ပြီး စဉ်းစားကာ ကြာနာနေရှာသတဲ့၊ ။စိတ်ခပ်ပါပါ ဖြစ်လာကြောင်းကို မယ်တော်ကြီးက ရိပ်မိတော့ ဘယ်လိုထပ်ဆင့်ကာ ဟောပြန်သလဲဆိုတော့ သည့်လိုတဲ့၊

(ဃ) ဇရာဝသာနံ ယောဗ္ဗညံ၊ ရူပံ အသုစိ သမ္မတံ၊
ရောဂန္တံ မပိ စာရောဂျံ၊ ဇီဝိတံ မရဏန္တိကံ၊ ။

(ဃ) နန္ဒေ၊ ချစ်သို့ရူပနန္ဒာ၊ ယောဗ္ဗညံ၊ အရွယ် အဆင်း တင့်တယ်ပျိုနုခြင်းသည်၊ ဇရာဝသာနံ ရှုံ့တွသားရေ၊ သွားတွေကြွေ၍၊ ကိုယ်တွေကုန်းကုန်း၊ အိုရခြင်းသာလျှင် အဆုံးရှိချေ၏ တကား၊ ရူပံ ဝတ်စားတန်ဆာ၊ များစွာဆင်ယင်၊ အမွှမ်းတင်၍

ပြုပြင်မပြီး၊ ဤရုပ်ကြီးသည်။ အသုစိသမ္မတံ၊ အဆုံးတိုင်အောင် တွေးလေတော့၊ အညစ်အကြေးထုပြေး၍၊ မစင်တောကြီး သမုတ် အပ်သည့်သာလျှင်တည်း။ အာရောဂျံစာပိ၊ သန်သန်မာမာ၊ရောဂါ ကင်း၍ငင်း၊ အားတက်ခြင်းသည့်လည်း။ ရောဂတ္တံ၊ မထနိုင်ဘဲ၊ လဲတခွေခွေ၊ လျောင်းစက်နေ၍၊ မှိုင်တွေချကာ၊ ရောဂါစွဲပြီ၊ မချိ တရိ ပင်ပန်းရခြင်းသည်သာလျှင် အဆုံးနှင့်ချေ၏။ ဇီဝိတံ၊ ငါယောင် သူယောင်၊ ထူထောင်မားမား၊ လာ, သွားကြည်လင်၊အသက်ရှင်၍ နေခြင်းသည်၊ မရဏန္တိကံ၊ စိတ်သာချပေတော့၊ ဒိဋ္ဌမသေွ၊ သေရ လေဇွံ့သတည်း ချစ်သွီး။

ဆဲသည့်ဂါထာကတော့ လုံးလုံးကြီး တရားပြတဲ့ ဓမ္မသံဝေဂ ဂါထာကြီးဖြစ်ပေတယ်။ ။အဓိပ္ပါယ်ဆိုလိုရင်းကတော့၊ ချစ်သွီး ရူပနန္ဒာ၊ နုနုနယ်နယ် ပျိုရွယ်ဖွံ့ထွား၊ အသားအရေ ပြည့်တင်းခြင်း ဆိုတဲ့ သဘောဟာလဲ အမှန်ဒိဋ္ဌ အားဖြင့်၊ ဇရာတရားနှင့် အဆုံး သတ်ရတော့တာဘဲ။ ။အိုဘဲ့လူတွေကိုကြည့်စမ်းပါ၊အလုံးစုံပျိုခဲ့ တာချည့်ပါဘဲ။ အပျိုအရွယ်တွေမှန်သမျှ အဆုံးကျတော့ အိုရ လိမ့်မယ်၊ပျိုနုခြင်းဆိုတဲ့ သမ္ပတ္တိစည်းစိမ်ကြီးကို ဇရာမီးလောင်မှာ အမှန်ဘဲ။ ။ချစ်သွီးရူပနန္ဒာ၊ ရုပ်ဆင်းရောင်ဝါနှင့် လွှန်စွာလှပ နေတဲ့ ကိုယ်ကောင်ကြီးဟာလဲ အပြင်မှာသာ ချောသလိုထင်ရ၍ အတွင်းကတော့ မရှုမြင်ဝံ့ဘဲ မစင်အစု ဝဏ္ဏအမျိုးစုံတို့ဖြင့်၊ရပုံ ပြည့်နှက်နေတာဘဲ။ ။အပေါ်ရေကလေး ဖုံးထားလို့ အသုံးကျ သလိုထင်ရသော်လဲ နေ့စဉ်အမြဲယိုစီး၍ ပိတ်ဆို့လို့ မပြီးနိုင်တဲ့ဖြစ်ပုံ တွေကို ဆင်ခြင်စမ်းပါ။ချစ်သွီး၊လဲဒိဋ္ဌကိုယ်တွေ့ပါဘဲ၊မစင်ကြွယ်တဲ့ အပုပ်ကို အရေပါးကလေးနှင့် ထုပ်ထားတာပါသွီးရယ်၊ ဘယ်မှာ ခင်မင်ဘို့ရှိပါသလဲ၊အရိအဖွဲ့နှင့် အကျိအချွဲတွေ အလုံးစုံကို အကုန် စဉ်းစား စမ်းပါတော့လား။

ချစ်သွီးရူပနန္ဒာ၊ သန်သန်မာမာနှင့် ရောဂါကင်းခြင်းဆိုတာလဲ ဓါတ်လေးပါးညီညွတ်တဲ့ အခိုက်ကလေးကိုခေါ်တာပါ၊ ဓါတ်လေး တွေ ချောက်ခြားမှုဖြင့် ရုပ်ကောင်ကြီး ဖေါက်ပြားပြီး ကြောက်ပါး

လိလိ ရောဂါသယ်ကြီး ဖြစ်တော့တာဘဲ မဟုတ်လား။ ။မကျန်းမာတဲ့ ရောဂါသယ်ဟူသမျှ နဂိုကျန်းအခါကတော့ ကျန်းမာနေကြတဲ့ လူတွေပေါ့။ ကျန်းမာတုန်းအခါမှာတော့ အင်အားတကြွကြွနှင့် ရွှင်ရွှင်ပျပျနေနိုင်ကြတယ်။ ရယ်နိုင်ပြုံးနိုင်ကြတယ်။ ရောဂါစွဲပြီလို့ဆိုမှဖြင့်၊ ကူပါ ထူပါ၊ ပွေ့ပါ ပိုက်ပါ၊ ချိပါသယ်ပါ၊ အမယ်လေး, အဘလေးနှင့်ငိုကြွေးညည်းရှိုင်၍ဦးခေါင်း,ခြေ,လက်ကိုမှ မသယ်နိုင်ကြတော့ဘူး မဟုတ်လား။

ချစ်သို့ ရှုပနန္ဒာ၊ ငါယောင်, သူယောင်, ထူထောင်မားမား ဧထင်ကြွား၍ အထင်အရှား အရှင်သမားတွေဖြစ်နေကြတဲ့ သူတွေလဲ အဆုံးကျတော့ သေကြရလိမ့်မယ်။ ။ကမ္ဘာအနှံ့မှာအသက်ရှင်နေကြတဲ့ သတ္တဝါမှန်သမျှ သေခြင်းတရားဖြင့် အဆုံးသတ်ကြရမှာချည်းဘဲ။ ။အသက်ကလေးရှူနိုင်ပြီး အစာကလေးကို မျိုနိုင်လို့သာလှုပ်လှုပ်ရွရွနှင့်အရှင်ကလေးတွေဖြစ်နေကြတာကလား။ ။တကမ္ဘာလုံးမှာ ရှိတဲ့လူတွေကို ခနစ်ရက်မျှသာ အစာမကျွေးဘဲထားလိုက်ပါလျှင်၊ မြို့ရွာရှိသမျှတွေဟာ သင်းချိုင်းတွေ ဖြစ်ကုန်ကြမှာပေါ့။ ။အသက်ရှင်နေခြင်းဆိုတာခိုင်မြဲတာမဟုတ်ဘူး။ ။သေတဲ့လူဟူသမျှ အသက်ရှင်ကာ လှုပ်လှုပ်ရွရွ နေဘူးကြတဲ့ လူတွေချည်းပါဘဲ။ ချစ်သို့စဉ်းစားလို့ကြည့်ပါ၊ ဘယ်နိုင်ငံမှာမှ မသေတဲ့လူများရှိသလားလို့။ ။အဲ-သို့ကာလိအချက်ကြီးတွေကို စဉ်းစားပြီးအိုခြင်းတရားမရောက်မီ၊ နာခြင်းတရားမရောက်မီ၊ သေခြင်းတရားမရောက်မီ၊ သည်အပုပ်ကောင်ကြီးကို အလေးမပြု ဂရုမစိုက်ဘဲ၊ အိုခြင်းလွတ်ကင်းရာ၊ နာခြင်းလွတ်ကင်းရာ၊ သေခြင်းလွတ်ကင်းရာဖြစ်တဲ့ မဟာအမတ ပြည့်မကြွင်း နိဗ္ဗာန်နန်းသို့ စံမြန်းနိုင်မှလျော်၍ ပျော်ပျော်ကြီးနေရတဲ့အလုပ်ကို အားထုတ်လို့မကျင့်ချင်ဘူးလား။

အဲ-သို့ကာလိ ဟောကြားတော့၊ သို့တော်ရှုပနန္ဒာလဲ မယ်တော်ကြီး၏ တရားကို နှစ်သက်သဖြင့်။ ''ဘုရားသို့တော်ဟာ လူဝတ်ကြောင်ကိုစွန့်ပြီး ဘိက္ခုနီခ, လုပ်ပါတော့မယ် ဘုရား''လို့ ဝန်ခံရှာတယ်။ ။တော်ပါပေရဲ့ ချီးမွမ်းစရာပါဘဲ၊ ပါရမီရှင်ဆိုတော့

မတော်ဘဲ နေပမလားလေ၊ပွင့်လုဂ်ကြာ ပဒုမ္မာကဲ့သို့ ခံအာရင့်သန်ပြီး ဖြစ်နေတာကို။

သွီးတော်က ရဟာန်းပြုပါတော့ခယ်လို့ ဝန်ခံတော့၊ မယ်တော်ဘုရားမှာ အများကြီး ဝမ်းမြောက်တော်မူတာပေါ့လေ၊ များမကြာမှီအတွင်းမှာပင် မယ်တော်ဂေါတမီက သွီးတော်ကို ရဟာန်း အဖြစ်သို့ရောက်အောင် ရွက်ဆောင်ပေးတော့၊ ရူပနန္ဒာလဲ ဆံပင်နှင့်လူ့တတ်ကြောင်ကို ပယ်ပြီး ဘိက္ခုနီမအဖြစ်သို့ ရောက်သွားတယ်။ ဘိက္ခုနီမအဖြစ်သို့ ရောက်သွားသော်လဲ စိတ်ထဲက မပါဘူးတဲ့၊ မယ်တော်ဘုရားကို အားနာလို့သာ ရဟာန်းပြုရတယ်၊ ကိုယ်ရုပ်သွင်ကဖြင့် ဘိက္ခုနီမ,ဖြစ်သွားရှာပြီ၊ စိတ်ကတော့ လူစိတ်,လူသဘောအတိုင်း အရုပ်အဆင်းပေါ်မှာ သာယာနှစ်သက်၍ မာန်တက်ခြင်းကိုမပျောက်နိုင်သေးဘူး၊ ရူပနန္ဒာရဲဖြစ်ပုံဟာ' လူ့.ကိုယ်နှင့်-ချောက်စိတ်'' ဆိုသလိုပေါ့လေ၊ ၊သည်နည်းတူစွာ ဤလောကမှာလဲ ကိုယ်အသွင်ကတမျိုး၊စိတ်သဘောပုံကတမျိုး၊အတွင်းနှင့်အပြင်တမျိုးစီနေကြတဲ့ ပုဂ္ဂိုလ်တွေဟာလဲ အများကြီး ရှိကြပေလိမ့်မယ်။ ကိုယ်ဆိုတာက အပြင်က ဗန်းပြသဘောမျိုး ဖြစ်ပေတယ်၊ စိတ်ဆိုတာက တကဲ့အတွင်းသဘောမျိုး ဖြစ်ပေတယ်။ ၊ကိုယ်ရောစိတ်ပါ နှစ်မျိုးစုံ ညီညာကယ် ဆိုတော့။ ကုသိုလ်ရေးမှာ လွန်စွာကောင်းမြတ် ထာပေါ့လေ။ ။အတွင်းစိတ် မပါဘဲ အပြင်ကကိုယ်ဟန်ကလေးကို ဗန်းပြကာ စိတ်ပါချင်ယောင်ဆောင်နေလျှင်စင်စစ်အားဖြင့် အကျိုး မရှိပေဘူး၊ ၊ဆဲ-သို့ကြောင့် ကုသိုလ်ရေးမှာ ကိုယ်ရောစိတ်ပါ အတွင်းရော,အပြင်ရော, ညီညွတ်အောင်မိမိစိတ်ကိုဆုံးမပြီး လှလှကြီး အရာရောက်အောင် အားထုတ်ကြရမယ်။ ၊အဘူင်းစိတ်သာ လိုရင်းဖြစ်ပေတယ်၊ စိတ်ကပါလာပြီဆိုမှဖြင့်၊ အပြင်ကိုယ်ကြီးဟာ မပါဘဲ မနေနိုင်တော့ဘူး။ ဆဲ-သို့ကြောင့် မနောပုဗ္ဗင်္ဂမာဆိုတဲ့ အတိုင်း စိတ်သာလျှင် လိုရင်းဖြစ်ခြောင်းကိုလဲ ကောင်းစွာ သတိပြုကြရမယ်၊ အတွင်းစိတ်သာလျှင် လိုရင်းပဓါနဖြစ်သောကြောင့်၊ ရှေးလူကြီးများက ''စိတ်သာ

ရှင်စော-ဘုရား‌ဟော’’ရယ်လို့ စကားပုံကြီးတခု ပြုလုပ်ပြောဆို တော်မူခဲ့ကြတာပေါ့။

ရူပနန္ဒာမှာတော့စိတ်မပါသေးဘဲ၊အပြစ်မဆိုသင့်သေးပါဘူး။ နဂိုရင်းက ဗုဒ္ဓသာသနာဘောင်နှင့် အလွန်စိမ်းကား၍၊ ရိုင်းစိုင်းနေ တာကိုး အပြင်ကိုယ်က ပါလာတာကိုပင်၊ ကျေးဇူး တင် ဘို့ ကောင်းလှပါပြီ။ ။အစကနဦးဆိုတော့ သည့်လိုပေါ့လေ။ ။ အားနာပါးနာနှင့် မပါချင့်ပါချင် ပါလာသေးလဲ၊ အတန်ကလေး ကြာတော့ စိတ်ရော,ကိုယ်ရော ပါလာတတ်ကြစမြဲပါဘဲ။

မယ်တော်ကြီး၏စကားကို အားနာ၍ ရဟန်းအဖြစ်မှာ ကိုယ်က သာပါ၍၊ စိတ်မပါကြောင်းကိုလဲ ရူပနန္ဒာကိုယ်တိုင် ရဟန္တာ ဖြစ်တော်မူဘဲ့အခါ၊သို့ကလို ဖွင့်၍ဟောတော်မူခဲ့ပါတယ်။

(င) သုတွာဟံ မဟေတု ဝစနံ၊ ပဗ္ဗဇိံ့ အနဂါရိယံ။
ဒေဟေန နတုစိတ္တေန ရူပယောဗ္ဗန လာဠိဘာ။ ။

(င) အဟံ၊ ရူပနန္ဒာ။ သညာသမုတ်၊ အကျွန်ုပ်သည်။ မဟေတု ဝစနံ၊ မယ်ဘော်ဘုရားကြီး၏ ဟောကြာ ဆုံးမဘော်မူအပ်သော စကားတော်ကို။သုတွာ၊ကြားရလေသည့် ရှိသော်။ဒေဟေန၊အပြင် ဗန်းကိုယ်ဖြင့်၊အနဂါရိယံ၊အိမ်ရာမထောင်သော သာသနာဘောင်၌၊ ပဗ္ဗဇိံ၊ဆံပင်ဝတ်ကြောင်၊ခွါရှောင်စွန့်ကာ၊ ရဟန်းပြု၍လာခဲ့ပါပေ သတည်း။ တု ဘောဇ္ဈန္တ၊ အမှန်ထင်သင်း၊ သဘော ရင်း ကို၊ ဘွင်းဘွင်းကြီးဖွင့်၍ပြောရပါမူကား။ရူပယောဗ္ဗနလာဠိဘာ၊ရုပ်ရေ အဆင်း၊ ပျိုနုခြင်းဝယ်၊ လွန်မင်းနှစ်သက်၊ မာန်စွယ်တွက်နေသော ကြောင့်၊ စိတ္တေန၊ တကဲ့အတွင်းစိတ် သဘောအားဖြင့်မူကား။ နပဗ္ဗဇိံ၊ရဟန်းပြု၍လာခဲ့သည်မဟုတ်ပေ။

အဲ သို့ကလို စိတ်မပါဘဲ ရဟန်းဖြစ်၍လာသောကြောင့်၊ တရား နာသွားပါဆိုသော်လဲ၊ နားမထောင်ဘဲ ငြင်းပယ် နေပြန် တယ်။ မယ်တော်ကြီးက သွိုးတော် ရဟန်းပြုပုံများကို၊ နောင်တော်ကြီး ဘုရား မြင်တော်မူလျှင်၊ အလွန်ပင် အားရနှစ်သိမ့်တော်မူပါလိမ့်

မယ်။ ရှင်တော်ဘုရားထံသို့သွားပြီး ဝပ်တွား ခစားပါလို့ အတန်တန် ဆုံးမသတဲ့။ ။သို့ပင်ဆုံးမသော်လဲ၊ ရူပနန္ဒာက၊ ရှင်တော်ဘုရား၏ အပေါ်မှာ၊ နဂိုရင်းကပင် မကျေနပ်တဲ့အချက်တွေ ရှိနေတဲ့အပြင်၊ ဟောတော်မူတဲ့ တရားတော်များကိုလဲ၊ မနှစ်သက်နိုင်တဲ့အတွက် ကြောင့်၊ မယ်တော်ကြီးကို ဘယ်လိုပြန်ပြောသလဲလို့ဆိုတော့။

မယ်တော်ဘုရား၊ သွီးတော် စိတ်မပါဘဲနှင့် အဘင်းတိုက်တွန်း တော်မမူပါနှင့်။ ။မောင်တော်ကြီးဘုရား လက်ကိုင်ပြုကာ ဟောကြားတော်မူတဲ့ တရားတော်တွေဟာ၊ သွီးတော်ရဲ့နားထဲမှာ ကန့်လန့်ကျနေပါတယ်။ ။အနိစ္စ, ဒုက္ခ, အနတ္တ, ဆိုတာ မောင်တော် ကြီးဘုရားရဲ့ လက်ကိုင်တရားတွေဘဲမဟုတ်လား။ ။သည်လောက ဓါတ်အတွင်းမှာ၊ ဘာတခုမှ အမြဲမရှိဘူး။ ပျက်စီးကြထိမ့်မယ်။ အနိစ္စတွေ အမှန်ဖြစ်တယ်လို့လဲ ဟောတော်မူလေ့ရှိတယ် မဟုတ် လား။ ။သည်လောကဓါတ်အတွင်းမှာ၊ ချမ်းသာဆို၍ ဘာတခုမျှ မရှိဘူး။ မြင်မြင်သမျှ ဒုက္ခချည့်ဘဲလို့လဲ ဟောတော်မူလေ့ရှိတယ် မဟုတ်လား။ ။သည်လောကဓါတ်အတွင်းမှာ၊ ဘာတခုမျှ အစိုး ရဘာမရှိဘူး၊ အနှစ်သာရနှင့် ပြည့်စုံတာမရှိဘူး၊ ငါမဟုတ်ဘူး၊ သူမဟုတ်ဘူး၊ ယောကျ်ား မိန်းမ, မဟုတ်ဘူးလို့လဲဟောတော်မူလေ့ ရှိတယ်မဟုတ်လား ။သွီးတော်က စဉ်းစားလိုက်မှဖြင့်၊ ကြောက်စ ရာ,လန့်စရာ,တရားကြီးတွေ ထင်တာပါဘဲ၊ ဘာတခုမျှ အမြဲမရှိဘူး၊ ဘာတခုမျှ ချမ်းသာမရှိဘူး၊ အစိုးမရဘူး၊ အနှစ်သာရ မရှိဘူး။ သည်လို ဟောဟာတွေဟာ၊ တလောကလုံးကို နှိပ်စက်တဲ့စကား ချောက်လှန့်တဲ့စကားတွေဘဲ မဟုတ်ဘူးလား။ ။မောင်တော်ကြီး ဘုရားရဲ့ တရားတော်အတိုင်းသာဖြင့်၊ ကမ္ဘာ လောကြီး ထဲ မှာ သတ္တဝါတွေ ဘယ်မှာ ပျော်ပျော်ပါးပါး နေနိုင်ကြပါတော့မလဲ။ မယ်တော်ဘုရား စဉ်းစားကြည့်တော်မူပါ။ ကမ္ဘာလောကအတွင်း မှာ သတ္တဝါတွေဟာ၊ ဘယ်ကလောက် ပျော်ပျော်ပါးပါး နေနိုင်ကြ သလဲလို့။ ။အဲ-သို့ကလို ဖြစ်နေတော့ သွီးတော်ဖြင့် သဘောမကျ နိုင်ဘူး မယ်တော်ဘုရားရဲ့။

ထိုပြင်တပါးလဲ ကမ္ဘာလောကမှာ တင့်တယ်ဘွယ်ရာတဲ့ သုဘာသဘောမျိုးဆိုတာ မရှိဘူး။ မြင်မြင်သမျှ အသုဘာချည်းဘဲ။ မတင့်မတယ် မဘွယ်မရာဘူးလို့လဲ ဟောတော်မူသေးတယ်။ အလွန်တင့်တယ်၍ချစ်စဘွယ်ကောင်းတဲ့ အဆင်းတွေ, အသံတွေ အနံ့တွေ အရသာတွေ မှစ၍ သုဘသဘောတွေဟာ အထင်အရှား အများကြီး အရှိသားဘဲ မောင်တော်ဘုရားကြီးရဲ့။ တရားတော်ကိုဘယ်မှာ နှစ်ချိုက်နိုင်ပါမလဲ။

ထိုပြင်လဲ အရုပ်အဆင်းလှပတဲ့ သူတွေကို တမင်တကာ နှိပ်စက်ထားလို အဆင်းကို အပြစ်ဘင်ပြီး မကြာမကြာ ဟောတော်မူလေ့ရှိပါတယ်။ စဉ်းစားကာ ကြည့်လိုက်တော့၊ ဘုရားသွီးတော်က အဆင်းလှတဲ့အတွက် ဘုရားသွီးတော်ကိုရည်ရူးပြီး နှိပ်နှိပ်စက်စက် ဟောတော်မူတယ်လို့ ထင်တာပါဘဲ။ ။အဲ-သို့ကလိုဖြစ်နေတော့ မောင်တော်ဘုရားကြီး၏ အထံတော်ပါးသို့ သွီးတော် ဘယ်မှာ သွား၍ ခစားဝံ့ပါတော့မလဲ။

အဲ-သို့ကလို ပြန်လှန်ပြောဆိုပြီး။ ရူပနန္ဒာဟာ ရှင်တော်ဘုရား အထံတော်သွားရောက်လေ့မရှိဘဲမျက်နှာလွှဲလို့နေသတဲ့။ ။အင်း-စိတ်နှလုံးသောက်ပြန်နေတဲ့အခါမှာတော့၊ ကောင်းရာကိုညွှန်သော်လဲ အလွန်တရာ မနှစ်သက်နိုင်ဘဲ ဖြစ်လေ့ရှိကြစမြဲပေပေါ့။

ရှင်တော်ဘုရားက အနီးအနားသို့ တခါတရံ အခွင့်ကြုံကြိုက်လို့ ကြွလာတော်မူတဲ့ အခါများမှာလဲ၊ ရူပနန္ဒာက ဘုရားမမြင်အောင် ပုန်းရှောင်၍နေသတဲ့။ ။ကြည်ညိုမြတ်နိုးတဲ့ ပုဂ္ဂိုလ်များမှာတော့ ဘုရားဆိုလျှင်ဖူးမြင်ချင်လွန်းလို့ တမင်တကာအထံတော်သို့သွားရသေးတာပါကို ရူပနန္ဒာမှာတော့ ဘုရားရှင်နှင့် မတွေ့ရအောင် ပုန်းရှောင်နေတာများဟာ အံ့ဩစရာကြီးပေါ့လေ။

ရှင်တော်မြတ်ဘုရားကလဲ နှမတော် တပါးကို သနားတော်မူလှတဲ့အတွက် အထံတော်သို့ လာပါစေတော့လို့ ခွင့်ပြုတော်မူတယ်။ ဘိက္ခုနီများသည်၊ ငါဘုရားထံသို့ အလှည့်ကျ ဝင်ရောက်၍ အဆုံး

အမကိုနာခံရန် လပြည့်နေ့တကြိမ်၊ လကွယ်နေ့တကြိမ်၊ တလလျှင် နှစ်ကြိမ်ကျလာရောက်ကြရမယ်လို့ အမိန့်တော်ကြီးကို ထုတ်တော်မူဘယ်။ ။သည်သို့အမိန့်တော်ထုတ်သော်လဲ ရူပနန္ဒာက ကိုယ်တိုင်မသွားဘဲ ဆန္ဒပေးပြီး ကိုယ်စားလှယ် လွှတ်သတဲ့။ ရူပနန္ဒာရဲ့ အစား၊ ဘိက္ခုနီမ တပါးပါးက၊ ကိုယ်စားလှယ်အဖြစ်နှင့် သွားရတယ်။ ။ဘုရားနှင့် မတွေ့အောင် အလွန်ရှောင်တဲ့ နှမတော်ကြီးဘဲနော်။ သည်နည်း အတိုင်းသာ ရှောင်နေမယ်လို့ ဆိုလျှင်၊ ဘယ်တော့မှ ကျွတ်တမ်း ဝင်နိုင်တော့မှာ မဟုတ်တော့ဘူး။

မဟာကရုဏာတော်အားဖြင့်၊ နှမတော်တပါးကို သနားတော်မူလှသောကြောင့်၊ ဘယ်လိုပညတ်တော်ကြီးကို ထုတ်ပြန်တော်မူရပြန်သလဲလို့ဆိုတော့၊ ဘိက္ခုနီမများသည်။ ဩဝါဒကို နာခံရန် အလှည့်ကျသောအခါ ဆန္ဒပေး၍ ကိုယ်စားလှယ် မလွှတ်ရ၊ ကိုယ်တိုင်လာရောက်၍ဩဝါဒကိုနာခံကြရမယ်။ အကယ်၍မလာခဲ့ပါလျှင် ပါစိတ်အာပတ်သင့်စေဆိုတဲ့ဝိနည်းပညတ်တော်ကြီးကိုထုတ်တော်မူရပြန်ပါရော၊ တခါဖြင့် မလာဘဲနေလို့ မဖြစ်တော့ ဘူးပေါ့လေ။ ရှင်တော်ဘုရားနှင့် တွေ့ရှာတော့မှာဘဲ။

ရူပနန္ဒာသည် ဩဝါဒကို နာခံရန် အလှည့်ကျသောအခါ၊ အာဏာတော်ကို မလွန်ဆန်ဝံ့သောကြောင့်၊ ရှင်တော်ဘုရားထံသို့ ကိုယ်တိုင်လာရောက်ရှာ ရတယ်။ ။သို့ကလို ထံတော်ပါးသို့ လာရောက်ပြန်ပါသော်လဲ၊ ဘိက္ခုနီမ ပရိသတ်၏ နောက်ပါးက ဘုရားရှင်မမြင်အောင် တိတ်တိတ်ကလေး ပုန်းကွယ် နေပြန်သတဲ့။ အပါးတော်သို့ ရောက်သို့တောင်မှ ဦးခေါင်း မထောင်ဝံ့ဘဲ နေရတာ လွန်စွာ သနားဘို့ ကောင်းတာပေါ့လေ။

ထိုအခါ ရှင်တော်ဘုရားကငါ၏နှမတော် ရူပနန္ဒာသည် အရွယ်ပျိုခြင်း၊အဆင်းလှခြင်းတို့ကြောင့်၊မာနဖြင့်မူးယစ်၍ တရားတည်းဟူသော အနှစ်မှ ဝေးကွာ၍ နေရှာချေပြီ။ ။အဆင်းလှခြင်းကြောင့် တက်ကြွတဲ့မာန်မာနကို သူထက်သာပသောအဆင်းဖြင့်၊ နှိပ်နှင်းချိုးဖျက်မှ မာနတက်ခြင်း ပြယ်ပျောက်တော့မှာဘဲ။ ။ဆူးတချောင်း

ဖြင့် ဖူး၍နေရာ၊ တချောင်းသောသူးဖြင့် ထွင်ရသလို၊ နှမတော်၏ အဆင်းမာနကို၊ သူထက်သာတဲ့အဆင်းဖြင့် နှုတ်ထွင်တော်မူမယ်။ ။ အဲ-သို့ကာလို ဆင်ခြင်တော်မူပြီး ကိုယ်တော်၏ အပါးတော်မှာ အလွန်တရာအဆင်းလှတဲ့ အပျိုကလေးတယောက်ကို ဖန်ဆင်းတော်မူသတဲ့။ ။ဖန်ဆင်းတော်မူတဲ့ ကညာပျိုကလေး၏ အရွယ် အဆင်းမှာတော့၊ တန်ခိုးဘော်နှင့်ပေါ်လာရတာဖြစ်တော့၊ လှချင် တိုင်း လှနေဘာပေါ့။ လူ့ပြည်၊ လူ့ရွာမှာ တခါမျှမမြင်ဘူးအောင် လှနေတယ်။ ။သိုကညာပျိုကလေးကလဲ၊ နဝရတ် ချယ်စီတဲ့ ရွှေယပ်တောင်ကိုကိုင်ပြီး၊ ရှင်တော်ဘုရား၏ခြေတော်ရင်းကို၊ လေပြုန် ညှင်းညှင်းဖြင့် ချိုသေစွာယပ်ခပ်လို့နေသတဲ့။

အဲ-သို့ကာလို တုမရ၊ ပြိုင်မရ၊ မမြင်စဘူး အထူးလှပတဲ့ နိမ္မိတ အပျိုစင်ကလေးကိုမြင်တော့ ရူပနန္ဒာဘိက္ခုနီဟာ၊ အြော်-လောက မှာ သို့ကလောက်လှပတဲ့ သို့ကညာများရှိပါသေးကလား၊ ငါ့ထက် သာအောင် လှတဲ့မိန်းမရတနာ ဘယ်မှာမှမရှိဘူး၊ ငါနှင့်အလှပြိုင် လျှင် ငါကသာအနိုင်ရခဲ့ယ်။ သည်ကမ္ဘာလောကမှာ အလှဂုဏ် ခေါက်တဲ့အရာမှာ ငါနှင့် ငါသာ နိုင်းစရာရှိတယ်လို့ ထင်မိတာတွေ မှားကုန်ပါပကော။ မောင်တော်ဘုရားကြီးခြေတော်ရင်းမှာ၊ သို့က လောက် လှပတဲ့ မိန်းမရတနာများဟာ၊ ညွတ်ကွားခါ ဝတ်ပြုရပါ သည်တကား။ မောင်တော်ဘုရားသည် လွန်စွာ မြင့်မြတ်ပေစွ။ အဲ-သို့ကလို စဉ်းစားဆင်ခြင်ပြီး ဖန်ဆင်းတော်မူတဲ့ သို့ကညာကို သာ စိန်းစိန်းကြီး စိုက်ကြည့်နေလိုက်ထာ၊ မျက်တောင်များကိုမှ မခပ်နိုင်ဘူးတဲ့။

လောကမှာ အဆင်းလှတဲ့သူများဟာ၊ သူတို့ဝါသနာအတိုင်း အဆင်းလှတဲ့ သူကိုမြင်လျှင်၊ အထူးသဖြင့် ကြည့်ချင်တတ်ကြတယ်။ ဝတ်ပုံ၊ စားပုံ သွားပုံသာပုံ၊ များနှင့်ဘကွ၊ ဟန်အမူအရာများကိုလဲ အတုခိုးလေ့ရှိကြတယ်။ အသံကောင်းတဲ့ သူများဟာလဲ သူတို့ ဝါသနာအတိုင်း၊ အသံကောင်းတဲ့သူတို့၏ အသံကို အထူးသဖြင့် နားထောင်တတ်ကြတယ်၊ ဘယ်လိုလေထားတယ်၊ ဘယ်လိုဆွဲငင်

တယ်၊ဘယ်လို အသံကိုချတယ်၊ ဘယ်လိုအပေါက်မျိုးနှင့် အသံကို အသုံးပြုဘယ်။ ။ဆဲ-သို့ကလို အသံကို အတုခိုးလေ့ရှိကြတယ်။

ရှုပနန္ဒာမှာလဲ အဆင်းကို သာယာတဲ့သူဖြစ်နေတော့၊ မိမိထက် အဆင်းလှတဲ့သူကို မြင်တဲ့အခါ သူတကာလောက် မကခအောင်၊ အလှမက်ရင်း ဝါသနာအတိုင်း၊ အငေးသားစိုက်ကြည့်ပြီး နေတော့တာပေါ့။ ။ကြည့်နေရင်းပင် ဘယ်လိုစိတ်ထဲမှာ ထင်မြင်လာသလဲလို့ဆိုတော့၊ ''လောကမှာ ယခုမှ လူဖြစ်ကျိုးနပ်တော့တယ်။ မယ်တော်မွေးကထဲက ရလာတဲ့မျက်စိဟာ၊ ယခုမှ အကျိုးရှိတော့တယ်။ ငါ့မျက်လုံးဟာ၊ လွန်စွာ အကျိုးနပ်ပါပေရဲ့''လို့ အထင်ပေါ်ပေါက်လာသတဲ့။ ဘုရားရှင်ကို ဖူးမြင်ရတာထက်ပင် သဘောကျသလို ဖြစ်နေတာပေါ့လေ။ ဖြစ်မှဖြစ်ရပလေ၊ အလွန် အထင်အမြင် လွဲနေတုန်းရှိသေးတာကိုး။ ။ဆဲ-သို့ကလို ရှင်တော်ဘုရားက၊နိမ္မိတရုပ်ကို ဘန်ဆင်း၍ ပြတော်မူပုံ၊အငေးသားစိုက်၍ကြည့်ပုံများကို၊ ရဟန္တာဖြစ်ပြီးတဲ့အခါ ရှုပနန္ဒာကိုယ်တိုင် သို့ကလိုဖွင့်၍ မိန့်တော်မူခဲ့ပေတယ်။

(စ) သကေန အာနုဘာဝေန ဇာလိနိံ မာပေသိသောဘဂ်ီ၊
ဒဿနီယံ သုရုစိရံ၊ မမတောပိ သုရူပိနိံ။

(စ) ဘဂဝါ။ဘုန်းတော်သရဖူ၊ ဆောင်းတော်မူသည့်၊ ပြိုင်သူဘက်ကင်း၊ တရားမင်းသည်။ သကေန အာနုဘာဝေန၊ ကိုယ်တော်အာနုဘော်ဖြင့်၊သောဘဂ်ီ၊ ရုပ်ဆင်းအင်ကြွန်၊ ပုံဟန်ဆန်းကြယ် လွန်တင့်တယ်ထသော။ ဒဿနီယံ၊ ရှုဆဲ့မြင်ဆဲ၊ ရောင့်မရဲအောင် လွန့်ကဲထပ်လောင်း၊ ကြည့်ရှုဘွယ် လည်း ကောင်းပေထသော။ သုရုစိရံ၊ ရုပ်ဝါရောင်ဆင်း၊ ပြောင်ပြောင်ဝင်းသဖြင့်၊ ထိန်ထင်းထွန်းတောက်စွာထသော။ မမတောပိသုရူပိနိံ၊ကျွန်ုပ်မျှမက၊ ဟုပဂုဏ်နေ၊ ကြက်သရေကွန့်မြူး၍၊ အညွန့်အဖူး ဆိုလောက်အောင်၊ လှပယဉ်ကျေးပေထသော၊ဇာလိနိံ မိန်းမရုတနာ၊ ကညာထွတ်ထား လှခေါင်ဖျားကို၊ မာပေသိ၊ ကရုဏာတော်၊ နှိုးဆော်တဲ့အကြောင်းရင်းဖြင့်၊ ဘန်ဆင်း၍ ပြတော်မူပါသတည်း။

(ဆ) တမဟံ ဝိမှိတာ ဒိသွာ၊ အတိဝိမှိတ ဒေဟိနိံ။
စိန္တယိံ သဖလံမေတိ၊ နေတ္တ လာဘဉ္စ မာနုသံ။ ။

(ဆ) အဟံ၊ဇနပဒကလျာဏီ၊တွင်မည်သမုတ်၊ အကျွန်ုပ်သည်။ အတိဝိမှိတဒေဟိနိံ၊ ရှင်ကိုမူ၍။ မြင်ချသူတိုင်း၊ အလှိုင်းတကြီး၊ လက်ဖျစ်တီး၍၊ အံ့ချီးဘွယ်ပြည့်စုံ၊ အသျှဂုဏ်မောက်ပေဘဝသော။ တံ၊ ထိုနိမ္မိတရုပ်သွင်ကို။ ဒိသွာ၊ ရှေ့တော်ပါးတွင်၊ တွေ့မြင်ဖူးရှု၊ ကြည့်ရှုရလေသည့်ရှိသော်။ ဝိမှိတာ၊ မတွေ့စဘူး၊ ဖမ့်မူးစိတ်ဇော၊ အလွန်ပင် အံ့သြဘိသည်ဖြစ်၍။ မေ၊ ငါရူပနန္ဒာအား။ မာနုသံ၊ လူ့ဘဝ၌ဖြစ်သော။ နေတ္တလာဘဉ္စ၊ မျက်စိကိုရခဲ့ခြင်းသည်ကား။ သဖလံဣတိ၊ ယခုလိုအဆင်းကိုမြင်ရသဖြင့်၊ အလွန်ပင် အကျိုးကြီးပေသည်တကားဟူ၍။ စိန္တယိံ၊ ကြံစည်တွေးတော၍၊ စိတ်သဘော သက်ဝင်မိပါသတည်း။

ရူပနန္ဒာထေရီသည်၊မိမိထက် အလှဂုဏ်သာ၍၊ အဆတရာမက ပိုလွန်သော၊ နိမ္မိတရုပ်သွင်ကို၊ အံ့သြသော အမူအရာဖြင့်၊ စိန်းစိန်း စိုက်စိုက် ငိုက်လုခမန်းကြည့်ပြီး၊ "ဪ-အလှဂုဏ်အတွက်နှင့်၊ မာန်တက်သမျှ မှားကုန်ပြီ၊ သူ့ရုပ်သွင်နှင့်စာတော့ ဖွဲ့ဟာသော်၏ အပါးမှာ လင်းတ,နားသကဲ့သို့သာ ငါဖြစ်၍နေခြေပြီ။ ဆဒ္ဒန်ဆင်ဖြူ တော်ကြီးအပါးမှာ၊ ဆင်မဲကြီး ခစားနေရသလို ငါဖြစ်ချေပြီ။ ငါ၏ မောင်တော်ကြီးဘုရားကို၊ ဤမျှ လောက် ထူးမြတ် တဲ့ မိန်းမများ သော်မှ ခစားရပေတယ်၊ဘုန်းတော်ကြီး ပေစွ။ အဲ-သို့ကလို ဆင်ခြင် တွေးတောကာ မာန်ဇောပျက်ပြား၍ ရှင်တော်ဘုရားကို ကြည်ညို တဲ့စိတ်တွေ ပေါ်လာသတဲ့။ နိမ္မိတ အလှရုပ်ကလေး ကြောင့် သာ ကြည်ညိုသပလေ၊ နဂိုပကတိသဘောအတိုင်း သာဖြင့်၊ ကြည်ညိုမယ် လို့ မဟုတ်သေးဘူး၊ သို့ရာတွင်၊ ဘာကြောင့်ဘဲ ကြည်ညို ကြည်ညို၊ သဒ္ဓါတရားဖြစ်ပေါ်ခြင်းသာလျှင် လိုရင်ပဓါနဖြစ်ပေတယ်။

နိမ္မိတရုပ်ထူး အလှညွန့်ဖူးကလေးကို ကြည့်နေရင်း၊ ဘယ်လို စိတ်တွေ ဖြစ်ပေါ်လာပြန်သလဲလို့ဆိုဘော့ ဪ-သည်အပျိုမက လေးဟာ၊ ငါ့ရင်ခွင်ပေါ်မှာလာ၍ တမှေးလောက်အိပ်စက်ပါလျှင်၊

အသာကလေး ပွေ့ထားချင်လှတယ်။ ရင်ခွင်မှာပိုက်ပြီး၊ နှစ်နှစ်ချိုက်ချိုက် ကြည့်ချင်လှတယ်။ အဲ-သို့က လို့ စိတ် တွေ ပေါက် လာသပေါ့။ အင်း-ဘုရားရှေ့တော်မှာ ခစားနေရင်း၊ ဘုရားကိုသတိမရ၊ ဖုဒ္ဓါနုဿတိ အာရုံဖြင့်မထိုနိုင်ဘဲ၊ အလှဂုဏ်ကလေးမက်နေဘာလဲ အံ့ဩစရာတမျိုးပေါ့လေး ရင်ခွင်ထဲမှာထားပြီး ပွေ့ချင်, ပိုက်ချင်သေးသတဲ့။အလွန်အလှမက်တဲ့ ရူပနန္ဒာဘဲ နေ၊

အဲ-သို့ကလို ရူပနန္ဒာက မိန်းမအချင်းချင်း အဆင်းကိုနှစ်သက်တဲ့သဘောနှင့်၊ပွေ့ချင် ပိုက်ချင်,ဖြစ်လာတဲ့အခါ၊ အောင့်၍မထားနိုင်ဘဲ၊သူကစတင်ပြီး ရင်ခွင်ပေါ်မှာ တမှေးလောက် အိပ်လှဲစမ်းပါလို့ ခေါ်လိုက်သတဲ့။

(၈) နပဉ္စကာလော သုဘဂေ၊ဥစ္စင်္ဂေမေ နိဝါသယ၊
သိဗန္တိ၀ မမင်္ဂါနိ ပသုပ္ပယ မုဟုတ္တကံ။ ။

(၈) သုဘဂေ၊ အို-သုဘလက္ခဏာ၊ အင်္ဂါရုပ်သွင်၊ ရှုချင်စဘွယ်၊တင့်တယ်ထွန်းသစ်,မိတ်ဆွေချစ်။အယုံ၊ ဤအခါ,သည်ကား။ နပဉ္စကာလော၊ နှုတ်ခွန်းဆက်ကမ်း၊ မေးမြန်းစိစစ်၍ နေရအံ့သောအချိန်အခါမဟုတ်ပေ။မေ၊ငါ၏။ဥစ္စင်္ဂေ၊ နူးညံ့ပျောင်းပျောင်း ရင်ခွင်ပေါ်၌၊ နိဝါသယ၊ ချင်မှုချစ်ဟန်ဖြင့်၊ အမြန်တက်၍ စံလှဲပါလေ။ မမင်္ဂါနိ၊မှီအုံးတန္တု၊ ညှံ့နူလှစွာ ငါ၏ ကိုယ်အင်္ဂါတို့ကို။ သိဗန္တိ၀၊ လျော်ကာ မှီးဘ၊ နွဲ့သည်ကလျှင်။မုဟုတ္တကံ၊တခဏကလေး၊တမှေးတမှိတ်လောက်တိုင်ရုံ။ပသုပ္ပယ၊ ခေါ်တာကို မငြင်းပါနှင့်၊လှရုပ်ဝါသွင်အဆင်းရှဲ၊ချစ်ရည်တူ, ညီမအရင်းကဲ့သို့၊ရဲတင်းစွာ စက်တော်ခေါ်လှဲပ၊ ပျော်ရအောင်သိပ်ပမယ် ညီမလေး။

အဲ-သို့ကလိုခေါ်တော့၊ ရှင်တော်ဘုရား၏ အလိုတော်နှင့် အခန့်သင့်နေသဖြင့်၊ ဘန် ဆင်း တော် မူ ထား တဲ့ သို့:က ညာကလေးလဲ အပေါ်တော်မှုခါပြီး၊ရူပနန္ဒာ၏ထံသို့သွား၍၊ ရင်ခွင်ပေါ်မှာ အသာကလေး လှဲအိပ်လိုက်သတဲ့။ ။သည်တော့၊ ရူပနန္ဒာ၏စိတ်ထဲမှာ၊ လွန်စွာ နှစ်သက်သပေါ့လေ။ သူ့အလိုဆန္ဒအတိုင်း ပြည့်စုံသွား

တာကိုး။ ။မိမိရင်ခွင်ထဲသို့ အချစ်ခဲကလေး ရောက်လာတော့။ သွီးကလေးများပွင့်သလို ပွင့်ကာ, ပိုက်ကာနှင့် မျက်နှာကလေးက လဝန်းလိုလှပတယ်။နှာတံကလေးက သွယ်ညှုန်း၍။ပုံသွင်းထားသလို လှပတယ်။နှုတ်ခမ်းကလေးက ပဒ္မမြားလိုနီမြန်းပြီး၊ နှင်းဆီပန်းလို လှတယ်၊ မျက်လုံးက အနေတင့်၍ ရွှေသမင့်ဟန်နှင့် တူတယ်။ မျက်တောင်ကြော့ကြော့ မျက်ခုံးကော့နှင့်ရယ်တော့မလိုလို မျက်နှာကလေးကချိုပါပေတယ်၊ ။ရွှေလည်တိုင်မော့မော့နှင့် ပြော့ပြော့ ပျောင်းပျောင်း ဆံပင်ကောင်းတဲ့ ပြင်ဖယောင်းဝါကလေးနှင့်တူတဲ့ နားနှစ်ဘက်ကလဲ နှစ်သက်စရာ ကောင်းတယ်။အဲ-သို့ကလို နိမ္မိတ ရုပ်သွင်၏ ကိုယ်အင်္ဂါသဏ္ဌာန အလုံးစုံကို အကုန်စေ့ငုအောင် စိန်းစိန်းရှုပြီးချီးမွမ်းနေသတဲ့။ ။ရှင်တော်ဘုရား၏ထံတော်ပါးမှာ သွီးကလေးများကို ဘျိစယ်သလို ရူပနန္ဒာရဲ့ပြုမူပုံဟာ လွန်စွာ ကဲ့ရဲ့ဘွယ် ကောင်းဘာပေါ့လေ၊ ။သို့ရာတွင် သူ့ရုပ်ကောင်းနှင့် ပြုပြီး ဝိဇ္ဇလက်တွေ့တရားကို ဟောကြားတော် မူသိဘဲ့ အတွက် ရှင်တော်ဘုရား ကိုယ်တော်တိုင်က ဘန်ဆင်းလို့ပြခဲ့တဲ့ ကိစ္စတော် ကြီးဖြစ်နေတော့ ရူပနန္ဒာကို အပြစ်ဆိုတို့ မရှိပါဘူး။

## ရူပနန္ဒာ တရားရတော့မည်

အဲ-သို့ကလို နိမ္မိတရုပ်သွင်ကို ရင်ခွင်ပေါ်မှာတင်ပြီး မိမိနှစ်သက်တဲ့အတိုင်း စိန်းစိန်းရှုစား၍နေတုန်းမှာပင် ဖြူးကနဲဘယ်လို ဘောက်ပြန်လာသလဲလို့ဆိုတော့၊ ။မောင်ဘောင်ဘုရားဘန်ဆင်းတော်မူထားတဲ့ နိမ္မိတရုပ်သွင်၏ နဖူးပြင်ကစပြီး ပထမ ချွေးဦးစွာ နှမ်းစေ့မျှလောက်ရှိတဲ့အဖုကလေးတွေပေါက်လာတယ်၊ ထိုအဖု အနိမ့် ကလေးတွေဟာ မကြာမီအတွင်း ကြီးပြင်း ရောင်ရမ်း လာလိုက်ထာ ဇီးကင်းခန့် ဇီးသီးခန့် ဇီးဖြူသီးခန့် သမ္ဘရာသီးခန့်၊ ရှောက်သီးခန့်မှစ၍ ရိပ်ရိပ် ရိပ်ရိပ်နှင့် အထင်အရှား ကြီးပွါးလာပြီးတော့၊ မကြာခင်အတွင်းမှာ ပေါင်းကနဲ, ပေါင်းကနဲ၊ ဖူးဖူးရောင်တဲ့ အသုံးကြီးတွေပေါက်ကွဲကြတယ်။ ။ဖျောက်တွေခွဲသလို အဖုကြီးတွေ ပေါက်ကွဲလာတဲ့အခါမှာ သွေးပြည်တွေ ယိုစီး၍ အပုံ

ကြီး ရှိဘွယ်ကောင်းတော့တာပေါ့။ ။အဖုကြီးတွေ ပေါက်ကွဲ၍ သွေးပြည်ယိုစီးတဲ့အခါ အလွန်တရာလှပတဲ့ သူငယ်မကလေးဟာ ကြည့်ဝံ့စရာမရှိအောင် ကြောက်မက်ဘွယ်ကြီး ဖြစ်သွား ပါရော။ ထို့နောက် တကိုယ်လုံး ဖူးဖူးရောင်ဘဲ့ "ဥဒ္ဓုမာတက" အကောင် ကြီး ဖြစ်လာတယ်၊ ထို့နောက် မကြာခင် အတွင်းမှာ အပိမ့်အပိမ့် အညိုကွက်, အမဲကွက်, ကြီးတွေထပြီး၊ ဝိနီလကအကောင်ကြီး ဖြစ် လာတယ်။ ။ထို့နောက် မကြာခင်အတွင်းမှာပင် အညိုကွက်ကြီး တွေက သွေးပုပ်, ပြည်ပုပ်, တွေ ယိုစီးပြီး၊ ဝိပုဗ္ဗက အကောင်ကြီး ဖြစ်လာပါရော။ သည်လိုဖြစ်ဘဲ့အခါ ဘယ်မှာကြည့်ဝံ့စရာ ရှိတော့ မှာလဲ။ ။ယခင်က အမြင်လှဘဲ့ ကိုယ်အင်္ဂါ သဏ္ဍာန်တွေဟာလဲ တခုမှမရှိတော့ဘဲ ပျက်စီးကုန်ပါရော။ ။မပျက်စီးခင်က ငြင်လန်း တဲ့ သောမနဿဓာတွေနှင့် ကြည့်နေခဲ့ရာ၊ ဖူးရောင်ညိုကွက် သွေး, ပြည်, ထွက်ဘဲ့ အကောင်ကြီး ဖြစ်လာတော့ ဘယ်မှာ သောမနဿဓာနှင့် ကြည့်နိုင်ပါတော့မလဲ။

ရူပနန္ဒာမှာလဲ မိမိရင်ခွင်ထဲမှာ မလွဲသာအောင် ဇွတ်ကြိုနေ တော့၊ ။ရင်တုန်လုခမန်း ကြောက်လန့် ရွံမုန်းကြီး ဖြစ်နေတော့ တာပေါ့၊ ပရိသတ်အတွင်းက အတင်း ထပြေးရမှာကလဲ အခက် သားမို့၊အတင်းပေပြီးနေရရှာတော့တာဘဲ။ ။ရူပနန္ဒာမှာ လွန်စွာ သန့်ပြန့်၍ ရွံရှာတတ်ဘဲ့ နဂိုသဘောရင်းရှိခဲ့သည့်အတိုင်း မမြင်ဝံ့, မရှုသာအောင် လွန်စွာစက်ဆုပ်ဘွယ် ကောင်းတဲ့ အကောင်ပုပ် ကြီးကို ရင်ခွင်ထဲမှာမလွှဲသာအောင် မြင်နေရတော့ ရွံလိုက်ပုံများ အထူးပြောကြားဘို့ မလိုတော့ပါဘူး။ ။အပုပ်နံ့တွေနံပြီး မခံနိုင် အောင် ဖြစ်နေဘဲ့အတွက် နှာခေါင်းကိုရှုံ့ပြီး ငိုနေပါသော်လဲ သက်သာခွင့်ကို မရဘဲ ပျို့အန်တော့မတတ် အကြပ်ကြီး ကြုံနေ ရှာတယ်။ ။နဂိုရင်းက လာခဲ့ပါ၊ ရင်ခွင်ထဲမှာ အိပ်လှဲပါ၊ ပျော် အောင် သိပ်ပါမယ်လို့၊ မိမိကစတင်ပြီး တမင်တကာ ခေါ်မိတဲ့ အတွက် ရင်ခွင်ထဲက အတင်းပစ်ချဘို့လဲ အခက်သား ဖြစ်နေတာ ပေါ့။ ။အလှကြိုက်တဲ့ ရူပနန္ဒာမှာ သည်တခါဖြင့် လွန်စွာဆင်းရဲ

တဲ့ အဖြစ်ကြီးနှင့် တွေ့ကြုံနေရရှာတော့ တာဘဲ။ ရှုပနန္ဒာရဲ့ စိတ်ထဲမှာသဲ အစကမခေါ်ဘဲနေမိလျှင် အကောင်းသား၊ ခေါ်မိတဲ့ အရေးကြောင့် ဒုက္ခပေးနေပြီတကား၊ ငါချစ်ခင်တဲ့ အလှကလေး တွေဟာ ဘယ်မှာရှိတော့သလဲ၊ အလွန်တရာမှ ရွံစရာကောင်းလှပါ ကလားလို့ အကြံဖြစ်နေသတဲ့။

ဆဲသည့်အခါ ရင်ခွင်ထဲမှာ ဒုက္ခတွေ့နေတဲ့ သူငယ်မကလေးက လွန့်ကာ လိမ့်ကာ လွန်စွာ ဆင်းရဲလှသော အမူအရာဖြင့်၊ ကယ်ပါ အုံး,ထူပါအုံး၊ သေရချည်တော့မယ်။ ဆင်းရဲလှချည့်ရဲ့။ ဆဲ-သို့ကလို ငြီးတွားပြီး ရှုပနန္ဒာကို တောင်းပန်ရှာသတဲ့။

(ဂ) ဒုက္ခေန ဒုက္ခိတာ ဟောမိ၊ ဖုသယန္တိ စ ဝေဒနာ။
မဟာ ဒုက္ခေ နိဂ္ဂမ္ဘိ၊ သရဏံ ဟောဟိ မေ သခိ။

(ဂ) သခိ၊ ရင်ခွင်ပေါ်တွင်၊ ပျော်ပျော်သိပ်ပေ၊ ချစ်မိတ်ဆွေ။ အဟံ၊ ကျွန်တော်မသည်။ ဒုက္ခေန၊ ဖူးရောင်ညိုကွက်၊ သွေးပြည် ထွက်၍၊ မသက်မသာ၊ လွန်စွာပင်ပန်း၍၊ ကြမ်းတန်းသော ဆင်းရဲ ဒုက္ခကြီးဖြင့်။ ဒုက္ခိတာ၊ လိမ်ကာ, လွန့်ကာ ငြီးတွား၍ မသက်သာ အောင်၊ လွန်စွာဆင်းရဲပင်ပန်း၍နေရပါပြီ၊ ဝေဒနာစ၊ တကိုယ်လုံး ပင်၊ ထိုးကျင်ကိုက်ခဲ၊ ဆင်းရဲလှစွာ၊ ဝေဒနာတို့သည်လည်း။ ဖုသ ယန္တိ၊ အပ်သွားချစရာ မလပ်အောင်၊ ထိကပ်ဆိုက်ရောက်၍နေကြ လေကုန်သည်တကား။ မဟာဒုက္ခေ၊ ဘင်ပုပ်ငရဲ၊ ပြာပူထဲသို့၊ ဆွဲ၍ ချတဲ့အဟုန်၊ ပူပန်လောင်စပ်၊ မရပ်မနား အခင်အားထန်ပြင်း၊ ဆင်းရဲ တွင်း၌။ နိဂ္ဂမ္ဘိ၊ နစ်မြုပ်သက်ဆင်း၍ အပူတပြင်း ထိုးကျင်လှပါ၏။ သခိ၊ သနားခံ၍၊ တောင်းပန်သင့်ပေ၊ ချစ်မိတ်ဆွေ။ မေ၊ တလိမ်လိမ် တလွန့်လွန့်နှင့်၊ တွန့်ကာတွန့်ကာ မသက်သာဘဲ၊ ဝေဒနာကြီးလှ၊ ကျွန်တော်မ၏။ သရဏံ၊ ကူဖေါ် ကယ်ဖေါ်၊ ဖြေဖျော်သနား၊ အားထားလောက်စွာ၊ ကိုးကွယ်ရာသည်။ ဟောဟိ၊ ဖြစ်တော်မူပါ ဘုရား။

ဆဲ-သို့ကလို ရင်ခွင်ထဲက လူးလဲကာငိုဘော့၊ ရှုပနန္ဒာမှာ မကြံသာ, မကြံတတ် အကြပ်ကြီးကြပ်နေပြီး၊ တတ်သမျှ,မှတ်သမျှ,

ကျည်ရှာတယ်။ သို့ရာတွင် ဝေဒနာကတော့ မသက်သာသေးပေ၊ ရင်ခွင်ထဲမှာ လွန်ကာလိမ့်က လွန်စွာဆင်းရဲတဲ့ သူငယ်မကလေး ကိုကြည့်ရှုပြီး၊ ရူပနန္ဒာကကရုဏာရောက်တဲ့ဂါထာတို့ဖြင့်၊သို့ကလို မြည်တမ်းရှာသတဲ့။

(ည) ကုဟိံ ဝဒနသောဘဏ္ဍေ၊ ကုဟိံ တေ တုဂ်နာသိကာ၊
တမ္ဗဗိမ္ဗ ဝရောဋ္ဌဉ္စ္ဆေ၊ ဝဒနံ တေကုဟိံ ဂတံ။

(ည) သုဘဂေ၊ အင်္ဂါတင့်တယ်၊ ကောင်းကြွယ်ပြည့်စုံ၊လှဂုဏ် သရေ၊ ချစ်မိတ်ဆွေ။ တေ၊ သင်ချစ်ဆွေမ၏။ ဝဒနသောဘံ၊ မကြာ မီပင်၊ တွေ့မြင်တုံရ၊ အလှတင့်ဆန်း၊မျက်နှာပန်းသည်။ကုဟိံဂတံ၊ ဘယ်ရောက်၍၊ ပြယ်ပျောက်ရှာလေဘိသနည်း။ တေ၊ သင်ချစ်ဆွေ မ၏။ တုဂ်နာသိကာ၊ မြင့်သွယ်ချွန်းချွန်း၊ ရွှေကိုသွန်းသို့၊ လုံးဝန်း ဖြောင့်ဟန်၊ ရွန္နှာတံသည်၊ကုဟိံဂတာ၊ ဘယ်သို့ရောက်၍၊ပျောက် ရှာလေဘိသနည်း။ တေ၊ သင်ချစ်ဆွေမ၏။ တမ္ဗဗိမ္ဗ ဝရောဋ္ဌံ၊ ကောင်းစွာမှည့်ပြီး၊ ကျီးအာသီးနှင့်၊ ပုံမြိုးနှိုင်းရာ၊ နီကျလှဆန်း၊ ရှင့်နှုတ်ခမ်းသည်၊ ကုဟိံ ဂတံ၊ဘယ်သို့ရောက်၍ပျောက်ရှာလေဘိ သနည်း။ တေ၊ သင်ချစ်ဆွေမ၏။ ဝဒနံ၊ ပန်းကြာတိုက်သဘွယ်၊ မွှေးကြွယ်ချသင်း၊ ရှင့်ခံတွင်းသည်။ ကုဟိံ ဂတံ၊ ဘယ်သို့ရောက်၍ ပျောက်ရှာလေဘိသနည်း။

ရူပနန္ဒာက အဆင်းဂုဏ်ကို ဖွဲ့နွဲ့ကာ မေးမြန်းတဲ့ဂါထာဟာ၊ လွန်စွာကောင်းပါပေတယ်။ အဓိပ္ပါယ်ကတော့ သည်လိုတဲ့။ အို- ချစ်ဆွေမကလေး၊ ငါ၏ ရင်ခွင်မှာ မကြာခင်ကပင် တွေ့မြင်ရတဲ့ မျက်နှာကလေးဟာ ဘယ်သို့ရောက်၍ ပျောက်ရှာလေသလဲ။ မြင်စ အခါမှာတော့။ လွန်စွာလှပ၍၊ ရှုမြင်ရင်း အားမရနိုင်အောင်ရှိနေ တယ်။ယခုအခါမှာတော့ ရှုစရာမကောင်းအောင် ပျက်စီးချုတ်ယွင်း ကုန်ပါပေါ့ကလား။အို-ချစ်ဆွေမကလေး အလွန်လှပတဲ့ နှာခေါင်း ချွန်းကလေးဟာ ဘယ်သို့ရောက်၍ ပျောက်ရှာလေ သလဲ။ ။အို- ချစ်ဆွေမကလေး ပတ္တမြားသွေးပမာ ကျီးအာသီးမှဲ့အသွင် ချစ်ခင်

ဘွယ် ကောင်းလှတဲ့ နှုတ်ခမ်းနီ ကလေးဟာ၊ ဘယ်သို့ရောက်၍ ပျောက်ရှာလေသလဲ၊ အို-ချစ်ဆွေမကလေး၊ စမ္ပယ်, နှင်းဆီ, သရဖီ သဘွယ်၊ ပျံ့ကြွယ်မွှေးကြိုင်၍၊ သင်းလှိုင်ဘဲ့ ခံတွင်းကလေးဟာ၊ ဘယ်သို့ရောက်၍ ပျောက်ရှာလေသလဲ။ ယခုအခါ၊ မရှုသာအောင်၊ လွန်စွာ ပျက်ပြယ်၍ စက်ဆုပ်ဘွယ်ကောင်းလေစွတကား။ ။ဆဲ-သို့က လို မေးမြန်းရှာတယ်။ ထိုနောက်တဘန် ဘယ်လိုမေးမြန်းပြန်သလဲ လို့ဆိုတော့၊ သည်လိုတဲ့။

(၃၃) ကုဟိံ သသိနိဘံ ဝဏ္ဏံ၊ ကမ္ဗုဂီဝါ ကုဟိံ ဂတာ။
ဒေါလောလုလ္လာဝတေကဏ္ဏာ၊ ဝေဝဏ္ဏံ သမုပါဂတာ။

(၃၃) သုဘဂေ၊ အင်္ဂါဘင့်တယ်၊ ကောင်းကြွယ်ပြည့်စုံ၊ လှဂုဏ် ကြက်သရေ၊ ချစ်မိတ်ဆွေ၊ သသိနိဘံ၊ စန္ဒာဘုံနှန်း၊ ယုန်စန်းအသွင်၊ ကြည်လင်အေးမြ၊ ရှုတိုင်းလှသော၊ တေ၊ သင်ချစ်ဆွေမ၏၊ ဝဏ္ဏံ၊ ပြောင်ပြောင်ထိန်လင်း၊ ကိုယ်အဆင်းသည်၊ ကုဟိံ ဂတံ၊ ဘယ်သို့ ရောက်၍၊ ပျောက်ရှာလေဘိသနည်း၊ ကမ္ဗုဂီဝါ၊ ခရုရိုးစည် သဘွယ်၊ ကြော့သွယ်သေးသေး၊ လည်တိုင်မော့ကလေးသည်၊ ကုဟိံ ဂတာ၊ ဘယ်သို့ရောက်၍၊ ပျောက်ရှာလေဘိသနည်း။ ဒေါလော လုလ္လာဝ၊ မြဲအေးယဉ်နွဲ့သလို၊ တလွဲလွဲ လှုပ်၍နေသော။ တေ၊ သင်ချစ်ဆွေမ၏။ ကဏ္ဏာ၊ ပတ္တမြား, ဗိန်, အရှိန်လက်လက်၊ နားကလေး နှစ်ဘက်ဘို့သည်၊ ကုဟိံ ဂတာ၊ အဘယ်သို့ရောက်၍ ပျောက်ရှာလေကုန်ဘိသနည်း။ ဝေဝဏ္ဏံ၊ ရှေးနှင့်မတူ၊ အမူအဆင်း ပျက်သွင်းခြင်းသို့။ သမုပါဂတာ၊ ဆိုဆိုသာသာ၊ မြင်ဆဲမှာပင်၊ လျှင်စွာ ဆိုက်ရောက်ကြလေကုန်တော့ပြီတကား။

ဆဲသည် ဂါထာ၏ ဆိုလိုရင်း အဓိပ္ပါယ်ကတော့ သည်လိုတဲ့။ အို-ချစ်ဆွေမကလေး၊ လ,မင်း၏အရောင်ကဲ့သို့၊ အေးမြအောင် ပြုတတ်တဲ့၊ နုနုဖတ်ဖတ် ကိုယ်အရောင်ဟာ၊ ဘယ်သို့ရောက်၍ ပျောက်ရှာလေသလဲ။ ။အို ချစ်ဆွေမကလေး၊ ခရုရိုးစည်သဘွယ်၊ သွယ်သွယ် သေးသေး လည်တိုင်မော့ကလေးဟာ၊ ဘယ်သို့ရောက်၍

ပျောက်ရှာလေသလဲ။ ။အို-ချစ်ဆွေမကလေး၊ စိန်, မြ ပတ္တမြားတို့ကိုဆွဲ၍၊ ရွှေအေးယဉ် နွဲ့သလို၊ တလွဲလွဲ လှုပ်၍နေတဲ့ နားကလေးနှစ်ဘက်ဟာ၊ ဘယ်သို့ရောက်၍ ပျောက်ရှာလေသလဲ။ ။ရှုနေတဲ့အတွင်းမှာ၊ အသွင်အဆင်းဘောက်ပြန်၍၊ မူဟန်ပြောင်းလွဲလျက်၊ လွန်ကဲသော စက်ဆုပ်ဘွယ်အဖြစ်သို့ ရောက်ကုန်ပါပေါ့တကား။ ။ အဲ-သို့ကလို မေမြန်း ပြောဆိုပြီး၊ ထိုနေးက်တဘန်၊ သို့ကလို ပြောဆိုပြန်သဟဲ့။

(၂၅) မကုဋ္ဌခါရကာ ကာရာ၊ ကာလကာဝ ပယောဓရာ။
ပဘိန္နာ ပူတိကုဏပါ၊ ဒုဋ္ဌဂန္ဓိံ့တွမာဂတာ။ ။

(၂၅) သုဘဂေ၊ အင်္ဂါဘင့်တယ်၊ ကောင်းကြွယ်ပြည့်စုံ၊ လှဂုဏ်အသရေ၊ ချင်မိတ်ဆွေ။တော၊ သင်ချစ်ဆွေမ၏။ မကုဋ္ဋခါရကာကာရာ၊ ရွှာဘည်သီးပုံ၊ ပန်းငုံ, ပန်းဖူး၊ ဆာန်းထူးမောက်မို၊ နှစ်လိုစဘွယ်၊ လွန်တင့်တယ်ကုန်ထသော၊ ပယောဓရာ၊ ရင်ဦးရတနာ၊ နှစ်ဖြာရှက်စုံ၊ ပန်းနှစ်ငုံတို့သည်၊ ကာလကာဝ၊ ပျောင်းအိုရေ့ရဲ၊ မကျော့ဘဲလျှင်၊ တွဲရွဲ ကျ၍နေကြကုန်ပြီတကား။ ပဘိန္နာ၊ ဖူးဖူးရောင်လျက်၊ အခြေပျက်၍ ကွဲအက်ပွင့်ပေါက် ရှာ ကြ လေ ကုန် ပြီတကား၊ ပူတိကုဏပါ၊ အကောင်ပုပ်ကဲ့သို့ စက်ဆုပ်တွ ဘွယ်၊ ရွံစဘွယ်လျှင်၊ တင့်တယ်ကင်းပ၊ ပျက်စီးကြကုန်ပြီတကား။ တွံ၊ သင်ချစ်ဆွေမသည်၊ ဒုဋ္ဌဂန္ဓိံ၊ ညှီဟောင်ပုပ်သိုး၊ အနံ့ဆိုးသည်၏အဖြစ်သို့၊ အာဂတာ၊ ယခုချက်မှောက်မှာ၊ ဆိုက်ရောက်၍နေချေပြီတကား။

သည်ဂါထာ၏ ဆိုလိုရင်း အဓိပ္ပါယ်ကတော့ သည့်လိုတဲ့၊ အို-ချစ်ဆွေမ၊ ရှေးမြင်စအခါတုန်းကတော့၊ သင်၏ ရင်ဦးရတနာ၊ ပန်းနှစ်ဖြာတို့သည်၊ လွန်စွာတင့်တယ်၍၊ ရှုစဘွယ်ကောင်းလှပေ၏။ ရွှေတည်သီးပုံ, ပန်းဖူး, ပန်းငုံတို့နှင့်တူလှပေ၏။ ယခုအခါမှာမူကား၊ ခိုင်မာတောင့်တင်းခြင်းမရှိဘဲ၊ ဝဲ အိုလျှောကျကုန်ပြီးလျှင်၊ နဂိုမူလအခြေပျက်၍ ကွဲအက် ပေါက်ပြဲကြလေကုန်ပြီ။ အကောင်ပုပ်ကဲ့သို့

စက်ဆုပ်ဘွယ်ကြီး ဖြစ်၍နေလေပြီ။ ။ချစ်ဆွေမ၏ ရင်ဦးရတနာ၊ ပန်းနှစ်ပြွတ်ရှိသည် ဘယ်သို့ရောက်၍ ပျောက်ကြလေကုန်သလဲ၊ သင်ချစ်ဆွေမ၏ ကိုယ်ရနံ့သည်၊ တွေ့စဦးအခါ၊ လွန်စွာမွှေးကြိုင်သော်လဲ၊ ယခုအခါ လွန်စွာပုပ်သိုး၍၊ အနံ့ဆိုးကြီးထွက်၍နေပြီတကား။ သင်၏ကိုယ်ရနံ့များသည်၊ ဘယ်သို့ရောက်၍ ပျောက်ကြကုန်သလဲ။ ။အဲ-သို့ကလိုမေးမြန်းပြီး၊ထိုနေ့ကတဘန် သို့ကလိုဆက်၍ မြည်တမ်းပြန်သတဲ့။

(၃) ဝေဒိမဏ္ဍာဝ သုသောဏိ၊ သူနာဝ နိတဂ်ဒ္ဓိသာ။
ဇာတာ အမဏ္ဍ ဘရိတာ၊ အဟောရူပ မသဿတံ။ ။

(၃) သုဘဂေ၊ အင်္ဂါတင့်တယ်၊ ကောင်းကြွယ်ငြိမ့်စုံ၊ လှရုဏ် အသရေ၊ချစ်မိတ်ဆွေ။ ဝေဒိမဏ္ဍာဝ၊ ရွှေပွတ်တိုင် အလယ်ချက်နှင့် တူသော။တေ၊သင်ချစ်ဆွေမ၏။ သုသောဏိ၊ တင်ချီချီ, ရင်ချီချီ၊ အလယ်ဆိမ်မှာ သိမ်သေး၍ တင့်တယ်တဲ့ ရွှေဘိုင်ကလေးသည်။ ဒါနိ၊ ယခုအခါ၌။ သူနာဝနိတကိဗ္ဗိသာ၊ ဖူးဖူးရောင်သော သူသေကောင် ကဲ့သို့၊ မမြင်ဝံ့အောင် အာသွင်မကောင်းဘဲ၊ ဖေါင်းဖေါင်းပွပွကြီး ဖြစ်၍ နေပြီတကား။ အမဏ္ဍာဘရိတာ၊ မစင်ဖြင့် ပြည့်သိပ်သော၊ သားရေအိတ်အပွကြီးကဲ့သို့။ဇာတာ၊ ဖြစ်၍နေခဲ့ပါပြီတကား။ ရူပံ၊ လှတယ်,ယဉ်တယ်,ခင်ဘွယ်ထင်ခြင်း၊ ရုပ်အဆင်းသည်၊ အဟော အ-သဿတံ၊ ကြာမြင့်အောင် မတည်နိုင်ဘဲ၊ ဖောက်-မခိုင်မြဲသော သဘောကြီး ရှိပါသည်တကား။

သည်ဂါထာ၏ ဆိုလိုရင်း အဓိပ္ပါယ်ကတော့ သည်လိုတဲ့။ ။

''အို ချစ်ဆွေမကလေး၊ယခင်က မြင်စအခါ၊သင်၏ ခါးကလေး သည် ရွှေပွတ်တိုင်၏ အလယ်ဗဟိုကဲ့သို့ သေးသွယ်၍၊ တင်ချီချီ ရင်ချီချီ နှင့်၊ရှုချင်စဘွယ်၊အလွန် တင့်တယ်လှပါပေတယ်။ ။ယခုအခါ မှာတော့၊ဖူးဖူးရောင်တဲ့သူသေကောင် အလားကဲ့သို့၊ ငမ်းဗိုက်ကား ကားနှင့်၊ခါးပွပွကြီးဖြစ်၍ နေပြီဘကား။ သေးသွယ်သောခါးသည်၊ ကြီးမား ပြည့်ကယ်လျက် နေချေပြီတကား၊ စက်ဆုပ်ဘွယ်သော

ဝတ္ထုတို့ဖြင့်၊ အပြည့်အနှက် သိပ်၍ ထည့်အပ်သော သားရေအိတ်ကြီးကဲ့သို့ ချစ်ဆွေမ၏ ခါးသည်လည်း မစင်ကြယ်သော ဝတ္ထုတို့ဖြင့် ပြည့်လျှံ၍နေချေပြီတကား။ ။တင်ပျို့ပျို့ ရင်မို့မို့နှင့် ရှုလို့မဆုံးနိုင်အောင်လှပတဲ့ ဖွံ့ခါးတိုင် ကလေးသည်၊ ဘယ်သို့ရောက်၍ ပျောက်ရှာလေသလဲ။ ။ဩော်-အရုပ်အဆင်း ဆိုတာ မခိုင်မြဲဘဲ လွယ်လွယ်နှင့် ယိုင်လဲခြင်း သဘော ရှိပါတကား။ ။အဲ သို့ကလို အဓိပ္ပါယ်ဆိုလိုဘယ်။

ရူပနန္ဒာရွတ်ဆိုတဲ့ ဂါထာကလေး တွေဟာ လွန်စွာ သံဝေဂရဘို့ကောင်းပါပေရဲ့။ ဂါထာသံနေသံသားနှင့် အသွားအလာများလဲ လွန်စွာညက်ညောပါပေတယ်။ အဓိပ္ပါယ်ကလ အလွန်ဆန်းကြယ်၍ တရားရစဘွယ်ကောင်းပါပေရဲ့။ ။ရှေးဦးပထမမှာအဆင်းဂုဏ်များကို ချီးကျူးပြီး၊ အဆုံးသတ်တဲ့အခါ၊ သံဝေဂ အဓိပ္ပါယ်မျိုးနှင့် နိဂုံးချုပ် ချုပ်သွားတဲ့ ဂါထာများ ဖြစ်ပေတယ်။ ။အလွန် မှတ်သားဘွယ်ကောင်းဘဲ့အတွက် အပဒါန် ပါဠိတော်ကြီးမှာ လာဘဲ့အတိုင်း အပြည့်အစုံ ဘော်ပြလိုက်ရတာဘဲ။

ရူပနန္ဒာမှာလဲ မိမိခုင်ခွင်ကြားမှ အထင်အရှားပျက်စီးပုံတွေကို သေချာစွာ မြင်ရတော့ သံဝေဂမရချင်တယ်လို့ မနေနိုင်ရှာတော့ဘူး။ ။ဒိဋ္ဌရုပ်ပုံနှင့် ဥဒါဟရဏ်ကြီးက သက်သေ ပြနေ တာဘဲ ဘယ်မှာ သံဝေဂမရဘဲ နေနိုင်ပါတော့မလဲ။ ။ရှင်တော်မြတ်ဘုရားကလဲ၊ နှမဘော်တပါးကို သနားတော် မူပါပေတယ်။ ကျွတ်တမ်းမဝင်လျှင် မနေရအောင် ဥဒါဟရဏ်ကြီး ထုတ်ဆောင်ကာ ဘက်တော်သို့ အပါဆွဲတော်မူရတာ မဟာကရုဏာတော်၏ အစွမ်းပေပေါ့။ ရှင်တော်ဘုရား၏ လက်ထက်တော်မှာ ဒိဋ္ဌရုပ်ပုံနှင့် ဥဒါဟရဏ်ပြကာ၊ ချေချွတ်တော်မူရတဲ့အကြိမ်ပေါင်းမှာတော့၊ ခေမာမိဖုယားကြီးကို တကြိမ်၊ နှမတော် ရူပနန္ဒာကို တကြိမ်၊ သို့ကလို နှစ်ကြိမ်, နှစ်ခါ ကရုဏာရှေ့သွား၍ ဟောကြား ချေချွတ်တော် မူခဲ့ပေတယ်။ ခေမာနှင့် ရူပနန္ဒာတို့လဲ အဆင်းမာန် တက်တဲ့ အရာ

မှာတော့ ရွှေလက်သက်တော်အခါ ပထမတန်းက နေတဲ့ အကျော် အမော် နှစ်ဦးပါဘဲ။

ကဲ-ဝတ္ထုကြောင်းကို ဆက်ကြဦး။ ။ရူပနန္ဒာသည်၊ မိမိရင်ခွင် ထဲမှာ အဆင်းပျက်စီးတဲ့ အမူအရာတွေကို အသေအချာမြင်ရတော့ ''ဪ-အရုပ်အဆင်း လှပခြင်းဆိုတာ ဘာမျှမခိုင်မြဲ ပါကလား။ မခိုင်မြဲတဲ့ အဆင်းကလေးကို အရေးတကြီးလုပ်ပြီး မာန်တက်နေ ခြင်းဟာ လွန်စွာမှားပါကလား'' လို့တရေးသဘောပေါက်တဲ့ စိတ်တွေ ဖြစ်လာတယ်။ ။ဆဲ-သို့ကလို သံဝေဂဖြစ်လာပြီးနောက် အတိုင်းထက် အလွန်ပျက်စီးတဲ့ နိဗ္ဗိဒါချစ် သွင်ကိုကြည့်ပြီး ညည်းညည်းတွားတွား နှင့် တရားသံဝေဂ တပုန်ကို သို့ကလို ရွတ်ဆိုလိုက်ပြန်တယ်။

(ခ) သဗ္ဗံ သရီရသဥ္ဇာတံ၊ ပူတိဂန္ဓံ ဘယာနကံ။
သုသာနမိဝဝေဘတ္တံ၊ ရမန္တေ ယဥ္ဗာလိယား။ ။

(ခ) သဗ္ဗံသရီရသဥ္ဇာတံ၊ သည်ကိုယ်ကြီးနှင့် စပ်ဆိုင်သမျှ၊ လုံးဝမကြွင်း၊ ခပင်းများစွာ အရာရာသည်။ ပူတိဂန္ဓံ၊ စက်ဆုပ်ဘွယ် အနံ့မျိုးဖြင့်၊ သိုးပုပ်ညှီဟောင်၍ သာနေကြလေသည်တကား။ ဘယာ နကံ၊ ရှုဝံ့မမြင်သာသဖြင့် မျက်နှာလွှဲရှောင်၍၊ ဝေးအောင်ပြေးပုန်း ရသော၊ ဘေးတုံး, ဘေးခဲ, အစစ်ကြီးတွေသာ ဖြစ်ကြလေသည် တကား။ သုသာနမိဝ၊ သူသေမြုပ်နှံ၊ မြေသုသာန်ကဲ့သို့။ ဝေဘတ္တံ၊ အသံကိုမျှ မကြားဝံ့အောင် ကြောက်ရွံ့ကား သွေးချန်၍ နှလုံး တုန်ဘွယ် အစစ်ကြီးပင်တည်း။ ယံ၊ အကြင်စက်ဆုပ် ရွံဘွယ်၊ မတင့်တယ်၍၊ အကယ်သိုးပုပ်၊ ဤကိုယ်ရုပ်၌။ ဗာလိယာ၊ တရား သဘော၊ တွေးတောခရှိ၊ မသိယောင်ဝါး၊ လူငွေးတို့သည်။ ရမန္တေ၊ မလွှတ်နိုင်ဘဲ မခွဲနိုင်ရက် မက်ကြီးမက်၍နှစ်သက်ပြုံမွှဲအုံး၊ တပြုံးပြုံး နှင့်၊ သုံးကာ, ဆောင်ကာ၊ ပျော်ကြရှာလေကုန်သတည်း။

သည်ဂါထာ၏ ဆိုလိုရင်း အဓိပ္ပါယ်ကတော့။ အလုံးစုံကိုယ်နှင့် စပ်လေသမျှ ကိုယ်မှဖြစ်လေသမျှသည်၊ တင့်တယ်ကောင်းမြတ်သည် ဟူ၍မရှိဘဲ၊ ပကတိသဘောအားဖြင့် အပုပ်တွေသာဖြစ်ကြတယ်။

ကြောက်ဘွယ်၊လန့်ဘွယ် တွေသာဖြစ်ကြတယ်၊သုသာန်သင်းချိုင်းကဲ့သို့ အသံကိုမျှ မကြားဝံ့အောင်။ အနားကိုမျှ မသိဝံ့အောင်။ ကြောက်ရွံ့ဘွယ်အတိသာ ဖြစ်ကြတယ်။ သို့စင်ကလောက်ကြောက်ဘွယ်၊ မုန်းဘွယ်၊ စက်ဆုပ်ဘွယ်ဖြစ်တဲ့။ ဤကိုယ်ကောင်ကြီးကို တရားသဘော တွေးတောဆင်ခြင် အမြော်အမြင်မရှိတဲ့ လူအများတို့က အားတက်သရော စိတ်ဇောပေါပေါနှင့် လွန်စွာနှစ်သက်ကြတာဘဲလို့ဆိုသိတယ်။ ။ရူပနန္ဒာရဲ့စိတ်ထဲမှာလွန်စွာစက်ဆုပ်လွန်းလို့ သည်ဂါထာကို ရွတ်ဆိုရှာတာပေါ့။

အဲ-သို့ဘလို ဤကိုယ်ကာယကြီးအပေါ်မှာ တဏှာသံယောဇဉ်နှင့် ခင်မင်ခြင်း ပျက်ပြုန်း၍ လုံးလုံးကြီး သတိရလာ ကြောင်းကို ရှင်တော်ဘုရားက သိမြင်တော့။ ။''ယခုအခါ နှမတော်ရူပနန္ဒာအား၊ တရားပြ၍ ချီးမြှင့်တော်မူရန် အချိန်တန်ပြီ''ဟုဆင်ခြင်တော်မူကာရွတ်ဆိုလတ့်သောဂါထာဖြင့်၊အဿဘဒေသနာကိုလျှင်မြန်စွာ ဟောကြားတော်မူလိုက်တယ်။

(က) အာတုရံကုဏပံပုတိံ၊ ပဿနန္ဒေသမုဿယံ၊
အသုဘာယ စိတ္တံဘာဝေဟိ၊ ဧကဂ္ဂံ သုသမာဟိတံ၊ ။

(က) နန္ဒေ ရူပနန္ဒာ၊ သညာတွင်ခေါ်၊ နှမတော်။ တော်သင်နှမတော်၏။ အင်္ကော်၊ ရင်ခွင်ထဲ၌။ အာတုရံ၊ ကျင်နာတွန့်ထိမ်၊ မငြိမ်လှုပ်ရှား၊ညည်းတွားသဲသန်၊ ဆင်းရဲခံလျက် ဘောဂ်ပြန်ချွတ်ယွင်း၊ သတိကင်း၍နေသော။ ပူတိံ၊ညှီဟောင်နံ့ဆိုး၊ အပုပ်အိုးကြီးလည်း ဖြစ်ထသော။ ကုဏပံ၊ သုသာန်မြေဝယ်၊ မျိုးဆွေအများ၊ ပစ်စွန့်ထားသဖြင့် ခွေးစားကိုက်ခဲ၊စွန်ရဲလင်းတ၊ကျီးတွေကျ၍၊ ပွရှုယိုစီး၊ သူသေကောင်ကြီးနှင့်လည်းတူထသော။ သမုဿယံ၊ ဤအကောင်ပုပ်ကြီးကို။ ပဿ၊ သတိမလွှင့်ပါစေနှင့်၊ တရားထင်မြင်အောင်၊ ဆင်ခြင်ရှုစားစမ်းပါလော။ ။နန္ဒေ၊ သာကီနွယ်ဘွား၊ ထင်ရှားအကျော်၊ နှမတော်။ စိတ္တံ၊ လေးသို့လွှင့်ပါး၊ တရားနှင့်ဝေး၊စိတ်ကလေးကို။ အသုဘာယ၊ မတင့်မတယ်၊ တကယ်အမှန်သားဟု တရား

သဘောသက်ဝင်ခြင်း၌။ ဧကဂ္ဂ၊ အားရုံမများ တရေးတခု၊ စိန်းစိန်း ရှုလျက်။ သုသမာယိတံ၊ မယိမ်းမယိုင်၊ ခန့်ခိုင်မြဲနှောင်၊ တည့်တန့် အောင်။ ; ဘာဝေဟိ၊ ဧသိဥာဏ် အထွားသားကဘဲ၊ ပွါးများ အားထုတ်လိုက်ပါလော။

ဆဲ-သို့ကလို ဟောတော်မူတဲ့ ဒေသနာ ဂါထာတော်ကြီးရဲ့ အဓိပ္ပါယ် အချုပ် ကတော့။ အို-နှမတော် ရှုပနန္ဒာ၊ သင်၏ရင်ခွင် ကြားမှာ အထင်အရှား ဘောက်ပြန်ကာ၊ အပုပ်အတိ ဖြစ်နေတဲ့ ရုပ်ကောင်ကို သေချာစွာရှုဆင်ခြင်စမ်းပါလော၊ ။အို-နှမတော် ရှုပနန္ဒာ၊ သင်၏ စိတ်များကို လွင့်ပါးခြင်း မရှိစေလင့်၊ သင်မြင် ရသော ရုပ်ကောင်ကို အရင်းထားပြီး အသုဘတရားကို ပွါးများ ပါလော။ သင်မြင်ရသော ရုပ်ကောင်၏ ပျက်စီး ယိုယွင်းခြင်းကဲ့သို့ သင်၏ကိုယ်ရုပ် အဆင်း သည့်လည်း အမှန်ပျက်စီး ယိုယွင်းလတ့်။ ရှုပက္ခန္ဒာမှန်သမျှ ဤနည်းအတိုင်းက မလွန်ဆံနိုင်ဘူး။ နှမတော် ရှုပနန္ဒာ။ ။ဆဲ-သို့ကလို ဟောကြားတော်မူတဲ့ အသုဘ ဒေသနာ တော်ကိုကြားတော့၊ဘွားကနဲ ဥာဏ်ပွင့်၍ နေရောင်ခြည်နှင့်အဆင် သင့်သဖြင့်၊စွင့်စွင့်ခါးမား ပွင့်လေသောကြာပွင့်အလားကဲ့သို့ တရေး အာရုံသို့စိုက်ပြီ ချိုက်ချိုက်မြိုက်မြိုက် သောတာပတ္တိဖိုလ်သို့ ဆိုက် ရောက်သွားတယ်။ ။ပထမနိဗ္ဗာန်စခန်းကို့ကြီး ချောသွား တာ ပေါ့လော။ သောတာပတ္တိမဂ်သို့ရောက်ပြီဆိုတော့ ပုထုဇန်အနွယ်ကို ဖြတ်၍ အင် ဿာဇာတ်သို့ပြောင်းဝင်ခြင်းကိုပြီးစီးသွားတဲ့အတွက် နဂိုကလို ကိုယ်ခန္ဓာ၌ သာယာတပ်မက်ခြင်းဆိုတဲ့ သဘောမျိုးတွေ မရှိတော့ဘူးပေါ့။ သောတာပန်လဲဖြစ်ရော။ ရင်ခွင်ထဲမှာ အလူး အလဲ ပျက်စီး၍ နက္ခမီးလောင်နေဟဲ့ နိမ္မိတရုပ်သွင်လဲ ပျောက်သွား ပါရော။ ရှင်တော်မြတ်ဘုရားဟာ နှမတော် တပါး အပေါ်မှာ ကရုဏာကြီးတော်မူကြောင်း ထင်ရှားပါပေတယ်။

ဆဲသည့်အခါ ကျတော့မှ နှမတော် ရှုပနန္ဒာမှာ ပညာမျက်စိ အလင်းကိုရသဖြင့်၊ ရှင်တော်ဘုရား၏ ကျေးဇူးဂုဏ်ကို အပုံကြီး သိမြင်နိုင်တော့တာပေါ့။ ဟိုယခင်က အထင်အမြင် ဘောက်ပြားစွ၍

မှောက်မှားမိခဲ့သမျှတွေကို ဝန်ချပြီး၊ ရှင်တော်ဘုရားကို ဝင်တွား နှိုးကာ၊ အထံတော်မှ ခွါလာသတဲ့။ သည်အခါမှာတော့ ပထမ ရှေးဦးစွာ အကြိမ်ဖြစ်လို့၊ သောတာပန်မျှနှင့်သာ ရပ်တန့်ရသေး တယ်။ ရဟန္တာအဖြစ်သို့ မရောက်သေးသဖြင့်၊ ရဟန်းကိစ္စမပြီးသေး ဘူးပေါ့။ သောတာပန်အဖြစ်သို့ ရောက်ပြီဆိုမှဖြင့်လဲ၊ အရေးမကြီး တော့ပါဘူး၊ ရဟန္တာအမှန် ဖြစ်ရပါ တော့မယ်။ ။မယ်တော် ဂေါတမီကြီးကလဲ၊ သွိုးတော်မှာ သောတာပန် ဖြစ်လာပြီဆိုတော့ လွန်စွာ ဝမ်းမြောက်တော် မူရှာတာပေါ့လေ၊ ဟို-ရှေးတုန်းကလို ထော်လော်ကန့်လန့်နှင့် မခန့်တရန့် အမူအရာတွေမရှိဘဲ၊ ပြောဆို ဆုံးမသမျှကို နာခံပြီး၊ သိမ်မွေ့တဲ့ ဇာတိဖြင့်၊ အခြေခိုင်ခိုင်ကြီး ဖြစ်သွားပေါ့ကိုး။ ဝမ်းမြောက်တော် မမူဘဲ နေပါ့မလား။

## ရူပနန္ဒာ ရဟန္တာဖြစ်ခဏ်း။

သောတာပန်အဖြစ်သို့ ရောက်ပြီးတဲ့အခါ ရူပနန္ဒာသည် ကိုယ် ကာယ၏ အသုဘသဘောတွေကိုအမြဲမပြတ်ဆင်ခြင်ပြီး၊ တစပဉ္စက ကမ္မဋ္ဌာန်းကိုသာ လက်ကိုင်ပြုကာ၊ အမြဲစီးဖြန်းတော်မူနေသတဲ့၊ ရှင်တော် ဘုရား အထံတော်မှာ ပထမ ရှေးဦးစွာ တစပဉ္စကနှင့် ဒွတ္တိံသာကာရ၊ အသုဘတရားကိုအမှီပြု၍ ပညာမျက်စိကို ရခဲ့တဲ့ အတိုင်း ထိုတရားကိုသာ အမြဲမပြတ် အားထုတ်နေတော့တာဘဲ။ ။ ဆဲသည်နည်းအတိုင်းဘဲ မိမိစရိုက်နှင့် သင့်လျော်၍ သဘောပေါက် တဲ့ ကမ္မဋ္ဌာန်းတခုကို တွေ့ပြီဆိုမှဖြင့်၊ ထိုကမ္မဋ္ဌာန်းကို လက်မလွှတ် ဘဲ၊ အမြဲပွါးများသင့်ကြောင်းကိုလဲ တရားနာပရိသတ်အပေါင်းတို့ မှတ်သားကြရမယ်၊ ဟို-ကမ္မဋ္ဌာန်းကိုပြောင်း၊ သည်ကမ္မဋ္ဌာန်းကို ပြောင်းဆိုတဲ့ ပြုပြင်ပြောင်းလဲခြင်းများကို မလိုက်စားကြနှင့်။

တစပဉ္စကကမ္မဋ္ဌာန်းကို လက်ကိုင်ထား၍ ပွါးများအားထုတ် လာခဲ့ရာ၊ ရူပနန္ဒာ၏ သမာဓိ ဘာဝနာသည်၊ လွန်စွာ ခိုင်ခန့်၍ ရဟန္တာဖြစ်နိုင်ခန် အခြေခံကောင်းလာတော့၊ ရှင်တော်ဘုရားက

နှမတော်တပါးကို ရဟန္တာအဖြစ်သို့ ရောက်အောင် ဆောင်ရွက်တော်မူလိုသဖြင့်၊ ရူပနန္ဒာရှိရာအရပ်သို့ ကြွလာတော်မူပြီး ကိုယ်ခန္ဓာနှင့်စပ်တဲ့ တရားကို သို့ကလို ဟောကြားတော် မူပြန်တယ်။

အဋ္ဌီနံ နဂရံ ကတံ၊ မံသလောဟိတ လေပနံ။
ယတ္ထဇရာစ မစ္စုစ၊ မာနောမက္ခောစဩဟိတော။
ဓမ္မပဒပါဠိတော်။

နန္ဒေ၊ ရူပနန္ဒာ၊ သညာတွင်ခေါ်၊ နှမတော်။ဇာနုံ၊ ဤကိုယ်ကောင်ကြီးသည်။အဋ္ဌီနံ၊ အရိုးတည်းဟူသော အရက်ကျောက်အမာခံတို့ဖြင့်။ကတံ၊ ပြုသုပ်ဘည့်ထောင်၍ ထားအပ်သော။ နဂရံ၊ ကိုယ်ဟုခေါ်သော မြို့တော်ကလေး တချပင်တည်း။ ဌတံ၊ ထိုခန္ဓာပူရခေါ်သော မြို့တော်ကလေးကို၊ မံသလောဟိတလေပနံ၊ အသား၊အသွေးဟူသောအင်္ဂတေသရွတ်တို့ဖြင့် ချောချောမွတ်မွတ်ရှိအောင်မွမ်းမံ၍ ထားအပ်လေသတည်း။ ယတ္ထ၊ အကြင် ခန္ဓာပူရ ခေါ်တဲ့ မြို့တော်ကလေး၌၊ ဇရာစ၊ တနေ့ထက် တနေ့၊ တနေ့ရွှေ့ရွှေ့ယိုသွင်း၍၊ အိုခြင်းဆိုတဲ့ ဇရာတရားကိုရင်း။ မစ္စုစ၊ တချက်ရက်တွင် မပျက်ပင်သေရအံ့သော မရဏာဆိုတဲ့ တရားကိုရင်း။ မာနောစ၊ ငါတလူလူ၊ တံခွန်ထူ၍၊ မာန်မူတတ်ငြား၊ မာနဆိုတဲ့ တရားကိုရင်း။ မက္ခောစ၊ ငါသဲလူကဘဲ၊ ဘယ်သူ့၏ ကျေးဇူးကို ရွက်ဆောင်ရမလဲဟု လွန်ကဲထက်မြက်၊ ကျေးဇူးဖျက်ခြင်းဆိုတဲ့ မက္ခတရားကိုရင်း။ဩဟိတော၊ နေ့ရောညဥ့်ပါ၊ အခါမစဲ၊ အမြဲသိုသှောင်၍ ထားအပ်လေသတည်း။

သည်ဂါထာတော်ကြီး၏ အဓိပ္ပါယ်မှာ လွန်စွာ ကျယ်ဝန်း၍ အထူးသဖြင့် ဆင်ခြင်ဘွယ် ကောင်းလှပါပေတယ်။ ။ဆိုလိုရင်း အဓိပ္ပါယ်အချုပ်ကတော့၊ ။အို-နှမတော် ရူပနန္ဒာ။သည်ကိုယ်ကြီးဟာ မြို့ကလေးတမြို့ဖြစ်တယ်။ထိုခန္ဓာပူရမြို့ကို ဘာနှင့်ဘည့်ထောင်ထားသလဲလို့ ဆိုတော့၊ အရိုးတည်းဟူသော အရက်ကျောက်တို့ကို အမာခံပြုပြီး၊ အသားအသွေးတည်းဟူသော အင်္ဂတေသရွတ်ဘို့ဖြင့် မွမ်းမံချယ်လှယ်ကာ တည်ထောင်ထားဘဲ့ မြို့ကလေးဖြစ်တယ်။ ။

သည်မြို့ကလေးထဲမှာ ဘာတွေ ရှိသလဲ၊ ဘာတွေကို သိုလှောင်ထားသလဲလို့ဆိုတော့၊ နေရိပ်ကလေးများ ရွေ့သလို၊ တနေ့ထက်တနေ့ ရိပ်ရိပ်, ရိပ်ရိပ်,နှင့် အိုနေတဲ့ ဇရာတရားတွေကို သိုလှောင်ထားတယ်၊ တရက်ရက်တွင် မချက်မကွက် ဆက်ဆက်ကြီး သေရလိမ့်မယ်ဆိုတဲ့ မရဏတရားတွေကို သိုလှောင်၍ ထားတယ်၊ ၊ ငါယောက်ျား, ငါမိန်းမ ရယ်လို့ ထကြွကြွ တက်ကြွား၍ ထောင်လွှားတတ်တဲ့ မာန်မာန တရားတွေကို သိုလှောင်ထားတယ်။ ။ သူ့ကျေးဇူးရှိပါသော်လဲ ငါလဲလူကဘဲ၊ သူပြုတဲ့ကျေးဇူး ငါ့အပေါ်မှာ ဘာရှိသလဲ၊ ငါ့ကိုယ်နှင့်ငါ့အစွမ်းသိဋ္ဌိလမ်းပေါက်ပြီးသားဘဲ၊ အဲသည်သို့သဘောထားပြီးကျေးဇူးကိုချေဖျက်တတ်တဲ့ မက္ခတရားဆိုးကြီးတွေကိုလဲ သိုလှောင်၍ ထားတယ်။

စင်စစ်မှာတော့သည်ကိုယ်ကောင်ကြီးဟာ မကောင်းတဲ့တရားအယုတ်တမာတွေကို သိုလှောင်တဲ့ ဂိုဒေါင်ကြီး တခုရယ်လို့ မှတ်လိုက်ပေတော့။ခန္ဓာပုရဆိုဘဲ့သည်ကိုယ်ကောင်ကြီးကိုတည်ထောင်တဲ့အခါမှာလဲ ရတနာ ဖွဲ့,ငွေ ကြွက်သရေရှိတဲ့ ဝတ္ထုပစ္စည်းတို့ဖြင့် တည်ထောင်ခဲ့ရတာ မဟုတ်ဘူး။ အရိုးကို အမာခံပြုပြီး အသား, အသွေး,တို့ဖြင့် လိမ်းကျံ၍၊ အပေါ် ယံက အရေပါးကလေးဖြင့်၊ မွမ်းမံ ချယ်လှယ် ထားခြင်းမျှသာ ဖြစ်တယ်၊ ၊သည့်ပြင် တပါး၊ ကလလရေကြည်တည်တဲ့ ပထမ အခါများကို ထိထိရောက်ရောက် စဉ်းစားလိုက်မှဖြင့်၊ ခန္ဓာပုရဆိုတဲ့ သည်ကိုယ်ကောင်ကြီးဟာ ဘာတခုမျှ ဂုဏ်ကြက်သရေ ရှိဘယ်လို့ ထင်စရာမရှိဘူး၊ ။အဲ-သို့ ကလို သည်ကိုယ်ကောင်ကြီး ဖြစ်လာပုံ အကြောင်း ကလဲ မတင့်တယ်တဲ့ အသုဘအစစ်။ သည်ကိုယ်ကောင်ကြီးထဲမှာ သိုလှောင်ထားတာတွေကလဲ ယုတ်မာညစ်ညမ်းတဲ့အသုဘ,ဇေဂုစ္ဆ,သဘောတွေဖြစ်တယ်။ ဘယ်နေရာမှာမှ သည်ကိုယ်ကောင်ကြီး အတွက်နှင့် ဂုဏ်တက်ဘို့ရှိပါသေးသလဲ နှမတော် ရူပနန္ဒာ၊ပညာဖြင့် ဆင်ခြင်လိုက်စမ်းပါ၊ပျက်စီးခြင်းအနိစ္စသဘော၊ ဆင်းရဲခြင်း ဒုက္ခသဘော၊

အစိုးမရခြင်း, အနှစ်သာရမရှိခြင်း, အနတ္တ သဘောတွေဟာလဲ သည်ကိုယ်ခန္ဓာကြီးထဲမှာ အပြည့်အစုံ ရှိတယ် မဟုတ်လား။ ။ အဲ-သို့ကလို ဟောကြားတော်မူပြီးတဲ့အခါ ကိုယ်ခန္ဓာနှင့်စပ်တဲ့ ဝိဇယ သုတ္တန်ကြီးကိုဟောတော်မူပြန်တယ်။

(မှတ်ချက်။ ။ဝိဇယသုတ္တန်ကား သုတ္တနိပါတ်ပါဠိတော်ကြီးမှာရှိသည်။သုတ္တနိပါတ် ဘာသာပြန်ကျမ်းတွင် ထင်ရှားစွာ ပါလေ၏။ ဤတရားပွဲ၌ ထည့်သွင်း၍ ဟောနေပါလျှင် လွန်စွာကျယ်ဝန်းမည်ဖြစ်၍ အဖွက်မျှသာပြ၍ လျစ်လျူရှုလိုက်ရတော့သည်။)

အဲ-သို့ကလို မဟာကရုဏာ သခင်ဖြစ်တော်မူတဲ့၊ ရှင်တော်မြတ်ဘုရားက ဓမ္မပဒဂါထာနှင့် ဝိဇယသုတ္တန်ကို ဟောတော်မူလိုက်တဲ့အခါ၊နှမတော် ရူပနန္ဒာသည် တရားတော်ကို နာရင်းပင် ဝိပဿနာဉာဏ်အချက်မိ၍ အဓိပတိ ဖြစ်သော အရဟတ္တဖိုလ်သို့ဆိုက်ရောက်၍ ကိစ္စ ပြီးမြောက်တော် မူလေသတည်း။

သတ္တဝါတို့၏အကျိုးကို သည်ပိုးဆောင်ရွက်တော်မူတဲ့အရာမှာ မဟာကရုဏာသခင်ဖြစ်တော်မူတဲ့ ရှင်တော်ဘုရားကို မည်သည့်ပုဂ္ဂိုလ်မျှ နှိုင်းပြိုင်လို့မရသဖြင့်၊ အတုလ ဟူသောဘွဲ့ထူးဖြင့်၊ချီးကျူးထိုက်ပေတယ်။မယဉ်ကျေးတဲ့ နှမတော် ရူပနန္ဒာကို အရဟတ္တဖိုလ်တည်းဟူသော, အယဉ်ကျေးဆုံး တရားသဖြင့်၊ ဆုံးမတော်မူတဲ့အတွက်ကြောင့်လဲ ဂုဏ်တော်ကိုးပါးတွင်၊ အနုတ္တရော ပုရိသ ဒမ္မသာရထိဆိုတဲ့ ဂုဏ်တော်ကြီးနှင့် ပြည့်စုံကြောင်းကိုလဲ ထင်ရှားပါပေတယ်။ လောကမှာ စကြာဝဘေး မန္တာတ်ကို မဆိုထားဘိ၊ မဟာဗြဟ္မာမင်းကြီးဖြစ်စေကာမူ သတ္တဝါ တဦးဦးကို ချီးမြှောက်မယ်လို့ဆိုလျှင်၊ လောကီချမ်းသာ မျှလောက်ဖြင့်သာ ချီးမြှောက်နိုင်ကြတယ်။ သံသရာဝဋ်မှ ကျွတ်လွတ်ချမ်းသာတဲ့ နိဗ္ဗာန်စည်းစိမ်ဖြင့် ချီးမြှောက်နိုင်ကြတာ မဟုတ်ဘူး။ ရှင်တော်မြတ်ဘုရားသာလျှင် တဘက်ကင်းတဲ့နိဗ္ဗာန်ချမ်းသာဖြင့်ချီးမြှောက်တော်မူနိုင်ပေတယ်။ မဟာဗြဟ္မာကြီးပင် ဖြစ်စေကာမူ၊ သတ္တဝါ တဦးတယောက်ကို

ယဉ်ကျေးအောင် ဆုံးမမယ်လို့ဆိုလျှင်၊ လောကီ ယဉ်ကျေးပုံမျိုးဖြင့်သာလျှင် ဆုံးမနိုင်တယ်။ မင်္ဂ,ဗိုလ် ဆိုတဲ့ လေးကုဋ္ဌရာ ယဉ်ကျေးပုံနည်းမျိုးဖြင့် မဆုံးမနိုင်ကြဘူး။ ရှင်တော်ဘုရား တပါးသာလျှင် လောကုတ္တရာ ယဉ်ကျေးမှုဖြင့် ဆုံးမတော်မူနိုင်ပေတယ်။

အဲ-သို့ကြောင့်သတ္တဝါကိုချီးမြှောက်ခြင်း။သတ္တဝါကိုယဉ်ကျေးအောင်ဆုံးမခြင်းအရာမှာ လွန်စွာ ကဲမြင့်ပါပေသည်ဟု ရှင်တော်ဘုရား၏ ဂုဏ်ကျေးဇူးတော် ကြီးများကိုလဲ ဉာဏ်သွား နက်နက်နှင့်ထက်ထက်,မြက်မြက် ရှုရှု,စိုက်စိုက် ကြည်ညိုကြရမယ်လို့ တရားနာ ငရိသတ်အပေါင်း သူတော်ကောင်း အများကိုလဲ သတိထားကြတို့ တိုက်တွန်းလိုက်ရပေတယ်။

ရူပနန္ဒာထေရီဘိက္ခုနီမသည် ရဟန္တာ ဖြစ်၍ရဟန်းကိစ္စ တုံးတဲ့အခါ ဈာန်တရားကို လေ့လာပွါးများပြန်ရာ၊ လွန်စွာနိုင်နင်းသော ဝသီငါးတန်ဖြင့်၊ ဈာန်အမျိုးမျိုးကို ရရှိတော် မူသတဲ့။ ။ဈာန်အဘိညာဏ် များကို ရရှိစိုးပိုင်တော်မူတဲ့အခါ၊ ဈာန်ဝင်စားကာ ဈာန်ချမ်းသာဖြင့်သာလျှင် အချိန်ကို အသုံးပြုတော်မူတယ်။ ။ဟို-လွန်ခဲ့တဲ့ ကမ္ဘာတသိန်း အခါ။ ပဒုမုတ္တရ ရှင်တော်ဘုရားလက်ထက်တော်က ဆုတောင်းပဌနာ ပြုခဲ့တဲ့အတိုင်း ဂေါတမမြတ်စွာဘုရား၏ လက်ထက်တော်မှာ အလုံးစုံ ပြည့်စုံခြင်းသို့ရောက်တော့တာပေါ့။ ။အဲ-သို့ကလိုဈာန်ဝင်စားကာ ဈာန်ချမ်းသာဖြင့်သီတင်းသုံးတဲ့အရာ၌ာ အခြား,အခြားသော ဘိက္ခုနီမ များထက်သာလွန်သဖြင့် နှမတော်ရူပနန္ဒာကိုရှင်တော်မြတ်ဘုရားက သို့ကလိုဧတဒဂ်ထား၍ ဈာယီဘွဲ့ထူးဖြင့် ချီးကျူးတော် မူရတယ်တဲ့။

ဧတဒဂ္ဂံဘိက္ခဝေ မမသာဝိကာနံ ဈာယီနီနံ ဘိက္ခုနီနံယဒိဒံရူပနန္ဒာ။ ။ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ မမ၊ ငါဘုရား၏။ သာဝိကာနံ၊ တပည့်မ ဖြစ်ကုန်သော။ ဈာယီနီနံ၊ ဈာန်ဝင်စားလေ့ရှိကြကုန်သော။ ဘိက္ခုနီနံ၊ ဘိက္ခုနီမ အပေါင်းတို့တွင်၊ ယဒိဒံ-ယာအယံ ရူပနန္ဒာ၊ အကြင်နှမတော် ရူပနန္ဒာသည်။ အတ္တိ၊ ရှိ၏။

ဧတံ-ဧသာ၊ ထိုနှမတော်ရူပနန္ဒာသည်။ အဂ္ဂံ-အဂ္ဂါ၊ ဈာန်လမ်းကိုပိုင်၊ နိုင်ကြီးနိုင်၍၊ ဦးခိုင်ညွှတ်ရုံး၊ အထွတ်ဆုံးပေတည်း။

အဲ-သို့ကလိုနှမတော်ကိုဈာယီဧတဒဂ် ဘွဲ့ထူးဖြင့်၊ ချီးကျူးတော်မူတဲ့အခါ၊ လွန်စွာကျော်စောထင်ရှားတဲ့ ဘိက္ခုနီမတဦး အဖြစ်သို့ ရောက်သွားတာပေါ့။ ၊ရူပနန္ဒာမှာသာကီဝင်မျိုးလဲဖြစ် ရှင်တော်ဘုရား၏နှမတော်ကြီးလဲဖြစ်၊ ယသောဓရာ၏ ညီမတော်ကြီးလဲဖြစ်၊ ဂေါတမီ၏ သမီးတော်ကြီးလဲဖြစ်၊ ရာဟုလာ၏ အရီးတော်ကြီးလဲဖြစ်၊ ကိလေသာကုန်ခန်း၍ရဟန်းမကြီးလဲဖြစ်၊ ဈာန်လမ်းကိုပိုင်နိုင်၍၊ ဦးခိုင်ထွတ်ဖူးကြီးလဲဖြစ်၊ အဲ-သို့ကလို ဂုဏ်အမျိုးမျိုးနှင့် ပြည့်စုံနေတော့ သာသနာတော်မှာ ကြက်သရေကြီးတဲ့ ပုဂ္ဂိုလ်မြတ် တပါး ဖြစ်တော်မူ သွားတာပေါ့။

အဲ-သို့ကလို ဈာန်ချမ်းသာဖြင့် အမြဲနေထိုင်ပုံ၊ ဧတဒဂ် ရရှိပုံများကို ရူပနန္ဒာထေရီ၊ဘိက္ခုနီမ အထွတ်အဖူးက၊ အထူးထူးသော ပရိသတ်များကို သဒ္ဓါတရားနှင့် အားတက်ကြစေရန် မိမိ၏အဖြစ်ကို သို့ကလို မြွက်ဆော်၍ ကျူးရင့်တော် မူခဲ့ပေတယ်။

(တ) ယဿ ယဿ နိသိန္နာဟံ၊ သဒါ ဈာန ပရာယနာ။
ဇိနော တဿ ဂုဏေ တုဋ္ဌော၊ ဧတဒဂ္ဂေ ဌပေသိမံ။ ။

အဟံ၊ နှမတော်ကြီး။ ဝေနိုးထင်ရှားအများညွှတ်တုပ်၊ အကျွန်ုပ်သည်၊ ယဿ ယဿ၊ အကြင်အကြင်အရပ်ဌာန၌။ နိသိန္နာ၊ ပျော်မွေ့နှလုံး၊ အမြတ်ဆုံးဖြင့်၊ သီတင်းသုံးကာ၊ နေခဲ့ပါ၏။ တဿ တဿ၊ ထိုထိုသီတင်းသုံးရာ အရပ်ဌာနတို့၌၊ သဒါ နေ့ညဉ့်မဆိုင်း၊ နာရီတိုင်း၌ပင်လျှင်၊ ဈာနပရာယနာ၊ ဈာန်တရားကို ပွါးများလေ့လာ၊ ဈာန်ချမ်းသာဖြင့်၊ မှီရာတခု၊ အသုံးပြု၍ နေခဲ့ပေ၏။ တေန၊ ထိုသို့ ဈာန်ဝင်စားအလေ့၊ ဓါတ်ရှိန်ငွေ့ကြောင့်။ ဇိနော၊ ငါးပါးမာရ်ကို၊ ပယ်လှန်သတ်ပြီး မောင်ကြီးထွဋ်ထား၊ မြတ်ဘုရားသည်။ တဿ ဂုဏေ၊ ထိုဈာန်ဝင်စားသော ဂုဏ်ကျေးဇူး၌၊ တုဋ္ဌော၊ ငါ၏နှမတော်၊ သင့်လျော်ပေစွ၊ မြတ်ပေစွဟု၊ အားရနှစ်သိမ့်တော် မူသည်

ဖြစ်၍၊ ဘောဒဂ္ဂေါ၊ ဗျာန်ယိဇေတဗဂ်အရော၌၊ မံ၊ ရူပနန္ဒာ၊ သညာသမုတ်၊ အက္ခုနိပ်ကို၊ ဠပေသိ၊ တင်ထားထောက်ပင့်၍၊ မြှောက်မြှင့်ချီးကြူး တော်မူလေသတည်း။

ရူပနန္ဒာသေရီ ဘိက္ခုနီအရှင်မသည်။ ရဟန္တာ ဖြစ်ပြီးသော အခါ၊ ထေရီဂါထာပါဠိတော် ပဉ္စကနိပါတ်မှ လာသောအတိုင်း ဂါထာငါးပုဒ်ကို မပြတ်မပြတ် ရွတ်ဆိုကျူးရင့်တော်မူလေ့ရှိပေ တယ်၊ ထိုဂါထာငါးပုဒ်ကိုအစဉ်အတိုင်း ထုတ်ဆောင်၍ပြလိုက်ရပေ သတည်း။

(၁) အာတုရံ အသုစိံ ပူတိံ၊ ပဿနန္ဒေ သမုဿယံ။
အသုဘာယ စိတ္တံ ဘာဝေဟိ၊ ဧကဂ္ဂံ သုသမာဟိတံ။

(မှတ်ချက်။ ။ဤဂါထာ၏ အနက်ကို အောက်၌ ဘော်ပြခဲ့ပြီး ဖြစ်၍၊ ယခုဘော်ပြရန်မလိုချေ)။

(၂) ယထာဣဒံ တထာဧတံ၊ ယထာဧတံ တထာဣဒံ။
ဒုဂ္ဂန္ဓံ ပူတိကံ ဝါတိ၊ ဗာလာနံ အဘိနန္ဒိတံ။

(၂) ဣဒံ၊ ဤမြင်ရသော ရုပ်အကောင်သည်။ ဘိဇ္ဇတိယထာ၊ မရှုရဲ မမြင်ရဲ၊ ပုပ်ကဲ့ပျက်စီးလေဘိသကဲ့သို့။ တထာ၊ ထိုအတူ။ ဧတံ၊ ထိုသင်၏ ကိုယ်ကောင်ကြီးသည်လည်း။ ဘိဇ္ဇတိ၊ မရှုရဲ, မမြင်ရဲ၊ ပုပ်ကဲ့ ပျက်စီးလိမ့်မည်သာတည်း။ ဗာလာနံ၊ ဘာမှန်းမသိသော လူမိုက်တို့သည်သာလျှင်၊ အဘိနန္ဒိတံ၊ မခွဲနိုင်,မခွါရက်၊ စုံမက် မြတ်နိုး၍နေသော၊ ဤကိုယ်ကောင်ကြီးသည်။ ဒုဂ္ဂန္ဓံ၊ အနံ့မကောင်း၊ တထောင်းထောင်း။ ပူတိကံ၊ ပုပ်ပုပ်သိုးသိုး၊ ဝါတိ၊ နံစော်၍နေလေ သတည်း။

(၃) ဧဝမေတံ အဝေက္ခန္တီ၊ ရတ္တိံဒိဝ မတန္ဒိတာ။
တတော သကာယ ပညာယ၊ အဘိနိဗ္ဗိဇ္ဈ ဒက္ခိသံ။

(၃) ဧဝံ၊ ဤသို့ ဆိုအပ်ပြီးသော တရားနည်းလမ်းအတိုင်း။ ဧတံ၊ ဤကိုယ်တော်ကြီးကို၊ ရတ္တိံဒိဝံ၊ နေ့ရောညပါ၊ အတန္ဒိတာ၊ ပျင်းရိငြီးငွေ့ခြင်းမရှိဘဲ။ အဝေက္ခန္တီ၊ ဝိပဿနာ၊ ဘာဝနာနည်းအားဖြင့်၊ ရှုစားဆင်ခြင်၍ နေသည်ရှိသော်။ တတော၊ ထိုနောက်

များမကြာမီအတွင်၌ပင်လျှင်။ သက္ကာသပညာယ၊ လက်ရှိလက်ကိုင်၊ ကိုယ်ပိုင်ပညာမျိုးဖြင့်။ အဘိနိဿ၊ ထိုးထွင်း၍။ ဒက္ခိသံ၊ ဟုတ်တိုင်း, မှန်တိုင်း၊ မဆိုင်းမသွေ၊ မြင်ရပေသတည်း။

(၄) တဿာမေဝအပ္ပမတ္တာယ၊ ဝိစိနန္တိယာ ယောနိသော။
ယထာဘူတံ အယံကာယော၊ ဒိဋ္ဌော သန္တရဗာဟိရော။

(၄) အပ္ပမတ္တာယ၊ မမေ့မလျော့ ပေါ့တန်ခြင်း မရှိဘဲ။ ယောနိသော၊ အသင့်အတင့်အားဖြင့်။ ဝိစိနန္တိယာ၊ ဝိပဿနာဉာဏ်အားဖြင့်၊ ရှုစားဆင်ခြင်၍နေသည်ဖြစ်သော်၊ တဿာ၊ ထိုအကျွန်ုပ်အား။ ယထာဘူတံ၊ ဟုတ်မှန်သောအတိုင်း၊ အယံကာယော၊ ဤကိုယ်ကောင်ကြီးကို၊ သန္တရဗာဟိရော၊ အတွင်းအပြင်နှင့်တကွ။ ဒိဋ္ဌော၊ အလင်းမြင်အပ်ပေပြီတကား။

(၅) အထနိဗ္ဗိန္ဒဟံကာယေ၊ အဇ္ဈတ္တဉ္စ ဝိရဇ္ဇဟံ။
အပ္ပမတ္တာဝိသံယုတ္တာ ဥပသန္တာမှိနိဗ္ဗုတာ။

(၅) အထ၊ အကျွန်ုပ်သည်။ အထ၊ ဤနည်းအတိုင်း၊ ဆင်ခြင်ကြိုစားလေသည်ရှိသော်။ ကာယေ၊ နာမ်နှင့်ရုပ်ဆောင်၊ အပုပ်ကောင်ဖြစ်သော၊ ဤကိုယ်ကာယကြီး၌။ နိဗ္ဗိန္ဒိံ၊ သာယာမှု ပြတ်ကင်း၍၊ ငြီးငွေ့ခြင်းဖြစ်ရလေသတည်း။ အဇ္ဈတ္တဉ္စ အတွင်းသန္တာန်၌လည်း။ အဟံ၊ အကျွန်ုပ်သည်။ ဝိရဇ္ဇိံ၊ မတာမတွယ်၊ တဏှာပြယ်၍သွားလေသတည်း။ အဟံ၊ အကျွန်ုပ်သည်။ အပ္ပမတ္တာ မမေ့မလျော့၊ မပေါ့မတန်နေသည်ဖြစ်၍။ ဝိသံယုတ္တာ၊ ကိလေသာ ရန်မာန်တို့နှင့်၊ ဆက်ဆံခြင်းမရှိဘဲ။ နိဗ္ဗုတာ၊ ဒုက္ခခပ်သိမ်း၊ ချုပ်ပြတ်ငြိမ်းသည်ဖြစ်၍၊ ဥပသန္တာ၊ အငြိမ်းကြီး ငြိမ်းလျက်၊ အေးကိန်းကြီးပေါက်ခဲ့သည်။ အမှိ၊ ဖြစ်ရပေသတည်း။

## (၄) ရူပနန္ဒာထေရီဝတ္ထုပြီး၏။

ကဲ ကဲ-ရူပနန္ဒာထေရီ ဝတ္ထုကြီး ပြီးသွားပါပြီ။  ။သည်ဝတ္ထုတော်ကြီးကို ကြားရတဲ့အခါ၊ သဒ္ဓါတရားတိုးတက်ပြီး အညွန့်အခက် ဝေနေကြတဲ့ အချို့ အမျိုးသမီးများက၊ ရူပနန္ဒာလို အဆင်း

အရောင် လှပစွာနှင့်၊ ဘုရားနှမတော်ကြီးဖြစ်ပြီး၊ ကျွတ်တမ်းနိုင်ဝင် ကြပေလိမ့်မယ်။ ။သို့ကလိုကျွတ်တမ်းဝင် သိကြပါလျှင်လဲ၊အပုံကြီး မခဲယဉ်းပါဘူး၊ ရူပနန္ဒာလို၊ ကမ္ဘာ့တသိန်းလောက် ပါရမီကုသိုလ် များကို၊ ကြိုးစားရုံရှိတာပါဘဲ။ ။ကမ္ဘာ့တသိန်းဆိုတာ၊ သံသရာ ခေတ်ကြီးနှင့် စာသိုက်လျှင်၊ ဘာမျှ ကြာရှည်တာ မဟုတ်ပါဘူး။ တခဏကလေးပါ၊ကုသိုလ်ပါရမီမျိုးကို စိုက်ပျိုးကာ အရင်းတည် ပြီးဆိုမှဖြင့်၊ အလိုရှိတဲ့ဆုမျိုးကို ရနိုင်တာပါဘဲ၊ အဲဒါကြောင့်၊ ကုသိုလ်တရားကို လိုသမျှပြီးစီးစေနိုင်တဲ့၊ မဟာသိဒ္ဓိခေတ်လုံးကြီး ရယ်လို့ ခေါ်ဆိုရကြောင်းကိုလဲ ကောင်းစွာမှတ်သား၍ ကုသိုလ် တရားကို အားကိုးတချပြုလုပ်ကြရမယ်။ သံသရာထဲမှာ၊ ကုသိုလ်မှ တပါး အားထားဘို့မရှိကြဘူးနော်။

နှမတော် ရူပနန္ဒာ၏ ဝတ္ထုကြီးကို၊ ထုတ်ဆောင်ကာ ဟောခဲ့ရ တာက၊ တစပဉ္စက ကမ္မဋ္ဌာန်းကို အရင်းခံပြုပြီး၊ အသုဘတရား သဘောထင်ရှားလေအောင်၊ ထုတ်ဆောင်ခဲ့ခြင်း ဖြစ်ပေတယ်။ ။

အဲ–သို့ကလို မိန့်ရှုပ်ပုံ၊ ဥဒါဟရဏ် တော် ကြီး နှင့် တ ကွ၊ ထုတ်ဆောင်၍ပြအပ်သော၊ နှမတော်ရူပနန္ဒာရဲ့ ဝတ္ထုတော်ကြီး၏ သဘောကို စဉ်းစားပြီး၊ ငါတို့ကိုယ်ကောင်ကြီးဟာ ဘာတခုမျှ တင့်တယ်ခြင်း မရှိပါဘဲတကား။ လှပခြင်း၊နူးပျိုခြင်းဆိုတဲ့ သဘော များဟာလဲ ခဏခေတ္တကလေးမျှသာတည်၍ မကြာမရှည်ပျက်စီးမဲ့ အနိစ္စသဘောကြီး ပါကလား။ ဤကဲ့သို့သော ကိုယ်ကောင်ကြီးကို အရေးတခု ဂရုတစိုက် သိမ်းဆုပ်နှစ်သက်၍ မာန်မာန တက်ခြင်း ဟာ လွန်စွာမှားတဲ့ အမှားကြီးပါတကား။ အဲ–သို့ကလို ဆင်ခြင် စဉ်းစားပြီး တစပဉ္စက ကမ္မဋ္ဌာန်း တရားကို အားထုတ် ပွါးများ ကာ၊ ကိုယ်ခန္ဓာကြီး၌ သာယာခြင်း၊ ကိုယ်ခန္ဓာကြီးကို အစွဲပြု၍ မာန်မာန တက်ကြွခြင်း မိမိကိုယ်ကိုပင့်မြှောက်၍ အထင်ကြီးခြင်း၊ သူတပါးတို့ အပေါ်မှာ နှိမ့်ချကာ အထင်သေးခြင်းစသော အယုတ် တရား အထင်မှား, အမြင်မှား, တို့ကို ပယ်ရှားသုတ်သင် ကြစေ ကုန်သတည်း။

(မှတ်ချက်။ ။ဤရှုပနန္ဒာထေရီ ဝတ္ထုတော်ကြီး၌ က-ခ-ဂ-စသည့်တို့ဖြင့်၊ မှတ်သားအပ်သော ဂါထာတို့ကို ထေရီအပဒါန်ပါဠိတော်ဂါထာ ၁-၂-၃-စသည့် တို့ဖြင့်၊ မှတ်သား အပ်သော ဂါထာတို့ကို ထေရီပါဠိတော်ဂါထာဟူ၍ နှလုံးသွင်းတော် မူကြပါကုန်)။ ။

ပဉ္စကနိပါတ်။

## (၅) နန္ဒုတ္တရာထေရီဝတ္ထု။

သံသရာဝဋ်စက်မှ လွတ်ထွက်လိုသော ဆန္ဒနှင့် လွန်ခဲ့တဲ့ ဘဝပေါင်းများစွာတို့က ပါရမီကုသိုလ် ထိုထိုကောင်းမှုများကို ကြိုးစားဆည်းပူး၍လာခဲ့တဲ့အမျိုးသမီးကလေးတယောက်သည်၊ ယခုရှင်တော်မြတ်ဘုရား၏သာသနာတော်တွင်၊ကုရုတိုင်းကမ္မာသဒမ္မအမည်ရှိတဲ့နိဂုံးကြီးမှာ ပုဏ္ဏားမျိုးမှ ပေါက်ဘွားလာတဲ့ အမျိုးသမီး ကလေးဖြစ်လာဘယ်၊

အရွယ်ရောက်လာတဲ့အခါ ပညာခါတ်ခံ ရင့်သံလာခဲ့တဲ့ အမျိုးသမီးကလေးဖြစ်သောကြောင့် ဘယ်ပညာမျိုးမဆို လွယ်ကူစွာဖြင့် တတ်မြောက် ကျွမ်းကျင်လေ့ရှိသတဲ့၊ သူ့အမည်သညာ ကိုတော့ ''နန္ဒုတ္တရာ'' ရယ်လို့ ခေါ်ဆိုဘယ်။ ။နန္ဒုတ္တရာဆိုတဲ့ ပုဒ်ကို နန္ဒဥတ္တရ ရယ်လို့ ပုဒ်ဖြတ်ရတယ်၊ နန္ဒသဒ္ဒါက,- နှစ်သက်ဘွယ်ကို ဟောတယ်၊ ဥတ္တရသဒ္ဒါက-လွန်ကဲခြင်းကို ဟောတယ်၊ ပုဒ်နှစ်ခုစပ်၍ အဓိပ္ပါယ်ပြန်ဆိုသိုက်တော့၊''လွန်ကဲတင့်တယ်နှစ်သက်ဘွယ်ရှိတဲ့အမျိုးသမီးကလေး''လို့ ဆိုလိုတာပေါ့၊

နန္ဒုတ္တရာဆိုတဲ့ အမျိုးသမီး ကလေးဟာ၊ အသက်နှစ်ဆယ်ခန့်အချိန် အရွယ်သို့ ရောက်လာဘော့။ အရပ်အဆင်းကလဲ တင့်တယ်ဥာဏ်ပညာကလဲ ပြည့်ကြွယ်သဖြင့်''သည့်ဇမ္ဗူဒီပါကျွန်းမှာငါနှင့်တူတန်တဲ့ အမျိုးသမီးဘယောက်မျှမရှိ''ဆိုဘဲ့ သဘောမျိုးနှင့် မာန်မာန အလွန်တက်ကြွနေသတဲ့။ ။သိုမာန်မာန တက်ကြွတုန်းအခါ

ထွင် ရှင်ဘောဘ်ဘုရား၏ သာသနာနှင့် တွေ့ကြုံခြင်း မရှိသေးတဲ့အတွက် မှောက်မှားတဲ့မိစ္ဆာဒိဋ္ဌိဘက်သို့သာ သက်ဝင်ကိုင်းရှိုင်းပြီး မှားချင်တိုင်း မှားနေရှာတယ်။

အထုံဝာသီပါရမီ ပြည့်စုံလာခဲ့တဲ့ အတွက် ကာမဂုဏ်ဘက်မှာ နှစ်သက်မွေ့လျော်တဲ့ စိတ်များလဲမရှိဘူး၊ ဘောထွက်လိုတဲ့စိတ်တွေနှင့်သာ တရားလမ်း အမျိုးမျိုးတွေကို ရှာဖွေ စုံစမ်း နေတယ်။ ဘယ်လိုပင် ရှာဖွေ စုံစမ်းသော်လည်း ဗုဒ္ဓသာသနာနှင့်မတွေ့မကြုံပါလျှင် မှန်ရာသို့ရောက်ဘို့ အခဲယဉ်းသားပေါ့။

ထိုခေတ်အခါမှာ မိစ္ဆာဝါဒကို ထူထောင်တဲ့ ဂိုဏ်းဆရာကြီး အမျိုးမျိုးတွေကလဲ ရှိနေပြန်တော့။ ထိုအမျိုးသမီး ကလေးသည် တိတ္ထိဂိုဏ်း ဆရာကြီးပေါင်း များစွာတို့၏ အထံသို့သွားရောက်ပြီး တရားထူးကို ရှာမှီးစုံစမ်းရာ ထင်သလို ဟောပြောကြတဲ့ ဝါဒပေါင်းမျိုးစုံနှင့်လဲ တွေ့ကြုံရရှာတယ်။

အချို့သောတိတ္ထိဆရာကြီးတို့က နေ့ကို ရှိခိုးရမယ်။ နေမင်းကြီးဟာလူ့ဘို့ကိုးကွယ်ရာအစစ်ဖြစ်ဘယ်။နေကိုရှိခိုးလျှင် ဒုက္ခအမျိုးမျိုးမှ ကျွတ်လွတ်နိုင်တယ်။ ဆဲသည့်သို ဟောပြောပုံကို ကြားတော့ဟုတ်ထိမ့်မလားလို့ အားကိုးယုံကြည်ပ့် စိတ်မျိုးနှင့် နန္ဒာဖြာ ရာဆိုတဲ့ အမျိုးသမီးကလေးဟာ တိတ္ထိဆရာကြီးတို့ ဟောပြောဘဲ့ အတိုင်း နေမင်းကိုရှိခိုးလျက် အမျိုးမျိုးသော ပူပန်ခြင်းကို ခံရရှာတယ်။

အချို့ဂိုဏ်းဆရာကြီးတွေတလဲ၊ လကိုရှိခိုး၍ ကိုးကွယ် ရမယ်၊ မီးကိုရှိခိုး၍ ကိုးကွယ်ရမယ်၊ လောဟကို ဘန်ဆင်းတဲ့ နတ်မင်းကြီးကိုရှိခိုး၍ ကိုးကွယ်ရမယ်။ သစ်ပင် ဘောတောင်များကို မှိခိုဆည်းကပ်ရမယ်။ ဆဲ-သို့ကလို အမျိုးမျိုး ပြောဟော ကြဘဲ့ အတိုင်း ဟုတ်ထိမ့်နိုးနိုးနှင့်အားကြိုးမာန်ဘက်ဆောင်ရွက်ကျင့်ကြံရှာတယ်၊ အမှားကြွယ်လို့သနားဘွယ် အလွန်ကောင်းနေတာပေါ့။

အချို့ဆရာကြီးတွေကတော့ ဂင်္ဂါမြစ်ကြီးဟာ ကိလေသာကို မျှောနိုင်တယ်၊ နက်ဖြန်နံနက်ပြန်ရက်မှန်မှန် သွား၍ ဂင်္ဂါမြစ်အတွင်းမှာ ရေဆင်းချိုး ခဲ့ပါလျှင် ကိလေသာ ကင်းရှင်း၍ ဖြူစင်မင်းကြီး

အထံတော်သို့ ရောက်နိုင်တယ်။ အဲ-သို့ကလို ဟောပြောကြပြန်တဲ့ အတွက် ယုံကြည်တဲ့စိတ်မျိုးနှင့် ရေချိုးခြင်းအလို့ငါ၊ ဂင်္ဂါမြစ်ဆိပ် သို့သွားလိုက်ရတာ အပူမရွေး၊ အအေးမရှောင်၊ လွန်အောင်ဒုက္ခ များနေရှာတာပေါ့။ ။ကျွတ်ထိုက်တဲ့ အဆုံးဘဝသို့ ရောက်ပါ သော်လဲ ဆရာအမျိုးမျိုး၊ဘုရားအမျိုးမျိုးတို့နှင့် တွေ့ကြုံ၍နေပါလျှင် လွယ်ကူစွာ မှန်ရာသို့ မရောက်နိုင်ဘဲ။ ဘောက်လွဲဘောက်ပြန်ဖြစ် တတ်ထမျိုးပေါ့။ သည်သို ဖြစ်ရခြင်းဟာ လွန်စွာကြောက်ဖို့ ကောင်းတယ်။ သည်လိုဘေးမျိုးကို ''နာနာသတ္ထာရဥပ္ပေါကန'' ဘေးဆိုးကြီးရယ်လို့ ခေါ်တယ်။

အဲ-ဤကဲ့သို့ ကိုးကွယ်ရာ ရှာမှုနှင့် စင်လျဉ်း၍ အမှောက်မှောက် အမှားမှား တွေ့ကြုံတတ်ပုံများကို ရှင်တော်မြတ် ဘုရားက မွေပဒ ပါဠိတော်ကြီးမှာ သို့ကလို ဟောကြားတော်မူခဲ့ပေတယ်။

(၁) ဗဟုံဝေသရဏံယန္တိ၊ ပဗ္ဗတာနိဝနာနိစ။
အာရာမရုက္ခစေတျာနိ၊ မနုဿာဘယတဇ္ဇိတာ။

(၂) ‌ံနေတံခေါသရဏံခေမံ၊ နေတံသရဏမုတ္တမံ။
• နေကံသရဏမာဂမ္မ၊ သဗ္ဗဒုက္ခာပမုစ္စတိ။

(၁) မနုဿာ၊ လူအပေါင်းကို့သည်၊ ဘယတဇ္ဇိတာ၊ ဘေးအ မျိုးမျိုးတို့မှ ထိတ်လန့်ကြကုန်သောကြောင့်၊ ပဗ္ဗတာနိစ၊ တောင်ကြီး အပေါင်းတို့ကိုရင်း၊ ဝနာနိစ၊ တောကြီးအပေါင်းတို့ကိုရင်း၊ အာရာမ ရုက္ခစေတျာနိစ၊သစ်ပင်အရာမ်,သစ်ပင်စေတီအပေါင်းတို့ကိုရင်း၊ ဗဟုံ၊ များပြားစွာ၊ သရဏံ ကိုးကွယ်ရာဟူ၍၊ ယန္တိ၊ သွားရောက် ဆည်းကပ်ကြလေကုန်၊

(၂) ဧတံ၊ ဤသို့ဆည်းကပ် ခြင်းသည်၊ ခေါ၊ စင်စစ်၊ ခေမံ၊ ဘေးရန်ကင်းကွာ၊ လွန်ချမ်းသာသော၊သရဏံ၊ တကယ့်ကိုးကွယ် ရာသည်၊ နဟောတိ၊ မဖြစ်နိုင်။ ဧတံ၊ ဤသို့ဆည်းကပ်ခြင်းသည်၊ ဥတ္တမံ၊ မွန်မြတ်သော။ သရဏံ၊ တကယ့် ကိုးကွယ်ရာသည်။ နဟောတိ၊ မဖြစ်နိုင်ခြေ၊ဧတံသရဏံ၊ ဤကဲ့သို့သောကိုးကွယ်ရာကို

အာဂမ္မ၊ အကြောင်းပြု၍၊ သဗ္ဗဒုက္ခာ၊ အလုံးစုံသော ဝဋ်ဆင်းရဲ အပေါင်းမှ၊ နပမုစ္စတိ၊ ကျွတ်လွတ်နိုင်လိမ့်မည် မဟုတ်ချေ။

နန္ဒုတ္တရာဆိုတဲ့ အမျိုးသမီးကလေးသည်၊ မိစ္ဆာဝါဒ အယူအား ဖြင့်၊ မှားလို့ လက်စမသတ်နိုင်ဘဲရှိနေဟဲ့ပြင် တရံတခါ အတ္တကိလ မထွာနုယောဂါဆိုတဲ့ အကျင့်ဆိုးကြီးများကိုပင် ဆင်းရဲပြုငြင်စွာ ကျင့်ကြံလို့နေရရှာတယ်၊ အကျိုးမဲ့အပန်းခံတဲ့ အလေ့အကျင့်များကို အတ္တကိလမထွာနုယောဂရယ်လို့ခေါ် ဆိုရတယ်၊ ၊ပြုငြင်ပင်ပန်း စွာကျင့်တဲ့ အကျင့်မျိုးတို့တွင်၊ ပဉ္စာတပဆိုတဲ့ အကျင့်ဟာလွန်စွာ ဆင်းရဲတယ်၊ အပူခါတ် ငါးပါးတို့ဖြင့် ကျင့်ခြင်းကို ''ပဉ္စာတပ'' အကျင့်ရယ်လို့ ခေါ်တယ်။ ၊အပူခါတ် ငါးမျိုးဆိုတာက အရပ် လေးမျက်နှာမှ မီးပုံကြီးလေးပုံ အထက်ဦးခေါင်းပေါ်က ပူရှိန်ပြင်း ပြတဲ့နေမင်း၊ ဆဲသည့် ငါးမျိုးကို ပဉ္စာတပရယ်လို့ခေါ် တယ်၊နေရှိန် ပူပြင်းတဲ့နွေအခါ နေပူကြီးထဲမှာ အပူခါတ်ငါးမျိုးတို့၏ အလယ်၌ ထိုင်နေကာကျင့်ကြံရဟဲ့ အကျင့်မျိုးပေါ့၊ နန္ဒုတ္တရာဆိုတဲ့ အမျိုးသမီး ကလေးဟာ သည်ပဉ္စာတပ အကျင့်ဆိုးကိုလဲ အားကြိုး မာန်တက် နှင့် ကျင့်ရှာတယ်၊ သနားစရာ မှားတာတွင်မျှမက သေးဘဲ အဆင်း ရဲကြီး ဆင်းရဲရရှာပေထိမ့်မယ်။

ထို့ပြင် ဘယ်လိုအကျင့်များကို ကျင့်ရပြန်သလဲ ဆိုတော့ မိမိ ဦးခေါင်းပေါ်တွင်ရှိဘဲ့ ဆံပင်တွေကို တခြမ်းကနှုတ်ပြီး ဆံပင် တခြမ်းကိုသာ ချန်ထားရတယ်၊ ကျန်တဲ့ဆံပင် တခြမ်းကိုလဲ သန့် ရှင်းအောင် ဖီးလို့မထားရဘဲ၊မြူမှုံ့ဘေ့ အထိမ်းလိမ်း ဆံကျစ်ထုံး ထားရတယ်၊ ဘယ့်ကလောက် ရုပ်ပျက်,ဆင်းပျက်နှင့် ဆင်းရဲတယ် ဆိုတာကို စဉ်းစားလို့သာ ကြည့်ကြပေတော့၊ ၊ထို့ပြင် ''ဘူမိ ကမ္ဗလာမြေနွေရာ'' ဆိုတဲ့အတိုင်းတစုံတရာမျှအခင်းမရှိဘဲမြေပေါ် မှာလဲ၍ အိပ်ရရှာတယ်၊ ထို့ပြင် ဆင်းရဲပြုငြင်တဲ့ အကျင့်တွေ ကျင့်ထိုက်ရဘာ လွန်စွာ များသေးသတဲ့၊

ထို့မှတပါး ကာမသုခလ္လိကာနုယောဂဆိုတဲ့ အကျင့်များ ကိုလဲ တိတ္ထိဆရာကြီးတို့ ဟောကြားတဲ့ အတိုင်း မှားမှား ယွင်းယွင်း

ကျင့်ရှာတယ်။ နေချင်သလိုနေ၊ ထိုင်ချင်သလိုထိုင်၊ သွားချင်သလို သွား၊ ပျော်ပါးချင်တိုင်း ပျော်ပါး၊ ခံစားချင်တိုင်း ခံစားတဲ့ အကျင့်မျိုးကို ကာမသုခလ္လိကာနုယောဂ ရယ်လို့ခေါ် ဆိုတယ်။ ။ အဲသည် အကျင့်ကို ကျင့်တဲ့အခါ နန္ဒုတ္တရာ ဆိုတဲ့ အမျိုးသမီးကလေးဟာ မိမိကိုယ်ကို ပြုပြင်တန်ဆာဆင်ခြင်တိုင်း ဆင်ပြီး ပျော်ရွှင်မြူးတူးနေတော့တာပေါ့။ မိန်းမတို့ အလေ့အားဖြင့် စည်းကမ်းကလနားမရှိတော့ဘူး၊ ဖြစ်ချင်တိုင်း ဖြစ်နေ ဘယ်လို့ ဆိုလိုတာပေါ့လေ။

မိစ္ဆာဒိဋ္ဌိအယူတွေကို လိုက်စား၍ မှားချင်တိုင်း မှားနေပုံကို စဉ်းစားသုံးသပ်ကြည့်ကြစမ်းပါ၊ သူ့ခမျာ ဘယ့်ကလောက် သနားစရာကောင်းသလဲလို့။ ။ မိစ္ဆာဒိဋ္ဌိဆိုတဲ့ အယူများဟာ နောင်သံသရာ၌သာ မှောက်မှားစေနိုင်တာ မဟုတ်ဘူး။ မျက်မှောက်ဘဝပစ္စုပ္ပန်လောကမှာပင်သော်လဲ အရှက်တကွဲ ဆင်းဆင်းရဲရဲနှင့် ဘောက်လွဲဘောက်ပြန် ဖြစ်စေနိုင်တယ်။

## မာနနှင့်ဝါဒပြိုင်ရန် လှည့်လည်ခြင်း

အဲ-ပြခဲ့ ပြီးတဲ့အတိုင်း မိစ္ဆာဒိဋ္ဌိဝါဒအမျိုးမျိုး တွေ့ကို နည်းလမ်းရှိသမျှ စုံလင်စွာ အဆင်းရဲခံ၍ ကျင့်ချပါသော်လဲ သတိသံဝေဂမရဘဲ စွဲစွဲလမ်းလမ်းနှင့်သာလျှင် မာန်တက်ခြင်း ဖြစ်လာ သတဲ့။ ဘယ်လိုမာန်တက်သလဲဆိုတော့ ''ဝါဒအမျိုးမျိုးကို တတ်ကျွမ်းတဲ့အရာ၊ ငါနှင့်တူတဲ့လူမရှိတော့ဘူး။ အကျင့်မျိုးစုံတဲ့ နေရာမှာလဲ ငါနှင့်တူတဲ့လူမရှိတော့ဘူး။ ယခုအခါ ဇမ္ဗူဒိပ်မှာ ငါအတတ်ဆုံး ဖြစ်တယ်၊ ဘယ်လိုပညာနှင့်ဘဲပြိုင်ပြိုင် ငါကနိုင်လိမ့်မယ်'' အဲသည်လို မာန်မာန တက်ကြွခြင်းတွေ ဖြစ်လာသတဲ့။

ထိုအခါ သပြေပန်းခက်ကိုကိုင်ပြီး နိုင်ငံတကာကို လှည့်လည်လျက် ပြိုင်လိုသူရှိလျှင် ထွက်ခဲ့ကြ၊ ငါ့ကိုနိုင်လျှင် ထိုသူတို့၏ အထံမှာ ငါတပည့်ခံမယ်၊ ငါကနိုင်လျှင်လဲ ငါ့ထံမှာ တပည့်ခံကြရမယ်၊ အဲသည်လို ကြွေးကျော်ကြိမ်းဝါးကာ ပြိုင်ဘက် ရှာနေပါရောတဲ့။ လွန်စွာ အစွမ်းကောင်းကဲ့ အမျိုးသမီးကလေးပေါ့လေ၊ မာနဆိုတာ

ကိုယ်ပမာဏကို မထောက်ဘဲ သွေးမြောက်၍ မှောက်မှောက် မှားမှား ဖြစ်စေတတ်ကြောင်း ထင်ရှားတာပေါ့။

## ရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးနှင့်တွေ့၍ ရဟန်းအဖြစ်သို့ရောက်ခြင်း။

အဲသည်လို ပြိုင်ဘက်ရှားသောအားဖြင့် လှည့်လည်၍ နေခဲ့ရာ သာဝတ္ထိနေပြည်တော်ကြီးသို့ ရောက်တော့ ရှင်မောဂ္ဂလာန် ကိုယ်တော်ကြီးနှင့် အဆင်သင့်တွေ့ကြုံပါရော။ ကျွတ်ချိန်တန်တဲ့အခါကျလို့ ပုဂ္ဂိုလ်မြတ်ကြီးနှင့် တွေ့ရတာပေါ့။ ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးက နန္ဒုတ္တရာ အမျိုးသမီးကိုတွေ့မြင်တဲ့အခါ လွန်စွာသနားတော်မူလှသဖြင့် ပါရမီရင့်ဘဲ့ အမျိုးသမီးကလေးဖြစ်ပါလျက် ဒိဋ္ဌိတို့ ညွတ်ကွင်းဖြင့် မှားခြင်းကြီးမှားနေပါပေါ့ကလား။ ငါမကယ်ဆယ်လျှင် အပါယ်ငရဲသို့ ရောက်ရရှာတော့မယ်။ အဲ-သို့ကလိုကြံစည်တော်မူပြီး နန္ဒုတ္တရာ အမျိုးသမီးကလေးနှင့် တွေ့ဆုံတော် မူတယ်။

နန္ဒုတ္တရာကလဲ အနိုင်ငံငံမှာ ပြိုင်၍လာခဲ့သမျှ သူကချည်း နိုင်ခဲ့ရသဖြင့်၊ ရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးကိုလဲ သူကပင်အနိုင်ရလိမ့်မယ်လို့ ထင်တာပေါ့။ ။အချင်းချင်း ဝါဒပြိုင်ကြတဲ့ အခါ ဘယ်မှာသူက နိုင်ပါတော့မလဲ၊ ဦးချကာညွတ်တွား၍ ဝပ်တွားလို့ အရှုံးပေးရတော့တာပေါ့။

အဲသည်လို အရှုံးပေးရတော့၊ မိမိရည်ရွယ်ချက် ထားခဲ့ရင်းအတိုင်း ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီး၏ထံမှာ တပည့်ခံပြီး၊ ရဟန်းပြုပေးရန် ခွင့်တောင်းပါရောတဲ့။ ။မှန်တဲ့တရားနှင့် တွေ့တော့ မှန်တဲ့အတိုင်းသိရှိ၍ အဖုအထစ်မရှိဘဲ လျှင်လျှင်မြန်မြန် တပည့်ခံတယ်ဆိုတာ လွန်စွာအံ့သြဘို့ ကောင်းတာဘဲ။ သာမည ပါရမီမျိုးနဲ့ သို့ကလိုလွယ်လင့်တကူ ချောချောမောမော ဖြစ်မသွား နိုင်ဘူး။

ရှင်မောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးက တပည့်ခံရင်း အဖြစ်ဖြင့် ခိုဝင်လာဘဲ့ အမျိုးသမီးကလေးကို ဘိက္ခုနီမကျောင်းသို့ပို့ဆောင်

ပြီး ရဟန်းပြုရန် အမိန့်ရှိတော်မူတယ်။ ရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီး၏ အမိန့်အတိုင်း၊ ဘိက္ခုနီမ ဆရာကြီးတွေက ရဟန်းပြုပေးလိုက်တော့၊ ရှင်တော်ဘုရား သာသနာမှာ နန္ဒပြေလွှရာ ဆိုတဲ့ ဘိက္ခုနီမကလေးတပါး ထွန်းကားလာတာပေါ့။

ဘိက္ခုနီမ ဖြစ်ပြီး၍ များမကြာမီ အတွင်းမှာပင် လျှင်ဥပဇ္ဈာယ်ဆရာများထံမှာ ကမ္မဋ္ဌာန်းနည်းကိုသင်ယူကာ ဆိပ်ငြိမ်ရာသို့ကပ်၍ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်း အားထုတ်သည်တွင် ကိလေသာကင်းစင်၍ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်လေသတည်း။

ထိုအခါ လွန်စွာဝမ်းမြောက်တော်မူလှသဖြင့်၊ မိမိကိုယ်တိုင်မှောက်မှောက်မှားမှား ဖြစ်ခဲ့ရပုံတွေကို ဘွဲ့ဆိုသီကုံးကာ ဥဒါန်းဂါထာငါးပုဒ်ကို သို့ကလို ကျူးရင့်တော်မူလေသတည်း။

(၁) အတုရံ စန္ဒဥ္စ သူရိယဥ္စ၊ ဒေဝတာနံ နမဿိဟံ။
နဒီတိတ္ထာနိ ဂန္တွာန၊ ဥဒကံ ဩရုဟာမိဟံ။ ။

(၁) ဘောဂန္တာ၊ အို-လူ နတ် ဖြဟ္မာ၊ သတ္တဝါအပေါင်းတို့။ အဟံ၊ အကျွန်ုပ်သည်၊ ပုရေ၊ အမှန်သို့မရောက်ဘဲ။ မှောက်မှောက်မှားမှားဖြစ်၍နေသောရှေးခါ၌၊ အတုရံ၊ မီးနတ်သားကိုရင်း။ စန္ဒဥ္စ၊ လနတ်သားကိုရင်း။ သူရိယဥ္စ၊ နေနတ်သားကိုရင်း။ ဒေဝတာနဥ္စ၊ နတ်များအပေါင်းတို့ကိုရင်း။ နမဿိံ၊ ဟုတ်ဟုတ်နိုးနိုးနှင့်၊ ရှိခိုးပူဇော်ခဲ့ရပါသတည်း။ နဒီတိတ္ထာနိ၊ ဂင်္ဂါ, ယမုနာ, အစရှိသော မြစ်ဆိပ်အမျိုးမျိုးတို့ကို၊ ဂန္တွာန၊ သွားရောက် ချဉ်းကပ် အဟုတ်ကြီးထင်မှတ်၍၊ ဥဒကံ၊ မြစ်ရေထဲသို့၊ ဩရုဟာမိ၊ တရုတ်ရုတ်တလျှိုးလျှိုးနှင့်၊ ရေချိုးခြင်းငှါ ဆင်းသက်ခဲ့ရပါသတည်း။

(၂) ဗဟူဝတသမာဒါနာ၊ အဍ္ဎံသီသဿ ဩလိခိံ။
ဆာမာယသေယျံ ကပ္ပေမိ၊ ရတ္တိဘတ္တံ န ဘုဉ္ဇဟံ။ ။

(၂) တတော၊ ထိုပြင်တပါး။ အဟံ၊ အကျွန်ုပ်သည်။ ဗဟူ၊ တိတ္ထိဆရာကြီးတို့၏၊ နိဿယည်းဖြင့်၊ အသီးသီး များပြားလှကုန်သော။ ဝတသမာဒါနာ၊ ပဋိပတ်အကျင့်မှစ၍၊ ကျင့်ဝတ်ဆောက်

တည်နည်းအမျိုးမျိုးတို့ကိုလည်း၊ အကာသိ၊ ဆံင်းရဲကို မငဲ့ကွက်, အသက်ကိုမညှာဘဲ၊ ရဲရင့်စွာ ပြုလုပ်ကြိုးစားခဲ့ပါ သတည်း။ တတော၊ ထို့ပြင်တပါး။ အဇ္ဈတ္တိသဿ ဦးခေါင်းထက်၌ ရှိသော ဆံပင်တခြမ်းကိုလည်း။ ဩလိခိံ၊ မြိတ်သည်ဟု ထင်သေးစိတ်ဖြင့်၊ ဖြတ်ရိတ်ပယ်ရှင်း၍ ထားခဲ့ပါသတည်း။ တတော၊ ထို့ပြင်တပါး။ ဆာမာယ၊ အခင်းမရှိသော မြေအပြင်၌။ သေယျံ၊ မသန့်ရှင်းဘဲ၊ ထူးလဲညစ်ပေသော အိပ်ခြင်းကို။ ကပ္ပေမိ၊ကျတ်လွတ်လိုတဲ့ အမှု ကြောင့်၊ ပြုလုပ်ခဲ့ရပါသတည်း။ တတော၊ ထို့ပြင်တပါး။ အဟံ၊ အကျွန်ုပ်သည်၊ ရတ္တိဘတ္တံ၊ ထမင်းညစာကို။ နဘုဉ္ဇေ၊ ရှောင်ကြဉ် သောအားဖြင့်၊ မစားဘဲ နေခဲ့ရပါသတည်း။

(၃) ဝိဘူသမဏ္ဍနရတာ၊ နှာပနုစ္ဆာဒနေဟိစ။
ဥပကာသိ ဣမံကာယံ၊ ကာမရာဂေနအဋ္ဋိတာ။

(၃) အဟံ အကျွန်ုပ်သည်၊ကာမရာဂေန၊ကာမဂုဏ်လိုက်စား သောအလှေ့အားဖြင့်။ အဋ္ဋိတာ၊ အနှိပ်စက် ခံရလေသောကြောင့်။ ဝိဘူသမဏ္ဍနရတာ၊ တင့်တယ်ပြုပြင်၊ တန်ဆာဆင်ခြင်း အရေး၌ အလေးပြုကာ တွယ်တာနှစ်သက်လေသောကြောင့်။ ဣမံကာယံ၊ ဤကိုယ်ကောင် အထည်ဖြုပ် ကလေးကို။ နှာပနုစ္ဆာဒနေဟိစ၊ အကြိမ်ကြိမ်ရေချိုးခြင်း၊ အမျိုးမျိုးအမွှမ်းတင်ခြင်းစသည်တို့ဖြင့်၊ ဥပကာသိ၊ အလိုလိုက်၍ နှစ်ချိုက်စေအောင် ပြုပြင် ချယ်လှယ်ခဲ့ပါ သတည်း။

(၄) တတော သဒ္ဓံ လဘိတွာန၊ ပဗ္ဗဇိံ အနာဂါရိယံ။
ဒိသွာ ကာယံ ယထာဘူတံ၊ ကာမရာဂေါ သမူဟတော။

(၄) တတော၊ ထိုအမှန်မတွေ့၊ အကွေ့အကောက်၊ မှောက် မှောက် မှားမှား လိုက်စားကျင့်ကြံပြီးသော နောက်၌။သဒ္ဓံ၊ရတနာ သုံးစုံ၊ ကြည်ညိုလေးမြတ်၊ သဒ္ဓါဓာတ်ကို။ လဘိတွာန၊ အခွင့်ကြုံကိုက် ကြုံ၊ ရလေတုံ၍။ အနာဂါရိယံ၊ ဇိနမြတ်စွာ၊ သာသနာဘောင်၊ အိမ်ထောင်ညွတ်ကွင်း၊ လွတ်ကင်းနေပျော်၊ အရိပ်တော်၌။ ပဗ္ဗဇိံ၊

ရဟာန်းပြုခဲ့ပါသဘည်း။ ဇာမိကာယံ၊ ဤကိုယ်ကောင်ကြီး၏ ဖြစ်ပုံ သဘောတွေကို၊ ယထာဘူတံ၊ ဟုတ်မှန်သော အတိုင်း၊ ဗိသွာ၊ ရုပ်မျိုး, နာမ်မျိုး၊ ကြောင်းကျိုးစပ်ဆက်၊ ဖြစ်ပျက်နေဟန်၊ အမှန် တိတိ၊ ဥာဏ်ဖြင့်သိ၍၊ကာမရာဂေါ၊လောဘအဆင်၊ကာမဓာတ်ကို၊ သမူဟတော၊ အမြစ်ပါမကျန်အောင်၊ ထွန်းလှန်ပြီးဖျက် အပ်ခလ သတည်း။

(၅) သမ္ဗောဓဝါ သမုဋ္ဌိန္နာ၊ ဇာနတ္တာ၁ ပဏ္ဍနာပိစ။
သမ္ဗောယောဂါဗိသံယုတ္တာ၊ သန္တိံ ပါပုဏိ စေတသော။

(၅) မသာ၊ အကျွန်ုပ်သည်။ သမ္ဗောဓဝါ၊ သုံးဆဲ့ဘဘုံ၊ဝန်မြုံ တကြော၊ အမိုက်တောကို၊ သမုစ္ဆိန္နာ၊ အကုန်ချတ်ရှင်း၍၊ ပြောင် တလင်းလှဲအပ်ကုန်ပြီ။ ဇာနတ္တာ၁၊ အာရုံမြင်လျှင်၊ လိုချင်နှစ်ချိုက်၊ ဇာနတ္တာသိုက်ကိုရင်း၊ ပဏ္ဍနာပိစ၊ ငါရလျှင် ကောင်းလေစွဘု၊ တောင့်တမျှော်စိုက်၊ အာသာသိုက်ကိုရင်း၊ သမုစ္ဆိန္နာ၊ အကုန် ချတ်ရှင်း၍၊ ပြောင်တလင်းလှဲအပ်ကုန်ပြီ၊ သမ္ဗောယောဂါ၊ ဘွဲ့နှောင် တတ်လှ၊ ယောဂသမုတ်၊တရားယုတ်ဘို့သည်၊ ဗိသံယုတ္တာ၊ ကိုယ်နှင့် မယှဉ်ဘဲ၊ လွှင့်စင်ထွက်ပြေးကြလေကုန်ပြီ။ ဇာဒါနို၊ ယခုအခါ၌၊ အဘံ၊ အကျွန်ုပ်သည်၊ စေတသောသန္တိံ၊ ဘယ်အပူမျိုးမှ မငွေ့ဘဲ၊ အရိယာဘို့အလေ့ဖြင့် စိတ်နှလုံး ချမ်းခမြခြင်းသို့၊ပါပုဏိ၊အဖိုးရိမ် မနှောက်ဘဲ၊ ဆိုက်ရောက်ခဲ့လေပြီဘကား။

ယခုပြဆိုခဲ့သော နန္ဒပြဿရာထေရီဝတ္ထု၌ နည်းယူ အတုခိုးဘွယ် အချက်မှာ နန္ဒပြဿရာသည်။ အခွင့်မကြုံသေးသဖြင့် အမှောက်အမှား အမျိုးမျိုးတို့ကို လိုက်စားဘျင့်ကြံ၍ နေခဲ့သော်လည်း၊ လမ်းမှန်ကို ညွှန်ပြ၍ နည်းကျအောင် သွန်သင်သော ဆရာမြတ်ကြီးနှင့်တွေ့သော အခါ မိမိ၏အမှားကို အကျွင်းအကျန်မထားဘဲ အလုံးစုံ စွန့်ပစ် လိုက်ဘိသကဲ့သို့ ထိုနည်းတူစွာ ပုထုဇန် ဘို့ဒေ့တာ လမ်းမှန်ကိုမတွေ့ ၍ မှောက်မှားသော အလေ့တို့ဖြင့် တိမ်းချော် စောင်းပိုက်၍နေ သော်လည်း နည်းမှန် လမ်းကျ ညွှန်ပြသွန်သင်မဲ့ ပုဂ္ဂိုလ်မြတ်တို့နှင့် တွေ့ကြုံခဲ့ပါလျှင်၊ ရှေးက လက်ကိုင် ထားခဲ့သော မိမိအမှားတွေကို

အကြွင်းအကျန် မရှိအောင် အလုံးစုံပယ်စွန့်၍ လမ်းမှန်သို့ လိုက်နိုင်ကြရန် အချက်ကြီး ဖြစ်ပေသတည်း။

အမှားကို မစွန့်နိုင်ဘဲ ဖွဲ့သန်သန်နှင့် စွဲလမ်း၍ နေခြင်းကို ရှုန်းသစ္စာဘိနိဝေသဒိဋ္ဌိဟု ခေါ် ဆိုကြောင်းများကိုလည်း သတိထားကြကုန်ရာသတည်း။

နန္ဒုတ္တရာထေရီဝတ္ထုပြီး၏။

---

## ပဉ္စကနိပါတ်။

## (၆) ကာဠီထေရီဝတ္ထု။

သံသရာတကြော ဒုက္ခတောမှ လွတ်လိုသောဆန္ဒဖြင့်၊ ရှေ့ရှေးဘဝတို့၌ တွေ့ကြုံခဲ့သမျှသော ဘုရားရှင်တို့၏ လက်ထက်တော်မှာ ပါရမီဥစ္စာထုပ်ကို သိုမှီးပြင်ဆင်ဆောင်း၍လာခဲ့တဲ့ အမျိုးသမီးကလေးတယောက်ဟာ ယခုရှင်တော်ဘုရား လက်ထက်တော်သို့ ကျတော့။ ကုရုတိုင်း ကမ္မာသဒမ္မနိဂုံးကြီးဝယ် စင်ကြယ်မြင့်မြတ်သော ပုဏ္ဏားကြီးအနွယ်မှမွေးဘွားတဲ့အမျိုးသမီး ကလေး တယောက်ဖြစ်လာတယ်။ အမည်မှာတော့ ''ကာဠီ'' တဲ့၊ဘယ်အတွက်ကြောင့် ကာဠီမည်သလဲလို့ဆိုတော့ သူ့အသားအရေက ဖြူဖြူစင်စင် မဟုတ်ဘဲ၊ မှိုင်းညိုညိုဖြစ်နေလို့ ကာဠီဆိုဘဲ့ အမည်ကိုပေးသဘဲ့။မြန်မာဘာသာအားဖြင့် တိုက်ရိုက်ပြန်ဆိုရပါလျှင် 'ခင်ညို''ရယ်လို့ ခေါ် ဆိုရမှာပေါ့။

အဲ-ကာဠီဆိုတဲ့ အမျိုးသမီး ကလေးဟာ ကမ္မာသဒမ္မ နိဂုံးမှာ အစဉ်အတိုင်း ကြီးပွါးလာလို့ အရွယ်သို့ ရောက်တဲ့အခါ ကံအားလျော်စွာ ထိုကမ္မာသဒမ္မနိဂုံးကြီးမှာ မဟာသတိပဋ္ဌာန် တရားကိုဟောကြားတဲ့ တရားပွဲကြီး ပေါ်လာပါရော။ ။မဟာသတိပဋ္ဌာန်ဒေသနာတော်ကြီးဆိုတာ အခြားအရပ်မှာ ဟောတာမဟုတ်ဘူး၊ ကာဠီတို့နေထိုင်တဲ့ ကမ္မာသဒမ္မနိဂုံးကြီးမှာ ဟောကြားတော် မူတဲ့ ဒေသနာတော်ကြီးဖြစ်ပေတယ်။

အဲသည် နိဂုံးကြီးမှာ ရှင်တော်ဘုရား ဟောကြားတော်မူတဲ့ ဒေသနာတော်ကြီး ဖြစ်တဲ့အတွက် နိဂုံးသူ၊နိဂုံးသားတွေဟာ မဟာသတိပဋ္ဌာန်တရားကိုတယောက်မကျန် သင်အံလေ့ကျက်ကြသတဲ့။ အယုတ်သဖြင့် ခုနစ်နှစ် အရွယ်ရှိတဲ့ အမျိုးသမီးကလေး များပင် သော်လဲ သတိပဋ္ဌာန် သုတ္တန်ကျမ်းမြတ်ကို နှုတ်တက်ရွရွ အမြဲပင် ရွတ်ဘတ်သရဇ္ဈာယ်ကာနေကြသတဲ့။ ။အဲ-သို့ကလောက် သတိပဋ္ဌာန်တရားကို ကြိုးစားအားထုတ်ကြတဲ့အတွက် ထိုသူတို့နိဂုံးသားတွေဟာ တရားအရာတွင် ထိမ္မာယဉ်ကျေးပြီး ကျက်သရေမင်္ဂလာဝင်လိုက်ကြဘာလွန်စွာများသတဲ့၊ရဟန်းပြုကြတဲ့ အမျိုးသားတွေ၊အမျိုးသမီးတွေဟာလဲ မရေမတွက် နိုင်အောင်ပင် ရှိနေကြသတဲ့။ အဲ-သို့ကလောက် သတိပဋ္ဌာန်တရားကို ကြိုးစားအားထုတ်ကြတဲ့ အတွက် ထိုခေတ်အခါက ထိုနိဂုံးကြီးကို မဟာသတိပဋ္ဌာန် နိဂုံးကြီးရယ်လို့ ခေါ်ကြသတဲ့၊သာသနာဘော်အတွင်းမှာမဟာသတိပဋ္ဌာန်ဒေသနာတော်ကြီးဆိုတာ ဗုဒ္ဓဘာသာဝင်ဖြစ်ကြတဲ့ လူ၊ရှင်အပေါင်းတို့အား များစွာကျေးဇူးပြုနိုင်တဲ့ ဒေသနာတော်ကြီးပေပေါ့၊ တရားအချက်တွေဟာလဲ စုံလင်စွာပါရှိပေတယ်။ အဲ-သို့အတွက်ကြောင့် သာသနာတော်ကို ကြည်ညိုကိုင်းရှိုင်းတဲ့ ပုဂ္ဂိုလ်မှန်သမျှတွေဟာ မဟာသတိပဋ္ဌာန် သုတ္တန်အချက်ကိုလေ့ကျက်သင်ကြားသင့်ကြပေတယ်။

(အယဲဒီတာမှတ်ချက်။ ။မဟာသတိပဋ္ဌာန် ဒေသနာတော်၌ လာသော သဘော အဓိပ္ပါယ်တို့ကို လွယ်လွယ်ကူကူနှင့် သိတော်မူလိုကြပါလျှင်၊လယ်တီပဏ္ဍိတ-ဆရာဦးမောင်ကြီးရေးသားသော "မဟာသတိပဋ္ဌာန် အမေးအဖြေ" စာအုပ်ကို လက်ကိုင် ထား၍ သင်ကြားလေ့လာကြပါကုန်။)

ပြဆိုခဲ့ပြီးသော ကာဠိဳဆိုတဲ့ အမျိုးသမီးကလေးဟာ သတိပဋ္ဌာန်တရားပွဲတော်ကြီးတွင် ကိုယ်တိုင် ပါဝင် နာကြားရပြီးတဲ့နောက် မဟာသတိပဋ္ဌာန် သုတ္တန်ကျမ်းမြတ်ကြီးကို နှုတ်တက်ရွရွ ဆောင်ထားတဲ့ အပြင် အဓိပ္ပါယ် သဘောသရုပ် တို့ကိုလဲ ဟုတ်ဟုတ်

ညှားညှားသိရှိအောင် သင်ကြား အားထုတ်တယ်။ ။သတိပဋ္ဌာန် ဒေသနာကို လွန်စွာကြိုးစားတဲ့ အတွက် နိဂုံးသူ နိဂုံးသား တို့ကပင် ထိုဇမျိုးသွီး ကလေးကို "သတိပဋ္ဌာန်ခင်ညို သတိပဋ္ဌာန်ခင်ညို" ရယ်လို့ ခေါ်ဆိုသမုတ်ကြတယ်၊ အခြားသော အမျိုးသွီးများကိုလဲ မိမိကိုယ်တိုင် ဆရာလုပ်ပြီး သတိပဋ္ဌာန်တရားကို သင်ကြားပြသလို့ ပေးတယ်။ ထိုအခါ သတိပဋ္ဌာန် ဆရာမကလေး ရယ်လို့ ခေါ်ကြ ပြန်တာပေါ့။

အဲ-ဤကဲ့သို့မဟာသတိပဋ္ဌာန်နှင့် စပ်ဆိုင်တဲ့ ကုသိုလ်တရားကို ပွားများက ၁ နေထိုင်ပြီးတဲ့နောက် လူ့တို့ဘောင်မှာ လူ့ဝတ်ကြောင်နှင့် နေရတာကို ငြီးငွေ့ပျင်းရိနိုးလာသဖြင့် မိဘများထံမှာ ခွင့်ပန်ကာ သာသနာဘောင်သို့ ဝင်ပြီး ရဟန်းပြုလုပ်တယ်။ ဘိက္ခုနီမ အဖြစ်သို့ရောက်တဲ့အခါ မူလအမည်သညာအတိုင်း "ကာဠီထေရီ" ရယ်လို့ ထင်ရှား ကျော်စောသွားတယ်၊

သတိပဋ္ဌာန်တရားကို လူဖြစ်စဉ်အခါကပင် စွဲလမ်း၍ လာခဲ့တဲ့ အကြောင်း ရဟန်းဖြစ်တဲ့ အခါမှာလဲ ထိုတရားကိုပင် ဟောကြား ပြသလို့နေတယ်။ ကာဠီထေရီ ဘိက္ခုနီမထံသို့ မဟာသတိပဋ္ဌာန် တရားကို ကြားနာရအောင် လာလိုက်ကြတဲ့ အမျိုးသွီးတွေဟာ နေ့စဉ် မပြတ် အထပ်ထပ် စည်ကားနေသတဲ့။ ပေါများ လိုက်တဲ့ လာဘ်လာဘတွေဟာလဲ တောင်ပုံ ရာပုံ အစုအပုံ ကြီးတွေ ဖြစ်နေ သတဲ့၊ တရားဟော ကောင်းတယ်ဆိုတဲ့ သတင်းဟာလဲ အများ တကာဘို့၏ နားမှာ ကြားသိကျော်စောလို့နေတယ်။

တရားနာလာကြတဲ့ ပရိသတ်တွေက များပြား။ လာဘ်လာဘ တွေက များပြား၊ တရားဟော ကောင်းတယ်ဆိုတဲ့ သတင်းကလဲ ကြီးမား။ အဲ-သို့ကလို ဂုဏ်အားဖြင့် ထင်ရှား ကျော်စောနေတဲ့ အတွက် ကိုယ်ရေးကိုသို့တာဝန်ဖြစ်တဲ့တရားအလုပ်ကိုအားမထုတ် နိုင်ဘဲ လာဘ်လာဘဆိုတဲ့လှိုင်းကြီးထဲမှာ ခုနစ်နှစ်တိုင်တိုင် နစ်မြုပ် နေရှာသတဲ့၊ လာဘ်လာဘဆိုတာ လွန်စွာမြှောက်ပင့် တတ်ထာ

ကလား။ လာဘ်လာဘသိုတာ နှောင်ကြိုးဖြင့် အမိခံရတဲ့ ငှက်များသို ထွက်သွားခြင်းငှါ မတတ်နိုင်တော့ဘူး။

ခုနစ်နှစ်တိုင်တိုင် လာဘ်လာဘ ကျော့ကွင်းဖြင့် အမိခံရပြီးတဲ့နောက်၊ သတိသံဝေ ဘယ်လိုရလာသလဲလို့ဆိုတော့။ ဧဩဝ်-ငါ ရဟန်းအဖြစ်သို့ ရောက်လာပါသော်လဲ ကိုယ့်သိရင်းဂုဏ်ဖြစ်တဲ့ ရဟန်းအလုပ်ကို အားမထုတ်သေးပါကလား၊ မိမိ၏ထံသို့ လာရောက်ကြတဲ့ ပရိသတ်ပေါင်း များစွာတို့အား တရားဟောရတဲ့ကိစ္စ၊ ပင့်လျှောက်ကြတဲ့ အရပ်ဒေသ အမျိုးမျိုးသို့လိုက်ပြီး တရားဓမ္မဟောပြရတဲ့ကိစ္စ၊ ကြည်ညိုစွာ လှူဒါန်းကြတဲ့ ပစ္စည်းပရိက္ခရာတွေကို အလှူခံရတဲ့ကိစ္စ၊ အဲသည်သို ကိစ္စအမျိုးမျိုးနှင့်သာ အချိန်ကုန်ဆုံးနေခဲ့ရတယ်။ ကိုယ့်ရေးကိုယ့်တာဝန်ဖြစ်တဲ့ ရဟန်းအလုပ်ကိုတော့ အားမထုတ်ရသေးဘူး ရဟန်းပြုလာခြင်းဟာလဲ လာဘ်လာဘများတို့မဟုတ်ဘူး သံသရာဝဋ်ဒုက္ခ ကျွတ်ခွေမှ လွတ်ပစေ, ကျွတ်ပစေ ဆိုတဲ့စိတ်မျိုးနှင့်၊ ရဟန်းပြုလာခဲ့ခြင်းဖြစ်ပေတယ်။ အဲ-သို့အတွက်ကြောင့်၊ လွန်ခဲ့တဲ့အနေအထိုင်မျိုးတွေကဲ့သို့ နေထိုင်လို့ဖြင့် မသင့်လျော်တော့ဘူး။ တရားဟောမှုနှင့်၊ ပစ္စည်းအလှူခံမှုကို ဖြတ်၍၊ ဆိတ်ငြိမ်ရာသို့ကပ်ပြီး၊ မြင့်မြတ်တဲ့တရားအလုပ်ကို၊ အားထုတ်မှသင့်လျော်တော့မယ်။

အဲ-သို့သသို၊ အကြံဖြစ်တဲ့နောက်၊ ဥပဇ္ဈာယ်ဆရာကြီးဘို့ထံမှာ အခွင့်ပန်ပြီး၊ ဆိတ်ငြိမ်သော တောအုပ်တခုအတွင်းသို့ ထွက်သွားပြီးသျှင်၊ မဟာသတိပဋ္ဌာန် သုတ္တန်ကျမ်းမြတ်ကြီးမှာ ဟောတော်မူတဲ့ နည်းလမ်းအတိုင်း သမထဘာဝနာကို အရင်းခံပြုကာ ဝိပဿနာ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများရာတွင် မကြာမီအတွင်းကိလေသာပြတ်ကင်း၍ မြတ်ခြင်းကြီး ထွန်းမြတ်လှစွာသော ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူလေသတည်း။

ထိုအခါ လွန်စွာဝမ်းမြောက်တော်မူလှသဖြင့် နောင်နောက်ကဖြစ်ပျက်ခဲ့သမျှသော ကြောင်းရာဥဿုံ အလုံးစုံကို ဘွဲ့ဆိုတော်မူကာ ဥဒါန်းဂါထာငါးပုဒ်ကို သို့ကလို[illegible]တ်ဆိုတော်မူ လေသတည်း။

(၁) သန္တဂါယပဗ္ဗတ္တိတွာန၊ အာဂါရသွာနဂါရိယံ။
ဝိစရိဟံတေနတေန၊ လာဘာသက္ကာရဥဿုကာ။

(၁) အဟံ၊ အကျွန်ုပ်သည်၊ သန္တဂါယ၊ လေးမြတ်ကြည်ညိုအပ်သော သန္တဂါ ဟုန်ဖြင့်။ အာဂါရသွာ၊ အိမ်ယာထောင်သော လူ့ဘောင်မှ၊ နိက္ခမ္မ၊ ထွက်ခွာ၍။ အနဂါရိယံ၊ အိမ်ရာမထောင်သော ရဟန်းဘောင်၌။ ပဗ္ဗဇိတွာန၊ ရဟန်းပြုပြီးသည်ရှိသော်။ လာဘာသက္ကာရဥဿုကာ၊ လာဘ်လာဘပေါ်များမှုကို၊ ဂရုစိုက်လျက်။ တေနတေန၊ ထိုထိုအရပ် ဌာနသို့။ ဝိစရိံ၊ တရားဘောရန်၊ ကြံမိဘန်များစွာ၊ လှည့်လည်၍ နေခဲ့ပါသတည်း။

(၂) ရိတ္တွာပရမံအတ္ထံ၊ ဟီနမတ္ထမသေဝိဟံ။
ကိလေသာနံဝသံဂန္တွာ၊ သာမညတ္ထံနိရဇ္ဈဟံ။

(၂) အဟံ အကျွန်ုပ်သည်။ ပရမံ၊ နိဗ္ဗာန်ရောက်ကြောင်း၊ အာ အာချင့်ကောင်းဖြစ်သော။ အတ္ထံ၊ အကျိုးစီးပွားကို၊ ရိတ္တွာ၊ ရှောင်လွှဲ ချော်ချွတ်စေ၍။ ဟီနံ၊ အောက်တန်းကျသော။ အတ္ထံ၊ လာဘ်လာဘ ပေါ်များခြင်းဟူသော အကျိုးစီးပွားကို၊ အသေဝိံ၊ မှီဝဲသော အား ဖြင့်၊ ကြိုးစားမိလပြီ၊ ကိလေသာနံ၊ ကိလေသာတရားတို့၏။ ဝသံ၊ အလိုနိုင်ငံသို့၊ ဂန္တွာ၊ လိုက်ပါ၍၊ သာမညတ္ထံ၊ ရဟန်းပြုယပ်မှု၏ အကျိုးစီးပွားကို။ အဟံ၊ အကျွန်ုပ်သည်၊ နိရဇ္ဈိံ၊ မသိမမြင်ဘဲ၊ အလွဲ ကြီး လွဲခဲ့ရပါသတည်း။

(၃) တဿာမေအဟုသံဝေဂေါ၊ နိသိန္နဿယဝိဟာရကေ။
ဥမ္မဂ္ဂပဋိပန္နမှိ၊ တဏှာယဝသမာဂတာ၊

(၃) ဝိဟာရကေ၊ ကျောင်းငယ်တဆောင်၌၊ နိသိန္နဿယ၊ ကမ္မ ဋ္ဌာန်းအလုပ်ကို အားထုတ်ကြိုးစား၍နေစဉ်၊ တဿာမေ၊ ထိုအ ကျွန်ုပ်အား၊ သံဝေဂေါ၊ တုန်လှုပ်လန့်ထိတ်၊ သံဝေစိတ်သည်၊ အဟု၊ အချိန်သင့်ရွာ၊ ဖြစ်ပေါ်၍လာ၏။ အဟံ၊ ငါသည်၊ ဥမ္မဂ္ဂပဋိပန္နာ၊ လမ်း မှောက်လမ်းမှားသို့၊ လိုက်သွားတွေ့၍နေသည်၊ အမှိ၊ ဖြစ်ရပါ သည်တကား၊ တဏှာယ၊ ပဋ္ဌည်းများကြောင်းစုဆောင်းသိမ်းမိုက်၊

တဏှာရိက်၏။ ဝသံ၊ အလိုနိုင်ငံသို့၊ အာဂတော၊ ဆိုက်ရောက်၍ နေပါသည်ဘကား။ ဇာတိ၊ ဤသို့၊ သံဝေဂေါ၊ တုန်လှုပ်လန့်ထိတ်၊ သံဝေစိတ်သည်၊ အ႒၊ အချိန်သင့်စွာ၊ ဖြစ်ပေါ်၍လာ၏။

(၄) အပ္ပကံဇီဝိတံမယှံ၊ ဇရာဗျာဓိစမဒ္ဒိတံ။
ပုရာယံဘိဇ္ဇတိကာယော၊ နမေကာလောပမဇ္ဇိတုံ။

(၄) မယှံ၊ ငါ၏။ အပ္ပကံ၊ တိုတောင်းသေးသိမ်လှစွာသော။ ဇီဝိတံ၊ အသက်ကလေးတချောင်းကို။ ဇရာဗျာဓိစ၊ အိုခြင်းတရား, နာခြင်းတရားများကလည်း။ မဒ္ဒိတံ၊ မရပ်မနေ ကြိတ်ခြေညှင်းပမ်း၍နေလေ၏။ အယံကာယော၊ ဤကိုယ်ကောင်ကြီးသည်။ ပုရာဘိဇ္ဇတိ၊ ပျက်စီးခြင်းသို့မရောက်သေးမှီ။ မေ၊ ငါ့အား။ ပမဇ္ဇိတုံ၊ မေ့မေ့လျော့လျော့၊ ပေါ့ပေါ့ တံတံ နေခြင်းငှါ။ နကာလော၊ အခါမဟုတ်ချေ။

(၅) ယထာဘူတံပစ္စဝေက္ခန္တီ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
ဝိမုတ္တ စိတ္တာဥဋ္ဌာသိံ၊ ကတံဗုဒ္ဓဿသာသနံ။

(၅) အဟံ၊ အကျွန်ုပ်သည်။ ခန္ဓာနံ၊ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏။ ဥဒယဗ္ဗယံ၊ ခဏကလေးနှင့်ဖြစ်၊ ခဏကလေးနှင့် ပျက်ပုံသဘောကို။ ယထာဘူတံ၊ ဟုတ်မှန်သော အတိုင်း။ ပစ္စဝေက္ခန္တီ၊ ဝိပဿနာ ဉာဏ်အမြင်ဖြင့်၊ ဆင်ခြင် ရှုစား သိုက်သည် ဖြစ်သော်။ ဝိမုတ္တစိတ္တာ၊ ကိလေသာသွက်ကွင်းမှ၊ လွတ်ကင်းသောစိတ်ရှိသည် ဖြစ်၍၊ ဥဋ္ဌာသိံ၊ ရဟန္တာအဖြစ်သို့ ရောက်သဖြင့် ဝမ်းမြောက်စွာ ထလိုက်ပါသတည်း။ ဗုဒ္ဓဿ၊ ရှင်တော်မြတ်ဘုရား၏။ သာသနံ၊ ဆုံးမနည်းလမ်း၊ စည်းကမ်းဥသျှံ၊ အလုံးစုံကို၊ ကတံ၊ မကျန်မကျွင်းအောင်၊ ပြုလုပ်အပ်ခြင်းသို့ပြီးလေပြီ။

ဤကဲ့သို့ ရဟန္တာအဖြစ်သို့ရောက်ပြီးသောအခါ၊ ဗုဒ္ဓသာသနာတော်အတွင်းမှာ 'ကာဠိဿေရီ' ဘိက္ခုနီတပါးဟု၊ ထင်ရှားကျော်စောတော်မူလေသတည်း။

(၆) ကာဠိဿေရီ ဝတ္ထုပြီး၏။

*(ခွင်းချက်။ ။ဤဝတ္ထု၌ သတိထား၍ မှတ်သားရန်အချက်မှာ ပစ္စည်းလာဘ်လာဘများအောင်စုဆောင်းခြင်း၊ရရှိသောပစ္စည်းတို့အပေါ်၌ တဏှာဖြင့် သာယာတွယ်တာခြင်း၊ဤသဘောများသည် ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်သောပုဂ္ဂိုလ်ဘို့နှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်ဘက်ဖြစ်ပေသည်။ လာဘ်လာဘတည်းဟူသော ဖုံးဆံဖြင့်ထိမှန်ခြင်းခံရသော ပုဂ္ဂိုလ်တို့သည်၊ တရားအလုပ်ကို အားထုတ်ခြင်းငှါ မစွမ်းနိုင်ကြကုန်၊ ထို့ကြောင့် ပဓာန အလုပ်စခန်း၌ကြိုးပမ်းလိုသော ပုဂ္ဂိုလ်တို့သည်၊ ပစ္စည်းလာဘ်လာဘ ရှာမှီးခြင်း ရရှိပြီးသော ပစ္စည်းလာဘ်လာဘတို့၌ တွယ်တာနှစ်သက်ခြင်း ဤသဘောများကို ပယ်ရှားစွန့်ပစ်ကြကုန်ရာသတည်း။)

---

''ပဉ္စကနိပါတ်''

## (၇) သကုလာထေရီဝတ္ထု။

သံသရာဝတ်မှို၊ ကရွတ်ချုံမှ၊ လွတ်ခုံကျော်သွား၍၊ ထွက်သွားလိုသော၊ အမျိုးသမီးကလေး တယောက်သည်၊ ရှေးရှေ့သောအခါ၊ အတိတ်သံသရာ အဆက်ဆက်တို့၌၊ထွက်မြောက်ကြောင်းဖြစ်သော ကုသိုလ်ပါရမီမျိုးများကို ကြိုးစားဖြည့်ဆည်းပူး၍ နေစဉ် ပဒုမုတ္တရဘုရား ထင်ရှားပွင့်တော်မူသောအခါ၊ ဟံသာဝတီနေပြည်တော်ကြီးမှာ အာနန္ဒာအမည်ရှိတဲ့၊ ဘုရင်မင်းမြတ်ကြီး၏ သမီးတော်ကလေးတပါးဖြစ်လာတယ်။

ထိုအာနန္ဒာမင်းကြီးဟာ ပဒုမုတ္တရ ရှင်တော်မြတ်ဘုရား၏ ခမည်းတော်ကြီး တပါးပေပေါ့၊ ဆိုခဲ့တဲ့ မင်းသမီးကလေးဟာလဲ ရှင်တော်ဘုရား၏ နှမတော်မြတ် တပါးဖြစ်ပေတယ်၊ သို့ရာတွင် ခမည်းတော်ချင်းသာတူ၍ မယ်တော်ချင်း တော့ မတူဘူးပေါ့။ ထိုမင်းသမီးကလေး၏ အမည်ကိုတော့၊ အလွန်နှစ်သက်ဘွယ် ရှိတဲ့အတွက်၊ ''နန္ဒာ'' ရယ်လို့ ခေါ်ဝေါ်ကြတယ်၊ ။ထိုနန္ဒာဆိုတဲ့

အမျိုးသမီးကလေးဟာ ရှေးဟောင်းပါရမီ ပြည့်ညီလာခဲ့တဲ့အတိုင်း လိမ္မာယဉ်ကျေးတဲ့ဂုဏ်နှင့် အထူးသဖြင့် ပြည့်စုံသတဲ့။

မောင်တော်ကြီးကလဲ သုံးလောကထွန်းထား ဘုရားကိုယ်တော် မြတ်ကြီးဖြစ်နေတဲ့အတွက် ထိုမင်းသမီးကလေးမှာ သာလို့ပင် ချီးမွမ်း ဘွယ်ကောင်းပေတာပေါ့။ အိမ်ရာတည်ထောင်တဲ့ လူ့ဘောင်က စရိုက်များကို လိုက်စားခြင်း မပြုဘဲ၊ သန့်ရှင်းသော အပျိုကညာ အဖြစ်နှင့်သစ်သစ် လွင်လွင်နေထိုင်ကာ ခေါင်တော်ဖြစ်တဲ့ရှင်တော် မြတ်ဘုရားထံတော်သို့ နေ့မှန်ရက်ဆက် သွားရောက်ဆည်းကပ်ပြီး လှူဒါန်းခြင်း, တရားနာခြင်း အစရှိတဲ့ ကုသိုလ်မျိုးများ ကိုသာ ကြိုးစားအားထုတ်နေတယ်။

တနေ့သောအခါ အပျိုစင်ဖြစ်တဲ့ သမီးကညာပေါင်း များစွာ တို့ဖြင့် ခြံရံလျက် တခမ်းတနား ကျောင်းတော်သို့သွားပြီး တရား နာစဉ်အခါ ရှင်တော်မြတ်ဘုရားသည်၊ ဘိက္ခုနီရဟန္တာမဘာပါးကို ဒိဗ္ဗစက္ခုဉာဏ်အရာ၌ ခန့်ထား ချီးမြှင့်တဲ့ ပွဲတော်ကြီးနှင့် ကြုံနေ ပါချေ။ ။နန္ဒာအမည်ရှိ ဤမင်းသမီးကလေးသည်၊ ဒိဗ္ဗစက္ခုဉာဏ် ရဘဲ့ ဘိက္ခုနီမဘာပါးကို မြင်တော့ ကြည်လင်ဝမ်းသာ လွန်စွာ အားတက်ခြင်းဖြစ်ပြီး၊ 'နောင်ပွင့်တော်မူဘဲ့ ဘုရားရှင်တို့၏ လက် ထက်တော်မှာ ငါလဲ ဒိဗ္ဗစက္ခု ဉာဏ်ကို ရအောင် ကြံဆောင် ကြိုးစားမှတော်မယ်'' အဲသည်လို အကြံဖြစ်ပေါ်လာသတဲ့။

တရားတော်ကိုနာပြီး၊ နန်းတော်သို့ ပြန်သွား၍ မကြာမီအတွင်း နန်းယင်ပြင်မှာ ကြီးကျယ် ခမ်းနားစွာသော အလှူ မဏ္ဍပ်ကြီး တဆောင်ကို ဆောက်လုပ်တယ်။ ထို့နောက် ရဟန်းသံဃာတော် တို့နှင့် သင့်လျော်လျောက်ပတ်ဘဲ့ ပစ္စည်း ပရိက္ခရာ အမျိုးစုံကို ဝယ်ချမ်းပြီး မဏ္ဍပ်ကြီးအတွင်းမှာ ကြည်ညိုဘွယ်ရာ ခင်းကျင်း ပြင်ဆင်လို့ထားတယ်။ ။အဲသည့်ကဲ့သို့ အလှူဒါနနှင့်ဆိုင်တဲ့ ပုဗ္ဗ ကိစ္စအမျိုးစုံကို အကုန်စီမံလို့ပြီးစီးတော့ သံဃာတော်များနှင့်တကွ ရှင်တော်မြတ်ဘုရားကို အလှူတော် မဏ္ဍပ်ကြီးသို့ ကြွရောက်ရန် ပင့်လျှောက်တယ်။

ရှင်တော်မြတ်ဘုရားလည်း သံဃာတော်ပေါင်း များစွာတို့ဖြင့် ခြံရံလျက် နှမတော်၏ အလှူမဏ္ဍပ်သို့ကြွရောက်တော် မူလာတယ်။ နှမတော် နန္ဒာမင်းသွီးသည်၊ သာဟတ္ထကဒါန ပြောက်အောင် ကိုယ်တိုင်ကိုယ်ကြပ် လှူဒါန်းကာ တရားနာပြီးတော့ ''ဘုန်းတော် ကြီးလှသော မြတ်စွာဘုရား၊ ဘုရားနှမတော် ကလေးသည် ဤကဲ့သို့ ကြီးကျယ်ခမ်းနားတဲ့အလှူတော်ကြီးကိုလှူဒါန်းပူဇော်ရတဲ့ စေတနာ ကြောင့် နောင်ပွင့်တော် မူလတံ့ဖြစ်တဲ့ ဘုရားရှင်တို့၏ လက်ထက် တော်မှာ ဒိဋ္ဌစက္ခုတောဒဂ်ရာထူးဖြင့် ချီးကြူးခြင်းခံရပြီးလျှင်။ကိလေ သာ ကုန်ခမ်းတဲ့ ရဟန္တာမအဖြစ်ဖြင့် ကျွတ်တမ်း ဝင်ရပါလို၏ ဘုရား''ဆဲ-သို့ကာလို လျှောက်ထား တောင်းပန်တယ်။

ထိုအခါ ရှင်တော်မြတ်ဘုရားက အနာဂတံသ ဉာဏ်တော်ဖြင့်၊ ဆင်ခြင်တော်မူပြီး။အို-နှမတော်နန္ဒာ၊ သင်၏အလှူတော်ကြီးသည် အလွန်တရာပင် ပြူစင်သန့်ရှင်းလှပါ၏။ သင်ဆုတောင်းတဲ့ အတိုင်း ပြည့်စုံလတံ့။ နောင်အနာဂတ်အခါ ကမ္ဘာတသိန်း လွန်လေသော် လောကလုံးပါး၌ ဂေါတမမြတ်စွာဘုရား ထင်ရှားပွင့်တော်မူလတံ့။ ထိုအခါ သင်နှမတော်သည် သကုလာဟူသောအမည်ဖြင့် ထေရီ ဘိက္ခုနီမတဦးဖြစ်၍ သင်နှမတော် တောင်းတတဲ့အတိုင်း ဒိဗ္ဗစက္ခု ဇောဒဂ်ကိုရရှိပြီးလျှင် ရဟန္တာအဖြစ်နှင့် ကျွတ်တမ်း ဝင်ထိမ့်မယ်။ ဆဲ ဤကဲ့သို့ ဗျာဒိတ်စကား မိန့်ကြားတော်မူတယ်။ထိုအခါနှမတော် မင်းသွီးကလေးမှာ မောင်တော်ဘုရား၏ ဗျာဒိတ်တော် စကားကို ကြားရတော့ ယနေ့နက်ဖြန်ပင် မိမိအာသာဆန္ဒအတိုင်းပြည့်ဝတော့ မလောက် ဝမ်းမြောက် ဝမ်းသာဖြစ်ပြီး ထိုနေ့ကစ၍ ကုသိုလ်ပါရမီ များကို အထူးကြိုးစားလို့ ဖြည့်ဆည်းပူးရှာတယ်။

ဆဲ-ယခုပြဆိုခဲ့ပြီးတဲ့အကြောင်းများကို ထင်ရှား သိရှိစေခြင်းငှါ သကုလာထေရီ ဘိက္ခုနီ အရှင်မြတ်က ထေရီအပဒါန် ပါဠိတော် ကြီးမှာ ပြဆိုလတ့်သော ဂါထာတို့ကို ကောင်းစွာဟောကြားတော် မူခဲ့လေသတည်း။

(က) ပဒုမုတ္တရော နာမ ဇိနော၊ သဗ္ဗဓမ္မာန ပါရဂူ။
ဣတော သတသဟဿမှိ၊ ကပ္ပေ ဥပ္ပဇ္ဇိ နာယကော။

(က) ဘောန္တော၊ အို-သူတော်ကောင်းအပေါင်းတို့၊ ဣတော၊ ဤဘဒ္ဒကပ်ကမ္ဘာမှ၊ သတသဟဿမှိကပ္ပေ၊ ရှေးလွန်ခဲ့သောကမ္ဘာ တသိန်းအခါ၌၊ သဗ္ဗဓမ္မာနံ၊ တရားအလုံးစုံတို့၏၊ ပါရဂူ၊ တဘက်ကမ်းသို့ ရောက်တော် မူပြီးထသော၊ နာယကော၊ လူ နတ်,ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ကောင်းသော လမ်းညွှန်ကြီးသဘွယ်လည်း ဖြစ်ပေထသော။ ပဒုမုတ္တရော နာမ၊ ပဒုမုတ္တရ အမည်တော်ရှိသော။ ဇိနော၊ ငါးမာရ်အောင်မြင်၊ ဘုရားရှင်သည်။ ဥပ္ပဇ္ဇိ၊ သန္တာလေးအင်၊ သဖင်ပန်းကုံး၊ ဆင်သရုံးလျက်၊ အမြတ်ဆုံးဖြင့်၊ ပွင့်တော်မူလေသတည်း။

(ခ) ဟိတာယ သဗ္ဗသတ္တာနံ၊ သုခါယ ဝဒတံ ဝရော။
အတ္ထာယ ပုရိသာဇညော၊ ပဋိပန္နော သဒေဝကေ။

(ခ) ဝဒတံ-ဝဒန္တာနံ၊ အမြတ်တရားဟောကြားသော ပုဂ္ဂိုလ် အပေါင်းတို့ထက်၊ ဝရော၊ အမြတ်ဆုံးလည်း ဖြစ်တော်မူသော၊ ထိုရှင်တော်မြတ်ဘုရားသည်။ သဗ္ဗသတ္တာနံ၊ သတ္တဝါဝေနေယျ၊ ရှိလေသမျှ၊ အနန္တတို့၏။ ဟိတာယ၊ အကျိုးစီးပွား များစိမ့်သောငှါလည်း။ သုခါယ၊ ချမ်းသာအမျိုးမျိုး၊ တိုးစိမ့်သောငှါလည်း။ ပုရိသာဇညော၊ ယောကျ်ားဥသဘ်၊ အမြတ်ဦးခိုင်၊ မှူးပိုင်သနင်း၊ တရားမင်းဖြစ်တော် မူသော ထိုရှင်တော်မြတ်ဘုရားသည်။ သဒေဝကေ၊ နတ်နှင့်တကွ သော လောကသုံးဘုံတို့၌။ အတ္ထာယ၊ မဂ် ဖိုလ်,နိဗ္ဗာန်၊ ရယူခံစား၊ အကျိုးများစိမ့်သောငှါလည်း။ ပဋိပန္နော၊ ပါရမီအသင့်၊ စုံအောင် ကျင့်၍၊ ပွင့်တော်မူလာခဲ့ပေသတည်း။

(ဂ) ယသဂ္ဂပတ္တော သိရိမာ၊ ကိတ္တိဝဏ္ဏဂတော ဇိနော။
ပူဇိတော သဗ္ဗလောကဿ၊ ဒိသာ သဗ္ဗာသု ဝိဿုတော။

(ဂ) ဇိနော၊ ငါးမာရ်အောင်မြင် ဘုရားရှင်သည်။ ယသဂ္ဂ ပတ္တော၊ အခြံအရံအများဆုံးအဖြစ်သို့ရောက်တော်မူပေ၏။ သိရိမာ၊ ကြက်သရေဘုန်းဂုဏ်၊ နှုန်းမကုန်အောင်၊ အလုံးစုံ ပြည့်ဖြိုးတော်

မူပေ၏။ ကိတ္တိဝဏ္ဏဂမကော၊ ချီးမွမ်းဘွယ်အထူး၊ ဂုဏ်ကျေးဇူး သခင်၊ အရှင်တဆူလည်း ဖြစ်တော်မူပေ၏။ သဗ္ဗလောကဿ၊ တလောကလုံး၏၊ ပူဇိတော၊ ခြေတော်စုံကို၊ ခိုလှုံကော်ရော်၍၊ ပူဇော်အပ်သော ပုဂ္ဂိုလ်မြတ်ကြီးလည်း ဖြစ်တော်မူပေ၏၊ ဒိသာသဗ္ဗာသု၊ အလုံးစုံသောအရပ်ဆယ်မျက်နှာတို့၌။ ဝိဿုတော၊ ဂုဏ်သတင်းသံ တညံ့ညံ့ဖြင့်၊ မိုးယံဘဝဂ်၊ နှံ့တက်ဆူဝေ၊ ကျော်စောတော်မူပေသတည်း။

(ဃ) ဥတ္တိဏ္ဏဝိစိကိစ္ဆောသော၊ ဝိတိဝတ္တံကထံကတော။
သမ္ပုဏ္ဏမနသင်္ကပ္ပေါ၊ ပဇ္ဇောသမ္မောဒိမုတ္တမံ။

(ဃ) သော၊ ထိုရှင်တော်မြတ်ဘုရားသည်၊ ဥတ္တိဏ္ဏဝိစိကိစ္ဆော၊ ဝိစိကိစ္ဆာ တည်းဟူသော၊ သမုဒ္ဒရာ ပင်လယ်စခန်း ကိုလည်း၊ ကူးသန်း တုတ်ခြောက်၊ ပေါက်ရောက် အောင်မြင်ပြီး ဖြစ်တော်မူပေ၏။ ဝိတိဝတ္တံကထံကထော၊ သို့လော သို့လော၊ တွေးတော ယုံမှားခြင်း ကိုလည်း လွန်မြောက်တော် မူပေ၏။ သမ္ပုဏ္ဏမန သင်္ကပ္ပေါ၊ ပြည့်စုံပြီးသောစိတ်အကြံလည်းရှိတော်မူပေ၏။ သော၊ ထိုမြတ်စွာဘုရားသည်။ ဥတ္တမံ၊ မွန်မြတ်သော။ သမ္မောဒိံ၊ သစ္စာ လေးအင်၊ သဇင်ပန်းကုံး၊ ဆင်သရုံးလျက်၊ အထွတ်ဆုံး ဘုရား အဖြစ်သို့။ ပဇ္ဇော၊ ဆိုက်ရောက်တော်မူခဲ့လေသတည်း။

(င) အနုပ္ပန္နသမဂ္ဂဿ၊ ဥပ္ပါဒေတာနရုတ္တမော။
အနက္ခာတဉ္စအက္ခာသိ၊ အသဉ္ဇာတဉ္စသဉ္ဇနိ။

(င) နရုတ္တမော၊ ဗြဟ္မာ,နတ်,လူ သုံးဘုံသူတို့ထက် သရဖူ ဥက္ကာဋ်၊ မြတ်ထက်မြတ်ဖြစ်တော်မူသော၊ ရှင်တော်မြတ်ဘုရားသည်။ အနုပ္ပန္နဿ၊ မဖြစ်ပေါ်ဘူးသေးသော။ မဂ္ဂဿ၊ ပြည်မြတ်နိဗ္ဗာန်၊ သွားရန် အကြောင်း၊ မဂ်လမ်းကြောင်းကို။ ဥပ္ပါဒေတာ၊ ဖြစ်ပေါ်လေအောင်၊ ရွက်ဆောင်ဘောက်လုပ်၍ပေးတော်မူပေ၏။ အနက္ခာတဉ္စ၊ မဟောကြားဘူးသေးသော၊ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်များကိုလည်း။ အက္ခာသိ နည်းမှန်ဖွက်ဘော်၍၊ ဟောကြားတော်မူပေ၏၊ အသဉ္ဇာတဉ္စ၊ မဖြစ်ပေါ်ဘူးသေးသော၊ ဉာဏ်မြင်ပုံ

အထူးကိုလည်း။ သဒ္ဓါ ဖြစ်ပေါ်စေကြောင်းဖြင့်၊ ကောင်းစွာညွှန်ပြတော်မူပေ၏။

(စ) တဒါမဟာကာရုဏိကော၊ ဓမ္မံဒေသေတိနာယကော။
နိမုဂ္ဂေမောဟပင်္ကမှိ၊ သမုဒ္ဓရတိပါဏိနေ။

(စ) တဒါ၊ ထိုလွန်လေပြီးသော ကမ္ဘာတသိန်းအခါ၌။ မဟာကာရုဏိကော၊ သတ္တဝါအများ၌၊ သနားကြင်နာ၊ ညှာတာမြှေးကျက်စားလေ့ရှိတော်မူသော ရှင်တော်ဘုရားသည်၊ ဓမ္မံ၊ နိဗ္ဗာန်ချည်းရှုး၊ တရားထူးကို။ ဒေသေတိ၊ ဟောကြားတော်မူလေ၏။ မောဟပင်္ကမှိ၊ မောဟတည်းဟူသော ညွှန်ပြောင်းထဲ၌။ နိမုဂ္ဂေ၊ မလွတ်နိုင်ဘဲ၊ အမြဲနစ်မြုပ်၍နေကြကုန်သော။ ပါဏိနေ၊ သတ္တဝါအပေါင်းတို့ကို။ သမုဒ္ဓရတိ၊ ဆွဲနှုတ်ကယ်တင်တော်မူပေ၏။

(ဆ) တဒါဟံ ဟံသဝတိယံ၊ ဇာတာခတ္တိယနန္ဒနာ။
သုရူပါသဓနာစာသိံ။ ဒယိတာစသိရိမတာ။

(ဆ) တဒါ၊ ထိုအခါ၌၊ အဟံ၊ အကျွန်ုပ်သည်၊ ဟံသဝတီယံ၊ ဟံသာဝတီနေပြည်တော်ကြီး၌။ ခတ္တိယနန္ဒနာ ခတ္တိယာနွယ်ဝင်၊ ဘုရင်အပေါင်းတို့နှစ်သက်အပ်သော မင်းသမီးသည်။ ဇာတာ၊ ဖြစ်ခဲ့ဘူးပါသတည်း။ တဒါ၊ ထိုသို့မင်းသမီးဖြစ်စဉ်အခါ၌၊ သုရူပါ၊ ရှုချင်စဖွယ်၊ တင့်တယ်သော အဆင်းရှိသည်။ သဓနာ၊ သူတော်ကောင်းတို့၏တရားကို နာကြားလိုသော အလေ့ရှိသည်။ အာသိံ၊ ဖြစ်ခဲ့ပါသတည်း။ စ၊ ထို့ပြင်တပါး။ ဒယိတာ၊ သူတပါးတို့အား၊ သနားကြင်နာတတ်သောအလေ့ရှိသည်။ သိရိမတာ၊ မိန်းမတို့၏ ကြက်သရေဂုဏ်နှင့် ပြည့်စုံသည်။ အာသိံ၊ ဖြစ်ခဲ့ပါသတည်း။

(ဇ) အာနန္ဒဿမဟာရညော၊ ဓီတာပရမသောဘဏာ။
ဝေမာတာဘဂိနီစာသိ၊ ပဒုမုတ္တရနာမိနော။

(ဇ) အဟံ၊ အကျွန်ုပ်သည်။ အာနန္ဒဿ၊ အာနန္ဒာအမည်ရှိသော။ မဟာရညော၊ ခမည်းတော် မင်းတရားကြီး၏။ ဓီတာ၊ ရင်သွေးမျက်ဖျော်၊ သမီးတော်သည်။ ဟုတွာ၊ ဖြစ်ခဲ့၍။ ပရမသောဘဏာ၊ သူတပါးတို့ထက် ထူးချွန်၍၊ အလွန်အကဲ တင့်တယ်ခဲ့ပါသတည်း။

ပဒုမုတ္တရနာမဇိနော၊ ပဒုမုတ္တရအမည်ရှိသော၊ ရှင်တော်မြတ်ဘုရား၏၊ ဝေမာတာ၊ အဘတူ အမိကွဲဖြစ်သော၊ ဘဂိနီစသာ၊ နှမတော်တပါးသည်လည်း၊ အာသိံ၊ ဖြစ်ခဲ့ပါသတည်း။

(၅) ရာဇကညာဟိသဟိတာ၊ သဗ္ဗာဘရဏဘူသိတာ။
ဥပဂမ္မမဟာဝီရံ၊ အဿောသိံ ဓမ္မဒေသနံ။

(၅) တဒါ၊ ထိုအခါ၌၊ အဟံ၊ အကျွန်ုပ်သည်၊ ရာဇကညာဟိ၊ ထီးဘွားနန်းဘွား၊ ရာဇကညာများတို့နှင့်၊ သဟိတာ၊ အတူတကွ ရုံးကြလျက်။ သဗ္ဗာဘရဏဘူသိတာ၊ ဘိုးတန်ရတနာ၊ ကန်ဆာအမျိုးမျိုး၊ ပိုးဝင်းထိန်လျှပ်၊ ဆင်ယင်အပ်သည်ဖြစ်၍၊ မဟာဝီရံ၊ လောကထွန်းတင်၊ မောင်တော်ကြီး ဘုရားရှင်သို့၊ ဥပဂမ္မ၊ ရှိသေလေးမြတ်၊ ချဉ်းကပ်ခိုလှုံပြီးသော်၊ ဓမ္မဒေသနံ၊ ဟောကြားတော်မူအပ်သော တရားတော်မြတ်ကို၊ အဿောသိံ၊ သဒ္ဓါတရားဖြင့်၊ နာကြားမှတ်ယူခဲ့ပါသတည်း။

(၆) တဒါဟိသောလောကဂရု၊ ဘိက္ခုနိံ ဒိဗ္ဗစက္ခုကံ။
ကိတ္တယံ ပရိသာမဇ္ဈေ၊ အဂ္ဂဋ္ဌာနေ ဌပေသိ တံ။

(၆) ဟိ၊ သဒ္ဓါတရား တိုးပွားလာပြန် သည်ကား၊ တဒါ၊ ထိုတရားနာသွားစဉ်အခါ၌၊ လောကဂရု၊ တလောကလုံး၏ ညွတ်ရိုးပေါင်းရ၊ အလေးပြုအပ်သော၊ ထိုရှင်တော်မြတ် ဘုရားသည်၊ ဒိဗ္ဗစက္ခုကံ၊ ဒိဗ္ဗစက္ခုအဘိညာဉ်နှင့် ပြည့်စုံသော၊ ဘိက္ခုနိံ၊ ရဟန္တာမတပါးကို၊ ပရိသာမဇ္ဈေ ပရိသတ်လေးပါး အလယ်၌၊ ကိတ္တယံ-ကိတ္တယန္တော ချီးကျူးမြှောက်စားတော် မူလျက်၊ တံ၊ ထိုဘိက္ခုနီမကို၊ အဂ္ဂဋ္ဌာနေ၊ ဧတဒဂ်ရာထူး၌၊ ဌပေသိ၊ တင်ထားတော်မူလေသတည်း။

(၇) သုဏိတွာတမဟံဟဋ္ဌာ၊ ဒါနံဒတွာနသတ္ထုနော။
ပူဇိတွာနစသမ္ဗုဒ္ဓံ၊ ဒိဗ္ဗစက္ခုံမပတ္ထယိံ။

(၇) အဟံ၊ အကျွန်ုပ်သည်၊ တံ၊ ထိုဧတဒဂ်ဘွဲ့ထူးဖြင့်၊ ချီးကျူးမြှောက်စားသော တရားတော်မြတ်ကို၊ သုဏိတွာ၊ ကြားနာရသည်ရှိသော်၊ ဟဋ္ဌာ၊ အားတက်သရော၊ ရွှင်ဖော်စိတ်ပွား၍၊ မြူးထွာဝမ်း

မြောက်ခဲ့ပါသတည်း။ တတော၊ ထို့နောက်၊ သတ္တုနော မောင်တော် ဘုရားရှင်အား။ ဒါနံ၊ ကြီးကျယ်ခမ်းနားလှစွာသော အလှူတော်ကြီးကို၊ ဒတွာနစ၊ စေတနာဖွေးဖြူ၊ ပေးလှူစွန့်ကြဲ၍ရင်း၊ သမ္ဗုဒ္ဓံ၊ ရှင်တော်မြတ်ဘုရားကို၊ ပူဇိတွာနစ၊ ပူဇော်ရိုကြိုး၊ ရှိခိုးဦးနှိမ်၍ရင်း။ ဒိဗ္ဗစက္ခုံ၊ ဒိဗ္ဗစက္ခုဧတဒဂ်ရာထူးကို။ ပတ္ထယိံ၊ ဆုလိုကြောင်းနှင့်၊ ဆုတောင်းခဲ့ပါသတည်း။

(၄၄) ဘာတောအဝေစမံသဏ္ဍာ၊ နန္ဒေလဿသိပတ္ထိတံ။
ပဒီပဗ္ဗဒါနေန၊ ဖလမေတံသမိဇ္ဈိတံ။

(၄၅) တတော၊ ထို အကျွန်ုပ်ဆုတောင်း လိုက်သော အခါ၌၊ သဏ္ဍာ၊ ရှင် တော် မြတ် ဘု ရား သည်။ မံ၊ အကျွန်ုပ်ကို။ အဝေါစ၊ မျှာဒိတ်စကား၊ ဤသို့မိန့်ကြားတော်မူလေ၏။ နန္ဒေ၊ အို-နှမတော်နန္ဒာ။ ပတ္ထိတံ၊ သင်တောင့်တသောအဘိုင်း။ လဿသိ၊ မချွတ်ကျန်၊ အမှန်ရရှိတော့လတ္တံ။ ပဒီပဗ္ဗဒါနေန၊ ဆီမီးအလှူကို ပေးလှူခြင်းဖြင့်။ ဧတံဖလံ၊ ဤဒိဗ္ဗစက္ခု ဧတဒဂ်တည်းဟူသော အကျိုးကို။ သမိဇ္ဈိတံ၊ သင်အသိမှတ်အပ်သော အတိုင်း။ လဿသိ၊ မချွတ်ကျန်၊ အမှန်ရရှိလတ္တံသတည်း။

(၄၆) သတသဟဿိတောကပ္ပေ၊ ဩက္ကာကကုလသမ္ဘဝေါ။
ဂေါတမောနာမနာမေန၊ သတ္ထာလောကေဘဝိဿတိ။

(၄၇) နန္ဒေ၊ အို-နှမတော်နန္ဒာ။ ဣတော၊ ဤကမ္ဘာမှ။ သတသဟဿေကပ္ပေ၊ နောင် ကမ္ဘာ တသိန်း လွန် လေ သော အ ခါ၌။ ဩက္ကာကကုလသမ္ဘဝေါ။ ဩက္ကာကရာဇ်၊ နေမြစ်နန်းရိုး၊ သာကီမျိုးမှ၊ တန်ခိုးဖြင့် ဘွားမြင်၍ လာသော။ နာမေန၊ အမည်တော်အားဖြင့်။ ဂေါတမောနာမ၊ ဂေါတမ အမည်ရှိသော။ သတ္ထာ၊ လောကထွဋ်ထား မြတ်ဘုရားသည်။ လောကေ၊ လောကဟိုက်ခွင်၊ ဘုံအပြင်၌။ ဘဝိဿတိ၊ ထင်ရှားပွင့်တော်မူလတ္တံသတည်း။

(၄၈) တဿဓမ္မေသုဒါယာဒါ၊ ဩရသာဓမ္မနိမ္မိတာ။
သက္ကုလာတိစနာမေန၊ ဟေဿတိသတ္ထုသာဝိကာ။

(ဃ) နန္ဒေ၊ ဒိုး-နှမတော်နန္ဒာ၊ တွံ၊ သင်နှမတော်သည်၊ တသ၊ ထိုဂေါတမမြတ်စွာဘုရား၏၊ ဓမ္မေသု၊ တရားဘဏ္ဍာ၊ ရတနာတို့၌၊ ဒါယဒါ၊ အမွေခံအစစ် ဖြစ်ပေသော၊ ဓမ္မနိမ္မိတာ၊ တရားတော်ဖြင့် ဘန်ဆင်းမွေးဖွား၍လာသော၊ဩရသာ၊ရွှေရင်တော်နှစ် သွီးတော် အချစ်သည်၊ ဟုတွာ၊ ဖြစ်၍၊ သကုလာတိစနာမေန၊ သကုလာ ဟူသော အမည်ဖြင့်၊ သဒ္ဓုသုးဝိဘာ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ထင်ရှားသော၊ သွီးတော်တပါးသည်၊ ဟောဿတိ၊ မချွတ်ဧကန်၊ အမှန်ဖြစ်လာဘိသတည်း။

အဲ-ယခုပြဆိုခဲ့ပြီးတဲ့ အတိုင်း။ ပဒုမုတ္တရ ရှင်တော်ဘုရား၏ နှမတော်တပါးဖြစ်ခဲ့ဘဲ့ နန္ဒာမင်းသွီးသည်။ မောင်တော်ဘုရားထံမှ ဗျာဒိတ်စကားမိန့်ကြားသံကို နားခံခဲ့ရတဲ့အခါ လွန်စွာဝမ်းမြောက် ခြင်းဖြစ်ပြီး ထိုနေ့ကစ၍မဆုတ်နင်သောဝိရိယဖြင့် အသက်ဆုံးသည် တိုင်အောင် အိမ်ရာထောင်တဲ့ အမှုများကို ပယ်ရှား စွန့်ခွါလျက် ကုသိုလ်ပါရမီများကိုသာ ကြိုးစားလှူနေတယ်၊ အသက်တမ်းစေ့ ကုန်၍ စုတေဘဲ့အခါ ကံကုသိုလ် အဟုန်ကြောင့် တာဝတိံသာ နတ်ဘုံမှာ ပြည့်စုံခြွေရံ ရေကန်ဥယျာဉ် မြိုးငှင်ပျော်ခန်း ဘုံနန်း အဆောင်ဆောင်တို့ဖြင့် ထိန့်ပြောင် လျှပ်ငြိုးသော နတ်သွီးဘဝသို့ ဆိုက်ရောက်လေသတည်း။

(ဏ) တေနကမ္မေနသုကတေန၊ စေတနာပဏိဓိဟိစ၊
ဇဟိတွာမာနုသံဒေဟံ၊ တာဝတိံသံအဂစ္ဆဟံ။

(ဏ, အဟံ၊ အကျွန်ုပ်သည်၊ သုကတေန၊ ကောင်းစွာပြုထုတ် ဆည်းပူးခဲ့သော၊ တေနကမ္မေန၊ ထိုကုသိုလ်ကံ အထူးကြောင့်၊ မာနုသံဒေဟံ၊ လူ့ဘဝကို၊ ဇဟိတွာ၊ သက်တမ်းကုန်ခြေ၊ ဇိဝိ ကြွေ၍၊ စုတေလေသည် ရှိသော်၊ တာဝတိံသံ၊ ဗိမာန်ရေကန်၊ ခြွေရံပြည့်စုံ၊ ဝတိံဘုံသို့၊ အဂစ္ဆိံ၊ ပဋိသန္ဓေ၊ တည်နေရောက်သွား၊ စံစားပျော်မွေ့ခဲ့ရပါသတည်း။

နန္ဒာဒေဝီအမည်ရှိဘဲ့ မင်းသွီးကလေးသည်၊ မောင်တော်ဘုရား ထံမှ၊ ဗျာဒိတ်ပန်းကို၊ ဆင်မြန်းရပြီးတဲ့နောက်၊ တာဝတိံသာ

နတ်ပြည်မှာ နတ်ဘို့၏စည်းစိမ်ချမ်းသာကို ပျော်ရွှင်စွာ ခံစားလျက် နတ်ဘို့အသက်တမ်းကုန်၍ နတ်ဘုံမှ စုတေတဲ့အခါမှာလဲ ဒုဂ္ဂတိ သံသရာဆိုတဲ့ အပါယ်လေးပါးသို့ မလားမရောက်ရဘဲ သုဂတိ သံသရာတို့၌သာ ကြိမ်ဘန်များစွာ ကျင်လည် ကျက်စားရတယ်။ ပဒုမုတ္တရ ရှင်တော်ဘုရား လက်ထက်တော်မှစ၍ ယခု ရှင်တော် ဘုရားလက်ထက်သို့တိုင်အောင် ကမ္ဘာတသိန်းတိုင်တိုင် အပါယ် ဇာတ်သို့ မကပ်မရောက်ရဘဲ မြင့်မြတ်တဲ့ဘဝဘုံတို့၌သာ ချမ်းသာ အမျိုးစုံတို့ကို ခံစားရတယ်လို့ဆိုလိုတာပေါ့။

ယခုဘဒ္ဒကမ္ဘာသို့ဆိုက်ရောက်လာတဲ့အခါ ကဿပရှင်တော် ဘုရား ပရိနိဗ္ဗာန်ဝင်စံကြွသွားတော် မူပြီးတဲ့နောက် ကြွယ်ဝချမ်း သာတဲ့ ပုဏ္ဏားမျိုးမှာရုပ်ဆင်းရောင်ဝါနဲ့ပြည့်စုံတဲ့အမျိုးသမီးကလေး တယောက်ဖြစ်လာတယ်။ ။အရွယ်ရောက်လာတဲ့အခါကာမဂုဏ် ချမ်းသာတို့ကို ခံစားလိုတဲ့ စိတ်ဆန္ဒမရှိသဖြင့် ရင့်သန်တဲ့ ပါရမီ ရှင်ကလေးမှ လူ၏အသွင်ကို ခွါစွန့်ပြီး ပရိဗိုဇ်မကလေး အသွင်ဖြင့် ဝတ်ဆင်ကာ တောထွက်လို့သွားတယ်။ ။ဗောဓိဉာဏ်လက်ကိုင် ရှိ၍ ပါရမီရင့်သန်တဲ့ ပုဂ္ဂိုလ်များဟာ ကာမဂုဏ် ချမ်းသာကို တွယ်တာနှစ်သက်လေ့မရှိဘူး။ဖြစ်လေရာ ဘဝတိုင်းမှာ တောထွက် ချင်တဲ့ အာသာနှင့် များစွာငြီးငွေ့လေ့ ရှိတယ်ဆိုတဲ့ စကားဟာ အလွန်မှန်တာကလား။

ပြဆိုခဲ့တဲ့ ပရိဗိုဇ်မကလေးဟာ အရပ်ဒေသပေါင်း များစွာသို့ တရားရှာတဲ့အလုပ်ဖြင့် လှည့်လည် ကျင့်ကြံ၍နေစဉ် တနေ့သော အခါ မိမိဘွမ်းခံရာမှ ဆီဘသပိတ်ကို ရလာတယ်။ ။ထိုအခါ လွန်စွာဝမ်းမြောက်ခြင်းဖြစ်ပြီး၊ ''ငါယခုရလာတဲ့ ဆီဘသပိတ်ဟာ လွန်စွာ စင်ကြယ်တယ်၊ ကဿပရှင်တော်ဘုရား၏ စေတီတော် ကြီးမှာ ဆီမီးညှိထွန်း၍ ပူဇော်ပါလျှင်၊ ကုသိုလ်တိုးပွား၍ လွန်စွာ အကျိုးများလိမ့်မယ်၊' ဆဲသည့်လို ကြံစည်ပြီး စေတီတော်ကြီး ရှိရာ သို့ ဆီဘသပိတ်ကို ဆောင်ယူသွားတယ်။ စေတီတော်ကြီးရှိရာသို့ ရောက်တဲ့အခါ အလွန်ကြည်ညိုသော စေတနာဖြင့် ကြိမ်ဘန်များ

စွာရှိခိုးပြီး တည၌ပတ်လုံး တမေ့တမိုတ်မျှ အိပ်စက်ခြင်းကိုမပြုဘဲ ဆီတာသပတ်ကို ဆီမီးထွန်းညှိကာ လှူဒါန်းပူဇော်တယ်။

ကဿပမြတ်စွာဘုရား၏ ဓါတ်တော်များကို ဌာပနာသွင်းကာ တည်ထားတဲ့စေတီတော်မြတ်ကြီးဟာ လဲ ရွှေသားပကတိ ဖြစ်တော်မူတယ်။ တညလုံးထွန်းညှိထားတဲ့ ဆီမီးရောင်တွေ လာဟပ်တော့ အရောင်တလျှပ်လျှပ်နှင့် ရွှေသော ရောင်ခြည်တော်ဓါတ်တွေ ဖြူးကွန့်လို့နေတာပေါ့။ ။ဆီမီးပူဇော်တဲ့ ပရိဗိုဇ်မကလေးဟာ မီးရောင်ဟပ်သဖြင့် တလျှပ်လျှပ် ထိန်လင်းနေတဲ့ စေတီတော်မြတ်ကြီးကို ရှုစားပြီး ဖူးလို့အားမရနိုင်အောင် ရှိနေသဖြင့်။ ဦးထိပ်ပေါ်က လက်ကိုမချဘဲ အစလသဒ္ဓါဖြင့် ကြည်ညိုလို့ နေရှာတယ်။ ဆီမီးပူဇော်ရင်းဘာယ်လိုဆုတောင်းသလဲဆိုတော့၊ ဘုရားတပည့်တော်မ လှူဒါန်းရတဲ့ ဆီမီးကုသိုလ်ကြောင့် ထိုထိုသံသရာဘဝတို့မှာအရောင် အဝါနှင့်ပြည့်စုံ၍ ပညာဉာဏ်တဝင်းဝင်းနှင့် ထွန်းလင်း တောက်ပ ပါစေဘုရား။ အဆုံးစွန်သော ဘဝသို့ရောက်တဲ့အခါ သူဘကာတို့ ထက်အမြင်သန်၍ ဒိဗ္ဗစက္ခုဉာဏ်ကို ရပါလိုရဲ့ဘုရား'' အဲ-သို့ကလို ဆုတောင်းလိုက်တယ်။ ဆီမီးပူဇော် လှူဒါန်းရတဲ့အကျိုးဟာ နောင် ဖြစ်လေရာဘဝတို့မှာ ရုပ်ဆင်းရောင်ဝါ ကြံ့အင် လက္ခဏာတို့နှင့် ပြည့်စုံနိုင်တယ်။ အသိအလိမ္မာဉာဏ်ပညာ ထိန်လင်း၍ ထွန်းလင်း တောက်ပနိုင်တယ်။ ဒိဗ္ဗစက္ခုအဘိဉာဏ်၏ အကြောင်းရင်းမျိုးစေ့ လဲဖြစ်နိုင်တယ်လို့ ကျမ်းဂန်များမှာ မိန့်ဆိုထားတဲ့ အချက်ရှိပေ တယ်။ ။ဒိဗ္ဗစက္ခုဘေဒဂ်အရာတွင် လွန်စွာထင်ရှားတဲ့ အနုရုဒ္ဓါ မထေရ်ကိုယ်တော်မြတ်ကြီးဟာလဲ ဖြစ်လေရာရာမှာ ရှေးအတိတ် သံသရာ၌ ရောင်ဝါထွန်းလင်းတဲ့ဆီမီးအလှူကို အထူးသဖြင့်လှူဒါန်း ပူဇော်ကြောင်းနှင့် ကျမ်းဂန်များမှာပြဆိုထားတယ်။ အဲ-သို့အတွက် ကြောင့်ဗုဒ္ဓဘာသာဖြစ်ကြတဲ့အမျိုးသား၊ အမျိုးသမီးတွေဟာဘော်ပြ ခဲ့တဲ့ အကျိုးထူးများကို ရလိုကြပါလျှင် ဆီမီးဝတ်ကို မချွတ်စေဘဲ အမြဲမပြတ် အနှတ်တရ ပူဇော်လှူဒါန်းကြရန် ကြိုးစား အားထုတ် သင့်ကြပေသတည်း။

ပြခဲ့တဲ့ ပုဗ္ဗိတ်မကလေးဟာ အသက်တမ်းကြွေ၍ စုတေသွားတော့ ကုသိုလ်ကံ အဟုန်ကြောင့် တာဝတိံသာ နတ်ဘုံမှာ ပြည့်ဝစုံသောနတ်ချမ်းသာတို့ဖြင့်နတ်သမီးဖြစ်သွားတယ်။ဆိမ်းလှူဒါန်းခဲ့ရတဲ့ ကုသိုလ်ထူးကြောင့် အခြားနတ်တို့၏ ဘုံဗိမာန်နှင့် မတူဘဲ ထိုနတ်သမီး၏ ဘုံဗိမာန်မှာ ရတနာခါတ်မီးရောင်တို့ဖြင့် ဘပြောင်ပြောင် ထိန်လင်းလို့နေတယ်၊ ဘယ်အရာမျိုးမဆို ကြည့်လိုက်ပြီဆိုမှဖြင့် အကွယ်အကာတွေကို ဖောက်ထွင်းပြီး လင်းလင်းကြီးမြင်နိုင်တယ်၊ တပါးသော နတ်သမီးတို့ထက် ကိုယ်ရောင် သာလွန်ခြင်း၊ အသိအလိမ္မာဉာဏ်ပညာက ကဲလွန်ခြင်းမှစ၍ ဂုဏ်တန်ခိုးအမျိုးမျိုးတို့ဖြင့်လွှမ်းမိုး၍လွန်ကဲသတဲ့၊ ဆိမ်းပူဇော်ခဲ့တဲ့ အကျိုးထူးတွေပေါ့။

တာဝတိံသာမှ အသက်တမ်းကြွေ၍ စုတေပြန်တဲ့အခါ ယခုရှင်ဂေါတမမြတ်စွာဘုရားပွင့်တော်မူသည့်တိုင်အောင် ဘုရားတဆူနှင့်တဆူ၏စပ်ကြားမှာ အပါယ်လေးပါးသို့မလားမကပ်ဘဲ မြင့်မြတ်တဲ့ ဘုံဘဝတို့၌သာ ကျင်လည်ဖြစ်ပွား ပျော်ပါး စံစား ခဲ့ရတယ်၊ ဖြစ်လေရာဘဝတိုင်းမှာ သူတပါးတို့ထက်ရုပ်ဆင်းရောင်ဝါကြီးအင်လက္ခဏာတို့ဖြင့် သာလွန်ခြင်း၊ အသိအလိမ္မာဉာဏ်ပညာဖြင့် သာလွန်ခြင်း၊ စည်းစိမ်ချမ်းသာတို့ဖြင့် သာလွန်ခြင်း၊ ထိုသည့်လို ဂုဏ်များနှင့်သာပြည့်စုံတယ်၊ ကုသိုလ်အကျိုးဆိုတာ အားကိုးဘို့ အလွန်ကောင်းတာကလား။

(က) ဣမမှိဘဒ္ဒကေကပ္ပေ၊ ဗြဟ္မဗန္ဓုမဟာယသော။
ကဿပေါနာမနာမေန၊ ဥပ္ပဇ္ဇိဝဒတံဝရော။

(က) ဘဒ္ဒကေ၊ ဘဒ္ဒကအမည်ရှိသော၊ ဣမမှိကပ္ပေ၊ ဤကမ္ဘာမြတ်ကြီးအတွင်း၌၊ ဗြဟ္မဗန္ဓု၊ ဗြဟ္မာမင်းကြီး၏ အဆွေတော်လည်းဖြစ်တော်မူပေထသော၊ဝဒတံ-ဝဒန္တာနံ၊အမြတ်တရားဟောကြားသော ပုဂ္ဂိုလ်အပေါင်းတို့ထက်၊ ဝရော၊ အလွန်အကြူးအထူးသဖြင့်မြတ်တော်မူပေထသော၊နာမေန၊အမည်တော်အားဖြင့်၊ကဿပေါနာမ၊ ကဿပအမည် ရှိတော်မူပေထသော၊ သမ္ဗုဒ္ဓေါ၊ လောက

သုံးခွင်၊ ထိပ်တင်ထွန်းထား၊ မြတ်ဘုရားသည်။ ဥဋ္ဌ၊ ပွင့်တော်မူခဲ့လေသတည်း။

(၀) ပရိဗ္ဗာဇိကာနိအာသိံ၊ တဒါဟံဧကစာရိနီ။
ဘိက္ခုပိစရိတွာန၊ အလဘိံ တေလပတ္တကံ။

(၀) တဒါ၊ ထိုကဿပဘုရား၏၊ လက်ထက်တော်အခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ဧကစာရိနီ၊ အဘော်မပါ၊ တကိုယ်ထည်းသာ ကျင့်ကြံလေ့ရှိသော၊ ပရိဗ္ဗာဇိကာနိ၊ ပရဗိုဇ်မသည်။ အာသိံ၊ ဖြစ်ခဲ့ဘူးပါပြီ။ ဘိက္ခုံ၊ ဆွမ်းခံခြင်းအလေ့ပ်ကို။ ပိစရိတွာန၊ လှည့်လည်ခဲ့သည်ရှိသော်။ တေလပတ္တကံ၊ ဆီတသပိတ်ကို။ အလဘိံ၊ ရခဲ့ပါသတည်း။

(ဒ) တေနဒီပပဒီပေတွာ၊ ဥပဋ္ဌိံ သဗ္ဗသံဝရိံ။
စေတိယံဒွိပဒဂ္ဂဿ၊ ဝိပ္ပသန္နေနစေတသာ။

(ဒ) အဟံ၊ အကျွန်ုပ်သည်။ တေန၊ ထိုအလှူခံ၍ရခဲ့သောဆီတသပိတ်ဖြင့်။ ပဒီပေတွာ၊ ဆီမီးထွန်းညှိ၍။ ဒွိပဒဂ္ဂဿ၊ သတ္တဝါအားလုံးတို့ထက်၊ အမြတ်ဆုံးဖြစ်ဘော်မူသော ရှင်တော်မြတ်ဘုရား၏။ စေတိယံ၊ ရွှေစေတီတော်မြတ်ကြီးကို။ ဝိပ္ပသန္နေန၊ သဒ္ဓါညွတ်နူး၊ အထူးကြည်လင်သော။ စေတသာ၊ ကုသိုလ်စိတ်မြတ်၊ သောမနဿဖြင့်။ သဗ္ဗသံဝရိံ တညဉ့်လုံးအချိန် မီးထိန်ထိန်လင်းအောင်။ ဥပဋ္ဌိံ၊ ပူဇော်ခဲ့ဘူး၊ ဝပ်တွား ရှိခိုးခဲ့ပါသတည်း။

(၈) တေနကမ္မေနသုကတေန၊ စေတနာပဏိဓီဟိစ။
ဇဟိတွာမာနုသံဒေဟံ၊ တာဝတိံသံအဂစ္ဆဟံ။

(၈) အဟံ၊ အကျွန်ုပ်သည်။ သုကတေန၊ ကောင်းစွာပြုလုပ်ဆည်းပူးခဲ့သော။ တေနကမ္မေန၊ ထိုကုသိုလ်ကံ အထူးကြောင့်၎င်း။ စေတနာပဏိဓီဟိစ၊ မှန်မြတ်သော စေတနာ တို့ကြောင့်၎င်း။ မာနုသံဒေဟံ၊ လူ့ဘဝကို။ ဇဟိတွာ၊ သက်တမ်းကုန်ခြေ၊ ဓိပိန် ကြွေ၍၊ ရတေလေသည်ရှိသော်။ တာဝတိံသံ၊ ဗိမာန်ရှေကန်၊ ခြေရံပြည့်စုံ ဝတိံသာသို့။ အဂစ္ဆိံ၊ ပဋိသန္ဓေ၊ တည်နေရောက်သွား၊ စံစားပျော်မွေ့ခဲ့ရပါသတည်း။

(န) ယဒ္ဒုယဒ္ဒုပ္ပပဇ္ဇာမိ၊ တဿကမ္မဿဝါဟသာ။
သံဝေလုန္တိမဟာဒီပါ၊ တဒ္ဒုတဒ္ဒုဂတာယမေ။

(န) အဟံ၊ အကျွန်ုပ်သည်။ တဿကမ္မဿ၊ ထိုဆီမီးထွန်းညှိ လှူဒါန်းခဲ့ရသော ကောင်းမှုကံ၏။ ဝါဟသာ၊ အစွမ်းရှိန်စော်၊အာနု ဘော်ကြောင့်။ ယဒ္ဒုယဒ္ဒု၊ အကြင်အကြင် ဘုံဘဝတို့၌။ အဟံ၊ အကျွန်ုပ်သည်၊ ဥပပဇ္ဇာမိ၊ ပဋိသန္ဓေ၊ တည်နေဖြစ်ပွားခဲ့ရပါ၏။ တဒ္ဒုတဒ္ဒု၊ ထိုထိုဘုံဘဝတို့၌။ မေ၊ အကျွန်ုပ်သည်။ ဂတာယ၊ ရောက်သွားဖြစ်ပေါ်ရသည်ရှိသော်။ မဟာဒီပါ၊ ဝင်းလျှံထိန်ဝါ၊ ရတနာဆီမီးပေါင်း များစွာတို့သည်။ သံဝေလန္တိ၊ တထိန်ထိန် တပြောင်ပြောင် တောက်လောင်ကြလေကုန်သတည်း။

(ပ) တိရောကုဋ္ဋံတိရောသေလံ၊ သမတိဂ္ဂယှပဗ္ဗတံ။
ပဿာမဟံယဒိစ္ဆာမိ၊ ဒီပဒါနဿိဒံဖလံ။

(ပ) အဟံ၊ အကျွန်ုပ်သည်။ ဘဝေဘဝေသု၊ ဖြစ်တိုင်းဖြစ်တိုင်း သောဘုံဘဝတို့၌။ ယံ၊ အကြင်အာရုံဝတ္ထုကို။ ဒဋ္ဌုမိစ္ဆာမိ၊ ရှုမြင်ခြင်း ငှါအလိုရှိ၏။ တံ၊ ထိုရှုမြင်လိုသော အာရုံဝတ္ထုကို။ တိရောကုဋ္ဋံ၊ တတိုင်းနံရံကြီးခြားသည်ဖြစ်စေ၊ တိရောသေလံ၊ ကျောက်တောင် ကြီးခြား၍ နေသည်ဖြစ်စေ။ ပဿာမိ အလိုရှိတိုင်း၊ မြင်ရပါ သတည်း။ပဗ္ဗတံ တောင်ကြီးကို။သမတိဂ္ဂယှ၊ကျော်လွန်၍။ပဿာမိ၊ အလိုရှိတိုင်း မြင်ရပါသတည်း။ဣဒံ။ဤသို့ကွယ်မကာဘဲ လွယ်စွာ နှင့် မြင်ရခြင်းသည်။ ဒီပဒါနဿ၊ ဆီမီးလှူဒါန်းခဲ့ရသော ကုသိုလ် ၏။ ဖလံ မချွတ်ကန်၊ အကျိုးထူးမှန်ပေသတည်း။

(ဖ) ဝိသုဒ္ဓဒဿနာဟောမိ၊ ယသသာပဇလာမဟံ။
သဒ္ဓါပညာဝတီစေဝ၊ ဒီပဒါနဿိဒံဖလံ။

(ဖ) အဟံ၊ အကျွန်ုပ်သည်၊ ဘဝေဘဝေသု၊ဖြစ်တိုင်းဖြစ်တိုင်း သောဘုံဘဝတို့၌။ ဝိဟိဒ္ဓဒဿနာ၊ စင်ကြယ်သန့်ရှင်းသော မြင်ခြင်း ရှိသည်။ ဟောမိ၊ ဖြစ်ရပေ၏။ ယသသာ၊ ခြံရံအခွင်အား၊ လွန်ပေါ များသဖြင့်။ ပဇလာမိ၊ဂုဏ်ရောင်တဝင်းဝင်း၊ထွန်းလင်းတောက်ပ ခဲ့ပါသတည်း။ သဒ္ဓါ၊သဒ္ဓါတရားနှင့်ပြည့်စုံခဲ့သည်။ ပညဝတီစေဝ၊

အလိမ္မာဂုဏ်နှင့် ပြည့်စုံခဲ့သည်လည်း၊ ဟောမိ၊ ဖြစ်ရပါသတည်း။ ထွန်း ဤကဲ့သို့ဖြစ်ရခြင်းများသည်၊ ဒိဋ္ဌဓမ္မဝေဒနီယသာ၊ ဆိမ်းသွေ့ဒါန်းခဲ့ရသော ကုသိုလ်၏၊ ဖလံ၊ မရှုကောန်၊ အကျိုးထူးမှန်ပေသတည်း။

ပြခဲ့ပြီးတဲ့ အမျိုးသမီးကလေးဟာ သံသရာတခွင်မှာ အစဉ် အတိုင်း ကျင်လည်ခဲ့ပြီး၊ ယခုရှင်တော်သကျ၊ ဂေါတမမြတ်စွာ ဘုရား လက် ထက် တော် အခါ၊ သာဝတ္ထိ နေ ပြည် တော် ကြီး မှာ ချမ်းသာကြွယ်ဝတဲ့ ပုဏ္ဏားမျိုး၌ ဖြစ်လာတယ်၊ အမည်မှာတော့ ''သကုလာ''တဲ့။

(မှတ်ချက်။ ။သို့အမျိုးသမီး၏အမည်ကို အချို့စာတို့၌''ဗဟုလာ'' ဟူ၍လည်း တွေ့ရသည်။)

ထိုအမျိုးသမီးကလေးသည် အချိန်အရွယ်သို့ ရောက်လေသော အခါ မိဘတို့၏ ဝတ်တရားအတိုင်း ထိမ်းမြားမင်္ဂလာ ပြုခြင်းကို ခံယူပြီးလျှင်ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝစွာနှင့် တင့်တင့်တယ်တယ် နေထိုင်တယ်။

တနေ့သောအခါ အနာထပိဏ် သူဋ္ဌေးကြီးက ဇေတဝန် ကျောင်းတော်ကြီးကို ဆောက်လုပ်ပြီးစီးသဖြင့် သံဃာတော်အများ နှင့် ရှင်တော်ဘုရားအား လှူဒါန်း၍ ကျောင်းသာရေစက်ချပွဲကြီး ပြုလုပ်ရန် သာဝတ္ထိနေပြည်တော်ကြီးသို့ မြတ်စွာဘုရားကို ကြွဆို ပင့်ဆောင်လို့လာတယ်။ အနာထပိဏ် သူဋ္ဌေးကြီးက ရှင်တော် ဘုရားကို ပင့်ဆောင်တဲ့ပွဲကြီးဟာ လွန်စွာကြီးကျယ်ကြောင်းကို ကျမ်းဂန်တို့၌ပြဆိုလျက်ရှိတယ်။

(မှတ်ချက်။ ။ဤနေရာ၌ ဇေတဝန်ကျောင်းတော်ကြီးဆောက် လုပ်ပုံအခမ်းအနား ရှင်တော်မြတ်ဘုရားကို ကြွဆိုပုံအခမ်းအနား၊ သည့်အခမ်းအနားကြီးများကို ထည့်သွင်း ဖေါ်ပြ ရေးသားရန် သင့်လျော်ပေ၏။ သို့ရာတွင် ကျယ်ဝန်းမည်စိုး၍ မဖေါ်ပြဘဲ လစ်လျူရှုလိုက်ရတော့သည်။)

ဘုန်းတော်ခြောက်ပုံ၊ ဂုဏ်တော်သခင်၊ တလောကလုံး၏အရှင် ဖြစ်တော်မူသော ရှင်တော်ဘုရားသည်၊ သံဃာတော်အများတို့ဖြင့်

ခြံရံကာ၊ ခြောက်ဖြာရောင်ရှိန်၊ တထိန်ထိန်ဖြင့်၊ သာဝတ္ထိ နေပြည်တော်အတွင်းသို့ ဝင်တော်မူလာတော့ တိုင်းသူပြည်သားလူအများတို့က ထူးခြားတင့်တယ်တဲ့ ကြက်သရေတော်ကို ဖူးမျှော်ကြည်ညိုကြည်ကမှာ သာဝတ္ထိတမြို့လုံး ခုံးခုံးကျက်ကျက် ဆိမ့်ဆိမ့်လှုပ်အောင် ဆူညံသွားသတဲ့။ ရှင်တော်ဘုရား၏ ကြက်သရေဆိုတာ သုံးလောကတိုက်တခွင်မှာ၊ မမြင်စဘူး၊ ထူးဆန်းတင့်တယ်၍ ကြည်ညိုဘွယ်အလွန်ကောင်းတာပေါ့။

ထိုအခါ၊ သကုလာဆိုတဲ့ အမျိုးသမီးကလေးဟာ တမြို့လုံးဆိမ့်ဆိမ့်လှုပ်အောင်၊ သဲသဲရုတ်ရုတ် ဆူညံတဲ့အသံကို ကြားတော့ပြူတင်းတံခါးကို ဖွင့်လှစ်လို့ကြည့်လိုက်ရာ ရောင်ခြည်တော်ခြောက်ဖြာတို့ဖြင့် လွန်စွာတင့်တယ်၍ သပ်သပ်ပယ်ပယ်နှင့်ကြည်ညိုဘွယ်ကောင်းတဲ့ ဘုရားရှင်ကို တွေ့မြင်ပါရော။ ။ထိုအခါလွန်စွာမြတ်နိုးလျက် လက်အုပ်ချီမိုး ရှိခိုးပူဇော်ကာ၊ "ဩော်......သို့ကလောက်ထူးမြတ်၍ မနှိုင်းယှဉ်အပ်တဲ့ ကြက်သရေတော်များဟာ ယခုလောကတွင် အထင်အရှား ရှိနေပါကလား။ သည်ကိုယ်တော်မြတ်ကြီးဟာ တလောကလုံး၏ ညွတ်ရိုးပူဇော်ရာအစစ်ဖြစ်ကြီးဖြစ်ပေတယ်။' ဆဲ-သို့ကလို ဆင်ခြင်ပြီး မြှောက်ချီတဲ့လက်အုပ်ကိုမချဘဲ၊ ဘုရားရှင်ကို ကြည်ညိုနှစ်သိမ့် ဗုဒ္ဓါရမ္မဏာပီတိစိမ့်ပြီး မျက်စိဘဆုံးရှိခိုးသို့နေတယ်။

ဘုရားရှင်ကို ကြည်ညိုနှစ်သိမ့်တဲ့ ဗုဒ္ဓါရမ္မဏာပီတိဆိုတာ၊ လွန်စွာအဘိုးထိုက်တန်တာကလား။ ပီတိနှင့်တကွ ကြည်ညိုတဲ့၊ ကုသိုလ်စေ့များဖြစ်ပွားပြန့်နှံ့ခဲ့ပါလျှင် ထိုကုသိုလ်စေ့ တကြိမ် တကြိမ်ဟာ၊ ဇမ္ဗူဒိပ်ကျွန်းကြီး တကျွန်းလုံးသက် အဘိုးထိုက်တန်ကြောင်းနှင့် အဋ္ဌကထာဆရာကြီးများ မိန့်ဆိုထားတော်မူကြခဲ့ပေတယ်။

ဗုဒ္ဓေါတိကိတ္တယန္တဿ၊ ကာယေဘဝတိယာပီတိ။
ဝရမေဝဟိသာပီတိ၊ ကသိဏေနပိဇမ္ဗုဒီပဿ။

ဘောဒ္ဓော၊ ဘုရားရှင်ကို ကြည်ညိုကြကုန်သော အို-သူတော်ကောင်းအပေါင်းတို့။ ဗုဒ္ဓေါတိ၊ ဘုရား,ဘုရားဟူ၍၊ ကိတ္တယန္တဿ

စေတနာခေါ်ဖူး၊ မနော မြူးလျက်၊ ချီးကြူးနေသော ပုဂ္ဂိုလ်၏၊ ကာယေ. ကိုယ်သန္တာန်အတွင်း၌၊ ယာပီတိ၊ အကြင်တစိမ့်စိမ့်နှင့်၊ နှစ်သိမ့်၍နေသော ပီတိခါတ်သည်၊ အတ္ထိ၊ ရှိ၏၊ သာပီတိ၊ ထိုတနှစ်သိမ့်သိမ့် ပီတိမိမ့်၍နေသော ကုသိုလ်စေတနာသည်၊ ဇမ္ဗူဒိပသား၊ မြရောင်စိုနှန်း၊ ဇမ္ဗူကျွန်း၏၊ ကာသိကောနဒိ၊ တပြင်လုံး, တခွင်လုံး ထက်ပင်လည်း၊ ဝရမေဝ၊ မချကောန်၊ ထွန်မြတ်ရိုး မှန်သည် သာလျှင်တည်း။

သကျလာဆိုဘဲ့ အမျိုးသို့းကလေးဟာ၊ ရှင်တော်ဘုရား၏ ကြက်သရေတော်ကို ဖူးမြင်ရတဲ့ နေ့ကစပြီး ဖြာပွင့်ထဝါဓခေါ်တဲ့ ပုဏ္ဏားအယူကို စွန့်ပယ်လျက် ရတနာသုံးပါးဂုဏ်ကို ကြည်ညို မြတ်နိုးကာ ကိုးကွယ်၍နေဘယ်၊ ဘုရားအထံတော်သို့မရောက်ခင် အသွင်သဏ္ဌာန်တော်ကိုမြင်ရုံနှင့် သရဏဂုံတည်နေတယ်လို့ ဆိုလိုတာပေါ့။ ထိုအခါကစပြီး၊ ရဟန်းသံဃာတော်များအား၊ ဆွမ်းဒါန်း ပူဇော်ခြင်း၊ သီလသိက္ခာများကို ဆောက်တည်ခြင်းမှစ၍ ကုသိုလ်တရားတို့ကို ပွါးများအားထုတ်လို့နေတယ်။

ထိုနောက် မျှားမကြာမှီ အတွင်းမှာပင် အရှင်သခင်လင်ယောကျ်ားဖြစ်တဲ့ ပုဏ္ဏားကြီး သေဆုံးရတော့သွားတော့။ သားသို့း ကလေးများနှင့်တကွ ပစ္စည်းဥစ္စာတွေဟာ သူ့လက်တွင်းမှာအလုံးစုံ ကျန်နေရစ်တာပေါ့။ လင်သားရှိစဉ် အခါတုန်းမှာတော့ ရတနာ သုံးပါးကို ဆည်းကပ်ဘို့ လွတ်လွတ်လပ်လပ် အခွင့်မရရှာဘူး၊ အိမ်တောင်ရှင်ဖြစ်တဲ့ မိန်းမများဟာ အလွန်ကြပ်တဲ့ရှားကြတာ ကလား။

သကျလာဆိုတဲ့ အမျိုးသို့းသည် ပစ္စည်းဥစ္စာတို့ကို စိုးပိုင်၍ လွတ်လွတ်လပ်လပ်အခွင့်ရဘဲ့ အခါကျတော့၊ လောကီရေးများကို အားမစိုက်ဘဲ၊ နေ့ရှိသမျှ ရတနာသုံးပါးကိစ္စနှင့်သာ အချိန် ကုန်နေ သဘဲ့၊ ဆွမ်းဒါန်းစွန့်ကြဲဟဲ့ အရာမှာလဲ အသူရေစက် လက်နှင့်မကွာ ဖြစ်နေသတဲ့။

တနေ့သောအခါ ရဟန္တာ အရှင်မြတ် တပါးကို အိမ်သို့ပင့်ဆောင်ပြီး ပစ္စည်းပရိက္ခရာတို့ဖြင့် လှူဒါန်းကာ တရားနာသည်တွင် အရှင်ရဟန္တာကိုယ်တော်မြတ်ကြီးက သိမ်မွေ့နက်နဲတဲ့ တရားထူးများကို ဟောကြားတော်မူတယ်။ ထိုတရားကို ကြားနာရတော့ သကုလာနဲ့ စိတ်ထဲမှာ တရားအရသာ လွန်စွာထိခိုက် လှသဖြင့် သတိသံဝေဂ ကြီးစွာရပြီးလျှင် ''လူတို့ဘောင်မှာလူဝတ်ကြောင်နှင့် နေသဖြင့် သည်လိုတရားထူးကို ဘယ်မှာ ကျင့်နိုင်ပါမလဲ။ အိမ်ရာဆောင်တဲ့ လူ့ဘောင်ကအငွေ့အသက်များကို လုံးလုံးကြီး စွန့်ခွာပြီး သာသနာ့ဘောင်မှာဝင်၍ ရဟန်းပြုပါမှ သိမ်မွေ့ နက်နဲ ထူးကဲကောင်းမြတ်တဲ့ တရားများကို ကြိုးစားအားထုတ် နိုင်လိမ့်မယ်။'' ဆိုသည်လိုအကြံဖြစ်ပြီး ရဟန်းပြုရန် စိတ်ညွတ်သွားသတဲ့။

သတိသံဝေဂ ရရှိလာပြန်တော့ သံယောဇဉ် နှောင်ကြိုးတွေက အမျိုးမျိုးဆွဲကြပြန်တယ်၊ ''ဩော် ငါ့မှာ ကိုယ့်စိတ်ထင်တဲ့အတိုင်း လွယ်လွယ်ကူကူနှင့် ထွက်မြောက်နိုင်တို့ရန် ခဲယဉ်းနေတဲ့ အချက်တွေ ရှိနေပြန်ပါကလား။ ဥယျာဉ်၊ လယ်မြေ၊ ရွှေ၊ ငွေ၊ ဘဏ္ဍာများနှင့်တကွ၊ သား၊ သမီးကလေး တွေက ရှိနေ ပြန်တော့ ရုတ်တရက် ထွက်ဖို့ အခက်သားဘဲ၊ ပစ္စည်းဘဏ္ဍာများ အတွက် စိုးရိမ်ဘွယ်မရှိလှပါဘူး။ သား၊ သမီးကလေးတို့၏ မျက်ခွက်ကို ရက်ရက်စက်စက် စွန့်ပစ်လိုက်ရမှာကခက်တယ်၊'' ဆိုသည်လို သံယောဇဉ် နှောင်ကြိုး၏ အမျိုးမျိုးဆွဲငင်ချက်ကြောင့် အနှောက်အရှက်များပြီးစိတ်အားပြော့လို့ သွားပြန်သတဲ့၊

ထို့နောက်တဘန် သံဝေဂဉာဏ် ဖြင့် စိတ်ထက်သန်စွာ ဖြစ်ပေါ်လာပြန်ပုံကသည်လိုဘဲ။ 'သား၊ သမီးကလေးတွေဆိုတာလဲဘယ်အခါမှာမှ ချမ်းသာပေးတာမျိုးတွေမဟုတ်ပါဘူး။ အလိုလိုရောက်လာတဲ့အာဂန္တုက၊ အလိုလိုပေါက်လာတဲ့ မြက်ပင်ဒူးရတို့ကဲ့သို့ သူ့အခွင့်အားလျော်စွာ ဖြစ်ပေါ် ကြိုကြိုက် လာတာမျိုး တွေဘဲ၊ သည်လို သား၊ သမီးကလေးတွေကို တွယ်တာလို့ သံသရာဝဋ်မှ မလွတ်နိုင်ဘဲနေရတာပေါ့။ သူတို့ကိုတွယ်တာလျှင် ဘယ်မှာတရားထူးကို ရနိုင်

ပမလဲ။ငါထွက်နိုင်အောင်ထွက်မယ်။''အဲ-သို့ကလို အတင်းအကြပ် စိတ်ကို ဆုံးဖြတ်ပြီး သား, သမီးနှင့် ပစ္စည်း ဥစ္စာတို့ကို စွန့်ခွါလျက် ဘိက္ခုနီမကျောင်းသို့သွားပြီး ရဟန်းပြုထုပ်ပါရော။ဥစ္စာပစ္စည်းနှင့် သားသမီးကလေးတွေကို ဆွေမျိုး ညာတိ များက စောင့်ရှောက်လို့ ထားကြရတယ်၊ ဘဝအဆုံးသို့ ရောက်၍ ရဲရဲတောက် ပါရမီရှင် ဖြစ်တော့ စွန့်ခွါနိုင်တာပေါ့။

ရဟန်းအဖြစ်သို့ ရောက်ပြီးတဲ့အခါ ဝိပဿနာ ဘာဝနာ နိဿယည်းကို နည်းကျအောင် ယူဆောင်ပြီးလျှင် ဆိတ်ငြိမ်ရာသို့ကပ်၍ သုံးသပ်ဆင်ခြင်တော်မူရာ အာသဝေါကင်းကွာ၍ ရဟန္တာအဖြစ်သို့ ရောက်လေသတည်း။ ။ရဟန္တာအဖြစ်သို့ ရောက်ပြီးတဲ့အခါ သာသနာတော်အတွင်းမှာ သက္ကလာထေရီ ဘိက္ခုနီတပါးရယ်လို့ ထင်ရှား ကျော်စောတော်မူလေသတည်း။ ။ဆိုခဲ့ပြီးတဲ့အကြောင်း များကို ထင်ရှားစွာ ထုတ်ပြန်တဲ့၊ အပဒါန် ပါဠိတော်ဂါထာတို့မှာ အောက်ပါအတိုင်း ဖြစ်ပေသတည်း။

(၁) ပဒုမုတ္တရော နာမ ဇိနော၊ သတ္ထာ လောကဂ္ဂနာယကော၊
ပဒုမုတ္တရ ဘဂဝါ၊ ဘိက္ခုနီ ဥပဿယံ အဂမာ၊
(၂) အဟံ၊ အကျွန်ုပ်သည်၊ ပဒုမုတ္တရ မြတ်စွာဘုရား၏ ပတ္တံ၊ အဆုံးစွန်ဖြစ်သော၊ ဇိနေ ဘဝေ၊ ဘဝ၌ ပစ္စုပ္ပန် ဥယျာဉ်တော်၌ သီလ၊ လုံ့လောက်ပေါ်များ၊ စပါး ဆန်ရေ၊ ဝိတက္ကဘာဝနာ ရှိသည့်ဖြစ်၍၊ မဟာ မဟိတ္ထ၊ အထက်တန်း ရောက်သဖြင့်၊ ဝမ်းမြောက်ဘွယ် ကောင်းလှသော၊ ရာဇပူဇိတော၊ ဘုရင်မင်းမြတ် ပူဇော်အပ်သော၊ ဝိပ္ပကုလေ၊ ပုဏ္ဏား မျိုး၌၊ ဇာတာ၊ ဖြစ်ခဲ့ရပါသတည်း။
(၃) အဟံ သဗ္ဗင်္ဂသမ္ပန္နာ၊ သဗ္ဗာဘရဏဘူသိတာ၊
ပုရပ္ပဝေသေ သုဂတံ၊ ဝါတပါနေ ဌိတာ အဟံ။
(၄) ဒိသွာ ဇလန္တံ ယသသာ၊ ဒေဝမနုဿသက္ကတံ၊
အနုဗျဥ္ဇနသမ္ပန္နံ၊ လက္ခဏေဟိ ဝိဘူသိတံ။
(၃-၄) တဒါ၊ ထိုပုဏ္ဏား အမျိုးသမီးဖြစ်စဉ် အခါ၌၊ သဗ္ဗင်္ဂ သမ္ပန္နာ၊ မိန်းမမြောက်တို့ အင်္ဂါကြီးအင် လက္ခဏာနှင့် ပြည့်စုံသော၊

အဟံ၊ အကျွန်ုပ်သည်၊ သဗ္ဗာဘရဏဘူသိတာ၊ ဝတ်စားတန်ဆာအလုံးစုံကိုဆင်ယင်လျက်၊ ဝါဘပါဏော၊ ပြာတင်းပေါက်၌၊ ဋ္ဌိတာ၊ ရပ်၍နေစဉ်၊ ပုရပ္ပဝေသေ၊ သားဝတ္ထိပြည်တော်တွင်းသို့ ကြွဝင်တော်မူသောအခါ၌၊ ယသသာ၊ အခြံအရံပေါင်းများစွာဖြင့်၊ ဇလန္တံ၊ တင့်တယ် တောက်ပ၍ နေသော၊ ဒေဝမနုဿသက္ကတံ၊ နတ်လူ အပေါင်းတို့ အရိုအသေအလေးအမြတ် ပြုအပ်သော၊ အနုဗျဉ္ဇနသမ္ပန္နံ၊ လက္ခဏာတော်ငယ် ရှစ်ဆယ်နှင့် ပြည့်စုံတော် မူပေသော၊ လက္ခဏေဟိ၊သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်လက္ခဏာကြီးတို့ဖြင့်၊ဝိဘူသိတံ၊တန်ဆာဆင်အပ်ထသော၊ သုဂတံ၊ရှင်တော်မြတ်ဘုရားကို၊ အဒဿိံ၊မျက်မှောက်ထင်ထင် ဖူးမြင်ကြည်ညိုရလေပြီ၊ ဒိသွာ၊ ကြည်ကြည်လင်လင် ဖူးမြင်ရပြီးသည်ရှိသော်၊

(ယ) ဥဒဂ္ဂစိတ္တာသုမနာ၊ ပဗ္ဗဇ္ဇံသမရောစယိံ၊
နစိရေနေဝကာလေန၊ အရဟတ္တမပါပုဏိံ၊

(ယ) အဟံ၊ အကျွန်ုပ်သည်၊ ဥဒဂ္ဂစိတ္တာ၊ တက်ကြွရွှန်းမြူး၊ အထူးအားတက်သောစိတ်ရှိသည်ဖြစ်၍၊ သုမနာ၊ စိတ်ခါတ်နှလုံး၊ ရွှင်ပြုံးဝမ်းမြောက်သည်ဖြစ်၍၊ ပဗ္ဗဇ္ဇံ၊ ရဟန်းအဖြစ်ကို၊ သမရောစယိံ၊ နှစ်သက်သဖြင့်၊ ပြုကျင့်လိုက်နာခဲ့လေပြီ၊ နစိရေနေဝ၊ရဟန်းပြု၍၊မကြာမြင့်ကာလအတောအတွင်း၌ပင်လျှင်၊ အရဟတ္တံ၊ရဟန္တာအဖြစ်သို့၊ အပါပုဏိံ၊ ဆိုက်ရောက်ခဲ့ပါသတည်း၊

သကုလာထေရီဘိက္ခုနီသည် ရဟန္တာအဖြစ်သို့ ရောက်ပြီးတဲ့အခါ ဗျာန်အဘိညာဉ်တရားဘို့ကို ကြိုးစားတော် မူပြန်သည်တွင် အဘိညာဉ် ခြောက်စုံကို အကုန်ရရှိတော်မူတယ်၊ ရှေးပါရမီ ဆုတောင်းအကြောင်းထူး ပါခဲ့ခြင်းအတိုင်း ဒိဗ္ဗစက္ခု အဘိညာဉ် အရာကိုတော့ လွန်စွာနိုင်နင်းတော် မူတာပေါ့၊ အဲ-သို့ကြောင့် ရှင်တော်မြတ်ဘုရားက ပရိသတ်လေးပါး၏ အလယ်တွင်၊ ဧတဒဂ် ဘွဲ့ထူးဖြင့် ချီးကျူးတော်မူတဲ့အခါ၊ ဧတဒဂ္ဂံ ဘိက္ခဝေမမ သာဝိကာနံ၊ ဘိက္ခုနီနံ ဒိဗ္ဗစက္ခုကာနံ ယဒိဒံသကုလာ၊ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့၊ မမ ငါဘုရား၏၊ သာဝိကာနံ၊ တပည့်မဖြစ်ကြ

ကုန်သော၊ ဒိဗ္ဗစက္ခုကောခန်၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဉာဏ်နှင့်ပြည့်စုံကြကုန်သော၊ ဘိက္ခုနီနံ၊ ရဟန်းမိန်းမ အပေါင်းတို့တွင်၊ ယဒိဒံ-ယာအယံသကုလာ၊ အကြင်သကုလာ ထေရီဘိက္ခုနီသည်၊ အတ္ထိ၊ ရှိ၏။ ဧတံ-ဧသာ၊ ဤသကုလာထေရီဘိက္ခုနီသည်၊ အဂ္ဂံ-အဂ္ဂါ၊ အမြတ်ဆုံးပေတည်း၊

အဲ-သို့ကလို ဒိဗ္ဗစက္ခုဘွဲ့ထူးဖြင့် ချီးကျူးတော် မူခြင်းကို ခံရပေတယ်။ ၊လွန်ခဲ့သော ကမ္ဘာတသိန်းက ပဒုမုတ္တရ ရှင်တော်ဘုရား လက်ထက်တော်အခါက ဘုရားနှမတော်ကလေး ဖြစ်ပြီးဆုတောင်းခဲ့တဲ့အချက် ယခုဘုရားရှင် လက်ထက်တော်ကျတော့ထမြောက် အောင်မြင်သွားတာပေါ့။

(ရ) ဇာတိသုစဝသီဟောမိ၊ ဒိဗ္ဗာယတောခတုယာ၊
ပရစိတ္တာနိဇာနာမိ၊ သတ္ထုသာသနကာရိကာ။

(ရ) အဟံ၊အကျွန်ုပ်သည်၊ဇာတိသုစ၊အဘိညာဉ်တန်ခိုး၊အမျိုးမျိုးတို့၌လည်း၊ ဝသီ၊ အလိုရှိတိုင်း ပိုင်နိုင်ခဲ့သည်၊ဟောမိ ဖြစ်ရပါ၏၊ ဒိဗ္ဗာယ၊ နတ်တို့၏တန်ခိုးနှင့် ဆိုင်သော၊ သောတဓာတုယာ၊ အသံအမျိုးမျိုးကိုကြားနိုင်သော သောတဓာတ်၌၊ ဝသီ၊ အလိုရှိတိုင်းပိုင်နိုင်ပါသတည်း၊ ပရစိတ္တာနိ၊ သူတပါးတို့၏ စိတ်အစဉ် တို့ကိုလည်း၊ဇာနာမိ၊မှန်သောအတိုင်း၊မဆိုင်းမတွ သိမြင်ရပါသတည်း၊ သတ္ထုသာသနကာရိကာ၊ ဘုရားရှင်၏သာသနာတော်ကို၊ ကောင်းစွာထမ်းဆောင် ကြိုးစားခဲ့သော ထေရီမသည်၊ အမှိ၊ ဖြစ်ရပေသတည်း၊

(လ) ပုဗ္ဗေနိဝါသံဇာနာမိ၊ ဒိဗ္ဗစက္ခုံဝိသောဓယိံ။
ခေပေတွာအာသဝေသဗ္ဗေ၊ ဝိသုဒ္ဓါမှိသုနိမ္မလာ၊

(လ) အဟံ၊ အကျွန်ုပ်သည်၊ ပုဗ္ဗေနိဝါသံ၊ ရှေး၌ဖြစ်ခဲ့သော၊ ဘဝအမျိုးစုံကိုလည်း၊ ဇာနာ၊ အစုံအလင်၊ အကုန်မြင်ဘိ၊ မှန်တိုင်းသိရပေသတည်း၊ ဒိဗ္ဗစက္ခုံ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကို၊ ဝိသောဓယိံ၊ စင်စင်ကြယ်ကြယ်ကြီး သုတ်သင်ခဲ့ပါသတည်း၊ သဗ္ဗေ၊ အလုံးစုံကုန်သော၊ အာသဝေ၊ ငါးသွယ် ကျလျှော၊ အာသဝေါ တို့ကို၊

ခေပေတွာ၊ ကုန်ခန်းခြောက်သွေ့စေလျက်။ သုနိဋ္ဌိတာ၊ ရှင်တော်ဘုရားက၊ တရားသဖြင့် ဘန်ဆင်းအင်သည်ဖြစ်၍။ ဝိသုဒ္ဓါ၊ စင်ကြယ်သော ထေရီမတပါးသည်၊ အမှိ၊ ဖြစ်ရပေသတည်း၊

(ဝ) ပရိစိဏ္ဏောမယာသတ္ထာ၊ ကတံဗုဒ္ဓဿသာသနံ။
ဩဟိတော ဂရုကောဘာရော၊ ဘဝနေတ္တိသမူဟတာ။

(ဝ) မယာ၊ အကျွန်ုပ်သည်။ သတ္ထာ၊ ခမည်းတော်သခင်၊ ကျေးဇူးရှင်မြတ်ဘုရားကို။ ပရိစိဏ္ဏော၊ အမြတ်တရားဖြင့်၊ ခစားလုပ်ကျွေးအပ်လေပြီ။ ဗုဒ္ဓဿ၊ သခင်ထွန်းထား၊ မြတ်ဘုရား၏၊ သာသနံ၊ အဆုံးအမ ရှိသမျှကို၊ ကတံ၊ လိုက်နာပြုကျင့်ခြင်းကိစ္စပြီးစီးခဲ့လေပြီ။ ဂရုကောဘာရော၊ လေးလံလှစွာသော၊ ခန္ဓာဝန်ကြီးကိုလည်း။ ဩဟိတော၊ မသယ်ပိုးဘဲ၊ ဖုံးကနဲပစ်ချအပ်လေပြီ။ ဘဝနေတ္တိ၊ ဘဝမျိုးစုံသို့ ရောက်အောင်၊ ဆွဲဆောင်၍နေသော၊ တဏှာကြိုးနွယ်ကြီးကိုလည်း။ သမူဟတာ၊ ဖြတ်တောက်ပယ်ရှင်းအပ်လေပြီ။

(သ) ယဿတ္ထာယပဗ္ဗဇိတာ၊ အဂါရသ္မာနဂါရိယံ။
သောမေအတ္ထောအနုပ္ပတ္တော၊ သဗ္ဗသံယောဇနက္ခယော။

(သ) ယဿတ္ထာယ၊ အကြင်သံသရာဝဋ်မှ၊ လွတ်မြောက်ခြင်းအကျိုးငှါ။ အဂါရသ္မာ၊ အိမ်ရာထောင်သော လူတို့ဘောင်မှ။ နိက္ခမိတွာ၊ ထွက်လာခဲ့၍။ အနဂါရိယံ၊ အိမ်ရာမထောင်သော၊ ရဟန်းဘောင်၌၊ ပဗ္ဗဇိတာ၊ ရဟန်းပြုကာ၊ နေခဲ့ပါသတည်း။ မေ၊ အကျွန်ုပ်အား။ သောအတ္ထော၊ ထိုသံသရာဝဋ်မှ၊ လွတ်မြောက်ခြင်းတည်းဟူသော အကျိုးထူးသည်။ အနုပ္ပတ္တော၊ ထင်တိုင်းပေါက်၍၊ ဆိုက်ရောက်ခဲ့လေပြီ။ သဗ္ဗသံယောဇနက္ခယော၊ သံယောဇဉ်ကြိုး၊ အမျိုးမျိုးထွေးရှုပ် ငြိမ်းချုပ်ကုန်ခမ်းမှုကြီးသည်လည်း၊ အနုပ္ပတ္တော၊ ထင်တိုင်းပေါက်၍၊ ဆိုက်ရောက်ခဲ့လေပြီ။

(ဟ) တတောမဟာကာရုဏိကော ဧတဒဂ္ဂေဌပေသိမံ။
ဒိဗ္ဗစက္ခုကာနံအဂ္ဂါ၊ သကုလာဘိနရုတ္တမေ။

(ဟ) တတော၊ ထိုတန်ခိုးအမျိုးစုံ၊ အကုန်ပေါက်ရောက်ပြီး

သောအခါ၌။ မဟာကာရုဏိကော၊ ကရုဏာသခင်၊ ကျေးဇူးရှင်အစစ်ကြီး ဖြစ်တော်မူပေသော၊ နရုတ္တမော၊ သုံးလူ့ထွန်းထား၊ မြတ်ဘုရားသည်။ ဓိဗ္ဗစက္ခုကာနံ၊ ဒိဗ္ဗစက္ခုအဘိညာဉ်တန်ခိုးဂုဏ်နှင့် ပြည့်စုံကြကုန်သော ဘိက္ခူနံမ အပေါင်းတို့တွင်၊ သကုလာ၊ သွီးတော်သကုလာသည်။ အဂ္ဂါ၊ အမြတ်ဆုံးပေတည်း။ ဣတိ၊ ဤသို့။ မံ၊ အကျွန်ုပ်ကို။ဇေတဒဂ္ဂေ၊ ဇေတဒဂ်ရာထူး၌။ ဌပေသိ၊အထင်အရှား၊ တင်ထားမြှောက်စားတော်မူပေသတည်း။

အဲ-ယခုပြဆိုပြီးတဲ့အတိုင်း ဒိဗ္ဗစက္ခုအဘိညာဉ် ဇေတဒဂ်ဘွဲ့ထူးနှင့်တကွ ရဟန္တာမ အဖြစ်သို့ ရောက်ပြီးသောအခါတွင် အလွန်ဝမ်းမြောက်ဝမ်းသာ လွန်စွာနှစ်သက်လှသဖြင့်ဖြစ်ပျက်ခဲ့သမျှသော မိမိအကြောင်းတွေကို ရုံးပေါင်းပြန်လှန်ကာ ဆင်ခြင်ပြီး ဥဒါန်းဂါထာငါးပုဒ်ကို မကြာမကြာ ရွတ်ဆိုလေ့ ရှိတယ်။ ။ထိုဥဒါန်းဂါထာငါးပုဒ်မှာ အောက်ပါအတိုင်းဖြစ်လေသည်။

(၁) အဂါရသ္မိံ ဝသိတ္တာဟံ၊ ဓမ္မံသုတွာနဘိက္ခုနော။
အဒ္ဒသံဝိရဇံဓမ္မံ၊ နိဗ္ဗာနံပဒမစ္စုတံ။

(၁) အဟံ၊ အကျွန်ုပ်သည်။ အဂါရသ္မိံ၊ အိမ်ရာထောင်သောလူ့ဘောင်၌။ ဝသိတွာ၊ ပျော်ပျော်ပါးပါး စား၍နေစဉ်။ ဘိက္ခုနော၊ ရဟန္တာအရှင်မြတ်တပါး၏။ ဓမ္မံ၊ ဟောကြားတော် မူအပ်သော တရားထူးကို၊ သုတွာန၊ ကြားနာရသည်ရှိသော်။ ဝိရဇံ၊ ကိလေသာမြူမှေး၊ အညစ်အကြေးတို့မှ၊ ကင်းဝေးစင်ကြယ်သော။ အစ္စုတံ၊ စုတေသေလွန်ခြင်း မရှိသော။ နိဗ္ဗာနံ၊ ဒုက္ခခပ်သိမ်း၊ ချုပ်ငြိမ်းရာဖြစ်သော၊ ဓမ္မပဒံ၊ တရားတော်ပုဒ်ကို။အဒ္ဒသံ၊ ဉာဏ်ဖြင့်ဆင်ခြင်၍၊ ထင်မြင်ပေါ်ပေါက်လာပါသတည်း။

(၂) သဟံပုတ္တံ ဓီတရဥ္စ၊ နေဥ္စညာဥ္စဆင်္ဂယ၊
ကေသေဆေဒါပယိတွာန၊ ပဗ္ဗဇိံ အနဂါရိယံ။

(၂) သာဟံ၊ ထိုအကျွန်ုပ်သည်။ ပုတ္တဥ္စ၊ မိမိရင်သွေး သားကလေးကိုရင်း။ ဓီတရဥ္စ၊ သွီးဒါလီ၊ ဆင်းသီဂီကိုရင်း။ နေဥ္စညာဥ္စ၊ စပါးဆန်ရေ၊ ရွှေငွေဘဏ္ဍာ၊ရတနာအိုးအိမ်၊လူ့စည်းစိမ်ကိုရင်း။ဆဋ္ဋယ၊

ဇည္ဗာမတွန်၊ ခွါကာခွန်၍၊ ကေသေ၊ ညှိပိဝှန်းရောင်၊ ထုံးနှောင်ရှည်လျား၊ ဆံပင်များကို၊ ဆေဒါပယိတ္တာန၊ ကတုံးပြောင်ပြောင်နှင့် မထုံးနှောင်ရအောင် ပယ်ဖြတ်စေပြီးသော်၊ အနာဂါရိယံ၊ အိမ်ရာမထောင်သော ရဟန်းဘောင်၌၊ ပဗ္ဗဇိံ၊ ရဟန်းပြုခဲ့ပါသတည်း။

(၃) ဘိက္ခုမာနာအဟံသန္တိ၊ ဘာဝေန္တီမဂ္ဂမဥ္ဇသံ။
ပဟာသိံ ရာဂဒေါသဉ္စ၊ တဒေကဋ္ဌေစအာသဝေ။

(၃) အဟံ၊ အကျွန်ုပ်သည်၊ သိက္ခာမာနာ၊ သိက္ခာမာန်ကလေးသည်၊ သန္တီ၊ ဖြစ်နေစဉ်၊ အဥ္ဇသံ၊ နိဗ္ဗာန်ရောက်ကြောင်း၊ လမ်းကောင်းဖုံဖုံကြီးဖြစ်ပေသော၊ မဂ္ဂံ၊ မဂ္ဂင်ရှစ်ရပ်၊ ကရားမြတ်ကို၊ ဘာဝေန္တီ၊ မနေမနား ရှုသောအားဖြင့်၊ ပွါးများ ဆင်ခြင်ခဲ့သည် ရှိသော်၊ ရာဂဒေါသဉ္စ၊ အလိုရမ္မက်၊ အမျက် ထွက် ခြင်း ဟု ဆိုအပ်သော၊ ရာဂတရား, ဒေါသ တ ရား ကို ၎င်း တဒေကဋ္ဌေ၊ ထို ရာ ဂ, ဒေါ သ, တို့ နှင့် အ ဘော် အ ဘက် ဖြစ် ကြ ကုန် သော၊ အာသဝေစ၊ စီးသွန်ကျလျော၊ အာသဝေါတို့ကို၎င်း၊ ပဟာသိံ၊ ပဟာနပရိညာဉ်ဖြင့် ကုန်စင်အောင် ပယ်ခဲ့လေပြီတကား။

(၄) ဘိက္ခုနီ ဉသမ္ပဇ္ဇ၊ ပုဗ္ဗဇာတိမနုဿရိံ။
ဒိဗ္ဗစက္ခုံ ဝိသောဓိတံ၊ ဝိမလံသာဓုဘာဝိတံ။

(၄) အဟံ၊ အကျွန်ုပ်သည်၊ ဘိက္ခုနီ၊ ဘိက္ခုနီမ အဖြစ်သို့၊ ဥပသမ္ပဇ္ဇ၊ ခို ဝင် ကပ် ရောက် ခဲ့ သည် ရှိ သော်၊ ပုဗ္ဗဇာတိံ၊ ရှေး၌ ဖြစ်ခဲ့သော၊ ဘဝအမျိုးမျိုးကို၊ အနုဿရိံ၊ ဉာဏ်ဖြင့်ဆင်ခြင်၍၊ ထင် မြင် ရှု စား နိုင် လေ ပြီ၊ သာဓုဘာဝိတံ၊ ကောင်း စွာ ပွါး များ အပ်သော၊ ဒိဗ္ဗစက္ခုံ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကို၊ ဝိမလံ၊ ညစ်ကြေးမတင်၊ သန့်ရှင်းစင်အောင်၊ ဝိသောဓိတံ၊ သုတ်သင်အပ်ခဲ့လေပြီ တကား။

(၅) သင်္ခါရေပရတော ဒိသွာ၊ ဟေတုဇာတေပလောကိနေ။
ပဟာသိံ အာသဝေသဗ္ဗေ၊ သီတိဘူတာမှိနိဗ္ဗုတာ။

(၅) ဟေတုဇာတေ၊ အကြောင်း နှီး ဆော် သ ဖြင့်၊ အကျိုးပေါ်ကာ ဖြစ်ပွါး၍နေကြကုန်သော၊ ပလောကိနေ၊ ဖြစ် ပြီး သည့်အဆုံး၌ တဖြုန်းဖြုန်း ပျက်စီး၍ နေကြကုန်သော၊ သင်္ခါရေ၊ ပြုပြင်

အစ်သမျှ သင်္ခါရတောချုံ အလုံးစုံတို့ကို၊ ဒိသွာ၊ ပေါလော ပေါ်အောင်၊မြင်မြော်ဆင်ခြင်မိသောကြောင့်၊ သဗ္ဗေ၊ မကျန်မကြွင်း၊ ခပင်းဥဿုံ၊ အလုံးစုံကုန်သော၊ အာသဝေ၊ စီးတသွန်သွန်၊ ရေတံခွန်သို့ အလွန်ထန်ပြင်း၊ ကျဆင်းသက်လျော၊ အာသဝေါ တို့ကို၊ ပဟာသိ၊ ပဟာနပရိညာဉ်ဖြင့်၊ ကုန်စင်အောင် ပယ်အပ် လေပြီ။ အဟံ၊ အကျွန်ုပ်သည်၊ နိဗ္ဗုတော၊ ကိလေသာမီး၊ ကင်းငြိမ်းပြီး ဖြစ်၍၊ သီတိဘူတော၊ ဘေးမဆန့်၊ ရန်မနွယ်၊ အန္တရာယ်ကင်းရှင်း၍၊ အေးခြင်းကြီး အေးခဲ့လေသည်၊ အမှိ၊ ဖြစ်ရပေသည်တကား၊

(၇) သကုလာထေရီဝတ္ထုပြီး၏။

(မှတ်ချက်။ ။ဤသကုလာထေရီ ဝတ္ထုကြီး၌ က, ခ, စသည် တို့ဖြင့် မှတ်အပ်သောဂါထာတို့ကို ထေရီအပဒါန်ပါဠိတော်ဂါထာ ၁-၂ စသည်တို့ဖြင့် မှတ်အပ်သောဂါထာတို့ကို ထေရီဂါထာ ပါဠိတော်ဟူ၍ မှတ်ယူတော်မူကြပါကုန်။)

ပဉ္စကနိပါတ်

## (၈) သောဏာထေရီဝတ္ထု

ပဒုမုတ္တရ ဘုရားရှင် လက်ထက်တော်၌ ... 

အရွယ်သို့ ရောက်တဲ့အခါ၊ တတ်သိထိမ္မာ ပညာအမြော် အမြင်နှင့် ပြည့်စုံတဲ့အတိုင်း ရှင်တော်ဘုရားထံသို့ကပ်ပြီး မပြတ် မပြတ် တရားနာလေ့ရှိတယ်၊ ။တနေ့သောအခါ ကျောင်းတော်သို့ သွား၍ တရားနာစဉ်၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဘိက္ခုနီမ

တပါးအား တရားအား ထုတ်မှုကိစ္စတွင် အာရဒ္ဓဝီရိယ မျိုးဖြင့် ကြိုးကြိုးပမ်းပမ်း၊ စွမ်းစွမ်းသန်သန် မတူတန်အောင်၊ အားထုတ်တဲ့အတွက် တေဒဂ်ဘွဲ့လူးဖြင့် ချိုးကြူးမြောက်စားတဲ့ အခိုက်နှင့် ကြုံကြိုက်နေတယ်။

တေဒဂ်ဘွဲ့လူးဖြင့် ချိုးကြူးခြင်းခံရတဲ့ ဘိက္ခုနီမကို ဆိုခဲ့တဲ့ အမျိုးသမီးကလေး တွေ့မြင်လေရာ သဒ္ဓါစေတနာနှင့်တကွ ထက်ကြွသော စိတ်ထားဖြင့် မိမိကိုယ်တိုင်လဲ ဤနည်းအတိုင်းပင် ဖြစ်ချင်တဲ့ ဆန္ဒတွေ ပေါ်လာတယ်။ ။ထိုအခါ သံဃာတော်များနှင့် တကွ ဘုရားရှင်ကိုပင့်ဖိတ်ပြီး အလှူကြီးကိုပေးလျက် 'ဘုရား့တပည့်တော် မသည်၊ နောင်ပွင့်တော် မူလာအံ့သော ဘုရားရှင်တို့၏ လက်ထက်တော်မှာ တရားအားထုတ်မှုအရာတွင် သူတကာတို့ထက် လွန်ကဲသဖြင့် အာရဒ္ဓဝီရိယ တေဒဂ်ဘွဲ့ထူးကို ရလိုပါသည် ဘုရား'' လို့ လျှောက်ထားတယ်။

ထိုအခါ ရှင်တော်မြတ်ဘုရားက အနာဂတံသဉာဏ်တော်ဖြင့် ရှုဆင်ခြင်တော်မူပြီး၊ ''အို-ချစ်သမီး တေဒဂ်ဘွဲ့ထူးကို ရည်မှန်း၍ လှူဒါန်းရသော ကုသိုလ်စေတနာအဟုန်ကြောင့်၊ နောင်အခါ ကမ္ဘာ တသိန်း လွန်လေသော် လောကသုံးပါး၌ ဂေါတမမြတ်စွာဘုရား ထင်ရှားပွင့်တော်မူလတ္တံ့။ ထိုအခါ သင်ချစ်သမီးသည် သောဏာ ထေရီ, ဘိက္ခုနီ ဖြစ်ပြီးလျှင် အာရဒ္ဓ ဝီရိယ တေဒဂ် ဘွဲ့ထူးဖြင့် ချီးကျူးခြင်းခံရလတ္တံ့။ ''အဲ-ဤကဲ့သို့ဗျာဒိတ်စကား မိန့်ကြားတော်မူတယ်။ ။အမျိုးသမီးကလေးသည်၊ ထိုဗျာဒိတ်စကားကို ကြားရသောအခါ ယနေ့ နက်ဖြန်ပင် အကျိုးပေးတော့မလောက် ဝမ်းမြောက်ခြင်းဖြစ်ပြီး ထိုနေ့မှစ၍ အသက်ဆုံးသည် တိုင်အောင် ပဒုမုတ္တရ ရှင်တော်ဘုရားအား ကြည်ညိုသောစေတနာ သဒ္ဓါ မေတ္တာသန်သန်နှင့် မှန်မှန်ဝတ်ထား၍ ပြုစုလုပ်ကျွေးပြီးလျှင် မနေမနား ကုသိုလ်တရားများကို ကြိုးစားအားထုတ်တယ်။ ။ထိုဘဝ တွင် အသက်အတိုင်းနေ၍ ရတေသွားတော့ တာဝတိံသာ

နတ်ပြည်မှာ ကြီးကျယ်ခမ်းနားတဲ့ စည်းစိမ် ချမ်းသာဖြင့် နတ်သမီး အဖြစ်သို့ရောက်လေသတည်း။

ဆဲ-ယခုပြဆိုခဲ့ပြီးသော အကြောင်းအရာများကို ထင်ရှားစွာ သိကြလေအောင် ထေရီအပဒါန်ပါဠိတော်ကြီးမှာ ဆိုလတ့်သော ဂါထာများကို ဟောကြားတော်မူလေသတည်း။

(က) တဒါသေဋ္ဌိ ကုလေဇာတာ၊ သုခိတာ ဒယိတာပိယာ။
ဥပေတွာတံ မုနိဝရံ၊ အဿောသိံ မဓုရံဝစံ။

(က) ဘောဂ္ဂေသ၊ပရိသတ်အပေါင်း၊အို-သူတော်ကောင်းတို့၊ တဒါ၊ ထိုပဒုမုတ္တရဘုရား၊ထင်ရှား ပွင့်တော် မူစဉ်အခါ၌၊ အဟံ၊ အကျွန်ုပ်သည်၊ သေဋ္ဌိကုလေ၊ ဥစ္စာစည်းစိမ်၊ ဂုဏ်သိမ်ပြည့်ဖြိုး၊ သူဌေးမျိုး၌၊ ဇာတာ၊ ဖြစ် ပွါး ပေါ် ပေါက် ၍ လာခဲ့ပါသတည်း။ သုခိတာ၊ ဆင်းရဲဟူသမျှ၊မှုမခဘဲ၊သုခအမှန်ဖြင့် အလွန်ချမ်းသာခဲ့ ပါသတည်း။ ဒယိတာ၊ သူတပါးကိုလည်း သနားကြင်နာခဲ့ပါ၏။ ပိယာ၊ သူတပါးတို့၏ချစ်ခြင်းကိုလည်းခံရပါ၏။ တဒါ၊ ထိုသူဌေး သမီးဖြစ်စဉ်အခါ၌၊ တံမုနိဝရံ၊ ထို ပဒု မု တ္တ ရ၊ မည် ရ တွင် လတ်၊ ဘုရားမြတ်ကို။ ဥပေတွာ၊ မပြတ်မပြတ်၊ ဆည်းကပ် ခစားလျက်၊ မဓုရံ၊ သာ ယာ ချို မြိန် နှ လုံး ကို ငြိမ်စေနိုင်သော၊ ဝစံ၊ မိန့်မြွက် ဟောဘော်၊ စ ကား ဘော် ကို။ အဿောသိံ၊ သ ဒ္ဒါ တ ရား ဖြင့် နာကြားခဲ့ပါသတည်း။

(ခ) အာရဒ္ဓ ဝိရိယာနဂ္ဂံ၊ ဝဏ္ဏေန္တံ ဘိက္ခုနိံ ဇိနံ၊
တံသုတွာ မုဒိတာဟုတွာ၊ ကာရံ ကတွာန သဏ္ဍုနော။

(ဂ) အဘိဝါဒိယ သမ္ဗုဒ္ဓံ၊ တံဌာနံ ပတ္ထယိံ တဒါ၊
အနုမောဒိယ မဟာဝီရော၊ သိဇ္ဈတံပဏိဓိတဝ။

(ခ-ဂ) တဒါ၊ ထိုသို့တရားနာသွားရောက်စဉ်အခါ၌၊ အာရဒ္ဓ ဝိရိယာနံ၊ ကြိုးကြိုးစားစား တရားအားထုတ်သောပုဂ္ဂိုလ်အပေါင်း တို့တွင်၊ အဂ္ဂံ၊ အမြတ်ဆုံးဟူ၍၊ ဘိက္ခုနိံ၊ ရဟန်းမတော်ကို၊ ဝဏ္ဏေန္တံ၊ ချီးကျူး၍နေတော်မူသော၊ ဇိနံ၊ ငါးမာရ် အောင် မြင်၊ ဘုရားရှင်ကို၊ အဒ္ဒသိံ၊ ကြည်ကြည်လင်လင်၊ ဖူးမြင်ရပါသတည်း။

တံ၊ထိုဟောကြားမိန့်မြွက်၊ ဝေဒဂ်တရားတော်ကို။သုတွာ၊ ကြားနာရသည်ရှိသော်။ မုဒိတာ၊ ဝမ်းမြောက်နှစ်သက်၊ အားတက်ရွှင်လန်းခဲ့သည်။ ဟုတွာ၊ ဖြစ်၍။ သတ္ထုနော၊ ရှင်တော်မြတ်ဘုရားအား။ ကာရံ၊ပြုသင့်ပြုထိုက်သော ကုသိုလ်ဝတ်တရားကို။ ကတွာန၊ ပြုလုပ်ကြိုးစားပြီးသော်။ သမ္ဗုဒ္ဓံ၊ ရှင်တော်မြတ်ဘုရားကို။ အဘိဝါဒိယ၊ အလွန်အကြူး အထူး ရှိခိုးလျှော်။ တိမ္ဗာနံ၊ ထိုဝေဒဂ်ရေ-လူးကို။ ပတ္ထယိံ၊ ဆုတောင်းပတ္ထနာ၊ ပြုခဲ့ပါသတည်း။ တဒါ၊ ထိုအခါ၌။ မဟာဝီရော၊ လူ့လွှတော်ဝါတ်၊ ကြီးမြတ်ခံ့ပြား၊ မြတ်ဘုရားသည်။ အနုမောဒိယ၊ အကျွန်ုပ်၏ဆုတောင်းချက်ကို၊ နှစ်သက်ဝမ်းမြောက်တော်မူသည်ဖြစ်၍။ "ဘဒ္ဒေ၊ အိုချစ်သမီး။ တာဝ၊ သင်ချစ်သမီး၏။ ပဏိဓိ၊ ဘွဲ့ထူးဘောဇဂ်၊ ဆုတောင်းချက်သည်။ သိဇ္ဈတံ-သိဇ္ဈတု၊ မချွတ်ဧကန်၊ အမှန်ပြည့်စုံစေသတည်း။" ဣတိ၊ ဤသို့။ အဝေါစ၊ ဗျာဒိတ်စကား၊မိန့်ကြားတော်မူလေသတည်း။

(၃) သတသဟဿိတောကပ္ပေ ဩက္ကာကကုလသမ္ဘဝေါ။
ဂေါတမောနာမနာမေန၊ သတ္ထာလောကေ ဘဝိဿတိ။

(၄) တဿဓမ္မေသုဒါယာဒါ၊ ဩရသာဓမ္မနိမ္မိတာ။
သောဏာတိနာမနာမေန၊ ဟေဿသိသတ္ထုသာဝိကာ။

(၃-၄) ဘဒ္ဒေ။ အိုချစ်သမီး။ ဣတော၊ဤကမ္ဘာမှ၊ သတသဟဿေကပ္ပေ၊နောင်ကမ္ဘာတသိန်းအခါ၌။ဩက္ကာကကုလသမ္ဘဝေါ၊ ဩက္ကာကရာဇ်၊နွယ်မြစ်နန်းရိုး၊ သာကီမျိုးမှ၊ ဘွားမြင်တော်မူသော။ နာမေန၊ အမည်တော်အားဖြင့်။ ဂေါတမောနာမ၊ ဂေါတမအမည်ရှိသော။သတ္ထာ၊ဆရာထွဋ်တင်ဘုရားရှင်သည်၊လောကေ၊လောကသုံးသွယ်၊ ဘုံအပြင်၌။ဘဝိဿတိ၊ အထင်အရှားဖြစ်ပေါ်တော်မူလတ္တံ့သတည်း။ ။တဿ၊ ထိုဂေါတမမြတ်စွာဘုရား၏။ ဓမ္မေ၊ တရားရောင်ဝါ၊ သာသနာ၌။ သုဒါယာဒါ၊ ကောင်းသော အမွေခံဖြစ်ပေသော။ဓမ္မနိမ္မိတာ၊တရားဖြင့်ဖန်ဆင်းအပ်သည်ဖြစ်၍။ဩရသာ၊ ရင်ခွင်တော်နှစ်၊ သမီးချစ်သည်။ ဟုတွာ၊ ဖြစ်၍။ သောဏာတိနာမနာမေန၊ သောဏာထေရီ၊ဘိက္ခုနီဟူသောအမည်ဖြင့်၊တွံ၊ သင်သည်။

သဏ္ဍုသာဝိကာ၊ ဘုရားရှင်၏တပည့်မသည်။ ဟောသတိ၊ ဖြစ်လတ့် သတည်း ချစ်သို့။

(စ) တံသုတွာ မုနိတာ ဟုတွာ၊ ယာဝဇီဝံ တဒါဖိနံ။
မေတ္တာစိတ္တာ ပရိစရိံ၊ ပစ္စခေယဟိ ဝိနာယကံ။

(ဆ) တေနကမ္မေန သုကတေန၊ စေတနာ ပဏိဓိဟိစ။
ဇဟိတွာ မာနုသံဒေဟံ၊ တာဝတိံသံအဂစ္ဆဟံ။

(စ-ဆ) အဟံ၊ အကျွန်ုပ်သည်။ တံ၊ ထိုဗျာဒိတ်တော် စကားကို။ သုတွာ၊ ကြားနာရသည်ရှိသော်။ မုဒိတာ ဟုတွာ၊ ယနေ့နက်ဖြန်ပင် အကျိုးပေးတော့မည်လောက်၊ ဝမ်း မြောက် ဘက် ကြွ သည် ဖြစ် ၍။ ယာဝဇီဝံ၊ အသက်ရှည်သမျှ ကာလပတ်လုံး။ ဝိနာယကံ၊ လူသုံးပါးတို့၏၊ ရှေ့သွားခရီး ညွှန်ကြီးဖြစ်တော် မူပေသော၊ ဇိနံ၊ မြတ်စွာဘုရားကို။ ပစ္စယေဟိ၊ ပစ္စည်းလေးပါးတို့ဖြင့်။ မေတ္တာစိတ္တာ၊ ချစ်ခင်နှစ်လို၊ ကြည်ညိုမြတ်နိုးသော စိတ်ရှိသည်ဖြစ်၍။ ပရိစရိံ၊ ကုသိုလ်ဓါတ်ကို မပြတ်မွေ့လျော်၊ လုပ်ကျွေးခဲ့ပါသတည်း။ ။သုကတေန၊ ကောင်းစွာပြုလုပ်အားထုတ် ကြိုးစားခဲ့သော။ တေနကမ္မေနစ၊ ထိုကုသိုလ်ကံထူးကြောင့်၎င်း။ စေတနာပဏိဓိဟိစ၊ စေတနာပိုက်ရှူး၍၊ အထူးဆုတောင်းချက်တို့ကြောင့်၎င်း။ မာနုသံဒေဟံ၊ ယုတ်ညံ့စွာလှ၊ လူ့ဘဝကို။ ဇဟိတွာ၊ စွန့်လွှတ်ခဲ့သည်ရှိသော်။ အဟံ၊ အကျွန်ုပ်သည်။ တာဝတိံသံ၊ ဘုံတာဝတည်၊ နတ်တို့ပြည်သို့။ အဂစ္ဆိံ၊ သွားရောက် ခံစားခဲ့ရပါသတည်း။

ဆဲ-ယခုပြဆိုခဲ့ပြီးတဲ့ အမျိုးသမီးကလေးဟာ ပဒုမုတ္တရ ဘုရားရှင်၏ လက်ထက်တော်ကစပြီးကုသိုလ်ထူးကိုဆည်းပူးကြိုးစားခဲ့တဲ့ အတွက်ကြောင့် ယခုဘဒ္ဒကပ်ကမ္ဘာသို့တိုင်အောင် အပါယ်လေးပါးသို့ မလားမကပ်ဘဲ မြင့်မြတ်ချမ်းသာတဲ့ သုဂတိဘုံဘဝတို့၌သာ အစုန်အဆန်ကျင်လည်ကျက်စား၍ ခံစားစံစားခဲ့ရတယ်၊ ကုသိုလ်ရှင်ကြီးများဆိုတာ ဘဝတိုင်း ဘဝတိုင်းမှာ ရိုင်းစိုင်းတဲ့ ဆင်းရဲမျိုးနှင့်မတွေ့ကြုံဘဲ ငုံလုံချမ်းသာခြင်း အမျိုးမျိုးတို့နှင့်သာ တွေ့ကြုံခဲ့ရတယ်။

ယခုဘဒ္ဒကပ်အခါ မဟာဂေါတမ လောကထွဋ်ထား သဗ္ဗညု မြတ်စွာဘုရား ထင်ရှား ပွင့်တော် မူသည့်တွင်၊ သာဝတ္ထိပြည်မှာ ချမ်းသာကြွယ်ဝတဲ့ သူဌေးမျိုးမှာပင် ဘန်ခိုးအရှိန်အစောင့်နှင့် ပြည့်စုံစွာ ထိမ်မာသည့်ကျေးတဲ့ အမျိုးသမီးကလေး ဖြစ်လာတယ်။ အမည်မှာတော့ "သောတာ" တဲ့။ အချိန်အရွယ်သို့ရောက်တဲ့အခါ လိမ်ကလဲ လိမ်မာ ရုပ်ဝါကြီးအင် သွင်ပြင် မှုယူကလဲ ပြေပြစ်ချောမောပြောင်း။ ကောင်းခြင်းငါးရပ် မိန်းမမြတ်ဂုဏ်အင်္ဂါ စုံလင်စွာ ပြည့်ဖြိုးသဖြင့် အမျိုးမျိုးသော သူဌေးသားတို့က လိုလားနှစ်သက် စုံမက်မြတ်နိုးစွာ ရယူကြောင်းနှင့် ခွင့်တောင်း လာကြတာပေါ့။ ဘယ်သိုပင် ခွင့်တောင်းကြသော်လဲ အကြောင်းမဆက်တော့။ ပေါင်းဘက် ခွင့်ကို မရနိုင်ကြဘူး။ ကုသိုလ်ချင်းရေစက်ဆုံမှ တွေ့ကြုံကြတာမျိုးကလား။

ထိုနောက် မိဘနှစ်ပါးတို့က သူဌေးသား တဦးနှင့် သဘောတူ သဖြင့် ကြည်ဖြူနှစ်သက်စွာ လက်ထပ်မင်္ဂလာကိစ္စကို ဆောင်ရွက် လိုက်ကြတယ်။ ။သည့်တော့ သောတာခင်တဲ့ သူဌေးသမီးကလေး မှာ အရှင်သခင် လင်ယောကျ်ားထံသို့ လိုက်ပါသွားရတယ်။မိန်းမ တို့ ဓမ္မတာအတိုင်း အရွယ်တူ ဂုဏ်တူ ဖြစ်တဲ့ လင်ယောကျ်ားကို ရပြန်တော့လဲ နှစ်နှစ်ချိုက်ချိုက်နှင့် ပျော်ပိုက်မွေ့လျော်နေတာပေါ့။ ကိုယ့်လင်နှင့်ပျော်ရတုံးမှာတော့ ပြုံးပြုံးနှင့်ပေါ့လေ။ဘုရားကျောင်း ကန်ကိုသွားပြီး ရတနာသုံးပါးဆိုတဲ့ အာရုံကိုတော့ ဘယ်မှာ သတိ ရနိုင်ပါတော့မလဲ။ ။လင်ယောကျ်ားဖြစ်တဲ့လူကလည်း ကျွမ်းကျင် လှပတဲ့ ရုပ်သွင်နှင့် ချစ်ခင်ဘွယ် ကောင်းတဲ့ သူဌေးသမီးကလေးကို ရတော့ ဟာဒယနွှင်ပြုံးပြီး၊ နှလုံးနှစ်သိမ့်စွာနှင့် စည်းစိမ် ချမ်းသာ တွေကို ခံစားနေတာပေါ့၊ သူမယားတို့၏အနားက တဘာဝါးလောက်မှ ခွါချင်တဲ့ စိတ်တွေမရှိတော့ဘူး။ လင်ယောကျ်ား အနားက မခွါ လေခလေ မယားဇနီးက အများကြီး နှစ်သက်လေလေပေါ့၊ မိန်းမတို့ ဓမ္မတာပေကိုး အပြစ်ဆိုဘို့ မရှိပေဘူး။

အဲ-ယခုပြဆိုခဲ့တဲ့အတိုင်း ချစ်ချစ်ခင်ခင်နှင့် နေထိုင် လာလိုက် ကြတာ သားကလေးဆယ်ယောက် ဘွားမြင်ခြင်းသို့ တိုင်ရောက်

ပါရော သည့်အခါကျတော့ အရွယ်ကလဲ တော်တော် ကြီးသွား တာပေါ့လေ။ ။သားဆယ်ယောက်ရတဲ့ အခါ တနေ့သ၌ အရှင် သခင် ခင်ပွန်းလင်ဖြစ်တဲ့ သူဌေးကြီးက ဘုရားရှင်ထံသို့ သွားပြီး တရားနာလေရာ ထူးဆန်းနက်နဲ၍ မှတ်စွဲဘွယ်ကောင်းတဲ့တရားများ ကြားနာရသည့်ထွင် သံဝေဂစိတ် တထိတ်ထိတ်နှင့် တရားနိမိတ် တွေ ထင်မြင်လာသဖြင့် လူ့တို့ဘောင်မှာ လူ့ဝတ်ကြောင်နှင့်မနေလို သောကြောင့် ရှင်တော်ဘုရားထံမှာရဟန်းပြုရန်ခွင့်တောင်းပါရော။

ရှင်တော်ဘုရားကလဲ ဧှးပါရမီစုံညီ ပြည့်ဝခဲ့တဲ့သူ ဖြစ်သော အတိုင်း ဆိုင်းတွခြင်းမရှိဘဲ ရဟန်းပြုရန် အမြန် ခွင့်ပေးတော် မူတယ်။ ။သူဌေးမင်းဟာလဲ ရဟန်းပြုရန် အခွင့်ရတော့ သား မယားကိုမျှပန်ကြားခြင်းမပြုဘဲ၊ ထိုနေ့ရက်အတွင်းမှာပင် ရဟန်း ပြုလုပ်သွားတယ်၊ ။ချစ်မယ်လို့ ချစ်တုံးကလဲ ပြီးပြီးနှင့် မခွဲနိုင် အောင် ချစ်ခဲ့တယ်။ ပစ်မယ်လို့ပစ်တော့လဲ သားမယားရယ်လို့ အမှတ်မရတော့ဘူး။ အလွန်ပြတ်တောင်းတဲ့ ပုဂ္ဂိုလ်ဘဲ၊ သည့်လို စိတ်ရှိတဲ့သူမှ လွယ်လွယ် ကူကူ နှင့် ကျွတ်တမ်း ဝင်နိုင်တာပေါ့။

## သူဌေးကတော် သောကာ၏ပူပန်ခြင်း

သားကလေးတို့ ဘခင်မှာ အကြောင်းအနာမရှိဘဲ ရဟန်းပြုသွား တယ်လို့ကြားတော့၊ သောကာရဲ့နှလုံးထဲမှာ ဗုန်းကြဲသလိုဖြစ်သွား တာပေါ့။ ဘယ်မှာစိတ်ချမ်းသာ နိုင်ပါတော့မလဲ။ ။မိန်းမဆိုတာ ချစ်ခင်တဲ့လင်ယောကျ်ားနှင့် အသားရအောင် ပေါင်းသင်း၍ နှစ် ကာလရှည်လျား လာလေလေ၊ အချစ်ခါတ်မျိုးက တိုးတက်လာ လေလေဘဲ၊ အသက်လေးဆယ်ကျော်အောင် ပေါင်းသင်းလာရတဲ့ အခါကျတော့ အချစ်အားမှာ အနှစ်အသားတွေ ပြည့်လေလေပေါ့။ သည့်အချက်မှာ ယောကျ်ားတို့စိတ်နှင့် အတော်ကလေး ကွာရှာ ကြတယ်။ လင်သယ်ကိုအချစ်အားနှင့် အနှစ်သားတွေ ပြည့်လွှမ်းလို့ မိန်းမများမှာ ယောကျ်ားဘဝသို့ မတက်နိုင်ဘဲ မိန်းမဘက်မှာသာ

ကျင်လည်၍ နေကြရတာပေါ့၊ မိန်းမများဟာ တယ်သနားစရာကောင်းသကိုးနော်။

လင်ယောက်ျား ရဟန်းပြုသွားတယ်လို့ ကြားတော့ ငြိုးတွားငိုကြွေးရှာတယ်၊ ။ဩြော်-ဟိုယခင် ၊ ပုံးကတော့ တသက်လုံး မပစ်ပါဘူးဆိုပြီး သည်လူကြီးရဲ့ သစ္စာဟာ မှန်သေးရဲ့လား၊ ယခုတော့ပစ်သွားပေါ့၊ ရုပ်သဏ္ဍာန် ယိုယွင်း၍ အိုမင်းတဲ့ အတွက် မုန်းရှာလေခတော့သလား။ သည်က မျက်နှာ မသောက်လျှင် ရှိပါစေတော့။ ကိုယ်ကမွေးတဲ့ သားကလေး ဆယ်ယောက်တို့၏ မျက်နှာကို ထောက်ညှာ သင့်ပါသေးတယ်၊ ကလေးတွေ မထောက်ထား မယားကိုမ ညှာတာ လွန်စွာပြတ်တောက်တဲ့ လူကြီးဘဲ။ အစတုံးကတော့ ချစ်တို့ယူတယ်လို့ပြောတယ်၊ ယခုတော့ ပစ်တို့ယူသလိုကျနေ ဘာပေါ့၊ သူနှစ်လိုနှစ်ရတော့တယ်၊ သူချန်ထားတဲ့ ပစ္စည်းဥစ္စာကတော့ များပါရဲ့၊ လင်ယောက်ျားမရှိဘဲ တကိုယ်ထဲနေရတဲ့ အခါ သည်ပစ္စည်းဥစ္စာတွေကို ဘယ်လိုအသုံးပြုရမှာလဲ၊ သည်သားကလေး ဆယ်ယောက်ကိုလဲ လူလားမြောက်အောင်မွေးတို့ ကိစ္စတွေက ရှိသေးတယ်။ အိမ်ထောင်ခမ်းနား ပစ္စည်းချားနှင့် သားဆယ်ယောက်တို့၏ တာဝန်ကို သည်ခေါင်းပေါ်မှာ ပုံထားခဲ့ပြီး သူတော့ ကျွတ်ကျွတ်လွတ်လွတ် ထွက်သွားတယ်၊ တော်ပါပေရဲ့ တယ်နပ်တဲ့ လူထိမ်မာ ကြီးဘဲ။ ။အဲ-သို့ကသို့ မကြာ မကြာ ငြိုးတွားရှာသတဲ့။

မိန်းမခများမှာ လင်ဘိပ်ဆိုတာ ငယ်ထိပ်သို့ မကောင်း တက်လေ့ရှိတာကလား၊ မြွေဆိပ် တက်သလောက် ကဘူး၊ သူ့မြေးကတော်သောကာမှာလဲ ပုထုဇန်ဘဝကို မလွန်သေးနိုင် သေးတော့ လင်ဆိပ်တက်တာကိုလဲ မပယ်နိုင်သေးဘူးပေါ့၊ မသေရုံကလေးမျှ အနိုင်နိုင် ကျန်ရှာတော့တယ်၊ မဟာနိုင် ရှာတော့ဘူး၊ ရုပ်သွင်သဏ္ဍာန် များဟာလဲ ပြုတ်ကျ၊ ဖြော့ကျော့တော့နှင့် အားလျော့ကုန်ရှာတယ်။ ။ထို့နောက် ခဖြစ်နိုင်ပြီ အတွေတွေ့ ဗူးကိုလက် လျော့ပြီး ဘယ်လို အားတင်းရှာသလဲ ဆိုတော့ သည့်လိုကွဲ၊ ။

ကဲလေ ရှိပါစေတော့၊ သူမချစ်လို့ ပစ်သွားတာဘဲ ပူနေလို့ ဘာ အကျိုးရှိတော့မလဲ၊သားကလေး ဆယ်ယောက်ကို လူလားမြောက် အောင်မွေး၍ အေးအေးသာသာ နေပါတော့မယ်၊ ။ဆဲ-သို့ကာလို စိတ်တင်းပြီး ပဥ္စည်းဥစ္စာ များကို ထိန်းသိမ်းလျက် သားကလေး ဆယ်ယောက်ကို ကောင်းမွန်စွာ စောင့်ရှောက်၍ လူလားမြောက် သည့်တိုင်အောင် မောက်မောက် မားမား ဇွဲခြေ မပျက်အောင် နေသွားရှာတယ်။ ။သားကလေးဆယ်ယောက်သူလားမြောက်တဲ့ အခါ အသက်အရွယ်ကလဲ ခြောက်ဆယ်လောက် ရှိသွားတာပေါ့။ ထိုအခါ အရွယ်ဆုံးမတဲ့အတိုင်း သံဝေဂစိတ်တွေလဲ ဖြစ်ပေါ်လာ တာပေါ့။ ။ဟိုယခင်အခါက ရတနာသုံးပါးကိုသတိမရသော်လဲ စိတ်နေစိတ်ထား ကြီးမားရင့်ခိုင် လာတော့ တစတစ ငြိးငွေ့ပြီး ရတနာသုံးပါး ဂုဏ်ကို ခိုလှုံဆည်းကပ်ခြင်တဲ့ စိတ်ဓါတ် မျိုးတွေ ဖြစ်ပေါ်လာတယ်၊ "အရွယ်ကြီးလို့ ပုတီးနှင့်မွေ့ လျော်" ဆိုတဲ့ စကားအတိုင်း အရွယ်ဆုံးမလို့ သံဝေဂရတယ် ဆိုတာ လူတို့၏ ဓမ္မတာ ပေပေါ့။

ထိုအခါ ဘယ်လို ကြံစည်မိသလဲ ဆိုတော့ "ငါ့သားကလေး ဆယ်ယောက်ဟာလဲ လူလားမြောက်လာကြပြီ၊ သူတို့ အစွမ်းသတ္တိ နှင့်လုပ်နိုင်,ကိုင်နိုင်ရှာဖွေနိုင်တဲ့ အခြေသို့ရောက်ကြပြီ။ပဥ္စည်းဥစ္စာ တွေကို ခွဲဝေပေးကမ်းလျက် ချမ်းချမ်းသာသာ ရတနာသုံးပါး ဂုဏ်ကို ခိုလှုံဆည်းကပ်လို့နေတော့မယ်" ဆဲ-သို့ကာလို အကြံပေါ် ပေါက်လို့ လာသဖြင့် ပဥ္စည်းဥစ္စာ ရှိသမျှတွေကို ဆယ်ပုံ-ပုံပြီး သားဆယ်ယောက် တို့အား လုံလုံ လောက်လောက် ခွဲဝေလို့ပေး လိုက်တယ်။

အမွေခွဲပြီးတဲ့အခါ မိမိရင်သွေး သားကလေးတို့အား ဘယ်လို ပြောကြားသလဲလို့ ဆိုတော့ "သားမောင်ရွှေသွေး လူကလေးတို့၊ အမောင်တို့အား အမွေခွဲဝေလို့ပေးပြီး ပါပြီ၊ မိခင်လက်မှာတော့ ပဥ္စည်းဥစ္စာဆို၍ တစုံတရာ မကျန်ရစ် တော့ဘူး၊ အမောင်တို့ ကျွေးမွေးမှ စားသောက်ရမဲ့ မိခင်ဖြစ်နေပေါ့၊ ကြည့်ကြည့်ဖြူဖြူ

ကျေးမွေးတော်မူကြပါ။ အမောင်တို့ဘခင်ဟာလဲ မောင်တို့ငယ်စဉ်ကထွက်သွားလို့ လူလား မြောက်အောင် မိခင်က စောင့်ရှောက်လာခဲ့ရပါတယ်။ မောင်တို့မှာပါး အားကိုးစရာ မရှိတော့ဘူး။ မောင်တို့ဘခင်သို ရဟန်းဘောင်သို့ဝင်၍ ရဟန်းမပြုနိုင် သော်လဲ မိခင်မှာတော့ အသက် အရွယ်ကြီးရင့်နေတဲ့ အတိုင်း အမောင်တို့ကိုအမှီပြု၍ ရတနာသုံးပါး တရားအာရုံ ကိုယ်လုံးထုံပြီး သူတော်ကောင်းဂုဏ်နှင့် ပြည့်စုံအောင် နေစမ်းပရစေတော့'' အဲ-သို့ကလို ပြောဆိုတောင်းပန်ရှာတယ်။

ထိုအခါ သားဆယ်ယောက်တို့က ဝမ်းမြောက်တဲ့ အမူအရာနှင့် ''စိုးရိမ်တော် မမူပါနှင့်မိခင်၊ ကြည်လင်ရွှင်ပြုံးကာ တရားနှလုံး အမြဲသုံး၍နေတော်မူပါ။ မိခင်ကိုသပ်ကျွေးရတယ်ဆိုတာ သားသမီးတို့မှာ လွန်စွာမြင့်မြတ်လှပါတယ်။ မိဘတို့ကျေးဇူးဂုဏ် ဆိုတာသဲ သားသမီးတို့ဆပ်လို့မကုန်နိုင်ပါ။ ကျွန်တော်တို့လက်မှာရှိတဲ့ ပစ္စည်းတွေဟာလဲ မိခင်ပေးတဲ့ ပစ္စည်းတွေဘဲ မဟုတ်လား။ ကျွန်တော်တို့ သားဆယ်ယောက်က အလှဲ့ကျစီ ကျွေးမွေးပြုစုပါမယ်။ အသိရှိတဲ့ အတိုင်း မိန့်ကြားတော်မူပါ။ ဝတ်ဘရား မပျက်စေရပါဘူး'' အဲ-သို့ကလို ရိုသေလေးမြတ်စွာ ပြောကြားဝန်ခံကြတယ်။

သားဆယ်ယောက်တို့က ဝမ်းမြောက် ဝမ်းသာ ရိုသေစွာဝန်ခံကြတဲ့စကားကို ကြားတော့ မိခင်ကြီးရဲ့ စိတ်ထဲမှာ ဖြူးကာနဲ့အေးသွားပြီး 'မောင်မင်းကြီးသားတွေ လိမ္မာကြပါပေရဲ့၊ မိခင်မှာ မွေးကျေးဇူး နပ်ပါပေရဲ့၊ သည်လို သားလိမ္မာကလေးတို့ကို မွေးရတာ ကျေးဇူးရှိပါပေရဲ့၊ လက်ကသုံး တောင်ဓွေး ဆယ်ချောင်းကဲ့သို့ ကောင်းစွာ ထောက်ပင့်ဖေါ်ရကြပါပေတယ်၊ မောင်တို့ဝန်ခံကြတဲ့ စကားကို မောင်တို့ဘခင် ကျေးဇူးရှင်ကြီးကြားသျှင် မျှားစွာ ဝမ်းမြောက်တော်မူပေလိမ့်မယ်။ ကြေညာ-ကြားစေချင် စမ်းပါသိတယ်။ သူ့သား ကလေးတွေ လိမ္မာကြပုံတွေကို။ သာဓု - သာဓု- သာဓု၊ မောင်မင်းကြီးသားကလေးတွေ ချမ်းသာကြပါစေ၊ ကျန်းမာကြပါစေ ပစ္စည်းဥစ္စာ ရတနာဂုဏ်သိမ် စည်းစိမ်အမျိုးမျိုး တက်တိုးကြ

ပါစေ" အဲ-သို့ကလို ဝမ်းသာအားရနှင့် ဆုတောင်း ပတ္ထနာမှုကို ပြုရှာတယ်။

ထို့နောက် သားဆယ်ယောက် တို့က ရှိသမျှ ပစ္စည်း တွေကို အသီးသီးဝေ၍ ယူပြီးလျှင် မိခင်ကြီးကို တလစ်၊ တလစ်၊ အလှဲ့ကျ လုပ်ကျွေးပြုရရန် ဝေဘန်၍ တာဝန် ယူကြတယ်။ သားအကြီးဆုံး အိမ်ကစပြီး ပြုစုကျွေးမွေး တာပေါ့လေ။ ။လေး၊ ငါး၊ ခုနစ်ရက် လောက်တော့ ကြည်ကြည် ဖြူဖြူ ရှိပါသေးရဲ့၊ ဆယ်ရက်လောက် ကြာတော့ ချွေးမက နှုတ်ခမ်းစူလာပါရော။

"မိဘပစ္စည်းကိုတော့ သုံးလား စွဲလား။ သားသမီးတို့ ပစ္စည်းကို တော့ မှုံးတင်း ပဲတင်း" ဆိုတဲ့ စကားအတိုင်း သားသမီးဆိုတဲ့လူများ ဟာ မိဘက အမွေပေးလို့ သူတို့ကိုယ်ပိုင် ကလေး ဖြစ်လာတော့ ကုတ်ကုတ်ကျစ်ကျစ် ဆစ်ဆစ်ဖဲ့ဖဲ့နှင့် မိဘတို့အပေါ်မှာ ကြေး တွက်ပြီး မကျွေးရက်၊ မမွေးရက်အောင် နှမြောဝန်တိုခြင်းတွေဖြစ် လာတတ်ကြတယ်။ သားလုပ်တဲ့သူက မိဘကို ကြည်ဖြူ သော်လဲ ချွေးမလုပ်တဲ့သူက ငြူစူဆောင့်အောင့်ကာ မျက်စောင်း ထိုးလာ တာပေါ့။ ။သမီးလုပ်တဲ့သူက မိဘကို ကြည်ဖြူသော်လဲ သမက် ကောင်က မျက်မှောင်ကုတ်ပြီး တယ်ရှုပ်တဲ့ အဘိုးကြီးတွေငါ့အိမ် မှာနေတာကို မကြည့်ချင်ဘူး။အဲသည်လိုစောင်းမြောင်းခပ်ထန်ထန် ကြိမ်းမောင်းပြီး မျက်စောင်း တထိုးထိုးနှင့် ညှိုးသူရန်ဘက် လုပ်နေ ကြပြန်ပါရော။ အသက်အရွယ်ကြီးတဲ့ မိဘများမှာ သနားစရာ အားကိုးရာမဲ့ဖြစ်ကုန်တာပေါ့လေ။

"မိဘနှောင့်ရှက်၊ သားသမက်၊ ချွေးမငြူစူ၊ မိဘပူ" ဆိုတဲ့စကား အတိုင်း လောကမှာ ချွေးမနှင့် သမက်ဆိုတာ သက်ကြီး ရွယ်ရင့် ဖြစ်တဲ့ အဘိုးကြီးအမယ်ကြီးတွေ ချမ်းသာမပေး အရေးမထုပ်ဘဲ မျက်မှောင် ကုတ်ကုတ်နှင့် ဆန့်ကျင်ဘက် လုပ်တတ်တယ် ဆိုတဲ့ စကားဟာလဲ အတော်မှန်တာဘဲ။ ။ ငယ်ရွယ်တဲ့ သားသမီး တွေက အိုမင်းတဲ့ မိဘများကို ရွံစရာကြီးထင်ပြီး အဘက် မလုပ်ချင်တဲ့

သဘောမျိုးတွေလဲ ရှိသေးတယ်။ အသိုးကြီး အမယ်ကြီးတွေမှာဖြင့် လွန်စွာကြွပ်တဲ့ရှာကြတာပေါ့လေ။

အဲ-ယခုပြခဲ့ပြီးတဲ့ လောကဓမ္မတာ အတိုင်း သောတာဆိုတဲ့ သူဌေးကတော်ကြီးမှာလဲ ပစ္စည်းအလုံးစုံကို အကုန် ဝေသန်လို့ပေး မိတဲ့အတွက် အခက်ကြီး ကြုံနေ ရှာတာပေါ့။ ။သားအကြီးဆုံး အိမ်မှာ စိတ်မချမ်းသာတဲ့ အတွက် သားလတ်အိမ်သို့ ပြောင်းရွှေ့ နေထိုင် ပြန်ပါတော့လဲ "သည်မုဆိုးထဲက သည်ငါး" ဆိုတဲ့ အတိုင်း အစ ပထမ သုံးလေးရက် မျှလောက် ကြည်ကြည်သာသာ ပြုစုပါ သော်လဲ ဆယ်ရက်, ကိုးရက်လောက်ရှိတော့ ယခင်နည်းအတိုင်းပင် ချွေးမက နှုတ်ခမ်းစူ၍ စိတ်နှလုံးပူပန်ခြင်းနှင့်တွေ့ရရှာပြန်တယ်။ ။ သည်နည်း အတိုင်း သားဆယ်ယောက် စေ့အောင် ပြောင်းရွှေ့ နေထိုင်စမ်းပါသော်လဲ အစဉ်ကောင်းတဲ့ အိမ်ကို မတွေ့ရရှာဘူး။ "ကြီးသာ အစဉ်ချိုတယ် လူအစဉ် မချိုဘူး" ဆိုတဲ့ စကားဟာ လွန်စွာ မှန်တာကလား။

ဘာကြောင့် သို့ကလောက် ဆင်းရဲပင်ပန်း စိတ်မချမ်းသာခြင်း နှင့်တွေ့ကြုံရသလဲလို့ဆိုတော့ ကိုယ်ပိုင်ဥစ္စာမရှိလို့ပေါ့။ ကိုယ့်လက် ထဲမှာ မြော်မြင်စရာပစ္စည်းမရှိတော့ သားသမီးများကလဲ လေးလေး စားစားမရှိကြတော့ဘူး။ သည်လိုဖြစ်ရခြင်းဟာ လောကဓမ္မတာမို့ အဆန်းကြီးရယ်လို့ မထင်ထိုက်ပါဘူး။ ။သည်ပုံ အချက်များကို ထောက်ထားပြီး သားသမီးတို့အပေါ်တွင် ဘယ်မျှလောက်ပင်ချစ်ခင် ကြင်နာခြင်းရှိကြသော်လဲ မိဘများက ရှိရှိသမျှ ပစ္စည်း အလုံးစုံကို အကုန်အစင်နှင်းပြီး လက်ဘွင်းမှာ တပြားတချပ်မျှ ချန်၍မထားဘဲ ပေးကမ်းလွှဲပုံခြင်းကို ပြုလို့မတော်ဘူးပေါ့။ မိဘတို့ ကွယ်လွန်တဲ့ နောက်မှာတော့ ထိုက်တဲ့အလျောက် အမွေကို ခံစားရစ်ကြလိမ့် မယ်။

"အရှိန်သာရှိတယ် အဆန်မရှိဘူး" ဆိုတဲ့ စကား အတိုင်း မိဘတို့ပစ္စည်း ဥစ္စာ များသာလျှင် သားသမီးတို့ အပေါ် သို့ ရှိန်လှ ရှိတယ်။ သားသမီးတို့ ပစ္စည်းကတော့ မိဘများဘက်သို့ ဆန်တက်

လှေမရှိဘူးဆိုတဲ့အချက်ကိုလဲ နက်နဲစွာစဉ်းစားထိုက်ကြပေသပေါ့။ သမုဒ္ဒရာကြီးထဲမှာ အလွန်များပြားတဲ့ ရေတွေကို မြင်ရသော်လဲ သောက်ဘို့ကောင်းတဲ့ ရေချိုကိုမရနိုင်သလို သားသမီးတွေ ဘယ်ကလောက်ပင် များသော်လဲ ဝတ်တရားသိသိနှင့် ထိန်းသိမ်းလုပ်ကျွေးပြုစုတဲ့ သားသမီးဆိုတာ လွန်စွာရနိုင်ခဲတယ်။

အဲ-ပြဆိုခဲ့ပြီးတဲ့အတိုင်း သောဏာဆိုတဲ့ သူဌေးကတော်ကြီးသည် သားသမီးယောက်တို့ အိမ်မှာ ကိုးစားစရာ မဖြစ်ပြီး စိတ်ညစ်ဘွယ်ကြီးကြုံနေရာ ဘယ်ပုံ စိတ်ပြောင်းလာသလဲ ဆိုတော့ သည့်လိုတဲ့။ ။ယခုအခါ ငါ့မှာဖြင့် ကိုးကွယ်ရာမရှိတော့ဘူး။ သားသမီးတို့ လက်အောက်မှာ စားလုံး စားပေါက်ကို မသင့်ါရေ့ သန္တါရေနှင့် စားနေရမှာလဲအခက်ဘဲ။ မကြည်သာတဲ့ပစ္စည်းမျိုးကို မျက်စောင်း ထိုးခံပြီး စားနေရခြင်းထက် သေလို့သွားရတာက မြတ်ပါသေး တယ်။ ။အဲ-သို့ကလိုစိတ်ပြောင်းလဲပြီး လူ့ပြည်မှာပင်မနေချင်တဲ့ သဘောမျိုးတွေ ပေါ်ပေါက်လာသတဲ့။

ထို့နောက်တဘန် အကြံဘယ်လို ဖြစ်ပေါ်လာပြန်သလဲ ဆိုတော့ "အားကိုးရာမဲ့တဲ့အတွက် အသက်ကိုခွေပြီး သေရခြင်း ဆိုတာလဲ မမြတ်သေးပါဘူး။ ယခုအခါ သာသနာဆိုတဲ့ မှီခိုရာကြီး ငါလဲရှိနေ တယ်။ အဲသည် သာသနာအရိပ်ကို ခိုလှုံပြီး တရားဖြင့် စိတ်ကိုထုံ၍ အာရုံကောင်းကောင်းနှင့် နေရတာက မြတ်ပါလိမ့်မယ်။ သားက လေးတို့အဘေဟာလဲ သာသနာဘောင်သို့ တိမ်းရှောင် ခိုလှုံလို့ သွားဘယ်။ ငါလဲဘဲ သူသွားတဲ့လမ်းသို့တန်းတန်းမတ်မတ်လိုက်ပြီး သာသနာတော်အတွင်းမှာ သန့်သန့်ရှင်းရှင်း ရဟန်းပြုလုပ် နေရ တော့မှာဘဲ" အဲ-သို့ကလို အကြံဖြစ်ပြီး မည်သူ့ကိုမျှ တိုင်ကြားခြင်း မပြုဘဲ အလျှင်အမြန် ရဟန်းပြုရန် ဘိက္ခုနီမကျောင်းသို့ထွက်သွား ပါရော။ ။ဘိက္ခုနီမများကလဲ အမယ်အိုကြီးကို သနားသဖြင့် လျှင်မြန်စွာပင် ရဟန်းပြုလုပ်ပေးကြပါတယ်။ ထိုအခါ သောဏာ ထေရီဘိက္ခုနီအဖြစ်သို့ ရောက်သွားတာပေါ့။

အဲ-ယခုပြဆိုခဲ့ပြီးတဲ့ အကြောင်းအရာများကို ထင်ရှားစွာသိကြလေအောင် ထေရီအပဒါန် ပါဠိတော်ကြီးမှာ အောက်ပါအတိုင်း ဟောကြားတော်မူခဲ့ပေသတည်း။

(၈) ပန္တိမေစဘာဝေဒါနိ ဇာတာသေဋ္ဌိကုလေအဟံ။
သဝတ္ထိယံပုရေရမ္မေ၊ ဣဒ္ဓေဖိတေမဟာဓနေ။

(၈) ပန္တိမေ၊ နောက်ဆုံးဖြစ်သော။ ဣဒါနိဘဝေ၊ ဤယခုဘဝ၌မူကား။ အဟံ၊ အကျွန်ုပ်သည်။ ရမ္မေ၊ နှလုံးမွေ့လျော်ပျော်ဘွယ်ရာဖြစ်သော။ သာဝတ္ထိယံ၊ သာဝတ္ထိ အမည်ရှိသော။ ပုရေ၊ မြို့တော်ကြီး၌၊ ဣဒ္ဓေ ကြွယ်ဝသော၊ ဖိတော၊ စည်းစိမ် အမျိုးမျိုးတို့ဖြင့်၊ ပြည့်ဖြိုးကုံလုံသော၊ သေဋ္ဌိကုလေ၊ သူဌေးမျိုး၌၊ ဇာတာ၊ ဖြစ်ပွါးခဲ့ရပါသတည်း။

(၉) ယဒါစယောဗ္ဗနုပတ္တာ၊ ဂန္တွာပတိကုလံအဟံ။
ဒသပုတ္တာနိအဇနိံ၊ သုရူပါနိဝိသေသတော။

(၉) ယဒါစ၊ အကြင်အခါ၌မူကား။ အဟံ၊ အကျွန်ုပ်သည်၊ ယောဗ္ဗနုပ္ပတ္တာ၊ ပျိုသောအချိန်သို့ ရောက်လတ်သည့်ရှိသော်။ ပတိကုလံ၊ လင်၏အိမ်သို့။ ဂန္တွာ၊ မိန်းမတို့ဝတ်တရေးဖြင့်၊ လိုက်သွားရသည်ဖြစ်၍၊ ဒသပုတ္တာနိ၊ ဆွေတုံးဆွေဘဲ၊ ပလဲမြဲဥသြကာ်၊သားဆယ်ယောက်တို့ကို၊ အဇနိံ၊ မွေးဘွားခဲ့ရပါသတည်း။ ဝိသေသတော၊ သူတပါးတို့ထက် ထူးချွန်သောအားဖြင့်၊ တာနိ၊ ထိုသားဆယ်ယောက်တို့သည်၊ သုရူပါနိ၊ ရုချင်စဘွယ်၊ တင့်တယ်ရူပ၊ အဆင်းလှကြပေကုန်သတည်း။

မှတ်ချက်။ ။ဤပါဠိတော်၌ပုဏ္ဏာနိဟု နပုလ္လိင်နှင့်ဟောတော်မူခြင်းမှာ အပေါင်းကိုငဲ့သောအားဖြင့် ဟောကြားသည်ဟု မှတ်ယူလိုက်ပေသည်။

(၁၀) သုခေဓိတာစတေသဗ္ဗေ၊ ဇနနေတ္တမနောဟရာ။
အမိတ္တာနံပိရုစိတာ၊ မမပဂေဝတေဒိယာ။

(၁၀) တေသဗ္ဗေ၊ ထိုအလုံးစုံသော သားဆယ်ယောက်တို့သည်ကား၊ သုခေဓိတာ၊ ပန်းပွင့်ကလေးကဲ့သို့၊ အေးအေးသာသာ၊

ကြီးပွါး၍ လာကြကုန်၏။ ဇနနေတ္တမနောဟာရာ' မြင်သူအပေါင်းတို့၏ မျက်လုံးကို ငွင်ပြုံးနှစ်သိမ့်၊ ပိတိစိမ့်စေနိုင်သော အဆင်းဂုဏ်နှင့်လည်း၊ ပြည့်စုံကြလေကုန်၏။ ဇမ္ဗိတ္တ ာနံပိ၊ ရန်သူဖြစ်သောသူတို့က ပင်သော်လည်း၊ ရှုစိတ်ဟာ မြင်လျှင်နှစ်သက်၊ စုံမက်မြတ်နိုးဘွယ် ဖြစ်ကြပေကုန်၏။ မမ၊ အကျွန်ုပ် ကိုယ်တိုင်မှုကား၊ တော၊ထိုရွှေတုံးရွှေခဲ၊ ပုလဲ မြဲသွေးကဲ၊ သားဆယ်ယောက်တို့ကို၊ ပဂေဝမိယာ၊ အဘယ်မှာ မချစ်ဘဲ နိုပါကုန်အံ့နည်း။

(၃၃) တတောမယှံ အကာမာယ၊ ဒသပုတ္တာ ပုရက္ခတော။
ပဗ္ဗဇိတ္တသမေဘတ္တာ၊ ဒေဝဒေဝသ သာသနေ။

(၃၃) တတော၊ ထိုသားဆယ်ယောက်၊ မွေးဘွား ပြီးသောနောက်၌။ ဒသပုတ္တရက္ခတော၊ သားဆယ်ယောက်ဝန်းရံလျက် အပုံကြီးအားတက်ဘွယ်ကောင်းသော၊ မေ၊ အကျွန်ုပ်တို့၏၊ သဘတ္တာ၊ ထိုလင်ယောကျ်ားသည်။ ဒေဝဒေဝဿ၊ နတ်ထက် နတ်မြတ်, ဖြစ်တော်မူသော ရှင်တော်မြတ်ဘုရား၏၊ သာသနေ၊ အေးမြရိပ်ကျယ်၊ တင့်တယ်လှစွာ၊ သာသနာ၌။ မယှံ၊ အကျွန်ုပ်သည်။ အကာမာယ၊ အလိုမတူပါဘဲ။ ပဗ္ဗဇိတ္တ၊ သားနှင့်မယား၊ စွန့်သွား ရှောင်ထွက်၊ မငဲ့ကွက်ဘဲ၊ ရက်ရက်စက်စက်၊ ရဟန်းပြုတော်မူလေသတည်း။

(၃၄) တဒေကိကာဝိစိန္တေသိံ၊ ဇီဝိတေ နာလမတ္တုမေ။
ဇိနႉယ ပတိပုတ္တေဟိ၊ ဝုဍ္ဎာယစ ဝရာကိယာ။

(၃၄) တဒါ၊ ထိုလင်က လည်းပစ်သွား၊ သားတို့က လည်း မခန့်မညားပြုသောအခါ၌၊ အဟံ၊ အကျွန်ုပ်သည်၊ ဧကိကာ၊ တယောက်ထည်းထည်း၊ ဝိစိန္တေသိံ၊ မှိုင်တွေးကြံစည် မိပါသတည်း။ ပတိပုတ္တေဟိ၊ လင်သားတို့မှ၊ ဇိနာယ၊ ဆုံးရှုံး၍ ကျန်ရစ်ခဲ့သော၊ ဝုဍ္ဎာယစ၊ ရုပ်သွင်ယိုရွှင်း၍၊ အိုမင်းအားလျော့၍ နေသည်လည်း ဖြစ်သော၊ ဝရာကိယာစ၊ အားကိုးရာမမြင်၊ ပူပင်ဆင်းရဲ၍လည်းနေသော၊ မေ၊ ငါ့အား။ ဇီဝိတေန၊ ဤလူ့ပြည်တွင်၊ အသက်ရှင်၍ နေသဖြင့်။ နာလံအတ္ထု၊ အကျိုးရှိနိုင်တော့မည် မဟုတ်ချေ။ ဣတိ၊ ဤသို့။ ဝိစိန္တေသိံ၊ မှိုင်တွေကြံစည်မိပါသတည်း။

(၃) အပေဟံပိ တတ္ထ ဂန္တ္ဝာ သံ၊ သမ္မုဋ္ဌော ယတ္ထုမေပတိ။
ဝေါဟံစိန္တယိတွာန၊ ပဗ္ဗဇိံ အနဂါရိယံ။

(၃) ယတ္ထ၊ အကြင်သာသနာတော်အတွင်းသို့။ မေ၊ အကျွန်ုပ်၏။ ပတိ၊ သခင်သခင်-ခင်ပွန်းလင်သည်။ သမ္ပဋ္ဌော၊ ရဟန်းပြုသောအားဖြင့်၊ ဆိုက်ရောက်၍သွားတော်မူလေပြီ။ အပေဟံပိ၊ ငါသည်လည်း။ တတ္ထ၊ ထိုသာသနာတော်မြတ်အတွင်းသို့။ ဂန္တွာ သံ၊ ရဟန်းပြုသောအားဖြင့်၊ ဆိုက်ရောက်သွားတော့အံ့။ ဝေံ၊ ဤဆိုအပ်ပြီးခဲ့ ပြီးသောအတိုင်း။ အဟံ၊ အကျွန်ုပ်သည်။ စိန္တယိတွာန၊ ကြံဆင်ခြင်ပြီးသည်ရှိသော်။ အနဂါရိယံ၊ အိမ်ရာမထောင်သော ရဟန်းဘောင်၌။ ပဗ္ဗဇိံ၊ ရဟန်းပြုခဲ့ပါသတည်း။

ဆဲ-ယခုပြခဲ့ပြီးတဲ့ အတိုင်း သောကာ သူဌေးဂ.တော်ကြီးသည်။ အိုမင်း ရင့်ရော်သောအခါမှ ရဟန်းဘောင်သို့ ဝင်လေရာ ဘိက္ခုနီမအပေါင်းတို့ကလဲ တောထွက်အမယ်ကြီးလို့ ပေါ့ပေါ့စားစား အလေးမပြု ဂရုမစိုက်ဘဲ ထားကြတယ်။ ။လူတို့ဘောင်မှာ ရဟန်းလူထွက်များကို အဘက်မလုပ်ခြင်ကြတာလို သာသနာဘောင်မှာလဲ သက်ကြီးရွယ်ရင့်ဖြစ်တဲ့ တောထွက်များကို ငယ်ဖြူရဟန်းတို့က လေးလေးစားစားနှင့် ဂရုစိုက်လေ့မရှိကြဘူး။

သောကာထေရီ ဘိက္ခုနီမကြီးကို အခြားသော ဘိက္ခုနီမ များက အဘက်မလုပ်ကြဘဲအပြင် ပြုဘွယ် ကိစ္စ အမျိုးမျိုးတွေ ကိုလဲ ဗိုင်းဗိုင်းပြီး ခိုင်းကြ သေးတယ်။ ။စာပေပရိယတ် သင်ကြား၍ သနားသဖြင့် တရားပြသမဲ့ ပုဂ္ဂိုလ်များကိုလဲ မရနိုင်ရှာဘူး။ ။အခြား ဘိက္ခုနီမများနှင့်အတူ တရားနာပြန်ပါတော့လဲ အဘက်မလုပ်ကြတဲ့အတွက် ပရိသတ် အစွန်အဖျားက မကြားဘကြားသနားစရာ ခပ်ကုတ်ကုတ် ကြားနာ နေရှာတယ်။ ။အရွယ်ကြီးလို့ နာ ကလဲ ထိုင်းပြန်တော့ ပရိသတ် အစွန် အဖျားက တရားကို ကောင်းကောင်း မကြားရသဖြင့်၊ နီးနီးနားနား ကြားနာ ရအောင် ပရိသတ်အတွင်းသို့ တကုတ်ကုတ်နှင့် တိုးဝင် လာပြန်ပါတော့လဲ

ပုထုဇန် ဘိက္ခုနီမများကကြိမ်းလား,မောင်းလားနှင့်''သည့်အခယ်ကြီးဟာ တယ်လူရာဝင်သကိုး'' ဆဲသည့်လိုဆိုပြီးမျက်စောင်းထိုးကြသဖြင့်၊ နောက်သို့ အသာဆုတ်ပြီး ကုတ်ကုတ်ကလေး နေရပြန်ရှာတယ်။ ။ခိုင်းသိုက်ကြတာလဲလွန်ပါရော၊ အချို့က ရေခပ်ခိုင်း၊ အချို့ကထမင်းခွေခိုင်း၊ အချို့ကရေချိုးရအောင် ရေနွေးအိုး အတယ်ခိုင်း၊ အချို့ကကျောင်းအတွင်းမှာရှိတဲ့ သစ်ပင်တွေကိုရေအလောင်းခိုင်း၊ အချို့ ဘိက္ခုနီမကလေးတွေကလဲ အကြောကြီး ကြောပြီး၊ သဘောကောင်းတဲ့ အမယ်ကြီးကို အနင်းခိုင်း, အနှိပ်ခိုင်း, သူတို့ဝတ်တဲ့အဝတ်ကို အဖွတ်ခိုင်း၊ အလျှော်ခိုင်း၊ ခိုင်းခြင်တိုင်း ခိုင်းနေကြတာပေါ့။ ။တောထွက် အမယ်အိုကြီးမှာ အသက်ပင်ကြီးသော်လဲ၊ သာသနာတော်ဘောင်မှာ၊ ဝါငယ်၍နေတဲ့အတွက်၊ ရှိရှိသမျှသော ဘိက္ခုနီမကလေးတွေကို ဦးညွတ်ကြိုးပြီး၊ ရှိခိုးရှာရပြန်တယ်၊ စကားပြောဆိုတဲ့အခါများမှာလဲ၊ ‘ ဘုရားပါဘုရား'' ဆိုတဲ့စကားကို အမြဲအသုံးပြုပြီး၊ ဘိက္ခုနီမ အပေါင်းကို၊ ကောင်းမွန်ရိုသေစွာ ပြောဆိုရရှာတယ်။ ။အရိုအသေခံချင်တဲ့ ဘိက္ခုနီမကလေးများက၊ အားလပ်ခွင့်ရတဲ့အခါ သူတို့ အနားသို့ခေါ်ပြီး၊ ရှိခိုးခိုင်းသူက ခိုင်း၊ ဘုရားထူးခိုင်းသူက ခိုင်း၊ ကိုယ်တော်မကလေးတွေရယ်လို့၊ အခေါ်ခိုင်းသူကခိုင်း၊ ဘယ်လိုပင် ခိုင်းကြသော်လဲ၊ ဘိက္ခုနီမအိုကြီးမှာ၊ စိတ်နေစိတ်ထား များစွာ သဘောကောင်းသဖြင့် ဘယ်အမှုကိုမျှ ငြင်းဆန်ခြင်းမပြုဘဲ၊ ခိုင်းစေသမျှအမှုအမျိုးမျိုးကို ကြိုးကြိုးစားစား ပြုထုပ်ရှာတယ်။ ။သောဏာဆိုတဲ့ ဘိက္ခုနီမအိုကြီးမှာ နိဗ္ဗာန်သို့ဝင်ခါနီးမှ အများကြီးဆင်းရဲနေရှာတာပေါ့။

တခနေ့သောအခါ၊ ဘိက္ခုနီမအပေါင်းတို့က တောထွက်အမယ်ကြီးကိုခေါ်ပြီး၊ ရေနွေးအိုးကျိုထားလိုက်၊ ငါတို့ပြန်လာတဲ့အခါ၊ ကောင်းမွန်စွာရေချိုးမယ်'' အဲ-သို့ကလိုအမိန့်ပေးပြီး၊ ပင့်ဘိတ်ရာ ဌာနသို့ တကျောင်းလုံး ကြွတော်မူကြတယ်။ ။သောဏာထေရီ ဘိက္ခုနီအမယ်ကြီးသည်၊ ကျောင်းမှာတယောက်ထဲ ချန်နေရစ်ပြီးလျှင်၊ ရေနွေးကျိုရန်ရေတွင်းမှရေများကို ဆင်းရဲပင်ပန်းစွာခင်ရှာ

တယ်။ ။အရွယ်ကလဲအိုမင်း၊ ရေတွင်းကလဲ နက်နက်၊ ရွက်ခဲ့ တဲ့ ရေအိုးကြီးကလေးလေး၊ အဲသည်လိုဆင်းရဲဘေး တွေ ကြောင့်၊ မောဟိုက်ပင်ပန်းပြီး ခြေမသှမ်းနိုင်တော့ဘဲ၊ ရေချိုး အိမ် ထဲ မှာ လဲနေရှာတယ်။

ရွက်တဲ့ရေအိုးကြီးကို အနားမှာချထားပြီး ''ဩော်-သည်ခန္ဓာ ဝန်ကြီးနှင့်၊သတ္တဝါလုပ်နေရတာအလွန်ဆင်းရဲပါကလား၊ခန္ဓာဝန် ကြီးက လေးတဲ့အပေါ်မှာ၊ ကိစ္စအမျိုးမျိုးကို သယ်ပိုးဆောင်ရွက် နေရပြန်သေးတယ်။ သည်ခန္ဓာဝန်ကြီးနှင့် မကင်းသမျှ၊ ဘယ်အခါ မှာမှ ချမ်းသာခွင့်ကိုရနိုင်တော့မှာမဟုတ်ဘူး။ အဲ-သို့ကလိုစိတ်မျိုး တွေပေါ်ပြီး၊ ရှေးကံပါရမီ နိုးဆော်တဲ့အတိုင်း၊ သမ္မာဓိအင်အား နှင့်၊တရားနိမိတ်တွေ ပေါ်လာပါရော။ ပါရမီ လက်ကိုင်ရှိပြီးတဲ့ ပုဂ္ဂိုလ်များဟာ၊တနေ့နေ့မှာတော့၊အချက်ကောင်းနှင့် တွေ့စမြဲပေါ့။

အဲ-သို့ကလို တရားနိမိတ်တွေထင်မြင်လာတဲ့အခါ၊ဉာဏ်ပညာ ကလဲ အဆင်သင့်သဖြင့်၊ ခန္ဓာငါးပါး၊ရုပ်တရား, နာမ်တရားအစုကို မမြဲမှု, ဆင်းရဲမှု, အစိုးမရမှု, သုံးခုသော ဝိပဿနာဉာဏ်ဖြင့်၊ ထက်သန်စွာ ရှုဆင်ခြင်လိုက်ရာ၊ ရေချိုးအိမ်ထဲမှာပင်၊ ကိလေသာ ကုန်ခမ်း၍ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်တော်မူလေသတည်း။ ။ ရဟန္တာအဖြစ်သို့ရောက်တော့၊ ဝမ်းမြောက်ဝမ်းသာ၊ ဖလသမာ ပတ္တိ ချမ်းသာကို ခံစားရဘဲ့အတွက်၊ဘိက္ခုနီမျော း ခိုင်းစေထားတဲ့ ရေနွေးကျိုခြင်းအမှုကိုလဲ မပြုရတော့ဘူးဘဲ့။

ဘိက္ခုနီမအပေါင်းတို့ ကျောင်းသို့ ပြန်ရောက်လာတဲ့အခါ၊ တောသွက်အမယ်အိုကြီးကို ရုတ်ဘချက် မမြင်ကြသဖြင့်၊ ဟိုဟို, သည်သည် လိုက် လံရှာဖွေကြရာ၊ ရေချိုးအိမ်ထဲမှာ ချမ်းသာ ငြင်လန်းစွာ ထိုင်နေတာကို တွေ့မြင်ကြပါရော။ သည်အခါ ပုထုဇန် ဖြစ်တဲ့ ဘိက္ခုနီမပျိုကလေးတွေက အမယ်အိုကြီးကို လက်ညှိုး ထိုးပြီး၊သည်တောထွက်အိုမကြီးဟာ အရာရာတွင် ခိုကပ်ချင်တယ်။ ဘယ်နေရာမျိုးမှာမှ အချိုးကျဘယ်လို့ မရှိဘူး။ ရေနွေးကျိုထား လိုက်ပါဆိုတဲ့စကားကို နားမထောင်ဘဲ ရေချိုးအိမ်ထဲမှာ ပုန်းအိပ်

နေတယ်၊ ဘယ်မှာလဲရေနွေး၊ ယခုကျွေးပေးပါ။ မောမောပန်းပန်း ပြန်လာလို့ မြန်စွာ ရေချိုးတော်မူချင်ပါတယ်။'' အဲ- သို့ကလို ပြောဆို ကြိမ်းဝါးကြပါရောတဲ့။ ရဟန္တာဖြစ်တဲ့ အကြောင်းကို ကောင်းကောင်းမသိရှာကြလို့၊ကြိမ်းဝါး မောင်းမဲကြတာပေါ့လေ။

ထိုအခါ သောဏာထေရီ ဘိက္ခုနီ ရဟန္တာမကြီးက ချိုသာ သောစကားလုံးဖြင့်၊ပြုံးပြုံး ငြင်ငြင်မျက်နှာထားပြီး၊''ရေနွေးအတွက် စိုးရိမ်တော်မမူပါနဲ့၊ယခုပင် ရေနွေးကို ရပါစေ့မယ်၊''အဲ-သို့ကလို မြွက်ဆိုပြီး၊ တေဇောကသိုဏ်းကိုဝင်စားလျက်၊ ' သည့်ရေချိုးအိမ် ထဲမှာရှိတဲ့ ရေအိုးကြီး တွေ ရုတ်တရက် ပွက်ပွက်ဆူကြစေ။'' အဲ-သို့ကလို မိန့်ခွန်းလိုက်သည်နှင့်တပြိုင်နက် ရေအိုးကြီး တွေ ဆူပွက်လာကြတယ်။

တဆုံ့တဆြ ပြောလို့မပြီးနိုင်အောင်၊ ရေအိုးကြီးတွေရုတ်တရက် ပွက်ပွက်ဆူဝေ အမြှုပ်တွေထနေပုံကို မမြင်စဘူး၊ အထူ့မြင်ကြရ တော့ ပုထုဇန် ဘိက္ခုနီမကလေးတွေက ရေချိုးအိမ်ထဲမှ အတင်း ထွက်ပြေးပြီး ''ရှုတော်မူကြပါ၊ ရှုတော်မူကြပါ။ ဘိက္ခုနီမ အိုကြီး၏ တန်ခိုးကြောင့် ရေအိုးကြီးတွေဆူလာကုန်ပြီ။''အဲ-သို့က လို အလန့်တကြား ဟစ်အော်သိုက်တော့ ဘိက္ခုနီမပေါင်း များစွာ ဝိုင်းဝန်း၍လာကြတယ်။

ရဟန္တာဖြစ်ပြီးဘဲ့ ဘိက္ခုနီ အရှင်မကြီးတွေက ရေချိုးအိမ် အတွင်းသို့ဝင်၍ ကြည့်ရှုကြလေရာ၊သောဏာထေရီ ဘိက္ခုနီမကြီး ၏ ရဟန္တာဖြစ်ကြောင်းနှင့်တကွ၊ ဈာန်ပါဒ တန်ခိုးဂုဏ်နှင့် ပြည့်စုံ ကြောင်းကိုကောင်းစွာသိတော်မူကြလေရာ ကျောင်းတိုက်အတွင်း မှာ၊ ရှိရှိသမျှသော ဘိက္ခုနီမတွေကို ခေါ်ယူစည်းဝေးစေလျက် ''အို-ဘိတင်းသုံးဘော်အပေါင်းတို့၊ အရွယ်ကြီး ရင့်မှ ရဟန်း ဘောင်သို့ ခိုဝင်လာတဲ့ သောဏာထေရီ ဘိက္ခုနီမကြီးသည်၊ ရဟန်းကိစ္စတုံး၍ အဆုံးသို့ရောက်တော်မူလေပြီ၊ ဈာန်ပါဒတန်ခိုး ဂုဏ်နှင့် ပြည့်စုံတော်မူလေပြီ၊ သက်ရွယ်သို ၊ ငင်း၍ အိုမင်းလေပြီး သော သောဏာထေရီဘိက္ခုနီ၏ ဝီရိယအစွမ်းကို ကြည့်ရှုကြပါ

ကုန်။ ရိုသေမြတ်နိုးစွာ ရှိခိုးပူဇော်လိုက်ကြပါကုန်၏'' ဆဲ-သို့ကလို အကြီးအမှူးဖြစ်တဲ့ ဘိက္ခုနီမကြီးက မိန့်ကြားပြောဆိုလိုက်တဲ့အခါ ပုထုဇန်ဖြစ်တဲ့ ဘိက္ခုနီမ အပေါင်းတို့က အရဟတ္တဖိုလ်ဂုဏ်ကို ယုံကြည်လေးမြတ်စွာ ရှိခိုးပူဇော်ကြတယ်။

ထိုအခါကစပြီး သောဏာထေရီ ဘိက္ခုနီ၏ တန်ခိုးဂုဏ်ဟာ တသုံးသုံးနှံ့ပြားလျက် ထင်ရှား ကျော်စော သွားပါရောတဲ့။ ။အသက်အရွယ်ခြောက်ဆယ်ကျော်မှ သာသနာတော်ဘောင်သို့ ဝင်၍ ရဟန်းပြုလေရာ ဝီရိယ အစွမ်းကြောင့် ကိလေသာ ကုန်ခန်း၍ ရဟန္တာဖြစ်ကြောင်းကိုကြားသိကြတော့။ အမယ်အိုပေါင်းအများတို့ကသောဏာထေရီကိုအားကျပြီး"အရွယ်အိုသော်လည်းမဂ်ဖိုလ်ကို ရနိုင်ပါသေး၏'' ဆိုတဲ့သဘောမျိုးနှင့် သာသနာတော် ဘောင်သို့ ဝင်လာတဲ့ အမယ်အိုကြီးတွေဟာ ထိုခေတ်အခါလွန်စွာများသတဲ့။ ကုသိုလ်ရေး၌ အားကျခြင်း ဆိုတာ လွန်စွာ ကောင်းမြတ်ထာကလား။

သောဏာထေရီ ဘိက္ခုနီမကြီး၏ အကြောင်းကို ရှင်တော်ဘုရားအား လျှောက်ထားကြသောအခါ ပရိသတ်အပေါင်းတို့အား တရားဒေသနာအချက်ကို မိန့်ပြွက်တော်မူလိုသဖြင့် ပရိသတ်ကြီးကို စည်းဝေးတော် မူစေပြီးလျှင် ''အို-ချစ်သား, ချစ်သမီးတို့ အသက်အရွယ်ကြီးရင့် ခြင်းမှာ ပဓာနမဟုတ်ချေ။ စွမ်းအန်လုံ့လ ဝီရိယ သာလျှင် ပဓာနဖြစ်သည်ဟု မှတ်သား ကြရမယ်။ အသက်တရာ တည်နေရသော်လည်းပျင်းပျင်းရိရိနှင့်ဝီရိယပေါ့လျော့ခဲ့ပါလျှင် ထိုကဲ့သို့ အသက်ရှည်ခြင်းမျိုးကိုအဘိုးထိုက်တန်စွာနှင့် မြင့်မြတ်သည်ဟူ၍ ငါဘုရားချီးမွမ်းတော်မမူ၊တနေ့တရက်မျှပင် အသက်ရှင်၍ နေရပါသော်လည်း မပျင်းမရိဝီရိယသန်သန်နှင့် စွမ်းအန် ကြိုးကုတ်၍ နေခဲ့ပါလျှင် ထိုကဲ့သို့သော အသက်ရှည်ခြင်းမျိုးကို အဘိုးထိုက်တန်စွာနှင့်မြင့်မြတ်သည်ဟူ၍ငါဘုရားချီးမွမ်းတော်မူတယ်၊အို-ချစ်သား ချစ်သမီးတို့၊သောဏာထေရီ ဘိက္ခုနီမကြီးကို ရှုစမ်းကြ ကုန်လော။ အသက်အရွယ်ကြီးရင့်မှ သာသနာဘောင်သို့ ဝင်လာရ သော်လည်း

ပိရိယအစွမ်းကြောင့် ရဟန္တာဖြစ်သွားပြီမဟုတ်လား။ ငါ့သွီးတော်ကြီးဟာ ပိရိယစွမ်းအန် ရဲရဲသန်တဲ့အရေးတွင် လွန်စွာ ထူးမြတ်ပါပေတယ်။'' အဲ-သို့ကလို မိန့်ကြားတော်မူပြီး တရားသဘင်ကြီးအလယ်တွင် တင့်တယ်စွာ စမ္မာယ်တော်မူလျက် ပိရိယခေတ်နှင့်လျောက်ပတ်သက်ဆိုင်တဲ့ ဒေသနာကို အောက်၌ပါသော အတိုင်းဟောကြားတော်မူလေသတည်း။

ယောစဝဿသတံဇီဝေ၊ ကုသီတော ဟီန ပိရိယော၊
ဧကာဟံဇီဝိတံသေယျော၊ ပိရိယာရဘတော ဒဠှံ။

ဓမ္မပဒပါဠိတော်။

ဘိက္ခဝေ၊ ပိရိယာစွမ်းအန်၊ ထက်သန်ကြီးမား၊ အို-ချစ်သားတို့။ ယော၊ အကြင်သူသည်၊ ဟီနပိရိယော၊ ပိရိယခါတ်လျော့ပါးသည်ဖြစ်၍၊ ကုသိတော၊ ပျင်းပျင်းရိရိ။ ဝဿသတံ၊ အနှစ်ဘရာကာလပတ်လုံး။ ဧဇီဝေ၊ အကယ်၍ အသက်ရှင်ကာ နေရစေဦးတော့။ တဿ၊ ထိုပိရိယမရှိ၊ လူပျင်းရိ၏။ ဇီဝိတံ၊ ရှည်လျားသောအသက်သည်။ နသေယျော၊ ချီးမွမ်းအပ်၍၊ မြတ်သည်မဟုတ်ချေ။ ဒဠှံ၊ ပြင်းပြင်းထန်ထန်၊ ဖွဲ့သန်သန်။ ပိရိယာရဘတော၊ ပိရိယခေတ်လုံ့လမြတ်ဖြင့်၊ မပြတ်ကြိုးစား၍နေသောသူ၏။ ဧကာဟံ၊ တရက်မျှ၊ ဇီဝိတံ၊ အသက်ရှည်ကာတည်နေရခြင်းသည်၊ သေယျော၊ ချီးမွမ်းအပ်၍၊ မြင့်မြတ်သှပေသတည်း။

အဲ-ဤကဲ့သို့ ပိရိယနှင့် စပ်ဆိုင်တဲ့ တရားကို ဟောကြားပြီးတဲ့နောက် သောတာထေရီ ဘိက္ခုနီမကြီးအား ပရိသတ်အလယ်တွင် ကြီးကျယ်စွာ မြှောက်စားတော်မူပြီးလျှင်အာရဒ္ဓပိရိယ ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးတော် မူလေသတည်း။

ဧတဒဂ္ဂံဘိက္ခဝေ မမ သာဝိကာနံ၊ ဘိက္ခုနီနံ၊ အာရဒ္ဓပိရိယာနံ၊ ယဒိဒံသောဏာ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ မေ၊ ငါဘုရား၏။ သာဝိကာနံ၊ သွီးဘော်တပည့်မ ဖြစ်ကြကုန်သော။ အာရဒ္ဓပိယာနံ၊တရားအထူ

ကို၊ အားထုတ်ကြိုးစားကြကုန်သော။ ဘိက္ခုနီနံ၊ ရဟန်းမိန်းမ အပေါင်းတို့တွင်။ ယဒိဒံ-ယာအယံ့ သောတာ၊ အကြင် သောတာ ထေရီ ဘိက္ခုနီသည်။ အဂ္ဂါ၊ ရှိ၏။ ဧတံ ဧသး၊ ထိုသောတာထေရီ ဘိက္ခုနီသည်။ အဂ္ဂံ-အဂ္ဂါ၊ ဖ.မြတ်ဆုံးပေ ဘည်း။

ကဲ-စဉ်းစားကြစမ်းဂါ၊ ဝိရိယ၏ တန်ခိုးအစွမ်းဟာ ဘယ့်က လောက်များ ကြီးကျယ်သလဲလို့။ အသက် အရွယ်ဆိုတာ ပဓါန မဟုတ်ဘူး။တကယ်တန်းအားထုတ်လျှင် တရားထူးကိုရနိုင်ကြောင်း ထင်ရှားပြီမဟုတ်လား။ သောတာထေရီ ဘိက္ခုနီမကြီး ဖြစ်ပုံကို ထောက်ထားပြီး သက်ကြွယ်အိုမင်း အားအင်တွေ ယိုယွင်းသဖြင့် ကမ္မဋ္ဌာန်းအလုပ်ကို အားမထုတ်နိုင်ဘူးလို့ဆင်ခြေပေးပြီးသက်ကြီး ရွယ်ရင့်များကရှောင်ရှားခေါင်းတိမ်းဘို့ မသင့်ဘူးပေါ်။ ။ထို့ပြင် တဘန် သက်ရွယ်အိုမင်းသဖြင့် တရားအလုပ်ကို အားထုတ်လို့ ဖြစ်မှ ဖြစ်နိုင်ပမလားဆိုဘဲ့ သံသယများကိုလဲ ပယ်ရှားသင့်ကြ ပေတယ်။

ပြဆိုခဲ့ပြီးတဲ့ အကြောင်းအရာများကို ထေရီအပဒါန်ပါဠိတော် မှာ အောက်ပါအတိုင်း ဟောကြားတော်မူခဲ့လေသတည်း။

(ဃ) တတောစမံဘိက္ခုနိယော၊ ဧကံဘိက္ခုနုပဿယေ။
ဝိဟာယာဂ စ္ဆုမောဝါဒံ တာပေဟိဉဒကံဗ္ဗုတိ။

(ဃ) တတော၊ ထိုသာသနာဘောင်သို့၊ ခိုလှုံဆည်းကပ်သော အခါ၌။ဧကသ္မိံဒိဝနေ၊တနေ့သောအခါ၌။ဥဒကံ၊ရေကို။တာပေဟိ၊ ပွက်ပွက်ဆူ၍ ပူအောင် ကျိုထားလိုက်လော။ ဣတိ၊ ဤသို့၊ ဩဝါဒံ၊ ခိုင်းစေညွှန်ကြား၊ ဩဝါဒစကားကို။ ဒတွာ၊ ပေးကြကုန်ပြီးသည် ရှိသော်။ မံ၊ အကျွန်ုပ်ကို။ ဧကံ၊ တယောက်ထဲ။ ဘိက္ခုနုပဿယေ၊ ဘိက္ခုနီမတို့ကျောင်း၌။ ဝိဟာယ ချန်ထားခဲ့၍။ ဘိက္ခုနိယော၊ ကျောင်းရှိအကုန် အလုံးစုံသော ဘိက္ခုနီတို့သည်။ ဂစ္ဆုံ၊ ကျောင်းမှ ထွက်တော်မူကြလေကုန်သတည်း။

(က) တဒါဉဒကမာဟိတွာ၊ ဩကိရိတွာနကုမ္ဘိယာ။
စုဠေ့ဌပေတွာအာသိနာ၊ တတောစိတ္တံသမာဒဟိံ။

(ဏ) တဒါ၊ ထိုသို့ဘိက္ခုနီမများ၊ ခိုင်းစေ၍ ထွက်သွားကြသော အခါ၌၊ အပယ်၊ အကျွန်ုပ်သည်၊ ဥဒကံ၊ ရေကို၊ အာဟိတွာ၊ ခပ်၍၊ ကုမ္ဘိယာ၊ ရေအိုးကြီးထဲ၌၊ ဩကိရိတွာန၊ လောင်းပြီးသည်ရှိသော်၊ ဓဋ္ဌေ၊ ရေချိုးအိမ်ထဲ၌၊ ဌပေတွာ၊ ရွက်သော ရေအိုးကိုချထား၍၊ အာသိနာ၊ အပန်းဖြေ၍၊ နားနေခဲ့ပါသတည်း၊ တတော၊ ထိုအခါ၌၊ အပယ်၊ အကျွန်ုပ်သည်၊ စိတ္တံ၊ မိမိစိတ်ကို၊ သမာဒဟိံ၊ တရားအာရုံ၊ ပွါးတုံရှုးစိုက်လေသတည်း။ ဝါ၊ တည်ကြည်အောင် ပြုခဲ့ပေသတည်း၊

(တ) ခန္ဓေ အနိစ္စတော ဒိသွာ၊ ဒုက္ခတော စ အနတ္တတော၊
ခေပေတွာ အာသဝေ သဗ္ဗေ၊ အရဟတ္တမပါပုဏိံ။

(တ) အပယ်၊ အကျွန်ုပ်သည်၊ ခန္ဓေ၊ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့ကို၊ အနိစ္စတော၊ ပြုတ်ပြုတ်ပြုန်းပြုန်း၊ ချုပ်ဆုံးပွါးပွါး၊ မမြဲသော သဘောအားဖြင့်၊ ဒိသွာ ဉာဏ်သွားဆင်ခြင်၊ ထင်မြင်ပေါ်ပေါက်၊ သဘောရောက်ပြီးသည်ရှိသော်၊ ဒုက္ခတော စ၊ မမြဲသောဒုက္ခအနေအားဖြင့်၎င်း၊ အနတ္တတော စ၊ အစိုးမရသော၊ အနတ္တအနေအားဖြင့်၎င်း၊ အဒက္ခိံ၊ ဘာဝနာဉာဏ်၊ ထက်သန်သောတွေ့၊ မြင်ခဲ့ပေသတည်း။ တတော၊ ထိုတရားဆင်ခြင်၊ ထင်မြင်ပေါ်ပေါက်၊ မြင်ပြီးနောက်၌၊ သဗ္ဗေ အာသဝေ၊ စီးသွန်ကျလျှော၊ အာသဝေါမြို့၊ အလုံးစုံတို့ကို၊ ခေပေတွာ၊ အပြီးအပိုင်၊ ချုပ်ချိုင်ကုန်ခန်းစေလျက်၊ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့၊ အပါပုဏိံ၊ ဝိရိယအစွမ်းဖြင့်၊ ကမ်းကုန်အောင် ပေါက်ရောက်ခဲ့ပါသတည်း၊

(ထ) တဒါ ဂန္တွာ ဘိက္ခုနိယော၊ ဥဏှောဒကမပုစ္ဆိသုံ၊
တေဇောဓာတုံ အဓိဋ္ဌာယ၊ ခိပ္ပံ သန္တာပယိံ ဇလံ၊

(ထ) တဒါ၊ ထိုရဟန္တာဖြစ်ပြီးသော အခါ၌၊ ဘိက္ခုနိယော၊ ကျောင်းမှထွက်သွားကြသော ဘိက္ခုနီမ အပေါင်းတို့သည်၊ အာဂန္တွာ၊ ပြန်လာကြကုန်၍၊ ဥဏှောဒကံ၊ အကျွန်ုပ်ခိုင်းထားခဲ့သော ရေနွေးကို၊ အပုစ္ဆိသုံ၊ ဘယ်မှာလဲဟု၊ မောင်းမဲကာ မေးမြန်းကြကုန်၏၊ တဒါ၊ ထိုအခါ၌၊ အပယ်၊ အကျွန်ုပ်သည်၊ တေဇောဓာတုံ၊ တေဇောမှတ်ပိုင်း၊ ဓာတ်ကသိုဏ်းကို၊ အဓိဋ္ဌာယ၊ ဝင်စားဆောက်တည်၍၊

ခိုပွံ၊ လျှင်လျှင်မြန်မြန်၊ ဇလံ၊ ရေချိုးအိမ် အတွင်း၌ရှိသော ရေအပေါင်းကို၊ သန္တပယိ၊ ပွက်ပွက်ဆူစေ၊ ပူစေသေးကုန် တန်ခိုးဂုဏ်ကို၊ အစွမ်းကုန်ပြလိုက်ပါသတည်း။

(၁) ဝိမှိတာထာဖိနဝရံ၊ တေမဃ္ဃမသာဝယံ။

(၈) အာရာမိတောမဟာဝိရော၊ မမဟာပုဒ္ဒိပတ္တိယာ။

အာရုဒ္ဓပိရိယာနဂ္ဂံ၊ မမာဟာ သမဟာမုနိ။

(၁-၈) တဒါ၊ ထိုသို့တန်ခိုးစွမ်းအဟုန်ကို၊ ကန်းကုန်ခအောင် ပြလိုက်သောအခါ၌၊ ဘား၊ ထိုဘိက္ခုနီမအပေါင်းတို့သည်၊ ဝိမှိတာ၊ အထိတ်တလန့် တအံ့တဩ၊ ပြောမပြီးတုန်၊ ချီးမွမ်းကုန်လျက်၊ တေမဃ္ဃံ၊ ထိုတန်ခိုးပြပုံ အကြောင်းစုံကို၊ ဖိနဝရံ၊ လောကထွဋ်ထား၊ မြတ်စွာဘုရားသို့၊ အသာဝယံ၊ တပြိုင်နက်သွား၍ လျှောက်ထားကြလေကုန်သတည်း။ ၊တဒါ၊ ထိုသို့ လျှောက်ထားကြသောအခါ၌။ မဟာဝိရော၊ လုံ့လအင်အား၊ စွမ်းပကားကြီးတော်မူသော မြတ်စွာဘုရားသည်၊ မမ၊ အကျွန်ုပ်၏။ သုပုဒ္ဒိပတ္တိယာ၊ ကောင်းမွန်မြင့်မြတ်၊ အကျင့်ခတ်ကြောင့်၊ အာရာမိတော၊ နှစ်သက်အားရ သဘောကျတော်မူသည်ဖြစ်၍၊ မမ၊ အကျွန်ုပ်အား၊ အာရဒ္ဓပိရိယာနံ၊ လုံ့လစွမ်းအားဖြင့်၊ ကြိုးစားကြသော ဘိက္ခုနီမအပေါင်းတို့တွင်။ အဂ္ဂံ၊ အမြတ်ဆုံးဟူ၍၊ သမဟာမုနိ၊ ထိုဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ အာဟ၊ ပရိသတ်အလယ်တွင်၊ တင့်တယ်စွာ ကျူးရင့်၍၊ ချီးမြှင့်မိန့်ကြားတော်မူလေသတည်း။

ဆဲ-ယခုပြဆိုပြီးတဲ့ အတိုင်း၊ ဗုဒ္ဓသာသနာတော်ကြီးအတွင်းမှာ၊ သောဏာထေရီ ဘိက္ခုနီမကြီးတပါးရယ်လို့ ကျော်ကြားတော်မူပြီးဘဲ့နောက်၊ ဝမ်းမြောက်တော်မူလှသဖြင့်၊ ကျတ်တန်းဝင်သော အဆုံးဘဝ၌ ဖြစ်ပျက်ခဲ့သမျှသော အကြောင်းအရာတို့ကို၊ ကောင်းစွာ ဘွဲ့ဆိုပြီး၊ ဥဒါန်းဂါထာငါးပုဒ်ကို မကြာမကြာ ကျူးရင့်တော်မူလေ့ရှိတယ်။ ။သောဏာထေရီ ဘိက္ခုနီမကြီး ကျူးရင့်ဘဲ့ ဂါထာငါးပုဒ်ကို အောက်၌ပါရှိသော အတိုင်း ဘော်ပြလိုက်ပါသတည်း

(၁) ဒသပုတ္တေ ဝိဇာယိတွာ၊ အသ္မိံ ရူပသမုဿယေ။
တတော ဟံ ဒုဗ္ဗလာ ဇိဏ္ဏာ၊ ဘိက္ခုနိံ ဥပသင်္ကမိံ။

(၁) အဟံ၊ အကျွန်ုပ်သည်၊ အသ္မိံ ရူပသမုဿယေ၊ ဤမျက်မှောက် ပစ္စုပ္ပန်ဖြစ်သော၊ ရုပ်ကောင်ခန္ဓာ ၁၀ ကြီးအတွင်း၌၊ ဒသပုတ္တေ၊ ဆွတုံး, ဆွခဲ ပုလဲ မြည်သော သားဆယ်ယောက်တို့ကို၊ ဝိဇာယိတွာ ဘွားမြင်ခဲ့ပြီးသည်ရှိသော်၊ တတော၊ ထိုနောက်၌၊ ဇိဏ္ဏာ၊ သက်ရွယ်ယိုယွင်း၊ အိုမင်းဆွေးမြေ့သည်ဖြစ်၍၊ ဒုဗ္ဗလာ၊ ရုပ်သွင်မဟန်၊ အားအန်ချိတဲ့၊ ချိနဲ့ ပြေ့ ပြောင်းသော၊ အဟံ၊ အကျွန်ုပ်သည်၊ ဘိက္ခုနိံ၊ ဘိက္ခုနီ အရှင်မြတ် တပါး ထံ သို့၊ ဥပသင်္ကမိံ၊ ချဉ်းကပ်ခိုလှုံခဲ့ပါသတည်း။

(၂) သာ မေ ဓမ္မမဒေသေသိ၊ ခန္ဓာယတနဓာတုယော။
တဿာ ဓမ္မံ သုဏိတွာန၊ ကေသေ ဆေတွာန ပဗ္ဗဇိံ။

(၂) သာ၊ ထိုဘိက္ခုနီအရှင်မြတ်ကြီးသည်၊ မေ၊ အကျွန်ုပ်အား၊ ခန္ဓာယတနဓာတုယော၊ ခန္ဓာသဘော အာယတနသဘော, ဓာတ်သဘောတို့ကိုဎင်း၊ ဓမ္မံ နိဗ္ဗာန်ရောက်ကြောင်း၊ တရားကောင်းကိုဎင်း၊ အဒေသေသိ၊ လွယ်လွယ်နှင့်မြင်အောင်၊ ထင်ထင်ရှားရှား ဟောကြားတော်မူပေသတည်း၊ တဿာ၊ ထိုဘိက္ခုနီ အရှင်မြတ်ကြီး၏၊ ဓမ္မံ၊ ဟောကြားတော်မူသော တရားတော်ကို၊ သုဏိတွာန၊ မှတ်မှတ်သားသား၊ ကြားနာပြီးသည်ရှိသော်၊ အဟံ၊ အကျွန်ုပ်သည်၊ ကေသေ၊ စိမ်းညိုရှည်လျား၊ ဆံပင်များတို့ကို၊ ဆေတွာန၊ ရိတ်ဖြတ်၍၊ ပဗ္ဗဇိံ၊ ဖန်ဝါသင်္ကန်းဖြင့် ရဟန်းပြုခဲ့ပါသတည်း။

(၃) တဿာ မေ သိက္ခမာနာယ၊ ဒိဗ္ဗစက္ခုံ ဝိသောဓိတံ။
ပုဗ္ဗေနိဝါသံ ဇာနာမိ၊ ယတ္ထ မေ ဝုသိတံ ပုရေ။

(၃) တဿာ မေ၊ ထိုအကျွန်ုပ်သည်၊ သိက္ခမာနာယ၊ သိက္ခာ သုံးပါး တရားအလုပ်ကို အားထုတ်၍နေစဉ်၊ ဒိဗ္ဗစက္ခုံ၊ ဒိဗ္ဗစက္ခု အဘိညာဉ်ကို၊ ဝိသောဓိတံ၊ အလင်းမြင်အောင် သုတ်သင်ရှင်းလင်းခဲ့လေပြီ၊ ပုရေ၊ ရှေးအတိတ်သံသရာ၌၊ မေ၊ အကျွန်ုပ်သည်၊ ယတ္ထ၊ အကြင်, အကြင်ဘုံဘဝ၌၊ ဝုသိတံ၊ ခိုအောင်းနေ ထိုင်ခဲ့ဘူး၏။

တံပုဗ္ဗေနိဝါသံ၊ ထိုရှေးဘဝတို့၌၊ ဖြစ်ဖြစ်သမျှ အလုံးစုံကိုလည်း၊ ဇာနာမိ၊မကျန်မကြွင်း၊အလင်းထင်ထင်၊သိမြင်ခဲ့ပါသတည်း။

(၄) အနိမိတ္တဉ္စဘာဝေမိ၊ ဧကဂ္ဂါသုသမာဟိတာ။
အနန္တရာဝိမောက္ခာသိ၊ အနုပါဒါယနိဗ္ဗုတာ။

(၄) အဟံ၊ အကျွန်ုပ်သည်၊ဧကဂ္ဂါ၊အာရုံတခုသာ၌ စွဲစွဲစူးစိုက်လျှက်၊သုသမာဟိတာ၊ ကောင်းစွာ တည်ကြည်သော စိတ်ရှိသည် ဖြစ်၍၊ အနိမိတ္တဉ္စ ရုပ်နာမ်ခပင်းတို့၏၊ မြဲခြင်းမရှိပုံကို၊ အစွမ်းကုန် ရှုဆင်ခြင်နိုင်သော အနိမိတ္တဘာဝနာကို။ ဘာဝေမိ၊ မနားမနေ အားထုတ်ခဲ့ပေသတည်း၊ အနန္တရာ၊ အရဟတ္တမဂ်၏ အခြားမဲ့၌၊ ဝိမောက္ခာ၊ ကိလေသာဂဏ်အလုံးမှ ဖွတ်ရှန်း၍ ထွက်မြောက်လေခဲ့ သည်၊အာသိ၊ဖြစ်ပါသတည်း။ အနုပါဒါယ၊ ဘယ်အာရုံတခုကိုမှ စွဲလမ်းမှုမရှိဘဲ၊ နိဗ္ဗုတာ ဆင်းရဲငြိမ်းလတ် ချမ်းသာခတ်ဖြင့်၊ အမြတ်နိဗ္ဗူ၊ပိုင်ယူမိုက်သိမ်းခဲ့ပါသတည်း။

(၅) ပဉ္စက္ခန္ဓာပရိညာတာ၊တိဋ္ဌန္တိဆိန္နမူလကာ။
ဝိဟတော ဇာတိသံသာရော၊ နတ္ထိဒါနိပုနဗ္ဘဝေါ။

(၅) ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါး၊ ခါတ်တရာတို့ကို၊ မေ၊ အကျွန်ုပ် သည်၊ ပရိညာတာ ပိုင်းခြားထင်ထင်၊ သိမြင်အပ်ကုန်ပြီ၊ တေ၊ ထိုခန္ဓာငါးပါးတို့သည်၊ဆိန္နမူလကာ၊ သံသရာဝဋ်နယ်မှာ၊ ကြီးကျယ် သောအမြစ် ပြတ်ကြလေကုန်လျှက်၊ တိဋ္ဌန္တိ၊ တည်နေရစ်ကြလေ ကုန်၏။ ဝိဟတော ဇာတိသံသာရော၊ ထွေဘွယ်, စက်ဆုတ်ဘွယ် အမျိုးမျိုးကို ဖြစ်စေတတ်သော၊ဇာတိ၊ဟာယ်တဲ့သွာမကြီး၊ဒါနိ ဣဒါနိ၊ယခုအခါ၌၊ မေ၊ငါ့အား၊ပုနဗ္ဘဝေါ၊ ဘဝ အသစ် ဖြစ် ရန် အ ရေး သည်၊ နတ္ထိ၊ မရှိတော့ပြီတကား။

(မှတ်ချက်။ ။ဤဝတ္ထု၌ က-ခ-စသည်တို့ဖြင့် မှတ်အပ်သော ဂါထာကို၊ ထေရီအပဒါန်ပါဠိတော်၊ ၁-၂-စသည်တို့ဖြင့် မှတ်အပ် သော ဂါထာကို ထေရီဂါထာပါဠိတော်ဟူ၍ မှတ်တော်မူပါ။)

ခြောက်ဆယ်ကျော်- ခုနစ်ဆယ်နီးနီး၊ အသက်အရွယ်ကြီးရင့်မှ ရဟန်းဘောင်သို့ခိုဝင်လျှက်၊ ငြိုငြင်ပင်ပန်းခြင်း အမျိုးမျိုးကိုခံပြီး၊

အားထုတ်ကြိုးစားလေရာ၊ ငတေဒဂ်ဘွဲ့ထူးနှင့်တကွ၊ တန်ခိုးအဘိညာဉ်နှင့် ပြည့်စုံစွာ ရဟန္တာအဖြစ်သို့ ရောက်သည့်အတွက် သောဏာထေရီ ဘိက္ခုနီ၏ ဂုဏ်သတင်းဟာ၊ သာသနာတော်အတွင်းမှာ လွန်စွာကြီးကျယ်တာပေါ့။

သည့်အကြောင်းများကို ယခင်ကတွက်သွား၍ ရဟန်းပြုနေတဲ့ သားဆယ်ယောက်တို့၏ဘခင်၊ အရှင်ကိုယ်တော်မြတ်ကြီးက ကြားတော့ များစွာ ဝမ်းမြောက်နှစ်သက်ခြင်းဖြစ်ပြီး ''သူတော်ချင်းချင်း-သတင်းလွှေ့လွှေ့-ပေါင်းဘက်ချေ့သိုတဲ့စကားအတိုင်း တရားဓမ္မအရေးနှင့် ဆွေးနွေးတွေ့ဆုံတော်မူလိုသောကြောင့်၊ သောဏာထေရီဘိက္ခုနီမကြီးထံသို့ ရောက်အောင် တောင်ဝှေးကို ထောက်ပြီး ကြွတော်မူလာရှာတယ်၊ သည့်ကိုယ်တော်မြတ်ကြီးကလဲ ကိလေသာကုန်ခန်းတဲ့ ရဟန္တာအစစ်ကြီးပေါ့။

အချင်းချင်းတွေ့ဆုံ၍ အာသဝေါကုန်ပြီးသော ရဟန္တာတို့၏ စရိုက်ဖြင့်၊ မဂ်,ဖိုလ်, နိဗ္ဗာန်နှင့်စပ်တဲ့ တရားစကားများကို အတုန့်အပြန် ဆွေးနွေးမေးမြန်းနေကြစဉ်အခိုက် သားဆယ်ယောက်တို့က ဂုတ်ဘရက် အထံတော်သို့ အစုံအညီ ဆိုက်ရောက်လာကြတယ်၊ ဘာကြောင့်ဆိုက်လာကြသလဲလို့ ဆိုတော့၊ သူတို့မိခင်ဖြစ်တဲ့ သောဏာထေရီဘိက္ခုနီမကြီးသည်တန်ခိုးဂုဏ်နှင့်ပြည့်စွာရဟန္တာဖြစ်ကြောင်းကို သောင်းသောင်းဖြဖြ ကြားသိရသဖြင့်၊ ဝမ်းသာအားရ လာရောက်ကြခြင်းပေပေါ့။

မယ်တော်ကြီးကို ဖူးမြင်ဘို့ ရောက်လာကြရာ၊ အစုံအလင် ဘခင်ကိုယ်တော်မြတ်ကြီးနှင့်တကွ အခန့်သင့် တွေ့နေကြတော့၊ အလွန့်အလွန် ဝမ်းမြောက်ခြင်း ဖြစ်ရှာကြတယ်၊ ။အစုံအညီ ဆိုက်ရောက်လာတဲ့ သားဆယ်ယောက်တို့ကိုမြင်တော့၊ မိခင်ရဟန္တာမကြီးက အနန္တ ရှိသော ချက်နှာဖြင့် ရှုစားတော်မူပြီး၊ ''မောင်တို့စိမ်းကားခဲ့အဘွက်ကြောင့် လူ့ဘောင်မှ ခွါရှောင်ပြီး၊ ရဟန်းဘောင်သို့ဝင်ခွင့်ရပေတယ်၊ ယခုအခါ မိခင်ကြီးမှာ၊ ရဟန်းကိစ္စတုန်း၍ ပြီးဆုံးခြင်းသို့ရောက်ခဲ့ပြီ၊ မောင်တို့ကသာယုယုယသနှင့်

ပြုရနေကြမယ်ဆိုလျှင် မောင်တို့အနားက ထွက်ခွါလို့ သွားနိုင်မှာ မဟုတ်ဘူး။ ကိလေသာကြီးတန်းလန်းနှင့် သံသရာစခန်းမှာ ပင်ပန်းလို့ နေရမှာ။ အဲ-သို့အတွက်ကြောင့် မိခင်ကြီးအပေါ်မှာမောင်တို့၏ ကျေးဇူးတွေဟာ ကြီးကျယ်များပြားလှပါပေတယ်။'' သည့်ကဲ့သို့ ပြောကြားတော့၊ သားဆယ်ယောက်တို့ကလဲ ရှိသေလေးမြတ်စွာ ငေးစိုက်လို့နားထောင်နေရတာပေါ့။

ထိုနောက် သားဆယ်ယောက် တို့က ကျေးဇူးရှင် နှစ်ပါးအား ရှိသေစွာ ဝပ်တွားပြီး ''ဘုရားတပည့်တော်တို့အား သနားတော်မူပါသဖြင့် ချီးမြှင့်တော်မူကြပါဘုရား။ ပစ္စည်းလေးပါးဖြင့် အမြဲမပြတ်လှူဒါန်းပါရစေ။ အိမ်သို့နေ့စဉ်ကြွ၍ ဆွမ်းဘုဉ်းပေးတော်မူကြပါ။ အမွေဥစ္စာတွေဟာလဲ လွန်စွာ များလှပါတယ် ဘုရား'' အဲ-သို့ဘလို လျှောက်ထားတော့ မိခင်ရဟန္တာမကြီးက မောင်တို့ လျှောက်ထားချက်မှာ ဝမ်းသာတို့ ကောင်းပါ ပေရဲ့၊ သို့ရာတွင် ရဟန်းဘောင်သို့ ရောက်လာတဲ့အခါ ဘယ်သူ့ကိုမှပစ္စည်းလေးပါး အတွက် အားကိုးစွဲလမ်းမှုကို မပြုရဘူး၊ ရဟန်း အဖြစ် ဆိုဘာ သပိတ်တလုံးနှင့် မိမိတို့ခြေသုံးကိုအားထားပြီး အသက်မွေးလေ့ ရှိကြရတယ်။ ကဲ-သွားကြပေဘော့၊ သွားကြပေတော့'' အဲ-သို့ ကလို အမိန့်တော်ရှိရာသားဆယ်ယောက်တို့ကထပ်မံလို့မလျှောက် ဝံ့ဘဲ အသီးသီးအိမ်သို့ ပြန်သွားရတယ်။ ။သားတို့၏ဘခင်ဖြစ်တဲ့ ရဟန္တာ ကိုယ်တော်မြတ်ကြီးကလဲဘဲ ရှောင်ထွက်ခါ ကြွတော်မူလေသတည်း။

(ဂ) သောဏာထေရီ-ဘိက္ခုနီမဝတ္ထုပြီး၏။

မှတ်ချက်။ ။ဤဝတ္ထု၌ အတုခိုး, နည်းယူဘွယ် အချက်မှာ အသက်အရွယ်ကြီးရင့်သော ပုဂ္ဂိုလ်များသည်၊တရားအားထုတ်လို့ မဖြစ်နိုင်ဘူး၊ တရားအားထုတ်ချိန် မသင့်လျော်တော့ဘူး၊ ဤကဲ့သို့ သဘောထားကို ပယ်ရှားချက်ဖြစ်ပေသည်။)

## ပဉ္စကနိပါတ်။

## (၉) ကုဏ္ဍလကေသာထေရီဝတ္ထု။

နှစ်ဖြာရုပ်နာမ် သမုဒ္ဒါန် တို့ကြောင့် ဇာတ်ဘန် ဖြစ်ပျက်၍ အဆက်မပြတ်နိုင်ဘဲ ဝဲကတော့ခွင် သံသာပြင်မှာ အလျှင်အမြန် ထွက်မြောက်လိုသောဆန္ဒနှင့် ပညာဆယ်လီ ပါရမီအထူး ဆည်းပူး ကြိုးစား၍နေသော အမျိုးသမီးငယ်လေးတယောက်သည် လွန်ခဲ့သော ကမ္ဘာတသိန်းအခါတွင်၊ ပဒုမုတ္တရဘုရားရှင်၏ လက်ထက်တော်၌ ဟံသာဝတီ နေပြည်တော်ကြီးအတွင်းမှာ ပဉ္စည်းဥစ္စာ ရတနာ ရွှေ,ငွေ ခြေရွှေကျေးကျွန်တို့ဖြင့် အလွန်ပေါများသော သူဌေးသမီး တယောက်ဖြစ်လာတယ်။

အရွယ်သို့ ရောက်လာတဲ့အခါ ပါရမီဓါတ်ခံနှင့် ပညာဥာဏ် ပါရှိလာတဲ့ အမျိုးသမီးကလေးဖြစ်တဲ့အတိုင်း ရတနာသုံးပါး ဦးထိပ် ထားပြီး ဘုရားရှင်ထံသို့ မကြာမကြာ တရားနာသွားလေ့ရှိတယ်၊ တနေ့သောအခါ ကျောင်းတော်သို့သွားရောက်၍ တရားနာ နေစဉ် ဘိက္ခုနီမတပါးကို ရှင်တော်မြတ်ဘုရားက ခိပ္ပါဘိညာ ဧတဒဂ်ဘွဲ့ ထူးဖြင့် ချီးကျူးတော်မူပုံကို ကိုယ်တိုင်ဒိဋ္ဌ တွေ့မြင်ရသော အခါ သူဌေးသမီးကလေးရဲ့ စိတ်ထဲမှာ လွန်စွာ အားတက်ခြင်း ဖြစ်ပြီး "နောင်ပွင့်တော် မူလတံ့ဖြစ်တဲ့ ဘုရားရှင်တို့၏ လက်ထက်တော် မှာ ငါလဲသည်ပုံမျိုးဖြစ်ရအောင် ကြိုးစားမယ်" အဲသည့်လို သမ္ဘာ သက်ပွ သဘောဓါတ်ဖြင့် မြင့်မြတ်တဲ့ အကြံအစည်မျိုး ဖြစ်ပေါ် လာသတဲ့။

ထိုနောက် များမကြာမီ အတောအတွင်းမှာပင် အလှူမဏ္ဍပ် ကြီးကို တခမ်းတနားဆောက်လုပ်ပြီးသံဃာတော်များနှင့်ရှင်တော် မြတ်ဘုရားကို ပင့်ဆောင်၍ အကြီးအကျယ် အလှူ ပေးတယ်၊ လှူဘွယ်ဝတ္ထုအစုစုဘို့ကို သင်္ခရဓါ ကြစေရန် ရေစက်သွန်းချလို့ အပြီးတွင် ဘုရားရှင်ထံပါးသို့ ဝပ်တွားချဉ်းကပ်လျက် "ဘုန်းတော် ကြီးလှသောရှင်ပင်ဘုရား၊ ဤအလှူတော်ကြီးကို ရှိသေမြတ်နိုးစွာ

ပေးလှူရတဲ့စေတနာကြောင့် နောင်ပွင့်တော်မူလတ့်ံဖြစ်တဲ့ ဘုရားရှင်တို့ လက်ထက်တော်တွင် ဒိပ္ပါဘိည တေဇဂ် ဘွဲ့ထူးကိုရရှိ၍ သံသရာ ဝဋ်စခန်းမှ ကျွတ်တမ်းဝင်ရပါလို၏ဘုရား'' အဲ-သို့ကလို လျှောက်ထားတယ်။

(မှတ်ချက်။ ။ဒိပ္ပါဘိည ဆိုသည်မှာ မငြိုမငြင် မပင်မပန်း ရဘဲ လွယ်ကူလျင်မြန်စွာ တရားအထူးသိသောဉာဏ်ကို ဒိပ္ပါဘိည ခေါ်သည်။)

ထိုအခါ ရှင်တော်မြတ်ဘုရားက အနာဂတံသ ဉာဏ်တော်ဖြင့် ရှုမျှော်ဆင်ခြင်ပြီးလျှင် 'အို-ချင်သွီး၊ သင်ယခုပြုလုပ် လှူဒါန်း ရတဲ့ ဒါနကုသိုလ် စေတနာ ရည်ရွယ်ဆုတောင်းတဲ့ အာသိသပတ္ထနာ တို့ကြောင့်နောင်ကမ္ဘာတသိန်းလွန်လေသောအခါ ဂေါတမမြတ်စွာ ဘုရား ထင်ရှားစွာ ပွင့်တော်မူလိမ့်မယ်။ ထိုလက်ထက်တော်အခါ ကုဏ္ဍလကေသာဟူသောအမည်ဖြင့် ဒိပ္ပါဘိညတေဇဂ်ဘွဲ့ထူးကိုရ၍ သံသရာဝဋ်စက်မှ လွတ်ထွက် ရလိမ့်မယ်''လို့ ဗျာဒိတ်စကား မိန့်ကြား‌တော်မူတယ်။

ထိုဗျာဒိတ်စကားကို သူဌေးသွီးကလေး ကြားတော့ များစွာ အားတက်ခြင်းဖြစ်ပြီး စာဂါနုဿတိသဘောဖြင့် လှူဒါန်းခဲ့ပြီးတဲ့ ကုသိုလ်များကို မပြတ်မလတ် မှတ်မှတ် သားသား ဆင်ခြင်လေ့ ရှိတယ်၊ မပြုရသေးတဲ့ကုသိုလ်များကိုလဲ အဆင့်ဆင့် တိုးပွါးအောင် ကြိုးစားလေ့ရှိတယ်။ တသက်ပတ်လုံး ရတနာသုံးပါး ဦးထိပ်ထား လျက် ကုသိုလ်တရားများကိုသာ ပွါးများဆည်းကပ်လေ့ ရှိတယ်။ တသက်ပတ်လုံးနေ၍ စုတေသွားတဲ့အခါ ကုသိုလ်စေတနာအဟုန် ကြောင့် တာဝတိံသာဘုံမှာ ပြည့်စုံသော စည်းစိမ်ချမ်းသာဖြင့် ဒေဝနတ်သမီး ဖြစ်ပါရော။

အဲ-ယခုပြဆိုခဲ့ပြီးတဲ့ အကြောင်းအရာများကို ထင်ရှားစွာသိ၍ ပီတိသောမနဿအဟုံဖြင့် သဒ္ဓါတုံဖူး ကွန့်မြူးကြလေအောင် ထေရီ အပဒါန် ပါဠိတော်ကြီးမှာ ပြဆိုလတ့်ံသော ဂါထာတို့ကို ဟော ကြားခဲ့ပေသတည်း။

(က) တဒါဟံ ဟံသဝတိယံ၊ ဇာတာသေဋ္ဌိကုလေအဟုံ။
နာနာရတနပဇ္ဇောတေ၊ မဟာသုခသမပ္ပိတာ။

(က) တဒါ၊ ထိုပဒုမုတ္တရဘုရားရှင်၊ ထင်ရှားပွင့်တော်မူသော အခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ဟံသဝတိယံ၊ ဟံသာဝတီ နေပြည် တော်ကြီး၌။ နာနာရတနပဇ္ဇောတေ၊ ပတ္တမြားစိန်ကြောင်၊ရတနာ အရောင်တို့ဖြင့်၊ ထိန်ပြောင်ပြိုးပြက်၍ နေသော။ သေဋ္ဌိကုလေ၊ သူဌေးအမျိုး၌။ ဇာတာ၊ ခမ်းခမ်းနားနား၊ ဖြစ်ပွါးပေါ်ပေါက်လျက်။ မဟာသုခသမပ္ပိတာ၊ ကြီးကျယ်ရိပ်ငြိမ်၊ စည်းစိမ်ခံစား၊ ခမ်းနား ထိန်ညီး၊တင့်တယ်သော သူဌေးသမီးသည်။ အဟုံ၊ဖြစ်ခဲ့ပါသတည်း။

(ခ) ဥပေတွာတံမဟာဝီရံ၊ အသောသိံ ဓမ္မဒေသနံ။
တတောဇာတပသာဒါဟံ၊ ဥပေသိံသရဏံဇိနံ။

(ခ) အဟံ၊ အကျွန်ုပ်သည်။ တံမဟာဝီရံ၊ ထိုပဒုမုတ္တရ ဘုရား သို့။ ဥပေတွာ၊ ချဉ်းကပ်လျက်။ ဓမ္မဒေသနံ၊ ဟောကြားတော် မူအပ်သော တရားတော်မြတ်ကို။ အသောသိံ၊ သဒ္ဒါနားဖြင့်၊ နာ ကြားခဲ့ပါသတည်း။ တတော၊ ထိုတရားတော်ကို နာကြားသော အခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ဇာတပသာဒါ၊ ကြည်ညိုလှစွာ၊ သဒ္ဓါတရားပေါ်ပေါက်လာသည်ဖြစ်၍။ သရဏံ၊ သုံးလောကလုံး ညွတ်ရိုးမှီခိုရာဖြစ်တော်မူပေသော။ ဇိနံ၊ ငါးမာရ်အောင်မြင်၊ဘုရား ရှင်ကို၊ ဥပေသိံ၊ ရှိသေလေးမြတ်၊ဆည်းကပ်ခစားခဲ့ပါသတည်း။

(ဂ) တဒါမဟာကာရုဏိကော၊ ပဒုမုတ္တရနာယကော။
ခိပ္ပါဘိညာနမဂ္ဂန္တိ၊ ဌပေသိဘိက္ခုနိံသုဘံ။

(ဂ) တဒါ၊ထိုအခါ၌၊ မဟာကာရုဏိကော၊ သုံးဘုံတိုက်သား၊ သတ္တဝါအများတို့၌။ အသနားဓါတ် ကြီးမြတ်တော် မူပေသော။ ပဒုမုတ္တရနာယကော၊ပဒုမုတ္တရ၊ နာမထင်ရှား၊ ရှင်တော်မြတ်ဘုရား သည်။ သုဘံ၊ တရားဓါတ်ဖြင့်၊ ကောင်းမြတ် တင့်တယ်သော။ ဘိက္ခုနိံ၊ ဘိက္ခုနီမတပါးကို။ ခိပ္ပါဘိညာနံ၊ အလျှင်အမြန် တရား သိသော ပုဂ္ဂိုလ်အပေါင်းတို့တွင်။ အဂ္ဂန္တိ၊ အမြတ်ဆုံးဟူ၍၊ ဌပေသိ၊ ဧတဒဂ်ဘွဲ့ထူးဖြင့်၊ ချီးကျူးတင်ထားတော်မူလေသတည်း။

(ဃ) တံသုတွာမုဒိတာဟုတွာ၊ ဒါနံဒတွာမဟေသိနော။
နိပစ္စပါဒေသိရသာ၊ တံဌာနံအဘိပတ္ထယိံ။

(ဃ) တံ၊ ထိုဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးတော်မူသည်ကို။ သုတွာ၊ အထင်အရှား၊ နားကြားရသည်ရှိသော်။ အဟံ၊ အကျွန်ုပ်သည်။ မုဒိတာ၊ ကြည်လင်ရွှင်ပြုံး၊ နှလုံးဝမ်းမြောက်သည်။ ဟုတွာ၊ ဖြစ်၍။ မဟေသိနော၊ ရှင်တော်မြတ်ဘုရားအား။ ဒါနံ၊ ကြီးကျယ်ခမ်းနား၊ များပြားလောက်လုံ၊ ဗိုလ်ပုံဝတ်ချီး၊ အလှူကြီးကို။ ဒတွာ၊ စေတနာဖွေးပြူ၊ ပေးလှူစွန့်ကြဲလျက်။ ပါဒေ၊ ခြေတော်အစုံကို။ သိရသာ၊ဦးခေါင်းဖြင့်။ နိပစ္စ၊ ရှိခိုးဝပ်တွား၍။ တံဌာနံ၊ ထိုဧတဒဂ်ရာထူးကို။ အဘိပတ္ထယိံ၊ နောင်အခါရပါစေကြောင်း၊ရည်ရွယ်မျှော်လျက်၊ဆုတောင်းခဲ့ပါသတည်း။

(င) အနုမောဒိမဟာဝီရော၊ ဘဒ္ဒေလဒ္ဓံတဝါဘိပတ္ထိတံ။
သမိဇ္ဈိဿတိတံသဗ္ဗံ၊ သုခီနိဗ္ဗုတာ။

(င) မဟာဝီရော၊ ဝီရိယစွမ်းအန်၊ ထက်သန်ကြီးမား၊ မြတ်ဘုရားသည်။ အနုမောဒိ၊ အကျွန်ုပ်၏ဆုတောင်းချက်ကို၊ နှစ်သက်ဝမ်းမြောက်တော်မူ၏။ "ဘဒ္ဒေ၊ အို-ချစ်သမီး၊ တေ၊ သင်ချစ်သမီးသည်။ ယံ၊ အကြင်ဧတဒဂ်ရာထူးကို၊ အဘိပတ္ထိတံ၊ ရလိုကြောင်းဖြင့်၊ ဆုတောင်းအပ်လေပြီ။ တံသဗ္ဗံ၊ ထိုဆုတောင်းချက် အလုံးစုံသည်။ သမိဇ္ဈိဿတိ၊ မချွတ်ဧကန်၊ အမှန်ပြည့်စုံလတ္တံ့သတည်း။ နိဗ္ဗုတာ၊ ကိလေသာမီး၊ ကင်းငြိမ်းပြီးသည်ဖြစ်၍။ သုခီနီ၊ မဂ်ဖိုလ်နိဗ္ဗာန်၊ သုံးတန်ချမ်းသာ၊ ခံစားကာလျှင်၊ လိုရာပြီးမြောက်၊ ဆုံးတိုင်ရောက်သည်။ ဟောတိ၊ ဖြစ်ပါစေသတည်း။

(စ) တေနကမ္မေန သုကတေန၊ စေတနာပဏိဓီဟိစ၊
ဇဟိတွာ မာနုသံဒေဟံ၊ တာဝတိံသံအဂစ္ဆဟံ။

(စ) သုကတေန၊ ကောင်းစွာပြုလုပ်ဆည်းပူးခဲ့သော။ တေန ကမ္မေနစ၊ ထိုကုသိုလ် အထူးကြောင့်၎င်း။ စေတနာပဏိဓိဟိစ၊ စေတနာဆုတောင်း၊ အကြောင်းကြောင်း တို့ကြောင့်၎င်း။ မာနုသံ ဒေဟံ၊ လူ့ဘဝကို။ ဇဟိတွာ၊ စွန့်လွှတ်သောသော၊ ရဘောချုပ်ဆုံးခဲ့

သည့်ရှိသော်၊ အပယ်၊ အကျွန်ုပ်သည်။ တာဝတိံသံ၊ တာဝတိံသာ၊ ဘွေတာဝတည်၊ ဘုံနန်းပြည်သို့။ အဂန္တုံ၊ သွားရောက် ခံစားခဲ့ရ ပါသတည်း။

အဲ-ပြဆိုခဲ့ပြီးပဲ့ အမျိုးသမီး ကလေးဟာ ပဒုမုတ္တရ ရှင်တော်ဘုရား၏လက်ထက်တွင် အချက်ကျကျ ကုသိုလ်ပုညများကို ကြိုးစားဖြည့်ဆည်းခဲ့ ဘူးသဖြင့် တာဝတိံသာ နတ်ပြည်သို့ ရောက်ပြီးတဲ့နောက် ကုသိုလ်ကံပင့်မြှောက်သဖြင့် အောက်ဘုံသို့ ကျရောက်ခြင်းမရှိဘဲ တာဝတိံသာနတ်ပြည်မှ အသက်ဟမ်းကြွေ၍ စုတေတဲ့အခါ ယာမာဘုံသို့ရောက်သွားတယ်။ ။ထိုနောက်တဘန် စုတေပြန်တော့ တုသိတာဘုံသို့ရောက်သွားပြန်တယ်။ ထို့နောက် တဘန် နိမ္မာနရတိဘုံ၊ ထို့နောက်တဘန် ပရနိမ္မိတဝသဝတ္တိဘုံ၊အဲ-သို့ကလို နတ်ဘုံအဆင့်ဆင့် မြင့်ထက်မြင့်ပြီး၊ တင့်တင့်တယ်တယ် ကြီးကျယ်ချင်တိုင်း ကြီးကျယ် သွားတာပေါ့။ ကုသိုလ်ကံ မြှောက်ပင့်လျှင် မြောက်မြင့်သို့မဆုံးနိုင်ဘူးဆိုတဲ့စကားဟာအလွန်မှန်ဘာကလား။

နတ်ပြည် ခြောက်ဆင့်မှာ မြင့်ထက် မြင့်အောင် ဖြစ်ရတဲ့အခါ သာမန်နတ်သို့မျိုး မဟုတ်ဘဲ နတ်ဘုံကို အစိုးရတဲ့ နတ်မင်းကြီးတို့၏မိဖုယားကြီး အခနန္ဒင့်သာ ခမ်းခမ်းနားနား ဖြစ်ရတယ်။ ။ နတ်ပြည်မှာငြိုးငွေ့၍လူ့ဘုံသို့ ဆင်းသက်လာတဲ့အခါမှာလဲဘုန်းကံမှိန်မှေး၍ အရှိန်သေးတဲ့ ဘဝမျိုးမှာ မဖြစ်ရဘူး။ လေးကျွန်းလုံးကို အစိုးရတဲ့ စကြာမင်း၏ မိဖုယားကြီး ဇမ္ဗူဒိပ်ကျွန်း တပြင်လုံးကို အစိုးရတဲ့ ဧကရာဇ်မင်းမြတ်တို့၏ မိဖုယားခေါင်ကြီး အဲ-သို့ကလို အမြင့်ဆုံး၊အမြတ်ဆုံး ဖြစ်တဲ့ ဘုံဘဝတို့၌သာ ကျင်လည်ဖြစ်ပွါးခဲ့ရတယ်။ ပဒုမုတ္တရဘုရားလက်ထက်တော်မှစ၍ယခုဘဒ္ဒကပ်ကမ္ဘာသို့တိုင်အောင် ယုတ်ညံ့သေးသိမ်တဲ့ ဘဝမျိုးမှာ တကြိမ် တခါမှ မဖြစ်ပွါးခဲ့ရဘဲ ကြီးကျယ် ရိပ်ငြိမ်၊ စည်းစိမ် ချမ်းသာ၊ ရတနာရွှေငွေ၊ငွေ့ရွှေသင်းပင်း၊ဆင်မြင်းရထား၊ ပေါများကုံလုံ၍၊ ဂုဏ်ရှိတဲ့ ဘဝမျိုးတို့၌သာကျင်လည်ခဲ့ရတယ်။ဖြစ်တိုင်းဖြစ်တိုင်းရှိုင်းစိုင်း

ကြမ်းကြုတ်တဲ့ ဒုက္ခမျိုးမှ ကင်းဝေးပြီး အေးအေးကြီး ချမ်းသာလာခဲ့တဲ့ အမျိုးသ္မီးကလေးပေပေါ့။

(၁၁) တတောစုတာယာမမဂ်၊ တတောဟံတုသိတံဂတာ။
တတောစနိမ္မာနရတိံ၊ ဝသဝတ္တိပုရံဂတာ။

(၁၁) အဟံ၊ အကျွန်ုပ်သည်၊ တတော၊ ထိုတာဝတိံသာနတ်ပြည်မှ၊ စုတာ၊ သက်တမ်းကြွေ၍၊ စုတေခဲ့သည်ရှိသော်၊ယာမံ၊ ယာမာနတ်ဘုံသို့။ အဂံ၊ သွားရောက်ခံစားခဲ့ရပါသတည်း၊တတော၊ ထိုယာမာဘုံမှ၊ စုတာ၊ အသက်တမ်းကြွေ၍၊စုတေခဲ့သည်ရှိသော်၊ တုသိတံ၊ တုသိတာနတ်ဘုံသို့၊ ဂတာ၊ သွားရောက် ခံစားခဲ့ရပါသတည်း၊ တတော၊ထိုတုသိတာနတ်ဘုံမှ၊ စုတာ၊ သက်တမ်းကြွေ၍ စုတေခဲ့သည်ရှိသော်၊ နိမ္မာနရတိံ၊ နိမ္မာနရတိနတ်ဘုံသို့၊ ဂတာ၊ သွားရောက်ခံစားခဲ့ရပါသတည်း၊ တတော၊ထိုနိမ္မာနရတိနတ်ပြည်မှ၊ စုတာ၊ သက်တမ်းကြွေ၍၊ စုတေခဲ့သည်ရှိသော်၊ ဝသဝတ္တိပုရံ၊ ဝသဝတ္တိနတ်ပြည်သို့၊ ဂတာ၊ သွားရောက် ခံစားခဲ့ရပါသတည်း။

(၁၂) ယတ္ထယတ္ထူပပဇ္ဇာမိ၊ တဿကမ္မဿဝါဟသာ၊
တတ္ထတတ္ထေဝရာဇူနံ၊ မဟေသိတ္တမကာရယိံ။

(၁၂) အဟံ၊ အကျွန်ုပ်သည်၊ယတ္ထယတ္ထ၊ အကြင်အကြင်ဘုံဘဝတို့၌၊ ဥပပဇ္ဇာမိ၊ ကပ်ရောက် ဖြစ်ပွါးရလေ၏။ တတ္ထတတ္ထေဝ၊ ထိုဖြစ်ရာဘုံဘဝတို့၌ သာလျှင်၊ တဿကမ္မဿ၊ ထိုပြုလုပ်ဆည်းပူးခဲ့သော ကုသိုလ်ကံအထူး၏၊ ဝါဟသာ၊ အစွမ်းရှိန်စော်၊ အာနုဘော်ကြောင့်၊ ရာဇူနံ၊ နတ်တို့သနင်း၊ နတ်မင်းဘုရင်မြတ်ကြီးတို့၏၊ မဟေသိတ္တံ၊ မိဖုယားခေါင်ကြီး၏အဖြစ်ကို၊ အကာရယိံ၊ ပြုလုပ်ခံစားခဲ့ရပါသတည်း။

(၁၃) တတောစုတာမနုဿတ္တေ ရာဇူနံစက္ကဝတ္တိနံ။
မဏ္ဍလီနဉ္စရာဇူနံ၊ မဟေသိတ္တမကာရယိံ။

(၁၃) တတော၊ ထိုပျော်ခင်းပြည့်စုံ၊ နတ်ခြောက်ဘုံမှ၊ စုတာ၊ မပျော်မမွေ့ ငြီးငွေ့စုတေ၊သက်တမ်းကြွေခဲ့သည်ရှိသော်၊မနုဿေသု၊ လူ့ဘုံလူ့ဘဝတို့၌၊ စက္ကဝတ္တိနံ၊ စကြာပတ်မြား၊ ဆင်မြင်းများ

နှင့် မိဖုယား, သူဌေး, ရင်သွေးဥက္ကဌ, သားဖြတ်ဘုန်းလှိုင်၊ လက်ကိုင်ရှိပြား၊ ရတနာချနစ်ပါးတို့၏ သခင်ဖြစ်တော်မူကုန်သော၊ ရာဇနံ၊ လေးကျွန်းသနင်း၊ စကြဝတေးမင်းတို့၏၊ မဟေသိတွံ၊ သောင်းရွှေဥဿျောင်၊ အရှင်မိဖုယားခေါင်ကြီး၏ အဖြစ်ကိုရင်း၊ မဏ္ဍလီနီ၊ ဇမ္ဗူမဏ္ဍလင်၊ ကျွန်းအပြင်ကို၊ ဂုဏ်အင်ဖြန့်မိုး၍၊ ပိုင်စိုးတော်မူကြကုန်သော၊ ရာဇနံ၊ ဘေရာဇ်မင်းတို့၏၊ မဟေသိတွံစ၊ တောင်ညာတင်ထား၊ အရှင်မိဖုယားခေါင်ကြီး အဖြစ်ကိုရင်း၊ အကာဂရယိ၊ ပြုလုပ်ခံစားခဲ့ရပါသတည်း။

(ည) သမ္ဗတ္တိ အနုဘောတွာန၊ ဒေဝေသုမာနုသေသုစ။
သဗ္ဗတ္ထသုခိတာဟုတွာ၊ နေကကပ္ပေသုသံသရိံ။

(ည) အဟံ၊ အကျွန်ုပ်သည်၊ ဒေဝေသုစ၊ နတ်နန်းဘုံဆောင်၊ ပြီးပြောင်ထိန်ဝင်း၊ ပျော်ခင်းပြည့်စုံ၊ နတ်ခြောက်ဘုံတို့၌ရင်း၊ မာနုသေသုစ၊ ကမ္ဘာ့ဝန်းကျင်၊ လူတိုင်းခွင်တို့၌ရင်း၊ သမ္ဗတ္တိ၊ ကောင်းဆိုသမျှ၊ လောကရိပ်ငြိမ်၊ မြတ်စည်းစိမ်ကို၊ အနုဘောတွာန၊ အလိုရှိတိုင်း၊ မဆိုင်းနယ်ချဲ့၊ ခံစားခဲ့၍၊ သဗ္ဗတ္ထ၊ ဖြစ်လေရာရာ၊ များစွာဘဝ၊ ဘုံဌာနတို့၌၊ သုခိတာ၊ ဆင်းရဲဟူ၍၊ မြူမငွေ့ဘဲ၊ ပြကတေ့ချမ်းသာခဲ့သည်၊ ဟုတွာ၊ ဖြစ်၍၊ နေကကပ္ပေသု၊ များပြားလှစွာ၊ ကပ်ကမ္ဘာတို့၌၊ သံသရိံ၊ အမြင့်ဆုံး အဘန်း အားဖြင့်၊ ပျော်ပါးကျင်လည် ခဲ့ရပါသတည်း။

## ယခုဘဒ္ဒကပ်အခါ ကဿပရှင်တော်ဘုရား
## လက်ထက်တော်အခါ၌
## ဖြစ်ပေါ်၍လာပုံ

အဲ-ပြဆိုခဲ့ပြီးတဲ့ အမျိုးသွီးကလေးဟာ ကမ္ဘာတသိန်းတိုင်တိုင် အောက်တန်းကျတဲ့ ဘဝအမျိုးမျိုးတွေကို ရှောင်ကွင်း၍ ကောင်းခြင်းနှင့်ပြည့်စုံတဲ့ဘုံတခွင်မှာကျင်လည်ခဲ့ပြီးတဲ့နောက် ယခုဘဒ္ဒကပ်ကမ္ဘာသို့ရောက်တော့၊ ကဿပရှင်တော်ဘုရား၏ လက်ထက်တော်မှာ ကိကီမင်းကြီးရဲ့ သွီးတော် တပါးဖြစ်လာတယ်။

ကဿပဘုရား ထင်ရှားပွင့်တော်မူလာတဲ့အခါ အသက်တမ်းကလဲနှစ်သောင်းဘဲ၊ ဗာရာဏသီ ပြည့်ရှင် ဘုရင်မင်းမြတ်ကြီး၏ ရင်သွေးတော် အစစ်ဖြစ်လာတယ်ဆိုတော့ အထူးချီးမွမ်းရန် မလိုတော့ဘူးပေါ့။ ။ထိုကိကီမင်းကြီးမှာ သမီးတော် ခုနစ်ပါး ထွန်းကားလာတယ်။ ထိုသမီးတော် ခုနစ်ပါးတို့၏ အမည်မှာတော့ သည့်လိုတဲ့(၁)သမဏီ၊(၂)သမဏဂုတ္တာ၊(၃)ဘိက္ခုနီ၊(၄)ဘိက္ခုဒါယိကာ၊(၅)ဓမ္မာ၊(၆)သုဓမ္မာ၊ (၇) သံဃဒါယိကာ၊ ဆဲသည့်ခုနစ်ပါး ဖြစ်ကြပေတယ်။

ပြဆိုခဲ့ပြီးတဲ့ အမျိုးသမီးကလေး ကတော့ ထိုသမီးတော် ခုနစ်ယောက်တို့တွင် ဘိက္ခုဒါယိကာ, အမည်ရှိတဲ့ စတုတ္ထသမီးတော် ဖြစ်လာတယ်။ ထိုအခါ ကဿပရှင်တော်ဘုရားဟောကြားတော်မူတဲ့ တရားတော်ကို ကြားနာရတော့ ငယ်ရွယ်စဉ်ကပင် ပျော်ပျော်ရွှင်ရွှင်နှင့်လူတို့ဘောင်မှာ ဝတ်ကြောင်နှင့် နေလိုဘဲ့ ဆန္ဒမရှိသဖြင့် သာသနာတော်ဘောင်သို့ဝင်ပြီး ရဟန်းပြုချင်စိတ်အလွန်ထက်သန်နေတယ်၊ ။ခမည်းတော်ကိကီမင်းတရားကြီးထံသို့ကပ်၍ရဟန်းပြုလိုကြောင်းနှင့် ခွင့်ဘောင်းပါသော်သဲ့ခွင့်ပေးတော်မမူဘူး။ ။ငါ့သမီးဘော်ခုနစ်ပါးကိုတသက်ပတ်လုံး ရှုစားတော်မူလိုတယ်၊ နန်းဘော်မှထွက်ရှောင်၍ သာသနာတော်ဘောင်၌ ရဟန်းပြုရန်ခွင့်ပေးတော်မမူဘူး၊ သမီးတော်ခုနစ်ပါးတို့က ကုသိုလ်ရေးနှင့် ပျော်မွေ့လိုကြပါလျှင် လူဝတ်ကြောင်နှင့်သာ အသိရှိသမျှ လှူဒါန်းစွန့်ကြဲ၍ သိဘင်းသီလကို အလိုရှိသမျှစောင့်သုံးနေကြရမယ်၊ ကုသိုလ်ရေးများ၌သိုက်စားပျော်မွေ့သည်ကို တားမြစ်တော်မမူဘူး၊ဆဲ-သို့ကလို ကိကီခင်းကြီးက သမီးတော်များကို မိန့်ကြားတော်မူသတဲ့၊

ခမည်းတော်ဘုရားကြီးထံမှ ရဟန်းပြုရန် အခွင့်မရတဲ့အခါက် သမီးတော်ခုနစ်ပါးတို့သည်၊ အညီအညွတ် စည်းဝေး တိုင်ပင်ကြပြီး ငယ်ရွယ်စဉ်ကစ၍ အသက်ဆုံးသည့် တိုင်အောင် ကောမာရီမြဟ္မစရိယအကျင့်ကို ကျင့်သုံးကြတယ်၊ ကောမာရီမြဟ္မစရိယအကျင့်ဆိုတာ ကုမ္မာရီရွယ် ငယ်ငယ် ကလေးကစပြီး အသက် ဆုံးသည့်

တိုင်အောင် ဒိဓိရာထောင်ခြင်းဆိုတဲ့ အလေ့အကျက်မှာ အခွေ အသက်လောက်မှ မလိုက်စားဘဲ မိန်းမတို့ဘဝတွင် ပုလဲအသွင် ပြုစင်မြင့်မြတ်ဘဲ့ အကျင့်မျိုးပေပေါ့ "အသီးဆိုလျှင် ယင်ပိုးမှမသန်းရ" ဆိုတဲ့ စကားနှင့်အညီဖြစ်ပေတယ်။

ကောမာရီဗြဟ္မစရိယအကျင့် ဆိုတာ ယောကျာ်းများနှင့် မဆိုင်ဘူး။ မိန်းမတို့နှင့်သာသက်ဆိုင်တဲ့ အကျင့်မြတ်ဖြစ်ပေတယ်။ သည်အကျင့်မြတ်ကို ကျင့်တဲ့အမျိုးသမီးကလေးများဟာ ၁၂-နှစ်အရွယ်က စပြီး ဆယ်ပါးသီလကို မကျိုးမပေါက်ရအောင် စင်စင်ကြယ်ကြယ် စောင့်သုံးရတယ်။ ယောကျာ်းတို့နှင့် စပ်လျဉ်းပြီး ခြေဖျား လက်ဖျား, တို့ထိခြင်း မရှိစေဖြောင့်တဲ့ စိတ်မျိုးဖြင့် ယောကျာ်းတို့၏ မျက်နှာကို ကြည့်ရှုခြင်း၊ ပြုံးပြုံးရယ်ရယ်စကားပြောဆိုခြင်း၊ အနီးအနားကပ်၍ ထိုင်နေခြင်း၊ အဲသည်လိုအမူအရာမျိုးကို မပြုမလုပ်ရဘူး။ ။ယခု ပြဆိုခဲ့တဲ့အတိုင်း ကောမာရီဗြဟ္မစရိယ အကျင့်ကို အသက်ဆုံးသည့်တိုင်အောင် ကွင်းလုံးကျွတ် ကျင့်ကြံလို့ သွားနိုင်ခဲ့ပါလျှင် သံသရာမှတခါထဲ နှလံထသွားတာပေါ့။

တသက်ပတ်လုံး ဒိဓိထောင်မှုကိုမပြုဘဲ ငယ်ဖြူ အပျိုကြီးအဖြစ်ဖြင့် စင်စင်ကြယ်ကြယ် နေထိုင်သော်လဲ ကောမာရီ ဗြဟ္မစရိယ အကျင့်ကို မကျင့်ဘဲ ဟိုးလေး,ဟားလေးနှင့် နေထိုင်သွားခဲ့ပါလျှင် အပျိုကြီး လုပ်နေဘာ အကျိုးမနပ်ဘူးလို့ ဆိုလိုတာပေါ့။ ။အဲ- သို့ကြောင့် ကိုယ့်အကျိုး, ကိုယ့်စီးပွါး အရာတွင်၊ လိမ္မာမြော်မြင်၍ နောင်သံသရာ တခွင်မှာ အစဉ်သဖြင့် ချမ်းသာ လိုကြ ပါလျှင်။ ကောမာရီဗြဟ္မစရိယ အကျင့်ကို တဘဝကလေးလောက် ဖြစ်ဖြစ် ကျင့်ကြံအားထုတ်သင့်ကြပေတယ်။

ပြဆိုခဲ့ပြီးတဲ့စတုဿတ္တီးတော်ကလေးဟာကောမာရီဗြဟ္မစရိယ အကျင့်ကို စင်စင်ကြယ်ကြယ် ကျင့်ကြံရုံမျှမက ဝိသေသ အထူးအားဖြင့် အရှင်သံဃာတော်များ ဘိတင်းသုံး နေတော် မူကြရန် ကျောင်းကန်တိုက်တာအရာဓိကြီးတခုကို ပြုလုပ်တည်ထောင်ကာ သံဃိက ဒါနအဖြစ်ဖြင့် လှူဒါန်းပြန်ဘယ်။ ။အသက် နှစ်သောင်း

ကာလပတ်လုံး၊ လောကီအလေ့ဘက်မှာ အငွေ့အသက်လောက်မျှ မလိုက်စားဘဲ၊ သူတော်ကောင်း တရားဖြင့်သာ အချိန်ကိုလွန်စေလျက်၊ အသက်တမ်းကြွေ၍ စုတေတဲ့အခါ တာဝတိံသာနတ်ပြည်မှာ ဖြစ်သွားတယ်။

(၃၃) ဍုမဖြိဘဒ္ဒကေကာပွေ၊ဖြိုဟ္ဗဇန္ဒုမြဟာယသေး။
ကာဿပေါနာမနာမေန၊ဥပ္ပန္နိဝဒတံဝရော။

(၃၃) ဍုမဖြိဘဒ္ဒကေကပ္ပေ၊ ဤဘဒ္ဒကပ်ကမ္ဘာ၌။မဟာယသော၊ ခေတ်လုံးတုံအောင်ဘုန်းဂုဏ်ရောင်ဖြင့်ကျော်စောတော်မူပေသော။ ဖြိုဟ္မဗန္ဓု၊ ဗြဟ္မာမင်းကြီး၏ အဆွေတော်လည်း ဖြစ်တော်မူပေထသေး။ဝါ-အမျိုးသားတို့တွင်၊ပုဏ္ဏားမျိုးဖြစ်တော်မူပေထသော။ ဝဒတံ-ဝဒန္တာနံ၊ အဖြတ်တရားဟောကြားသော ပုဂ္ဂိုလ်အပေါင်းတို့တွင်၊ ဝရော၊ အမြင့်ဆုံး, အမြတ်ဆုံးလည်း ဖြစ်တော်မူထသော။ နာမေန၊ အမည်ဘော်အားဖြင့်၊ ကဿပေါနာမ၊ ကဿပမည်တွင်၊ ဘုရားရှင်သည်၊ဥပ္ပဇ္ဇိ၊ပွင့်တော်မူလေသတည်း။

(၃၄) ဥပဋ္ဌာကောမဟောသိ သဿ၊တဒါအာသိနရိဿရော။
ကာသိရာဇာကိကီနာမ ဗာရာဏသိပုရုတ္တမေ။

(၃၄) တဒါ၊ထိုကဿပဘုရား၊ ထင်ရှားပွင့်တော်မူသောအခါ၌၊ ဗာရာဏသိပုရုတ္တမေ၊ဗာရာဏသီပြည်တော်မြတ်ကြီး၌၊နရိဿရော၊ လူတို့ကို အစိုးရတော်မူသော၊ ကိကီနာမ၊ ကိကီ အမည်ရှိသော၊ ကာသိရာဇာ၊ ကာသိတိုင်းပိုင်၊ ဘုန်းလျှံထွန်းသီး၊ မင်းမြတ်ကြီးသည်၊ အာသိ ထင်ရှားရှိတော်မူလေ၏၊ သော၊ ထိုကိကီမင်းတရားကြီးသည်၊မဟေသိဿ၊အရှင်ဘော်မြတ်ဘုရား၏၊ဥပဋ္ဌာကော၊ အမြဲမပြတ် ဆည်းကပ်လုပ်ကျွေးသော ဒါယကာမြတ်ကြီးပေတည်း။

(၃၅) တဿဓိတာစတုတ္ထာသိံ၊ဘိက္ခုဒါယိတိဝိဿုတာ။
ဓမ္မံသုတွာဇိနဂ္ဂဿ၊ ပဗ္ဗဇ္ဇံသမရောစယိံ။

(၃၅) အဟံ၊ အကျွန်ုပ်သည်၊ တဿ၊ ထိုကိကီမင်းတရားကြီး၏၊စတုတ္ထာ၊ လေးယောက်မြောက်ဖြစ်သော၊ ဘိက္ခုဒါယိ တိ၊

ဘိက္ခုဒါယိဟူ၍၊ ဝိသုတာ၊ ထင်ရှားကျော်စောသော၊ မိတာ၊ သွီးတော်မြတ်သည်၊ အးသိံ၊ ဖြစ်ခဲ့ပါသတည်း၊ တဒါ၊ ထိုအခါ၌၊ အဟံ၊အကျွန်ုပ်သည်၊ဗိနဂ္ဂုသ ငါးမ:ရ်အဆောင်လတ်၊ဘုရားမြတ်၏၊ ဓမ္မံ၊ တရားတော်ကို၊ သုတွာ၊ ကြားနာရသည့်ရှိသော်၊ ပဗ္ဗဇံ၊ ရဟန်းပြုရန် အရေးကို၊ သမရောစယိံ၊ လိုလားနှစ်သက်ခဲ့ ပါသတည်း၊

(၈) အနုဇာနိနေ ဘာတော၊အာဂါရေဝတဒါမယံ၊
ဝိသဝသသ ဟာသာနိ ဝိစရိမှအတန္ဒိကာ။

(၈) တဒါ၊ ထိုသို့ရဟန်းပြုရန်၊ တောင်းပန်လျှောက်တင်ကြသောအခါ၌၊ တာတော၊ ခမည်းတော်မင်းတရားကြီးသည်၊ နော၊ အကျွန်ုပ်တို့အား၊နုအနုဇာနိ၊ ရဟန်းပြုရေး အခွင့်ပေးတော်မမူချေ၊ တဒါ၊ထိုသို့ အခွင့်မပေးသောအခါ၌၊မယံ၊ အကျွန်ုပ်သွီးတော် ခုနစ်ပါးတို့သည်၊ အာဂါရေ၊ ရွှေနန်းတော်ကြီး အတွင်း၌ပင်လျှင်၊ ဝိသဝဿသဟာသာနိ၊ အနှစ်နှစ်သောင်းတို့ပတ်လုံး၊ အတန္ဒိကာ၊ ကုသိုလ်ရေး၌၊စိတ်လေးပျင်းရိခြင်းမရှိကြကုန်ဘဲ၊ဝိစရိမှ၊လှည့်လည်ပျော်ပါးကာ နေထိုင်ခဲ့ကြ ပါကုန်သတည်း၊

(၉) ကောမာရီဗြဟ္မစရိယံ၊ ရာဇကညာ သုခေဓိတာ၊
ဗုဒ္ဓေါပဋ္ဌာနနိရတာ မုဒိတာ သတ္တ ဓီတရော၊

(၉) သတ္တဓီတရော သွီးတော်ခုနစ်ပါးဖြစ်ကုန်သော၊ ရာဇကညာ၊ မဟာနွယ်ရိုး၊ အမျိုးမြတ်စွာ၊ နတ်ကညာလည်းဖြစ်ကြကုန်သော၊မယံ အကျွန်ုပ်တို့သည်၊သုခေဓိတာ၊နန်းတော်တွင်း၌ချမ်းသာစွာ ကြီးပြင်းကြကုန်သည်ဖြစ်၍၊ ကောမာရီဗြဟ္မစရိယံ၊ ကုမ္မာရိခေတ်၊အပျိုစစ်က၊ အသစ်စက်စက်၊မပျက်သောအား၊ ယောကျ်ားတခုံ မဆက်ဆံခြင်းတည်းဟူသော၊ ကောမာရီ ဗြဟ္မစရိယ၊အကျင့်မြတ်ကို၊ စရိတွာန မယွင်းမသုန်၊ ကျင့်ကြကုန်၍၊ ဗုဒ္ဓေါပဋ္ဌာနနိရတာ၊ ရှင်တော်ဘုရား ခစားဆည်းကပ်၊အလေ့မြတ်၌သာ၊ မပြတ်မွေ့လျော်ကြကုန်လျက်၊ မုဒိတာ၊ မငြီးမငွေ့၊ပျော်မွေ့ရွှင်ပြုံး၊ စိတ်နှလုံး အေးမြကြကုန်သည့်၊အသိမှာ၊ဖြစ်ခဲ့ကြပါစေကုန်သတည်း။

အဲ-ယခုပြဆိုခဲ့ပြီးတဲ့အတိုင်း ကိုကိုမင်းကြီး၏ သွီးတော် အဖြစ်နှင့် အနှစ်နှစ်သေ: င်း နေထိုင်ခဲ့ပြီး အသက်တမ်း ကုန်၍ လူ့ဘုံမှ စုတေသွားတဲ့အခါ တာဝတိံသာ နတ်ပြည်မှာဖြစ်ရပြန်တယ်။ ။ ဆဲသည့်ဘဝမှအစပြုပြီး ယခုရှင်တော်ဘုရား လက်ထက်တော်သို့ တိုင်အောင် အပါယ်လေးပါးသို့ မလားမကပ်ဘဲ လူ့ရပ် နတ်ရွာ ချမ်းသာတဲ့ ဘုံဘဝတို့၌သာ ကျင်လည် ကျက်စား ပျော်ပါးမွေ့လျော်လို့နေခဲ့ရတယ်။

## အဆုံးဘဝသို့ရောက်လာခြင်း

ယခုရှင်တော်ဘုရားလက်ထက်တော်သို့ကျတော့ ဆိုခဲ့တဲ့ အမျိုးသွီးကလေးဟာ ရာဇဂြိုဟ်ပြည်ဝယ် ကြီးကျယ်ခမ်းနား ပစ္စည်းဥစ္စာပေါများတဲ့ သူဌေးကြီး၏ သွီးကလေး ဖြစ်လာတယ်။အမည်မှာတော့ "ကုဏ္ဍလကေသာ"တဲ့ သို့ရာတွင် ငယ်ရွယ်စဥ်က အမည်ရင်းမှာတော့ 'ဘဒ္ဒါ''လို့ မှည့်ခေါ်ကြတယ်။

## ထိုနေ့မှာပင် ခိုးသားကလေးတယောက် ဘွားမြင်၍လာပြန်ခြင်း။

ဆိုခဲ့တဲ့ သူဌေးသွီးကလေး ဘွားမြင်တဲ့ ညမှာပင် ရာဇဂြိုဟ်ပြည်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီး၏ ပုရောဟိတ် ပုဏ္ဏားကြီးအိမ်မှာ သားယောကျ်ားကလေးတယောက် ဘွားမြင်လာတယ်။ ဘွားမြင်သည်နှင့် တပြိုင်နက် ရာဇဂြိုဟ် တပြည်လုံးမှာ ရှိတဲ့ လက်နက်တွေဟာ ပြိုးပြိုးပြောင်ပြောင်နှင့် အရောင်ထွက်ကြတယ်။ ထိုအခါ တမြို့လုံးအထိတ်တလန့်ဖြစ်သွားတယ်၊ နန်းတော်တွင်၊မှာဗိမ္ဗိသာရမင်းကြီး ကိုယ်တော်တိုင် ကြောက်ပဲ့စိတ်နှင့် ထိတ်ခနဲ တုန်လှုပ်သွားသတဲ့။

## နက္ခတ်ကိုကြည့်ရှုခြင်း။

ထူးဆန်းတဲ့တိတ်နိမိတ်တွေပေါ်လာတော့ ဘခင်ဖြစ်ဟ ပုရောဟိတ် ပုဏ္ဏားကြီးက ကောင်းကင်ကို မော်၍ ကြည့်လိုက်ရာ စောရ

နက္ခတ် မွန်းတည့်ခိုက်နှင့် ကြုံနေသဖြင့် ''ဩော်-ယခုမွေးဘွားတဲ့ ငါ့သားကလေးဟာ တိုင်းနိုင်ငံတရိုးမှာ ဆိုးချင်တိုင်းဆိုးတဲ့ သူခိုး ဓါးပြဖြစ်မဲ့ကောင်ကလေးပါလား။ စောရနက္ခတ်နှင့် ကြုံနေပေါ့။ အပုံကြီး စိတ်မချမ်းသာတို့ ဖြစ်တော့ခယ်'' အဲ-သို့ကလို ဆင်ခြင် စဉ်းစားခဲ့တယ်။ ။လောကီဗေဒင်ကျမ်းများဟာ မှန်ချင်တဲ့ အခါ လွန်စွာမှန်တတ်ထာမျိုးဘဲ၊ သူခိုးနက္ခတ်နှင့် ယှဉ်၍ မွေးဘွားခဲ့ပါ လျှင်၊ မိဘတို့မှာ ပစ္စည်းဥစ္စာ ဘဲ့ကလောက်ပင်ရှိသော်လဲ မခိုးဘဲ နေလို့မရ မဆိုးဘဲနေလို့မရဘူးတဲ့။

နောက်တနေ့နံနက် ပုရောဟိတ်ပုဏ္ဏားကြီးသည် ညီလာခံဝင် မြဲတိုင်း ဘုရင့်ထံသို့ပင် သွားလေရာ ဘုရင်မင်းမြတ်က လွန်ခဲ့တဲ့ ညအခါ လက်နက်ရောင်တွေ ပြိုးပြိုးပြောင်ပြောင် တောက်ပသဖြင့် ကြောက်လှတဲ့အတွက် စက်တော်ခေါ် လို့ မရကြောင်းနှင့် အမိန့် တော်ရှိတယ်။ ။ထိုအခါ ပုရောဟိတ်ပုဏ္ဏားကြီးကမှန်တဲ့အတိုင်း ဘွင့်တင်၍လျှောက်သည်မှာ' လက်နက်အရောင်ပြိုးပြိုးပြောင်ပြောင် တောက်ပခြင်းမှာ အခြားကြောင့်မဟုတ်ပါ၊ဘုရား့ ကျွန်တော်မျိုးမှာ လွန်ခဲ့ဘဲ့ညက သားတယောက် ဘွားမြင်ပါသည်၊စောရနက္ခတ်နှင့် ယှဉ်၍ ဘွားမြင်ဘဲ့အတွက် နိုင်ငံတော်တရိုးမှာ လူဆိုးတယောက် ဖြစ်ပါလိမ့်မယ်ဘုရား၊ ဘုရင်မင်းမြတ်၏အတွက်မှာ စိုးရိမ်ဘွယ်ရာ မရှိပါ။ အဲ-သို့ကလိုလျှောက်ထားတယ်။

ထိုအခါ ဘုရင်မင်းမြတ်က ''ထိုးနန်းစည်းစိမ်အတွက် စိုးရိမ် ဘွယ်မရှိလျှင် အရေးမပြုလောက်ပေ။ ဆုံးမသွန်သင်၍သာ မွေးမြူ ပေတော့၊'' ဤကဲ့သို့မိန့်တော်မူတဲ့အတွက် ပုရောဟိတ်ပုဏ္ဏားကြီး လည်း အိမ်သို့ပြန်လာပြီး မိမိသားကို နက္ခတ်အားလျော်စွာ ''သတ္တုက'' ရယ်လို့အမည်ပေးပြန်တယ်။ ။သတ္တုကဆိုတဲ့စကား ကို မြန်မာလိုပြန်ရပါလျှင် ' မောင်ရန်စွယ်'' ရယ်လို့ဆိုရမှာပေါ့၊

မောင်ရန်စွယ် ဆိုတဲ့ သူငယ်ကလေးဟာ ရှစ်နှစ်, ကိုးနှစ် လောက် အရွယ်ရောက်လာတော့၊ သူတပါးတို့အိမ်မှာ တွေ့သမျှ

သော ပစ္စည်းတို့ကို ခိုးယူပြီး မိဘတို့အိမ်သို့ ဆောင်ကြဉ်းလာတယ်။ ပုရောဟိတ်ပုဏ္ဏားကြီးအိမ်မှာ ခိုးရာပါ ပစ္စည်းတို့ဖြင့် ပြည့်နှက်လို့နေပါရောတဲ့။ သူ့စရိုက်ဝသီပါလာတော့၊ သူ့ဝါသနာအတိုင်းပြုလုပ်ထားပေါ့။ ။ဘခင်ဖြစ်တဲ့ပုရောဟိတ်ပုဏ္ဏားကြီးက ငယ်ရွယ်စဉ်ကစပြီး၊ မိမိသားကလေးကို ဆုံးမချက်အမျိုးမျိုးတို့ဖြင့် ခိုင်းချင်တဲ့ဝါသနာစရိုက်တွေ ပျောက်ကင်းအောင် ဆုံးမပါသော်လဲ၊ နဂိုဇာတိရင်းက ဓါတ်အကင်းပါလာသဖြင့်၊ ဆုံးမလေသမျှ၊ သဲရေသွန်ကျဖြစ်ကုန်တော့တာဘဲတဲ့။ ။ဘုရင်မင်းမြတ် ကိုးကွယ်တဲ့ မင်းဆရာပင်ဖြစ်ပါသော်လဲ၊ မိမိသားကိုတော့ ပိပြားအောင် မဆုံးမနိုင်ဘူး။

မောင်ရန်စွယ်ဆိုတဲ့ သူငယ်ကလေးဟာ ပုရောဟိတ်ပုဏ္ဏားကြီး၏သားဖြစ်တဲ့အတိုင်း၊ ရုပ်ဆင်းအင်္ဂါအားဖြင့် ရူခြင်စဘွယ် တင့်တင့် တယ်တယ်ရှိတယ်။ ''**အဆင်းကောင်းသော်လဲ အချင်းမကောင်း**'' ဆိုတဲ့ စကားအတိုင်း၊ ရုပ်ဆင်း ရူပကာယ သာပ တင့်တယ်ပါသော်လဲ၊ အချင်းစရိုက်ကတော့ မိုက်ချင်တိုင်း မိုက်နေတာပေါ့၊ ရုပ်ဆင်းအင်္ဂါနှင့်မလိုက်ဘူး ။လူလားမြောက်၍ တဆဲ့ခြောက်နှစ် အရွယ်သို့ရောက်လာတော့၊ ရုပ်ဆင်းအင်္ဂါမှာ သာလို့ပင် တင့်တယ်ပေတယ်။''**သံပုရာသီးနို - ကြီးလေ ချဉ်လေ**'' ဆိုတဲ့ စကားအတိုင်း အရွယ်ကြီးလာလေလေ ဆိုးဝါးလေလေ ဖြစ်နေတာပေါ့။

ခိုးလိုက်တဲ့အခိုးမှာတော့ ပြောစရာမရှိတော့ဘူးတဲ့။ ရာဇဂြိုဟ်တမြို့လုံးမှာရှိဘဲ့ အိမ်တွေဟာ၊ သူမခိုးဘူးတဲ့အိမ်၊ သူမဖောက်ထွင်းဘူးတဲ့အိမ်ချယ်လို့ မရှိတော့ဘူးတဲ့။ အစွမ်းသတ္တိနှင့်ပြည့်စုံတဲ့အဘွက် သူ့ကိုလဲ မိအောင်မဘမ်းနိုင်ကြဘူး။ ဂုဏ်ဒြပ်ထင်ရှားတဲ့ ပုရောဟိတ်ပုဏ္ဏားကြီး၏သားဖြစ်နေတော့၊အမျှားကပင် ကြောက်ရွံ့ထိတ်လန့်ကြတယ်။အဲ-သို့ကလောက် ဆိုးဝါး သောင်းကျန်းနေတဲ့အခါ၊ ပုရောဟိတ် ပုဏ္ဏားကြီးက သားကို မနိုင်တဲ့အတွက် ''ယနေ့ကစပြီး ငါ့ဘို့ကို မိဘလို့ မပြောနှင့်တော့။ အိမ်ကိုလဲ

ဘယ်အခါမှ ပြန်မလာနိုင်တော့၊မောင့်သဘောအတိုင်းစိုင်းချင်တိုင်း စိုင်းပေတော့။မိဘတို့အပေါ်မှာ ရာဇဝတ်အပြစ်ဒဏ် အထိအခိုက် မခံနိုင်ဘူး။'' ဆဲ-သည့်လို ပြောဆိုကာ အိမ်မှနှင်ထုတ်လိုက်ခဲ့တော့၊ သဏ္ဍုကြဆိုတဲ့ မောင်ရန်ငွယ်မှာလဲ ညှိုးငယ်ခြင်းမရှိဘဲ ရွှင်လန်း ဝမ်းမြောက်စွာ အိမ်မှ ထွက် သွား ထယ်။ သည် အခါ ကျ တော့၊ လွတ်လွတ်လပ်လပ်ကြီး ဆိုးခွင့်ရတာပေါ့။

## ကုဏ္ဍလကေသာ အရွယ်ရောက်လာခြင်း

ပြဆိုခဲ့ပြီးတဲ့ သူဌေးသမီးကလေး ကုဏ္ဍလကေသာဟာလဲ သူဌေးသမီးတို့၏ ကြီးပွါးခြင်းဖြင့် ချမ်းချမ်းသာသာ ကြီးပွါး၍လာခဲ့ ရာ၊ တဆဲ့ခြောက်နှစ်ကျော်ကျော်လောက် အရွယ်သို့ရောက်တော့ ဝင်းတောက်သစ်လွင် ရွှေစင်ရှော်ဦးကဲ့သို့ အထူးသဖြင့် လှပ တင့်တယ်၍၊ ကြည့်ရှုဘွယ်ကောင်းတဲ့ အဆင်းအသရေနှင့် ပြည့်စုံ တယ်၊ မိဘနှစ်ပါးကလဲ သမီးကလေးဟယောက်ကို ချီးမြှောက်ချင် တိုင်း ချီးမြှောက်၊ အလိုလိုက်ချင်တိုင်းလိုက်ပြီး၊ သမီးအကြိုက်ကိုသာ ရှက်ဆောင်လို့နေကြတယ်။ ။သူဌေးသားပေါင်း များစွာတို့က ကုဏ္ဍလကေသာရဲ့ ကျေးဇူးသတင်းကို နားတွင်းမှာ မဆန့်အောင် ကြားရလေရာ အာသာရမက်နှင့် နှစ်သက်ခုန်မင်၊ ပေါင်းသင်းချင် ကြသောကြောင့်၊ လက်ဆောင်ပဏ္ဏာ အမျိုးမျိုးတို့ဖြင့် ဆက်သွယ် ကြပါသော်လဲ၊ ကုဏ္ဍလကေသာရဲ့ ဘခင်သူဌေးကြီးက ငါ့သမီးနှင့် အဘက်မတန်ဘူးဆိုတဲ့ စကားကိုသာ မကြာမကြာ ပြောကြား ပြီး ဆက်သွယ်လာကြတဲ့ သူဌေးသားကလေးတွေကို ထွန်းလှန် ပစ်လေ့ရှိတယ်။

ကုဏ္ဍလကေသာဆိုတဲ့ သမီး ချော က လေး က လဲ သူမြင်ရတဲ့ သူဌေးသားတွေကို တပ်မက် စွဲလမ်းခြင်းမရှိဘဲ၊ သည်သဏ္ဍာဝါ ကောင်ကလေးတွေဟာ အရုပ်ကဆိုးပါဘိသနဲ့၊ ငါလိုမိန်းမမျိုးနှင့် အဘက်မတန်ဘူး၊ဆဲ-သို့ကလိုမာန်တက်ပြီးအထက်တန်းကျတဲ့စိတ် မျိုးတွေနှင့်သာ စိတ်ကြီးဝင်နေသဘ်။ မိဘချားကလဲ တပင်တိုင်

နန်းမှာ ထားတဲ့ မင်းသမီးကလေးများလို သမီးကို အလိုလိုက်ကြသဖြင့် အလွန်ကောင်းမြတ်တဲ့ ဘုံပြာသာဒ်တခုကို ဆောက်လုပ်ပြီး ရွှေရံ အပျိုပေါင်းများစွာတို့နှင့်တခမ်းတနားစံစားရအောင်အစွမ်းရှိသမျှ ချီးမြှောက်လို့ ထားကြတယ်။ ။အဲ-သို့ကလို ကြီးကျယ်ခန်းပြား၍ ခမ်းနားတဲ့ စည်းစိမ်တွေနှင့်နေရတော့ ကုဏ္ဍာလ ကေသာဟာ ဘယ်မှာစိတ်ကြီး မဝင်ဘဲ နေနိုင်ပါတော့မလဲ။

## သတ္တုကခိုးသူကြီးကို ဘမ်းဆီးခြင်း။

သတ္တုကဆိုတဲ့ မောင်ရန်စွယ်၏ သောင်းကျန်း ဆိုးဝါးပုံများကို တိုင်းနိုင်ငံက မခံနိုင်ကြသဖြင့် ဘုရင်မင်းမြတ်၏ ရွှေနားတော် ကြားအောင် ဆူဆူပူပူလုပ်ကြတယ်။ ။သည်အကြောင်းကို ဘုရင်မင်းမြတ် ကြားတော်မူတော့ ကိုယ်တော်တိုင်မြို့ကို လှည့်ပြီး စုံစမ်းတော်မူရာ တမြို့လုံးရှိရှိသမျှ အိမ်တိုင်းမှာ သတ္တုက ခိုးသူ၏ လက်ချက်နှင့် မကင်းဘဲ အညွှင်းဆဲ ခံကြရပုံ များကို ကိုယ်တိုင်ဒိဋ္ဌသိရှိတော်မူရတဲ့အခါ မြို့ဝန်ကြီးကို ခေါ်ပြီး "ငါ၏ နိုင်ငံတော်မှာ သတ္တုကဆိုတဲ့ ခိုးသားဟာ လွန်စွာသောင်းကျန်းနေတယ် မဟုတ်လား။သူ့လက်ချက်ကြောင့် တမြို့လုံး ဆူပွက်ကုန်ကြပြီ၊နေ့အခါမှာလဲ ကောင်းစွာမစားရ၊ ညအခါမှာလဲ ကောင်းစွာမအိပ်ရ၊ တိုင်းသူပြည်သား တွေ သို့ က လောက် ဒုက္ခ ရောက် နေ တာ ကို မောင်မင်းတို့ မဘမ်းဆီးဘဲ ဘယ်အတွက်ကြောင့် လစ်လျူရှုကာ နေနိုင်ကြသလဲ၊မကြာမီအတွင်း သတ္တုကသူခိုးကြီးကို ဘမ်းဆီး၍ ရွှေလက်တော်ရောက် ဆက်သကြရမယ်။ မောင်မင်းတို့ မဆက်သနိုင်လျှင် ရာဇဝတ်ပြစ်ဒဏ်ဖြင့် အဆုံးတိုင် စီရင်တော်မူမယ်" အဲ-သို့ကလို တချက်လွှတ် အမိန့်ကို ထုတ်ပြန်တော်မူတယ်။

ထိုအခါ မြို့ဝန်ကြီးက "သတ္တုကခိုးသူကြီးကို မကြာမီ ဘမ်းဆီး၍ ရွှေလက်တော်ရောက်ဆက်သပါမည်ဘုရား။ အေးအေး သာသာ စံနေတော်မူပါ" အဲသို့ကလိုလျှောက်ထားပြီး ဘုရင့်ထံပါးမှ ခွါခဲ့၍ စစ်သည်ဗိုလ်ထုများကို စုဆောင်းပါရော။ ။တိုင်းသူပြည်သား

လူအမျိုးတို့ကလဲ သဏ္ဍုက ခိုးသူကြီးကိုလက်ရဘမ်းဆီးမယ်ဆိုတဲ့ သတင်းကို ကြားရတော့ သူထက်ငါ မြို့ဝန်ကြီးအထံသို့ လာပြီး ဘမ်းဆီးမည့်အရေးတွင် ပါဝင်လိုပါကြောင်းနှင့် ခွင့်တောင်းကာ ဝင်ရောက်ကြတယ်။ သဏ္ဍုကခိုးသူကြီး၏ အရေးကြောင့် စစ်တပ်ကြီးတွေ ဘွဲ့စည်းရတာပေါ့၊ အလွန်တန်ခိုးကြီးတဲ့ သူခိုးကြီးပေဘဲ။

အဲ-သို့ကသို တနိုင်ငံလုံး စစ်တပ်ကြီးဘွဲ့ပြီး မြို့ရော,တောရော, မကျန်အောင် ကွက်မိဂ်ရိုက်သလို ရှာဖွေကြတော့၊ သဏ္ဍုကခိုးသူကြီးဟာ ဘယ်မှာလွတ်ကင်းအောင် ရှောင်တိမ်းနိုင်ပါတော့မလဲ၊ ဗိုလ်ပါသိန်း,သောင်းနှင့် တယောက်ထဲဆိုတော့ လက်နက်ကိုချပြီး အဘမ်း ခံရတော့ တာပေါ့။ ။သဏ္ဍုက ခိုးသူကြီးကို အရှင်လတ်လတ်ဘမ်းဆီးရမိတဲ့အခါနှောင်ကြိုးတို့ဖြင့် မြဲမြံစွာချီနှောင်ပြီး မြို့ဝန်ကြီးက ဘုရင့်လက်တော်သို့ ဆက်သတယ်။

## သဏ္ဍုကခိုးသူကြီးကို ရာဇဝတ်ပြစ်ဒဏ်ဖြင့် လေးလံစွာစီရင်ခြင်း

ဘုရင်မင်းမြတ်က သဏ္ဍုက ခိုးသူကြီးကို စိစစ်မေးမြန်းတော်မူပြီးလျှင် "မောင်မင်းတို့ တိုင်းနိုင်ငံ ဆူပွက်အောင် ရက်စက်သောင်းကျန်းတဲ့ခိုးသူကို ငါ့နိုင်ငံတွင်းမှာ အရှင်ထားလို့ မသင့်လျော်တော့ဘူး။ သည်ခိုးသူကို တောင်တံခါးမှထုတ်၍ တမြို့လုံးလှည့်ပတ်ကာ လမ်းဆုံလမ်းဝ လမ်းလေးခွတို့၌ ရိုက်ခတ်မောင်းဟျော်ပြီးလျှင် သုသာန်သို့ရောက်တဲ့အခါ အဆုံးတိုင် စီရင်ကြရမယ်"အဲ-သို့ကသို တချက်လွှတ် အမိန့်ကို ထုတ်ပြန်တော်မူတယ်။ အလွန်ဆိုးတဲ့ သူခိုးကြီးမို့ ပြင်းပြင်း ထန်ထန် ရာဇဒဏ်ပေးတော်မူတာပေါ့၊အဲသည်အခါတုံးက ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရမင်းကြီးဟာ သောတာပန် မဖြစ်သေးဘူးလို့ မှတ်ကြ ရမယ်။ သောတာပန်ဖြစ်ခဲ့ပါလျှင် သည်လိုအမိန့်မျိုးကိုပေးတော့မှာမဟုတ်တော့ဘူး။

မြို့ဝန်ကြီးကလဲ ဘုရင့်အမိန့်တော်အတိုင်း သတ္တုက ခိုးသူကြီးကို နှောင်ကြိုးတဲကာ အာဃာတသားပေါင်းများစွာတို့ဖြင့် ခြံရံလျက် ရှေ့တော်မှ ထုတ်ယူလာပြီး တိုင်းသူပြည်သား လူအများ သိမြင်အောင် တမြို့လုံးလှည့်လည်၍ မသေရုံ ကျန်အောင် ရိုက်နှက်တယ်။ လမ်းဆုံလမ်းဝ လမ်းလေးခွ ရောက်ပြီဆိုမှဖြင့်၊ နွား၊ ကျွဲကို ရိုက်သလို အာဃာတသားတို့က ပြင်းပြင်းထန်ထန် ရိုက်နှက်ကြတာပေါ့။ ။

သတ္တုကခိုးသူကြီးကလဲ အစွမ်းသတ္တိ ပြည့်စုံတဲ့ အတိုင်း တစုံတရာမှ ငြီးတွားဟစ်အော်မှုကိုမပြုဘဲ "ငါ့အပြစ်နှင့်ငါ့ကံ ခံနိုင်အောင် ခံမယ်" ဤသည့်လိုသဘောထားပြီး ဘယ်လိုပင် ရိုက်နှက်သော်လဲ မျက်နှာညှုနွမ်းမပျက်ဘူးတဲ့။ ။ဤ-သို့ကလို နှိပ်စက်ညှင်းပန်းကြပုံကိုမြင်တော့ မြို့သူမြို့သား လူအများတို့က အားရဝမ်းသာ ဖြစ်ပြီး ကခုန်ကြတယ်။ အမျိုးမိန်းမများ ကတော့ လူလှ လူချော ကလေး တယောက် အကြီးအကျယ် ဒုက္ခရောက်နေတာ မြင်ရလို့ ရင်ဝကို လက်နှင့်ဆုပ်ပြီး "ဪ-ဖြစ်မှ ဖြစ်ရပလေတယ်။ အရုပ်အဆင်း ကလေးက လှပါဘိသနှင့်၊ အဆင်းရဲခံနေရတာ အလွန် သနားစရာ ကောင်းပါကလား" ဤ·သို့ကလိုစုပ်သပ်ခါ ပြောဆိုကြသတဲ့၊ ။

သတ္တုကခိုးသားမှာ အခုလို အနှိပ်စက်ခံရတော့ သနားစရာ ရုပ်မျိုးတွေလဲ ပေါ်လာတာပေါ့။ လှပတဲ့ရုပ်သွင်မှာ သနားစရာဟန်အမူ အရာဖြင့် တန်ဆာဆင်ယင်ထားတော့ ချစ်ဘို့လဲကောင်း၊ သနားဘို့လဲကောင်း၊ ဆိုသလို ဖြစ်နေတာပေါ့။

## ကုဏ္ဍလကေသာ၏အချစ်စိတ်

ဤ-ယခုပြဆိုခဲ့ပြီးတဲ့အတိုင်း ရိုက်နှက်လာရာ ကုဏ္ဍလကေသာ စံနေတဲ့ ဘုံဗိမာန် အနီးသို့ ရောက်လာပါရော။ ထိုနေရာ ဌာနမှာ လမ်းဆုံ၊ လမ်းခွဖြစ်သဖြင့် ခေတ္တဆိုင်း၍ လူအုပ်ကြီးတွေ ဝိုင်းပြီး ရိုက်နှက်ကြပြန်တယ်။ ။သည်လို ဆူဆူညံ့ညံ့ အသံကို ကြားပြန်တော့ ဘုံခုနစ်ဆင့်မှာစံနေတဲ့ ကုဏ္ဍလကေသာက လေသာပြူတင်းကို ဖွင့်လှစ်၍ ကြည့်ရှုလိုက်တဲ့အခါ အနှိပ်စက် ခံနေရတဲ့ သတ္တုက

ခိုးသားကို မြင်ပါရော။ ။မြင်သည်နှင့်တပြိုင်နက် အဆက်အသွယ် မရှိဘူးဟဲ့အချစ်စိတ်တွေဟာ ကုဏ္ဍလကေသာရဲ့ နှလုံးအိမ် ထဲမှာ တဖွားဖွား ပေါ်လာတယ်။အချစ်အားကြီးသဖြင့်တားဆီးလို့တောင် မရနိုင်ဘူးတဲ့။ ထိုအခါ သတိလစ်သော အမူအရာဖြင့် သတ္တုက ခိုးသားကို ချစ်အားသန်တဲ့ မျက်စိဖြင့် အတန်ကြာ ငေးစိုက်ကြည့် ပြီး ''ဩော်-ဖြစ်မှ ဖြစ်ရပလေတယ်။ ငါ့အချစ်ကလေးကို လူတကာပိုင်းပြီး နှိပ်စက်ခြင်တိုင်း နှိပ်စက်ကုန်ပါပေါ့ကလား။ သို့က လောက်လှပတဲ့သူကို သည်လူတွေက နှိပ်စက်ရသတဲ့လား။ သို့က လောက် သနားစရာကောင်းတဲ့လူကို သည်လူတွေက ရက်စက်ရသတဲ့လား။ အသားအရေကလေးက နုနုနယ်နယ်၊သူတို့ရိုက်နှက်တဲ့ လက်နက်ကြီးတွေက ပြင်းပြင်းထန်ထန်ဘယ်မှာခံနိုင်ပမလဲ၊ သေလို့ များ သွားမှဖြင့် သူများရဲ့ စိတ်ကိုတော့ မပြောတတ်ဘူး။ သည်က စိတ်နှလုံးမှာဖြင့် မီးဟုန်းဟုန်း တောက်လောင်ပြီး သည်ကိုယ် ကောင်ကြီး ဆုံးရတော့မှာအမှန်ဘဲ။ ဩော်-သူ့နှယ် ခပ်စောစော က တင်ကြိုပြီး သည်အရွယ်ကိုယ်နှင့် တွေ့အောင် လာခဲ့ပါတော့လား။ ယခုမှတွေ့မြင်ရတော့တယ်။ ဟို-ယခင်ကလောက လှပတဲ့ လူချော ကလေးဟာ ဘယ်အရပ်မှာ မျောနေရသလဲ။နတ်အများနှင့်သိကြား ဒေဝါ ကူညီပိုင်းလို့မှိုင်းမစတော်မူကြပါ။ သို့ကလောက် ချစ်ဘွယ် ကောင်းတဲ့ လူချောကလေးကို အသက်ဘေးမှ လွတ်အောင် ရွက် ဆောင်ကယ်မတော်မူကြပါ'' အဲ-သို့ကလို ပူပုံပန်း သဘောအား ဖြင့် ငိုတော့မလောက် ငြိုးတွားပြီး အခြွေအရံ များနှင့် စကား တခွန်းမှမပြောဘဲ သူ့အိပ်ရာထဲမှာဖြုန်းကနဲ လှဲချပြီးမှောက်ရက်ကြီး အိပ်နေလေသတည်း။

အခြွေအရံ ဖြစ်ဘဲ့ သို့ကညာ အပေါင်းတို့က သူတို့ သခင်မ မငြင်ပြဘဲ့အမူအရာ မျက်နှာညှိုးနွမ်း ပူပုံပန်း ဖြစ်ရပုံတွေကို မြင် ဘော့၊ မိခင်သူဌေးကတော်ကြီးထံသို့ အလျှင်အမြန် သွားပြီး ''ကြွ တော်မူပါအုံ -ကြွတော်မူပါအုံး သခင်မကလေးဟာ ဘာဖြစ်မှန်း မသိ၊မျက်နှာညှိုးနွမ်း၍ မချမ်းသာတဲ့ အမူအရာနှင့် တုန်တုန် ခိုက်

ခိုက် ၎ှက်ကြီး ငင်ကြီး ဖြစ်ပြီး အိပ်ရာထဲမှာ လှဲအိပ် နေပါတယ်။ စကားတခွန်းမှမပြောတော့ဘူး၊ ပြုံးကလူး, ပြာကလာနှင့် ကြောက်လန့်စရာ အလွန်ကောင်းနေပါတယ်၊' ဆဲ-သို့ကသိုပြောတော့၊ မိခင်သူဌေးကတော်ကြီးက ပြာရီး ပြာရာနှင့် သူ့သွီးထံသို့ အခဆော တလျှင် ပြေးသိုက်လာရှာတယ်။

သွီးအနားသို့ရောက်ခတော့၊ယုယစွာပိုက်ထွေးလျက် ''သွီးကလေး ဘာဖြစ်ရ တာ လဲ။ အို- မျက် လုံး က လဲ ပြူး ကြောင် ကြောင် နှင့် ခြေကလေး, လက်ကလေးများတောင် အေးကုန်ပါပေါ့ ကလား။ သွေးတွေကလဲ တဒိတ်ဒိတ်နှင့် ဘဝင်စိတ်ကသဲ မငြိမ်ဘူး။ ရုန်းနတ်များပူးနေလေတော့သလား၊ မေမေ့ကိုပြောပါ၊ စိတ်မချမ်းသာတဲ့အချက်များရှိသလား၊ သည်သိုဖြစ်ပုံကို မေမေဖြင့်တခါမှ မကြုံဘူးဘူး၊ သတိရရဲ့လားသွီးရဲ့၊ အနားက ယခုစကားပြောနေတာ မိခင်လေ၊ မျက်လုံးကလေးများကို ဖွင့်ပြီး ကြည့် စမ်း ပါ အုံး တော့ လား၊'ဆဲ-သို့ကလို ချော့ချော့မော့မော့ ပြောကြားတော့ ကုဏ္ဍလကေသာက မိခင်သူဌေးကတော်ကြီးရဲ့လည်ပင်းကိုဘက်ပြီး ''ရှက်စရာကြီးပါ မေမေရယ်။မှန်တဲ့အတိုင်းဖွင့်လို့ကျွန်မ မပြော ရဲပါဘူး။ တကယ်ပင် ဖွင့်လို့ ပြောလိုက်မယ် ဆိုပါအုံးတော့ မေမေ တို့က သဘောကျချင်မှ ကျမှာပါ။ လောကမှာ ကိုယ့်သဘော အတိုင်း မဖြစ်ရတာ အဆင်းရဲဆုံးဘဲ မေမေရဲ့၊ ကိုယ့်စိတ်တိုင်းကျ မနေရလျှင် သေသွားတာက မြတ်ပါသိမ့်အုံးမယ်''ဆဲ-သို့ကလိုပြောဆိုပြီး မိခင်၏ ရင်ခွင်ထဲမှာ မြုံ့းကနဲ လှဲ၍ အိပ်လိုက်လေ၏။

သွီးကလေးတခယောက်ထဲ ရှိတဲ့အတွက် တအိမ်လုံး အလိုလိုက်ပြီး သူ့စိတ်အကြိုက်ကိုသာ ဆောင်ရွက် နေကြရတဲ့ မိဘများဖြစ်တဲ့အတိုင်း ယခုလောက် ပူပင်တာကို မဆိုဘားနှင့်တော့ မျက်နှာကလေး သိသိညှိုးလျှင် ငိုရတော့မလောက် ဒုက္ခရောက်မြဲ ဖြစ်သဖြင့် မိခင်ကြီးမှာ ပူပူဆာဆာ နေမသာ, ထိုင်မသာဖြစ်ပြီး သွီးကလေးကို သည်လိုချော့မော့ပြီး ပြောဆို ပြန်တယ်။ ၊ပြောသာပြောပါသွီးရယ်။ ဘယ်အခါမဆို အလိုလိုက်ခဲ့ကြောင်းကို သိတယ်

မဟုတ်လား။ သွီးက အသိနိုင်တယ်လို့ ဆိုလျှင် မိခင်၏ မျက်လုံးကို ဖြိုးကနဲထုတ်၍ ပေးနိုင်ပါတယ်။ မိခင်၏အပေါ်မှာ ရှက်စရာလဲ မရှိပါဘူး၊ တအုံနွေးနွေးနှင့် စိတ်မအေးရတဲ့အလုံးကို ဖုံးလို့မထားပါနှင့်၊ သွီးကလေး ချမ်းသာလျှင် ဘာဘဲဖြစ်ဖြစ် မိဘတို့စိတ်အေးရတာပါဘဲ။ ။အဲ-သို့ကလို အကြိမ်ကြိမ် အဘန်ဘန် ချော့မော့ပြောဆိုကာ မေးမြန်းပြန်တယ်၊

သည့်တော့-သွီးဖြစ်သူ ကုဏ္ဍလကေသာက မိခင်နှင့် ပါးချင်းကပ်ပြီး 'ကဲ-ပြောမယ်နော် နောက်ခါ တော့သာ တောင်တွေမြောက်တွေနှင့်ရှောင်လှေ့ရှားလှေ့မလုပ်ပါနဲ့၊သွီးကလေးရဲ့အကြိုက်အလိုလိုက်မယ်ဆိုတဲ့ဂတိကိုလဲ ခိုင်ခိုင်ကြီးထားပါ။ မေမေ သည့်ထိုပါ။ ယခုမကြာခင် အဘွင်းမှာပင် အလွန် ချစ်စရာ ကောင်းတဲ့လူချောကလေးတယောက်ကို လူတွေကပိုင်းပြီး ရိုင်းရိုင်း စိုင်းစိုင်းနှိပ်စက်နေကြဘယ် မေမေရဲ့။ ကြိုးနှင့်တုတ်ပြီး ဒုတ်ကြီးတွေနှင့် ရိုက်ကြတယ်။ သူ့ရုပ်သွင်ကလေးကိုမျှ မထောက်စာဘဲ ကြောက်စရာကောင်းတဲ့လူကြီးတွေက သေလှုပါးနီးအောင် ရက်စက်ကြတယ်။ လူသံတွေကလဲ ဆူညံလို့ မေမေ မကြားလိုက် ဘူးလား။ ကဲလေတိုတိုပြောပါတော့မယ်။ အဲသည့်သနားစရာကောင်းတဲ့ လူချောကလေးကို တကယ်စင်စစ် ကျွန်မချစ်တယ် မေမေရဲ့၊ သူ့ကို ကယ်ဆယ်ပြီး လွယ်လွယ်ကလေးနှင့် မြန်မြန်ရအောင် ရွက်ဆောင်လို့ပေးတော်မူပါ။ ဒုက္ခိတများကို သနားသဖြင့် ကယ်ဆယ်ရတယ်ဆိုတာလဲ ကုသိုလ်အပုံကြီးရပါထိမ့်မယ်။ အို-ကြာနေ တော့မယ်၊ မြန်မြန်ထုပ်စမ်းပါ မေမေရယ်။ တကယ်လို့များ သူကလေးသေလို့သွားလျှင် ကုဏ္ဍလကေသာမှာလဲ သေရာသို့ အမြန်လိုက်ရတော့မှာပေါ့ အဲသို့ကလို တကျော ရမက်ကြောင့် မရှက် မကြောက်ဘာကိုမှမထောက်ဘဲ စိတ်ရှိသလောက် ဖွင့်လို့ပြောလိုက်ပါရော၊

သွီးရဲ့စကားကိုကြားတော့ မိခင်ကြီး၏ စိတ်နှလုံးမှာ ဖြိုးကနဲအပူဆိုက်ပြီး ''ဟိုက်-သည့်အချက်ကဖြင့် အခက်ဆုံး ဖြစ်နေပေါ့၊

သည့် လူမိုက်ကိုမှ သူကြိုက်ပလေတယ်၊ သူဌေးသားတွေ လာလိုက်ရှာကြဘာ သည့်လို အတိုးထိုက်တွေကိုဘော့ မကြိုက်နိုင်ဘူးလို့ ငြင်းပြီး အတင်းဖယ်ရှားလိုက်တယ်၊ မှားလိုက်တဲ့သွီး၊ အသိလိုက်လို့ အမိုက်တွေ သီးကုန်တာဘဲထင်ပါရဲ့၊'' ဆဲသည့်လို တွေးတောပြီး အတန်ကြာကလေး ငေးစိုက်၍ နေရှာတယ်။ ။

ထို့နောက် မိခင်က ဖြောင်းဖြောင်းဖြဖြနှင့် ''စဉ်းလဲစဉ်းစားပါအုံး သွီးရယ်။ စိတ်သင်တိုင်း ဖွတ်ဒရွတ်၊ လွတ်လွတ်ပြီး မလုပ်လိုက်စမ်းပါနှင့်၊ သွီးမြင်လိုက်ရတယ်ဆိုတဲ့ အကောင်ဟာ မိုးမှောင်မိုက်ခဲ ရှူးရဲပေတော ဆိုးချင်တိုင်းဆိုးနေတဲ့ သူခိုးဓါးပြကြီး ဖြစ်ပါဘယ်။ အမည်မှာတော့ ''ခရန်ခွင်''တဲ့။ သည့်လိုလူ ... (စကားမဆုံးခင် သွီးက ဒေါသထွက်ဘဲ့ မျက်ခွက် အမူအရာဆိုးကြီးနှင့် ''ကဲ-ကဲ-တန်ပါတော့- တန်ပါတော့၊ သည့်လိုလေမျိုးတွေ ထွက်လာလိမ့်မယ်ဆိုတာသဲ တင်ကြို့လို့သိပါရဲ့၊ ဆိုးဆိုးညစ်ညစ် ဖြစ်ချင်တိုင်း ဖြစ်စေတော့၊ ကိုယ်ချစ်မှ, ကိုယ်ကြိုက်နိုင်တာမျိုးပါ၊ သွီးအကြိုက် အလိုလိုက်မယ်ဆိုပြီး၊ ယခုတော့ ဘာလေး, ညာလေးနှင့် ကွေ့ဘီး ကွေ့ကောက် ဘောက်ဘောက်ပြန်ပြန် မတန်သော, မဟန်သော ရှောင်တောင်တောင် ပြောနေပေါ့မဘုတ်လား။ ကဲ-တွေ့ခဟာဘ်မူပါတော့၊ သည့်အိပ်ရာပေါ်မှာ အသာလှွေးပြီး သည့်ဘာအမိုက်မကလေး သေပါတော့မယ် သို့ကလိုပြောဆိုရာ၊ မိခင်၏စိတ်ထဲမှာ ထိတ်ခနဲတုန်လှုပ် ရင်ဝကိုလက်နှင့်အုပ်ပြီး မပြုံးချင်ဘဲနှင့် ပြုံး၍ငင်ကာ 'စိတ်မရှိပါနှင့်သွီးရယ်၊ စဉ်းစားချင်, စဉ်းစားပါစေတော့လို့၊ နဲနဲကလေးပြောမိဘာပါ။ သွီးချမ်းသာအောင် ရွက်ဆောင်လို့ပေးပါမယ်၊စိတ်အေးအေးနှင့်ပြုံးပြုံးနှလုံးကြည်ကြည်လင်လင်ထားပါဘော့ ကဲ-ထ,စမ်းပါ သည့်လိုခွေခဟာဘောကြီး အိပ်နေတာကိုမကြည့်ရက်ပါဘူး၊ သွီးရဲ့ဘခင်နှင့်အလျှင် အမြန်တိုင်ပင်၍ သည့်ကိစ္စကို ထမြောက်အောင် ကြံစည်ပါဘော့မယ်''ဆဲသည့်သို့ပြောဘော့၊သွီး ချောဘာလေးရဲ့နှလုံးသွေးပြုံးကနဲအေးပြီး ကွေးရာမှထလို့ထိုင်လိုက်တယ်၊ ပြုံးပြုံး ရွှင်ရွှင်နှင့် မိခင်ကိုမျက်နှာချိုသွေးနေပြန်တာပေါ့လေ။

ထို့နောက် မိခင်သူဌေးကတော်ကြီးသည် ဘခင်သူဌေးကြီး ထံသို့ အမြန်ပြေးလာပြီးလျှင်၊ သွီး၏ဖြစ်ပုံအလုံးစုံကို အကုန်ပြန် ကြားပြောဆိုတယ်။ ။သူဌေးကြီးကလဲ၊ သွီး၏စိတ်ကြိုက် အမြဲ ပင် အလိုလိုက်လေ့ရှိသောအတိုင်း၊ ''ကဲ-ကဲ-နောင်ခါလာ,နောင် ခါဈေးပေါ့။သွီးကလေး ယခုစိတ်ချမ်းသာရင်ပြီးရော၊ သည့်အရေး ကို ဆောင်ရွက်လို့ပေးမယ်၊'' ဤသို့ပြောဆိုကာ အသပြာထောင် ထုပ်ကိုယူပြီး မြို့ဝန်ကြီးထံသို့ အမြန်လိုက်သွားပါရော၊ ။မြို့ဝန် ကြီးကလဲ လာဘ်စားလေ့ရှိတဲ့ လကျာထာပါဘဲ။ အသပြာထောင် ထုပ်ကိုမြင်တော့ ငွှင်တင်တင်နှင့် စိတ်ကြွလာတာပေါ့လေ။

သူဌေးကြီးကဘိုးတိုးတိတ်တိတ်အသာကြိတ်ပြီး၊''သည့်အသပြာ ထောင်ထုပ်ကိုယူတော်မူပါ၊ မောင်ရန်စွယ်ရဲ့အစား ရာဇဝတ်သား တယောက်ကို စီရင်လိုက်ပါတော့၊ ကျွန်ုပ်၏သွီးကလေး စိတ်နှလုံး ချမ်းအေး၍ သေဘေးမှလွတ်အောင် ကြံစည်ရတာပါ၊ မြို့ဝန်ကြီး ပြီးလျှင်လဲ ဘယ်အမှုမျိုးမဆို မီးသေသလို ပြီးစီးနိုင်ပါတယ်၊'' အဲသည်လို ပြောဆိုကာ အသပြာထောင်ထုပ်ကို အပ်နှင်းတော့၊ မြို့ဝန်မင်းကပြုံးပြုံး,ပြုံးပြုံးနှင့် ကဲလေရှိပါစေတော့၊လုံ့ခြုံပါစေနော်၊ လူအများသိလို့ မသွားပါစေနှင့်၊ ခင်ဗျားကြီးရဲ့ သမက်လောင်းကို ကောင်းကောင်းဆောင်ယူလို့သွားပေတော့၊'' သို့ကလိုတိုတိုပြော ဆိုပြီး၊ သူများမသိအောင် သူဌေးကြီးလက်သို့ မောင်ရန်စွယ်ကို အပ်နှင်းလိုက်တယ်။ ။ထို့နောက် မြို့ဝန်ကြီးက နှောင်အိမ်မှာ ချုပ်ထားဘဲ့ရာဇဝတ်သားတယောက်ကိုထုစားထိုးကာသုသာန်မှာ စီရင်လိုက်ပါရော၊ ကံဆိုးတဲ့ ရာဇဝတ်သားမှာဖြင့် နေ့မစိဘဲနှင့် သွားရှာပေါ့။

ကဲ-စဉ်းစားကြစမ်းပါ၊ လက်ဆောင်ထိုးခြင်းဆိုတဲ့ အထုပ်ဟာ ဘယ်ကလောက်ယုတ်မာသလဲလို့ ''ငွေများသျှင်-တရားနိုင်''ဆိုတဲ့ စကားဟာ တော်တော်မှန်တယ မဟုတ်လား၊ ငွေအသပြာနှင့် လက်ဆောင်ထိုးမှုဖြင့် စိတ်ထမျိုး ပြောင်းသွားတတ်ထာချည်းဘဲ၊ ငွေလက်ဆောင်အတွက် မဆိုင်တဲ့အသက်များကိုလဲ သေစေနိုင်

တယ်။ ။တရားသူကြီးခေါ်တဲ့လူမျိုးမှာ လက်ဆောင်ပဏ္ဏာဆိုတဲ့ ကျော့ကွင်းနဲ့ လွတ်ကင်းတို့ အခက်သားဘဲ၊ လက်ဆောင် စား၍ မတရားစီရင်လေ့ရှိတဲ့တရားသူကြီးများဟာစိတ်သာချပေတော့ဗိုလ်မလွဲအဆင်းရဲနှင့် ငရဲဒဏ်ကို ကြေန် ခံရစမြဲပေါ့။ အဲ-သို့အတွက်ကြောင့် သူတော်ကောင်း ပုဂ္ဂိုလ်ကြီးများဟာ မင်းလုပ်ရမဲ့ ဘဝမျိုးကို ကြောက်လန့်ကြတာပေါ့။

## ကုဏ္ဍလကေသာနှင့် မောင်ရန်စွယ်။

ဘခင်သူဌေးကြီးသည် သတ္တုဂေ ခိုးသားကြီးကို တိတ်ဘဆိတ်နှုတ်ယူ၍လာခဲ့ပြီးနောက် သူဌေးကတော် လက်သို့ အပ်ပြီး ''ကဲ-ညီးတို့ သဘောအတိုင်း စီမံချင်သလို စီမံကြပေတော့၊ မင်းတို့မိန်းမများနှင့်ဆိုင်တဲ့ ကိစ္စထဲမှာ ငါမဝင်ခြင်ဘူး'' ဤကဲ့သို့ ပြောဆိုအပ်နှင်းရာ သူဌေးကတော်ကြီးက သမက်လောင်းကိုခေါ်ပြီး သွီးစံပျော်တဲ့ ဘုံပြာသာဒ်ပေါ်သို့ တက်သွား ပါရော၊ ၊ကုဏ္ဍလကေသာကာလဲ မလာခင်ကပင်ပြူတင်းပေါက်ကိုဘွင့်ကာ မျှော်လင့်ကြိုဆိုနေသဖြင့်၊ မောင်ရန်စွယ်ကိုမြင်တော့ ဘဝင်ကိုလေပင့်ပြီး နင့်ကနဲ့သွေးတုန်၍ အဟုန်ပြင်းထန်တဲ့ အချစ်တွေဟာ မြစ်ရေလိုစီးဆင်းကုန်တာပေါ့လေ။

ပြာသာဒ်ပေါ်သို့တက်လာတော့ ကုဏ္ဍလကေသာက တံခါးဝကနေပြီး ဆည်းကြိုနှုတ်ဆက်၍လက်များကိုဆွဲကိုင်ဘယ်၊ မိန်းမ ဇာနေ့ကိုမှုမဆယ်နိုင်ရှာတော့ဘူး၊ မိခင်ကြီးကလဲ သွီးနှစ်သက်ထာ ကိုပင်ကြည့်လင့်နှင့်ပြီး စိတ်နှုသုံး အေးမြလို့ နေရှာတာပေါ့။ ဘယ်လိုမှမပြောရှာတော့ဘူး၊ ၊မောင်ရန်စွယ်ကလဲ ကုဏ္ဍလကေသာရဲ့မျက်နှာနှင့် ကိုယ်သဏ္ဍာန်များကို သူခိုးဟန်ပန်နှင့်ကြည့်ရှုပြီး ''အင်း-သည်ကောင်မကလေးဟာ ရုပ်လက္ခဏာလဲ အတော်သားဘဲ၊ သူဆင်ထားတဲ့ ရတနာတွေဟာလဲ အတော်များတယ်၊ ခိုးပေါက် ခိုးလမ်းဖြင့် စန်းပွင့်လို့နေပြန်ပေါ့' ခေးရောကံကြိုခိုဲ့ မုဘ်ဆိဘ်များခွဲ''ဆိုတဲ့ စကားအတိုင်း ငါ့ကုသိုလ်ကံမြောက်လို့ သူဌေးအိမ်သို့ ရောက်လာ

ပြန်ပေါ့၊ ဒီတခါဖြင့် လှလှပပ ဝလင်လင်ကြီး ခိုးရပေတော့မယ်” အဲ့သို့ကလို အကြံတွေပေါက်လာသတဲ့။ ။သူခိုးနက္ခတ်နှင့် ယှဉ်၍ ဘွားမြင်လာတဲ့ သူဖြစ်တော့ ခိုးခြင်တဲ့စိတ်တွေကို မလျော့ဘူးပေါ့။ မွေးကတဲကပါတဲ့စရိုက်မျိုးကို တိုက်ချိုးဖျက်ဆီးလို့မရနိုင်ဘူး။

အချုပ်အားဖြင့် ပြဆိုရပါလျှင်၊ ထိုအချိန်အခါကစပြီး ကုဏ္ဍလကေသာနှင့် သတ္တုကသူခိုးကြီးနှစ်ယောက်မှာ ဝမ်းမြောက်ဝမ်းသာ နှစ်သက်စွာဖြင့် ပေါင်းသင်း ဆက်ဆံလို့ နေကြပါရောတဲ့။ ။ ကုဏ္ဍလကေသာမှာလဲ သူနှစ်ချိုက်တဲ့ လင်ယောက်ျားကို ရလို့ ရှေးကနှင့် မတူဘဲ ကြည်ပြုံးရွှင်လန်းစွာ ပန်းပွင့်ရဲ့ပမာ မျက်နှာ ကြည်လင်လို့နေတယ်၊ သူချစ်ခင်တဲ့ ခိုးသားကြီးရဲ့အပေါ်မှာ မယား တို့ဝတ်ဘာရားအတိုင်း ပြုစုကျွေးမွေးလိုက်ထာကလဲ လွန်ပါရောတဲ့ မောင်ရန်စွယ်မှာလဲ ကြီးကျယ်တဲ့စည်းစိမ်နှင့် ဂုဏ်သိမ်တက်တိုး ပြီး အေးမျို့မျိုး ခမ်းနားနေတာပေါ့လေ။ ။ကုဏ္ဍလကေသာသည် လွန်ခဲ့တဲ့ကမ္ဘာသိန်းအခါ ပဒုမုတ္တရ ဘုရားရှင် ဖွားလက်ထက် တော်အခါကစပြီး နွေနွေသိမ်သိမ် ဣန္ဒြေရှိစွာနှင့် ကျင်လည်လာ ခဲ့ရာ ယခုအဆုံးဘဝမှာ ဣန္ဒြေပျက်သွင်း၍ ရှက်ခြင်း ကြောက်ခြင်း အတော်ကလေးကင်းသွားရှာရတယ်၊ ဘယ်လိုကံမျိုးကြောင့် သို့က လို ဆိုးရတယ်လို့မသိနိုင်တော့ဘူး၊ သည်နေရာမှာအဋ္ဌကထာ ဆရာ ကြီးကလဲ ရှေးကံအကြောင်းကို ဘွင့်ဆိုတော် မမူခဲ့ဘူး။

(အပဒါနပါဠိတော်ကြီးကို ထုတ်ဆောင်၍ ပြပါဦးမည်)။

(က) ပစ္ဆိမေစဘဝေဒါနိ၊ ဂိရိဗ္ဗဇပုရုတ္တမေ။
ဇာတာသေဋ္ဌိကုလေဖီတေ၊ ယဒါဟံယောဗ္ဗနေဋ္ဌိတာ။

(က) အဟံ၊ အကျွန်ုပ်သည်၊ ပစ္ဆိမေ၊ အဆုံးစွန် ဖြစ်သော၊ ဘဝေ၊ ဤယခုဘဝ၌မူကား၊ ဂိရိဗ္ဗဇပုရုတ္တမေ၊ တောင်ငါးတန် တို့ဖြင့်ပတ်ခြံဝန်းပိုင်းအပ်သော၊ ရာဇဂြိုဟ်မြို့တော်မြတ်ကြီး၌၊ ဖီတေ၊ ကြွယ်ဝကုံလုံ၊ ပြည့်စုံချမ်းသာလှစွာသော၊ သေဋ္ဌိကုလေ၊ သူဌေး အမျိုး၌၊ ဇာတာ၊ ဖြစ်ခဲ့ရပါသတည်း၊ ယဒါ၊ အကြင်အခါကာလ၌၊

အဟံ၊ အကျွန်ုပ်သည်၊ ယောဗ္ဗနေ၊ ရုပ်ဆင်းတင့်တယ်၊ သက်ရွယ်နုမြစ်၊ အပျိုခေတ်၌၊ ဗြဲ့တာ၊ ဆိုက်ရောက်ရင်တည်၍နေခဲ့ပါသတည်း။

(ထ) စောရံဝဓတ္ထုံ နိယျန္တံ၊ ဒိသွာ ဇေတ္တာတဟိံ အဟံ။
ပိတာမေတံ သဟဿေန၊ မောစယိတွာ ဝဓာတတော။
အဒါသိ ဘာသမံ တာတော၊ ငိဒ္ဓိတွာန မနံ မမ။

(ထ) တဟိံ၊ ထိုသက်ရွယ်နုမြစ်၊ အပျိုခေတ်သို့ ရောက်သော အခါ၌၊ အဟံ၊ အကျွန်ုပ်သည်၊ ဝဓတ္ထုံ၊ သတ်ရန်အလို့ငှါ။ နိယျန္တံ၊ ထုန့်ကိုရိုက်ပုတ်၍၊ မြို့တွင်းမှထုတ်လာသော၊ စောရံ၊ ခိုးသူကို၊ ဒိသွာ၊ ပြာသာဒ်ထက်မှ တွေ့မြင်ရသည့်ရှိသော်။ ရတ္တာ၊ သားယာနှစ်သက်၊ စုံမက်မြတ်နိုးသောစိတ်ရှိသည်၊ အာသိံ၊ ဖြစ်ခဲ့ပါသတည်း။ မေ၊ အကျွန်ုပ်၏၊ ပိတာ၊ ဘခင်သူဌေးကြီးသည်။ တံ၊ ထိုသတ်ရန်အလို့ငှါ မြို့မှထုတ်ယူလာသောခိုးသူကြီးကို။ သဟဿေန၊ အသပြာ တထောင်ဖြင့်၊ တတော ဝဓာ၊ ထိုသတ်မည့် ဘေးကြီးထဲမှ၊ မောစယိတွာ၊ လွတ်ရလေအောင်၊ ကြံဆောင် ပြီးသည် ရှိသော်။ ။ တာတော၊ ဘခင်သည်။ မမ၊ အကျွန်ုပ်၏။ မနံ၊ ကြိုက်ချစ်သောစိတ်နှလုံးကို၊ ဝိဒိတွာန၊ သိလေသောကြောင့်၊ မံ၊ အကျွန်ုပ်ကို။ ဘာသာ၊ ထိုခိုးသားကြီးအား၊ အဒါသိ၊ ထိမ်းမြားလက်ထပ်၍ ပေးလေသတည်း။

သတ္တုကြဆိုတဲ့ မောင်ရန်စွယ်ဟာ ကြီးကျယ်ခမ်းနားစွာ ခြွေရံ ပေါင်းများစွာနှင့် ခံစား စံစားလို့နေရသော်လဲ သူ့စိတ်ထဲမှာများစွာ နှစ်သက်ခြင်းမရှိဘူးတဲ့၊ ဘာကြောင့်လဲလို့ဆိုတော့ သူ့ဝါသနာရှိတဲ့ သူခိုးအလုပ်ကိုမလုပ်ရလို့ပေါ့၊ ။ သူ့ဇာတာထဲမှာ စောရနက္ခတ် အမြဲယှဉ်ကပ်သို့ ပါနေတဲ့အတွက် စည်းစိမ်ချမ်းသာပေါင်းများစွာနှင့်ဘယ်လိုပင်ထားသော်လဲ သူ့စိတ်ထဲကတော့ ခိုးချင်,တိုက်ချင်တဲ့အသံကိုသာ အမြဲမပြတ် ကြံစည်နေတယ်၊ ပဋိသန္ဓေကပါလာတဲ့ ဝါသနာစရိုက်ဆိုဘာ အသွန်တရာ ခိုင်မြဲတာကလား။ ။ဥပမာ ဘာနှင့်တူသလဲလို့ ဆိုတော့၊ တောထဲက ကျားကိုဘမ်းပြီး ခန်းကြယ်တဲ့ရွှေလှောင်အိမ်ကြီးအတွင်းမှာကောင်းစွာမွေးမြူ၍သူကြိုက်တဲ့ အမဲသား, ငါးဘိုကို များများကြီး ကျွေးမွေး ထားသော်လဲ

ရွှေလှောင်အိမ်ကြီးထဲမှာ မွေ့လျော်ပျော်ပိုက်စွာ မနေချင်ဘူး။ သူ စရိုက်သဘာဝအတိုင်း တော,တောင်,အတွင်းမှာ ကိုးကုန်း ကိုးကျင်း, လှဲ့ပတ်ခါ ရှာဖွေ စားသောက်ခါ နေထိုင်ရမှ မွေ့လျော်နိုင်တဲ့ ပုံမျိုးလိုပေါ့။

## သဗ္ဗမိတ္တ၏ သုနိုးဥဒါန်း။

မောင်ရန်စွယ်ဆိုဘဲ့ ခိုးသားကြီးသည် သူဌေးသမီးနှင့် အတူတူ ကြည်ဖြူနှစ်ခြိုက်ပျော်ပြဲသော်ပေါ်မှာ အဖျော်အဖြေ ခြွေရွေ့ အမျိုးမျိုး တို့နှင့် နေထိုင်ကာ သုံးချက်လောက်ကြာတော့ သည့်လို အကြံမျိုး တွေပေါ် ပေါက်လာတယ်။ ''သူဌေးသမီးနှင့်ရပြီး သူဌေး စည်းစိမ် ကြီးနှင့် နေရသော်လဲ ငါ့စိတ်က မပျော်ပိုက်ဘူး။ ကိုယ်ပိုင်အစွမ်း သတ္တိကို အသုံးချပြီး ခိုးရ, တိုက်ရမှ ငါပျော်ပိုက်နိုင်မယ်။ သည် သူဌေးအိမ်က မလွတ်သမျှမှာဖြင့် ငါ့အလိုဆန္ဒ ပြည့်ဝ တော့မှာ မဟုတ်ဘူး။ တခြားလူများကို မတိုက်ခင် အသက်သခင် ဖြစ်တဲ့ သည်ကောင်မကို တိုက်ရတော့မှာဘဲ ငါ့ကိုကယ်ဆယ်ထားသော်လဲ သည်ကောင်မအပေါ်မှာ ကြီးကြီးကျယ်ကျယ် ကျေးဇူးတင်ဘွယ် မရှိပါဘူး။ ငါ့ရုပ်သွင်ကို ခင်မင်နှစ်သက်ပြီး သူကြိုက်ချင်လို့ သူ ကယ်ဆယ်ဘာ ငါနှင့် ဘာဆိုင်သလဲ၊ တကယ့်မေတ္တာ, တကယ့် ကရုဏာမျိုးနှင့် ကယ်ဆယ်တာမဟုတ်ဘူး။ တဏှာနှင့် ကယ်ဆယ် တာကို တရေးတယ်လို့ဆိုရမလား။ မတရားသဖြင့် ကယ်ဆယ်ခြင်း ကိုခံနေရတာလဲ ရှက်စရာအလွန် ကောင်းတယ်။ မိန်းမ အရှိန်ကို ခိုလှုံ၍ လူ့ဘုံမှာ အသက်ရှင်နေရတယ်ဆိုတာလဲ ယောကျ်ားအစွမ်း ယုတ်ပြီး စက်ဆုပ်ဘို့အလွန်ကောင်းတယ်။ သည်အကောင်မလက်က မလွတ်သမျှဖြင့် ယောကျ်ားဖြစ်နိုင်တော့မှာ မဟုတ်ဘူး။ သူကိုယ်မှာ ဝတ်ဆင်ထားဘဲ့ ပစ္စည်းတန်ဆာဟာလဲ လွန်စွာ အဘိုးထိုက်တန် တယ်။ ငါသွားဘို့စရိတ်ရအောင် သည်ကောင်မဝတ်ဆင်တဲ့တန်ဆာ ကို မြန်စွာ တိုက်ခိုက်ရတော့မှာဘဲ' ' ဆဲ-သို့ကလို အကြံမျိုးတွေ ပေါ်ပေါက်လာသတဲ့။

ကဲ-စဉ်းစားကြစမ်းပါ၊သူခိုးလုလင်ပျိုတ်မကြီးရဲ့ ကြံပုံ,စည်ပုံဟာ နေ့ရာကျခဲ့လေသည်။ ။ဤ-သို့ကြံစည်ပြီးဘော့ လုလင်ပျိုတ်မ တို့၏အမူအရာ စိတ်နှလုံးမသက်သာ မျက်နှာမလှမပနှင့် အိပ်ရာ ထဲမှာ သွဲ့အိပ်နေလိုက်တယ်။ ။ဆဲသည့်လိုအမူအရာကို ကုဏ္ဍလ ကေသာကမြင်တော့ ပူပင်နွမ်းယိ ခြေမကိုင်မိလက်မကိုင်မိ ပြာက ထိပြာကလာ ယောင်တီးယောင်တ ဒုက္ခမီးဘောက်လောင်ပြီး သူ လင်အပါးသို့ ခစားချဉ်းကပ်လျက် "မောင်ရယ်-ဘာဖြစ်ရတာလဲ၊ စိတ်မချမ်းသာအောင်ဘာမှုအချက်မရှိပါဘဲကလား၊ ဖြားမျှားဖြား သလား၊ ကိုယ်လက်များက ဖြင့် မပူပါဘူး၊မကြည်ဖြူတဲ့အချက်ရှိလျှင် နှုတ်ထွက်လို့ ဘွင့်ပြောပါ၊ နှမအသက်နှင့်လဲပြီး မောင့်အသက်ကို ကယ်နိုင်ပါတယ်အစတုံးကလဲကယ်ခဲ့ပြီမဟုတ်လား၊ မောင့်အတွက် နှမသာ အဆင်းရဲခံလိုက်ပါမယ်၊ အချစ်ပန်းမှို နွမ်းညှိုးနေတာကို မကြည့်ရက်ပါဘူး" ဆဲ-သို့ကလို ချင်ခင်တဲ့ အမူအရာနှင့် တိတိ တာတာပြောဆို ချော့မော့ရှာဘယ်။

သည့်စကားကို ကြားဘော့ ခိုးသားကြီး မောင်ရန်စွယ်က ပရိ ယာယ်စကားဖြင့် သည့်လိုပြောကြားသတဲ့။ ။နှမရယ် စိတ်မချမ်း သာဖြစ်ရခြင်းအကြောင်းက သည့်လိုပါ။ မောင့်ကိုဘမ်းဆီး၍မြို့ဝန် ကြီးကမြို့မှ ထုတ်သွားစဉ်အခါ ခိုးသားတို့ကို ပစ်ချရာ မှ္ဘာနဖြစ်တဲ့ တောင်စောင့်နတ်မင်းကို ပြောဆိုတိုင်တမ်းမိပါတယ်။ ။ရှင်နတ် မင်း အကျွန်ုပ်၏ အသက်ဘေးမှ ချမ်းသာရာရအောင် ကယ်ဆယ် တော်မူပါ အ ကယ်လို့အသက်ဘေးမှ လွတ်ကင်း ချမ်းသာခဲ့ပါလျှင် အရှင်နတ်မင်းအား ကြီးကျယ်သော ပူဇော်ခြင်းဖြင့် ပူဇော်ပါမယ်၊ ဆဲ-သို့ကလို တိုင်တမ်းခဲ့တယ်နှမရဲ့၊ သို့အတွက်ကြောင့် မောင့် အသက်မသေဘဲ ချမ်းသာခွင့်ကို ရခဲ့တယ်၊ တောင်စောင့် နတ်မင်း ကြီး ကယ်ပေလို့ မောင့်ကိုမြင်ဘဲ့အခါ နှမကလဲ ချစ်ခင် တာပေါ့၊ တောင်စောင့်နတ်မင်းကြီးဟာလဲ အသက်သခင် တပါး၊ နှမကလဲ အသက်သခင်တပါးမှန်ပါပေတယ်၊ နှမနှင့်မောင် ချစ်ကြိုးနှောင်ပြီး ပြောင်ပြောင်ထက်လက် ချစ်ခင်ပေါင်းသင်းရတာလဲ တောင်စောင့်

နတ်မင်းကြီးရဲ့ ကျေးဇူးဘဲမဟုတ်လား။ ။မောင့်မှာတော့ သူဌေး သို့နှင့် ရ၍ သုခ ကျက်နှင့် ပြည့်စုံနေပေ၊ တောင်စောင့် နတ်မင်းကြီး ကိုတော့ မပူဇော်ရသေးဘူး။သို့အတွက်ကြောင့် စိတ်လက် ညှိုးနွမ်း ၍ မချမ်းမသာ ဖြစ်နေရတာပါ။ ဘာမှ တခြားအကြောင်း မရှိပါ ဘူး။ ။အဲသည့်လို ပြောဆိုတယ်။

ကုဏ္ဍလကေသာက ွင်ပြတဲ့ မျက်နှာနှင့် "အို-သည့်လိုလား။ တောင်စောင့် နတ်မင်းကြီးကို ပူဇော်တို့ဆိုတာ ဘာခဲယဉ်းသလဲ မောင်နှင့် နှမ-ပေါင်းသင်းရအောင် ရွက်ဆောင်စေ့စပ်တဲ့ ဖူးစာ နတ်ကြီးသဲ မှန်ပါပေတယ်၊ မောင်ပြောတဲ့ စကားကို ကြားရတော့ နတ်မင်းကြီးရဲ့အပေါ် မှာလွန်စွာကြည်ညို သွားတာဘဲ နှမကိုယ်တိုင် ပူဇော်ခြင်ပါတယ်၊ မဆိုင်းပါနှင့်တော့ မောင်နှင့် အတူသွားပြီး ယနေ့ပင် ပူဇော်ကြစို့ရဲ့" ဆဲသည့်လို ကြည်ကြည်ညိုညို ပြောဆိုပြီး လျှင် ကုဏ္ဍလကေသာက နတ်ယဇ်ပွဲများကို ပြင်ဆင်တယ်။ ။ အစုံအလင် ပြင်ဆင်ပြီးတော့ မိမိကိုယ်မှာလဲ ဝတ်စား တန်ဆာ စုံလင်စွာ ဆင်ယင်လျက် သို့းကညာ ခြွေ ရံ ပေါင်း များ စွာ နှင့် တောင်စောင့်နတ်မင်းကိုပူဇော်ရန်မောင်နှံစုံ ထွက်သွားကြပါရော၊ သူခိုးလူယုတ်မာ၏ ပရိယာယ်ဟာ လွန်စွာရှုံးရပါကလားနော်။

ခိုးသားတို့ ပစ်ချသတ်ပစ်ရာဖြစ်တဲ့ တောင်ကြီးသို့ ရောက်တော့ အခြွေ အရံ များ ကို ဘောင် ခြေ ရင်း၌ ထားခဲ့ပြီး၊ ထို့း မောင် နှံ နှစ်ယောက်တောင်ထိပ်ပေါ် သို့ တက်သွားကြတယ်၊ ။ကုဏ္ဍလ ကေသာက ခြွေရံများကို ချန်ထားခဲ့၍ တောင်ထိပ်ပေါ် သို့ နှစ်ယောက်ထဲတက်သွားရာ ဘိတ်နိမိတ်ပြတဲ့လက္ခဏာဖြင့် ထိပ်ခနဲ ကြောက်လန့်တဲ့စိတ်တွေပေါ် လာရော၊ သူခင်ပွန်းလင်၏ မျက်နှာကို ကြည့်ပြီး၊ 'မောင်ရယ် ခြွေရံပေါင်းများစွာနှင့်သိုက်သိုက်ဝန်းဝန်း တောင်ပေါ် သို့တက်ပြီး တောင်စောင့်နတ်မင်းကြီးကို ပူဇော်လျှင် ကောင်းလိမ့်မယ်လို့ထင်ပါတယ်၊''အဲသည့်လိုပြောတော့၊သတ္တုကေ ခိုးသားကြီးက ''နတ်မင်းကြီးကို မျက်စိမရှုပ်ပါစေနှင့်၊ ကျေးကျွန် တွေဆိုတာ နေရာတိုင်းမှာ အသုံးကျတာမဟုတ်ဘူး။ နှစ်ယောက်

ထဲသွား၍ ပူဇော်လျှင်ပြီးရောမဟုတ်လား''သည့်ကဲ့သို့ ပြောဆိုကာ တက်သွားကြတော့ တောင်ထိပ်ပေါ်သို့ ရောက်သွားပါရော။

## သတ္တုကနိုးသားကြီး၏ ယုတ်မာသော အကြံအစည်။

တောင်ထိပ်ပေါ်သို့ ရောက်သည်နှင့် တပြိုင်နက် သတ္တုကနိုးသားကြီး၏ စိတ်နေ စိတ်ထား အမူအရာ များက ရုတ်ဘရက် ပြောင်းလဲလာပြီး သားကောင်ကို တွေ့ဘဲ့ ကျားကြီးလို ဖြစ်လာတယ်။ ဆိုးဝါးရိုက်မဲ့တဲ့ အမူအရာတွေ ပေါ်လာတယ်လို့ ဆိုလိုတာပေါ့။ ။ကုဏ္ဍလကေသာကလဲ ကြမ်းတမ်းရုံ့ရင်းဘဲ့ အမူအရာတွေကိုမြင်တော့ လွန်စွာ ထိတ်လန့်ခြင်းဖြစ်ပြီး''တောင်စောင့် နတ်အပေါင်းတို့ ကောင်းစွာ ကြည့်ရှုစောင်မတော်မူကြပါ၊ရိုက်ဘဲ့ သူများဟာ ရိုက်စိတ် ပေါ်လာပြီ ဆိုမှဖြင့် စည်းမရှိ, ကမ်းမရှိ မထောက်မထား ပြုလုပ်ကျင့်ကြံ တတ်ကြပါတယ်'' အဲ သို့ကာလို စိတ်ထဲကကြံတွေးပြီး နတ်များကို တိုင်တယ်ပြီးလျှင် ချစ်ခင်တဲ့အမူ အရာနှင့် သူသင်ယောကျ်ား၏ မျက်နှာကို ခပ်ပြုံးပြုံး ကြည့်နေရှာ သတဲ့။ ။ပြုံးတဲ့အမူအရာ များဟာ သူရိုက်တို့အပေါ်မှာ ဘာမှ အကျိုးမရှိဘူးပေါ့။

မောင်ချန်စွယ်ဆိုတဲ့ သတ္တုကနိုးသားကြီးက ဆင်ယင်ထားတဲ့ ဝတ်စား တန်ဆာတွေကို လွန်စွာသိုခြင်တဲ့ အတွက် လောဘရော ဒေါသရော တငေါ်ငေါ် အစွန်းထွက်ပြီး ''ဟေ့-ကုဏ္ဍလကေသာ ဟိုမှာကြည့်စမ်း ချောက်ကမ်ပါး ကြီးဟာ ဘယ်ကလောက် နက် သလဲလို့ အဲသည်ချောက်ကြီးဟာ ကုဏ္ဍလကေသာ၏ သင်းချိုင်း လို့ မှတ်ပေတော့၊ သည်တောင်ထိပ်သို့ ခေါ်လာတာ နတ်ကို ပူဇော်ခြင်လို့ မဟုတ်ဘူး၊ ကုဏ္ဍလကေသာကိုသတ်ပြီး ဝတ်ဆင် ထားတဲ့ ပစ္စည်းတွေယူခြင်လို့ ခေါ်လာတာ အမှန်ဘဲ၊ ကဲ-သေဘို့ သာပြင်ပေတော့'' အဲ-သို့ကာလို မျက်နှာထားပြီး ကြမ်းဝါးပြောဆို ပါရော၊

ထိုအခါ ကုဏ္ဍလကေသီက မျက်နှာ အနေအထားကို မပြောင်းဘဲ ကြောက်ပင် ကြောက်သော်လဲ တမျိုးဉာဏ်ဖြင့် ဟန်လုပ်ပြီး "အို-မောင်ကလဲ ဘယ်လိုစကားတွေ ပြောနေရတာလဲ။ နတ်မင်းကြီးကိုသာ မြန်မြန် ပူဇော်ပါ။ မကြာမှီ အိမ်သို့ ရောက်အောင် သည့်တောင်ကြီးပေါ်မှာ မလျော်တဲ့ စကားတွေကို မပြောကောင်းပါဘူး" သည့်လိုပြုံးရယ်ကာ ပြောဆိုတော့ ခိုးသားကြီးက အလွန်ကြမ်းတမ်းသော အမူအရာဖြင့် "ဟဲ့-ကုဏ္ဍလကေသီ ဘာသော, ညာသော, ပြုံးပြုံးရယ်ရယ်ပြောမနေနှင့် တကယ်ကြောင့် အမှန်သတ်ရထိမ့်မယ်" ဆဲသည့်လို ပြောဆို ကြိမ်းဝါးပြီး ချောက်ထဲတွန်းချရန် ကုဏ္ဍလကေသီ၏ လက်ကို အတင်းဆွဲကိုင် ထိုက်တယ်။

(ကုဏ္ဍလကေသီ) အို-တကယ်ပင် သနားသဖြင့် ခဏက လေးဆိုင်းတော်မူစမ်းပါ။ ရှင်ဟာ ကျွန်မကို စိုးပိုင်နေတဲ့ သူဘဲ သတ်ခြင်ရင်လဲသတ်နိုင်ပါဘယ်။ ကျွန်မ-မငြင်းဆန်ပါဘူး။ သို့ရာတွင် ကျွန်မမေးချင်တဲ့ အချက်တခုကို မေးစမ်းပရစေ၊ ကျွန်မအပေါ်မှာ ဘယ်လိုမုန်းစရာ အချက်ရှိလို့ သတ်ချင်ရတာလဲ မသေခင် သည့်အကြောင်းကလေးကို သိသွားပါရစေ။

(ခိုးသားကြီး) နင်ဝတ်ဆင်တဲ့ အဘိုးတန် ရတနာ တွေကို လိုချင်လို့ သတ်ထားပေါ့။ နင့်အပေါ်မှာ မုန်းစရာသော, ချစ်စရာသော ဘယ်လိုသဘောမှ ငါ့မှာမရှိဘူး။ အချိန်ကြာညောင်းအောင် ဗလောင်းဗလဲစကားတွေပြောမနေနဲ့ ငါကဲ့သို့သောသူကို ဘယ်အတွက်ကြောင့် သတ်ရသလဲလို့အကျိုးအကြောင်း, အဆိုးအကောင်း တွေကို မေးနေတို့မလိုဘူး။

(ကုဏ္ဍလကေသီ) ခဏကလေးဆိုင်းတော်မူပါအုံး။ ရှင့်အသက်ကို သေမင်းလက်မှ ကျွန်မ ကယ်ဆယ်ထားလိုက် ရပါတယ်။ သည့်ကျေးဇူးများကို မထောက်ထားတော့ဘူးလား။

(ခိုးသားကြီး) အလိုသူက အသက်သခင် ကျေးဇူးရှင် ရယ်လို့ ဂုဏ်ဖော်နေပြန် ပါပေါ့လား။ ဘာကို ကျေးဇူးတင်ရ မှာလဲ

ငါ့ကိုမြင်လျှင် ချစ်ခင်တဲ့ လောဘတိုက်ပြီး နင်ကြိုက်လို့ ကယ်ဆယ်တာ မဟုတ်လား။ ငါ့ကိုမရလျှင်လဲ နင့်အသက် သေမယ်ဆို ငါ့ကို ရလိုသောဘောကျတဲ့အတွက် နင့်အသက် ယခုလောက် ရှေနေတယ် မဟုတ်လား၊ နင့်အကျိုး အတွက်ကြောင့် နင်ကယ်ဆယ်တာဘဲ ဘာကြောင့် ကျေးဇူးဘင်ရမှာလဲ နောက်ထပ်လို့ စကားမပြောနှင့် မောရုံသာ ရှိလိမ့်မယ်၊

ထိုအခါ ကုဏ္ဍလကေသာက "ငါ့ကိုဖြင့် အမှန်သတ်းတော့မှာဘဲ၊ သူကိုကယ်ဆယ်မိတာ မှားခြင်းကြီး မှားကုန်ပေါ့။ ပစ္စည်းဥစ္စာကိုယူပြီး လူကိုချမ်းသာ ပေးပါလို့ ရှိခိုးတောင်းပန် အသနားခံရ အုံးမှာဘဲ" ဆဲသည့်သို့ကြံစည်ပြီး ခိုးသားကြီး ထံပါးမှာ ဝပ်တွား ရှိခိုးလျက် 'အသက်သခင် ကျေးဇူးရှင်ကြီးရယ် အသက်ကလေး တချောင်းကို ကယ်ဆယ်တော်မူပါ၊ ဇိဝိဘဒါနဲဆိုတာ လွန်စွာ အကျိုးကြီးလှပါတယ်၊ ကျွန်မတကိုယ်လုံးမှာ ဝတ်ဆင် ထားတဲ့ အဘိုးတန် ရတနာအလုံးစုံကို အကုန်သိမ်းယူတော်မူပြီး အသက် ကလေးကို ချမ်းသာပေးတော်မူပါ၊ ကျွန်တော်မကိုလဲ အသက် ထက်ဆုံး ငွေဝယ်ကျွန်မ တယောက်ကယ်လို့ ထင်ထင် ရှားရှား အများသိအောင် ကြော်ငြာတော်မူပါ။ အသက်ရှည်သမျှ ကာလ ပတ်လုံး ခြေရင်းအထုပ်အကျွေး ကျွန်မကလေးအဖြစ်နှင့် နေပရ စေတော့'' ဆဲ-သို့ကထို ပြောဆိုတောင်းပန်ကာ ဂါထာတပုဒ်ကို ရွတ်ဆိုရှာလေသတည်း။

(ဒ) ဣဒံသုဝဏ္ဏကေယူရံ၊ မုတ္တာဝေဠုရိယာဗဟူ၊
သဗ္ဗံဝရသုဘဒ္ဒန္တေ၊ မဥ္စဒါသိတိ သာဝယ။

ဗ သဒ္ဒန္တေ၊ အို-ကျွန်မသခင်၊ ကျေးဇူးရှင်၊ ဣဒံသုဝဏ္ဏ ကေယူရံ၊ ဤရွှေလက်ကောက်ကြီး၊ ရွှေပုတီး၊ ရွှေခြေချင်းစသော၊ အဆင်တန်ဆာအပေါင်းကိုဒင်း။ ဗဟူ၊ များပြားမျိုးမှန်၊ အဘိုးတန် ဖြစ်ကုန်သော၊ မုတ္တာဝေဠုရိယာ၊ ပုလဲ မြသား, ပဒ္မမြား ဇိန်, ကြောင် အစရှိသော ရတနာအမျိုးမျိုးတို့ကိုဒင်း။ သဗ္ဗံ၊ ကျွန်မတ ကိုယ်လုံး၌ ဝတ်ဆင်ထားသော တန်ဆာအလုံးစုံကိုဒင်း၊ ဝရသု-

ဂဏ္ဍာသု၊ အရှင်အလိုရှိသမျှ၊ ချွတ်ယူတော်မူပါ။ မဥ္စ၊ ကျွန်တော်မကိုလည်း။ ဒါသိတိ၊ ငွေဝယ် ကျွန်မကလေး တယောက် ဟူ၍၊ သာဝယ၊ အထင်အရှား၊ အချားသိအောင် ကြော်ငြာတော်မူပါဘုရား။

အဲသည်လို ခယဝပ်တွားး၍ တောင်းပန်စကား ပြောကြားတော့ ခိုးသားကြီးက ကုဏ္ဍလကေသာရဲ့ မျက်နှာကို ကျားဆိုးတို့၏ အမူအရာဖြင့်၊မျက်စောင်းထိုးကာကြည့်ရှုပြီး''သယ် သူအသက်ကလေး တချောင်းကို တယ်နှမြောပါကလား။ ပစ္စည်းကိုယူလို့ လူကိုချမ်းသာပေးပါတဲ့၊ တယ်ထိမ္မာတဲ့ ကောင်မကလေး၊ ပစ္စည်းကိုယူပြီး လူကိုသတ်ရမှ ကျေနပ်နိုင်တဲ့ခေါင်မောင်ပါ၊ ဘယ်အခါမှ အသက်ကို ချမ်းသာမပေးခဲ့စဘူးဘူး။သည့်လိုမျိုး သနားခဲ့ပါလျှင် လူလိမ္မာကြီးရယ်လို့ အမျိုးက ခေါ်ဆိုနေကြမှာပေါ့။ နင်ဝတ်တဲ့တန်ဆာတွေကို မြန်စွာချွတ်လိုက်၊ တောင်စောင့်နတ်တွေက နင်သေတာကို ကြည့်ချင်လှပြီ။

## ခိုးသားကြီးရွတ်ဆိုသော ဂါထာ။

(၈) ဩရောပယဿုကလျာဏိ၊ မာဗဠှံပရိဒေဝသိ။
နစာဟံအဘိဇာနာမိ၊ အဟန္တွာဓနမာဘတံ။

(၈) ကလျာဏိ၊ ကောင်းခြင်းတင့်တယ်၊ ချစ်ဖွယ်ထိန်ညီး၊ အို-သူဌေးသို့နှမသယ်။ ဩရောပယဿု၊ သင့်ကိုယ်၌ ရှိသော အဆင်းတန်ဆာ အလုံးစုံကို၊ အကုန်ချွတ်လိုက် ပေတော့၊ ဗဠှံ၊ ပြင်းပြင်းထန်ထန်၊ မာပရိဒေဝသိ၊ ငိုကြွေးမြည်တမ်း၍ မနေလင့်၊ အဟံ၊ ငါသည်၊ အဟန္တွာ၊ လူကိုမသတ်ရဘဲ၊ ဓနံ၊ ပစ္စည်းဥစ္စာကို၊ အာဘတံ၊ ဆောင်ယူခဲ့သည်ဟူ၍၊ နစအဘိဇာနာမိ၊ဘယ်အခါမှ မမှတ်မိခဲ့ဘူးပါ။

## မိန်းမတို့ပရိယာယ်

ပစ္စည်းဥစ္စာကိုယူ၍ လူကိုသတ်ပစ်မယ်ဆိုတဲ့ စကားကို ကုဏ္ဍလကေသာကကြားတော့ များစွာ ထိတ်လန့်ခြင်းဖြစ်ပြီး သည့်လူမိုက်

ကြီးဟာ ဘယ်နည်းနှင့်မှချမ်းသာခွင့်ပေးတော့မှာ မဟုတ်တော့ဘူး။ လူမိုက်များမှာ ကုစရာဆေးမရှိဘူးဆိုတဲ့ စကားဟာ တယ်မှန်ပါကလား "ကိုယ်ရေးကြုံ သက်လုံကောင်း"ဆိုတဲ့ စကား အတိုင်း အရေးကြီး ကြုံလာပေါ့။ သက်လုံ ကောင်းကောင်းနှင့် လွတ်ရာလွတ်ကြောင်းကို ကြံစည်ရတော့မှာဘဲ၊ သည်အရေးကြပ်ကြီးထဲမှာ မိန်းမတို့ အမူအရာ ပရိယာယ်ကို လက်ကိုင်ထားပြီး ခိုးသားကြီးကို နှိပ်နင်းရတော့မယ်။ ကိုယ်ချမ်းသာလျှင် ပြီးရောပေါ့။ လူမိုက်ကြီး သေချင် သေပလေစေ" အဲ-သို့ကလို မိန်းမဉာဏ်ဖြင့် အကြံအစည် ရုတ်တရက် ဖြစ်ပေါ်လာတယ်။

ထိုသို့ကြံစည်ပြီးတဲ့နောက် ကြောက်ရွံ့ထိတ်လန့်တဲ့ အမူ အရာများကို မယာဖြင့် ဖုံးလွှမ်းလျက် ခိုးသားကြီးရဲ့မျက်နှာကို ပြုံးရွှင်တဲ့အမူအရာနှင့် ကြည့်ပြီး 'ပြော်-ကျွန်မ အချစ်ဆုံးကြီးနှင့် ခွဲရတော့မယ်။ နှမငယ်လေးငယ်ဖြင့် အချစ်သွေးသန်လွန်းလှ မခွဲချင်ရိုးမှန်ပါရဲ့ ယခုဘဝမှာဖြင့် လူမှန်းသိတဲ့အခါကစပြီး ရှင့်ထက် ချစ်ခင်တဲ့သူဆို၍ တစုံတယောက်မျှတွေ့ဘူးရိုးမှန်ပါတယ်။ ဧကန် ယုံကြည်တော်မူပါတော့။

(န) ယတော သရာမိ အတ္တာနံ၊ ယတော ပတ္တောသ္မိ ဝိညုတံ၊
နစာဘိဇာနာမိ အညံ ပိယတရံ တယာ။

(န) ဘဒ္ဒေ၊ ချစ်ဖူးချစ်ခေါင်၊ ပျိုမောင်မောင်။ အဟံ ကျွန်တော်မသည်၊ ယတော၊ အကြင်အခါမှ၊ ပဋ္ဌာယ၊ အစပြု၍။ အတ္တာနံ၊ မိမိကိုယ်ကို။ သရာမိ၊ ဆင်ခြင်တုံတရားဖြင့်၊ မှတ်သားမိခဲ့ပါ၏။ ယတော၊ အကြင်အခါမှ၊ ပဋ္ဌာယ၊ အစပြု၍၊ ဝိညုတံ၊ သိကြားထိမ္မာခြင်းသို့၊ ပတ္တောသ္မိ၊ လူလားမြောက်၍၊ ရောက်ခဲ့ပါ၏။ တတော၊ ထိုသိကြားချိန်ရောက်၊ လူလားမြောက်သောအခါမှ၊ ပဋ္ဌာယ၊ အစပြု၍၊ တယာ၊ ချစ်ညွန့်ချစ်ဖူး၊ ပျိုချစ်ဦးထက်။ ပိယတရံ၊ ပိုမိုသာလွန်၍ချစ်သောသူကို။ အညံ၊ တလေတယောက်မျှ။ နစ အဘိဇာနာမိ၊ မသိရိုး အမှန်, မရှိရိုး အမှန်, ဧကန် ယုံကြည်တော် မူသိုက်ပ မောင်မောင်ဘုရား။

ကုဏ္ဍလကေသာဟာ အရေးကြုံတော့ ကြံဖန်အလွန်ကောင်းပါပေတယ်၊ ကျတ်တမ်း ဝင်ရမဲ့ အဆုံးဘဝသို့ ရောက်နေတဲ့သူဖြစ်သောကြောင့် ''သေကံမရောက်-သက်မပျောက်'' ဆိုတဲ့ စကားအတိုင်း ဘယ်လိုနည်းနှင့်မှ မသေနိုင်ဘူးပေါ့။ ။မိန်းမတို့၏ ပရိယာယ်အမူအရာဖြင့် အချစ်ဆုံး, အခင်ဆုံး, ရယ်လို့ ငွါငွါပြုံးပြုံးမျက်နှာကလေးနှင့် ဘဝင်အေးအောင် ချော့မော့ ပြောဆိုတဲ့ အခါခိုးသားလူမိုက်ကြီးမှာလဲ ပုထုဇနစရိုက်နှင့် စိတ်နှလုံးကိုထိခိုက်သဖြင့် ငေးစိုက်လို့သွားပါရော၊

ထိုနောက် ကုဏ္ဍလကေသာက မိန်းမဟန် အမူအရာဖြင့် တီတီတာတာချော့မော့ကာ သယ်လိုပြောပြန်သလဲလို့ဆိုတော့ သည့်လိုတဲ့။ ။ချစ်ဦးသက်လယ် မောင်မောင်ရယ်၊နှမကလေးဖြင့် သွားရပါတော့မယ်။ သေခါနီးဆဲဆဲမှာ အချစ်ပွဲကလေး ခံလိုက်စမ်းပရစေဦး။ အချစ်ဆုံးဆိုတော့ မရုန်းနိုင်ဘူးမောင်မောင်ရဲ့၊ သနားညှာတာသဖြင့် အခွင့်ကလေးတခု ပေးတော်မူစမ်းပါ၊ ပေါင်းရဒါလဲမကြာသေးလို့ အချစ်သွေး မရောင့်မရဲ ဖြစ်နေပါတယ်၊ ပျိုချစ်တဲ့မောင်တပါးကို အားရပါးရ ''ကြို့ကြ်မရှက်-ဒိုက်မရှက်'' ဆိုတဲ့ စကားအတိုင်း ပိုက်ဖက်လို့နမ်းရှုပ်ပရစေ၊ပိုက်ဖက်ရင်းတန်းလန်းနမ်းရင်းရှုပ်ရင်း ပျော်ပျော်ငွါငွါ သေသွားပရစေမောင်မောင်ရဲ့၊ သေပန်းပွင့်လျှင်မြင့်မြတ်ဟဲ့ဘုံသို့ နှမလေးရောက်ရပါလိမ့်မယ်၊ နေ ာက်တော့တွေ့ရမှာမဟုတ်တော့ဘူးမောင်မောင်ရဲ့၊အဆုံးစွန်ပိုက်ဖက်ခြင်းဖြင့် အားရပါးရ နမ်းရှုပ်ပချစေ၊'' အဲ-သို့ကလို မျက်နှာ ချိုသွေးပြီး ပြောလိုက်တယ်

(ပ) ဟေတိဒ်ဥပဂူဟိဿံ၊ ကတွာနတံပဒက္ခိဏံ။
နစဒ် နိပုနော အတ္တိ၊ မမတုယှဥ္စ သင်္ဂမော။

(ပ) ဘဒ္ဒန္တေ၊ အချစ်ဆုံး, အခင်ဆုံး, မရုန်းနိုင်ဘွယ် ပျို့သက်လယ်၊ ဟေ၊ ပျို့ရင်ခွင်အတွင်းသို့ ချဉ်းကပ်လို့ ဝင်လာတော်မူပါ၊ တံ၊ သင်မောင်မောင်ဘုရားကို၊ ဥပဂူဟိဿံ၊အားရပါးရ ပိုက်ဖက်

နမ်းရှုပ်လိုက်ပါအံ့။ တံ၊ သင်ဖွေကိုယ်တော်မြတ် ဘုရားကို၊ ပဒက္ခိဏံကတွာန၊ လက်ျာရစ်သုံးပါတ်လှည့်၍၊ ဥပဂူဟိသ္မံ၊ အားရပါးရ ပိုက်ဖက်နမ်းရှုပ်လိုက်ပါအံ့။ ဒါနိ၊ ယချ၊ ပုနေဝ၊ နောင်ခါတဘန်၊ မမစ၊ ကျွန်တော်မအားရင်း၊ တုယှဥ္စ၊ သင် မောင်မောင် ဘုရားအားရင်း၊ သင်္ဂမော၊ နှစ်နှစ်သက်သက် ပွေ့ဖက်ပေါင်းသင်းရအံ့သော အရေး သည်၊ နစအတ္ထိ၊ ရှိနိုင်တော့မည်မဟုတ်ပါဘုရား။

အဲ-သို့ကုလိမ္မရစ်စဘွယ် မိန်းမတို့ပရိယာယ်ဖြင့် အသွယ်သွယ် အချစ်စကားတို့ကို ပြောကြားမြူချော့ပြီးတဲ့နောက် ကုဏ္ဍလကေသာ က သတ္တုက ခိုးသားကြီးအား ''မချစ်သော်လဲ - အခေါင့်ကာနမ်း'' ဆိုသောစကားအတိုင်း ဟိုကလှဲ့ပြီးပိုက်ဖက်နမ်းရှုပ် သည်ကလှဲ့ပြီး ပိုက်ဖက်နမ်းရှုပ် မိန်းမတို့အမူရှုပ်နှင့် သူလုပ်ချင်တိုင်း လုပ်နေတာ ပေါ့၊ ခိုးသားကြီးကလဲ အသာကလေးညိမ်ခံနေတယ်။

## အမိုက်ကောင်တောင်ပေါ်မှ တွန်းချခြင်း

ကုဏ္ဍလကေသာက ချစ်ခင်ဟန်ဆောင်ဟဲ့ အမူအရာဖြင့် ခိုးသားကြီးရဲ့ နောက်ကြောဘက်က တကြိမ် နှစ်ကြိမ်, ပိုက်ဖက် နမ်းရှုပ်ပြီး ''သွားလေ့တော့ငမိုက်သား ထိုက်ရာမှာနားလေ့တော့။'' အဲ-သည့်သို့စိတ်ထဲက ကြိမ်းဝါးလျက် တောင်ထိပ်များမှ တအား ကုန်ရှဲ့ပြီး ချောက်ထဲသို့ တွန်းချလိုက်လေသတည်း။ ။သတ္တုက ခိုးသားကြီးမှာ မိန်းမ၏ လက်ချက်ဦးသဖြင့် မည်သို့မျှကြံဘန်ခွင့်မရ နိုင်ဘဲ ဇလိမ့်ခေါက်ခွေးနှင့် သေဇာဆိုက်ရလေသတည်း။

ကဲ-စဉ်းစားကြစမ်းပါ၊ မိန်းမတို့၏ ဥာဏ်ဇက် ပရိယာယ် လက်နက်နှင့် ရုတ်တရက်ပစ်ခတ်လိုက်ပုံများဟာ ဘယ့်ကလောက် အချိုးကျသလဲလို့၊ အဲ-သို့အတွက်ကြောင့် မိန်းမများဟာ ရုတ်တရက် ဥာဏ်အလွန်ကောင်းဘယ်လို့ ချီးမွမ်းကြတာပေါ့။ ။သတ္တုက ခိုးသားကြီးကို တောင်ပေါ်မှ ချောက်ထဲ တွန်းချပြီးတဲ့ နောက် ဝမ်းမြောက်ဝမ်းသာ လွန်စွာနှစ်သက်လှသဖြင့် ကုဏ္ဍလကေသာက

သို့ကလိုကြွမ်းဝါး လိုက်တယ်။ ။ကဲ-မှတ်ကရော ဘဲ့နှယ်ရှိစ အသက်သခင်ကျေးဇူးရှင်ကို မဆင်မခြင် စော်ကားသဖြင့် သင့်တရားက သင့်ကို စီရင်သွားပြီ၊ ခိုးသားပစ်ချတဲ့ ချောက်ထဲသို့ ခေါင်းလျှိုပြီး အသေဆိုးနှင့် သေသွားပြီ၊ သားသမင်ကို သားမွေး မျှင်ဖြင့် အသာကလေး ဘမ်း၍ သတ်လိုက်သလို ခိုးသားကြီး ငမိုက်သားကို မိန်းမတို့ပရိယာယ် တည်းဟူသော ဂန္ဓောင်ကြိုး ဖြင့် ဘမ်းပြီး အသာကလေး သတ်လိုက်ဘယ်၊ မိန်းမတို့ပရိယာယ် အစွမ်းကို ကမ်းကုန်အောင်သိကြပလား။ ဒဲ-သို့ကလိုကြွမ်းဝါးပြီး ဥဒါန်းဂါထာနှစ်ပုဒ်ကိုလဲ သို့ကလို ရွတ်ဆိုလိုက်ပြန်တယ်။

(၅) ယောစဥပ္ပတိတံအတ္ထံ၊ နခိပ္ပမနုဗုဇ္ဈတိ။
သောဟညတေမန္ဒမတိ၊ စောရောဝဂိရိဂဗ္ဘရေ။

(၅) ဘာသတ္ထ၊ အို-တောင်စောင့်နတ်အပေါင်းတို့၊ ယောစ၊ အကြင်သူသည်ကား၊ ဥပ္ပတိတံ၊ လက်ပူးလက်ကြပ် ဆိုက်ရောက် ဖြစ်ပေါ်၍လာသော၊ အတ္ထံ၊ အရေးကိစ္စကို၊ ခိပ္ပံ၊ လျှင်လျှင်မြန်မြန်၊ နအနုဗုဇ္ဈတိ၊ ရုတ်ဘရက်ဥာဏ်ဖြင့်မကြံနိုင်ဘဲ၊ တွေဝေ၍နေလေ၏၊ မန္ဒမတိ၊ ပညာသိမ်သေး၊ အမြင်မှေးသော၊ သော၊ ထိုမောဟပိတ်ဆီး၊ လူမိုက်ကြီးသည်၊ ဟညတေ၊ အသတ်ခံရလေ၏။ ယထာ၊ ဥပမာဆို၊ အဘယ်လိုနည်း ဟူမူကား၊ ဂိရိဂဗ္ဘရေ၊ တောင်ချောက်ကြား၌၊ စောရောဝ၊ အသေဆိုးသေရသောသူခိုးကြီးကဲ့သို့တည်း။

(၆) ယောစဥပ္ပတိတံအတ္ထံ၊ ခိပ္ပမေဝနိဗောဓတိ။
မုစ္စတေသတ္တုသမ္ဗာဓာ၊ တဒါဟံသတ္တုကာယထာ။

(၆) ဘာသတ္ထ၊ အို-တောင်စောင့်နတ်အပေါင်းတို့၊ ယောစ၊ အကြင်သူသည်ကား၊ ဥပ္ပတိတံ၊ လက်ပူးလက်ကြပ် ဆိုက်ရောက် ဖြစ်ပေါ်၍လာသော၊ အတ္ထံ၊ အရေးကိစ္စကို၊ ခိပ္ပမေဝ၊ လျှင်လျှင်မြန်မြန် သာလျှင်၊ နိဗောဓတိ၊ လွတ်ကြောင်းကြံ၍၊ အသိဥာဏ်ပေါ်ပေါက် လေ၏၊ သော၊ ထိုရုတ်တရက်ဥာဏ်၊ အကြံကောင်းသို့၊ ပညာ ရှိသည်၊ သတ္တုသမ္ဗာဓာ၊ ကျဉ်းမြောင်းသောရန်သူလက်မှ၊ မုစ္စတေ၊ လွတ်ထွက်နိုင်လေ၏။ ယထာ၊ ဥပမာဆို၊ အဘယ်လိုနည်း ဟူမူ

ကား။ ထိုအခါ၊ ထိုအရေးကြစ်ကြီးကြုံသောအခါ။အဟံ၊ကုဏ္ဍလကေသာမည်သော ငါသည်၊ သတ္တုကော၊ သတ္တုကမည်သောခိုးသားကြီး၏လက်မှ၊မုတ္တာပိယထာ၊ လွတ်ထွက်နိုင်လေဘိ သကဲ့သို့တည်း။

**တောင်စောင့်နတ်အပေါင်းတို့ချီးမွမ်းခြင်း။**

သတ္တုက ခိုးသားကြီးကို သူ့ခွေးသွီး ကုဏ္ဍလကေသာက မိန်းမတို့၏ပရိယာယ်ဖြင့် အလွယ်ကလေးနှင့် ဥာဏ်ဆင်၍ တောင်ထိပ်ပေါ်မှသိုးချလိုက်တဲ့အခါ တောင်စောင့်နတ် အများတို့က အားရဝမ်းသာ လွန်စွာနှစ်သက်လှသဖြင့် နတ်တို့၏ ကဈန် မြူးတူးခြင်းဖြင့် အထူးထူးအထွေထွေ မြူးတူးကြပြီးလျှင် ဥဒါန်းဂါထာ နှစ်ပုဒ်ကိုသို့ကာလိုရွတ်ဆိုလေသတည်း။

(၁) နဟိသဗ္ဗေသုဌာနေသု၊ ပုရိသောဟောတိပဏ္ဍိတော။
ဣတ္ထီပိပဏ္ဍိတာဟောတိ၊ တတ္ထတတ္ထဝိစက္ခဏာ။

(၁) ဘောန္တော၊ အို-တောင်စောင့်နတ်အပေါင်းတို့၊ လောကေ၊ ဤကမ္ဘာလောကကြီးအတွင်း၌၊ သဗ္ဗေသုဌာနေသု၊ အလုံးစုံသောအရာဌာန, အလုံးစုံသောအရေးကိစ္စတို့၌၊ ဟိ၊ စင်စစ်ကေန်၊ တကယ်မှန်၏။ ပုရိသော၊ ယောကျ်ားကသာလျှင်။ ပဏ္ဍိတော၊ သာလွန်၍ပညာရှိသည်၊ နဟောတိ၊ မဖြစ်နိုင်။ ဣတ္ထီပိ၊ မိန်းမများကလည်း။ ပဏ္ဍိတာ၊ ရေးရာမြင်သိ၊ ပညာရှိသည်။ ဟောတိ၊ဖြစ်နိုင်သည့်သာလျှင်တည်း။ ဣတ္ထီပိ၊ မိန်းမများကလည်း။ တတ္ထတတ္ထ၊ ထိုထိုဌာန၊ ထိုထိုအရေးကိစ္စတို့၌၊ ဝိစက္ခဏာ၊ ရုတ်တရက်ဉာဏ်၊ လျှင်မြန်ပေါ်ပေါက်၊ အရေးရောက်အောင်၊ ရှက်ဆောင်ကြံစည်နိုင်သည်၊ ဟောတိ၊ ဖြစ်သည့်သာလျှင်တည်း။

(၂) နဟိသဗ္ဗေသုဌာနေသု၊ ပုရိသောဟောတိပဏ္ဍိတော။
ဣတ္ထီပိပဏ္ဍိတာဟောတိ၊ လဟုံအတ္ထဝိစိန္တိကာ။

(၂) ဘောန္တော၊အို-တောင်စောင့်နတ်အပေါင်းတို့၊လောကေ၊ ဤကမ္ဘာလောကကြီးအတွင်း၌၊ သဗ္ဗေသုဌာနေသု၊ အလုံးစုံသောအရာဌာန၊အလုံးစုံသော အရေးကိစ္စတို့၌၊ဟိ၊ စင်စစ်ကေန် တကယ်

မှန်၏။ ပုရိသော၊ ယောကျ်ားများကသာလျှင်။ ပဏ္ဍိတော၊ သာလွန်၍ ပညာရှိသည်၊ နဟောတိ၊ မဖြစ်နိုင်။ ဣတ္ထိပိ၊ မိန်းမများကလည်း။ ပဏ္ဍိတာ၊ ရေးရာမြင်သိ၊ ပညာရှိသည်၊ ဟောတိ၊ ဖြစ်နိုင်သည်သာလျှင်တည်း။ ဣတ္ထိ၊ မိန်းမသည်။ လဟုံ၊ လျှင်လျှင်မြန်မြန်။ အတ္ထံ၊ ရေးရာကိစ္စဟူသမျှကို။ ဝိစိန္တိတာ၊ ရုတ်တရက်ဉာဏ်၊ လျှင်မြန်ထိုးထွင်း၊ ခဏခြင်းပင်၊ မြော်မြင်ကြံစည်နိုင်ပေသတည်း။

တောင်စောင့်နတ်ကြီးတွေက ကုဏ္ဍလကေသာရဲ့ ရုတ်တရက်ဉာဏ်ကို လွန်စွာ အားရတော် မူကြသဖြင့် သို့ကလို ဥဒါန်းဂါထာများကိုကျူးရင့်တော် မူကြတာပေါ့။ ဤလောကမှာ အရာရာတွင် ယောကျ်ားများသာလျှင် ဉာဏ်ပညာရှိတာမဟုတ်ဘူး။ မိန်းမများလဲအရာရာတွင် အမြော်အမြင် ဆင်ခြင်နိုင်တဲ့ ဉာဏ်မျိုးရှိကြပေတယ်။ ရုတ်တရက်အကြံအဘန်မှာတော့ မိန်းမဉာဏ်ကတောင်သာသေးတယ်။ ။အဲသည်လို ဆိုလိုတာပေါ့။ တောင်စောင့်နတ်ကြီးတွေ ကျူးရင့်တဲ့ ဂါထာအတိုင်းလဲ မှန်ပါပေတယ်။ မိန်းမတွေဟာ ရုတ်တရက် ဉာဏ်အရာ၌ ဝိဇ္ဇာဓိုရ်မကြီးတွေ ဖြစ်နေတာဘဲမဟုတ်လား။

သေကြောင်းကြံတာကိုပင်ဉာဏ်ရယ်လို့ ဆိုထားတဲ့အချက်ဟာ စဉ်းစားစရာမကောင်းဘူးလား။ ဉာဏ်ဆိုတဲ့ ပညာ စေတသိက်က မဟာကုသိုလ်မှာ ယှဉ်တယ်။ သူ့အသက်ကို သတ်ခြင်းဆိုတာကတော့ အလွန် ကြမ်းတမ်းဘဲ့ ဒေါသတရား အစစ် ကြီးဘဲ သေကြောင်း ကြံတာကို ဉာဏ်ဆိုဘဲ့ အတွက် ဆန့်ကျင်ဘက်ဖြစ်နေတယ်မဟုတ်လား။ ။စွပ်စုံကျော်ထင် ဆရာကြီးက သည်အချက်ကို ရည်ရွယ်ပြီး အောက်၌ ပါတဲ့အတိုင်း ဉာဏ်စမ်း ပုစ္ဆာတပုဒ်ကို ထုတ်ဆောင်တော်မူခဲ့တယ်။

## သေကြောင်းကေန်၊ သတ်ကြံဟန်၊ ဉာဏ်ဟု ဘယ်ကြောင့်ခေါ်သနည်း။

အဲ-ယခုလိုပြဆိုခဲ့တဲ့အချက်ကို ပညာရှိပုဂ္ဂိုလ်ကြီးတွေ ဖြေဆိုပုံကသည့်လိုဘဲ့။ ။သတ်ဆဲအခိုက်မှာဖြစ်ပေါ်တဲ့ ဝဓကစေတနာ

ကိုတော့ ဉာဏ်ရယ်လို့မဆိုနိုင်ဘူး၊ ဓါးသတာရေးဆိုးကြီးအမှန်ပေါ့ သို့ရာတွင် မသတ်ခင် ရှေးဦးစွာအလွန်ကျဉ်းကြပ်တဲ့ ရန်သူလက်မှ လွတ်ရအောင် ကြံဆောင်တဲ့ သဘောမျိုးတွေကိုတော့ ဉာဏ်ရယ် လို့ခေါ်ဆိုရတယ်။ သည်ဉာဏ် သဘောတွေကို တောင်စောင့် နတ်ကြီးတွေက ချီးမွမ်းကြတာပေါ့။ ။တောင်စောင့်နတ်ကြီးတွေ ကျူးရင့်တဲ့ ဥဒါန်းဂါထာကို ပြန်လှန်လို့ ကြည့်လိုက်ကြ စမ်းပါ၊ သတ်ဖြတ်တဲ့ ကေစေတနာကို ချီးမွမ်းတာမဟုတ်ဘူး၊ ရှတ်ဘရက် ဉာဏ်ဖြင့် ကြံဆနိုင်တဲ့ တစ်ဏရပ္ပတ္တိဉာဏ်မျိုးကိုသာ ချီးမွမ်းခြင်း ဖြစ်ပေတယ်၊ ။ဘေးအန္တရာယ်အကြပ်အတဲ တွေ့ကြုံနေတဲ့အခါ လွတ်ရာလွတ်ကြောင်း နည်းကောင်း ဥပါယ်ဖြင့် ကြံစည်နိုင်တာကို ဉာဏ်ပညာရယ်လို့ခေါ်တယ်၊

## ကုဏ္ဍလကေသာ ထွက်သွားခြင်း။

သတ္တုကခိုးသူကြီးကို တောင်ထိပ်ပေါ်မှ တွန်းချလိုက် ပြီးတဲ့ နောက် ကုဏ္ဍလကေသာရဲ့ စိတ်ထဲမှာ ဘယ်လိုအကြံ ပေါ်ပေါက် လာသလဲဆိုတော့ ''ဩော်-သည်လောကကြီးဟာ အလွန်ရှုပ်ထွေး လှပါကလား၊ ကိုယ်လဲအတူတူ သူလဲအတူတူ လူမှန်သမျှ အလွန် ရှုပ်ကြတယ်၊ ဒုက္ခကောင်တွေ ပါတကား။ ။ကိုယ့်ဖြစ်ပုံများကို ပြန်လှန်စဉ်းစားလိုက်တဲ့အခါ လွန်စွာရှက်ဘို့ကောင်းတယ်၊ တနိုင်ငံ လုံးကရှိရှာ၍ အလွန်တရာဆိုးဝါးတဲ့ ခိုးသားသတ္တုကကို သူ့အပြစ် နှင့်သူ အသက်ဆုံးရှုံးအောင်သက်ဖြတ်ခန် သုသာန်သို့ ထုတ်သွား တဲ့အခါ လမ်းခရီး မတ်ဏတ်မှာ မြင်တော့ လိုခြင် မက်မောတဲ့ သဘောအဆိုးရာဂမျိုးဖြင့် သူ့ကိုမရ ရအောင် ကြံဆောင်ကြိုးစား လို့ယူခဲ့တယ်၊ အလွန်ရှက်ဘွယ် ကောင်းပါကလား။ သည်လောက မှာ ကိုယ့်ထက်ရိုက်မဲတဲ့ မိန်းမဖြင့် မရှိတော့ဘူးထင်ပါရဲ့၊ ။အ လွန်ယုတ်မာတဲ့ ခိုးသားကို ကယ်ဆယ်ပြီး တွယ်တွယ် တာတာ ကြာရှည်လေးမြင့်စွာ ပေါင်းသင်းတော့မတဲ့သို့ ကြံပြန်ပါတော့လဲ ကြာကြာပေါင်းဘို့ဝေးစွ သုံးရက်ကလေးမျှလောက်နှင့် သူက သေ

ကြောင်းကြီတယ်။ ကိုယ့်ဥာဏ်က ဦးမေလှိုသာ ကိုယ့်အသက်ချမ်းသာရတော့တာဘဲ၊ ။''ဩြဘ်- သို့ကလေးကိုလ် ရှက်ဘွယ်ရာကြီးကြုံနေတာကို လူ့ဘုံမှာ လူလုပ်လို့ မကောင်းနိုင်တော့ ပါဘူး။ ဘယ်သူ့ကိုမှ မပန်ကြားဘဲ ရှေ့ကိုရာရောက် ပေါက်ရာပေါက် စိတ်နေးကိုယ်ပါ ထွက်သွားပါတော့မယ်'' ဆဲသည်လို ကြီစည်ပြီး ကုဏ္ဍလကေသာဟာ တောင်ထိပ်ပေါ်မှ ဆင်းသွားပါရော၊ တောင်ခြေရင်းက စောင့်နေကြတဲ့ ကျေးကျွန် အပေါင်းတွေက်မှ နှုတ်မဆက်နိုင်ရှာတော့ဘူး။

တောင်ခြေရင်းကစောင့်နေတဲ့ ကျေးကျွန်တွေကလဲ အချိန်ကြာအောင် ပြန်၍မလာသည်နှင့် တောင်ထိပ်ပေါ်သို့ တက်၍ ကြည့်ကြရာ သခင်မ ကုဏ္ဍလကေသာကိုလဲ မတွေ့ သတ္တုက ခိုးသားကြီးကိုလဲမတွေ့၊ ဆဲ-သို့ကလိုဖြစ်ပျက်ဘဲ့အတွက် ပြာရီးပြာရာ အိမ်သို့ပြန်လာကြပြီး သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့ကို တိုင်ကြားကြတယ်။ ။မိဘနှစ်ပါးတို့မှာလဲ အလွန်တရာ ဗျာများပြီး ပူဒိုးတောက်လောင်စွာနှင့် သမီးကိုရှာကြပါသော်လဲ ဘယ်မှာမှမတွေ့ကြတော့ဘူး၊ သမီးအချောအလှကြောင့် သောကဆိုတဲ့ မီးပုံတွင်းသို့ချန်ဆင်းပြီး ပူပြင်းစွာ ဒုက္ခရောက်နေ ရှာကြဘာပေါ့။ ကမ်းရောက်ရောက်, သောင်တင်တင် ဖြစ်ချင်ရာ ဖြစ်ပေစေတော့လို့''စိတ်ရောကိုယ်ရော ထိန်းသိမ်းခြင်းမရှိဘဲ ထွက်သွားတဲ့ ကုဏ္ဍလကေသာဟာ နာဍ္ဍပုဏ္ဍဆရာကြီးအုပ်စိုးတဲ့ နိဂဏ္ဍတက်ကတွန်းတို့ ကျောင်းဝင်းသို့ရောက်သွားပါရော၊ ။ကုဏ္ဍလကေသာဟာ ဇာဆုံး ဘဝမှာ အလွန်တရာ ရောက် ဂရက် နိုင်ပါကလား၊ ကျွတ်ထိုက်တဲ့ဘဝဖြစ်သော်လဲ ရှင်တော်ဘုရားနှင့် ဆိုက်ဆိုက်မြိုက်မြိုက် မတွေ့ရဘဲ တိတ္ထိဂိုဏ်းဘဲသို့ ရောက်သွားရ ရှာတယ်။ ဆရာအမျိုးမျိုးနဲ့ တွေ့ကြုံရခြင်းဆိုဘဲ့ နာနာသဥ္စာရ ဥလ္လောကန အေးကြီး ဆိုတာသည်လိုဟာမျိုးကို ခေါ်တယ်။

တိတ္ထိတက်ကတွန်းတွေက အလွန်တရာ လှပတဲ့ အမျိုးသမီးကလေးတယောက် သူတို့ကျောင်းထဲသို့ ဝင်လာတာကို မြင်တော့

ဝမ်းသာအားရ နှင့် ဆီးကြို နှုတ်ဆက်ကြတာပေါ့ လေ။ ။ အကြောင်း အရာကို မေးမြန်းကြတဲ့အခါ ကုလ္လာလတေသာက "အရှင်ဘုရားတို့ထံမှာ ရဟန်းပြုလို၍ လာရောက်ရပါတယ်" လို့ ပြောကြားရှာတယ်။ ။သည့်တော့ တိဿ ထေရ်ကတွန်းကြီးတွေက ဝမ်းသာအားရနှင့် လျှင်မြန်စွာရဟန်းပြုပေးကြတာပေါ့။

နာဠ ပုဏ္ဏဆရာကြီးကိုကျောင်းသို့ဝင်ပြီး ရဟန်းပြုတဲ့အခါ ဆင်းရဲ ပုံအကြောင်းပြဆိုရခုံးမှာပေါ့။ ။သူတို့ကျောင်းမှာ ရဟန်းပြုတဲ့အခါ ဆံပင်ကိုသင်ခုန်းနှင့်မရိတ်ရဘူး၊ တပင်စီ တပင်စီမွေးညှပ်နှင့် နှုတ်ရတယ်၊ ဘယ့်ကလောက် ဆင်းရဲလိမ့်မယ်ဆိုတာ စဉ်းစားလို့ သာကြည့်ကြပေတော့။ ။လူတို့၏ဦးခေါင်းပေါ်မှာ ပေါက်နေတဲ့ ဆံပင်တွေက သုံးကုဋေနှင့် ခြောက်သန်းရှိသတဲ့ ဆံပင်တချောင်း ကိုမွေးညှပ်နှင့် တချက်နှုတ်တယ်ဆိုတော့ ဒုက္ခဝေဒနာပေါင်းဟာ သုံးကုဋေ နှင့် ခြောက်သန်း ရှိတာပေါ့။ ။ဆံပင်ဆိုတာလဲ အတော် ခိုင်မြဲတဲ့အတွက် တပင်တပင်နှုတ်လျှင် ဒုက္ခ အတော် ရောက် ကြောင်းကို သိကြတယ် မဟုတ်လား။ ။ကြက်တကောင်လုံးကို အမွေးနှုတ်ထားတာလို ဆံပင်ရှိသမျှအလုံးစုံကို အကုန်နှုတ်ပင်ပြီး တဲ့အခါ သွေးသန်ရဲရဲနှင့် အလွန်တရာ ဆင်းရဲတာပေါ့။ ။အတ္တ ကိလမထာနုယောဂအကျင့်ဆိုတာ သည်လိုဟာမျိုးကိုခေါ်တယ်။

ဆံပင်ကို နှုတ်ပြီးသည် နှင့် တပြိုင်နက် ရဟန်းခံခြင်း ကိစ္စပြီး သွားပါရော၊ သိမ်ဝင်ခြင်း၊ ကမ္မဝါဖတ်ခြင်း၊ ဆိုတဲ့ အလေ့ဟာ ဘယ်မှာရှိနိုင်ပါဘော့မလဲ ပထမရှေးဦးစွာ ရဟန်းပြုစဉ်အခါက ဆံပင်တွေရှိသမျှ အကုန်နှုတ်ပြီးတဲ့နောက် ထဘန် ပေါက်လာတဲ့ ဆံပင်များကိုတော့ သေသည်တိုင်အောင် ဘယ်တော့မှ မရိတ်ရ တော့ဘူး ကွေ့ကွေ့ လိမ်လိမ် နှင့် မပြုမပြင်ဘဲ ဖရိုဖရဲ ထားလိုက် ရတယ်။ ။ဆံပင် ခွေလိမ်မှာ ဖုံမှုန့်တွေ ကပ်လေလေ မြတ်လေ လေရယ်လို့ အယူရှိကြတယ်၊ ဒဲ-ယခုလိုပြောခဲ့တာက နာဠပုဏ္ဏ ဆရာကြီး၏ နိဿယည်းမှုမှန်တွေပေါ့ တိဿ ထေရ်ကတွန်းတို့ အ

ကျင့်ဆိုတာ ဘယ့်လောက်ခွန်စရာ ကောင်းကြောင်းကို စဉ်းစား လို့သာကြည့်ကြပေတော့။

(ယ) တဒါဟံဝါဘယိတ္ဂာန၊ဂိရိဒုဂ္ဂမှိသဏ္ဍကံ။
သန္တိကံသေတာ ပဗ္ဘာနံ၊ဥပေတွာပဗ္ဘဇိံအဟံ။

(ယ) တဒါ၊ ထိုဘောင်ထိပ်ပေါ်သို့ ရောက် သော အ ခါ ၌၊ အဟံ၊ အကျွန်ုပ်သည်။ သဏ္ဍကံ၊ သဏ္ဍကမည်သော၊ ခိုးသားကြီး ကို၊ဂိရိဒုဂ္ဂမှိ၊ အသူတရာနက်လှစွာသော၊ ချောက်ကြီးထဲသို့၊ပါတ ယိတွာန၊တွန်းချ၍သတ်ခဲ့ပြီးသည့်ရှိသော်။ သေတဝတ္ထာနံ၊ အဝတ် ဖြူကို ဝတ်ကုန်သော၊ တိတ္ထိတက္ကတွန်းတို့၏။ သန္တိကံ၊အထံသို့၊ ဥပေတွာ၊ကပ်၍၊အဟံ၊အကျွန်ုပ်သည်။ ပဗ္ဗဇိံ၊ ရဟန်း ပြုခဲ့ပါသ တည်း။

(ရ) သဏ္ဍာသေနစကေသေမေ၊လုဥ္စိတွာသဗ္ဗသောတဒါ၊
ပဗ္ဗဇိတွာနသမယံ၊အာစိက္ခိံသု နိရန္တရံ။

(ရ) တဒါ၊ ထိုတိတ္ထိ တက္ကတွန်းထံဝယ် ရ ဟန်း ပြု သော အခါ၌။မေ အကျွန်ုပ်၏၊ကေသေ၊ဆံပင်အလုံးစုံတို့ကို၊သဏ္ဍာသေန စ၊မွေးညှပ်ကြီးဖြင့်သာလျှင်။ သဗ္ဗသော၊ တပင်မျှမကျန်ရအောင်။ လုဥ္စိတွာ၊ အလုံးစုံ ပယ်နှုတ်၍။ ပဗ္ဗဇိတွာန၊ ရဟန်း ပြုပြီးသည်ရှိ သော်။ အာစရိယာ၊ တိတ္ထိဆရာကြီးတို့သည်။ သမယံ၊ တိတ္ထိအယူ ဝါဒအမျိုးမျိုးကို။ နိရန္တရံ၊ မပြတ်ခလတ်။ အာစိက္ခိံသု၊ဟောလား, ပြောလားနှင့် သင်ကြားကြကုန်၏။

ကုဏ္ဍလကေသာသည် ပြဆိုခဲ့ဘဲ့နည်းအတိုင်း ဆံပင်ကိုနှုတ် ပြီးခါ အဝတ်ဖြူကို ဝတ်ဆင်လျက် ရဟန်းဖြစ်ပြီးဘဲ့နောက် ပေါက် လာတဲ့ဆံပင်များကို ထိပ်လိပ်ခွေခွေ နှင့် ထားလိုက်ရာ သူ့ဆံပင် ကလေးတွေဟာ ဖက်လိပ်နားဒုံးပမာ ဖြစ်နေကြတယ်၊ ၎င်း-သို့ အတွက်ကြောင့် ထိုအခါကစပြီး 'ကုဏ္ဍလကေသာ'' လို့ ခေါ်ဆို ကြလေသတည်း။

(မှတ်ချက်၊ ။နာဠ ပဏ္ဏဂိုဏ်းမှာ ရဟန်းပြုပြီးသောနောက်မှ ကုဏ္ဍလကေသာဟူသော အမည်ကို ရသည်၊ ရှေးအခါကမူကား၊

''ဘဒ္ဒါ''ဟူ၍ခေါ်တွင်သည် သို့ရာတွင် ဤထေရီဘာသာပြန်ဝတ္ထု၌ကား ထင်ရှားသော အမည်ကိုအစွဲပြု၍ ကုဏ္ဍလကေသာဟု ရေးသားခဲ့ပေသတည်း။)

ကုဏ္ဍလကေသာသည် သူဌေးသမီးဖြစ်၍ရုပ်ဆင်းအင်္ဂါ လွန်စွာကောင်းမြတ်တဲ့အတိုင်း နာဠိပုတ္တဂိုဏ်းမှာ ရဟန်းပြုကာ ဆံပင်ခွေထိပ်, ခွေလိပ်နှင့် နေရာတွင် တမျိုးပင် ကြည့်လို့ကောင်းသတဲ့ နဂိုမူလက ရုပ်တင့်တယ်တဲ့သူများဟာ ဘယ်လိုပင်နေနေ အလှကြက်သရေ မပျက်နိုင်ဘူးပေါ့။ ရဟန်းပြုပြီးတဲ့အခါ နာဠိပုတ္တဂိုဏ်းနှင့်သက်ဆိုင်တဲ့ပညာများကို သင်ကြားရာ မကြာမီ အတွင်းအလုံးစုံ တတ်မြောက်ခြင်းသို့ ရောက်သွားတယ် ပညာပါရမီအခံရှိတော့၊ အသိဥာဏ်လွယ်ကူတာပေါ့။ ဝါဒပေါင်းများစွာကို တတ်မြောက်လို့လာတဲ့အခါ၊ ကုဏ္ဍလကေသာမှာ ပညာမာန်တက်လာတယ်။

## ဝါဒပြိုင်ရန်လှည့်လည်ခြင်း

ဆဲသည့်လို့ ပညာမာန် တက်လာတော့ ဇမ္ဗူဒီပါကျွန်း တခွင်မှာ ငါနှင့်ပြိုင်ယှဉ်၍ အဖြေအတင် ပြောကြားနိုင်မဲ့သူ ရှိဘူး ဇမ္ဗူဒီပါမှာ ငါအတတ်ဆုံး သည့်လိုသဘောမျိုးတွေ ပေါ်ပေါက်လာတဲ့အတွက် တိတ္ထိဆရာကြီးတို့ထံမှာ အခွင့်ပန်ပြီး နိုင်ငံတကာသို့ ဝါဒပြိုင်ရန် ထွက်သွားတယ်။ တိတ္ထိဆရာကြီး တွေ က လဲ သူတို့တပည့်မကလေး တယောက် တတ်မြောက် ရဲရင့်တယ်ဆိုတော့ အလွန်အားရကြတာပေါ့၊သူတို့ကပင် မြှောက်ပင့်လို့ပေးကြသေးတယ်။ ကုဏ္ဍလကေသာသည် သပြေပန်းခက်ကို ကိုင်ပြီး ''ရဲလျှင်ထွက်ခဲ့ကြ ဝါဒပြိုင်မယ်'' ဆဲသည့်လို ကြွေးကြော်သံ အံ့ဩစရာ လှည့်ပတ်တော့ အရပ်ရပ်မှာ ရှိတဲ့ ဆရာကြီးတွေက မပြိုင်ဝံ့ကြဘူးဟဲ့ ကုဏ္ဍလကေသာဟာ လွန်စွာနာမည်ကြီးနေတာပေါ့လေ။

## ရှင်သာရိပုတ္တရာနှင့်တွေ့ဆုံခြင်း

သာဝတ္ထိပြည်သို့ရောက်သွားတဲ့အခါ ကုဏ္ဍလကေသာက သဲပုံကြီးတခုကို ပုံပြီး ထိုသဲပုံထက်မှာ သပြေခက်ကို စိုက်ထားလျှ

ဝါဒပြိုင်လိုတဲ့ သူများ ထွက်ပေါ်ခဲ့ပါလျှင် သည့်သပြေခက်ကို ဖျက်ဆီးကြရမယ်လို့ သတင်းပေးထားတယ်၊ သည့်အကြောင်းကို ရှင်သာရိပုတ္တရာကိုယ်တော်ကြီးက သိတော်မူတော့ သပြေခက်ကို အဖျက်ခိုင်းတာပေါ့။ ။ထိုအခါ ကုဏ္ဍလကေသာက ''ငါနှင့်ဆိုင်၍ ဝါဒပြိုင်မဲ့သူပေါ်လာပြီ၊ ပြိုင်ပွဲ ဆိုင်ပွဲကို ကြည့်လိုကြလျှင်လိုက်ခဲ့ကြ'' ဆဲသည့်လို ကြွေးကြော်တဲ့ အတွက် သာဝတ္ထိပြည်မှာ ရှိတဲ့ လူပေါင်းများစွာတို့က ကုဏ္ဍလကေသာရဲ့ နောက်သို့ ဝိုင်းအုံကာ လိုက်သွားကြတယ်။

ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးကလဲ ကုဏ္ဍလကေသာ ဆိုက်ရောက်လာမည့်အကြောင်းကို သိတော်မူသည်နှင့် တရသော သစ်ပင်ရင်းကစောင့်ဆိုင်း၍နေတော်မူတယ်။ ။ကုဏ္ဍလကေသာ ဆိုက်ရောက်လာတော့ အလ္လာပ,သလ္လာပ,စကားများကိုထိုက်သည့် အားလျော်စွာ ပြောကြားပြီး ကုဏ္ဍသကေသာက စတင်၍ ပုစ္ဆာ မေးလိုက်တော့ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက မေး, မေး သမျှကို ခဏခြင်းရုတ်တရက် ထက်ထက်မြက်မြက် ဖြေကြားတော် မူတယ် အတန်ကလေးကြာတော့ ကုဏ္ဍလကေသာမှာ မေးစရာ ဝါဒမရှိတော့ဘူးပေါ့။

ထို့နောက်ဘဘန် ရှင်သာရိပုတ္တရာက ပြန်လှန်၍ မေးမြန်းတော် မူတော့ ကုဏ္ဍလကေသာမှာ ဖြေနိုင်ဘွယ်ရာအကြောင်းမမြင်သဖြင့် လက်မှိုင်ချကာ ငေးစိုက်သို့နေရပါရော။ ။အဲသည့်တော့ ကုဏ္ဍလ ကေသာရဲ့ စိတ်ထဲမှာ ''ဪ-ငါထင်တဲ့အထင်တွေဖြင့် လွဲဂျုန်ပါ ပေါ့လား၊ သို့ကလောက်ပညာတတ်၍ မြင့်မြတ်တဲ့ပုဂ္ဂိုလ်ကြီးတွေ ဟာ လောကမှာ အရှိသားဘဲ၊ နောက်နောက်ကမှားခဲ့သမျှ ရှိပစေ တော့ လမ်းမှန်တွေ့ဘဲ့အခါ လျှင်မြန်စွာလိုက်မှ တော်တော့မယ် ''အဲ-သို့ကလို အကြံဖြစ်ပြီး ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး အား ရိုသေစွာ ဝပ်တွားလျက် တပည့်တော်မအား တပည့်အဖြစ် ဖြင့် ချီးမြှင့်တော်မူပါ အရှင်ဘုရား၏ထံတွင် ရဟန်းအဖြစ်ကို

ရပါရစေဘုရား၊ အဲ-သို့ကလိုလျှောက်ထားရှာတယ်၊ ကျွတ်ချိန်တန်တဲ့အခါကြတော့၊နည်းမှန်,လမ်းမှန်နှင့်စခမ်းမှန်ကိုရသွားတာပေါ့။

အဲသည်လို လျှောက်ထားတော့၊ ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးက ''ငါ့ထံမှာ ဟာပညတ်မခံနှင့်အုံး လောကသုံးပါးတွင် ထင်ရှားကျော်စော၍ မြတ်သော ပုဂ္ဂိုလ်ကြီး အစစ် ဖြစ်တော် မူတဲ့ ရှင်တော်ဘုရား၏အထံမှာ တပည့်အဖြစ်ကို ခံယူပါ'' အဲ-သို့ကလို ပြောကြားပြီး ကုဏ္ဍလကေသာကို ခေါ်ဆောင်သွားတယ်။ ။ထိုအခါ ရှင်တော်မြတ်ဘုရားက ကုဏ္ဍလကေသာအား တရားခမ္ဘ ဟောပြတော်မူပြီးလျှင် သာသနာတော် အတွင်းမှာ ရဟန်းပြုရန်ခွင့်တောင်းတဲ့အတိုင်း ဘိက္ခုနီမကျောင်းသို့ပို့ပြီး ရဟန်းပြုတော်မူစေတယ်။ ။အဲသည်အခါကြတော့၊ ရှေးရှေးဘဝပေါင်းများစွာတို့က ပြည့်စုံစွာ ဖြည့်ဆည်းခဲ့ဘူးတဲ့ ပါရမီရှင်ဖြစ်တဲ့ အတိုင်း၊ မြင့်မြတ်သော သာသနာတော် အတွင်းမှာ၊ မြင့်မြတ်သော ရဟန်းအဖြစ်ကို ရရှိလေသတည်း။

ဘိက္ခုနီမတို့ ကျောင်းမှာ၊ရဟန်းအဖြစ်သို့ ရောက်သွားတော့ ကုဏ္ဍလကေသာထေရီရယ်လို့ ထင်ရှားကျော်စော သွားတာပေါ့။ ရဟန်းပြုပြီး၍ များမကြာမီ အတွင်း တနေ့သော အခါ ကုဏ္ဍလကေသာသည်၊ ဆွမ်းခံပြန်လာရာတွင် ကျောင်းပေါ် သို့ တက်ခါနီ ခြေများကို ရေဆေးတယ်။ခြေဆေးရေများက ခြေဖမိုးမှ စီးဆင်း၍ မြေအတွင်းသို့ တဖြေးဖြေး စိမ့်ဝင် ပျောက်ဆုံး သွားကြတယ်။ ။ကုဏ္ဍလကေသာက ခြေဆေးရေတို့ဖြစ်ပုံကို ကြည့်ရှုပြီး 'ဩော်-သည်ရေ ကလေးတွေဟာ ငါ၏ခြေထောက်ကို စင်ကြယ်အောင် ဆေးကြောခြင်း ကိစ္စဖြင့် ဆောင်ရွက်ပြီး မကြာမီ အတွင်းမှာ ပျောက်ကွယ်ခြင်းသို့ ရောက်ကုန်ပါပေါ့ကလား၊ အဲသည်နည်းတူစွာ၊ လောကဓာတ် ဘုံဘဝတခွင်မှာ ရှိနေကြတဲ့ လူတွေ,နတ်တွေ, ဗြဟ္မာတွေ သစ်ပင်, တော,တောင်,ရေ,မြေ သမုဒ္ဒရာတွေ အဲသည်လို ရှိရှိသမျှသင်္ခါရ အလုံးစုံတွေဟာ မတ်မတ်မားမားနှင့် ထင်ရှားရှိနေကြသော်လဲ အနိစ္စလက်နက်ဖြင့် ပုက်စီးခြင်းသို့ ရောက်ကြမှာ

အမှန်ပါကလား''ဆဲ-သို့ကလို အနိဋ္ဌပိပဿနာဉာဏ်၊ထက်သန်စွာ ပေါ်ပေါက်လာတယ်။

(လ) တဒါဟံဥသမ္ဘနူ၊ပရိတ္တံတောယမဒ္ဒသံ၊
ပါဒပက္ခာလနေနာဟံ၊ဥတ္တာသဥဒယဗ္ဗယံ။
တထာသဗ္ဗေပိသင်္ခါရေ၊ ဤဒိသံဝိန္တယိံ တဒါ။

(လ) တဒါ၊ ထိုရှင်တော်ဘုရားအထံသို့ ရောက်သွားလေသော အခါ၌၊အဟံ၊အကျွန်ုပ်သည်းဥပသမ္ပန္နာ၊ ရဟန်းပြုပြီးသည်ရှိသော်၊ ပရိတ္တံ၊အနည်းငယ်မျှဖြစ်သော၊(ဝါ၊မြေအပြင်မှာ တဖြေးဖြေး စိမ့်ဝင်၍သွားလေသော၊) တောယံ၊ ခြေဆေးရေကို၊ အဒ္ဒသံ၊ ရှုစားမိပါသတည်း၊ ၊အဟံ၊အကျွန်ုပ်သည်၊ ပါဒပက္ခာလနေန၊ခြေဆေးခြင်းကိစ္စဖြင့်၊ သဥဒယဗ္ဗယံ၊ အဖြစ်အပျက်ကိုမြင်သော၊ ဝိပဿနာ၊ ဉာဏ်နှင့်တကွ၊ ဥတ္တာ၊ ထင်ရှားပိုင်ပိုင်၊ သိမြင်နိုင်သည် ဖြစ်၍၊ တဒါ၊ထိုအခါ၌၊တထာ၊ထိုခြေဆေးရေနှင့်တူစွာ၊ သဗ္ဗေပိသင်္ခါရေ၊ အလုံးစုံသောသင်္ခါရတရားတို့ကိုလည်း၊ ဤဒိသံ၊ ဤနည်းအတိုင်း၊ မဆိုင်းမချ ပျက်စီးရမည်ဟု၊ ဝိန္တယိံ၊ ဆင်ခြင် ကြံစည်မိခဲ့ပါသတည်း။

ဆဲ–ယခုပြဆိုခဲ့ပြီးတဲ့အတိုင်း ခြေဆေးရေကို အကြောင်းပြုကာ ဝိပဿနာဉာဏ် ထက်သန်စွာ ပေါ်ပေါက် လာသော အခါ ရှင်ဘော်ဘုရားထံသို့ လျှင်မြန်စွာသွားပြီး မိမိ၏ထင်မြင်ချက်များကို အလုံးစုံပြန်လှန်ကာ လျှောက်ထားတယ် ထိုအခါ ရှင်တော်မြတ်ဘုရားက၊ သို့ တော်ကုဏ္ဍလကေသာအား ရုပ်နာမ်ခန္ဓာတရားတို့ကို လက္ခဏာရေးသုံးပါးဖြင့် ထင်ရှားပေါ်လွင်အောင် ရှေးဦးစွာ ဟောကြားပြီးမှ ထိုနောက်တဘန် ဓမ္မပဒဂါထာတပုဒ်ကို သို့ကလို ဟောကြားတော်မူလေသတည်း။

သဟဿမပိစေဂါထာ၊အနတ္ထပဒသဥှိတာ။
ဧကံဂါထာပဒံသေယျော၊ယံသုတွာဥပသမ္မတိ၊

(ဓမ္မပဒပါဠိတော်၊)

ဂါထာ၊ ရွတ်ဆို သီကုံးသော ဂါထာတို့သည်၊ သဟဿမပိ၊ တထောင်ပင် ရှိစေဦးတော့၊ အနတ္ထပဒသဉှိတာ၊ အကျိုးမဲ့သော ပုဒ်တို့နှင့် စပ်ယှဉ်ကြပါကုန်မူကား၊ နသေယျာ၊ မြတ်သည်ဟု မဆို ထိုက်ကုန်၊ ယံ၊ အကြင်ဂါထာကို၊ သုတွာ၊ ကြားနာရသည့်ရှိသော်၊ ဥပသမ္မတိ၊ ကိလေသာမီးငြိမ်း၍ ချမ်းသာကိန်းကြီး ပွင့်လေ၏၊ ဧကံ၊ တခုထည်းမျှသာဖြစ်သော၊ တံဂါထာပဒံ၊ ထိုဂါထာပုဒ်သည်၊ သေယျော၊ စင်စစ်ကြောင် အမှန်မြတ်လေ တော့သတည်း၊

ဆိုလိုရင်း အဓိပ္ပါယ်ကာ သည်လိုတဲ့၊ ဂါထာ ပေါင်း တထောင်ပင် ဖြစ်စေကာမူ အကျိုးမရှိသော ပုဒ်ပါဌ်တို့ဖြင့် ဖွဲ့သီ၍ ထားခဲ့ပါလျှင် ထိုဂါထာပေါင်း တထောင်ကို အဘိုးတန်စွာနှင့် မြင့်မြတ်တယ်လို့မဆိုနိုင်ဘူး အကြင်ဂါထာကို ကြားနာလိုက်ရပါ လျှင် ကိလေသာမီးငြိမ်း၍ ချမ်းသာကိန်းကြီးပွင့်နိုင်၏ ထိုကဲ့သို့ သော ဂါထာမျိုးဖြစ်ခဲ့ပါလျှင် ဂါထာကလေး တပုဒ်ထဲပင် ဖြစ်သော်လဲ အဘိုးမဖြတ် နိုင်အောင် မြင့်မြတ်ကောင်းမွန်တယ်လို့ ဆိုလိုတယ်၊

ကုဏ္ဍလကေသာ ထေရီသည်၊ သည်ဂါထာကို ကြားနာရပြီး သည်နှင့် တပြိုင်နက် ပဋိသမ္ဘိဒါလေးပါး နှင့် တကွ ကိလေသာ ကုန်းခန်း၍ ရဟန္တာအဖြစ်သို့ ရောက်လေသတည်း၊

ရဟန္တာအဖြစ်သို့ ရောက်ပြီးတဲ့အခါ သာသနာတော်အတွင်းမှာ အသိဉာဏ် လျင်မြန်စွာ ပွင့်လင်းတဲ့ အရာတွင် ကုဏ္ဍလကေသာ ထေရီသိက္ခာနိမရယ်လို့၊ အ ထူး အ ချွန်၊ အ လွန် ထင် ရှား သွား တယ်၊ တနေ့သောအခါ ရှင်တော်မြတ်ဘုရားသည်၊ ပရိသတ် လေးပါးအလယ်မှာ၊ တင့်တယ်စွာ စံမှုယ်တော်မူလျက်၊ သွိုးတော် ကုဏ္ဍလကေသာကို၊ အထူးသဖြင့် ရွေးကောက်၍၊ ခိပ္ပါဘိညဧတဒဂ် ဖြင့် ချီးမြှောက်တော်မူလေသတည်း၊

ဧတဒဂ္ဂံဘိက္ခဝေ၊ မမသာဝိကာနံ ခိပ္ပါဘိညာနံ ဘိက္ခုနီနံ၊ ယဒိဒံဘဒ္ဒါ ကုဏ္ဍလကေသာ၊ ၊

ဘိက္ခဝေ။ ချစ်သားရဟန်းတို့။ မမ၊ ငါဘုရား၏၊ သာဝိကာနံ၊ တပည့်မ ဖြစ်ကြကုန်သော။ ခိပ္ပါဘိညာနံ၊ လျင်မြန်စွာ တရားထူးကို သိကြကုန်သော၊ ဘိက္ခုနီနံ၊ ရဟန်း မိန်းမ အပေါင်းတို့တွင်။ ဘဒ္ဒါ၊ မူလ အမည်ရင်း အားဖြင့် ဘဒ္ဒါ အမည်ရှိသော။ ယဒိဒံ-ယာအယံ၊ ကုဏ္ဍလကေသာ။ အကြွင်းသိမ်းတော် ကုဏ္ဍလကေသာသည်။ အဂ္ဂါ၊ ရှိ၏။ ဧတံ-ဧသာ၊ ထိုသို့ တော် ကုဏ္ဍလကေသာသည်။ အဂ္ဂံ-အဂ္ဂါ၊ အမြတ်ဆုံးပေတည်း။

ကုဏ္ဍလကေသာ ထေရီဘိက္ခုနီသည်၊ ပဋိသမ္ဘိဒါလေးပါးနှင့် တကွ ခိပ္ပါဘိညာဧတဒဂ်ကိုရပြီးလျှင် ကိလေသာ ကင်းစင်သော အရှင်ရဟန္တာမအဖြစ်သို့ ရောက်ပြီးသောနောက်၊ အလွန်ဝမ်းမြောက်တော်မူလှသဖြင့် အမှားမှား၊ အမှောက်မှောက် နောက်နောက်က ဖြစ်ခဲ့သမျှအကြောင်းတွေကို ဆင်ခြင်စဉ်းစားတော်မူကာ မကြာ မကြာ ထေရီဂါထာငါးပုဒ်ကို ရွတ်ဆို ကျူးရင့်တော်မူလေ့ရှိ ပေသတည်း။

(ထိုထေရီဂါထာငါးပုဒ်ကို အောက်၌ဘော်ပြထားပါသည်။)

(၁) လူနကေသီ ပင်္ကဓရီ၊ ဧကသာဋီ ပုရေစရိံ။
အဝဇ္ဇေ ဝဇ္ဇမတိနီ၊ ဝဇ္ဇေစာ ဝဇ္ဇဒဿိနီ။

(၁) အဟံ၊ ကုဏ္ဍလကေသာ အမည်ရှိသော အကျွန်ုပ်သည်။ ပုရေ၊ ရှင်တော်ဘုရားထံမှောက်သို့ မရောက်မီရှေးအခါ၌။ လူနကေသီ၊ ဆံပင်တွေကို ပယ်နုတ်လျက်။ ပင်္ကဓရီ၊ ရွံ့ညွန် မြေမှုံ အလုံးစုံ လိမ်းကျံသည်ဖြစ်၍။ ဧကသာဋီ၊ အဝတ် တထည်မျှကိုသာ ဝတ်ဆင်လျက်။ စရိံ၊ ထိုထို၌ ဤ၌ လှည့်လည်ကျက်စား၊ သွားလာကွန့်မြူး ခဲ့ပါသတည်း။ တဒါ၊ ထိုအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ အဝဇ္ဇေ၊ အပြစ်ကင်းသောနည်းကောင်း လမ်းကောင်း ဟူသမျှ၌။ ဝဇ္ဇမတိနီ၊ အပြစ်ရှိသည်ဟုထင်မိထင်ရာမှတ်ဆင်ခဲ့ပါသတည်း။ ဝဇ္ဇေစ၊ အများ မှန်ဘိ အပြစ်ရှိသောနည်းလမ်းဟူသမျှ၌ကား။ အဝဇ္ဇဒဿိနီ၊ အပြစ် မရှိဟု ထင်မိထင်ရာ ထင်မြင်ခဲ့ပါသတည်း။

(၂) ဒိဝါဝိဟာရာ နိက္ခမ္မ၊ ဂိဇ္ဈကူဋမှိ ပဗ္ဗတေ။
အဒ္ဒသံ ဝိရဇံ ဗုဒ္ဓံ၊ ဘိက္ခုသံဃ ပုရက္ခတံ။

(၂) အဟံ၊ အကျွန်ုပ်သည်၊ ဒိဝါ၊ တနေ့သော နေ့ခင်းအခါ၌။ ဝိဟာရာ၊ မိမိနေရာဖြစ်သောကျောင်းမှ။ နိက္ခမ္မ၊ ထွက်လာခဲ့သည်ရှိသော်၊ ဂိဇ္ဈကူဋမှိပဗ္ဗတေ၊ ဂိဇ္ဈကုဋ်တောင်ကြီးပေါ်၌၊ ဘိက္ခုသံဃပုရက္ခတံ၊ ရဟန်းသံဃာအပေါင်းတို့ဖြင့် ဝန်းရံအပ်သော၊ ဝိရဇံ၊ ကိလေသာမြူအညစ်အကြေးတို့မှ ကင်းဝေးတော်မူသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဒ္ဒသံ၊ မျက်မှောက် ထင်ထင် တွေ့မြင်ရပါသတည်း။

(၃) နိဟစ္စဇာဏုံ ဝန္ဒိတွာ၊ သံမုခါ အဉ္ဇလိံ အဟံ။
ဧဟိ ဘဒ္ဒေတိ အဝစ၊ သာ မေ အာသူပသမ္ပဒါ။

(၃) အဟံ၊ အကျွန်ုပ်သည်။ သံမုခါ၊ ရှင်တော် ဘုရား၏ မျက်မှောက်တော်၌။ ဇာဏုံ၊ ပုဆစ်ဒူးကို။ နိဟစ္စ၊ မြေ၌ထောက်၍။ အဉ္ဇလိံ၊ လက်အုပ်ကိုတင်ချီလျက်။ အဝန္ဒိံ၊ ရိုသေမြတ်နိုး ရှိခိုးလိုက်ပါသတည်း။ ဝန္ဒိတွာ၊ ရှိခိုးပြီးသည်ရှိသော်။ ဗုဒ္ဓေါ၊ ရှင်တော်မြတ်ဘုရားသည်။ ''ဘဒ္ဒေ၊ အို-ချစ်သမီးဘဒ္ဒါ။ ဧဟိ၊ ငါဘုရားထံသို့ အမြန်လာခဲ့။'' ဣတိ၊ ဤသို့ အဝစ၊ ခေါ်တော်မူ၏။ သာ၊ ထိုခေါ်တော်မူခြင်းသည်ပင်လျှင်။ မေ၊ အကျွန်ုပ်၏။ ဥပသမ္ပဒါ၊ ရဟန်းအဖြစ်ပြည့်စုံခြင်းသည်။ အာသိ၊ ဖြစ်လတ်သတည်း။

(၄) စိဏ္ဏာအင်္ဂါစ မဂဓါ ဝဇ္ဇီကာသီစ ကောသလာ။
အနဏာ ပဏ္ဏာသဝဿာနိ၊ ရဋ္ဌပိဏ္ဍံ အဘုဉ္ဇဟံ။

(၄) မယာ၊ အကျွန်ုပ်သည်။ အင်္ဂါစ၊ အင်္ဂတိုင်းတို့ကိုရင်း။ မဂဓါစ၊ မဂဓတိုင်းတို့ကိုရင်း။ ဝဇ္ဇီစ၊ ဝဇ္ဇီတိုင်းတို့ကိုရင်း။ ကာသီစ၊ ကာသိတိုင်းတို့ကိုရင်း။ ကောသလာစ၊ ကောသလတိုင်းတို့ကိုရင်း။ ပဏ္ဏာသဝဿာနိ၊ နှစ်ပေါင်း ငါးဆယ်တို့ ပတ်လုံး။ အနဏာ၊ ကိလေသာတည်းဟူသော ကြွေးတင်ခြင်းမရှိဘဲ (ဝါ) ကိလေသာကြွေးကင်းသည်ဖြစ်၍။ စိဏ္ဏာ၊ အကြိမ်ကြိမ် အဘန်ဘန် လှည့်လည်အပ်ကုန်ပြီ၊ ရဋ္ဌပိဏ္ဍံ၊ တိုင်းသူပြည်သား၊ လူအများတို့ လှူသောဆွမ်းကို။ အဟံ၊ အကျွန်ုပ်သည်။ အဘုဉ္ဇိံ၊ ဘုဉ်းပေးသုံးဆောင်ခဲ့လေပြီ။

(၅) ပုညံ့ဝတ ပသႋဝိဗဟုံ၊ သပဉ္ဉောဝတာယံဥပါသကော၊ ယောဘဒ္ဒါယစိဝရံ အဒ္ဒါသိ၊ ဝိပ္ပမုတ္တာယ သဗ္ဗဂန္ထိဘိ၊

(၅) ယောဥပါသကော၊ အကြင်ဥပသကာကြီး တယောက်သည်။ သဗ္ဗဂန္ထိဘိ၊ အလုံးစုံသော အနှောင်အဖွဲ့တရားတို့မှ၊ ဝိပ္ပမုတ္တာယ၊ ကင်းလွတ်ပြီးသော၊ ဘဒ္ဒါယ၊ ဘဒ္ဒါ-ကုဏ္ဍလကေသာမည်သောအကျွန်ုပ်အား။ စီဝရံ၊ သင်္ကန်းတစုံကို၊ အဒါသိ၊ ပေးလှူဘူးပေ၏။ သောဥပသကော၊ ထိုဥပါသကာကြီးသည်။ ပုညံ ကုသိုလ်ကောင်းမှုကို။ ဗဟုံ၊ များစွာ။ ပသဝိဝတ၊ ဆည်းပူးပွါးများခဲ့လေသည်တကား၊ အယံ ဥ ပါသ ကော၊ ဤ ဥ ပါသ ကာ ကြီး သည်၊ သပဉ္ဉောဝတ၊ပညာရှိပေစွတကား။

(ဤထေရီဂါသာငါးပုဒ်တို့တွင်၊ ပဉ္စမဂါထာသည်၊ မိမိအား သင်္ကန်းတစုံလှူဘူးသော၊ ဥပါသကာကြီး တယောက်ကို မကြာမကြာအမှတ်ရသည့်နှင့်၊ ထိုဥပါသကာကြီးကိုဘွဲ့ဆိုသော ပါထာဖြစ်သည်၊

အရပ်ရပ်ပြဆိုအပ်ခဲ့ပြီးသောစကားအတိုင်း၊ ကုဏ္ဍလကေသာထေရီ ဘိက္ခုနီအရှင်မြတ်ကြီးသည်၊ ရဟန္တာ ဖြစ်သည့်နေ့က စ၍၊ အသက်ဆုံးသည့်တိုင်အောင်၊ထင်ရှားသောသြိုးတော်ကြီးအဖြစ်ဖြင့် သာသနာရေးကိစ္စတို့ကို ကြိုးကြိုးပမ်းပမ်း ထမ်းဆောင်တော်မူပြီးလျှင်၊ ဘဝအဆုံးစွန်၌ ခန္ဓာဝန်ကိုပစ်ချ၍၊ အမတကြဋ္ဌနိ်း၊ နိဗ္ဗာန်နန်းသို့ စံမြန်းတော်မူလေသတည်း။

## (၉) ကုဏ္ဍလကေသာထေရီ ဝတ္ထု ပြီး၏။

(မှာ်ချက်။ ။ဤကုဏ္ဍလကေသာ ဝတ္ထုကြီးကို အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ဓမ္မပဒအဋ္ဌကထာ၊ ထေရီဂါထာပါဠိတော်နှင့်၊ ၎င်းအဋ္ဌကထာ၊ထေရီအပဒါန်ပါဠိတော်၊ ဤကျမ်းအရပ်ရပ်တို့၌ ပြဆိုလျက်ရှိပေသည့် အချို့အချို့သောအချက်တို့၌၊ကျမ်းဂန်အချင်းချင်း မညီမညွတ်ရှိသည့်ကိုတွေ့ရ၏၊ သို့ရာတွင်၊ ဆရာကြီး,သမားကြီးတို့ထံမှ၊ နည်းနာနိသယတို့ကို၊ မှတ်သားမိခဲ့ဘူးသော အတိုင်း၊

ကျမ်းဂန်အချင်းချင်းညှိနှိုင်း၍၊ ဤထေရီဘာသာပြန်မှာ သင့်လျော်စွာ ရေးသားခဲ့ပါသည်။ ။အချို့က ကုဏ္ဍလကေသိ-ဟူ၍လည်း ရေးသားကြ၏။ သို့ရာတွင် ပါဠိတော်, အဋ္ဌကထာတို့၌၊ ကုဏ္ဍလကေသာဟူ၍ပင် တွေ့ရပေသည်။ ။ဤထေရီဘာသာပြန်၌၊ က ခ စသည်တို့ဖြင့်၊ မှတ်သားအပ်သောဂါထာတို့ကို ထေရီအပဒါန်ပါဠိတော်၊ ၁-၂ စသည်တို့ဖြင့်၊ မှတ်သား အပ်သော ဂါထာတို့ကို၊ ထေရီဂါထာပါဠိတော်မှလာသော ဂါထာတို့ဟူ၍၊ မှတ်ယူတော်မူကြပါကုန်။

---

ပဉ္စကနိပါတ်

## (၁၀) ပဋ္ဌာစာရီ-ထေရီ ဝတ္ထု။

ရှေးလွန်လေပြီးတဲ့ ကမ္ဘာတသိန်း လက်ဆက်အခါ ပဒုမုတ္တရ ဘုရား ထင်ရှားပွင့်တော်သည်တွင် သူဌေးသမီးကလေးတယောက် ဟာ သဒ္ဓါတရားနှင့် ပြည့်စုံ အသိမ္ဗာဂုဏ်ကြွယ်ဝသဖြင့် မပြတ် မပြတ်ရှင်တော်ဘုရားထံသို့ ကပ်ပြီး အမြတ်တရားကို နာကြား လေ့ရှိတယ်။

တနေ့သောအခါ ထိုသူဌေးသမီးကလေးဟာ ကျောင်းတော်သို့သွား ၍ တရားနာသည်တွင်ရှင်တော်မြတ်ဘုရားက ဘိက္ခုနီမတပါးအား ဝိနည်းဓိုရ်အရာတွင် ဧတဒဂ်တင်ထား၍၊ မြှောက်စားတော်မူသည် ကို၊ ကိုယ်တိုင်ဒိဋ္ဌ၊ တွေ့ကြုံခသောအခါ၊ စေတနာ သဒ္ဓါ လွန်စွာ တက်ကြွပြီး၊ 'နောင်ဘုရားရှင်တို့ ပွင့်တော်မူတဲ့ လက်ထက်တော် အခါ၊ ငါလဲ ယခုတွေ့ကြုံရတဲ့ ဘိက္ခုနီမကဲ့သို့ ဝိနည်းဓိုရ် ဧတဒဂ် ရာထူးကိုရရှိလေအောင် ကြိုးဆောင်ကြိုးစားမှဘော်မယ်။'' ဟူသည့် ထိုအကြံဖြစ်ပေါ်လာသတဲ့။

ထို့နောက် များမကြာမီ အထွင်းမှာပင် အသူ မဏ္ဍပ်ကြီးကို ဆောက်လုပ်၍ ဘုရားအမှူးရှိတဲ့ သံဃာတော် အရှင်မြတ်တို့အား လေ မြတ်စွာ သူ့ဒါန်းပူဇော်ပြီးလျှင် ''ဤကဲ့သို့ပြုလုပ် လှူဒါန်းရတဲ့

ဒါနကုသိုလ်စေတနာကြောင့်' နောက်ပွင့်တော်မူလတ့ံဖြစ်တဲ့ဘုရား ရှင်တို့၏ လက်ထက်တော်မှာ ဝိနည်းမိုရ်ထေဒဂ်ရာထူးကိုရပါလို့ရဲ့ဘုရား။'' ဆဲ - သို့က လို၊ ဆု တောင်း ပ ဏ္ဍ နာ မှု ကို ပြု လိုက်တယ်၊ ။ရှင်တော်မြတ်ဘုရားက အနာဂတံသဉာဏ်တော်ဖြင့် ရှုမျှော်ဆင်ခြင်ပြီးလျှင်။''ဒို-ချစ်သွီး၊ နောင်ကမ္ဘာတသိန်းလွန်ခဲ့တဲ့ အခါ၊ ဂေါတမ ဘုရား ထင် ရှား ပွင့် တော် မူ လိမ့် မယ် ထိုအခါ သင်ချစ်သွီးသည်၊ 'ပဋာစာရီ'' ဟူသော အမည်နှင့် ဝိနည်းမိုရ် ထေဒဂ်ကိုရရှိလိမ့်မယ်'' ဆဲ-ဤကဲ့သို့ ဗျာဒိတ်စကား ပြန်ကြား တော်မူတယ်။

ဤဗျာဒိတ်စကားကို ကြားရလေသောအခါ၊ ယနေ့နက်ဖြန်ပင် ဖြစ်ရတော့မလောက် အလွန်တရာဝမ်းမြောက်ပြီး ဒါန, သီလအစ ရှိတဲ့ ကုသိုလ်တရားတို့ကို မနေ မနား အားထုတ်တယ် အသက် အတိုင်းနေ၍ ဒိုဘဝမှစုတေသွားဘဲ့အခါ တာဝတိံသာ နတ်ဘုံမှာ ပြည့်စုံတဲ့ချမ်းသာကြီးနှင့် နတ်သွီးဖြစ်လေသတည်း။

(ထေရီအပဒါန်ပါဠိတော်ကြီးများကို ထုတ်ပြပါဦးမည်၊)

(က) တဒါဟံဟံသဝတိယံ၊ဓာတာသေဋ္ဌိကုလေအဟုံ၊
နာနာရတန ပဇ္ဇောတေ၊ မဟာသုခ သမပ္ပိတာ၊

(က) တဒါ၊ ထိုပဒုမုတ္တရဘုရား၊ ထင်ရှား ပွင့်တော်မူသော အခါ၌၊ အဟံ၊ အကျွန်ုပ်သည်၊ ဟံသဝတိယံ၊ ဟံသာဝတီနေပြည် တော်ကြီး၌၊ နာနာရတနပဇ္ဇောတေ၊ ရတနာအမျိုးမျိုးတို့ဖြင့်၊ ပြိုးပြိုး ပြောင်ပြောင် တောက်လောင်ထိန်ဝင်း၍နေသော၊ သေဋ္ဌိကုလေ၊ သူဌေးအမျိုး၌၊ ဇာတာ၊ ပဋိသန္ဓေအားဖြင့်၊ မွေးဘွားခဲ့သည်ဖြစ်၍၊ မဟာသုခသမပ္ပိတာ၊မြင့်မြတ်ကြီးကျယ်သောချမ်းသာစည်းစိမ်ဖြင့် တင်းတိမ်အောင် ခံစားနိုင်သော သူဌေးသွီးကလေးသည်၊ အဟုံ၊ ဖြစ်ခဲ့ပါသတည်း။

(ခ) ဥပေတွာတံမဟာဝိရံ၊အဿောသိံဓမ္မဒေသနံ၊
တတောဇာတပသာဒါဟံ၊ဥပေသိံသရဏံဇိနံ၊

(ခ) အဟံ၊ အကျွန်ုပ်သည်။ တံမဟာဝိရံ၊ ထိုပဒုမုတ္တရရှင်တော်မြတ်ဘုရားကြီးသို့။ ဥပေတွာ၊ ချဉ်းကပ်၍။ ဓမ္မဒေသနံ၊ ဟောကြားတော်မူသော တရားတော်ကို။အသောသိံ၊ကြားနာခဲ့ပါသတည်း။ တဘော၊ ထိုတရားတော်ကိုကြားနာခြင်းကြောင့်။ အဟံ၊ အကျွန်ုပ်သည်၊ဇာတပသာဒါ၊ကြည်ညိုလှစွာ၊တဒ္ဓါတရားဖြစ်ပေါ်လာသည့် ဖြစ်၍၊ ဇိနံ၊ ငါးမာရ်ပယ်နှင်၊ ဘုရားရှင်ကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဥပေသိံ၊ ဆည်းကပ်ခဲ့ပါသတည်း။

(ဂ) တတောဝိနယဓါရီနံ၊ အဂ္ဂံဝဏ္ဏေသိနာယကော။
ဘိက္ခုနိံ လဇ္ဇိနိံ တာဒိံ၊ ကပ္ပါကပ္ပဝိသာရဒံ။

(ဂ) တတော၊ ထိုတရားတော်ကိုကြားနာရသောအခါ၌။ကပ္ပါကပ္ပဝိသာရဒံ၊ ဝိနည်းပညတ်၌၊အပ်သည်မအပ်သည်ဟူ၍၊ ဆုံးဖြတ်ခြင်း၌ါရဲရင့်စွာသော၊ လဇ္ဇိနိံ၊ လောကဓံရှစ်ပါးတို့ကြောင့်၊ မလှုပ်ရှားနိုင်၊ အလွန်တရာလည်း ကြံ့ခိုင်ထသော။ ဘိက္ခုနိံ၊ ဘိက္ခုနီမတပါးကို။ ဝိနယဓါရီနံ၊ဝိနည်းဓိုရ်အပေါင်းတို့ထက်။ အဂ္ဂံ၊ အမြတ်ဆုံးဟူ၍။ နာယကော၊ရှင်တော်မြတ်ဘုရားသည်။ဝဏ္ဏေသိ၊ ချီးကျူးမြှောက်စားတော် မူလေသတည်း။

(ဃ) တဒါမုဒိတစိတ္တာဟံ၊ တံဌာနံအဘိကင်္ခိနီ။
နိမန္တေတွာဒသဗလံ၊ သသံဃံလောကနာယကံ။

(င) ဘောဇယိတွာနသတ္တာဟံ၊ ဒဒိတွာဝတိစီဝရံ။
နိပစ္စသိရသာပါဒေ၊ ဣဒံဝစနမဗြဝိံ။

(ဃ-င) တဒါ၊ ထိုအခါ၌။အဟံ၊ အကျွန်ုပ်သည်၊ မုဒိတစိတ္တာ၊ ဝမ်းမြောက်အားကြသောစိတ်ရှိသည်ဖြစ်၍။တံဌာနံ၊ ထိုဝိနည်းဓိုရ်ဧတဒဂ်ရာထူးကို။ အဘိကင်္ခိနီ၊လိုလားတောင့်တသည် ဖြစ်သောကြောင့်။ လောကနာယကံ၊ လူဘို့၏ ရှေ့သွားခရီးညွှန် ဖြစ်တော်မူပေသော။ဒသဗလံ၊ အားတော်ဆယ်တန်, ဉာဏ်တော်ဆယ်ပါးနှင့်ပြည့်စုံတော်မူသော ရှင်တော်မြတ်ဘုရားကို။သသံဃံ၊ သံဃာတော်အပေါင်းနှင့်တကွ။ သတ္တာဟံ၊ ခုနစ်ရက်တိုင်တိုင်၊ဘောဇယိတွာန၊ ဆွမ်းကျွေးပြီးသော်။တိစီဝရံ၊တိစီဝရိက်သင်္ကန်းအစုံကို။ ဒဒိတွာဝ၊

ပေးလှူဆက်ကပ်ပြီး၍သာယျှင်၊ ပါဒေ၊ ရှင်တော်မြတ်ဘုရား၏ဘဝါး ခြေတော်အစုံ၌၊ သိရသာ၊ ဦးခေါင်းဖြင့်၊ နိပစ္စ၊ ဝပ်တွား၍၊ ဏုန်ဝစနံ၊ ဤသို့သောစကားကို၊ အဗြဝိံ၊ လျှောက်ထားခဲ့ပါသတည်း။

(စ) ယာတယာဝတ္ထုံတာဝိရ၊ ဇူတောအဒ္ဓမကောမုနိ။
တာဒိသာပဟံဘာဝိဿာမိ၊ ယာဒိသိစ္ဆတိနာယကာ။

(စ) ဝိရ၊ လုလ္လစွမ်းအန်၊ ထက်သန်ကြီးမြတ်တော်မူသော၊ မုနိ၊ အို-ရှင်တော်မြတ်ဘုရား။ ဇူတော၊ ဤသရနေ့မှ၊ အဒ္ဓမကော၊ လွန်ခဲ့သော၊ ရှစ်ရက်မြောက်သောနေ့၌။ တယာ၊ ရှင်တော်မြတ်ဘုရားသည်၊ ယာ၊ အကြင်ဘိက္ခုနီမတပါးကို။ ဝတ္ထုံတာ၊ ဝိနည်းရိုရ် ဧတဒဂ်ရာထူးဖြင့်၊ ချီးကျူးမြှောက်ပင့် အပ်ပါသည်ဘုရား။ နာယကာ၊ အို-မြတ်ဂ္ဂုဘုရား၊ ယာဒိသိစ္ဆတိ၊ အကယ်၍ ဆုတောင်းတိုင်း ပြည့်စုံခဲ့သည်ဖြစ်ပါငြားအံ့၊ အဟံ၊ တပည့်တော်မသည်၊ တာဒိတာ၊ ထိုဘိက္ခုနီမနှင့်တူစွာ၊ ဘာဝိဿာမိ၊ ဖြစ်ရပါလို၏ အရှင်ဘုရား။

(ဆ) တဒါအဝေါစမံသတ္ထာ၊ ဘဒ္ဒေမာဘာယိအဿာသ။
အနာဂတမှိအဒ္ဓါနေ၊ လစ္ဆသေတံမနောရမံ။

(ဆ) တဒါ၊ ထိုသို့ဆုတောင်းစကား၊ ပန်ကြားလျှောက်တင်သောအခါ၌၊ သတ္ထာ၊ ရှင်တော်မြတ်ဘုရားသည်၊ မံ၊ အကျွန်ုပ်ကို၊ အဝေါစ၊ ဗျာဒိတ်စကား၊ ဤကဲ့သို့ မိန့်ကြားတော် မူပါသတည်း။ ဘဒ္ဒေ၊ အို-ချစ်သို့၊ မာဘာယိ၊ ကြောက်ရွံ့ စိုးရိမ်ခြင်းမဖြစ်ပါလင့်၊ အဿာသ၊ အေးအေးသာသာ၊ နှစ်သိမ့်စွာနေထိုင်ပါ။ အနာဂတမှိ၊ နောင်လာလတံ့ဖြစ်သော၊ အဒ္ဓါနေ၊ ကာလအခွန့်၌၊ (ဂေါတမဘုရားထင်ရှားပွင့်တော်မူသောအခါ၌၊) တံမနောရမံ၊ ထိုသင်၏ အလိုဆန္ဒအတိုင်း၊ လစ္ဆသေ၊ မချွတ်ဧကန်၊ အမှန်ရထိမ့်သတည်း ချစ်သို့။

အဲ-ပြဆိုခဲ့ပြီးတဲ့အတိုင်း ပဒုမုတ္တရ ရှင်တော်မြတ်ဘုရား ထက် ထက်တော်မှာ ဝိနည်းမုရ် ဗျာဒိတ်ပန်းကို ဆင်မြန်းခဲ့ ပြီးတဲ့နောက် ယခုဘဒ္ဒကပ်ကမ္ဘာသို့ တိုင်အောင် သုဂတိ သံသရာတို၌သာ ချမ်း သာစွာ ကျင်လည်ခဲ့ရတယ်၊ ကဿပဘုရား ထင်ရှားပွင့်တော်မူတဲ့

လက်ထက်တော်သို့ကြလာတော့၊ ဗာရာဏသီပြည်ကြီး၏သခင် ဘုရင်ကိကီမင်းကြီး၏ သမီးတော်ခုနစ်ပါးတို့တွင် ''ဘိက္ခုနီ''အမည်ရှိတဲ့ တတိယသမီးတော်မြတ်ဖြစ်လာဘယ်။

ထိုအခါတွင် သဒ္ဓါသီလနှင့် ပြည့်စုံတဲ့အတိုင်း သာသနာဘောင်သို့ဝင်၍ ရဟန်းပြုသိုပါသော်လဲ ခမည်းတော်ဘုရားထံမှ အခွင့်မရသဖြင့် ရဟန်းမပြုရဘူး။ အဲ-သို့ကသို ရဟန်းပြုခွင့်မရတဲ့ အတွက် တသက်ပတ်လုံး ကောမာရီဗြဟ္မစရိယ အကျင့်မြတ်ကို ကျင့်သုံးပြီး တသက်ပတ်လုံး ကုသိုလ်ကောင်းမှုတို့နှင့်သာမွေ့လျော်လို့နေတယ်။ အိမ်ထောင်သားမွေး လောကီရေး ဆိုတဲ့ အထုပ်များ ကိုတော့ ရှင်းရှင်းကြီး ဖြုတ်ပစ်လိုက် ထာပေါ့၊ အထူးဝိသေသ အားဖြင့် သံဃာတော်အရှင်မြတ်တို့နေထိုင်ရန်ကျောင်းတိုက်တာအရာမ်ကြီး တခုကို တည်ထောင်၍ သံဃာတော်အပေါင်းတို့အား ကောင်းမွန်ရှိသေစွာ လုပ်ကျွေးပြုစုလို့နေတယ်။ ထိုဘဝတွင် အသက် အတိုင်းနေ၍ စုတေသွားတော့ တာဝတိံသာ နတ်နန်းမှာ တခမ်းတနား စံစားရလေသတည်း။

## အဆုံးဘဝသို့ရောက်လာခြင်း။

(သူဌေးသမီး-ပဋ္ဌာစာရီဖြစ်လာသည်။)

အဲ-ပြဆိုခဲ့ပြီးတဲ့ အမျိုးသမီးကလေးဟာ ယခုရှင်တော် ဂေါတမ လောကထွဋ်ထား မြတ်စွာဘုရား လက်ထက်တော်သို့ ရောက်လာတော့ သာဝတ္ထိနေပြည်တော်ကြီးမှာ ချမ်းသာကြွယ်ဝတဲ့ သူဌေးတဦး၏သမီးကလေး ဖြစ်လာတယ်။ ရုပ်ဆင်းအင်္ဂါ လက္ခဏာတို့နှင့် ပြည့်စုံကြောင်းကိုတော့ အထူးပြောဘို့မလိုပါဘူး။

အရွယ်သို့ရောက်၍ အပျိုပေါက်ကလေးဖြစ်လာတဲ့အခါ ကာမသဝအာရုံကြောင့် မိမိ၏ အပျိုဂုဏ်ကို လုံလုံခြုံခြုံမစောင့်ရှောက်နိုင်ဘဲဖြစ်ရှာတယ်။ ။အကြောင်းကတော့ သည်လိုတဲ့ ထိုသူဌေးသမီးကလေးသည်၊ ကာမဘုံသားတို့ဓမ္မတာ ကာမတဏှာ စရိုက်ဖြင့် ကြိုက်ခြင်း,ချစ်ခြင်းသဘောမျိုးတွေ ပေါ်ပေါက်လာရာ၊ မိမိမှာလဲ

သူဋ္ဌေးသို့ဖြစ်တဲ့ အတိုင်း ပြင်လွင်တပါးသို့ သွားခွင့်, ထွက်ခွင့်, ကွန့်မြူးခွင့်မရသည့်နှင့် ''အိုးချင်းထေးလှေ ် အိုးချင်းထိ။ ကြိုးချင်း ထေးလှေ ် ကြိုးချင်းငြိ'' ဆိုတဲ့ စကားအတိုင်း မိမိနှင့် မကြာ မကြာ တွေ့မြင်လေ့ရှိတဲ့ အစေခံ ကျွန်တယောက်နှင့် ဘောက်ဘောက် ပြန်ပြန် ငြိစွန်းနေတယ်။

ကြပ်တဲကျဉ်းမြောင်းတဲ့ အမျိုးကောင်း သို့ကလေး များဟာ ကာမတဏှာကို မထိန်းနိုင်လျှင် ယိမ်းယိုင် စမြဲပေပေါ့။ ဓမ္မမိဋ္ဌာန် အားဖြင့်ဆိုရလျှင်ပုဂ္ဂိုလ်ကိုအပြစ်မတင်ထိုက်ဘူး။ ကာမတုံသားတို့ သန္တာန်မှာရှိတဲ့ ကာမတဏှာကိုသာ အပြစ်တင်ထိုက် ပေတယ်၊ အဲ-ယခုပြဆိုခဲ့ပြီးတဲ့အတိုင်း သူဋ္ဌေးသို့ကလေးသည်၊မိမိနှင့်မထိုက် မတန် ဘောက်ဘောက်ပြန်ပြန် မှောက်မှားနေသော်လဲ မိခင် ဘခင် ဖြစ်တဲ့ သူဋ္ဌေးကြီး, သူဋ္ဌေးကတော်ကြီးတို့က သည့်အကြောင်းကို မသိရှာကြဘူး။

အိမ်ကိုအုပ်ချုပ်နေတဲ့ လူကြီးများဟာ အပြင်က အကြောင်း မျိုးတွေ သတင်းမျိုးတွေကို စုံလင်စွာ သိနိုင်ကြသော်လဲ အိမ်တွင်း မှာဖြစ်ပျက်နေတဲ့ အတွင်းရေး အကြောင်းများ ကိုတော့ လွယ်ကူ လျှင်မြန်စွာမသိတတ်ကြဘူး။မျက်လုံးများဟာ အပြင်အာရုံအမျိုးမျိုး တွေကို မြင်နိုင်သော်လဲ မိမိနှင့်အနီးကပ်ဆုံးဖြစ်တဲ့ မျက်ခွန် အတွင်း သားကို မမြင်နိုင် တာလိုပေါ့၊ မိဘများကလဲ မိမိတို့သို့ရတနာ ကလေးတယောက်ကို ဝတ်တရားရှိတဲ့အတိုင်း ချိုးမြှောက်လိုကြ သဖြင့် အမျိုးတူ,ဂုဏ်တူ,အရွယ်တူ ဖြစ်တဲ့ သူဋ္ဌေးသားတယောက် နှင့် လက်ထပ် ထိမ်းမြားရန် ပြောဆိုပြီး အသင့်ရှိတယ်။ သို့ရာတွင် သူဋ္ဌေးသို့ကလေးကတော့ ဘယ်သိုပင် ချောချော ဘယ်လိုပင် ပစ္စည်းပေါပေါ၊ မနှစ်သက် မချစ်ခင်ဘူးပေါ့။ မိမိနှင့်တိတ်တဆိတ် တွေ့ကြုံနေရတဲ့ အချစ်ဦးကလေးရဲ့အပေါ်မှာသာ မေတ္တာစူးစိုက်လို့ နေတယ်။ လက်ဦးတွေ့ကြုံရတဲ့သူကိုစွဲစွဲလမ်းလမ်းချစ်ခင်တတ်တယ် ဆိုတာ လောကကြီးရဲ့ဓမ္မတာပေပေါ့။

သူဌေးသမီးနှင့် အစေခံကျွန်ကလေးတို့မှာ အချစ်သွေးဝင်၍နေကြသော်လဲ ဂုဏ်အသရေချင်းမတူမျှသဖြင့် ရဲရဲ ဝံ့ဝံ့, စွန့်စွန့် စားစား နေခွင့်ကိုမရကြဘဲ ပုန်းခိုး, ကွယ်ခိုးနှင့် ကြွက်လျှိုး, ကြောင်ကျိုး တွေကြုံ ဆုံစည်းရှာကြရတယ် သူခများများမှာလဲ သနားစရာဘဲ တိုင်းရေး,ပြည်ရေး,ကိစ္စမှာ လွတ်လပ်ခွင့်မရလို့ စိတ်ညစ်ယာထက် ချစ်ရေး,ခင်ရေးမှာ လွတ်လပ်ခွင့်မရတာက သာလို့ပင်ဆင်းရဲသေးသတဲ့ ကာမတဏှာနှင့် စပ်ဆိုင်တဲ့ အလုပ်မျိုးတွေဟာ ကာမဘုံထဲမှာ အလွန်ရှုပ်ထွေးတာဘဲ သူ့အတွက်ကြောင့် အရှက်အကြောက် အမျိုးမျိုးတွေ ဖြစ်ပေါ်လို့နေရတာပေါ့ ကာမဘုံက မလွန်ဆန်နိုင်သမျှ သည်လိုအရှုပ်တော်နှင့်မကင်းနိုင်ကြဘူး။

““အခက်ကြီးနှင့် တွေ့ကြုံခြင်း။””

မိဘဖြစ်တဲ့ သူဌေးကြီး,သူဌေးကတော်ကြီးတို့က စောစောစီးစီး တင်ကြိုကာ သမီးနှင့် ထိမ်းမြားရန် ကြောင်းလမ်းတဲ့ သူဌေးသားကလေးနှင့် မိဘတို့ဝတ်တရားအတိုင်း မင်္ဂလာအခမ်းအနားကျင်းပရန် အခါနေ့ရက်ကို ချိန်းဆိုကြပါရော ထိုအခါသူဌေးသမီးနှင့်အစေခံကျွန်မှာ အလွန်တရာခက်ခဲ၍ အကြပ်အတဲ ကြုံကုန်ကြတာပေါ့ တကယ်လို့လက်ထပ်ခြင်းကိစ္စ ထမြောက်လို့သွားပါလျှင် သူတို့ချစ်ခင်တဲ့ကိစ္စဟာ အပြီးအဆုံး ပြတ်စဲခြင်းသို့ ရောက်ရှာတော့မယ် ရှည်ကြာလေးမြင့်စွာချစ်ခင်နေကြတဲ့အတွက်သူတို့နှစ်ယောက်ကဲ့သို့ အချစ်ဓာတ်မဏ္ဍိုင်ဟာလဲ အခိုင်ကြီးခိုင်နေကြတယ် ခိုင်မြဲတဲ့အချစ်ဆိုတာ သစ်စိမ်းချိုး,ချိုးသလို ရုတ်တရက်ဖြတ်ပစ်လို့ ဖြစ်နိုင်တာမျိုးလဲ မဟုတ်ဘူး သူဘပါးနှင့် ထိမ်းမြား လက်ထပ်ခွင့်မရအောင် အသက်ကိုချွေ၍ နှစ်လောင်းပြိုင်သေသော်လဲ သေပါမှ သို့မဟုတ်ပါလျှင် အရပ်ဘပါးသို့ ထွက်ပြေးသော်လဲ ထွက်ပြေးပါမှ သည်လိုမှမဟုတ်လျှင် သူတို့နှစ်ယောက်ကဲ့ အချစ်ကြိုးဟာ အမှန်မုချ ပြတ်ရတော့မှာဘဲ။

သူဌေးသမီးကလေးမှာလဲ အလွန်တရာပူဆွေး၍ စိတ်မအေးနိုင်တဲ့ ဒုက္ခကြောင့် အိပ်လို့လဲမပျော် စားလို့လဲမမြိန် တပိန်ပိန်တလိမ်လိမ်

ဖြစ်နေရှာတယ်။ ။အစေခံကျွန်ကလေးမှာလဲ ငါချစ်တဲ့ပန်းခိုင်ကို သူတပါးပိုင်တော့မယ်လို့ မနေနိုင်, မထိုင်နိုင်,ဖြစ်ပြီး စိတ်အညစ်ကြီး ညစ်နေရှာတာပေါ့။ ။သည်အတောအတွင်းမှာ နှစ်ယောက်ချင်းချင်း တိတ်တိတ်ပုန်း တွေ့ကြုံကြတဲ့အခါ သူဌေးသ္မီးကလေးကလဲငို၊ ကျွန်ကလေးကလဲငို၊ မဆိုနိုင်, မပြောနိုင် တယောက်ကို တယောက် ကိုင်ပြီး လက်မှိုင်ချကာ ငေးစိုက်လို့ နေရှာကြတယ်။

ထို့နောက် သူဌေးသ္မီးကလေးက ဝမ်းနည်းတဲ့အသံနှင့် ဘယ်လိုပြောဆိုသလဲလို့ဆိုတော့ 'မောင်ရယ်-မောင်ဟာ ကျွန်မဖူးစာရင်အစစ်ဖြစ်ပါတယ် ဖူးစာဆက်ရို့ ခက်ခက်ခဲခဲတွေ့ကြုံကြရတာပေါ့ ယခုတော့ အခက်ကြုံနေကြပြီ မိဘနှစ်ပါးက သူဌေးသားတယောက်နှင့် လက်ထပ် ထိမ်းမြားရန် အခါ နေ့ရက် ချိန်းချက်ကုန်ကြပေါ့ ဘယ့်နှယ်ကြံမသဲ့ မကြံနိုင်ပါလျှင် မဆိုင်တဲ့သူ့ရဲ့လက်သို့ ရှင့်အသက်ကလေး ပါသွားတော့မယ် တကယ်လို့ ဟိုက သူဌေးသားနှင့် ထိမ်းမြားခြင်းကိစ္စထမြောက်အောင်မြင်လို့သွားပါလျှင်မောင်နှင့်နှမ စိတ်သာချပါတော့ တွေ့ရတော့မှာမဟုတ်ဘူးမောင်ရဲ့'' ဆဲ-သို့ကလို ပြောဆိုပြီး ကျူကျူပါအောင်ငိုရှာသတဲ့။

အစေခံကျွန်ကလေးမှာတော့ အခြေကလဲသေးနုစ် ဉာဏ်ထုတ်ဘို့လဲ ခလိမ္မာသဖြင့် ရိုးတိုးတိုး, အတဘာရှိ ဘယ်လိုမှ မကြံတတ်ရှာဘဲ လက်မှိုင်ချကာ ငိုသ္မီသာနေရှာတယ် သည်နေရာမှာ လွန်စွာသနားဘွယ်ကောင်းတဲ့ အပူပွဲကြီးဖြစ်နေတာပေါ့။

## နှစ်ယောက်သဘောတူ ထွက်ပြေးခြင်း။

ကျွန်ကလေးက မကြံနိုင်ဘဲလက်မှိုင်ချကာငိုနေတော့ သူဌေးသ္မီးက သည်လို အကြံပေးတယ် 'ကဲ-ကဲ-ကမ်းရောက်ရောက်,သောင်တင်တင်, ဖြစ်ချင်သလို ဖြစ်စေတော့ အချစ်ကိုတော့ မဖျက်ဆီးနိုင်တော့ဘူး သဘောတူ ထွက်ပြေးမှ သည်ကိစ္စ အေးတော့မယ် ထွက်ပြေးတဲ့အခါ သူဌေးသ္မီးဆိုတဲ့ အခြေပြုတ်၍ ဒုက္ခ

ကြီးပိုမောက်၍ ဆင်းရဲသူဘဝသို့ ရောက်ရတော့မယ် ရောက်ချင်လဲ ရောက်ပလေစေ ချစ်သူနှင့်နေရလျှင် စိတ်နှလုံး တင်းတိမ်လို့ စည်းစိမ်ရှိတယ်သို့ တွက်ရ တော့ မှာ ဘဲ အချစ် ရတနာ ထက် ပစ္စည်းရတနာကို မမက်နိုင်တော့ဘူး မောင့်မှာ ရှာဆောင်းထားတဲ့ ပစ္စည်းဥစ္စာကလေးများရှိလျှင်လဲ ရှာဆောင်းလို့သာ ယူခဲ့ပေတော့ နှမကလဲ ရနိုင်သမျှရှာဆောင်းပြီ ပစ္စည်းများကိုယူခဲ့မယ် အဲသည့်လို အကြံပေးတော့ အစေခံကျွန်ကလေးကလဲသဘောကျတာပေါ့။

ဤသို့တိုင်ပင်ကြံစည်ကြပြီးလျှင် ထိုနေ့ ညဉ့် အခါ ရ နိုင် သမျှသော ပစ္စည်းဘဏ္ဍာတို့ကိုယူပြီ သူဌေးကြီးအိမ်မှ တိတ်တိတ်ပုန်း ထွက်ပြေး ကြပါရော သူဌေးသမီး ကလေး ဟာ အဆုံး ထဝ သို့ ရောက်မှ သိုစဉ်ကလေးက် တောက်တေးက် ပြန် ပြန် ဖြစ် ရ တာ အလွန် အံ့ဩစရာကောင်းတာဘဲ ဘယ်လိုကံများကဝင်ပြီး တမင် တကာ နှိပ်စက်ဘယ်ဆိုတာ မပြောနိုင်တော့ဘူး ဂုဏ် အ သ ရေ ချင်း မထိုက်တန်သူနှင့် သို့ကလိုဖြစ်ပျက်ရတာ လော က မှာ လွန် စွာ ရှက်ဘွယ်ကောင်းသတဲ့။ ။နံနက်လင်းကဲ့အခါ သူ ဌေး ကြီး သူဌေးကတော်ကြီးတို့မှာ သမီးပျောက်ဆုံးကြောင်းကိုသိ၍ ရှာသွေ ကြသော်လဲ မတွေ့ရတော့ဘူး လက်ထပ်ခါနီးဆဲဆဲမှာ အရှက်ခွဲတဲ့ သဘောမျိုးနှင့် သည် လို ထွက် ပြေး ဘယ် ဆို တော့ မိ ဘ များ မှာ ဘယ်မှာမျက်နှာပြဝံ့ပါတော့မလဲ မိဘကို အရှက်ခွဲတဲ့ သမီးရယ်လို့ အများကြီးစိတ်နာသွားကြတာပေါ့ သည်ယနေ့ကစပြီး သမီးနှင့်စပ် တဲ့ စကားကို တလုံးမျှမပြောဘဲ ရှင်ခန်း,သေခန်း,အမွေခန်းပါဖြတ် ပစ်လိုက်ကြတယ်။

မင်္ဂလာဆောင်ရဲ့ သူဌေးသားမှာလဲ အား ကြီး ခန် တက် အ ကွက် ကျကျ သူဌေးသမီးကိုရတော့မယ်လို့ အာသာဆန္ဒနှင့်မင်္ဂလာ ပွဲ အချိန်ကိုသာမျှော်လင့်ပြီး ဝတ်လား, စားလား, ပျော်လား, ရွှင် လားနှင့် အားတက်သရော နေထိုင်ခဲ့လေရာ မိမိနှင့် ရွယ် မှန်း ထား တဲ့ သူဌေးသမီးကလေးဟာ အစေခံ ကျွန်တယောက်နှင့် စိတ်နောက် ကိုယ်ပါ ထွက်ပြေးသွားပြီလို့ကြားတော့ ဘွား က နဲ့ နှ လုံ တုန် ၍

ဖုံးကနဲ့လဲသွားရှာသတဲ့ သူဌေးသားရဲ့ ဆင်းရဲပုံကိုတော့ အလုံးစုံ ပြောဘို့မလိုပါဘူး ယခုခေတ်အခါမှာသာ လက်ထပ်ခါနီးဖြစ်တဲ့ အမျိုးသမီးကလေးတွေ တွက်ပြေးတတ်ထာမဟုတ်ဘူး ရှေးရှေးအခါထုံးကလဲ့ သည့်လိုဘဲ ထွက်ပြေးတတ်ကြောင်းကို ကောင်းကောင်းကြီးသက်သေပြနိုင်တယ်မဟုတ်လား ယခုကာလ အချို့အချို့သော အမျိုးသမီးကလေးတွေဟာ လက်ထပ်ခါနီးတွင် အခြားသူတယောက်နှင့် ထွက်ပြေးတတ်ကြတာဟာ အခြားမဟုတ်ပါဘူး အမတော်ကြီး ဖြစ်တဲ့ ပဋာစာရီရဲ့ နည်းကို အတုခိုးကြဟန် လက္ခဏာရှိပါရဲ့ ပဋာစာရီရဲ့ နည်းကို အတုခိုးလျှင် ပဋာစာရီလို ဒုက္ခရောက်တတ်ပုံများကိုလဲ စဉ်းစားကြရမယ်၊

## တောရွာကလေးတခု၌ ဆင်းရဲညိုညင်စွာ နေထိုင်ကြခြင်း။

တိတ်ဘဆိတ် ထွက်ပြေးလာကြပြီးနောက် ရောက်ရာရောက်, ပေါက်ရာပေါက်, သွားကြလေရာ သာဝတ္ထိပြည်နှင့် လေးယူဇနာ ကွာတဲ့ ရွာကလေး တရွာသို့ ရောက်တော့ ရှေ့သို့ ဆက်လက်၍ မသွားနိုင်ကြသဖြင့် ထိုရွာကလေးထဲမှာ အားကိုးရာ ရှာပြီး ကဲပုတ်ကလေးတခုနှင့်နေထိုင်ရှာကြဘယ် ထိုအခါ ရှေးတုံးက အခြေအနေနှင့်အလွန်ကွာသွားတာပေါ့။ ။စည်းစိမ်ချမ်းသာနှင့် ကြီးလာတဲ့ သူဌေးသမီးဖြစ်တဲ့အတွက် ရုပ်ရေ ရူပကာယများက လှပတင့်တယ်တော့ ရွာသူရွာသားတွေကလဲ အလွန်သနားကြတယ် သူတို့လင်မယားနှစ်ယောက်ဟာ အဘက်မတန်ဘူးရယ်လို့လဲ အချို့က ပြောဆိုကြတယ် ရွာသူရွာသားတို့က သနားသဖြင့် စောင့်ရှောက်ခြင်းကိုခံပြီး ဆင်းရဲသူ ဆင်းရဲသားတို့ စရိုက်ဖြင့် အထိုက်အလိုက် နေထိုင်ကြရာ စည်းစိမ်မချမ်းသာသော်လဲ သူတို့စိတ်ထဲမှာတော့ ချမ်းသာတယ်လို့ထင်ကြတာပေါ့ အချစ်တူတဲ့သူနှစ်ယောက်တို့ မခွါခွဲ အတူတွဲ၍နေရခြင်းဆိုတာ ကာမဘုံမှာတော့ အချမ်းသာကြီးတမျိုးပေပေါ့။ ။ရွာသူရွာသားတို့အား သူတို့အဖြစ် အ

ပျက်များကိုလဲ မှန်တဲ့အဘိုင်း မပြောဝံ့ရှာကြဘူး သတင်းကြားလျှင် မိဘများထံမှ စေတမန်စေလွှတ်၍ လိုက်လံဘမ်းဆီးမှာကို ကြောက်ရှာကြတယ်၊ လင်ယောကျ်ား ဖြစ်တဲ့သူကလဲ သူတတ်စွမ်းသမျှ လက်ရှန်းအားကိုးနှင့် အလုပ်ကြမ်းများကို လုပ်ကိုင်ကာ ကျွေးမွေးရှာတယ်၊ ရံခါရံဘန်မှာလဲ အိမ်ကပါလာတဲ့ပစ္စည်းများကိုရောင်းချ ထုခွဲ၍စားသောက်နေထိုင်ရှာကြတယ်၊

## ပဋိသန္ဓေတည်နေရှိခြင်း။

ပြဆိုခဲ့ပြီးတဲ့အတိုင်း တောရွာကလေး တခုတွင် ငြိုငြင်ဆင်းရဲစွာ နေထိုင်လာခဲ့ကြရာ လေးငါးခြောက်လ ကြာသွားတော့ သူဌေးသမီးကလေးမှာ သန္ဓေကိုယ်ဝန် ရရှိပါရော၊ ၊ထိုအခါက စပြီး သူဌေးသမီးကလေး၏ စိတ်ထဲမှာ ကြည်လင် ချမ်းသာခြင်းမရှိဘဲ သည်ကိုယ်ဝန်တည်းဟူသောဒုက္ခဘေးမှာဘယ်လိုချမ်းချမ်းသာသာ နှင့်လွတ်ရပါမလဲလို့ အမြဲပင် ဆင်ခြင်စဉ်းစားလို့ နေရှာ သတဲ့။ ထိုတောရွာကလေးမှာ ခင်းရင်းချာချာ ဆွေမျိုးတယောက်မျှ မရှိတဲ့ အတွက် မီးဘွားတို့ ကိစ္စကြုံလျှင် အပုံကြီးခက်မှာပါ ဂလားလို့ စဉ်းစားမှုတွေပေါ်လာတိုင်း မိခင်ဘခင်ကျေးဇူးရှင် နှစ်ပါးကိုသာ ပြန်လှန်လို့ သတိရရှာတယ်။

"ခလုပ်ထိမှ-အမိဘ"ဆိုဘဲ့ စကားအတိုင်း ဘေးဒုက္ခ ကြုံတွေ့ဘို့မြင်တော့ မိခင်ဘခင်တို့ကို သတိရစမြဲပေါ့။ ၊သန္ဓေကိုယ်ဝန် ရင့်မာ၍ ဘွားချိန်နီးလာတဲ့အခါ သူဌေးသမီးက သူခင်ပွန်းကိုပြောဆိုသည်မှာ "မောင်ရယ် ယခုသည်တောရွာ ကလေးမှာ မွေးဘွားရပါလျှင် ဆွေမျိုးရင်းချာ အားကိုးရာမရှိဘူး၊ သည်အရေးဟာလဲ မိန်းမတို့မှာ အကြီးဆုံးဘဲ၊ ဆွေမျိုးရင်းချာ အားကိုးရာရှိမှ သင့်လျော်မယ်၊ အဲ-သို့အတွက်ကြောင့် မိဘတို့ရပ်ထံသို့ ပြန်မှသင့် ထိမ့်မယ်ထင်တယ်"'တောင်းဆိုး,ပလုံးဆိုး, ပစ်နိုင်သော်ဲဲ သားသွီးဆိုးကိုမပစ်နိုင်"ဆိုတဲ့ စကားအတိုင်း မိဘများဆိုတာ သားဆိုး, သွီးဆိုးကို ကြာရှည်အောင် ပစ်စွန့်လို့ မထားနိုင်ပါ။ အတန်ကြာ

လျှင်ကျေနပ်ရတာမျိုးဘဲ မောင်လဲအတူလိုက်ခဲ့တာပေါ့'' ဆဲ-သို ကလို ဖြောင်းဖြကာ ပြောဆိုတယ်။

ထိုအခါ လင်ယောကျ်ား ဖြစ်သူရဲ့ စိတ်ထဲမှာ ဘယ်လိုအကြံ ဖြစ်ပေါ်လာသလဲလို့ဆိုတော့ တကယ်လို့ အိမ်သို့ပြန်သွားပါလျှင် အရှင်သခင်ဖြစ်တဲ့ သူဌေးကြီးများက သူတို့သို့ အပေါ်မှာတော့၊ ရက်စက်စိမ်းကားမှာ မဟုတ်ဘူး။ ငါ့မှာတော့ သူတို့ကျွန်ဖြစ်နေလို့ ရက်စက်ခြင်သလို ရက်စက်ပြီး အသက်သေအောင် သတ်ပစ်လိမ့် မယ်။ ပြန်သွားလို့မတော်ဘူး၊ သူဌေးသို့ကျေနပ်အောင် ပရိယာယ် စကားဖြင့် ပြောကြားလို့ အချိန်ဆွဲရတော့မှာဘဲ'' ဆဲ-သို့ကလို ကြံစည်ပြီး သူဌေးသို့ကို ချော့မော့လျက် ''သွားတာပေါ့ကွယ် မွေးဘွားဘို့အချိန်ဟာလဲ အတော်လိုပါသေးတယ်။ စောစောစီးစီး လောကြီးမနေပါနှင့်ဦး လုပ်ကိုင်ဆောင်ရွက်ထားတဲ့ ကိစ္စတွေလဲ တမ်းလမ်းရှိသေးတယ် မကြာခင်ကိစ္စတုံးသော့ နှစ်ယောက်စလုံး သွားကြတာပေါ့'' ဆဲ-သို့ကလို ပြောဆို ဖြောင်းဖြတဲ့ အတွက် သူဌေးသို့ကလေးမှာလဲ နေရရှာပြန်တယ်။

ထိုနောက်တဘန် အိမ်သို့ပြန်သွားရန် အကြိမ်ကြိမ် အဘန်ဘန် ပြောဆိုပြန်ပါသော်လဲ ခင်ပွန်းယောကျ်ားက သူကိုယ်တိုင်မလိုက် ဝံ့တဲ့အတွက် ဆိုင်းပါဦး, ဆိုင်းပါဦးနှင့်အချိန်ဆွဲနေသောကြောင့် သူဌေးသို့ရဲ့စိတ်ထဲမှာ မခံချိမခံသာဖြစ်ပြီး ''သူတော့ လိုက်ဝံ့မှာ မဟုတ်ဘူး။ သူကိုတိုင်ပင်လို့ ဖြစ်မြောက်မဲ့ အရေးမဟုတ် ငါ တယောက်ထဲ သူမသိအောင်ထွက်သွားမှတော်တော့မယ်'' ဆဲသည် လို အကြံဖြစ်ပေါ်လာသည်နှင့် လင်ယောကျ်ားမရှိခိုက်တွင်အထုပ် ကလေးများကို ပြင်ဆင်၍တယောက်ထဲ အိမ်မှ ထွက်သွားပါရော။

လင်ယောကျ်ားဖြစ်သူပြန်လာတော့ မိမိဇနီးသယ်ကိုမတွေ့မမြင် သည့်နှင့် အိမ်နီးချင်း ဝန်းကျင်ကို မေးမြန်းရာ 'အထုပ်ကလေး ရွက်ပြီး ထွက်သွားပေါ့ မောင်ရေ' သည့်လိုပြောကြားသည့်နှင့် တပြိုင်နက် သူ့မယားကို သနားချစ်ခင်လှသောကြောင့် အဆော့

တလျှင် နောက်ထပ်လိုက်သွားရာ လမ်းခရီးတွင် အချင်းချင်းတွေ့ဆုံကြတယ်။ ။သူဌေးသမီးနဲ့ကံကြမ္မာဟာ လွန်စွာဆိုးဝါးတာ ကလား လင်မယားနှစ်ယောက်တွေ့ဆုံ၍ မကြာမီအတွင်းမှာပင် ကမ္ဘာလေ လှုပ်ရှားလာတဲ့အတွက် ချုံကလေးတခုအတွင်းသို့ ဝင်ရှာကြတယ်၊ လူမနီးတဲ့ တောလမ်းခရီးမှာ လှလှကြီးဒုက္ခရောက်ရတော့မယ်။ ။ ချုံကလေးအတွင်းသို့ ဝင်ရောက်၍ မကြာမီပင် သူဌေးသမီးမှာ သားယောကျ်ားကလေး ဖွားမြင်ပါရော။

ကဲ-စဉ်းစားလို့ ကြည့်ကြစမ်းပါ သူတို့နေထိုင်တဲ့ တောရွာကလေးမှာ မွေးဖွားလျှင် ကောင်တော်ရှိပါသေးရဲ့ ယခုတော့ ကူသူကယ်သူမရှိ အတိဒုက္ခရောက်ပြီး ချုံကလေးထဲမှာ မွေးဖွားရရှာတယ်၊ လင်ယောကျ်ားမှာပါး အားကိုးစရာ မရှိရှာတော့ဘူးပေါ့။ လင်ယောကျ်ားကလဲ တော်ရှာပါပေတယ်။ ထင်းခွေခြင်း, ရေခပ်ခြင်း, မီးဖွေးခြင်း အညစ်အကြေး သုတ်သင်ခြင်းမှစ၍ ကိစ္စအလုံးစုံကို အကုန်ဆောင်ရွက်ရှာတယ်၊ တစုံတရာမျှ ငြိုးတွားခြင်း မပြုရှာဘူး၊ သည့်လိုခက်ခဲတဲ့အရေးမှာ ဖေးဖေးမမနှင့် အားကိုးရတဲ့ ခင်ပွန်းလင်ကို အထူးသဖြင့် ကျေးဇူးတင်ထိုက်ပေတာပေါ့။

မွေးဖွားခြင်း ကိစ္စကြီး ချောချောမောမော ပြီးစီးသွားတော့ လင်ယောကျ်ားက သားကလေးကိုပိုက်ပွေ့ပြီး "ရှင်မရယ် တောရွာကလေးသို့ ပြန်ကြပို့ရဲ့၊ ဘေးမထိရန်မထိ အနှောင့်အရှက်မရှိဘဲ မွေးဖွားခြင်းကိစ္စကြီး ချောချောမောမော ပြီးသွားပါပြီ သည့်ကိစ္စကြောင့် မိဘခပ်ထံကို ရှင်မ ပြန်ချင်တာဘဲမဟုတ်သား၊ ကိစ္စချောခဲ့ပေါ့ဘဲ၊ ယခုပြန်ဘို့မလိုတော့ပါဘူး၊ တကယ်လို့ ပြန်ချင်ခဲ့ပါလျှင် နောင်တဖြေးဖြေး စိတ်အေးလက်အေးနှင့် သည့်သားကလေး မတ်တတ်ရပ်နိုင်တဲ့ အခါကြတော့ ပြန်သွားတာပေါ့။ ဖွားဘုံး ဖွားခဲ ဝဝတုတ်တုတ်နှင့် ဘွတ်ဘီး တွတ်ဘာ လိမ္မာတဲ့ မြေးကလေးကို သူ့ဘိုးအေနှင့် သူ့ဘွားအေတို့ မြင်ကြတဲ့အခါ လွန်စွာ ချစ်ခင်ကြလိမ့်မယ်၊ မြေးကလေးနှင့် မျက်နှာပြပြီး မောင်နှင့် ရှင်မတို့မှာလဲ ချမ်းသာခွင့်ကို ရမှာပေါ့၊ "အဲ-သို့ကလို ချော့ချော့မော့မော့ပြော

တော့ သူဌေးသို့းကလဲ လင့်စကားကို နားထောင်ပြီး မှုလနေရင်းဖြစ်တဲ့ တောရွာကလေးသို့ ပြန်လာကြတယ်။

ဘခင်လုပ်တဲ့သူက ခလေးကိုပွေ့၊ မိခင်လုပ်တဲ့သူက အထုပ်ကလေးကိုရွက်ပြီး ပြန်လာကြတဲ့အခါ ရွာသူရွာသားတွေက ဝမ်းသာအားရနှင့် ဆီးကြိုနှုတ်ဆက်ကြ ရှာတယ်။ သူတို့ လင်မယားနှစ်ယောက်မှာလဲ သားကလေး တယောက်တိုးလာတော့ ဒုက္ခအမျိုးမျိုးဝန်တက်လာပြန်တာပေါ့။ သူဌေးကြီးအိမ်မှာ သူဌေးစည်းစိမ်နှင့် နေသိုင်၍ သည့်လိုသားယောကျ်ားကလေး မွေးလာမယ်ဆိုပါလျှင် ဦးခေါင်းဆေး မင်္ဂလာ, ကင်ပွန်းတပ် မင်္ဂလာ, ပခက်တင်မင်္ဂလာ, ထမင်းခွံ့ မင်္ဂလာမှစ၍ မင်္ဂလာ အခမ်းအနား တို့ကိုဆန်းပြားကြီးကျယ်စွာပြုရမှာပေါ့လေ။ ။ယခုတော့ မင်္ဂလာပြုဘို့နေနေသာသာ အနှီးကလေးဘထည့်မျှ သစ်သစ်လွင်လွင်နှင့် ပြုပြုစင်စင်မရှိရှာကြဘူး။ သည့်လို ဖြစ်ရခြင်းဟာ စိတ်နောက်ကိုယ်ပါထွက်ပြေးခြင်းကြောင့် ဖြစ်ရတာပေါ့။

လင်ယောကျ်ား လုပ်တဲ့သူကလဲ နေ့ခင်းအခါ အဧပ်ကြမ်းအမျိုးမျိုးကိုရှာပြီး ပင်ပန်းစွာ လုပ်ကိုင်ရတယ်။ သူဌေးသို့းမှာလဲ ကလေးကလေးတကောင်နှင့် အားလပ်ခွင့် မရအောင် ပင်ပန်းနေရှာတယ်၊ အထိန်းအကူ ဆိုတာလဲ ဘယ်မှာရနိုင်မလဲ ''မိဘစကား နားမထောင် သားတကောင်နှင့်တိုးလို့တွဲလွဲ''ဆိုစကားအတိုင်း မိဘစကားကိုနားမထောင်လို့ ဒုက္ခမီးလောင်နေတာပေါ့။ မိဘယံသို့ ပြန်ရနိုးနိုးနှင့် စောင့်ဆိုင်းမျှော်လင့် နေပါသော်လဲ လင်ယောကျ်ားက အချိန်ကုန်အောင်ရက်ရှည်သွေးကာ ချော့မော့ထားတဲ့ အတွက်ပြန်ခွင့်ကို မရရှာဘူး။

## နှစ်ကြိမ်မြောက် ဒုက္ခတွေ့ခြင်း။

အဲ-သို့ကလို ရက်ရှည်လများ၍ လာခဲ့ရာ။ သားဦး ကလေးဟာ မတ်တက်သွား၍ စကားတွတ်တီးတွတ်တာ ပြောနိုင်တဲ့ အရွယ်သို့ ရောက်လာပါရော။ သည့်အခါ သူဌေးသို့းကလေးမှာ ဒုက္ခဝန်ထုပ်

ကြီးတထုပ်တိုးလာပြန်တယ်။ တခြားဟာမဟုတ်ဘူး ဒုတိယဘဘန် ပဋိသန္ဓေတည်နေခြင်းကိုဆိုလိုဘယ်။ ။ "ဘူးလေးရေမှောဖရုံဆင့်" ဆိုသောစကားကဲ့သို့ ပစ္စည်းကလဲပါးရှား သားဦး အတွက်ကြောင့် ဝန်တက် သို့ကလိုဖြစ်နေရာတွင် ပဋိသန္ဓေကာဘန်တည်လာပြန်တယ် ဆိုတော့ ပိုမိုလို့ဒုက္ခရောက်ပြန်တာပေါ့။

ထိုအခါ သူဌေးသို့ကလဲ ရှေးနည်း အတိုင်း မိဘတို့ထံသို့ပြန်၍ မွေးဘွားရန် တောင်းပန်ပြောဆိုရာ လင်ယောကျ်ားဖြစ်တဲ့ သူက ယခင်နည်းအတိုင်း စကားဖြင့် သွေးဆောင်၍ အချိန် ကြာအောင် ဆွဲနေပြန်တယ်။ ။တနေ့တနေ့နှင့် တရွေ့ရွေ့ အချိန်ကြာသွားခဲ့ရာ မွေးခါနီးကာလသို့ ရောက်ပြန် ပါရော။ ။သည်အခါ ရှေးနည်း အတိုင်းပင် လင်ယောကျ်ားကို မတိုင်ပင်ဘဲ သားဦး ကလေးကို လက်ဆွဲပြီး မိဘထံသို့ရောက်အောင် ထွက်ပြေးရရှာပြန်တယ်။ ။ လင်ယောကျ်ားကလဲ ပူပင်သောက ဗျပါဒကြီးစွာနှင့် နောက်ထပ် လိုက်သွားရာ လမ်းခရီးကြမှ မှီတယ်။

## ဘွားခါနီးမှာ။မိုးကြီး,လေကြီး,ကျလာခြင်း။

"ကံဆိုးမသွားလေရာ။ မိုးလိုက်လို့ရွာ" ဆိုတဲ့စကားအတိုင်း သူဌေးသမီးသည်၊ ထူမနိုးဘဲ့ဘောလမ်း,တောစခမ်းသို့ရောက်လေရာ ကမ္ဘာလေလှုပ်ရှား၍ သားဘွားရန်နိမိတ်ဖြင့် အလိပ် အလိပ် လေ တက်ပြီး ခံခက်တဲ့ဝေဒနာ ဝမ်းထဲမှာ ပေါ်လာတယ်။ ၎င်း-သို့ကလို ဝမ်းထဲက ထိုးကျင် လာသည်နှင့် တပြိုင်နက် ရာသီဆောင်က မှုံမှိုင်းပြီး လေမုန်တိုင်းကြီး ကျလာပါရော။ တောတောင်တခွင်မှာ သစ်ပင်, သစ်ကိုင်းတွေဟူသမျှ အပြတ်,အပြတ် ကျိုးကျ ကုန်တယ် လေမုန်တိုင်း ကျသည်နှင့် တပြိုင်နက် စနေထောင့်က မိုးဆင်ပြီး အလျှင်တဆော ဖြောဖြောနှင့် ဒလဟော မိုးကြီးရွာလာတယ်။

လေမုန်တိုင်းကလဲလာ မိုးကြီးကလဲရွာ လေရော, မိုးရော, နှိပ်စက်၍ အန္တရာယ်အရှက်ကြီး ပေးတဲ့အခါ ဒုက္ခသယ် လင်မယား

ကလေးနှစ်ယောက်မှာ ပြေးဘွယ်မရှိ အတိဒုက္ခကြီးကို လှလှကြီး တွေ့ကြုံ ကြရတာပေါ့။ သည့်လိုဒုက္ခရောက်တဲ့အထဲမှာ မွေးဘွားတို့ အချိန်ကလဲဆိုက်မိုးမှောင်ကြီးကလဲမိုက် ခိုစရာကလဲမရှိ ချမ်းလို့လဲ တုန်တုန် ခြိုစရာစောင်ကလဲမပါ မိုးရွာထဲလွင်ပြင်မှာ အသက် ငင်တော့မလောက်အပူမီးတောက်နေရှာကြတယ်။ ။မိုးတွေကလဲ စိုတော့ သားဦးကလေးကလဲ ငိုရှာတာပေါ့။ ဘခင်လုပ်တဲ့ သူက ပိုက်ပိုက်ထုပ်ထုပ်နှင့်ပွေ့ပြီး ကိုယ်ငွေ့နှင့်နွေးအောင် စောင့်ရှောက် ထားရှာတယ်။

မိုးကလဲမစဲသဲသည်ထက် သဲလာတော့ သူဌေးသို့ကလေးက ငိုမဲ့ငိုမဲ့နှင့်''မောင်ရယ် ယခုပင်မွေးဘွားရပါတော့မယ်။သည်မိုးရေ ကြီးထဲမှာမွေ့ရလျှင် ကလေးနှင့် မိခင်အသက်ရှင်တော့မှာ မဟုတ် ဘူးမောင်ရဲ့ လုံတန်သမျှလုံအောင် တဲအိုကလေးတခု လုပ်ပေးပါ။ မီးလှုံဘို့အရေးနှင့် ထင်းကလေးများလဲ လိုသေးတယ်၊ မောင်မင်း ကြီးသား ကျေးဇူးရှင်ကြီးရဲ့ မနီးမဝေးမှာ ထင်းကလေးနှင့် ကျူရိုး ကလေးများသွားရှာစမ်းပါအုံး''လို့ ပြောဆိုတောင်းပန်ရှာတယ်။

သည့်တော့ လင်ယောက်ျားက မှောင်ကြီး မဲမဲမိုးသဲသဲမှာ တ ယောက်ထဲ ထင်းရှာ ထွက်သွားရှာတယ်၊ သားဦးကလေးကိုတော့ သူ့မိခင်ထံပါးမှာ ထားခဲ့ရတာ ပေါ့။

မြွေဆိုးဘေးနှင့် တွေ့ကြုံခြင်း။

အဲ-ပြဆိုခဲ့ပြီးတဲ့ အတိုင်း တဲဆောက်ရန် ကျူရိုးနှင့် မီးထဲ့ရန် ထင်းများကို သွားလို့ရှာဘွေရာ ချုံတခုကို စမ်းနှိုက် လိုက်တော့ တောင်ဘို့အခေါင်းဝမှာ ခေါင်းပြူကာနေတဲ့မြွေဟောက်ကြီးတကောင် နှင့် ပက်ပင်းပါတွေ့ကြုံပါရော ဘယ်အခါတုံးက မှကုသိုလ်ကံ အကျိုး ပေးခွင့်မရ၍ ဒုက္ခအမျိုးမျိုးနှင့် တွေ့ကြုံနေရဘဲ့ ကြမ္မာကောင်ကို ပါးပျဉ်းထောင်နေဘဲ့ မြွေဟောက်ကြီးက လှမ်း၍ပေါက်လိုက်သည်နှင့် တပြိုင်နက် ဗုန်းကနဲလဲပြီး အသက်ကိုမှ ထပ်မံ၍ မရှူနိုင်ဘဲ သေပွဲသို့ဝင်သွားရပါရော မိဘတို့ သဘောမတူတဲ့ သူဌေး သို့ကို

အရေးတကြီး ခိုးထွက်လာတဲ့ ကြမ္မာကောင်ဟာ မိုးမှောင်ကြဲ ဆဲလေတိုက်ဆဲမှာပင် သေမင်းငင်သွား ရှာတယ် သည့် တဘာဝမှာဖြင့် ကိစ္စတုံးသွားတာပေါ့။

စောင့်ဆိုင်း မျှော်လင့်နေရှာတဲ့ မိခင်နှင့် သားဦးကလေးမှာလဲ လာခဲ့တယ်,လာခဲ့တယ်နှင့် ငြိုးတွားနေ ကြတုန်း ဖြုံးကနဲ သားယောကျ်ားကလေး မွေးဘွားလာပါရော ပထမ သားဦး မွေးဘွားတုန်းကတော့ လင်ယောကျ်ားက အနားမှာရှိလို့ အားတက် နိုင်ပါသေးရဲ့ ယခု သည်အကြိမ် မွေးဘွားရာမှာတော့ လင်ယောကျ်ားက အနားမှာမရှိတော့ ဘယ်မှာ အားတက်နိုင်ပါတော့မလဲ အနားမှာ ရှိဘဲ့ သားဦးကလေးကလဲ တစုံတရာမျှ မကူညီနိုင်ရှာတော့ဘူး။ ။မိခင်ဖြစ်သူကဒုတိယသားကလေးကိုမွေးသည့်တွင် အနားမှာ ထိုင်နေတဲ့ သားဦးက မြင်တော့ ရုတ်တရက်လန့်ပြီး အသံကျယ်ကျယ်နှင့် အတင်းငိုပြန်ပါရော မိခင်ဖြစ်သူက ဘယ်မှာ ချော့နိုင်ပါတော့မလဲ သူ့ဒုက္ခက အလွန်ကြီးနေတာကိုး။

ဘယ့်ကလောက် ဆင်းရဲ ရောက်တယ် ဆိုတာကို စဉ်းစားလို့သာ ကြည့်ကြပေတော့ မိုးမှောင်ကြီးကလဲ မိုက် လေတွေကလဲ တိုက် မိုးရေတွေကလဲ ရွဲရွဲစို ကလေး နှစ်ယောက် ကလဲ အတင်းငို ဘယ်လိုနည်းနှင့်မှ ချမ်းသာခွင့် မရတော့ဘူးပေါ့ အန္ဓမဘာဝိက ကျွဲဟ်ထိုက်တဲ့အဆုံးဘဝရို့သာ မသေထိုက် သို့ အသက်ကလေး ကျန်တော့တယ် သာမန်လူမျှာဖြင့် မွေးဘွား သည့်နှင့် တပြိုင်နက် မီးယပ်သွေးတက်ပြီး ရုတ်တရက် အသက် သေဆုံး သွားမှာ အမှန်ဘဲ။ ။ကာမဂုဏ်ချမ်းသာကို တွယ်တာလိုက်စား၍ မိုက်မှား တဲ့ တဏှာမျိုးဆိုတာ ချမ်းသာကလေးနှင့်ပြဖြီး သည့် လိုဒုက္ခကြီး တွေကို ဖြစ်အောင် ရှက်ဆောင်လို့နှိပ်စက်တတ်တယ်။

မွေးဘွားခြင်း ကိစ္စပြီးတော့ သူမွေးသွီးက သားနှီး, လာနှီး,နှင့် သူယောကျ်ားကိုမျှော်ပါသော်လဲ မပေါ်လာဘဲ ညအချိန် သို့တိုင် ရောတ်သွားပါရော တညလုံးမိုးကလဲမစဲ လေကလဲ မစဲ့ ဆို ရွဲပင်ပန်းစွာနှင့်မွေးဘွားရာ ဌာနမှာပင် တညလုံးအချိန်ကုန်ရရှာတယ်။ ။

မိုးလင်းသည့်တိုင်အောင် လင် ယောကျ်ား ပြန် ၍ မလာတဲ့ အတွက် သူ့ဇွေးသိုးရဲ့စိတ်ထဲမှာဘယ်လိုတွေးမိသလဲလို့ဆိုတော့ ''ဪဘ်-ငါ့ခင်ပွန်းလင်ဟာ ငါ့အတွက်ကြောင့် ဒုက္ခရောက်ရှာလွန်းလို့ ကိုယ်လွတ်ရုံးပြီးတိတ်တိတ်ပုန်း ထွက် ပြေး ပေါ ထင် ပါရဲ့ ထွက် ပြေးလောက်အောင် ဒုက္ခ ရောက်ထာသဲ မှန် ပါ ပေ တယ် သို့ရာတွင် အကြင်လင်နှင့်မယားဆိုတာ ဒုက္ခရောက်တဲ့အခါ သာလျှိပင် စောင့်ရှောက်ရစမြဲ့ရို့ သည့်လိုလဲထွက်ပြေးတို့မတော်ပါဘူး ထင်းပုံခေါင်းအုံး အသက်ဆုံးသည့်တိုင်အောင် မခွါမခွဲ အမြဲပေါင်းသင်းပါမယ်လို့ ဟိုတုန်းကပြောခဲ့တဲ့ သူ့ စကား တွေ ဟာ ယခုဘော့မှားကုန်ပါပကော သည့်ကသူဇွေးသိုးမှာလဲ သူ့ ကို ချစ်ခင်မိလို့ သို့ကလောက်ဒုက္ခရောက်ရတာပါ သူကသာ နာ တယ် အ ထင်မလွဲထိုက်ပါဘူး ရင်သွေးကလေး နှစ် ယောက် ကဲ့ မျက်နှာကိုလဲထောက်ဘှာ သင့်ပါသေးတယ်'' အဲ-သို့ကလို ထင်မိထင်ရာ အတွေးအဆင်တွေပေါ်ပေါက်လာသတဲ့ အနားမှာထိုင်နေတဲ့သားဦးကလေးကလဲ စားလဲမစားရ အိပ်လဲမအိပ်ရ မိခင်၏ ရင် ခွင် ထဲ သို့လဲကပ်ခွင့်မရသဖြင့် ဗွတ်အတင်းငိုလို့သာနေတော့ဘာဘာတဲ့။

ထို့နောက်သူဇွေးသိုးသည် လင် ယောကျ်ား ကို တွေ့ လျှင် လဲ တွေ့စေတော့ မတွေ့လျှင်လဲ မိဘတို့ရပ်ထံသို့ ရောက်အောင် ပြန်တော့မယ် မိုးယပ်သွေးနှုနှုရို့ အကုသိုလ်ကံများ နှိပ် စက် လျှင် လဲ လမ်းတွင် သေပေစေတော့၊ အဲ-သို့ကလိုဆုံးဖြတ်ပြီးဘွားကာစဖြစ်တဲ့သားငယ်နီတာတွေးကလေးကို ရင် ခွင် မှာ ပိုက် သား ကြီး ကို လက်တဖက်ကဆွဲပြီး ဘွားမြင်ရာ အရပ်မှ ထွက် လာ ရှာ တယ် ထို နံနက်အချိန်မှာ မိုးတိမ်များကြည်ထင်၍ ရောင်ဝါနေဝန်းကလဲ စင်စင်ကြယ်ကြယ်ထွန်းလင်းလာတယ်။

## လင်ယောကျ်ား၏အလောင်းနှင့်ပက်ပင်းပါတွေ့ဆုံခြင်း၊

အဲ-သို့ကလို မွေးဘွားရာ ဌာနမှထွက်လာ၍ မကြာသေးမီ အဝေး အတွင်းမှာပင် တောင်ပို့တခုအနီးမှာ ပက်လက်ကြီးသေဆုံး

နေတဲ့ လင်ယောကျ်ားအလောင်းကို ဖြုံးကနဲ တွေ့မြင်ပါရော။ ။ တွေ့သည်နှင့်တပြိုင်နက် "အလိုလေးခက်ကုန်ပေါ့ထင်ပါရဲ့" ဆဲ-သို့ကလို ဟစ်အော်ပြီး သားငယ်လေးနှစ်ယောက်ကို မြေကြီးပေါ်၌ ချထား၍ လင်ယောကျ်ား အလောင်းကို အတင်းဖက်လို့ ငိုပါရော မသေထိုက်သေးလို့သာ မသေနိုင်ဘဲ အသက်က ပြင်း၍ခံနေတယ် သာမန်ပုဂ္ဂိုလ်မျိုးများဖြစ်ပါလျှင် သို့ကလောက် ဆင်းရဲရောက်နေတာ မသေဘဲခံနိုင်ပါတော့မလား။ မီးယပ်သွေးကလဲ နုနုငယ်လေး ရှိရှာသေးဘယ် အငိုလွန်တဲ့အတွက် တက်လို့များ သွားခဲ့ပါလျှင် ဘယ်သူလာလို့မှ ကူညီမှာလဲမဟုတ်ဘူး။

ဒုက္ခရောက်လွန်း အားကြီးတဲ့ သူများဟာ ဆင်းရဲမှန်း မသိတော့ဘဲ မျက်လုံး ကြောင်တောင်တောင် ကြီးနှင့် "မှင်တက်ခ်ိနေ တာတယ်" ဆိုတဲ့စကားအတိုင်း သူဌေးသို့မှာလဲ ဆင်းရဲတွေ အားကြီးလွန်းလို့ မျက်လုံးကြီးအကြောင်သားနှင့် သောက များရ မှန်းတောင်မသိတော့ဘူးထင်ပါရဲ့။ ။မိဘအိမ်ကစပြီး တိတ်တိတ် ပုန်း ချစ်လာကြတဲ့ အချစ်ခါတ်ဟာ သည်တောလမ်းမှာ တစခမ်း ရပ်၍ ဇာတ်သိမ်းသွားတာပေါ့။ ။သည်နေရာမှာ အဆုံးဘဝနှင့် ဆိုင်တဲ့ ပါဠိတော်များကို ထုတ်ပြရအုံးမှာပေါ့။

(၈) ပစ္ဆိမေစ ဘဝေဒါနိ၊ ဇာတာသေဋ္ဌိကုလေအဟံ၊
သာဝတ္ထိယံ ပုရဝရေ၊ ဣဒ္ဓေဖီတေမဟဒ္ဓနေ။

(၈) ပစ္ဆိမေ၊ အဆုံးစွန်ဖြစ်သော။ ဣဒါနိဘဝေစ၊ ဤဘဝ၌မူကား။ အဟံ၊ အကျွန်ုပ်သည်။ သာဝတ္ထိယံ၊ သာဝတ္ထိအမည်ရှိသော။ ပုရဝရေ၊ ပြည်တော်မြတ်ကြီး၌။ ဣဒ္ဓေ၊ ကြွယ်ဝသော။ ဖီတေ၊ ပြည့်ဖြိုးကုံလုံသော။ မဟဒ္ဓနေ၊ ပစ္စည်းဥစ္စာလွန်စွာများပြောင်သော။ သေဋ္ဌိကုလေ၊ သူဌေးကြီးအမျိုး၌။ ဇာတာ၊ ဖြစ်လာခဲ့ရပါသတည်း။

(၉) ယဒါစယောဗ္ဗနူပေတာ၊ ဝိတက္ကဝသဂါအဟံ၊
နရံဇာရပတိံ ဒိသွာ၊ တေနသဒ္ဓိံ အဂစ္ဆဟံ။

(၉) ယဒါစ၊ အကြင်အခါ၌မူကား။ အဟံ၊ အကျွန်ုပ်သည်။ ယောဗ္ဗနူပေတာ၊ အပျိုဘော်ဝင်၍ ချစ်တတ်ခင်တတ် ဖျပ်လပ်

ဖျပ်လပ်နှင့် ကာမခါတ်ပေါ်လွင်၍ အပျံသင်သော ဌက်မကလေး သဘွယ် အချိန်အရွယ်သို့ရောက်လတ်သည်ရှိသော်၊ ဝိတက္ကဝသဂါ၊ တောင်ကိုကြံ, မြောက်ကိုတွေးနှင့် ရှုပ်ထွေးသော ဝိတက်အလိုသို့ လိုက်ပါခဲ့မိသည်။ အာသိ ၊ဖြစ်ခဲ့ပါသတည်း၊ဇာရပတိ ၊တိတ်တိတ် ပုန်းချစ်၍၊ အသိအမြင် မခံဝံ့တဲ့ လင်ပုန်း,လင်ဝှက်ဟုဆိုအပ်သော၊ နရံ၊ အစေခံကျွန်ကလေး တယောက်ကို၊ ဒိသွာ၊ ချစ်ချစ်ခင်ခင်နှင့် ပေါင်းဆုံရသည်ရှိသော်၊ တေန၊ ထိုအစေခံကျွန်ကလေးနှင့်၊ သဒ္ဓိံ၊ တိုင်ပင်သမှု၊ကိုယ်တူပြု၍၊အဟံ အကျွန်ုပ်သည်၊အဂန္တွာ ၊ထွက်ပြေး ခဲ့ပါသတည်း။

(ည) ကေပုတ္တပသုတာဟံ၊ဒုတိယောကုန္တိယာမမ၊
တဒါဟံ မာတာပိတရော၊ ဩက္ကာမိတိသုနိန္တိတာ။

(ည) အဟံ၊ အကျွန်ုပ်သည်၊ ကေပုတ္တ ပသုတာ၊ သားဦး တယောက် ဘွားမြောက်ပြီးသည် ရှိသော်၊ ပန္တာ၊ နောက်ထပ် တကြိမ်၊ မမ၊ အကျွန်ုပ်၏၊ ကုန္တိယာ၊ ဝမ်းတိုက်၌၊ ဒုတိယော၊ နှစ်ခု မြောက်သော သားငယ်လေးသည်၊ ပတိဋ္ဌာသိ၊ တည်၍ လာပြန်၏၊ တဒါ၊ ထိုအခါ၌၊ အဟံ၊ အကျွန်ုပ်သည်၊ မာတာပိတရော၊ မိခင် ဘခင်တို့ကို၊ ဩက္ကာမိတိ၊ ဖူးမြင်ရအောင် သွားတော့အံ့ ဟူ၍၊ သုနိန္တိတာ၊ ကောင်းစွာဆုံးဖြတ်မိပါသတည်း။

(ဋ) နာရေစေသိ ပတိ မယှံ၊ တဒါတမှိပဝါသိတေ၊
ဇောကာနိဂ္ဂတာဂေဟာ၊ဂန္တုံသာဝတ္ထိမုတ္တမံ၊

(ဋ) တဒါ၊ထိုသို့စိတ်ကိုဆုံးဖြတ်ပြီးသောအခါ၌၊အဟံ၊အကျွန်ုပ် သည်၊ တံကာရဏံ၊ ထိုမိခင်ဘခင်တို့ထံသို့ ပြန်သွားမည် ဟူသော အကြောင်းကို၊မယှံပတိ ၊အကျွန်ုပ်၏ခင်ပွန်းလင်ကို၊နာရောစေသိ ၊ မပြောမကြား ကွယ်ဝှက်၍ ထားခဲ့ပါ သတည်း၊ တမှိ၊ ထိုလင် ယောကျ်ားကို၊ ပဝါသိတေ၊ မတိုင်ကြားဘဲ ခွဲ၍ထားခဲ့ပြီးသည်ရှိ သော်၊ဥတ္တမံ၊မြို့တကာတို့ထက်မြင့်မြတ်သော၊သာဝတ္ထိ ၊ သာဝတ္ထိ နေပြည်တော်ကြီးသို့၊ ဂန္တုံ၊ ရောက်အောင်သွားခြင်းငှါ၊ ဂေဟာ၊ မိမိနေထိုင်သောတောရွာတဲကုတ်ကလေးမှ၊ ဇောကာ၊ ကြွင်တော်

မလျောက် တယောက်ထည်းထည်း။ နိဂ္ဂတာ၊ အရဲစွန့်ကာ၊ထွက်၍ လာခဲ့ပါသတည်း။

(၅) တတောမေသာမိအာဂတ္တွာ၊ သမ္ပာဝေသိပထေ မမံ။
တဒါမေကမ္မဇာဝါတာ၊ ဥပ္ပန္နာအတိဒါရုဏာ။

(၅) တတော၊ ထိုအိမ်မှ ထွက်သွားပြီးသော နောက်၌၊ မေ၊ အကျွန်ုပ်၏၊ သာမိ၊ ချစ်လင်သည်၊ အာဂတ္တွာ၊ အတင်းလိုက်လာသည်ရှိသော်၊ ပထေ၊ လမ်းခရီး၌၊ မမံ၊ အကျွန်ုပ်ကို၊ သမ္ပာဝေသိ၊ တွေ့ဆုံမှီလာလေသတည်း။ တဒါ၊ ထိုခင်ပွန်းလင်မှီလာသောအခါ၌၊ မေ၊ အကျွန်ုပ်၏၊ ကုစ္ဆိယံ၊ ဝမ်းတိုက်၌၊ အတိဒါရုဏာ၊ လွန်စွာကြမ်းတမ်းကုန်သော၊ (ဝါ) မခံသာအောင် လွန်စွာ ထိုးကျင်ကြကုန်သော၊ ကမ္မဇာဝါတာ၊ သားဘွားရန် အထိမ်းအမှတ်၊ ကမ္မဇလေခေါ်တို့သည်၊ ဥပ္ပန္နာ၊ အင့်တင့်တင့်, အောင့်တောင့်တောင့်နှင့်၊ နှောင့်နှောင့်ရှက်ရှက် ဖြစ်ပေါ်၍ လာကြလေကုန်သတည်း။

(၆) ဥဋ္ဌိတောစမဟာမေဃော၊ ပသုတိသမယေမမ။
ဒဗ္ဗတ္ထာယ တဒါဂတ္တွာ၊ သာမိသပ္ပေနမာရိတော။

(၆) မမ၊ အကျွန်ုပ်၏၊ ပသုတိသမယေ၊ ကမ္မဇလေခေါ်တွေ လှုပ်ရှား၍၊ သားဘွားချိန် အခါတိုင်ရောက်သည် ရှိသော်၊ မဟာမေဃော၊ မှိုင်းမှုံပြာမှောင်၊ လျှပ်စီးတွေ တပြောင်ပြောင်နှင့် တိမ်ဘောင်မိုးသားတို့သည်၊ ဥဋ္ဌိတောစ၊ ဂျိုးတဂျိမ့်ဂျိမ့်၊ မိုးလုံးသိမ့်မျှ၊ တုန်ဗိမ့်ပစေ၊ ရှစ်မျက်နှာ အရပ်တိုင်း၌ ပတ်ဝိုင်း၍ တက်လာခဲ့လေသတည်း။ တဒါ၊ ထိုမှိုင်းပြာမှောင်ဝေ၊ မိုးတိမ်တွေ တက်၍လာသောအခါ၌၊ သာမိ၊ မြတ်နိုးခင်မင်၊ ချစ်ဦးလင်သည်၊ ဒဗ္ဗတ္ထာယ၊ ထင်းခြောက်ကျူရိုး၊ သယ်ပိုးဆောင်ယူခြင်း အကျိုးငှါ၊ ဂတ္တွာ၊ ထွက်သွားရှာလေသည် ရှိသော်၊ ဝမ္မိကေ၊ တောင်ပို့ကြီး တခု၏ အနီး၌၊ သပ္ပေန၊ အဆိပ် ထန်ပြင်း၊ ပါးပျဉ်း မောက်မောက်၊ ပေါက်သတ်ကြမ်းတမ်း၊ တောမြွေငန်းကြောင့်၊ မာရိတော၊ ဖုံးကနဲ မှောက်လဲ၍၊ သူတယောက်ထဲ၊ သေပွဲဝင်ရရှာလေသတည်း။

ဆဲ-ယာရ ပြဆိုခဲ့တဲ့ အတိုင်း လင်ယောက်ျား၏ အလောင်းကို ပွေ့ဖက်၍ တက်တော့မလောက် ငိုရှိုပြီးတဲ့နောက် "ဩဘ်-သူခမျာ မှာ အလွန်ကံဆိုးရှာတာဘဲ၊ တောတန်းခင်ရိုးမှာ အသေဆိုးဖြင့် သေသွားရှာတယ်၊ တကွက်ကလေးမျှ ချမ်းသာရာ ရခဲ့တယ်လို့ မရှိဘူး၊ သူဘို့သို့ခင်ပွန်းနှစ်ယောက် ထမင်းသက်သက် ဒုက္ခရောက် အောင် ဈေးကံဆိုးကြီးတွေက ပေါင်းဆုံလို့ စီရင်ကြတဲ့ လက္ခဏာ ဘဲ။ ။အုပ်ထိန်းသူ မိဘများကို၏ ကျေနပ်ခြင်း မရှိတဲ့ ချစ်ခင် ခြင်းများဟာ မူရင်းကပင် မင်္ဂလာမရှိတဲ့ အတွက် ဖြောင့်ဖြောင့် မတ်မတ် အကျိုးမပေးဘဲ အမျိုးမျိုးသော အနှောက်အရှက်နှင့် ဂရောက်,ဂရက်ဖြင့်တတ်ထာမျိုးဘဲ၊ ဆဲ-သို့ရှိကြောင့် ကာမဘုံသား တို့ဓမ္မတာစရိုက်နှင့် ချစ်ကြိုက်ခြင်းဆိုတဲ့အလေ့မျိုးမှာ အုပ်ထိမ်းတဲ့ မိဘများကျေနပ်စွာနှင့် မင်္ဂလာရှိအောင် သတိအထူး ထားသင့်ကြ ပေသပေါ့။

သူဌေးသို့မှာ သားကလေးနှစ်ယောက်၏တာဝန်ကြီးကလဲ ရှိနေ ပြန်တဲ့အတွက် ကမ္ဘာသဘာဝ ကံစီရင်ရာအတိုင်းဖြစ်စေတော့ ဆိုတဲ့ သဘောမျိုးနှင့် မငွါရက်အောင် နှစ်သက်တဲ့လင်၏ အလောင်း နားကခွါပြီး စီးရိုစက်လက် မျက်ရေစိုတဲ့ မျက်ခွက်နှင့် သားကလေး နှနိုကိုပွေ့ပိုက်ဖက်လျက် လက်တဖက်ဖြင့် သားကြီးကို ကိုင်ဆွဲကာ သာဝတ္ထိပြည်သို့သွားရန် လမ်းခရီးအတိုင်း ထွက်လို့လာခဲ့ရှာတယ် ဦးခေါင်းပေါ်မှာလဲ အထုပ်ကလေး တထုပ် ပါသေး သတဲ့၊ ။ သူ့ခင်ပွန်းလင်၏ အလောင်းကို ကောင်းမွန်စွာမှ မသင်္ဂြိုဟ် ခဲ့ရ ရှာဘူး။ အဂ္ဂိဈာပန, ဘူမိဈာပန, ဥဒကဈာပန, ဆဲသည်ဈာပန သုံးမျိုးဘို့တွင် တမျိုးမျိုးနှင့် မသင်္ဂြိုဟ် ခဲ့ရသောကြောင့် တောင်ဘို့ အနားမှာ ရှိဘဲ့အလောင်းဟာ ကျီးလင်းဒုတို့၏ အစာ ဖြစ်ရစ် ထာပေါ့။

သားကလေးနှစ်ယောက်တို့၏ တပြိုင်နက်သေဆုံးခြင်း။

ဆဲ-ပြဆိုခဲ့ပြီးတဲ့ အတိုင်း လင့်အလောင်းနားမှ ခွါ၍ ငိုရှိုတဲ့ မျက်နှာနှင့် ထွက်လာခဲ့ရာ၊ အတန်ကြာကလေးသွားမိတော့ သွားရာ

လမ်းခရီးမှာ မြစ်ငယ်ကလေးထရ ရွှေ့က ဆီးနေတယ်။ ။မနေ့ညက မိုးတွေရွာတဲ့အတွက် တောင်ချောက်ကြားတို့မှ ရမား ရေတွေကျဆင်းသဖြင့် မြစ်ငယ်ကလေး အတွင်းမှာ ကမ်းပြည့် ကမ်းလျှံ ရေတွေ ပြည့်နေတယ်။ စီးလိုက်တဲ့ ရေအဟုန်ကလဲ တသုန်သုန် ဆင်းနေတာပေါ့ ရေတော့ မနက်လှပါဘူး ခါးလောက်, ရင်ဖို့လောက်သာရှိပါတယ် သို့ရာတွင်ကူးသွားဖို့တော့အပုံကြီးခက်နေတာပေါ့။

သူဌေးသို့ကာ မြစ်ကလေးဆီးနေတာကို မြင်တော့ "ဩော်-ခက်လိုက်ဘဲ့အခက် လေတိုက်လို့ မိုးကြိုးစွေ လင် သေ လို့ ဒုက္ခ ရောက်ထိုနေခက်ကဲ့တဘန် မြစ်ဆီးနေတာနဲ့ တွေ့ရပြန်ပေါ့။ ကံ မျှား နှယ်ကော မသေမခြင်း ဘယ်တော့မှ ဒုက္ခကင်းတော့မှာ မဟုတ်ပါဘူး သည့်ကလေးနှစ်ယောက်နှင့် ဟိုဘက်ကမ်းသို့ရောက်အောင် ကူးဘို့ခက်နေပြီ ပထမ ရှေးဦးစွာ သားကလေးကို ပွေ့ပြီး သားကြီးကို သည့်ဘက် ကမ်းမှာ ထားခဲ့၍ ကူးသွားမယ် ဟိုဘက် ကမ်းသို့ရောက်တော့မှ သားကလေးကို ထားခဲ့ပြီး သားကြီးကို ပြန်၍ခေါ်မယ်။ သည့်သားကလေး နှစ်ယောက်ဟာ လွန်စွာ ဒုက္ခပေးပါကလားနော်" ဆဲသည့်လိုကြံစည်ပြီး သားကလေးနီတာတွေးကိုပိုက်ချီကာ ဟိုဘက်ကမ်းသို့ ကူးသွားရှာတယ်။ ။သည့်ဘက်ကမ်းမှာ ထားခဲ့တဲ့သားကြီးကို ဘယ်လို မှာထားခဲ့သလဲ ဆိုတော့ "ငါ့သား သည့်သောင်ရံကလေးပေါ်မှာ ငြိမ်ငြိမ်ထိုင်နေရစ်နော် အမေမခေါ်ဘဲ ဘယ်ကိုမှမသွားနှင့် ဟိုဘက်ကမ်းသို့ ရောက်အောင် သားငယ်ကလေးကိုပို့ပြီးတော့ အမေဘဘန် သားကြီးကို ပြန်လို့ခေါ်မယ်" ဆဲသည့်လို မှာထားခဲ့ရှာဘယ်။ ။ဟိုဘက်ကမ်းသို့ ရောက်တော့ ခြောက်သွေ့တဲ့ ကုန်းကလေးပေါ်မှာ သားကလေးကို အနှီးတို့ဖြင့် လုံခြုံစွာထွေးပြီး သားကြီးကို ခေါ်ရန် တဘန် မြစ်ကလေး ထဲသို့ ဆင်းလာရှာတယ်၊သူဌေးသို့ မှာ ခေါက်တုန့်ခေါက်ပြန်နှင့်အခင်မတန် ဆင်းရဲနေရှာတာပေါ့။

## ဝွန်သုတ်၍ရေမြုပ်ခြင်း။

သားကြီးကို ခေါ်ရန် တဘန် ပြန်လာ၍ မြစ်လယ် ခေါင်သို့ ရောက်တော့ ကောင်းကင်မှာ ပျံဝဲနေတဲ့ ဝွန်ရဲကြီး တကောင်က ပိုဘက်ကမ်းမှာ ထားခဲ့တဲ့ သားငယ်ကလေး နီတွေးတွေးကိုမြင် ပါရော။ ထိုအခါ အစာသားတစ် မှတ်ထင်တဲ့ အတွက် ကောင်းကင်မှ တဟုန်ထဲဆင်းပြီး အနှီးနှင့်သိပ်ထားတဲ့ကလေးကို အတင်း ချီသွားပါရော။ ဝွန်ရဲကြီး၏ လက်မှအသက်ကလေးရှိက်ငင်,ရှုက်ငင် နှင့် ပါသွားရှာတယ်။ ဘဲ့ကလောက် ကံဆိုးတယ် ဆိုတာစဉ်းစား လို့သာ ကြည့်ကြ ပေတော့။ ။မြစ်လယ်ခေါင်သို့ ရောက်နေတဲ့ မိခင်က ဝွန်ချီသွားတာကို မြင်တော့ ရုတ်တရက် လက်ခုတ်တီးပြီး ''ဟဲ့-ဝွန်ကြီး၊ ဟဲ့-ဝွန်ကြီး ငါ့သားကိုမတရားသဖြင့် မနှိပ်စက်ပါနဲ့ ချခဲ့ပါ,ချခဲ့ပါ, အလိုလေး ငါ့ရင်သွေး ဆုံးတော့မှာထင်ပါရဲ့'' ဆဲ- သို့ကလို ဟစ်အော်လိုက်တယ်၊ သည့်လိုအော်ရုံမျှနှင့် ဝွန်ကြီးက ဘယ်မှာ ချမ်းသာပေးမလဲ သူအလိုရှိတဲ့ စခမ်းသို့ ကောင်းကင် လမ်းဖြင့် ပြန်သန်းသွားတာပေါ့။

တဘက်ကမ်းမှာ ကျန်နေရစ်တဲ့ သားကြီးက လက်ခုတ်တီးကာ ဟစ်အော်လိုက်တဲ့ မိခင်၏အသံကိုကြားတော့ ''ငါ့ကို ခေါ်တာဘဲ'' လို့မှတ်ထင်ပြီး အလျှင်အမြန် မြစ်ထဲသို့ ဆင်းလိုက်တယ် မြစ်ထဲသို့ ရောက်သည်နှင့် တပြိုင်နက် ရေအဟုန် ပြင်းထန်သဖြင့် မြန်မြန်ကြီး ရေထဲသို့မြောပါသွားတာပေါ့၊ တိုတိုပြောရမှ ဖြင့် သားကြီးဟာ လဲ ရေဟုန်လက်နက်နှင့် အသက် ဆုံးသွား ရှာတယ်၊ ။မြစ်လယ် ခေါင်မှာ ယောင် တီး ယောင် တောင် နှင့် မျက် လုံး ကြောင် နေ တဲ့ မိခင်မှာ သား ကြီး ကို လဲ မ ကယ်နိုင် သား ငယ် ကို လဲ မ ကယ် နိုင် ဗျာလိုင်သင့်၍ရင်ပွင့်လှ ခမန်းပင်ပန်းဆင်းရဲနေတာပေါ့ ငိုရလွန်းတဲ့ အတွက် မျက်ရေများလဲ မထွက်နိုင် ရှာတော့ဘူး ပင့်သက် ရှိုက်ခါ အသာကလေး ငေးလို့သာ ကြည့်နေရ ရှာ တော့တယ်၊ ရေလယ် ခေါင်မှာ အပူမီးတွေလောင်နေလိုက်တာ တဝင်းဝင်း ပြောင်နေ

တာပေါ့၊ ကံဆိုးနှိပ်စက်တဲ့အခါမှာ၊ မြစ်စောင့်နတ်, ကောင်းကင်စောင့်နတ်တို့ကလဲ မကယ်နိုင်ကြတော့ဘူး၊အဆုံးဘဝတွင် ကျွတ်တမ်းဝင်ရမဲ့သူမှာသာ မသေဘဲ ကျန်ရှာတယ်၊ သာမန်လူများဖြင့် သားကြီးသေပုံနှင့်အတူ မြစ်ရေတရိုးမှာ အသေဆိုးသေရမှာ အမှန်ပေါ့။

(ဃ) တဒါပိဇာတဒုက္ခေန၊ အနာထကပဏာမဟံ။
ကုန္တိ ပူရိတံဒိသွာ၊ ဂန္တွတိ်သကုလာလယံ၊

(ဃ) တဒါ၊ ထိုလင်၏ အလောင်းနား၌မှ ခွါသွားသော အခါ၌၊ အဟံ၊ အကျွန်ုပ်သည်၊ ဝိဇာတဒုက္ခေန၊ သားဘွားရခြင်းတည်းဟူသော ဆင်းရဲဒုက္ခဖြင့်၊ ပိဠိတာ၊ နှိပ်စက်အပ်သည်ဖြစ်၍၊ အနာထ၊ ကိုးကွယ်ရာမရှိဘဲ၊ ကပဏာ၊ အဘော်မပါ ကိုယ်တည်းသာလျှင်၊ ဂန္တွာ၊ သာဝတ္ထိမြို့တော်လမ်းသို့ တစခန်း ထွက်ခဲ့သည်ရှိသော်၊ သကုလာလယံ၊ ကမ်းပြည့်ကမ်းလျှံ၊ ပူရိတံ၊ ယမားရေတို့ဖြင့်ပြည့်၍နေသော၊ ကုန္တိ၊ စီးတသုံသုံ၊ အဟုန်ပြင်းထန်၊ ရေသန်သောသော၊ ဒလဟောဆင်း၊ လွန်မင်းကြောက်ဘွယ်၊ မြစ်ချောင်းငယ်ကို၊ အဲဒ္ဒသိ၊ မရှောင်နိုင်အောင်၊ရင်ဆိုင်တွေ့မြင်ရပါသတည်း၊ ဒိသွာ၊ တွေ့မြင်ရပြီးသည်ရှိသော်၊

(ဏ) ဗာလံအာဒါယအတရိံ၊ ပါရကူလေစဧကိကာ၊
ပါတေတွာဗာလကံပုတ္တံ၊ ဇ္ဈတရံတရဏာယတံ၊

(ဏ) အဟံ၊ အကျွန်ုပ်သည်၊ ဧကိကာ၊ အဘော်မလျှောက်၊ တယောက်ထည်းထည်း၊ ဗာလံ၊ သားငယ်ကလေးကို၊ အာဒါယ၊ ပွေ့ပိုက်၍၊ ကုန္တိ၊ မြစ်ငယ်ကို၊ အတရိံ၊ ကူးခဲ့ပါသတည်း၊ ပါရကူလေစ၊ ဟိုဘက်ကမ်းသို့ ရောက်သော အခါ၌ မူကား၊ ဗာလကံပုတ္တံ၊ သားငယ်ကလေးကို၊ ပါတေတွာ၊ အနှီးဖြင့် ခြုံ၍ လုံခြုံအောင် သိပ်ထားခဲ့ပြီးသည်ရှိသော်၊ ဇ္ဈတရံ၊ တဘက်ကမ်း၌ ကျန်ရစ်ခဲ့သော သားကြီးတယောက်ကို၊ တရဏာယ၊ ကူးစေခြင်းငှါ၊ ပုန၊ တဖန်၊ ကုန္တိ၊ မြစ်ငယ်အတွင်းသို့၊ အတရိံ၊ သက်ဆင်းခဲ့ရ ပြန်ပါသတည်း၊

(က) နိဝတ္တာဥက္ကုသောဟာသိ၊ တရုဏံပိလပန္တကံ၊
ဇူတရဥ္ဍဝဟိသောတော၊ သာဟံသောကာသမပ္ပိတာ။

(ဘ) ပိလပန္တကံ၊ တလှုပ်လှုပ်, တရှားရှားနှင့်၊ ငိုအားသန်၍ နေသော။ တရုဏံ၊ သားငယ်ကလေးကို၊ ဥက္ကုသော၊ ရက်ရက်စက်စက်၊ ထက်မြက်နူတ်သီး၊ သိန်းစွန်ကြီးသည်၊ နိဝတ္တာ၊လက်ချတ်တီးကာ၊ မောင်းနှင်ပါသော်လည်း၊ အဟာသိ၊ လက်သီးဖြင့်ကုတ်၍ ထိုးသုတ် ဆောင်ယူလေသတည်း၊ ဇူတရဥ္ဍ၊ တဘက်ကမ်း၌ ချန်ထားခဲ့သောသားကြီးကိုလည်း၊ သောတော၊ လှိုင်းတဖိမ့်ဖိမ့်၊ သိမ့်သိမ့်ဆူပွက်၊ ဂယက်သွမ်းခြုံ၊ ရေအဟုန်သည်။ အဝဟိ၊ အလောင်းကိုမျှမတွေ့ရအောင်၊ ဆွဲချယူဆောင်၍ သွားလေသတည်း၊ တဒါ၊ ထိုအခါ၌၊ သာအဟံ၊ သားသေ, လင်ဆုံး၊ လူဖြစ်ရှုံး၍၊ အပူတုံးကြီး ဖြစ်၍နေသော၊ ထိုအကျွန်ုပ်သည်၊ သောကာသမပ္ပိတာ၊ စိုးရိမ်ပူရှိက်သောကတည်းဟူသော မီးလောင်တိုက်၌၊ အမြှိုက် အရှိ ခံရလေသည်၊ အာသိ၊ ဖြစ်ခဲ့ပါသတည်း၊

## သာဝတ္ထိပြည်သို့ခရီးဆက်လက်၍ သွားပြန်ခြင်း။

လင်ယောကျ်ားမှာ မြွေဘေး၊ သားအကြီးမှာ ရေဘေး၊ သားကလေးကိုစွန်ချီ၊ သုံးလီသုံးဝ၊ ဒုက္ခတွေ့ဆုံ အသက် ကုန်ပြီးတဲ့နောက်၊ သူဌေးသမီးမှာ ပူမီးထန်ပြင်း မီးလောင်တိုက် အသွင်းခံရကြောင်းကို ကောင်းစွာ သိကြရပေါ့နော်၊ ၊သို့ကလောက် ဆင်းရဲတွေ ဘိနေတော့၊ မှင်တက်ကြီးမိနေသဖြင့်၊ ပူချမှန်းတောင် မသိရှာတော့ဘူးပေါ့၊ မျက်လုံးကြောင်ကြောင်နှင့်၊ ယောင်တောင်တောင်, ငေးတေးတေးကြီးဖြစ်နေရှာတယ်၊ ၊ထိုအခါ၊ သူဌေးသမီးစိတ်ထဲမှာ၊ ဘယ်လိုအကြံပေါက်လာသလဲ ဆိုတော့ ''ကဲလေ-ဖြစ်မိလို့ရှိမှဖြင့် ဖြစ်ချင်သလို ဖြစ်ပါစေတော့ ကံခလသာ ရှူးတိုက် သဖြင့် ကိုယ်တိုင်ကလဲ ရိက်ခဲ့ပေတယ်၊ မိဘစကားကို နားမထောင်လို့ အပူကောင်မကြီး ဖြစ်ရတာ အမှန်ဘဲ၊ သူနှင့်စပ်တဲ့ ဒုက္ခအရပ်ရပ်

အလုံးစုံ မျိုးပြတ်ကုန်ပေါ့။ နောက်ဆပ်လို့ မပူပန်ရအောင် မိဘတို့ ထံသို့သွားပြီး မိဘတို့ အရိပ်ကိုခိုလှုံကာ အေးအေးသာသာနေထိုင် ရတော့မှာဘဲ အကုသိုလ်ကံတို့ကလဲ သည်အပူကောင် မကလေး ကို ချမ်းသာ ပေးတော်မမူကြပါ။ ။အဲ-သို့ကလို ငြိုးတွားကာ ကြံစည်ပြီး သာဝတ္ထိနေပြည်တော်ကြီးသို့ တယောက်ထည်း ထွက် လာခဲ့ရှာတယ်။

သို့ကလောက် ဒုက္ခရောက်နေတာ ဘယ်မှာ စိတ်ကောင်းနိုင် ပါတော့မလဲ နံ့နံ့တော့ချူးစ ပြုလာဘာပေါ့။ ဖြေသည့်သို့ ရနိုင်တဲ့ အပူမျိုးမဟုတ်ပေဘူး။ ခရီးသွားနေရင်း မကြာမကြာ သတိလွတ်၍ ရွတ်တွတ်တွတ် ဖြစ်တဲ့အခါ တွတ်တီးတွတ်တာနှင့် ဘယ်လိုမြည် တမ်းသလဲဆိုတော့-သည်လိုတဲ့။

ဥဘောပုတ္တာကာလကတာ၊ ပန္ထေမယှံပတိမတော။

ဘောန္တော၊ ခရီးဆုံ၍ တွေ့ကြုံကြတဲ့ လူများအပေါင်းတို့။ မေ၊ မီးလောင်တိုက်အတွင်းမှာ ပူပြင်းစွာ အမြှိုက်ခံရတဲ့ကျွန်တော်မ၏၊ ဥဘောပုတ္တာ၊ တုတ်တုတ်ဝဝ၊ လှလှဖွေးဖွေး၊ အချင်သွေးဝင် လောက်တဲ့ သားငယ်ကလေး နှစ်ယောက်တို့သည်၊ ကာလကတာ၊ တယောက်ကိုစွန်သုပ်၊ တယောက်ကရေမှာမြုပ်သ ဖြင့် ဆုံးချုပ် ပျောကြွေ၊ အသေဆိုးသေခဲ့ကြကုန်ပြီတကား။ မယှံ၊ ဘယ်သူမှ မကူမကယ်တဲ့၊ အပူသယ်ကျွန်တော်မ၏၊ ပတိ၊ ဟို ငယ်ငယ်ကလေး ကပင်၊ အချစ်သွေး ဝင်လျှက်၊ ခင်မင် စွဲလမ်းလို့ လာခဲ့သော လင်ယောကျ်ားသည်လည်း၊ ပန္ထေ၊ မိဘတို့ထံ၊ အပြန်စခန်း၊ တော လမ်း တောင်စောင်း၊ မြေချောင်း၌၊ မတော၊ မိုးစွေစွေ့လေအတိုက် တွင်၊ မြွေကိုက်၍ သေဆုံးခဲ့ပါသကည်း။ မိမိဖြစ်ခဲ့ရပုံ အကြောင်း အရာတွေကို တွတ်တီးတွတ်တာ ပြောဆိုလျက်၊ ခရီးစဉ်အတိုင်း ပြန်လာခဲ့ရှာ၊ သာဝတ္ထိနေပြည်တော်ကြီးသို့ ဆိုက်ရောက်ပါရော။

အိုးအိမ်နှင့်တကွ မိဘတို့ပျက်စီးပုံကို တွေ့ကြုံရခြင်း

သာဝတ္ထိ နေပြည်တော်ကြီးသို့ ရောက်တော့ စိတ်ကလဲနောက် တောက်တောက်ရို့ ဘယ်အရပ် ဘယ်ဌာနမှာ မိဘတို့ အိမ်များရှိ

တယ်လို့မသိနိုင်ဘဲ မွေ့လျော့တွေဝေလို့နေရှာတယ်။ ။အကြောင်းတခုကလဲ သည့်လိုတဲ့။ ။ပဋာစာရီ၏ ဒုတိယ သား ကလေး ကို ဘွားမြင်သော အချိန်တွင် ပြင်းစွာ တိုက်ခိုက်တဲ့ လေမုန်တိုင်းကြီးဟာသဲ သာဝတ္ထိပြည်မှာ ထိုနည်း တူ စွာပင် တိုက်ခိုက်တယ်၊ မိုးကြီးတွေ ရွာပုံဟာလဲ သည်နည်းအတိုင်းဘဲတဲ့၊ အဲ- သို့ အ တွက်ကြောင့်၊ သာဝတ္ထိမြို့တော်ကြီးအတွင်းမှာ အိမ်ချေပေါင်း များ စွာ ပျက်စီးကြတယ်၊ သည်သိုပျက်စီးတဲ့အိမ်တွေထဲမှာ ပ ဋာ စာ ရီ တို့ နေထိုင်တဲ့ မိဘတို့၏ အိမ်ကြီးဟာလဲ ပါသွားတယ်။ အဲ-သို့ က လို ဖရိုဖရဲပျက်စီးနေတဲ့အတွက်ကြောင့်၊ ပဋာစာရီမှာ မိဘတို့ အိမ်ကို မမှတ်မိနိုင်အောင်ဖြစ်နေဘာပေါ့။

ပဋာစာရီသည် မိဘတို့အိမ်ကို ရှာ မ တွေ့ ဘဲ ဖြစ် နေ ရာ လူတယောက်ကို တွေ့သည်နှင့် မိ ဘ အကြောင်းများကို ပြောဆို၍၊ အိမ်ရာ အကြောင်းကို မေးမြန်းတော့ တွေ့ကြုံတဲ့သူက၊ ''ဩော်-သည်သူဌေးကြီး အကြောင်းကိုပြောတို့ရာ လွန်စွာဝမ်းနဲပါတယ်။ ဟို-တနေ့က လေပြင်း မုန်တိုင်းကျ၍၊ မိုး ကြီး သီး ထန် စွာ ရွာရာတွင်ခင်ဗျားမေးတဲ့သူဌေးကြီးရဲ့တိုက်အိမ်ဟာ၊ ပြုံးကနဲပြို သွားပါရောကံဆိုးလိုက်ထာခင်ဗျာ၊ သူဌေးကြီးရော, သူဌေးကတော်ကြီးရော, သူ့ဘိုသားတယောက်ရော၊ ကံတူ အကျိုးပေး ဆိုသလို သူ တို့ သုံးယောက်လုံး၊ တိုက်ပြိုရာတွင်ပိပြီး မချိမဆန့် သေဆုံးကုန်ကြပါပြီခင်ဗျာ။ သူ့ဘို့အလောင်းသုံးလောင်းကိုထင်းပုံတခုထဲမှာ သာနေ့ပင်သင်္ဂြိုဟ်လိုက်ကြပါတယ်၊ ဟောဟိုမှာ ကြည့်စမ်းပါ မီးခိုးကလေးတလူလူနှင့် ရှိပါသေးတယ်။ အဂ္ဂိစျာပနဖြင့် ပြာကျအောင် သူတို့ကိုသင်္ဂြိုဟ်တဲ့မီးပေါ့။ သူဌေးကြီး, သူဌေးကတော်ကြီးတို့မှာ အမွေခံတယောက်မှမရှိရှာတော့ဘူးခင်ဗျ။ သြီးကလေး တ ယောက် ရှိပြန်ပါတော့သဲ။ ဟို-လွန်ခဲ့တဲ့ လေးငါးနှစ်လောက်က စိတ်နောက်ကိုယ်ပါ မိုက်မဲစွာနှင့် အဘက်ခဘန်တဲ့ အစေခံကလေး တယောက်နှင့်ထွက်ပြေးပါဘယ်။ ဘယ်မှာနေတယ်လို့ ဘော့မသိတော့ဘူး၊ အဲ-သို့ကလို အကြောင်းစုံလင်စွာပြောကြားလိုက်တယ်။

သည့်စကားကို ကြားသည်နှင့်တပြိုင်နက် ခဏခြင်း ရုတ်တရက် နှလုံးသွေးပျက်ပြီး သွက်သွက်လယ်အောင် ရူးသွားတာပေါ့။ သတိရတဲ့ အခါကနဲ့ပြီး သတိမရတဲ့ အခါတွေကသာ များနေတယ်။ ရူးလဲရူးသင့်ပါပေရဲ့။ သို့ကလောက် ဒုက္ခရောက်နေတာဘဲ ဘယ်မှာ မရူးဘဲနေနိုင်ပါတော့မလဲ။ ။သတိအလစ်ကြီးလစ်၍ အရူးမဖြစ် နေတော့ သေသူတို့ကို တမ်းတ၍ငိုရတဲ့ အလုပ်ကိုလဲ အားမထုတ် နိုင်ဘူးပေါ့။ ရယ်လိုရယ်, ငိုလိုငို, ချန်လိုချန်, ပေါက်လိုပေါက်, ကတောက်ကတက်နှင့် အကြောက်အရှက်ဆိုတာလဲ မရှိတော့ဘူး။ နဂိုရင်းကလဲ ရူးချင်ယက်ယက် ဖြစ်နေတဲ့ အပေါ်မှာ မိဘမောင် ဘွားတို့ ပျက်စီးသေဆုံးတဲ့ စကားကိုကြားတော့၊ ရုတ်တရက် နှလုံး သွေးပျက်ပြီး အရူးမကြီး ခဏခြင်း ဖြစ်သွားရှာတယ်။ ။ရှက်ရ မှန်း, ကြောက်ရမှန်း, မသိအောင် သတိတွေ လွတ်သဖြင့်၊ ဝတ်လို့ ထားတဲ့ အဝတ်ကိုတောင် ချွတ်လို့ပစ်လိုက်တယ်။ ပြောဘို့တောင် မကောင်းတော့ပါဘူး။ ဆဲ-သို့ကလို ရုတ်တရက် အရူးမကြီးဖြစ်သွား ပုံကိုမြင်သော့ အကျိုးအကြောင်းများကို ပြောကြားတဲ့သူဟာလဲ သူဖြစ်ပုံကိုမကြည့်ဝံ့တာနှင့် အတင်းရှောင်ပြီး လွတ်အောင် ထွက် ပြေးရသတဲ့။

ပဋ္ဌာစာရီသည့် သတိကလေးပြန်ရလာတဲ့အခါ မိဘမောင်ဘွား တို့ကို မီးသင်္ဂြိုဟ်တဲ့ဌာနသို့ သွားရောက် ကြည့်ရှုလိုသဖြင့် မီးခိုးကို မျှော်မှန်းလျက် သင်းချိုင်းလမ်းသို့ ရောက်သွားတော့ ပြာကျသည့် တိုင်အောင်မီးလောင်နေတဲ့သင်း ချိုင်းကိုသာ တွေ့မြင်ရတော့တယ်။ စိတ်ရူးပေါက်ပြီး မီးပုံထဲကို ချန်ဆင်းကာ မသေတာကိုပင် ချီးမွမ်းရ ခံ့တော့မလိုလိုဖြစ်နေတာပေါ့။ ။ဘုတ်တမ်းဝင်ရမဲ့အဆုံးဘဝ သို့ရောက်နေတဲ့သူများဟာ တရားထူး ကိုမရဘဲ ဘယ်လို ပယောဂ မျိုးနှင့်မှ မသေဆုံးနိုင်ဘူး။

ထို့နောက်တဘန် သင်းချိုင်းကပြန်လာတော့၊ ရှေ့ကထက်တိုးပြီး အမျိုးမျိုးရူးရပြန်တာပေါ့။ ဘယ်လိုဆရာမျိုးမှ ဆေးကုသလို့ ရနိုင် ဘို့ရာအခွင့်မရှိတော့ဘူး။ အဝတ်အစားမကပ်အောင် မပြတ်မလပ်

သတိလစ်ပြီး အရူးမကြီးဖြစ်ရတာ ဘဲ့ကလောက် အရူးရောဂါကြီးတယ်ဆိုတာ စဉ်းစားလို့သာကြည့်ကြပေတော့။ ပါရမီပြည့်စုံ၍ အဆုံးဘဝသို့ရောက်ပြီးသူ အမှန်ဖြစ်ပါလျက် သို့ကလောက် ရူးသွပ်ရတယ်ဆိုတာ လွန်စွာအံ့ဩဘို့ ကောင်းတာဘဲနော်။ ဘယ်လိုကံဆိုးတွေဝင်ပြီး တမင်တကာရူးသွပ်အောင်နှိပ်စက်ပါလိမ့်မလဲ။ ။ အဲသည်လိုဖြစ်ပုံမျိုးကိုထောက်လျှင် သံသရာကြီးကို ကြောက်စရာကောင်းတယ်မဟုတ်လား။ အလွန်ရှည်မြင့်တဲ့ အနမတဂ္ဂ အတိတ်ဘဝတွေက အစဉ်တစိုက်လိုက်ပါလာတဲ့ ကံတွေဟာ အခွင့်သင့်တဲ့အခါ အတင်းလာလို့နှိပ်စက် ကုန်ကြတော့ တာဘဲ။ ကျွတ်လုခါနီးဖြစ်တဲ့ ပုဂ္ဂိုလ်ကြီးများကိုတောင် မရှောင်မညှာဘဲ အတင်းကပ်ပြီးနှိပ်စက်ကြသေးတယ်။ ။သံသရာက မလွတ်သမျှ ဘယ်ပုဂ္ဂိုလ်မျိုးမဆို ရူးခွင့်ကြုံလျှင် ရူးရလိမ့်မယ်၊ နောက်ခွင့်ကြုံလျှင် နောက်ရလိမ့်မယ်၊ အဲသည်လိုတရားအချက် နက်နက်နဲနဲ ဆင်ချင် စဉ်းစားလိုက်ကြပေတော့။

(ထ) သာဝတ္ထိနဂရံဂတ္စာ၊ အသောသိံသဇနေမတော၊
တဒါအဝေါစသောကဋ္ဌာ၊ မဟာသောကသမပ္ပိတာ၊

(ထ) အဟံ၊ အကျွန်ုပ်သည်။ သာဝတ္ထိနဂရံ၊ မိဘတို့စံပျော်ရာဖြစ်သော၊ သာဝတ္ထိမြို့တော်ကြီးသို့၊ ဂတ္စာ၊ သွားရောက်လေသည်ရှိသော်၊ သဇနေ၊ မိမိ၏အရင်းအချာ ဖြစ်ကြကုန်သော မိဘမောင်ဘွားသုံးယောက်သားတို့ကို၊ မတော၊ တပြိုင်နက် သေရေးကြုံ၍၊ ထင်းပုံတခုထဲ၌ သင်္ဂြိုဟ်ရပုံတို့ကို၊ အသောသိံ၊ မချိမဆန့်သွေးလန့်ဘွယ်ရာ၊ ကြားရပါသတည်း။ တဒါ၊ ထိုသို့အကြားရခက်၊ နှိပ်စက်လွန်မင်း၊ ဆိုးဝါးတဲ့ သတင်းကို၊ ရုတ်တရက် ခကာခြင်းကြားလိုက်ရသောအခါ၌၊ အဟံ၊ အကျွန်ုပ်သည်၊ သောကဋ္ဌာ၊ စိုးရိမ်ရောဂါ၊ ပေဒနာနှိပ်စက်ခြင်းခံရသည်ဖြစ်၍၊ မဟာသောကသမပ္ပိတာ၊ သူတပါးနှင့်မတူအောင်၊ အပူကြီးခိုင်၊ ဗျာလိုင်သောက၊ မီးထလောင်ကျွမ်း၊ အလွန်တရာ ပင်ပန်းလှလေသောကြောင့်၊ ဇွဲမံ၊

ဤဆိုလတ့်သောဂါထာကို၊ အဝေါစ၊ သွားလေရာရာ မ ခွါ မ လွှတ် တတွတ်တွတ်နှင့် ရွတ်ဆို၍နေခဲ့ပါသတည်း။

(မှတ်ချက်။ ။ဤဂါထာ၌ သဇ္ဇနေ-ဟူ သော ပုဒ် ကို၊ ဆ ဇ္ဇ နေ ဟူ၍လည်း ရေးသားပြန်ဆိုတတ်ကြသည်။ ။သို့ ရာ တွင် ထေရီ အပဒါန်ပါဠိတော်ရင်းများကို အစောင်စောင် တိုက်ဆိုင်၍ ကြည့် ရာ သဇ္ဇနေ-ဟူ၍ပင် များစွာတွေ့ရှိရသည် ထို့ကြောင့် ဤထေရီ ဘာသာပြန်၌၊သဇ္ဇနေဟူ၍ပင်ရေးသားပြန်ဆိုခဲ့ပေသည်။ ။သဇ္ဇနေ ဆိုသည်မှာ ဤ အ ရာ၌ အ လွန် ချင်း ချာ သော မိ ဘ မောင် ဘွား သုံးယောက်သားတို့ကို ဆိုလိုရင်းဖြစ်ပေသည်။ ။သာဝတ္ထိပြည်သို့ ရောက်မှ ဤဂါထာကို ရွတ်ဆိုသောကြောင့် သဇ္ဇနေ-ဟူ၍ပင် သင့် သည်။)

အရူးမဖြစ်သောအခါ ပဋ္ဌာစာရီ အမြဲရွတ်ဆိုသော ဂါထာမှာ အောက်ပါအတိုင်းပင်တည်း။

(ဒ) ဥဘောပုတ္တာကာလကတာ၊ ပန္ထေ မယှံပတိ မတော၊
မာတာပိတာစဘာတာစ၊ ဧကစိတမှိဍယှရေ၊

(ဒ) ဘောနွေ့၊ အို-လူ များ အပေါင်းတို့။ မေ၊ မိး လောင် တိုက်အတွင်းမှာ ပူပြင်းစွာအမြိုက်ခံရတဲ့ ကျွန်တော်မ၏။ ဥဘော ပုတ္တာ၊ တုတ်တုတ်ဝဝ လှလှဖွေးဖွေး အ ချစ် သွေး ဝင် လောက် တဲ့ သားကလေးနှစ်ယောက်တို့သည်၊ ကာလကတာ၊ တယောက်ကိုစွန် သုပ်၊ တယောက်က ရေမှာမြုပ်သဖြင့် ဆုံးချုပ်လျှောကြွေ အသေ ဆိုး သေခဲ့ကြကုန်ပြီတကား။ မယှံ၊ဘယ်သူမှကျူမကယ်တဲ့ အပူ သယ် ကျွန်တော်မ၏၊ပတိ၊ ဟိုငယ်ငယ်ကလေးကပင် အ ချစ် သွေး ဝင်လျက် ခင်မင်စွဲလမ်း၍လာခဲ့သော လင်ယောကျ်ားသည်လည်း။ ပန္ထေ၊မိဘတို့ထံ အပြန်စခမ်း တော လမ်း တောင် စောင်း မြေ ခ ရောင်း၌၊ မတော၊မိုးစွေစွေလေအတိုက် မြွေ ကိုက် ၍ သေ ဆုံး ခဲ့ပါ သတည်း၊ မာတာပိ ဘာစ၊ မိခင် ဘခင် ကျေးဇူးရှင် နှစ်ပါးတို့သည် ၎င်း။ ဘာတာစ၊ တအူတုန်ဆင်း သွေးရင်း ဘွား မြောက် မောင် တယောက်သည်၎င်း၊မရိတ္တာ၊မိုးရောလေရော၊ သောသောဆူလှိုက်

ထိုအခိုက်တွင်၊ တိုက်ကပြိုပျက်၊ တပြိုင်နက်ပေ၊ အသက် ကြွေ ကြကုန်သည်ဖြစ်၍၊ ကေစိတမှိ၊ သုံးလောင်းတောင်မခွဲနိုင်ဘု၊ ထင်းပုံကြီးတခုထဲ၌ပင်လျှင်၊ ဒုယှရေ-ဒုယှန္တိ၊ သူကောင်မြုဝ်နှံ၊ မြေသုသာန်ဝယ်၊ ပုလ္လုဖွဲ့ဘိ၊ ရဲရဲပြိုမျ၊ အင်္ဂါဝါတ၊ ရှာပနဖြင့်၊ ပြာ ကျအောင် သင်္ဂြိုဟ်ခြင်းခံကြရလေကုန်သတည်း။

## အရူးစိတ်နှင့်၊ ထင်မိထင်ရာ ရှောက်သွားခြင်း။

ပဋာစာရီသည် လုံး လုံး ကြီး အ ရူး မဖြစ်သွားသောအခါ ဟိရိဩတ္တပ္ပဆိုတဲ့ အရှက်အကြောက်ကို မစောင့် ရှောက် နိုင် တော့ ဘဲ စိတ်နောက် ကိုယ်ပါ ထင်မိထင်ရာ လှည့်ပတ်သွားလာ နေတော့တာဘဲတဲ့ သူ့ကိုယ်မှာလဲ အ ဝတ် မ ကပ် တော့ ဘူး။ ။လမ်းတကာမှာ မြင်မြင်သမျှလူအပေါင်းတို့က အ မြင် မ တော်,ကြည့် ရှု လို့ မလျော်သောကြောင့် အရှက်အကြောက်ကို ဖုံးလွှမ်းချန် အဝတ်ကလေးများကိုသနားသဖြင့်ပေးကြတယ်။ ။ဘယ် လို ပင် ပေးသော်လဲ အဝတ်မှန်းမသိ,အစားမှန်းမသိ အဓိပတိအရူးမကြီး ဖြစ်နေတဲ့အတွက် ပေးကြတဲ့ အဝတ်တွေကို ဝတ်ရုံဘို့ နေနေသာသာ ဖွါဖွါကြဲအောင် ဖရိုဖရဲဆုတ်ဆုတ်ပစ်လိုက်တယ်။

သာဝတ္ထိတမြို့လုံးမှာ သူမရောက်တဲ့ နေရာရယ်လို့ မရှိတော့ဘူး သာဝတ္ထိမြို့ပေါ်မှာ အလွန်ကျော်စောတဲ့ အရူးမကြီး ဖြစ်နေတာပေါ့။ ။ကလေး သူငယ် အပေါင်း တို့ က လဲ ပြောင်လှောင်လိုတဲ့ စိတ်ထားနှင့် သူ့နောက်ကပိုင်းအုံပြီး ကချန်ရယ်မောကာ လိုက်ကြတယ် ရိုက်တိုက်တိုက် သူငယ် ကလေး များက ဘျောက် ခဲ တွေ ကို ကောက်ပြီး ပေါက်ကြတယ် အချို့ကလဲ သလဲတွေ ဖုံ တွေ နှင့် ပက်ကြတယ် အချို့ကလဲပဋာစာရီရဲ့ ဦးခေါင်းပေါ်တွင် မြက်, အမှိုက်သရိုက်တွေကို တင်ကြ, စလိုက်ကြတယ် ကလေးသူငယ်တွေ ဆိုတာ ထင်ရာမြင်ရာကိုလုပ်တတ်ကြစမြဲပေါ့။ ။အဲ-သို့ကလို ပျော်ပါးခြင်တဲ့စိတ်နှင့် ကလေးသူငယ်တွေက အမျိုးမျိုး ပြောင်လှောင်

ကျိစယ်၍၊ စိတ်ကိုဆွလေလေ၊ အရူးရောဂါ ထလေလေ ဖြစ်နေ တာပေါ့။

စိတ်ကောင်းနှလုံးကောင်းနှင့်၊ ကရုဏာရှိတဲ့ သူများကတော့၊ ပဋ္ဌာစာရီရဲ့ဖြစ်ရပုံတွေကိုကြည့်ရှုပြီး၊ 'ဪ-သနားစရာ အလွန် ကံဆိုးရှာပါကလား။ သူဌေးသမီး အမျိုးကောင်းမကလေး အစစ်ဖြစ် ပါလျက်သားနှင့်၊ နှလုံးသွေးသို့ကလောက်ပျက်စီး၍ တကယ့်အရူး မကြီးဖြစ်နေရှာတယ်။ မိဘဘိုးဘွားကိုနားမထောင်ဘဲ၊ သူ့စိတ်နှင့် သူ့ကိုယ်၊ တိတ်တိတ်ပုန်းကြံစည်ကာ။ အဘက်မတန်တဲ့ အစေခံ ကျွန်နဲ့ထွက်ပြေးလို့၊ သို့ကလောက် ဒုက္ခရောက်ရှာတာဘဲထင်ပါ ရဲ့''ဆဲ-သို့ကလိုဘွေးတောစဉ်းစားပြီး၊ သနားတဲ့စိတ်နှင့်၊ အဝတ် ပေးခြင်း,အစားကျွေးခြင်းများကိုပြုကြတယ်။ ။ပေးသမျှအဝတ် တွေကိုလဲ၊အစိတ်စိတ်,အမွှာမွှာ၊ ဗလဖွာကြဲအောင်ဆုတ်ပစ်လိုက် တယ်။ ဝတ်တယ်လို့မရှိတော့ဘူး၊အစားအစာတွေကို၊ဘယ်လိုပင် ကျွေးသော်လဲ၊ ဖြောင့်ဖြောင့်မတ်မတ်စားတယ်လို့ မရှိတော့ဘူး၊ တောင်ကိုကြဲ,မြောက်ကိုကြဲနှင့်၊ ဖရိုဖရဲ ဗွင့်ဗွင့်ပစ်လိုက်ထားဘဲ တဲ့၊ သွက်သွက်ချာရူးတဲ့အရူးတို့သဘောဟာ၊ သို့ကလိုဖြစ်မြဲဓမ္မ တာပေဘဲ။

## ရှင်တော်ဘုရားထံမှောက်သို့ ဆိုက်ရောက်ခြင်း။

တခံနေ့သောအခါ၊ ရှင်တော်မြတ်ဘုရားသည်၊ ပရိတ်သတ်လေးပါး အလယ်တွင်၊ တင့်တယ်စွာတရားဟောတော်မူနေရာ၊ ဉာဏ် တော်အကြည့်ဝမှာ အရူးမပဋ္ဌာစာရီ၏ နိမိတ်အသွင်ထင်မြင်လာ တယ် ဉာဏ်တော်ဖြင့်ဆင်ခြင်တော်မူရာ၊ ပဋ္ဌာစာရီသည်၊ လွန်ခဲ့ သောကမ္ဘာတသိန်းအခါ ပဒုမုတ္တရဘုရားရှင်လက်ထက်တော်မှ စ၍၊ ပါရမီပြည့်ဝပြီးဖြစ်ခဲ့ကြောင်း၊ယခုဘဝမှာပင် ကျွတ်တမ်းဝင် မည့်အကြောင်းကိုမြင်တော်မူရာ၊ ကြောဝိကျောင်းတော်အတွင်း သို့ဝင်ရောက်၍လာအောင်၊ တန်ခိုးတော်ဖြင့်ဆောင်ကြဉ်းတော်မူ လိုက်တယ်။

ပါရမီပြည့်ဝ၍၊ ဗျာဒိတ်ရပြီးဖြစ်တဲ့သူများဟာ၊ မကျွတ်မှီအတွင်း၊ ပျက်စီးခြင်းအမျိုးမျိုးတွေဖြင့်ဘယ်လိုပင်ပျက်စီး၍နေသော်လဲ၊ အဆုံးတနေ့မှာတရားထူးနှင့်တွေ့ရထိမ့်မည်ဆိုတဲ့အချက်ဟာ၊ ဆက်ဆက်မချ ကြောက္ကံအမှန်ပေါ့။ ။ဘုရားရှင်၏ တန်ခိုးတော်အားဖြင့်၊ကျောင်းတော်သို့ခေါ်ဆောင်လိုက်တော့၊ပဋာစာရီသည်၊ ကျောင်းတော်ရှိရာသို့မျက်နှာမူပြီး၊ တရှုတ်ရှုတ်တဲ့ကြီးလာခဲ့ရာ၊ ဆိုက်ဆိုက်မြိုက်မြိုက်၊ ကျောင်းတော်အတွင်းသို့ ဆိုက်ရောက်ပါရော၊ ကျွတ်ထိုက်တဲ့အခါကြီးကြုံတော့၊ ရတနာပုံဆိုက်သလို၊ ရတနာသုံးပါးလာတက်ကြီး တိုက်ထားပေါ့လေ။ ။ကျောင်းတော်တွင်းသို့ ရောက်တော့ လွန်စွာကြီးမားတဲ့ တရားဟောပွဲပရိသတ်ကြီးကို မြင်လေရာ။ သွားခြင်းတဲ့စေတနာကြောင့်၊ ပရိသတ်ကြီးရဲ့အနီးသို့၊ ချဉ်းကပ်သွားတယ်။ ။ပရိသတ်တွေက၊ အရူးမဝင်လာတာကိုမြင်တော့၊ တရားပွဲကိုအရှက်တကွဲဖြစ်အောင်၊ နှောင့်ရှက်မှာကို စိုးရိမ်တဲ့အတွက်။ ဟဲ့-အရူးမ၊ဟဲ့-အရူးမ၊ သွား-သွား၊ အနားကိုမတိုးနဲ့၊ ဆဲ-သို့ကလိုပြောဆိုကာ၊ တွန်းထိုးလို့ထုတ်ပစ်ကြတယ်။

ထိုအခါ၊ ရှင်တော်မြတ်ဘုရားက၊ 'ဒို-ပရိသတ်အပေါင်းတို့၊ ငါ့သွီးတော်ကြီးကို တားဆီးကန့်ကွက်ခြင်းမပြုကြနှင့်၊ ငါဘုရား၏ သာသနာတော်မှာ၊ လွန်စွာထင်ရှားတဲ့။ သာသနာ့ဝန်ဆောင်သွီးတော်ကြီးဖြစ်လာလိမ့်မယ်၊ ပရိသတ်အစွန်အဖျားက၊ တရားနာ၍နေပေစေ '' ဆဲ-သို့ကလိုမိန့်တော်မူတော့၊မည်သူမှ မနှင်ထုတ်ဝံ့ကြတော့ဘူးပေါ့။ ။ပဋာစာရီလဲ၊ အလွန်ကြည်ညိုဘွယ် ကောင်းတဲ့ ဘုရားရှင်၏ရုပ်သွင်ကိုမြင်လျှင်မြင်ခြင်း၊ သဒ္ဓါတရား ဘွားကနဲပေါ်ပေါက်လာတယ်။ သဒ္ဓါကရှေ့သွားတော့၊ သတိတရားတွေလဲဖြစ်ပေါ်လာတာပေါ့။

ဆဲ-သို့ကလို သဒ္ဓါရှေ့ဆောင်ကာ၊ သတိတရားတွေဖြစ်ပေါ်လာတော့၊ နှလုံးသွေးကြည်လင်၍၊ စိတ်ကောင်းတွေ ဝင်လာတယ်။ ဘုရားရှင်၏တန်ခိုးတော်တွေဟာ၊ လွန်စွာကြီးပါပေတယ်နော်၊ အရှုးပျောက်တဲ့ဆေးကို၊ တမင်တကာ မတိုက်ကျွေးရဘဲ၊ ရုပ်သွင်

တောင်ကိုပြကာ ခါတ်ပေးလိုက်ရုံမျှနှင့် အရှုးစိတ်တွေ ပျောက်ကင်းလို့သွားတယ်။ ။အဲ-သို့ကလိုစိတ်ကောင်းဝင်လာတဲ့အခါ၊ ပဋာစာရီသည်၊ ပရိသတ်အစွန်အဖျားက ရှက်ကြောက်တဲ့ အမူအရာနှင့် ကျုံ့ကျုံ့ရုံ့ရုံ့ထိုင်ပြီး၊ ရှင်တော်ဘုရားကို ညွှတ်တွားကာ ရှိခိုးလို့နေရှာတယ်။ ။ထိုအခါထိမ္မာတဲ့ ဥပါသကာတယောက်က အရှက်အကြောက်ကို ဖုံးလွှမ်း စေခြင်းငှာ အပေါ်ရုံ ပုဆိုး တထည်ကို ပဋာစာရီထံသို့ လွှင့်၍ပေး လိုက်တယ်။ ။ထိုအခါ ပဋာစာရီက ထိုပုဆိုးကို ကောက်ယူကာ ဝတ်ရုံပြီး ရှိသေစွာ တရားနာ၍နေပြန်တယ်။

## ရှင်တော်ဘုရားကအပါးတော်သို့ ခေါ်တော်မူခြင်း

အဲ-သို့ကလို အဝတ်အရုံပြည့်စုံလာတော့ ရှင်တော်မြတ်ဘုရားက မြွက်တော်မူပြီး“ အိုး-သမီးတော်ကြီး အပါးတော်သို့လာခဲ့၊ အပါးတော်သို့လာခဲ့”အဲ-သို့ကလိုခေါ်တော်မူတော့၊ ပဋာစာရီက လဲ ရဲဝံ့စွာနှင့်ရှင်တော်ဘုရား၏ ထံပါးတော်သို့ ရောက်အောင် ဦးညွတ်လို့သွားတယ်။ ။အပါးတော်သို့ ရောက်လာတော့၊ ရှင်တော်မြတ်ဘုရားက “အို-ချစ်သမီး၊ သင်၏အဖြစ်အပျက်များကို အလုံးစုံ လျှောက်ထားစမ်းပါ”လို့မေးမြန်းတော်မူရာ၊ပဋာစာရီက“တပည့်တော်မှာ သူတပါးနှင့် မတူအောင် အပူကောင်းအရှုးမကြီးဖြစ်လောက်တဲ့ ဒုက္ခများကိုအဆက်မပြတ် ထပ်ခါဆင့်ခါ တွေ့ကြုံခဲ့ရပါသည်ဘုရား၊ တောရွာကလေး တခုမှ မိဘတို့နေပျော်စံရာ သာဝတ္ထိမြို့တော်ကြီးသို့ပြန်လာရာ လမ်းခရီးမှာ မြွေကိုက်သော ဘေးကြောင့်လင်ယောကျ်ားသေဆုံးခဲ့ပါသည်ဘုရား။ သားကလေး တယောက်ကိုစွန်သုတ်၊ သားကြီးတယောက်ကိုလဲချောင်းရေစီး၍နစ်မြုပ်သေဆုံးခဲ့ပါသည်ဘုရား။ သာဝတ္ထိ နေပြည်တော်ကြီးသို့ ရောက်လာတော့ မိဘ,မောင်ဘွားသုံးယောက်သားတို့မှာ တပြိုက်နက် တိုက်ပိ၍သေဆုံးကြပြီးလျှင်၊ ထင်းပုံတခုထဲမှာ သင်္ဂြိုဟ် လိုက်ရပါသည် ဘုရား။

နှလုံးအိမ်ပြိုကွဲ၍ ရင်ထဲမှာမီးတောက်ကမန်း သို့က လောက် ကြမ်းထမ်းတဲ့ ဒုက္ခတွေနှင့် တွေ့ကြုံခဲ့ရပါသည်ဘုရား၊ သည့် အပူတွေ ကင်းဝေးအောင် အချမ်းသာဆေးကိုတိုက်ကျွေးတော်မူပါ၊ အရှင်ဘုရားမှတပါး အားကိုးရာ မရှိပါဘုရား'' အဲ-သို့ က လို လျှောက်ထား၍ာတယ်၊

## ရှင်တော်မြတ်ဘုရားက တရားဟောတော်မူခြင်း

ထိုအခါ ရှင်တော်မြတ်ဘုရားက၊ သို့ ့းတော် ပဋာစာရီအား ဒုက္ခကင်းကြောင်း တရားကောင်းကို သို့ကလို ဟောကြားတော် မူလေသတည်း၊

စတုသုသမုဒ္ဒေသုဇလံပရိတ္တံ၊
တတောဗဟုံအဿုဇလံအနပ္ပကံ၊
ဒုက္ခေနဖုဋ္ဌဿနရဿသောစတော၊
ကိံကာရဏာအမ္မတုဝံပမဇ္ဇသိ၊

အမ္မ၊ အို-ချစ်သို့းပဋာစာရီ၊ စတုသုသမုဒ္ဒေသု၊ သမုဒ္ဒရာလေးစင်းတို့၌၊ ဇလံ၊ ရှိရှိသမျှသောရေအစုသည်၊ ပရိတ္တံ၊ မပြောလောက်စဘွယ် အနည်းငယ်ကလေးသာဘည်း၊ သံသာရေ၊ အနမတဂ္ဂသံသရာကြီးထဲ၌၊ ဒုက္ခေန၊ မိဘ,မောင်ဘွား၊ လင်သားမျိုးဆွေ၊ ဆုံးပါးလေ၍၊ မဖြေမဆိန်နိုင်သော ဒုက္ခမျိုးဖြင့်၊ ဖုဋ္ဌဿ၊ တွေ့ထိခံစားအပ်သည်ဖြစ်၍၊ သောစတော-သောစန္တဿ၊ စိုးရိမ်ပူဆွေးစိတ်မအေးရသော၊ နရဿ၊ လူတဦးတယောက်၏၊ အဿုဇလံ၊ တွေတွေစီးဖြိုင်မျက်ရေအိုင်သည်၊ တတော၊ ထိုသမုဒ္ဒရာလေးစင်းမှာရှိသောရေတို့ထက်၊ ဗဟုံ၊ မနိုင်းသာအောင် လွန်စွာများလှပေ၏၊ အနပ္ပကံ၊ အနပ္ပကမ်း၊ ဂဏန်းချကာ၊ ရေတွက်၍ မဆုံးနိုင်သည် သာ လျှင် တည်း၊ အမ္မ၊ အို-ချစ်သို့းပဋာစာရီ၊ တုဝံ၊ သင်ချစ်သို့းသည်၊ ကိံကာရဏာ၊ အဘယ့်ကြောင့်၊ ပမဇ္ဇသိ၊ တပူပင်ပင်၊ ငြိုငြင်ဘို့စီး၊ သောကမီးဖြင့်၊ မေ့သျော့ကြီးမေ့လျော့ကာ အရူးမကြီးဖြစ်၍နေရပါသနည်း၊

အို-ချစ်သွီး ပဋ္ဌာနစာရီ သမုဒ္ဒရာလေးစင်းမှာရှိတဲ့ ရေတွေဟာ နဲသေးတယ်။ အနမတဂ္ဂသံသရာမှာ သတ္တဝါတဦးတယောက် ဒုက္ခ ရောက်ခါ ငိုကြွေးရသောကြောင့် ထွက်ကျရှိစီးတဲ့မျက်ရေတွေဟာ သမုဒ္ဒရာလေးစင်းမှာရှိသော ရေတွေထက် များသေးတယ်။ မိဘ, မောင်ဘွား လင်သားသေဆုံးခြင်းဆိုတာ သံသရာမှာအသုံးအဆန်း မဟုတ်ဘူး။သတ္တဝါ့မှန်သမျှ အမြဲပင် တွေ့ကြုံကြရတဲ့ ဒုက္ခလက်ရိုး ကြီးဖြစ်ပေတယ်၊ အို-ချစ်သွီး ပဋ္ဌာနစာရီ သည့်ကဲ့သို့သော တရား သဘော တွေကို မျှော်တွေးကာ ဘယ်အတွက်ကြောင့် သောက မှုးယစ်၍ အရူးမကြီး ဖြစ်နေရသလဲ၊ ။ အဲ-သို့ကလို ရှင်တော် ဘုရားဟောကြားတော်မူတဲ့ တရားတော်ကို ကြားရတော့၊အတွင်း သန္တာန်မှာရှိတဲ့ သောကမီးတွေကို အမြိုက်ရေဖြင့် သွန်းလောင်း လိုက်ဘိ သကဲ့သို့ ငြိမ်းကနဲ အေးမြ ငြိမ်သက်ခြင်းသို့ ရောက်သွား တယ်၊ အရူးစိတ်တွေသဲ တခါထဲ ပျောက်ကုန်ပါရောတဲ့။ ။အဲ- သို့ကလို ပဋ္ဌာနစာရီရဲ့အတွင်း သန္တာန်မှာ အသိဉာဏ်ပေါ်လောက် အောင် စိတ်နှလုံး ကြည်ကြည်လင်လင် ရှိလာတော့ ရှင်တော်မြတ် ဘုရားက တရားဂါထာ နှစ်ပုဒ်ကို သို့ကလို ထပ်မံကာ ဟောကြား တော်မူပြန်လေသတည်း။

(က) နသန္တိ ပုတ္တာ တာဏာယ၊ နပိတာ နပိ ဗန္ဓဝါ။
အန္တကေနာဓိပန္နဿ၊ နတ္ထိ ဉာတီသု တာဏတာ။

(ခ) ဧတမတ္ထဝသံ ဉတွာ၊ ပဏ္ဍိတော သီလသံဝုတော။
နိဗ္ဗာနဂမနံ မဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ။

(ဓမ္မပဒပါဠိတော်)

(က-ခ) အမွ၊ အို-ချစ်သွီး ပဋ္ဌာနစာရီ၊ အန္တကေန၊ သေမင်းမိက် ကြီးသည်၊အဓိပန္နဿ၊ အတင်းအကြပ် နှိပ်စက်အပ်သော သူအား၊ ပုတ္တာ၊ သား,သွီးတို့သည်၊ တာဏာယ၊ အကွယ်အကာကိုးကွယ်ရာ ဖြစ်ခြင်းငှါ၊ နသန္တိ-နသန္တောန္တိ၊ မစွမ်းနိုင်ကြကုန်၊ ပိတာ၊ ဘခင် ကြီးသည်လည်း၊ တာဏာယ၊အကွယ်အကာကိုးကွယ်ရာဖြစ်ခြင်း

၌၊ နုသကျောဘ္တိ၊ မစွမ်းနိုင်။ ဗန္ဓ ဝါပိ၊ ဆွေမျိုးသားချင်း တို့သည် လည်း။ တာဏာယ၊ အကွယ်အကာ ကိုးကွယ်ရာ ဖြစ်ခြင်း၌။ နုသကျောဘ္တိ၊ မစွမ်းနိုင်ကြကုန်။ ဉာတိသု၊ ဆွေမျိုးသားချင်း အရင်းအချာတို့၌။ တာဏတာ၊ အကွယ်အကာ ကိုးကွယ်ရာအဖြစ်သည်။ နတ္ထိ၊စင်စစ်ကောန်၊ မရှိရိုးအမှန်ပါတည်း။ ၊ဧတမတ္ထဝသံ၊ ဤသို့သော အနက်သွား၊တရားသဘောအစွမ်းကို။ဉတွာ၊ဉာဏ်ထင် မြင်အောင် ဆင်ခြင်သိနှံ့ပြီးသည့် ရှိသော်။ ပဏ္ဍိတော၊ တရား သဘောပေါ်လောမြင်သိ၊ ပညာရှိသည်။ သီလသံဝုတော၊ လုံခြုံ အောင်စောင့်သုံးအပ်သောအကျင့်သီလရှိသည်ဖြစ်၍။ နိဗ္ဗာနဂမနံ၊ ပြည်နိဗ္ဗာန်သို့ အမြန်ဆိုက်ရောက်ကြောင်း ဖြစ်သော၊ မဂ္ဂံ၊ မဂ္ဂင် လမ်းကြောင်းခရီးကောင်းကို၊ ခိပ္ပမေဝ၊ လျှင်လျှင်မြန်မြန်သားလျှင်၊ ဝိသောဓယေ၊ ရှင်းလင်းအောင် သုတ်သင်ရာသတည်း။

အို-ချစ်သွီးပဋာစာရီ သုံးဆဲ့တဘုံဆိုတဲ့ လောကဝဋ်တွင်းမှာ ဇာတိနှင့်မကင်းသူမှန်သမျှ သေမင်းဘေးမှ လွတ်အောင် ရှောင်လို့ မပြေးနိုင်ကြဘူး။ ပဋိသန္ဓေနေခြင်းခေါ်တဲ့ ဇာတိရှိပြီဆိုမှဖြင့် သေရ ခြင်းဆိုတဲ့ မရဏသဘောကြီးဆိုတာ အမှန်ဆိုက်ရောက် လာထိမှ မယ်။ သေဘေးသေဒဏ်ကြီး ဆိုက်ရောက်လာပြီ ဆိုမှဖြင့် မိသော, ဘသော, သားသော, သွီးသော,လင်သော,မယားသော,ဆွေသော, မျိုးသော, ဘယ်လိုလူမှ ကိုးကွယ်ရာ မရတော့ဘူး။ အဲသည်ကဲ့သို့ မရဏတရားကို စဉ်းစား ဆင်ခြင်ပြီး အသေဘေးမှလွတ်ရာ လွတ် ကြောင်း နည်းကောင်းလမ်းမှန်ဖြစ်တဲ့ တရားများကို ကြိုးစားအား ထုတ်ရမယ်။ သီလသိက္ခာများကို လုံခြုံစွာစောင့်ထိန်း ရမယ်။ ။ အဲ-သို့ကလို ရှင်တော်ဘုရားကဟောကြားတော်မူတော့ ပဋာစာရီ သည်။ တရားလမ်းစဉ်အတိုင်း ဉာဏ်သဘောသက်ဝင်ပြီး သစ္စာ လေးသွယ် ဆွတ်ခူးယူလျက် ဖြူစင်သန့်ရှင်း ဉာဏ်အမြင် ပွင့်လင်း သော ပထမအရိယာ မဟာသောတာပန် အဖြစ်သို့ ဆိုက်ရောက် လေသတည်း။

ပဋာစာရီကို အကြောင်းပြု၍ဟောကြားတဲ့ တရားပွဲကြီးမှာ လူပေါင်းများစွာတို့လဲ သောတာပန်အဖြစ်သို့ ဆိုက်ရောက်ကြတယ်၊ ထိုတရားဒေသနာတော်ဟာ များစွာ အကျိုးရှိသွားတာပေါ့။ ။ ပဋာစာရီသည်သောတာပန်အဖြစ်သို့ ဆိုက်ရောက်လေသောအခါ ရှင်တော်ဘုရား၏ ခြေတော်စုံကို ဦးခိုက်ပြီး၊ ''ဘုန်းတော်ကြီးလှသောရှင်ပင်ဘုရား၊ တပည့်တော်မအား သနားတော် မူပါသဖြင့် ရဟန်းပြုရန်ခွင့်သနားတော်မူပါ။ ဤ-သို့ကလိုလျှောက်ထားတော့ ရှင်တော်မြတ်ဘုရားက လဲ၊ ဘိက္ခုနီမတို့ ကျောင်းသို့ စေလွှတ်ပြီး ရဟန်းပြုစေတယ်။ ရဟန်းအဖြစ်သို့ ရောက်တဲ့ အခါ ပဋာစာရီ ဘိက္ခုနီမရယ်လို့ထင်ရှားကျော်စောသွားတာပေါ့။

## ရဟန္တာအဖြစ်သို့ ဆိုက်ရောက်ခြင်း။

ပဋာစာရီသည် ရဟန်းအဖြစ်သို့ ရောက်ပြီးတဲ့အခါ၊ တနေ့သ၌ ရေအိုးဖြင့် တွင်းမှရေကိုခပ်ယူပြီး ခြေများကိုဆေးတယ်၊ ခြေဖမိုးပေါ်သို့ရှေးဦးစွာရေလောင်းလိုက်တော့မြေကြီးပေါ်သို့အတန်ကြာကလေးစီးပြီး ပျောက်ဆုံးခြင်းသို့ရောက်သွားတယ်။ ထိုနောက် တဘန် ရေကိုလောင်းလိုက်ပြန်တော့ထိုထက်ပင်ခပ်ကြာကြာက လေးစီးသွား၍ ပျောက် ဆုံး ကုန် ပြန် တယ်၊ ထိုနောက် တဘန် ရေကို လောင်းလိုက်ပြန်ရာရှေးကထက်ပင်ကြာရှည်စွာစီးသွား၍၊ နောက်ဆုံး၌ပျောက်ဆုံးသွားပြန်တယ်။ ။ဤ-သို့ကသိုသုံးကြိမ်တိုင်တိုင် ခြေဆေးရေဘို့စီးသွားပုံ ချုပ်ဆုံးပုံများကို၊ ပဋာစာရီဘိက္ခုနီမ မြင်ခလေရာ ဘယ်လိုသံဝေဂတင်၍ဆင်ခြင်သလဲဆိုတော့ ''ဩော်-သုံးကြိမ်တိုင်တိုင် လောင်းချလိုက်တဲ့ ခြေဆေးရေတို့ ပျက် စီး ကုန် ဆုံးကြတဲ့သဘောအတိုင်း လူ့ပြည်လောကမှာရှိတဲ့ လူတွေဟာလဲ တချို့က ပထမအရွယ်မှာပင် သေဆုံးပျက်စီးခြင်းသို့ ဆိုက် ရောက် ကြတယ်၊ အချို့က ဒုတိယအရွယ်မှာပင် သေ ဆုံး ပျက် စီး ခြင်း သို့ ရောက်ကြတယ်၊ တချို့က တတိယအရွယ်မှာပင် သေ ဆုံး ပျက် စီး ခြင်းသို့ရောက်ကြတယ်၊ ဘယ် သူ မှ မြဲ တယ် လို့ မရှိ ပါဘဲကလား။

တရက်ရက်တွင်အပျက်ကြုံရမှာအမှန်ပါကလား'' ဆဲ-သို့ကလိုဆင်ခြင်မှုတွေ ပေါ်ပေါက်လာတယ်၊ အနိစ္စဉာဏ်ဝိပဿနာ ရင့်သန်ဘို့ အခြေကြီးပေပေါ့။

## ''ဂန္ဓကုဋိတိုက်တော်မှရောင်ခြည်တော်ကိုလွှတ်၍ ဒေသနာတော်မူခြင်း။''

ပဋာစာရီ ဘိက္ခုနီမ၏၊ ဥဒယဗ္ဗယဉာဏ် ထက်သန်ပုံ အချက်များကို၊ ရှင်တော်ဘုရားသည် ဂန္ဓကုဋိ တိုက်တော် အတွင်းမှ ထင်လင်းစွာ သိတော်မူလေရာ ''ငါ၏သွီးတော်ကြီးသည် ကိလေသာကုန်ခန်း၍၊ရဟန္တာဖြစ်ရန်အခွင့်ကြုံနေပြီ ပွင့်ခါနီးဖြစ်တဲ့ပဒုမ္မာကြာကို နေရောင်ဝါးပေးသကဲ့သို့၊ ထိုနည်းတူစွာပဋာစာရီဘိက္ခုနီမ၏ ပညာဝါတ်ကို မြင့်မြက်သော တရားရောင်ခြည်တို့ဖြင့် နှုံးနှပ်၍ ပေးမှ သင့်တော့မယ်။ ရှင်တော်မြတ်ဘုရားသည် ရောင်ခြည်တော်ခြောက်ဆိုင်ကို၊ အပြိုင်အပြိုင် စေလွှတ်လျက်၊ ပဋာစာရီ ဘိက္ခုနီမအား၊ ထင်ရှားစွာမြင်စေပြီးလျှင်၊ ရုပ်နာမ်ခန္ဓာအချက်နှင့် နက်နဲလှစွာ အရသာရှိတဲ့ ဝိပဿနာ ဂါထာတပုဒ်ကို သို့ကလို ဟောကြားတော်မူလေသတည်း။

ယောစဝဿသတံဇီဝေ၊အပဿံဥဒယဗ္ဗယံ။
ဧကာဟံဇီဝိတံသေယျော၊ပဿတောဥဒယဗ္ဗယံ၊
(ဓမ္မပဒပါဠိတော်။)

ဘဒ္ဒေ၊အို—ချစ်သွီးပဋာစာရီ၊ယော၊အကြင်သူသည်၊ဥဒယဗ္ဗယံ၊ ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်မှု ပျက်မှု သဘောတွေကို၊ အပဿံ- အပဿန္တော၊ ဉာဏ်ဆင်ခြင်၍ သိမြင်ခြင်းမရှိဘဲ၊ ဝဿသတံ၊အနှစ်တရာကာလပတ်လုံး၊ဇီဝေ၊ အသက်ရှည်စွာနေစေဦးတော့၊ တဿ၊ ထိုကဲ့သို့သောပုဂ္ဂိုလ်၏၊ ဇီဝိတံ၊ ရှည်၍နေသော အသက်သည်၊ နသေယျော၊မြတ်သည်မဟုတ်ချေ၊ ဥဒယဗ္ဗယံ၊ ရုပ်နာမ် ခန္ဓာ တို့၏ ဖြစ်မှု ပျက်မှု သဘောတွေကို၊ ပဿတော- ပဿန္တဿ၊ ဝိပဿနာဉာဏ်ဖြင့် ထက်သန်စွာ မြင်နေသော ပုဂ္ဂိုလ်မြတ်၏၊ ဧကာဟံ၊ တ

ရက်ကလေး မျှလောက်၊ ဇီဝိတံ၊ အသက် ရှည်ရ ခြင်းသည်၊ သေယျော၊ အခြားအသက်တို့နှင့်မနှိုင်းသာအောင်၊ လွန်စွာမြတ်လှပေသတည်း။

အို-ချစ်သွေးပဋာစာရီ သက်ရှိသက်မဲ့အလုံးစုံ အကုန်ရှိရှိသမျှ ဝတ္ထုဒြပ်တွေကို သတ္တုချလို့ ကြည့်လိုက်ပါလျှင် အချုပ်အားဖြင့် ရုပ်နာမ်နှစ်ပါးသာရှိကြတယ်။ ထိုရုပ်နာမ်နှစ်ပါးကိုပင်လျှင်၊ ခန္ဓာ-အာယတန-ဓါတ်-ပဋိစ္စသမုပ္ပါဒ်ကပယ်လို့ခေါ်ဆိုရတယ်ထိုရုပ်နာမ်တရားတွေဟာ အမြဲတာဝရတည်နေကြတယ်လို့မရှိဘူး။ ခဏခဏ ဖြစ်ပေါ်လာခြင်း၊ ခဏခဏပျက်ဆုံးခြင်း၊ ဖြစ်တုံ့ ပျက်တုံ့နှင့်သာ အစုန်အဆန်ဖြစ်နေကြတယ်။ ဖြစ်မှုသဘောကိုဥဒယလို့ခေါ်တယ်။ ပျက်မှုသဘောကို- ဝယလို့ခေါ်တယ်။ ဖြစ်မှုပျက်မှု အစုံကိုတော့ ဥဒယဗ္ဗယရယ်လို့ခေါ်တယ်။ အဲ-သည်လို ရုပ်နာမ်ခန္ဓာတို့၏၊ ဖြစ်မှုပျက်မှုသဘောတွေကိုမမြင်ဘဲ အသက်တရာပင် နေရစေဦးတော့။ ထိုအသက်ကိုမြတ်တယ်လို့မချီးမွမ်းထိုက်ဘူး။ ရုပ်နာမ် ခန္ဓာတို့၏ ဖြစ်ပုံပျက်ပုံသဘောအစုံကို အကုန်သိမြင်တဲ့ ဉာဏ်မျိုးဖြင့် တရက်ကလေးလောက်မျှအသက်ရှည်၍နေစေကာမူ ထိုအသက်ကိုမှ မြတ်တယ်လို့ ချီးမွမ်းထိုက်ပေတယ်။ အို-ချစ်သွေးပဋာစာရီ ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ပုံ ပျက်ပုံ သဘောများကို ဉာဏ်သွား ထင်မြင်အောင် ဆင်ခြင်ရှုစားလိုက်ပါတော့။ ။အဲ-သို့လို နက်နဲတဲ့ ဝိပဿနာ အချက်များကို ဟောကြားတော်မူတယ်။

ပဋာစာရီသည် ဂန္ဓကုဋိတိုက်တော်မှ ထွက်တော်မူ လိုက်ကဲ့ ရောင်ခြည်တော်တွေကို မြင်ရလို့ ကြည်သင်သာ့ဒါ ဝမ်းမြောက်စွာ နှင့် ပီတိဖြစ်ထာတမျိုး။ နက်နဲတဲ့ဒေသနာတော်ကို ကြားရလို့အားရ နှစ်သက် ဉာဏ်အသွားထက်ပြီး သွက်သွက် လက်လက်ကြီး သိ ဉာဏ်ပေါ်တာကတမျိုး။ ထိုအချိန်မှာ ကျွတ်လွတ်ဖို့အခွင့် အဆောင် သင့်နေတာက တမျိုး။ အဲ-ဤကဲ့သို့ ဖမျိုးမျိုးသော အ ကြောင်း တို့ကြောင့် ပဋာစာရီ ဘိက္ခုနီမသည်၊ ဒေသနာဉာဏ်ကို အစဉ် လျှောက်ပြီး အရဟတ္တမဂ်ဖိုလ်စခမ်းသို့ ပေါက်ရောက်လေသတည်း။

ပဋာစာရီဘိက္ခုနီမသည်၊ ရဟန္တာမအဖြစ်သို့ ရောက်တဲ့အခါ ပဋိသမ္ဘိဒါလေးပါး အဘိညာဉ် ခြောက်ပါးဂုဏ်နှင့် ပြည့်စုံတော်မူတယ်။ ရှင်တော်ဘုရား လက်ထက်တော်မှာ ရဟန္တာပေါင်းများစွာရှိကြသော်လဲ ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဉ် ခြောက်ပါးနှင့် ပြည့်စုံတဲ့ရဟန္တာဆိုတော့ အတော်ပင်ရှားတယ်။ သည်လိုဂုဏ်နှင့် ပြည့်စုံတဲ့ ရဟန္တာ မြတ်ကြီးတွေကို ဝိသေသ ပုဂ္ဂိုလ်ထူး ရယ်လို့ ချီးကျူးရတာပေါ့။

## ဝိနည်းမိုရ်တေဒဂ်ကိုရရှိတော်မူခြင်း

ပဋာစာရီ ဘိက္ခုနီအရှင်မကြီးသည်၊ ရဟန္တာဖြစ်ပြီးတဲ့အခါ သာသနာတော်မှာ လွန်စွာထင်ရှားကျော်စော သွားတော်မူတယ်။ အမျိုးမျိုး ဒုက္ခရောက်၍ ဘောက်ပြန် ချွတ်ယွင်း သတိကင်းအောင် ရူးသွပ်ခြင်းသို့ရောက်ပြီးသောနောက်မှ ရှင်တော်ဘုရားဂုဏ်ကျေးဇူးကြောင့်၊ ရဟန္တာ ဖြစ်ပုံများကိုလဲ အထူးသဖြင့် ချီးမွမ်းအံ့သြကြတယ်။ ဘုရားရှင်၏ကျေးဇူး ဗုဒ္ဓါနုဿတိ ဂုဏ်ထူးကိုလဲ အမျိုးမျိုး ချီးကျူးကြတယ်။ မယဉ်ကျေးတဲ့ သတ္တဝါ တွေကို ယဉ်ကျေးခြင်းသို့ရောက်အောင် သွေးဆောင်ချွေချွတ်တော် မူနိုင်တဲ့ဂုဏ်ကြီးဟာလဲ ထင်ရှားသွားတာပေါ့။

ရဟန္တာဖြစ်တဲ့အခါ ပဋာစာရီဘိက္ခုနီမသည်၊အထူးဝိသေသ အားဖြင့်၊ ဝိနည်း ပိဋကတ်တော်များကို သင်ကြား လေ့ကျက် တော်မူတယ်။ ဝိနည်း သိက္ခာပုဒ် တွေကို ရှိသေတဲ့ အရာမှာလဲ ပဋာစာရီဟာ အထူးအချွန်ဆုံးပေပေါ့။ ဝိနည်းငါးကျမ်း အလုံးစုံကို အစုံအဆန် မကြွင်းမကျန် တတ်မြောက်တော် မူတဲ့ အတွက် ဝိနည်းအချက်နှင့်ခက်ခက်ခဲခဲတွေကြုံခဲ့ပါလျှင်၊ ပဋာစာရီကို ဆရာတင်၍ဆုံးဖြတ်ကြရတယ်။ ဝိနည်းငါးကျမ်းမှာဖြင့်၊ ဘျမ်းဘျမ်းကွဲအောင်တတ်မြောက်တော်မူတာပေါ့။ ။အဲ-သို့ကလိုဝိနည်းအရာတွင်၊ လွန်စွာတတ်မြောက် တဘက်ကမ်း ရောက်နေရုံမျှခက မိမိကိုယ်တိုင်ဝိနည်းတော်ကို ရှိသေနေတဲ့ အတွက် တနေ့သော အခါ

ရှင်တော်ဘုရားက ပရိတ်လေးပါး အလယ်တွင်၊ အကြီးအကျယ် ချီးမွမ်းတော်မူပြီး သွီးတော်ပဋ္ဌာစာရီအား ဝိနည်းမိုရ် တေဒဂ်ဖြင့်၊ နှစ်သက်ဝမ်းမြောက်စွာ မြှောက်စားတော်မူလေသတည်း။

ဘေဒဂ္ဂံဘိက္ခဝေ၊ မမသာဝိကာနံ၊ ဝိနယဓရာနံ ဘိက္ခုနီနံ၊ ယဒိဒံပဋ္ဌာစာရာ။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ မမ၊ ငါဘုရား၏၊ သာဝိကာနံ၊ တပည့်မဖြစ်ကြကုန်သော၊ ဝိနယဓရာနံ၊ ဝိနည်းသိက္ခာပုဒ်ကိုကောင်းစွာ ကျင့်ဆောင်ကြကုန်သော။ ဘိက္ခုနီနံ၊ ရဟန်းမအပေါင်းတို့တွင်။ ယဒိဒံ-ယာအယံပဋ္ဌာစာရာ၊ အကြင်ပဋ္ဌာစာရီ သွီးတော်ကြီးသည်။ အတ္ထိ၊ ရှိ၏။ တော-သော၊ ဤပဋ္ဌာစာရီသွီးတော်ကြီးသည်။ အဂ္ဂံ-အဂ္ဂါ၊ အမြတ်ဆုံး, အထွတ်ဆုံး,ပေတည်း။

ကဲ-ပဋ္ဌာစာရီဘိက္ခုနီမအရှင်မြတ်ကြီးဟာ၊ ရဟန္တာ ဖြစ်ပြီး၍ ဝိနည်းမိုရ် ဧတဒဂ် ရရှိသည့် တိုင်အောင် စုံလင်စွာ ပြဆိုခဲ့ပေါ့။ ရှင်တော်ဘုရားထံသို့ရောက်၍ အရိယာလမ်းပေါက်ပုံ အချက်များကို ထေရီအပဒါန်မှာ လာရှိတဲ့အတိုင်း ပါဠိတော် ဂါထာဘပုဒ်ကို ထုတ်ပြလိုက်ကြရအုံးမှရဲ့။

(ဂ) တဒါကိသာစပဏ္ဏုစ၊ အနာထာဒီနမာနသာ၊
ဣတောတတောဂမန္တေဟံ၊ အဒ္ဒသံနရသာရထိံ။

(ဂ) တဒါ၊ ထိုမိဘ,မောင်ဘွားနှင့်၊သင်သားတို့သေဆုံးပြီးသော အခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ကိသာ၊ အရိုးခေါ်ခေါ်၊ အကြောပြိုင်းပြိုင်းနှင့်၊ မြင်တိုင်းမုန်းစရာ၊ လွန်စွာပိန်ကြုံသည်ဖြစ်၍၊ပဏ္ဍုစ၊ နွမ်းခွေအားလျော့၊ဖြော့တော့သော အဆင်းရှိသည်။ အာသိ၊ဖြစ်ခဲ့ပါသတည်း။ အဟံ၊ အကျွန်ုပ်သည်။ အနာထာ၊ကိုးကွယ်ရာမရှိဘဲ။ ဒီနမာနသာ၊မငြိုင်မလန်း၊ ပင်ပန်းသောစိတ် ရှိသည်ဖြစ်၍။ ဣတော တတော၊ ဤမှ,ထိုမှ၊(ဝါ)ဟိုရောက်, သည်ရောက်၊ဂမေန္တီ၊ စိတ်နောက်ကိုယ်ပါ၊ သွားခြင်ရာ သွားနေသည်ရှိသော်။ နရသာရထိံ၊ လူတို့၏ရှေ့သွား ဂေါတမရှင်တော်ဘုရားကို။ အဒ္ဒသံ၊ ကံကောင်းထိုက်ဆုံ၍၊ တွေ့ကြုံရပါသတည်း။

(န) တတော အဝေါစမံ သဿုံ၊ ပုတ္တေ မာသော စိ အဿာသ။
အတ္တာဟံ တေ ဂဝေသဿံ၊ ကိံ နိရတ္ထံ ဝိဟညသိ။

(န) တတော၊ ထိုရှင်တော်ဘုရားကို ဖူးမြင်ရသောအခါ၌။ မံ၊ အကျွန်ုပ်ကို။ သဿုံ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ အမိန့်စကား ဤကဲ့သို့ မြွက်ကြားတော်မူပေသတည်း။ ဘဒ္ဒေ၊ အို-ချစ်သွေးပဋာစာရီ။ ပုတ္တေ၊ သေလေပြီးသောသားကလေးတို့ကို။ မာသောစိ၊ အဆန်ဆန် တွေးကာ၊ ပူဆွေးစိုးရိမ်လို့ မနေပါနှင့်။ အဿာသ၊ နှစ်သိမ့်ချမ်းသာ၊ အေးမြစွာနေပါလော့။ တေ၊ သင်၏။ အတ္တာနံ၊ ကိုးကွယ်ရာအစစ် ကိုသာလျှင်။ ဂဝေသဿု၊ ရှာမှီးပါလော့။ နိရတ္ထံ၊ တစုံတရာအကျိုး မရှိပါဘဲလျက်။ ကိံ ဝိဟညသိ၊ အဘယ်ကြောင့် အပင်ပန်းခံ၍နေပါ သနည်း ချစ်သွေး။

(ပ) တံ သုတွာ ဓမ္မံ နော ဝါကျံ၊ ပထမံ ဖလမဇ္ဈဂံ။
ပဋိလဒ္ဓါ နနစ်ဝံ၊ အရဟတ္တ ဖပါပုဏိံ။

(ပ) အဟံ၊ အကျွန်ုပ်သည်။ မုနိနော၊ ကရုဏာသခင်၊ သုံးခွင် ထိပ်ထား၊ မြတ်ဘုရား၏။ ဝါကျံ၊ ဟောကြားမြွက်ဆောင်၊ စကား တော်ကို။ သုတွာ၊ ကြားနာရသည့်မှသော်။ ပထမံ ဖလံ၊ သောတာ ပတ္တိဖိုလ်ကို။ အဇ္ဈဂံ၊ ရရှိခဲ့ပါသတည်း။ ပဋိလဒ္ဓါ နနစ်ဝံ၊ ရဟန်းပြုပြီး ယည့်၍သော်။ နစိရံ၊ မကြာမြင့်မှီ အတွင်းမှာပင်လျှင်။ အရဟတ္တံ၊ ကိလေသာ ဘုန်ခန်းပဲ့ ရဟန္တာဖြစ်သို့။ အပါပုဏိံ၊ ကိုးပြီး မြောက်၊ အဆုံးတိုင်ဆိုက်ရောက်ခဲ့ပါသတည်း။

(ဗ) ဣဒ္ဓိသုစ ဝသီဟောမိ၊ ဒိဗ္ဗာယသောတဓါတုယာ။
စေတောပရိယာ ဉာဏဿ၊ သတ္ထုသာသနကာရိကာ။

(ဗ) အဟံ၊ အကျွန်ုပ်သည်။ ဣဒ္ဓိသု စ၊ ကောင်းကင်မြေလျှိုး၊ ပါနန့်ဆုံးအဖုံဖုံ၊ အလုံးစုံတို့၌လည်း။ ဝသီ၊ အသိရှိဘိုင်း၊ မဆိုင်း မပေါ်တော်ချေ၊ သိဒ္ဓိမြောက်သည်၊ ဟောမိ၊ ဖြစ်ရပါသတည်း။ ဒိဗ္ဗာယသောတဓါတုယာ၊ အသံအမျိုးမျိုးကို ကြားနိုင်သော၊ ဒိဗ္ဗ သောတအရာ၌၊ ဝသီ၊ လိုတိုင်း ဖြီးမြောက်၊ သိဒ္ဓိပေါက်သည်၊ ဟောမိ ဖြစ်ရပါသတည်း။ ပေရစိတ္တာဒိ၊ သူတပါးတို့၏ စိတ်အကြံ

တို့ကိုလည်း၊ ဇာနာမိ၊ မကြွင်းမကျန်၊ အမှန်တိတိ၊ဟုတ်တိုင်းသိပေသတည်း၊ သဗ္ဗညုသာသနကာရိကာ၊ရှင်တော်မြတ်ဘုရား၏၊မိန့်ကြားဖွဲ့ဗျာ၊ သာသနာကိစ္စကို၊ လှလှကြီးဆောင်ရွက်နိုင်သည်၊ ဟောမိ၊ ဖြစ်ခဲ့ပါသတည်း။

(ဗ) ပုဗ္ဗေနိဝါသံဇာနာမိ၊ ဒိဗ္ဗစက္ခုံ ဝိသောဓိတံ၊
ခေပေတွာအာသဝေသဗ္ဗေ၊ ဝိသုဒ္ဓါသိ သုနိဗ္ဗုတာ။

(ဗ) အဟံ၊ အကျွန်ုပ်သည်၊ ပုဗ္ဗေနိဝါသံ၊ ရှေး၌ဖြစ်ပျက်ခဲ့သမျှသောဘဝအမျိုးမျိုးတွေကို၊ ဇာနာမိ၊ မကြွင်းမကျန်၊ အမှန်သိရပါသတည်း၊ ဒိဗ္ဗစက္ခုံ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကို၊ဝိသောဓိတံ၊ အလင်းမြင်အောင်၊ သုတ်သင်အပ်ပါသတည်း၊ သဗ္ဗေအာသဝေ၊ စီးသွန်ကျလျော၊ အလုံးစုံသော အာသဝေါတို့ကို၊ ခေပေတွာ၊ အလုံးစုံခြောက်ခန်းစေပြီးသော်၊ သုနိဗ္ဗုတာ၊ ကိလေသာမှု၊ ညစ်ကြေးဟူသမျှ၊ခဝါချလျက်၊ဝိသုဒ္ဓါ၊ပုလဲအသွင်၊ ဖြူစင်ဆွတ်ထွားသည်၊အာသိ၊ ဖြစ်ခဲ့ပါသတည်း။

(ဘ) တတောဟံဝိနယံသဗ္ဗံ၊ သန္တိကေသဗ္ဗဒဿိနော။
ဥဂ္ဂဟိံသဗ္ဗဝိတ္ထာရံ၊ ဗျာဟရိဉ္စယထာတထံ။

(ဘ) တတော၊ ထိုရဟန္တာအဖြစ်သို့ရောက်ပြီးသောနောက်၌၊ အဟံ၊ အကျွန်ုပ်သည်၊ သဗ္ဗဒဿိနော၊ တရားဥဿုံ၊ အလုံးစုံကို အကုန်သိမြင်တော်မူသောရှင်တော်မြတ်ဘုရား၏၊ သန္တိကေ၊ အထံတော်၌၊ သဗ္ဗံဝိနယံ၊ အလုံးစုံသော ဝိနည်းပိဋကတ်တော်ငါးကျမ်းကို၊ သဗ္ဗဝိတ္ထာရံ၊အလုံးစုံကျယ်ဝန်းသည့်အတိုင်း၊ဥဂ္ဂဟိံ၊သင်ကြားခဲ့ပါသတည်း။ စ၊ ထိုပြင်တပါး၊ ယထာတထံ၊မှန်ကန်သောအတိုင်း(ဝါ)မမှား မယွင်း ရလေအောင်၊ ဗျာဟရိံ၊ နှုတ် လွှတ် အား ဖြင့်ပြန်ကြားဖြေဆိုခဲ့ပါသတည်း။

(မ) ဇိနောတသ္မိံ ဂုဏေတုဋ္ဌော၊ဧတဒဂ္ဂေဌပေသိမံ၊
အဂ္ဂံဝိနယဓါရီနံ၊ပဋ္ဌာစာရာဝဧကိကာ။

(မ) ဇိနော၊ ငါး မာရ် အောင် မြင် ဘုရားရှင်သည်၊ တသ္မိံ ဂုဏေ၊ထိုဝိနည်းတတ်ကျွမ်းသောဂုဏ်ထူး၌၊တုဋ္ဌော၊နှစ်သက်အား

ရတော်မူသည်ဖြစ်၍။ "ဝိနယဓာရီနံ၊ ဝိနည်းကို ဆောင်ကြသော ဘိက္ခုနီမ အပေါင်းတို့တွင်။ ပဋာစာရာဝ၊ သွိးတော်ကြီး ပဋာစာရီ သာလျှင်။ ဧကိကာ၊ ပြိုင်ဘက်ကင်းသည်ဖြစ်၍။ အဂ္ဂံ-အဂ္ဂါ၊ အမြတ် ဆုံး, အထွတ်ဆုံး ပေတည်း။ ဧတံ၊ ဤသို့၊ မံ၊ အကျွန်ုပ်ကို၊ ဧတဒဂ္ဂေ၊ ဝိနည်းဓိုရ်ရဲ ဧတဒဂ်ရာထူး၌။ ဌပေသိ၊ တင်ထားမြှောက်စားတော်မူ ပေသတည်း။

(ယ) ပရိစိဏ္ဏောမယာသတ္ထာ၊ကတံဗုဒ္ဓဿသာသနံ။
ဩဟိတောဂရုကောဘာရော၊ဘဝနေတ္တိသမူဟတာ။

(ယ) ဘောန္တော၊ အို-ပရိသတ်အပေါင်း သူတော်ကောင်းတို့။ မယာ၊ အကျွန်ုပ် ပဋာစာရီသည်။ သတ္ထာ၊ ရှင်တော်မြတ်ဘုရားကို။ ပရိစိဏ္ဏော၊ လုပ်ကျွေးဆည်းကပ်ခြင်း ကိစ္စပြီးစီးခဲ့လေပြီ။ ဗုဒ္ဓဿ၊ ကျေးဇူးတော်သခင်ဘုရားရှင်၏။ သာသနံ၊ အဆုံးမဩဝါဒအလုံးစုံ ကိုလည်း။ ကတံ၊ လိုက်နာကျင့်သုံးခြင်းကိစ္စ ပြီးစီးခဲ့လေပြီ။ ဂရု ကောဘာရော၊ လေးလံလှစွာသောခန္ဓာဝန်ထုပ်ကြီးကိုလည်း။ ဩ ဟိတော၊ အစဘုန်းခအောင် ပုံးကနဲချခဲ့လေပြီ။ ဘဝနေတ္တိ၊ ဘဝနှောင် ကြိုးတဏှာဆိုးကိုလည်း။ သမူဟတာ၊ နုတ်ပစ်ဖြတ်တောက်အပ် လေပြီ။

(ရ) ယဿ ဋ္ဌာယပဗ္ဗဇိတာ၊အာဂါရသ္မာနဂါရိယံ။
သောမေအတ္ထောအနုပ္ပတ္တော သဗ္ဗသံယောဇနက္ခယော။

(ရ) ဘောန္တော၊ပရိသတ်အပေါင်း၊ အို-သူတော်ကောင်းတို့။ ယဿ၊အကြင်သံသရာဝဋ်မှ လွတ်မြောက်ရာအမှန် ပြည်နိဗ္ဗာန်သို့။ အဋ္ဌာယ၊ ပေါက်ရောက်စေခြင်းအကျိုးငှါ။ အဟံ၊ အကျွန်ုပ်သည်။ အာဂါရသ္မာ၊ အိမ်ရာထောင်သောလူ့ဘောင်မှ။ နိက္ခမိတွာ၊ထွက် လာခဲ့၍။အနဂါရိယံ၊အိမ်ရာမထောင်သောသာသနဘောင်၌။ပဗ္ဗဇိံ ရဟန်းပြုခဲ့ပါသတည်း။သော အတ္ထော၊ထိုနိဗ္ဗာန်ရောက်ကြောင်း အ ကျိုးကောင်းသည်။ မေ၊ အကျွန်ုပ်ထံသို့။ အနုပ္ပတ္တော၊ ဆိုက်ဆိုက် မြိုက်မြိုက် တိုက်ရိုက်ကြီး ရောက်လှာခဲ့လေပြီ။ သဗ္ဗသံယောဇနက္ခ

ယော၊ အလုံးစုံသော သံယောဇဉ်ဆယ်စင်း နှောင်ညှက်ကွင်းမှ လွတ်ကင်းခဲ့ရလေပြီတကား။

(မှာချက်။ ။ဘော်ပြခဲ့သော၊က-ခစ-ရအဆုံးရှိသော ဂါထာများကို၊ ထေရီအပဒါန်ပါဠိတော် ဂါထာဟူ၍၊ မှတ်ယူတော်မူကြပါကုန်။)

အဘိညာဉ်ခြောက်ဖြာ၊ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ၊ ရဟန္တာမဖြစ်ပြီး၊ ဝိနည်းမိုရ်ဘေဒဂ်ဘွဲ့ထူးကြီးကို ရရှိပြီးတဲ့နောက်၊ ပဋာစာရီတိက္ခုနီမသည် မိမိအဖြစ်အပျက်များကို ပြန်လှန်စဉ်းစား ရာ လွှန်စွာဝမ်းမြောက်လှသဖြင့်၊ အောက်၌ဘော်ပြလတ္တံ့သော ဂါထာငါးပုဒ်တို့ကို၊ မကြာမကြာရွတ်ဆို ကျူးရင့်တော်မူလေသတည်း။

(၁) နင်္ဂလေဟိကသံခေတ္တံ၊ဗီဇာနိပဝပံဆမာ။
ပုတ္တဒါရာနိပေါသေန္တာ၊ဓနံဝိန္ဒန္တိမာဏဝါ။

(၁) လောကေ၊၌လောကကြီးအတွင်း၌။ ပုတ္တဒါရာနိ၊ သား,မယားတို့ကို။ ပေါသေန္တာ၊ကျွေးမွေးကြကုန်သော။ မာဏဝါ၊ လုလင်ယောကျ်ားလယ်သမားတို့သည်။ နင်္ဂလေဟိ၊ ထွန်တို့ဖြင့်။ ခေတ္တံ၊ လယ်ကွင်းပြင်ကြီးကို။ ကသံ-ကသန္တာ၊ ထွန်ယက်ကြကုန်ပြီးသည် ရှိသော်။ဆမာ၊ ထွန်ရေးညက်ညက်မြေပြင်ထက်၌။ ဗီဇာနိ၊ မျိုးစေ့အမျိုးမျိုးတို့ကို။ပဝပံ-ပဝပန္တော၊ စိုက်ပျိုးကြကုန်လျက်။ ဓနံ၊ ဆန်ရေစပါး၊ ဥစ္စာများကို၊ ဝိန္ဒန္တိ၊လောက်လောက်လုံလုံ ပြည့်စုံစွာရရှိကြလေကုန်၏။

(၂) ကိမဟံသီလသမ္ပန္နာ၊သတ္ထုသာသနကာရိကာ။
နိဗ္ဗာနံနာဓိဂစ္ဆာမိ၊အကုသီတာအနုဒ္ဓတာ။

(၂) -အဟံ၊ အကျွန်ုပ် ပဋာစာရီသည်၊ သီလသမ္ပန္နာ၊ အကျင့်သီလဂုဏ်နှင့်ပြည့်စုံသည်ဖြစ်၍။ အကုသီတာ၊ ပျင်းရိထိုင်းမှိုင်းခြင်း မရှိဘဲ။ အနုဒ္ဓတာ၊ တက်ကြွထော်လော် လျှပ်ပေါ်လွင့်ရှားခြင်းမရှိဘဲ။ သတ္ထုသာသနကာရိကာ၊ ရှင်တော်ဘုရား၏ အဆုံးမတော် အတိုင်း လိုက်နာကျင့်ကြံခဲ့သည်ရှိသော်၊ နိဗ္ဗာနံ၊ သံသရာဝဋ်၊ ကျွတ်

လွတ်ရာမှန်၊ပြည့်နိဗ္ဗာန်သို့၊ ကိံနားမိဂ န္တာမိ၊ အဘယ်မှာ မရောက်နိုင်ဘဲရှိပါတော့အံ့နည်း။

ဘော်ပြခဲ့သောဂါထာနှစ်ပုဒ်၏အဓိပ္ပါယ်ဆိုလိုရင်းက သည့်လိုတဲ့။ ။သည်ကမ္ဘာ့လောကကြီးအတွင်းမှာ၊ သား,မယားကို လုပ်ကျွေးမွေးမြူနေတဲ့ တောင်သူ ယောက်ျားများဟာ၊ လယ်ထွန်ခြင်း စိုက်ပျိုးခြင်း အလုပ်တို့ကို အားထုတ် ကြိုးစား ကြတဲ့ အတွက် စားလောက် သုံးလောက်အောင်ဆန်ရေစပါး၊ ရွှေ, ငွေများကိုရနိုင်ကြသေးတာဘဲ။ ငါကဲ့သို့သောသူတယောက်သည်၊အကျင့်သီလ ပြည့်စုံစွာနှင့် မပျင်းမရိ တေက်မကြွဘဲ၊ ရှင်တော်ဘုရား၏ဆုံးမချက် အတိုင်း၊ လိုက်နာကျင့်ကြံခဲ့ပါလျှင် နိဗ္ဗာန်ကို ဘယ်မှာမရဘဲ ရှိနိုင်ပါတော့မလဲ။ အဲ-သို့ကလိုဆိုလိုရင်းဖြစ်ပေတယ်။

(၃) ပါဒပက္ခာလယိတွာန၊ ဥဒကေသုကရောမဟံ။
ပါဒေါဒကဥ္စ ဒိသွာန၊ ထလတော နိန္နမာဂတံ။
တတော စိတ္တံ သမာဓေသိံ၊ အဿံ ဘဒြံဝ ဇာနိယံ။

(၃) အဟံ၊အကျွန်ုပ်သည်။ ပါဒေ၊ခြေတို့ကို။ပက္ခာလယိတွာန၊ ဆေးပြီးသည်ရှိသော်။ ထလတော၊ ကုန်း မြင့် ထက် မှ။ နိန္နမာဂတံ၊ အနိမ့်သို့စီးဆင်းလေသော။ ပါဒေါဒကဥ္စ၊ ခြေဆေး ရေကိုလည်း။ ဒိသွာန၊မျက်မှောက်ထင်ထင်တွေ့မြင်ရသည်ရှိသော်။ ဥဒကေသု၊ စီးဆင်းပျောက်ဆုံးလေသောရေတို့၌၊ဘာဝနံ၊ ခယ,ဝယ, တာင်၍ ဆင်ခြင်သောဘာဝနာကို။ ကရောမိ၊ ပွားများသမှုပြုခဲ့ပါသတည်း။ တတော၊ ထိုဝိပဿနာဘာင်၍ ဆင်ခြင်သောအခါ၌။ ဒက္ခော၊ လိမ္မာသော၊ဘဒြံ၊ ရထားထိန်းသည်၊အာဇာနိယံ၊ အာဇာနည်အမျိုး၌ဖြစ်သော။ ဘဒြံ၊ ကြန်အင်လက္ခဏာအားဖြင့် ကောင်းမြတ်သော။ အဿံ၊ အဿရိုင်းမြင်းမွန်ကို။သမာဓေသိဏ္ဏာ၊ ဖြောင့်ဖြောင့်ဆတ်မတ်စိုင်း နှင် လေ ဘိ သ ကဲ့ သို့၊ တ ထာ၊ ထို နည်း တူ စွာ၊ အ ဟံ၊ အကျွန်ုပ်သည်၊ စိတ္တံ၊ စိတ်တည်းဟူသောအဿရိုင်းမြင်းကောင်းကို သမာဒေသိံ၊ ဘာဝနာလမ်းစခန်း၌ ဖြောင့်တန်းစွာ မောင်းနှင်ခဲ့ပါသတည်း။

ဆိုလိုရင်း အဓိပ္ပါယ်ကတော့ သည့်လိုတဲ့၊ အလွန်လိမ္မာတဲ့ ခထားထိန်းသည်၊ အာဇာနည်အမျိုးဖြစ်တဲ့ မြင်းကောင်းကို မြင်း သမ်းခုံး၌ ဖြောင့်ဖြောင့်ကြီးစိုင်းနှင်သလို ကျွန်ုပ်၏ မိတ်တည်းဟူ သော မြင်းကောင်းကြီးကိုလဲ ဝိသုဒ္ဓိဘာဝနာလမ်းစခန်း၌ ဘန်းတန်းမတ်မတ်ကြီး စိုင်းနှင်ခဲ့သည့်ဟု ဆိုလိုသည်။

(၄) တတောဒိပံဂဟေတွာန၊ ဝိဟာရံပါဝိသိံ အဟံ။
သေယျံဩလောကယိတွာန၊ မဥ္စကမှိဥပါဝိသိံ။

(၄) တတော၊ ထိုနောက်မှ။ အဟံ၊ အကျွန်ုပ်သည်။ ဒီပံ၊ ဆီမီး ခွက်ကို။ ဂဟေတွာန၊ကိုင်ဆောင်၍။ဝိဟာရံ၊ ကျောင်းအတွင်းသို့။ ပါဝိသိံ၊ ဝင်ခဲ့ပါသတည်း။ တတော၊ ထိုနောက်။ သေယျံ၊ အိပ်ရာကို။ ဩလောကယိတွာန၊ ကြည့်ရှုပြီးသည့်ရှိသော်၊ မဥ္စကမှိ၊ ညောင် စောင်းထက်၌၊ ဥပါဝိသိံ၊ ချဉ်းကပ်ဝင်ရောက်ကာ၊ လျောင်းစက် လိုက်ပါသတည်း။

(၅) တတောသူစိံဂဟေတွာန၊ ဝဋ္ဋိံဩကဿယာမဟံ။
ပဒီပဿေဝနိဗ္ဗာနံ၊ ဝိမောက္ခောအဟုစေတသော။

(၅) တတော၊ ထိုအိပ်ရာညောင်စောင်း၌၊ လျောင်းစက်ပြီး သည့်ရှိသော်၊ သူစိံ၊ မီးငြိမ်းသောသံချောင်းတချက်ို၊ ဂဟေတွာန၊ ယူ၍၊ အဟံ၊ အကျွန်ုပ်သည်၊ ဝဋ္ဋိံ၊ ဆီမီးစာကို၊ ဩကဿယာမိ၊ ကော်၍ပစ်ကာ၊ ဆီထဲ၌ နှစ်လိုက်ပါသတည်း၊ တဒါ၊ ထိုအခါ၌၊ ပဒီ ပေါ၊ ဆီမီးသည်၊ နိဗ္ဗာယိ၊ ငြိမ်းသွား၏။ ပဒီပဿ၊ ဆီမီးတောက်၏။ နိဗ္ဗာနံဣဝ၊ ငြိမ်းသွား လေဘိ သကဲ့သို့၊ စေတသော၊ စိတ်၏၊ ဝိမောက္ခော၊ ကိလေသာဝဋ်မှကျွတ်လွတ်ခြင်းသည်၊ အဟု၊ ဖြစ်လေ သတည်း။

သည့်ဂါထာနှစ်ပုဒ်၏ဆိုလိုရင်းကတော့၊ ပဋ္ဌာစာရီဘိက္ခုနီမ၏ ရဟန္တာဖြစ်ပုံကိုပြဆိုချက်ဖြစ်ပေတယ်။ ရဟန္တာဖြစ်ပုံ အကျဉ်း ကတော့သည့်လိုတဲ့၊ ပဋ္ဌာစာရီဘိက္ခုနီသည်၊ မိုးတွင်းကာလ ချောင်း

ခန်းထဲသို့ဝင်၍ ညောင်စောင်း ထက်၌ လျောင်းစက်ပြီးသော်၊ မီး ငြိမ်းရန်ဖြစ်တဲ့ သံချောင်းငယ် တခုကို ကိုင်၍၊ ဆီမီးစာကိုကော် လျက်၊ ဆီထဲမှာနှစ်လိုက်သောအခါ မှောင်ကနဲမီးငြိမ်းသွားတယ်" မီးတောက်၏ ငြိမ်းစဲခြင်းကဲ့သို့ ပဋာစာရီဘိက္ခုနီမ၏ စိတ်ဓါတ် သည်လည်း၊ အလုံးစုံသော ကိလေသာဝဋ်မှ ကျွတ်လွတ်ငြိမ်းပ သွားတယ်၊ ။အဲသည်လိုဆိုလိုဘာပေါ့။

ပဋာစာရီဘိက္ခုနီအရှင်မကြီးသည်၊ သာသနာရေးနှင့်ဆိုင်သော လောကုတ္တရာဂုဏ်တို့နှင့် အလုံးစုံပြည့်စုံတော်မူကာ၊ သာသနာ တော်၏ ဝန်ကြီးကို အသက်ဆုံးသည့်တိုင်အောင် ထမ်းဆောင် တော်မူပြီးလျှင်၊ အဆုံးစွန်သော ကာလ၌ ဒုက္ခ အမျိုးမျိုးတို့ချုပ် ငြိမ်းရာ ချမ်းသာဘာကာဘုံ၏ပကိုင်း၊ အမြိုက်ကြွင်း၊နိဗ္ဗာန်နန်း သို့ စံမြန်းဆိုက်ရောက်တော်မူလေသတည်း၊

(၁၀) ပဋာစာရီထေရီဝတ္ထုပြီး၏။

စတုတ္ထတွဲကို ဆက်လက်၍ ဘတ်ရှုတော်မူကြပါ၊

မဟာဝိဇ္ဇာဘွဲ့ရ

လယ်တီ ပဏ္ဍိတ - ဆရာ ဦးမောင်ကြီး

ရေးသား စီရင်အပ်သော

**ထေရီ ဘာသာ ပြန်**

စာအုပ်များကို

ပထမတွဲမှ ပဉ္စမတွဲ အထိ

မူပိုင်ရှင်များ၏ ခွင့်ပြုချက်အရ

ဆက်လက်ရိုက်နှိပ်နေပါပြီ။

---

အောက်ပါဌာနတွင် စုံစမ်းတော်မူကြပါ

ဂန္ထမာလာ စာပုံနှိပ်တိုက်

အမှတ် ၁၃၉–၁၄၁၊ လမ်း–၅၀၊ ရန်ကုန်မြို့။